ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

## မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# သီလဝန္တသုတ္တန်

# တရားတော်

သာသနာ ၂၅၂၀ ကောဇာ ၁၃၃၈

၁၉၅၄၁

ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

## မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# သီလဝဂ္ဂ သုတ္တန်

## တရားတော်

မော်လမြိုင်မြို့၊ သာသနာ့ရိပ်သာ
သတိပဋ္ဌာန်ဝိပဿနာ ပြန့်ပွားရေးအဖွဲ့
သာသနာပြု ရံပုံငွေဖြင့် ပုံနှိပ်ထုတ်ဝေသည်

သာသနာ—၂၅၂၂ ကောဇာ—၁၃၄၀

သီလဝဂ္ဂ—က [ဒုတိယအကြိမ်]

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့်အမှတ် [၁၁၂၂၈]

ဒုတိယအကြိမ်

---

အုပ်ရေ-၅၀၀၀

---

၁၉၇၈-ခု

---

ဒီဇင်ဘာလ

---

မျက်နှာဖုံး-ချင်းတွင်း

---

စာအုပ်ချုပ်-အေးမိသားစု

---

၈မ္မဒါန

---

ဦးသန်းမြင့် (ကင်းလွတ်ခွင့်အမှတ် — ၀၄၆၂၈) တိုက်- ၇၊ အခန်း ၁၅၊ ဦးဝိစာရလမ်း၊ ရန်ကုန်က ထုတ်ဝေ၍၊ ဦးတင်မောင် (၀၂၅၆-မြ) စာပေပေါင်းကူး စာပုံနှိပ်တိုက်၊ အမှတ်-၉၀၊ အေ,ဘီ၊ ဝေဇယန္တာလမ်း၊ (၈) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့၊ ရန်ကုန်က ပုံနှိပ်သည်။



ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး

# လက်ဦးရှုဘွယ်

## ဝိပဿနာရှုနည်းမူသေစည်း

သီလဝန္တသုတ္တန်တရားတော်သည် မဂ်ဖိုလ် နိဗ္ဗာန် ရရန် တကယ်တန်း အားထုတ်လိုသော ပုဂ္ဂိုလ်များအတွက် တသဝေ မတိမ်းလိုက်နာကျင့်သုံးရန် မူသေစည်းမျဉ်းဖြစ်သည်ဟု ဆိုလျှင် မှန်ကန်သင့်မြတ်လှပါပေသည်။ အဘယ်ကြောင့်ဆိုသော်-

ဤ သုတ္တန်တရားတော်၌ "သီလနှင့်ပြည့်စုံသော ပုထုဇဉ်က ဥပါဒါနက္ခန္ဓာငါးပါးသဘောတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တ ဟု နှလုံးသွင်းရှုမှတ်၍ မှန်ကန်စွာသိလျှင် သောတာပန်အဖြစ်သို့ရောက်ကြောင်း၊ သောတာပန်က နည်းတူပင် နှလုံးသွင်း ရှုမှတ်၍ မှန်ကန်စွာသိလျှင် သကဒါဂါမ် အဖြစ်သို့ ရောက်ကြောင်း၊ သကဒါဂါမ်က နည်းတူပင် နှလုံးသွင်း ရှုမှတ်၍ မှန်ကန်စွာသိလျှင် အနာဂါမ်အဖြစ်သို့ရောက်ကြောင်း၊ အနာဂါမ်က နည်းတူပင် နှလုံးသွင်း ရှုမှတ်၍ မှန်ကန်စွာ သိလျှင် ရဟန္တာအဖြစ်သို့ ရောက်ကြောင်း" တိကျပြတ်သားစွာ အပြည့်အစုံ ဖြေရှင်းဟောပြထားသဖြင့်၊ ထိုပြဆိုချက်အတိုင်း မလိုက်

နာပါကသောတာပန်ပင် မဖြစ်နိုင်ကြောင်း "ပေါ်ပေါ်လွင်လွင် ပြဆိုရပါမူ သီလနှင့် ပြည့်စုံအောင် မကျင့်လျှင်၊ သီလနှင့်ပြည့်စုံသော်လည်းမြင်ခိုက်စသည်၌ ထင်ရှားသော ဥပါဒါနက္ခန္ဓာတို့ကိုမရှုလျှင်၊ ရှုပင်ရှုငြားသော်လည်း အနိစ္စ ဒုက္ခ အနတ္တဟု မှန်ကန်စွာမသိလျှင် သောတာပန်ပင် မဖြစ်နိုင်ကြောင်း" ထင်ရှားသိရသောကြောင့်ပေတည်း။

ထို့ကြောင့် ဤသီလဝန္တသုတ္တန် တရားတော် စာအုပ် စာမျက်နှာ (၁၈) စာကြောင်း ၃-စသည်၌ "တရား နှလုံးသွင်းအားထုတ်ချင်ယင် ဝိသုဒ္ဓိ(၇)ပါးထဲက ပဌမအခြေခံဖြစ်တဲ့ သီလဝိသုဒ္ဓိနဲ့ ပြည့်စုံရမယ်"ဆိုတာကိုလဲ အမေးဖြင့်ပင် ဖော်ပြပြီးဖြစ်သွားကြောင်း ကောက်ချက်ချမှတ်သွားပေသည်။ ထို့ပြင် နှာ (၁၉)ကြောင်း (၇) စသည်၌ နောင်လာနောက်သားတွေ ခိုင်လုံသောသာဓကအဖြစ်ဖြင့် လိုက်နာပြီး ကျင့်သုံးရန် မေးဖြေတော်မူကြကြောင်းကိုလဲ ဖွင့်ပြသွားပေသည်။ ထို့ပြင် နှာ (၂၀)၊ကြောင်း(၁၈)စသည်၌ မူသေစည်းအနေနဲ့ အတိအကျ ပြဆိုထားကြောင်း၊ ဝိပဿနာရှုနည်းမူသေစည်းအနေဖြင့် မှတ်ယူကြရအောင် ထပ်ပြီး ဟောကြောင်းများကိုလဲ ဖော်ပြသွားပေသည်။

ထို့ပြင် နှာ ၃၆၅ ၌ ဥပါဒါနက္ခန္ဓာရှုတာနှင့် သတိပဋ္ဌာန်သာနိဗ္ဗာန်ရောက်ကြောင်းဖြစ်တယ်-ဟူသော ခေါင်းစဉ်ဆိုင်ရာ စကားများဖြင့်လည်း ဤသုတ်၌ ပြဆိုချက်အတိုင်း ရှုပုံကို ကိန်း

သေမှတ်ရန် ပြဆိုသွားပေသည်။ထို့ပြင် နှာ ၄၅၄၊ကြောင်း၁၆-စသည်၌ ဥပါဒါနက္ခန္ဓာငါးပါးကို အနိစ္စ စသည်ဖြင့် မှန်ကန်စွာ ရှုမြင်ပါမှ သောတာပန် ဖြစ်နိုင်ကြောင်းကို မူသေစည်း အနေဖြင့် ခိုင်မြဲစွာ မှတ်ထားအပ်ကြောင်း၊ "ထိုသို့မရှုပါပဲ အခြားနည်းဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ရတယ်၊ သောတာပန်ဖြစ်တယ်" ဆိုတာ အမှားစင်စစ်ဖြစ်ကြောင်းများကိုလဲ အဆုံးအဖြတ် ပေးသွားပေသည်။

ထို့ပြင် နှာ ၄၆၀၊ ကြောင်း ၁-စသည်၌ "သောတာပန်ဟာ အနိစ္စ ဒုက္ခ အနတ္တကို သိပြီး ဖြစ်သော်လည်း ပုထုဇဉ်တုန်းကလိုပင် အနိစ္စ ဒုက္ခ အနတ္တဟု ရှုရတယ်၊ အဲဒီလို ရှုမှ သကဒါဂါမိ မဂ်ဖိုလ်ရပြီး သကဒါဂါမ် ဖြစ်နိုင်တယ်" ဆိုတဲ့ အရှင်သာရိပုတ္တရာ၏ ဟောချက်ကို အထူးသတိပြုအပ်ကြောင်း သတိပေးပြဆိုပြီးလျှင်၊ "အနိစ္စ ဒုက္ခ အနတ္တကို သိပြီးသားဘဲ၊ ရှုနေဘို့ မလိုပါဘူး၊ ရှုနေယင် ဆင်းရဲရုံဘဲ၊ မရှုဘဲ စိတ်ကို အငြိမ်းစားပေးထားမှ ငြိမ်းအေးတယ်"ဆိုတဲ့ဝါဒဟာ ဗုဒ္ဓတရားတော်နှင့်ဆန့်ကျင်ဘက် အမှားစင်စစ်ဖြစ်ကြောင်းလဲ ပညာပေးသည့်အနေဖြင့် ပြဆိုသွားပေသည်။ ထို့အတူပင် နှာ ၄၆၁၊ ကြောင်း ၁၇-စသည်၌ငင်း၊ နှာ ၄၆၉၊ကြောင်း ၁၀-စသည်၌၎င်း ပညာပေးစကားများကို ပြဆိုသွားပေသည်။

ယင်းဆုံးဖြတ်ချက် ပြဆိုချက်များမှာ ဤသီလဝန္တသုတ်၌ ပြထားသော ရှုပုံရှုနည်းများနှင့်၎င်း, ဤစာအုပ် နှာ ၁၅၁-၌

ထုတ်ပြထားသော စျာနသုတ်၊ နှာ ၁၅၆-၌ ထုတ်ပြထားသော အနိစ္စသုတ်စသည်တို့နှင့်ရှင်း နှိုးခနှာတိုက်ဆိုင်ကြည့်လျှင် ခိုင်လုံသော ဆုံးဖြတ်ချက် ပြဆိုချက်များ ဖြစ်ကြောင်းထင်ရှားလှပါပေသည်။

## သာသန အန္တရာယ် အကာအကွယ် လိုနေသည်

ဘုရားအလိုတော်နှင့် ညီညွတ်သော ယင်းအဆုံးအဖြတ်မျိုးသည် ယခုနေအခါ လိုနေလျက်ရှိပေသည်၊ အဘယ်ကဲ့သို့နည်းဟူမူ-တတိယသံဂါယနာတင်ပြီးစ အချိန်က သာသနာ့ဂိုဏ်းကွဲများ၌ ဖြစ်ပေါ်လျက်ရှိသော မိစ္ဆာဝါဒများကို ကာကွယ်ချန်တိကျပြတ်သား၍ ခိုင်လုံသောအဆုံးအဖြတ်များ လိုလျက်ရှိနေခဲ့သလိုပင် ဖြစ်ပါသည်။

ထိုသို့ လိုနေသောကြောင့်ပင် ထိုစဉ်အခါက အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်သည် အတ္တဒိဋ္ဌိစွဲ ပုဂ္ဂလဝါဒစသော မိစ္ဆာဝါဒ ရာပေါင်းများစွာကို ပယ်ရှားသုတ်သင်လျက် ကထာဝတ္ထုမည်သော ကျမ်းကြီးကို ဟောကြားတော်မူခဲ့ပေသည်။ သို့သော် ထိုစဉ်အခါက မဂ္ဂင်ရှစ်ပါးပွါးစေမှုနှင့် စပ်ဆိုင်သော သမထ ဝိပဿနာ ဘာဝနာအလုပ်ကို ပယ်မြစ်သည့် မိစ္ဆာဝါဒကား မပေါ်ခဲ့သေးပေ။ ယခုအခါမှာမူ မဂ္ဂင်ရှစ်ပါးပွါးစေမှုကို ပယ်မြစ်သည့် မိစ္ဆာဝါဒများလည်း ဖြစ်ပေါ်လျက်ရှိ၏။ ထိုမိစ္ဆာဝါဒများကို မကာကွယ်နိုင်လျှင် ပရိယတ် ပဋိပတ်

ပဌိဝေဓ ဆိုတဲ့ သာသနာတော် သုံးရပ်လုံး မကြာမီပင် ကွယ်ပ
သွားဘွယ်ရှိပါသည်။

ဤ သီလဝန္တသုတ္တန်တရားတော်သည်ကား မူရင်း ဒေသနာ
တော်ကပင် အကျင့်နည်းမှန်ကို အတိအကျ ဖော်ပြကာ ထိုသို
သော မိစ္ဆာဝါဒများကို ပယ်ရှားကာကွယ်လျက် ရှိပေသည်။
ထို့ကြောင့် တရားစစ်တရားမှန်ကို တကယ်လိုလားသော သူတော်
ကောင်းတို့သည် မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း
လမ်းမှန် ဟုတ်, မဟုတ်ကို ဤသီလဝန္တသုတ္တန်ဒေသနာတော်
တည်းဟူသော ဝိပဿနာရှုနည်း မူသေစည်းမျဉ်းနှင့် တိုက်ဆိုင်
ဆင်ခြင်ပြီးလျှင် နည်းမှားကိုပယ်ကာ နည်းမှန်သို့ လိုက်ကြရန်
အတွက် မဟာစည်ဆရာတော်၏ ဤသီလဝန္တသုတ္တန်တရားတော်
စာအုပ်သည် အလွန်ကျေးဇူးများဘွယ် ရှိပါပေသည်။

## တရားတော်ဂုဏ် ပေါ်လွင်တက်ကြွပါစေ

ဘုရားဟော တရားဒေသနာတော်ကို ဖြစ်စေ၊ ဘုရားအလို
တော်နှင့်အညီ ရဟန္တာအရှင်မြတ်တို့ ဟောထားသော တရား
ဒေသနာတော်ကို ဖြစ်စေ ဖွင့်ပြဟောကြားလျှင်၊ သို့မဟုတ်
အဖွင့်ကျမ်းစာအုပ်ပြုစီရင်၍ ဖြန့်ချီလျှင် ဘုရားရှင်၏အလိုတော်
နှင့် ဒေသကရဟန္တာအရှင်မြတ်တို့၏ အလိုတော်များကို ပေါ်
လွင်စေလျက် ဂုဏ်တက်အောင် ဖွင့်ပြဟောကြားရေးသားပြုစုရန်
လိုပါသည်၊ ဘာဝနာပဋိပတ်ဆိုင်ရာ သုတ္တန်တရား ဖြစ်လျှင်
သမထ ဝိပဿနာအလုပ်ကို နာယူဖတ်ရှုသူများ ကိုယ်တွေ့ ဉာဏ်

တွေ့ ပြည့်စုံသည်အထိ ကျင့်သုံးနိုင်အောင် ဖွင့်ပြဘို့ လိုပါသည်။ ယင်းသို့ ဖွင့်ပြရန်မှာလည်း မိမိကိုယ်တိုင် ထိထိရောက်ရောက် မကျင့်သုံး ဘူးဘဲ စာတွေ့ မျှဖြင့် ဖွင့်ပြ ရေးသားလျှင် စာတွေ့ ဘာဝနာမျှသာ ဖြစ်၍ ထိထိမိမိရှိလှမည် မဟုတ်ပေ။

သီလဝန္တသုတ်အဖွင့် စာအုပ်နှင့် စပ်၍ ဖေါ်ပြရလျှင်၊ ၁၃၃၇- ခုနှစ် နတ်တော်လပြည့်နေ့က မန္တလေးမြို့ မစိုးရိမ် ကျောင်းတိုက် မဟာနာယကချုပ် အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ် ဆရာတော် ဘုရားကြီး၏ အန္တိမစျာပန ပွဲတော်ကြီးတွင် လှူဒါန်းသည့် ဝတ္ထုပစ္စည်းများထဲမှ ဓမ္မကထိက ဆရာတော်တပါး ရေးသားသည့် သီလဝန္တသုတ္တန် တရားစာအုပ် ကလေးကို တွေ့ရသဖြင့် ဝိပဿနာရှုနည်းနှင့်စပ်၍ ထိထိရောက် ရောက် ဖွင့်ပြချက် ပါလိမ့်မည်အထင်ဖြင့် စိတ်အား ထက်သန်စွာ နှင့် ဖတ်ရှုကြည့်မိပါသည်၊ စာအုပ်ကလေးမှာ စာမျက်နှာ ၁၅ မျှသာရှိပါသည်။ ဖတ်ရှုပြီးသောအခါ မိမိ၏ စိတ်ထဲ၌အားမလို အားမရဖြစ်လာသည့်ပြင် ''အလွန်လေးနက်သည့်အနှစ်သာရများ နှင့်ပြည့်စုံသော သီလဝန္တသုတ္တန် ဒေသနာတော်ကို ယင်းစာအုပ် ကလေးကဲ့သို့ မဖြစ်စလောက် ဖွင့်ပြရေးသား ရုံမျှဖြင့်ဆိုလျှင်၊ ဒေသနာတော်၏ ဂုဏ်အရှိန် အဝါဟာ အများကြီး ကျဆင်း သွားတာဘဲ'' ဟု ကောက်ချက် ချမိပါတော့သည်။

အနည်းငယ်ဆက်၍ ဖေါ်ပြလိုပါသေးသည်၊ ပရိယတ်စာပေ ကျမ်းဂန်ကို ကျကျနန သင်ယူဘူးသော ဓမ္မကထိကအကျော်

ဆရာတော်များသည် ဂါထာတပုဒ်ဖြစ်စေ၊ သုတ်တခုဖြစ်စေ၊ ထုတ်ဆောင်ရွတ်ဆို၍ ဒေသနာနည်းဖြင့် တန်ဆာ ဆင်လျက် ဟောကြားလျှင် နာကြားရသူတို့မှာ အလွန်ပင်နှစ်သက်အားရ ဖြစ်ကြမည်မှာ ယုံမှားဘွယ်မရှိပါ၊ သို့သော်လည်း သမထ ဝိပဿနာ အလုပ်ကို ထိထိရောက်ရောက် အားမထုတ်ဘူးဘဲ၊ ဘာဝနာ အလုပ်တရားကို ဟောကြားလျှင်မူ သဘာဝ ကျလှ မည် မဟုတ်ပေ၊ စနစ်တကျ တရားအားထုတ်ထားသော ပုဂ္ဂိုလ် တို့၏ အမြင်အားဖြင့် ယင်းသို့သော ဟောပြောချက်ကို ကျဲသည် ဟူ၍သာ ထင်မြင်ကြပေလိမ့်မည်၊ ထိုသို့ ထင်မြင်ကြောင်းပြော သံကိုလည်း ကြားရဘူး၏၊

သို့သော်လည်း ထိုသို့သော ဓမ္မကထိကအကျော် အရှင်မြတ် တို့သည် မလွဲမရှောင်သာသည့် အခြေအနေအားဖြင့်ဖြစ်စေ၊ မိမိ၏ အသိအမြင်ကို ယုံကြည်စိတ်ချ၍ဖြစ်စေ၊ ဘာဝနာ လုပ်ငန်း တရားကို ဟောလည်းဟောကြ၏၊ ကျမ်းလည်းပြုကြ၏၊ ထိုသို့ ဟောပြော ပြုစုကြရာ၌ အနှစ်သေတ္တာ ချကြည့်လျှင် ပရိယတ် စာပေဘာဝနာ,စာပေဝိပဿနာမျှသာ ဖြစ်နေမည်မှာ မလွဲပေ၊ ယင်းတရားကို နာယူဖတ်ရှုကြရသော သူတို့မှာလည်း ညွှန်ကြား ချက်အတိုင်း လိုက်နာ၍ ကျင့်သုံးသော အားဖြင့် ထူးထူးခြား ခြားပေါက်ရောက်ရန် ခဲယဉ်းပါလိမ့်မည်။

ဤသို့ ပြောဆိုသည်ကို ဓမ္မကထိကတို့အား မလိုမုန်းထား ခြင်းကြောင့် အပြစ်ပြောကြား ရေးသားသည်ဟု ထင်ကောင်း

ထင်ကြပေလိမ့်မည်။ သို့သော် ထိုသို့ကား မဟုတ်ပါ၊ သာသနာတော်၏အကျိုးနှင့် နာယူဖတ်ရှုသူတို့၏ အကျိုးကို မြော်ကိုး၍သာ ပျော့ကွက်ဟာကွက်များကို ထောက်ပြခြင်းဖြစ်ပါသည်၊ ထို့ပြင် ပရိယတ် ပဋိပတ် စွယ်စုံ ဓမ္မကထိက အရှင်မြတ်များ များစွာ ထွက်ပေါ်လာရေးကိုလည်း မြော်လင့်တောင့်တလျက်သာ အခါအခွင့်သင့်သည် အားလျော်စွာ သတိပေး ဖေါ်ပြခြင်းဖြစ်ပါသည်။

ပွင့်ပွင့်လင်းလင်း ထုတ်ဖော်၍ ပြရလျှင် ဤစာရေးသူ ကိုယ်တိုင်ပင် ဝိပဿနာဆိုင်ရာ သုတ်ပါဠိတော်များကို ကျက်မှတ်၍ ဝိပဿနာ တရားအနေဖြင့် ငယ်စဉ်အခါက ဟောခဲ့ဘူးပါသည်၊ အသံကလည်းကောင်း, အပြောကလည်းကောင်းသောကြောင့် နာကြားသူ ပရိသတ်တွေကတော့ နှစ်သက်အားရသဘောကျကြပါသည်။ သို့သော် ယခု ပြန်လည်ဆင်ခြင်ကြည့်သောအခါ တကယ်ဝိပဿနာ တရားအစစ်မဟုတ်ကြောင်း၊စာဝိပဿနာမျှသာဖြစ်ကြောင်း ဆုံးဖြတ်ချက်ချမိပါသည်။ယခုနေအခါသည် နည်းမှန်ဖြင့် ကျင့်လျှင် မဂ်ဖိုလ် နိဗ္ဗာန်ပေါက်အကယ်ရောက်နိုင်သော ခေတ်ကောင်း ကာလကောင်းကြီးဖြစ်ကြောင်း ယုံမှားဘွယ်မရှိ ထင်ရှားလှပါသည်။ သို့ဖြစ်၍မည်သူမဆို ယခုနေအခါမှာ ဝိပဿနာအလုပ်ကို ထိထိမိမိကိုယ်တိုင်တွေ့ သိရှိအောင် ကျင့်သုံးအားထုတ် သင့်လှပါပေသည်၊ ယင်းသို့ အားထုတ်လိုသော သမ္မာဆန္ဒရှိသူတို့အတွက် နည်းမှားနည်းမှန်ကို ဝေဘန်ဆုံးဖြတ်နိုင်ရန် အရှင်သာရိပုတ္တရာမထေရ်

မြတ် ဖြေရှင်းဟောကြားထားသည့် သီလဝန္တသုတ္တန် တရားတော်သည် တိကျပြတ်သား၍ ထင်ရှားပြည့်စုံသော တရားတော်ဖြစ်ပါပေသည်၊ ထိုသို့တိကျပြတ်သား၍ ထင်ရှားပြည့်စုံလှသော ဤ သီလဝန္တသုတ္တန် တရားတော်ကို သတိပဋ္ဌာန် ဝိပဿနာ ပဋိပတ္တိသာသနာပြု မဟာနာယကချုပ် အဂ္ဂမဟာပဏ္ဍိတ ဆဋ္ဌသံဂါယနာ ဒါယကပုစ္ဆက မဟာစည်ဆရာတော်က ပေါ်လွင်ထင်ရှားသော စကားအဆင်တန်ဆာတို့ဖြင့် ဖွင့်ပြဟောကြားထားသောကြောင့် အလွန်ပင်ပေါ်လွင်လျက် ရှိပါပေတော့သည်။

## ပေါ်လွင်ပုံကို သဲလွန်စအနေဖြင့် ဖော်ပြရလျှင်

ဥပါဒါနက္ခန္ဓာငါးပါးကို ရှုအပ်ကြောင်း အရှင်သာရိပုတ္တရာမထေရ်မြတ်က ပြဆိုထားရာမှာ အဘိဓမ္မာစာပေ သရုပ်ခွဲပုံအရအားဖြင့် တကော ဒိဋ္ဌိ ဥပါဒါန်တို့၏ အာရုံဖြစ်သော ရုပ် ၂၈-ပါး၊ လောကီစိတ် ၈၁-ပါး၊ ယှဉ်စိတ်တို့နှင့်ယှဉ်သော ဝေဒနာ၊ သညာ၊ သင်္ခါရခေါ် စေတသိက် ၅၂-ပါး-ဤတရားတို့ကို ဥပါဒါနက္ခန္ဓာ ခေါ်သည်ဟု မှတ်သားရ ဟောပြောရသည်၊ သို့သော်လည်း ထိုသို့ဟောပြောသည်ကို ကြားရ နာရသည့်အတိုင်း "ရုပ် ဥပါဒါနက္ခန္ဓာ အနိစ္စဟူ၍သော်၎င်း၊ ရုပ် ၂၈-ပါး အနိစ္စဟူ၍သော်၎င်း၊ လောကီစိတ် ၈၁-ပါး အနိစ္စဟူ၍သော်၎င်း၊ ဝိညာဏ်ဥပါဒါနက္ခန္ဓာ အနိစ္စဟူ၍သော်၎င်း" ဤသို့ စသည်ဖြင့် ရှု၍ ဝိပဿနာဉာဏ်အစစ် မဖြစ်နိုင်၊ အဘယ့်

ကြောင့်ဆိုသော် ထိုသို့ဆင်ခြင်၍ ရှုအပ်သော ရုပ်လောကီစိတ် စသည်တို့ကို ဥပါဒါန်ဖြင့် အာရုံပြု စွဲလမ်းသည် မဟုတ်သော ကြောင့် ယင်းရုပ်စိတ် စသည်တို့သည် ပရမတ်ဥပါဒါနက္ခန္ဓာ မဟုတ်၊ အမည်ပညတ်မျှ အရေအတွက်ပညတ်မျှသာ ဖြစ်သော ကြောင့်ပေတည်း။ အမှန်အားဖြင့်မူကား မြင်ခိုက် ကြားခိုက် စသည်၌ ထင်ရှားသောမျက်စိ အဆင်းစသော ရုပ်၊ မြင်သိမှု ကြားသိမှု စသော စိတ်-စသည်တို့ကိုသာ တဏှာဖြင့် သာယာ လျက်စွဲလမ်းသည်၊ ဒိဋ္ဌိဖြင့် အတ္တကောင် ငါကောင်ဟု အထင် အမြင်မှားလျက် စွဲလမ်းပေသည်၊ ထိုသို့စွဲလမ်းနိုင်သည့်ရုပ် စိတ်-စသည်တို့သည်သာလျှင် ဥပါဒါနက္ခန္ဓာအစစ် ပရမတ်ရုပ် နာမ်များ ဖြစ်ကြပေသည်၊ မြင်ဆဲစသည်၌ မရှုမိ၍ အနိစ္စ စသည်ဖြင့် အမှန်အတိုင်းမသိလျှင် ထိုမြင်မှုစသော ရုပ်နာမ် တို့၌သာလျှင် တဏှာ ဒိဋ္ဌိစသော အနုသယကိလေသာတို့ ကိန်း၍ စွဲလမ်းမှုဖြစ်တတ်သည်၊ မြင်ခိုက်စသည်၌ ရှုမိ၍ အမှန်အတိုင်း သိလျှင်မူကား ထိုမျက်စိရုပ် အဆင်းရုပ် မြင်သိမှု စသည်တို့၌ စွဲလမ်းမည့် အနုသယကိလေသာ မကိန်းနိုင်တော့ဘဲ ကင်းငြိမ်း သည်၊ ထိုသို့ ဥပါဒါန်အနုသယမကိန်းဘဲ ကင်းငြိမ်းအောင် မြင်ခိုက်စသည်၌ ထင်ရှားသော ရုပ်နာမ်ဥပါဒါနက္ခန္ဓာအစစ် တို့ကို ရှု၍ တဏှာ ဒိဋ္ဌိအစွဲအလမ်းကို ပယ်ရသည်၊ ထိုသို့ရှုသင့် သော ဥပါဒါနက္ခန္ဓာ အစစ်တို့ကိုငင်း၊ ရှုမိတိုင်း တဏှာဒိဋ္ဌိ အစွဲအလမ်းကင်းငြိမ်းပုံတို့ကိုငင်း ဤတရားတော်စာအုပ် နှာ ၂၉-စသည်၌ သရုပ်ခွဲ၍ ပြထားသည်မှာ သဘာဝကျ၍ ရှင်း လင်းပြတ်သား လှပါပေသည်၊

ထို့ပြင် နှာ ၁၅၉-စသည်၌ မြင်မှုကြားမှုစသော ဥပါဒါ နက္ခန္ဓာတို့ကို ရှုအပ်ကြောင်း ရှင်းပြထားသည်မှာလည်း မှတ်သားဘွယ် ကောင်းလှပါပေသည်။

ထို့ပြင် နှာ ၃၈၊ ကြောင်း ၁၃-စသည်၌ သွားဆဲမှာ သွားတယ်လို့ ရှုတာ စသည်ဟာ ဥပါဒါနက္ခန္ဓာကို ရှုခြင်းပင်ဖြစ်ကြောင်း ရှင်းပြထားချက်သည်လည်း မဟာသတိပဋ္ဌာနသုတ်ပါဠိတော်နှင့်အညီဖြစ်၍ သင့်မြတ်လှပါပေသည်။

ထို့ပြင် နှာ ၄၉-စသည်၌ အနိစ္စဟု မြင်ပုံစသည်ကို ဖော်ပြထားသည်မှာလည်း ပေါ်လွင်ရှင်းလင်းလှပါပေသည်၊ ရှုမှတ်အားထုတ်ပြီး ပုဂ္ဂိုလ်တို့မှာ မိမိတို့၏ ကိုယ်တွေ့ ဉာဏ်တွေ့ဖြင့် ယင်းဖော်ပြချက်ကို မှန်ကန်ကြောင်း ထောက်ခံကြမည်မှာ သေချာလှပါပေသည်။

ထို့ပြင် နှာ ၅၆ စသည်၌ အကြားအမြင်သုတနှင့် ပြည့်စုံပုံကို ပြဆိုထားသည်မှာလဲ ပြည့်စုံခိုင်လုံလှပါပေသည်။

ထို့ပြင် နှာ ၆၅-စသည်၌ ပဋိစ္စသမုပ္ပါဒ် အကျဉ်းချုပ်ကို ခိုင်မာသော ကျမ်းဂန်များဖြင့် ပြဆိုထားသည်မှာ ကျမ်းဂန်တတ်သိ ပညာရှိများပင် အံ့လောက်ပါပေသည်။

ထို့ပြင် နှာ ၇၆-စသည်၌ ရုပ်မည်ပုံ၊ ရုပ်၏ဖောက်ပြန်ပုံများကို ထုတ်ပြထားသည်မှာလည်း အများပုဂ္ဂိုလ်တို့မှာ

ကြားရခဲ တွေ့ရခဲ နားလည်ခဲသော အချက်များ ဖြစ်ပေသည်။ ထိုတွင် နှာ ၇၈-စသည်တို့၌ အအေးကြောင့် အပူကြောင့် ဖောက်ပြန်ပုံ စသည်ကို ပြရာဝယ် အဋ္ဌကထာ ပြဆိုချက်အရ မျက်မြင်ကိုယ်တွေ့မဖြစ်နိုင်ရာ၌ ယခုခေတ်လူတို့ မကျေနပ်ကြမည်ကို မြော်မြင်၍ မျက်မြင်ကိုယ်တွေ့ဖြစ်နိုင်သည်များကိုဖော်ပြထားသည်မှာလည်း ခေတ်လူများအတွက် ကျေနပ်ဖွယ်ကောင်းလှပေသည်။

ထို့ပြင် နှာ ၈၄-၌ ရုပ်တိုင်း ဖောက်ပြန်သည်မဟုတ်ဟူသော ခေါင်းစဉ်ဖြင့် သုတနည်းသူတို့၏ အထင်မှား အမှတ်မှားကို ရှင်းပြထားသည်မှာလည်း မှတ်သားဘွယ် ကောင်းလှပါပေသည်။

နှာ　၈၉-စသည်တို့၌ ဒုက္ခထင်ပုံ၊ ငြီးငွေ့ပုံတို့ကို ဖွင့်ပြထားသည်မှာလည်း ပေါ်လွင်လှပါပေသည်။ ထို့ပြင် ရောဂတော-စသည်ဖြင့် ရှုမြင်ပုံကို ဖွင့်ပြထားသည်မှာလည်း ပေါ်လွင်လှပါပေသည်။

ထို့ပြင် နှာ ၁၀၇-စသည်၌ အနတ္တထင်မြင်ပုံကို နားလည်စေရန် အတ္တစွဲလေးပါးက စ၍ ရှင်းပြသွားသည် မှာလည်း အခြားဆရာတို့၏ ဝိပဿနာကျမ်းများ၌ မတွေ့ရသလောက်ပင် တိမ်မြုပ်နေသော အနက်ဖြစ်၍ ကျမ်းဂန်တတ်သိ ပညာရှိများပင် အံ့ဩချီးကျူးဘွယ် ဖြစ်ပါပေသည်။

ထိုပြင် နှာ ၁၂၁-၌ လက္ခဏာရေး သုံးပါး သိမြင်အောင် ရှုပုံ-ခေါင်းစဉ်ဖြင့် ဖွင့်ပြထားသည်မှာလည်း အထူးပင်မှတ်သားဘွယ် ကောင်းလှပါပေသည်၊

ထိုပြင် နှာ ၁၃၃-စသည်၌ ဿနလေးပါးက ဖုံးကွယ်ပုံ, ယင်း အဖုံးအကွယ်ပျက်အောင် ရှုပုံတို့ကို ပြဆိုထားသည်မှာလည်း၊ စာမတတ်သူများပင် သိနားလည်လောက်အောင် ပေါ်လွင်လှပါပေသည်။

ထိုပြင် နှာ ၁၅၁- စသည်၌ အရှင်သာရိပုတ္တရာ ဟောသည့် သီလဝန္တသုတ်ကို ဘုရားဟော စျာနသုတ် စသည်တို့နှင့် နှိုးနှော၍ပြထားသည်မှာလည်း အားရဘွယ် ကောင်းလှပါပေသည်။ ထိုပြဆိုချက်ဖြင့် သီလဝန္တသုတ်နှင့် ဆန့်ကျင်သောဟောမှုများသည် ဘုရားအလိုတော်နှင့်လည်း ဆန့်ကျင်ကြောင်း သိနားလည်စေပါသည်။

ထိုပြင် နှာ ၁၆၄-စသည်၌ ယခုခေတ် သတိပဋ္ဌာန် ယောဂီတို့၏ ဘာဂ်ဉာဏ်ဖြစ်ပုံကို ဝိသုဒ္ဓိမဂ်အဆိုနှင့် တထပ်တည်း ညီနေကြောင်း ပြထားသည်မှာ ကိုယ်တွေ့ဖြစ်သူတို့အတွက် အားရဘွယ်ကောင်းသည့်ပြင် ကိုယ်တွေ့မဖြစ်ဘူးသေးသော သူတော်ကောင်းတို့မှာလည်း သဒ္ဓါတရား ဖြစ်ဖွယ် ကောင်းလှပါပေသည်။

ထို့ပြင် နှာ ၁၇၅-စသည်၌ ယခုခေတ် သတိပဋ္ဌာန်ယောဂီတို့၏ နိဗ္ဗာန်မျက်မှောက်တွေ့ပုံကို မိလိန္ဒပဥှာအဆိုနှင့် နှိုးနှော ပြထားသည်မှာလည်း ထိုအတူပင် အားရဘွယ် သဒ္ဓါတရား ဖြစ်ဖွယ်ကောင်းလှပါပေသည်။

ထို့ပြင် နှာ ၂၄၅-စသည်၌ မဟာပစ္စဝေက္ခဏာ(၇)ပါးကို ထုတ်ပြထားသည်မှာလည်း အခြားဝိပဿနာကျမ်းတို့၌ တွေ့ရခဲသော အထူးအဆန်း ဖြစ်ပါပေသည်၊ ထိုတွင် ဒုတိယ ပစ္စဝေက္ခဏာအရာ၌ ပစ္စတ္တသမထနှင့် ပစ္စတ္တနိဗ္ဗုတိတို့၏ အရ အနက် အဓိပ္ပါယ်ကောက်ယူပုံကို ဖွင့်ပြထားသည်မှာ စာပေကျမ်းဂန် တတ် ပုဂ္ဂိုလ်များပင် အံ့ဩချီးမွမ်းလောက်အောင် နက်နဲလှပါပေသည်။

ထို့ပြင် နှာ ၃၂၅-မှ စ၍ ရဟန္တာ၏ ခွန်အားများကို ထုတ်ပြထားသည်မှာ ရဟန္တာအစစ် ဟုတ်, မဟုတ် စူးစမ်း ဆင်ခြင်ရန်နှင့် ကြည်ညိုရန်အတွက် ကျေးဇူးများဘွယ် ရှိပါပေသည်။

မဟာစည်ဆရာတော်၏ ဤသီလဝန္တသုတ္တန် တရားတော်၌ ချီးမွမ်းဘွယ် မှတ်သားဘွယ်များကိုခရေစေ့တွင်းကျ စေ့စေအောင် ဖော်ပြနေလျှင် ဤလက်ဦးရှုဘွယ် စကားရပ်သည် အလွန်ရှည်လျား ကျယ်ပြန့်သွားပေလိမ့်မည်။ သို့ဖြစ်၍ ယင်းသို့သော ဖော်ပြချက်များကို ဤမျှဖြင့်ရပ်ထား၍ မုချဖော်ပြသင့်သော ဤ

တရားတော်ဖြစ်လာပုံနှင့် လေ့ကျင့်ခဏ်းများကို ပြဆိုကာ နိဂုံးချုပ်လိုပါသည်။

## ဤတရားတော်စာအုပ် ဖြစ်ပေါ်လာပုံ

အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်သည် ဤသီလဝန္တသုတ္တန်တရားတော်ကို ၁၃၂၈-ခုနှစ်တပို့တွဲလကွယ်နေ့မှအစပြု၍ အခွင့်သင့်သော သီတင်းနေ့များ၌ ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံကြီးတွင် ဟောကြားခဲ့ပေသည်၊ ၁၃၂၉-ခုနှစ် တန်ဆောင်မုန်းလပြည့်မှာ အပြီးသတ်သည်၊ဟောသည့် အကြိမ်မှာ ၁၆-ကြိမ်ရှိသည်။ထိုသို့ဟောစဉ်ကဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၏ အတွင်းရေးမှူးဖြစ်သော ဦးသိန်းအောင်က တိပ်ရကော်ဒါဖြင့် အသံဖမ်းယူခဲ့၏၊ ယင်းတရားသံကို တိပ်ခွေမှ ထုတ်၍ တိုက်ပရိုက်ဖြင့် စာမူကြမ်းလည်း ပြုခဲ့ပြီးနောက် ၁၃၃၇-ခုနှစ် ဝါခေါင်လထဲက ယင်းစာမူကြမ်းကိုမဟာစည်ဆရာတော်ထံသို့ဆက်ကပ်ခဲ့၏။ မဟာစည်ဆရာတော်သည် ယင်းစာမူကြမ်းမှ ပြင်သင့်သည်များကိုပြင်၍ စာမူချော ပြုစုခဲ့ပေသည်။ ၁၃၃၇-ခုနှစ် တော်သလင်းလဆန်း ၁၀-ရက်နေ့တွင် စ၍ပြုစုသည်၊ အပိုင်းအခဏ်း မများစေလိုသောကြောင့် တတိယအကြိမ်နှင့် စတုတ္ထအကြိမ်တို့ကိုပေါင်း၍ တတိယပိုင်း စသည်ဖြင့် ပိုင်းခြားလျက် ပြုစုခဲ့သောကြောင့် နဝမပိုင်းတွင် အပြီးသတ်သည်၊ အပြီးသတ်သည့်နေ့မှာ ၁၃၃၇-ခုနှစ် တန်ဆောင်မုန်း လဆုတ်၁၂-ရက်ဖြစ်သည်။

**သီလဝန္တ—ခ [ဒုတိယအကြိမ်]**

ယင်းစာမူချောကို ဤစာရေးသူထံ ပေးပို့လိုက်ရာ ၁၃၃၇-ခုနှစ် ပြာသိုလပြည့်ကျော် ၆-ရက်နေ့က ရောက်လာသည်၊ ရည်ရွယ်ချက်မှာ ယင်းစာမူ၌နိဒါန်းခေါ် လက်ဦးရှုဘွယ်အညွှန်းကို ရေးထည့်ရန်ဖြစ်သည်၊ ရေးရန်စာမျက်နှာမှာ တိုက်ပရိုက် ၆-မျက်နှာ၊ ၇-မျက်နှာခန့် ဟုဆို၏။ ယင်းစာမူမှာ တိုက်ပရိုက်ဖြင့် ၁၀၆-မျက်နှာရှိ၍ အခွင့်သင့်သောအချိန်များ၌ ယင်းစာမူကို စေ့စပ်သေချာစွာ ကြည့်ရှုရသည်၊ ကြည့်ရှုပြီးနောက် ဤသီလဝန္တသုတ္တန်တရားတော်ကို ဖတ်ရှုခွင့်ရကြမည့် "မြန်မာပြည်သူ ပြည်သားများ ကံကောင်းလေစွ၊ အရတော်လေစွ" ဟုကောက်ချက်ချမိပြီးလျှင် ဤလက်ဦးရှုဘွယ်ကို ရေးသား၍ ကူညီလိုက်ရပေသည်။

ဤမျှလောက်ဆိုလျှင် လက်ဦးရှုဘွယ်အညွှန်းအတွက် ပြည့်စုံလောက်ပြီ ဖြစ်၍ စာဖတ်ပရိသတ်များအား လေ့ကျင့်ခဏ်း ပေးပါတော့မည်၊ ယင်းလေ့ကျင့်ခဏ်း မေးခွန်းများကို ဖြေနိုင်အောင် ဤသီလဝန္တသုတ္တန်တရားတော် စာအုပ် သက်ဆိုင်ရာများ၌ ကြည့်ရှုလေ့လာကြစေလိုပါသည်။

## လေ့ကျင့်ခဏ်း

(၁) သောတာပန်မှာ ကိလေသာသုံးပါး သို့မဟုတ် ကိလေသာငါးပါးတို့ကို ပယ်ပြီးဖြစ်သောကြောင့် အပါယ်လေးပါးမှ လွတ်မြောက် ကြောင်းကိုတော့ အများ

အားဖြင့် သိနားလည်ပြီ ဖြစ်နေကြပါပြီ။သောတာပန်ဟာ လူဆင်းရဲဘဝ နတ်ဆင်းရဲဘဝများမှာကော ဖြစ်နိုင်ပါသေးသလား။(နှာ ၂၄၂၊ ၂၆၅)

(၂) သောတာပန် အမျိုးအစားကကော ဘယ်နှစ်မျိုးရှိပါသလဲ။(၂၆၃-မှ ၂၇၅)

(၃) သောတာပန်၏ ဂုဏ်အင်္ဂါများကကော ဘယ်လောက်ရှိပါသလဲ။(၁၉၄-၅)

(၄) သောတာပတ္တိမဂ်ဖြင့် နိဗ္ဗာန်ကိုဘယ်လို မျက်မှောက်ပြုပါသလဲ။(၁၇၅)

(၅) သောတာပတ္တိမဂ်၏ဂုဏ်သတ္တိအထူးများ ဘယ်လောက်ရှိပါသလဲ။(၁၇၉ -စသည်)

(၆) သောတာပန်မှာ ဘေးဒုက္ခအမျိုးမျိုး ကင်းပါပြီလား။(၂၂၆-စသည်)

(၇) သောတာပန် ပုဂ္ဂိုလ်များဟာ ဖိုလ်ဝင်စား နိုင်ပါသလား၊ ဝင်စားနိုင်လျှင် ဘယ်လို ဝင်စားပါသလဲ။(၂၇၅-စသည်)

(၈) သောတာပန်ပုဂ္ဂိုလ်ဟာ သကဒါဂါမိဖြစ်အောင်ဘယ်တရားများကို ရှုရပါသလဲ။ (၂၇၇-စသည်နှင့်၄၅၇)

(၉) သကဒါဂါမိမဂ်က ဘယ် ကိလေသာကို ပယ်သလဲ၊ သို့မဟုတ် သကဒါဂါမ်မှာ ဘယ် ကိလေသာများ နောက်ထပ်ကင်းသေးသလဲ။(၂၈၈-စသည်)

(၁၀) သကဒါဂါမိပုဂ္ဂိုလ်ဟာ အနာဂါမိဖြစ်အောင် ဘယ်တရားများကို ရှုရပါသလဲ။ (၂၉၃-စသည်နှင့် ၄၆၀-စသည်)

(၁၁) အနာဂါမိမှာ ဘယ်ကိလေသာတွေ နောက်ထပ်ကင်းငြိမ်းပါသလဲ၊ သူ့အခြေအနေက ဘယ်လို ထူးခြားနေပါသလဲ။ (၂၉၈-စသည်)

(၁၂) အနာဂါမိပုဂ္ဂိုလ်ဟာ ရဟန္တာဖြစ်အောင် ဘယ်တရားများကို ရှုရပါသလဲ။ (၃၁၆- စသည်နှင့် ၄၆၃-စသည်)

အထက်ပါမေးခွန်းများကို အပြေအလည် ဖြေနိုင်အောင်၊ သို့မဟုတ် ယင်းမေးခွန်းများဆိုင်ရာ အချက်အလက် များကို အကုန်အစင် သိကြရအောင်၊ သို့မဟုတ် သိနားလည်လိုကြလျှင် ဤသီလက္ခန္ဓသုတ် တရားတော်ကို သေချာစေ့ငု ဖတ်ရှုကြရန် ညွှန်ကြားတိုက်တွန်းပါသည်၊ ဖတ်ရှုနိုင်ကြ၍ အပြည့်အစုံ နားလည်ကြပြီးလျှင် မိမိတို့လိုလားအပ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်အထိ ကျင့်သုံး အားထုတ်နိုင်ကြပါစေ။

## နိဂုံးချုပ် ညွှန်ကြားချက်

ဤ သီလက္ခန္ဓသုတ်တရားတော်ကို တနာရီ နှစ်နာရီအတွင်း လိုရင်းအတိုချုပ် သိလိုကြလျှင် ဤတရားစာအုပ် စာမျက်နှာ

၄၄၆-၌ သီလဝန္တသုတ် **စိစစ်ခဏ်း**-ဟူသော ခေါင်းစဉ်မှ စ၍ **အဆုံး**အထိ ဖတ်ရှုကြပါလေ၊ ထိုသို့ဖတ်ရှု၍ အကျဉ်းချုပ်မျှကို **သိ**နားလည်ပြီးသောအခါ ဤကျမ်းစာအုပ် စာမျက်နှာ ၁-၌ **တ**ရားပလ္လင်ခံ-မှုစ၍ ကျမ်း**စာ**တအုပ်လုံး အနက် အဓိပ္ပါယ် အ**ကျ**ယ်ကိုလည်း အပြည့်အစုံသိနားလည်အောင် ဖတ်ရှုကြရန် ညွှန်ကြားယင်း ဤလက်ဦးရှုဘွယ်ကို နိဂုံးချုပ် လိုက်ပါ **တော့**သည်။

အသျှင်သုန္ဒရ
(ရွှေစေတီဆရာတော်)
အဂ္ဂမဟာပဏ္ဍိတ
ရွှေစေတီသာသနာ့ရိပ်သာ
စစ်ကိုင်းဘောင်ရိုး
စစ်ကိုင်းမြို့

၁၃၃၇-ခုနှစ်
တပို့တွဲလဆန်း(၈)ရက်
၇၊ ၂၊ ၁၉၇၆

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **ပဌမပိုင်း ၁—မှ ၅၅** | |
| တရားပလ္လင်ခံ .... | ၁ |
| သုတ်၏ နိဒါန်း .... | ၂ |
| ပါဠိ ပညာရှင်များအတွက် မှတ်ချက် .... | ၃ |
| ပဋိသမ္ဘိဒါ .... | ၅ |
| နိရုတ္တိပဋိသမ္ဘိဒါ .... | ၅ |
| ပဋိဘာန ပဋိသမ္ဘိဒါ .... | ၇ |
| စတုသာလ ဆိုတာ .... | ၉ |
| အရှင်မဟာ ကောဋ္ဌိက၏ အမေး .... | ၁၁ |
| သံသရာ ဝဋ်ဆင်းရဲ .... | ၁၃ |
| ဝဋ်ဆင်းရဲတွေ ကြောက်စရာတဲ .... | ၁၄ |
| အရှင်သာရိ ပုတ္တရာ၏အဖြေ .... | ၁၉ |
| အစွဲအလမ်း ၂-မျိုး .... | ၂၂ |
| ကိုယ့်ကိုယ်ဟာ အချစ်ဆုံးဘဲ .... | ၂၃ |
| ဥပါဒါနက္ခန္ဓာ ငါးပါးသရုပ် .... | ၂၇ |
| မြင်ဆဲ၌ ဥပါဒါနက္ခန္ဓာငါးပါး .... | ၂၉ |
| ကြားဆဲ၌ ဥပါဒါနက္ခန္ဓာငါးပါး .... | ၃၂ |
| နံဆဲ၌ ဥပါဒါနက္ခန္ဓာငါးပါး .... | ၃၃ |
| စားသိဆဲ၌ ဥပါဒါနက္ခန္ဓာငါးပါး .... | ၃၄ |
| ထိသိဆဲ၌ ဥပါဒါနက္ခန္ဓာငါးပါး .... | ၃၆ |

**အကြောင်းအရာ** **စာမျက်နှာ**

သွားတယ် ရှု၍ ဉာဏ်ဖြစ်ပုံ .... ၃၉
ဖောင်းပိန်ရှုတာ ဝါယောအတွေ့အထိ ရှုတာဘဲ .... ၄၀
ကြံသိဆဲ၌ ဥပါဒါနက္ခန္ဓာငါးပါး .... ၄၃
ဘယ်အကျိုးငှါ ရှုသနည်း .... ၄၅
မှန်စွာရှု ဆိုတာ .... ၄၇
အနိစ္စဟု ရှုမြင်ပုံ .... ၄၉
အနိစ္စ ဆိုတာ ဘာလဲ .... ၅၀
အနိစ္စ လက္ခဏာ ဆိုတာ ဘာလဲ .... ၅၀
အနိစ္စာနုပဿနာ ဉာဏ်အစစ်ဖြစ်ပုံ .... ၅၂

ဒုတိယပိုင်း ၅၆—မှ ၁၀၃

တရားအနုသန္ဓေ .... ၅၆
အကြားအမြင် သုတနှင့် ပြည့်စုံပုံ .... ၅၆
ရှေးရှုပြု၍ သိတယ် ဆိုတာ .... ၅၉
အဘိညာ ပညာ .... ၆၀
သုတ,စိန္တာမျှဖြင့် ဝိပဿနာ အစစ်မဖြစ် .... ၆၀
ပဋိစ္စသမုပ္ပါဒ် အကျဉ်းချုပ် .... ၆၅
ဒုဗ္ဗလဝိပဿနာ- ဝိပဿနာအတု .... ၇၀
အမေးနှင့်အဖြေ ဆောင်ပုဒ် .... ၇၅
ရှုအပ်သော ဥပါဒါနက္ခန္ဓာ .... ၇၆
ဖောက်ပြန်တတ်လို့ ရုပ်ခေါ်သည် .... ၇၆

**အကြောင်းအရာ**　　　　　　　　　　　　**စာမျက်နှာ**

အအေးကြောင့်ဖေါက်ပြန်ပုံ .... ၇၈
အပူကြောင့်ဖေါက်ပြန်ပုံ .... ၈၀
ဆာလောင်ခြင်း စသည်ကြောင့် ဖေါက်ပြန်ပုံ .... ၈၁
ခြင်မှက် စသည်ကြောင့်ဖေါက်ပြန်ပုံ .... ၈၂
ရုပ်တိုင်း ဖေါက်ပြန်သည်မဟုတ် .... ၈၄
ဥပါဒါနက္ခန္ဓာမည်ပုံ အကျဉ်းချုပ် .... ၈၆
ဥပါဒါနက္ခန္ဓာတွေ ထင်ရှားရာခဏ .... ၈၈
ဆင်းရဲဟု ရှုမြင်ပုံ .... ၈၉
ဒုက္ခာနုပဿနာဉာဏ်ဖြစ်ပုံ .... ၉၀
ဒုက္ခလက္ခဏာ .... ၉၂
ဒုက္ခာနုပဿနာဉာဏ် .... ၉၃
ရောဂတော-စသည် ဖွင့်ပြချက် .... ၉၅
သောတာပန်ဖြစ်နိုင်သည် .... ၁၀၂

**တတိယပိုင်း　　၁၀၄–မှ ၁၄၉**

တရားအနုသန္ဓေ .... ၁၀၄
ရှုခါစမှာ ထိသိရာ ခေါတ်တပါးပါးကစပြီးရှုရတယ် .... ၁၀၆
အတ္တစွဲလေးပါး .... ၁၀၇
သာမိအတ္တစွဲ .... ၁၀၈

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| နိဝါသိ အတ္တစွဲ .... | ၁၁၁ |
| ကာရက အတ္တစွဲ .... | ၁၁၂ |
| ဝေဒက အတ္တစွဲ .... | ၁၁၃ |
| အမေးအဖြေ ဆောင်ပုဒ်များ .... | ၁၁၅ |
| ပလောကတော-စသည် ဖွင့်ပြချက် .... | ၁၁၆ |
| အနတ္တ အနတ္တလက္ခဏာ စသည်ခွဲပုံ .... | ၁၁၉ |
| အနတ္တလက္ခဏာ .... | ၁၁၉ |
| အနတ္တာနုပဿနာဉာဏ် .... | ၁၂၀ |
| လက္ခဏာရေးသုံးပါး သိမြင်အောင်ရှုပုံ — | ၁၂၁ |
| အနိစ္စကို သန္တတိက ဖုံးကွယ်သည် .... | ၁၂၃ |
| ဖြစ်ခိုက်ရှုမှ အမှန်အတိုင်းသိသည် .... | ၁၂၄ |
| ဒုက္ခကို ဣရိယာပုထ်က ဖုံးကွယ်သည် .... | ၁၂၇ |
| အနတ္တကို ဃန-က ဖုံးကွယ်သည် .... | ၁၃၁ |
| (၁) သန္တတိဃန .... | ၁၃၄ |
| (၂) သမူဟဃန .... | ၁၃၅ |
| (၃) ကိစ္စဃန .... | ၁၃၇ |
| (၄) အာရမ္မဏဃန .... | ၁၃၉ |
| အနတ္တထင်ပုံ အစစ်-အတု ၂-မျိုး .... | ၁၄၂ |
| လက္ခဏာ ၃-ပါးထဲက တပါးပါးသိလျှင် အကုန်လုံးသိလေတော့သည်.... | ၁၄၆ |
| ရှုမြင်ခြင်း၏ အကျိုးအာနိသင် .... | ၁၄၈ |

အကြောင်းအရာ စာမျက်နှာ

## စတုတ္ထပိုင်း ၁၅၀ မှ ၂၁၃


တရားအနုသန္ဓေ .... ၁၅၀
စျာနသုတ် (အံ-တ/၂၂၀) .... ၁၅၁
အနိစ္စသုတ် (ခန္ဓဝဂ္ဂသံယုတ် ၁၈) .... ၁၅၆
တကယ်ငြိုးငွေ့တဲ့ဉာဏ်ဖြစ်အောင်ရှုဖို့အရေးကြီးတယ် ၁၅၈
မြင်မှုစသည်ကို ဥပါဒါနက္ခန္ဓာမှန်းတချို့ကမသိကြ .... ၁၅၉
ဝိပဿနာဉာဏ်အစစ်ဖြစ်၍ ငြီးငွေ့ပုံ .... ၁၆၀
နှစ် (၁၅၀၀)ကျော်က ရေးခဲ့တဲ့စာနှင့်ညီနေပုံ .... ၁၆၄
ငါးဖမ်းသူဥပမာ .... ၁၆၇
ဥပမာ ဥပမေယျ နှိုင်းနှောပြချက် .... ၁၆၈
ရှုပုံနှင့်သောတာပန်ဖြစ်ပုံ .... ၁၇၁
နိဗ္ဗာန်မျက်မှောက်ပြုပုံ မိလိန္ဒပဉှာ .... ၁၇၅
ကိလေသာအစိုင်အခဲဖောက်ခွဲရန်ခက်ပုံ .... ၁၇၇
သောတာပတ္တိမဂ်၏ ဂုဏ်သတ္တိအထူး .... ၁၇၉
သောတာပန်မှာ သက္ကာယဒိဋ္ဌိစသည်ကင်းပုံ .... ၁၈၀
အဆုံးမထင်တဲ့ ဝဋ်ရေယဉ်ကိုလဲ မဂ်ကခြောက်စေသည် ၁၈၇
အရိယာဉစ္စာ(၇)ပါးကိုလဲ မဂ်ကရစေသည် .... ၁၉၁
သုပ္ပဗုဒ္ဓဝတ္ထု .... ၁၉၇
သုပ္ပဗုဒ္ဓလူနာ၏နတ်ဖြစ်ကြောင်းကုသိုလ်ကံ .... ၂၀၅
ဂေါတြဘူ ကုသိုလ်ကတောင် ဘဝကိုဖြစ်စေနိုင်
သေးတယ် .... ၂၀၉

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|

ဗြဟ္မာမင်းကြီးဖြစ်ရတာထက်တောင်မြတ်သေးတယ်.... ၂၁၁

**ပဥ္စမပိုင်း ၂၁၄ မှ ၂၆၀**

တရားအနုသန္ဓေ .... ၂၁၄
သောတာပတ္တိမဂ်၏ ဂုဏ်ကျေးဇူးများ .... ၂၁၅
သမ္မာဒိဋ္ဌိစသည်က မိစ္ဆာဒိဋ္ဌိစသည်ကိုပယ်ပုံ .... ၂၁၆
သမ္မာသင်္ကပ္ပဖြင့် မိစ္ဆာသင်္ကပ္ပကိုပယ်ပုံ .... ၂၁၈
သမ္မာဝါစာဖြင့်မိစ္ဆာဝါစာကိုပယ်ပုံ .... ၂၁၉
သမ္မာကမ္မန္တဖြင့် မိစ္ဆာကမ္မန္တကိုပယ်ပုံ .... ၂၂၀
သမ္မာအာဇီဝဖြင့် မိစ္ဆာအာဇီဝကိုပယ်ပုံ .... ၂၂၁
သမ္မာဝါယာမဖြင့် မိစ္ဆာဝါယာမကိုပယ်ပုံ .... ၂၂၂
သမ္မာသတိဖြင့် မိစ္ဆာသတိကိုပယ်ပုံ .... ၂၂၃
သမ္မာသမာဓိဖြင့် မိစ္ဆာသမာဓိကိုပယ်ပုံ .... ၂၂၄
ဘေးရန်ခပ်သိမ်း ကင်းငြိမ်းစေသည် .... ၂၂၆
ဘေးကြီး ၂၅-ပါးစိစစ်ချက် .... ၂၃၀
ဘုရားသားတော်အစစ် .... ၂၃၉
အကျိုးအာနိသင်များစွာကိုလဲ ရစေသည် .... ၂၄၁
ပစ္စဝေက္ခဏာဉာဏ် ၂-မျိုး .... ၂၄၂
(၁) ဖြစ်မြဲပစ္စဝေက္ခဏာ .... ၂၄၃
ဘူးစမ်းဆင်ခြင်တဲ့ ပစ္စဝေက္ခဏာ .... ၂၄၅

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပဌမပစ္စဝေက္ခဏာ | .... | ၂၄၅ |
| ဒုတိယပစ္စဝေက္ခဏာ | .... | ၂၄၉ |
| တတိယပစ္စဝေက္ခဏာ | .... | ၂၅၁ |
| စတုတ္ထပစ္စဝေက္ခဏာ | .... | ၂၅၂ |
| ပဉ္စမပစ္စဝေက္ခဏာ | .... | ၂၅၄ |
| ဆဋ္ဌမပစ္စဝေက္ခဏာ | .... | ၂၅၅ |
| သတ္တမပစ္စဝေက္ခဏာ | .... | ၂၅၇ |

ဆဋ္ဌမပိုင်း ၂၆၁ မှ ၃၀၉

| | | |
|---|---|---|
| တရားအနုသန္ဓေ | .... | ၂၆၁ |
| ဥပါဒါနက္ခန္ဓာကိုရှုမှ သောတာပန်ဖြစ်သည် | .... | ၂၆၂ |
| သောတာပန်သုံးပါး | .... | ၂၆၃ |
| ဧကဗီဇီ | .... | ၂၆၅ |
| ကောလံကောလ | .... | ၂၆၅ |
| သတ္တက္ခတ္တုပရမသောတာပန် | .... | ၂၆၅ |
| ဘုံစဉ်စံသောတာပန် | .... | ၂၆၇ |
| ဘဝရေတွက်ပုံ | .... | ၂၇၂ |
| ဖိုလ်ဝင်စားပုံ | .... | ၂၇၅ |
| သကဒါဂါမိဖိုလ်ရောက်အောင် အားထုတ်ပုံ | .... | ၂၇၇ |
| သောတာပန်လဲ ပုထုဇဉ်တုန်းကလို ရှုရတာဘဲ | .... | ၂၈၀ |
| သကဒါဂါမ် ဖြစ်သွားပုံ | .... | ၂၈၂ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| မဟာနာမ်မင်းဝတ္ထု | .... | ၂၀၄ |
| သကဒါဂါမ်က ဘာကိုပယ်သလဲ | .... | ၂၀၇ |
| အနာဂါမိမဂ်ဖိုလ်ရောက်အောင် အားထုတ်ပုံ | .... | ၂၉၃ |
| အနာဂါမ်မှာကင်းငြိမ်းတဲ့ကိလေသာများ | .... | ၂၉၈ |
| ဥဂ္ဂါသူကြွယ် ဝတ္ထု | .... | ၂၉၈ |
| ဝိသာခသေဌေးဝတ္ထု | .... | ၂၉၉ |
| ယခုခေတ်ယောဂီမတဦး၏ ထူးခြားပုံ | .... | ၃၀၄ |
| ဆေးလိပ်ကွမ်းကြိုက်တာလဲ ကင်းသင့်တယ် | .... | ၃၀၅ |
| ဈာနအနာဂါမ် | .... | ၃၀၆ |


## သတ္တမပိုင်း ၃၁၀ မှ ၃၇၁


| | | |
|---|---|---|
| တရားအနုသန္ဓေ | .... | ၃၁၀ |
| အနာဂါမ်မှာမကင်းသေးတဲ့ ကိလေသာများ | .... | ၃၁၀ |
| မဟာထေရ် ၆၀-နှင့် အရှင်ခေမက | .... | ၃၁၁ |
| အရှင်ခေမက၏ ရှင်းပြချက် | .... | ၃၁၂ |
| အနာဂါမ်မှာ မကင်းသေးတဲ့ဥဒ္ဓစ္စနှင့်အဝိဇ္ဇာ | .... | ၃၁၅ |
| သီလဝန္တသုတ်မှ အမေးအဖြေ | .... | ၃၁၆ |
| အနာဂါမ်က ရဟန္တာဖြစ်သွားပုံ | .... | ၃၁၈ |
| ဓမ္မရာဂကြောင့်အရဟတ္တမဂ်မရောက်ပဲရှိတတ်ကြောင်း | | ၃၂၀ |
| ရဟန္တာ၏ပစ္စဝေက္ခဏာ | .... | ၃၂၂ |
| ဆီဏာသဝဗလသုတ်(အံ-တ ၃၉၆) | .... | ၃၂၅ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|

(၁) ရဟန္တာ၏ ပဌမခွန်အား .... ၃၂၆
(၂) ရဟန္တာ၏ ဒုတိယခွန်အား ... ၃၃၃
(၃) ရဟန္တာ၏ တတိယခွန်အား .... ၃၄၁
(၄) ရဟန္တာ၏ စတုတ္ထခွန်အား .... ၃၄၆
ဗုဒ္ဓသာသနာတော်တွင်း ရောက်ကတည်းက-
ပွားစေအပ်ကြောင်း .... ၃၄၈
ကာယာနုပဿနာ ရှုပွားရန် ညွှန်ကြားပုံ .... ၃၅၂
ဝေဒနာသုံးပါးလုံးရှုအပ်ကြောင်း .... ၃၅၄
စိတ္တာနုပဿနာပွားစေပုံ .... ၃၅၈
ဓမ္မာနုပဿနာပွားစေပုံ .... ၃၆၁
သေက္ခပုဂ္ဂိုလ်များလဲ သတိပဋ္ဌာန်ကိုပွားနေကြတယ်.... ၃၆၃
ရဟန္တာများလဲ သတိပဋ္ဌာန်ကို ပွားနေကြတယ် .... ၃၆၄
ဥပါဒါနက္ခန္ဓာရှုတာနှင့် သတိပဋ္ဌာန်သာ နိဗ္ဗာန်
ရောက်ကြောင်းမှတ် .... ၃၆၅
ရဟန္တာ ဘာကိုရှုသလဲ .... ၃၆၈

## အဋ္ဌမပိုင်း ၃၇၂ မှ ၄၂၁

တရားအနုသန္ဓေ .... ၃၇၂
ရဟန္တာဖြစ်ပြီးတော့လဲ ရှုအပ်သည့်တရား .... ၃၇၃
ရဟန္တာ ဝိပဿနာရှုခြင်း၏အကျိုး .... ၃၇၆
ဝိပဿနာရှု၍မျက်မှောက်၌ ချမ်းသာပုံ .... ၃၇၈

အကြောင်းအရာ စာမျက်နှာ

သတိသမ္ဗောဇ္ဈင် မပြတ်ယှဉ်နေလျှင် အလိုရှိတိုင်း ဖိုလ်ဝင်စားနိုင်သည် .... ၃၇၀
မပြတ်ရှု,မရှု ရဟန္တာ ၂ မျိုး .... ၃၇၁
(၅) ရဟန္တာ၏ ပဉ္စမခွန်အား .... ၃၇၄
(၆) ရဟန္တာ၏ ဆဋ္ဌမခွန်အား .... ၃၇၇
(၇) ရဟန္တာ၏ သတ္တမခွန်အား .... ၃၉၀
(၈) ရဟန္တာ၏ အဋ္ဌမခွန်အား .... ၄၀၂
(၉) ရဟန္တာ၏ နဝမခွန်အား .... ၄၀၅
ဗောဇ္ဈင်(၇)ပါး ပွားစေပုံ .... ၄၀၇

နဝမပိုင်း ၄၂၂ မှ ၄၇၆

တရားအနုသန္ဓေ .... ၄၂၂
(၁၀) ရဟန္တာ၏ ဒသမခွန်အား .... ၄၂၃
မဂ္ဂင်ရှစ်ပါးသရုပ် .... ၄၂၄
သမ္မာဒိဋ္ဌိ ၆ ပါး .... ၄၂၅
ပွားစေအပ်သော မဂ္ဂင်သုံးဆင့် .... ၄၃၀
ခေမကသုတ် .... ၄၃၄
အရှင်သောဏမထေရ်၏ ပြောကြားဝန်ခံပုံ .... ၄၃၆
အရှင်သာရိပုတ္တရာမထေရ်၏ ဝန်ခံပြောကြားပုံ .... ၄၄၂
အရိယာပုဂ္ဂိုလ် အသိခက်ကြောင်း .... ၄၄၄
သီလဝန္တသုတ် စိစစ်ခက်း .... ၄၄၆

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပဥ္စမမေးခွန်း | .... | ၄၄၆ |
| ပဥ္စမအဖြေ | .... | ၄၄၇ |
| ဥပါဒါနက္ခန္ဓာ ငါးပါးသရုပ် | .... | ၄၅၁ |
| ပုထုဇဉ်က ရှု၍သောတာပန်ဖြစ်သည် | .... | ၄၅၂ |
| ဒုတိယမေးခွန်း | .... | ၄၅၆ |
| ဒုတိယအဖြေ(သကဒါဂါမ်ဖြစ်အောင် ရှုပုံ) | .... | ၄၅၇ |
| အနိစ္စစသည်ဖြင့်ရှု၍ သောတာပန်က သကဒါဂါမ်ဖြစ်သည် | .... | ၄၅၇ |
| တတိယမေးခွန်း | .... | ၄၆၀ |
| တတိယအဖြေ(အနာဂါမ်ဖြစ်အောင်အားထုတ်ပုံ) | .... | ၄၆၁ |
| အနိစ္စ စသည်ဖြင့် ရှု၍ အနာဂါမ် ဖြစ်သည် | .... | ၄၆၂ |
| စတုတ္ထမေးခွန်း | .... | ၄၆၃ |
| စတုတ္ထအဖြေ(ရဟန္တာဖြစ်အောင် ရှုပုံ) | .... | ၄၆၃ |
| အရှင်အာနန္ဒာ၏အားထုတ်ပုံ | .... | ၄၆၄ |
| အနာဂါမ်ကရှု၍ ရဟန္တာဖြစ်သည် | .... | ၄၆၇ |
| နောက်ဆုံးမေးခွန်းနှင့် အဖြေ | .... | ၄၇၀ |
| ရဟန္တာ၏ ရှုပုံနှင့် အကျိုး | .... | ၄၇၀ |
| မဟာစည်ဓမ္မဒေသနာဆောင်ပုဒ်များ | .... | ၄၇၇ |

သီလဝန္တသုတ္တန် တရားတော် မာတိကာပြီး၏။

# သီလဝန္တသုတ္တန်တရားတော်

## ပဉ္စမပိုင်း

၁၃၂၈-ခုနှစ်၊ တပို့တွဲလကွယ်နေ့ ဟောသည်

**နမော တဿ ဘဂဝတော အရဟတော**

**သမ္မာသမ္ဗုဒ္ဓဿ**

---

### တရားပလ္လင်ခံ

ဒီကနေ့ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်က သီလဝန္တသုတ္တန် တရားတော်ကို ဟောရမယ်။ သီလဝန္တသုတ်ကို ဟောလိုက်ယင် သုတဝန္တသုတ်လဲ ပါဝင်သွားတာဘဲ၊ ဒီသုတ် ၂-ခုကို ဒီဖလ်ယဥ် ဓမ္မာရုံကြီးမှာ ရှေးကလဲ ဟောဘူးပါပြီ။ ဒါပေမဲ့- အဲဒီတုန်းက နာဘူးတဲ့ သူတွေလဲ ယခုအခါမှာတော့ ကောင်းကောင်း မှတ်

မကြိမှာ မဟုတ်ပါဘူး။ ဘာကြောင့်လဲ ဆိုယင် ဘုန်းကြီး ကိုယ်တိုင်တောင် ဘယ်တုန်းက ဘယ်လို ဟောခဲ့တယ် ဆိုတာ ကောင်းကောင်းမမှတ်မိတော့ဘူး။ ဒါကြောင့်ပါဘဲ၊ ဒီသုတ်က ဝိပဿနာအလုပ် အားထုတ်ဆဲ ပုဂ္ဂိုလ်တွေ အတွက်ရော, အား ထုတ်လိုတဲ့ ပုဂ္ဂိုလ်တွေအတွက်ရော အလွန်မှတ်သားဘွယ်ကောင်း ပါတယ်၊ အလွန်လဲ အရေးကြီးပါတယ်။ ဒါကြောင့် ယခု တကြိမ်ထပ်ပြီးဟောရတာဘဲ။ ဒီသုတ်မှာ "ဇဝံ မေ သုတံ— ကျွန်ုပ် ဒီလိုကြားဘူးပါတယ်" ဆိုတဲ့ သုတ်နိဒါန်း၏ အစပိုင်း ဝါကျကိုတော့ ရှေးရှေးသုတ်များနည်းတူ သိနိုင်တဲ့ အတွက် ဖော်ပြမထားဘူး။ အဲဒီက နောက်ပိုင်း နိဒါန်းကိုတော့ ဒီလို ပြထားပါတယ်။

## သုတ်၏နိဒါန်း

ဧကံ သမယံ အာယသ္မာ စ သာရိပုတ္တော အာယသ္မာ စ မဟာ ကောဋ္ဌိကော ဗာရာဏသိယံ ဝိဟရန္တိ ဣသိပတနေ မိဂဒါယေ။

(သံ ၁-၁၃၆)

ဧကံ သမယံ· အခါတပါး၌၊ အာယသ္မာ စ သာရိပုတ္တော- အရှင်သာရိပုတ္တရာသည်ရင်း၊ + အာယသ္မာ စ မဟာကောဋ္ဌိ-

ကော-အရှင်မဟာကောဋ္ဌိကသည်၎င်း၊ + ဗာရာဏသိယံ-ဗာရာဏသီမြို့နယ်၌၊ ဣသိပတနေ- ဘုရားရှင်များနှင့် ပစ္စေကဗုဒ္ဓါတို့ သက်ရာ တက်ရာ ဖြစ်သောကြောင့် ဣသိပတနမည်သော၊

---

## ပါဠိပညာရှင်များအတွက် မှတ်ချက်

+- အာယသ္မာ စ သာရိပုတ္တော-စသည်ဖြင့် အာယသ္မာ ဟူသော ရှေးပုဒ်၏ နောက်၌ စ-သဒ္ဒါ ထားပုံကို အထူး သတိပြုအပ်၏။ သမုစ္စယဝါကျတွင် ဝိသေသန ဝိသေသျ ၂-ပုဒ်ရှိလျှင် ရှေးပုဒ်၏ နောက်၌ စ-သဒ္ဒါကို ထားခြင်းသည် ပါဠိဘာသာ၌ သဘာဝကျသော ပါဠိဂတိ ဖြစ်ပေသည်။ ရှေးပုဒ်၏ နောက်၌ မထားပဲ အာယသ္မာ သာရိပုတ္တော စ-စသည်ဖြင့် နောက်ပုဒ်၏ နောက်၌ ထားလျှင် ပါဠိဂတိ မကျဟု မှတ်ယူရာ၏။ ဤသို့ ပါဠိဂတိ ကျအောင် ထားသင့်ပုံကို အောက်ပါ ဘုရားစကားတော်ဖြင့်လည်း သိအပ်၏။

ဘဂဝါ စ သာရိပုတ္တ ဝိပဿီ ဘဂဝါ စ သိခီ ဘဂဝါ စ ဝေဿဘူ ကိလာသုနော အဟေသုံ သာဝကာနံ ဝိတ္ထာရေန ဓမ္မံ ဒေသေတုံ။ (ပါရာဇိက နှာ-၉)

အထက်ပါ ဘုရားစကားတော်၌လည်း ဝိပဿီ စ သိခီ စ ဝေဿဘူ စ-ဟု မဆိုပဲ ဘဂဝါ စ-ဟု ရှေးပုဒ်၏ နောက်၌သာ စ-သဒ္ဒါ ထားသည်ကို အထူးသတိပြုအပ်၏။

ယခုအခါ ဒွန္ဒဥပသမ္ပဒကမ္မဝါစာ၌ အယံ စ နာဂေါ အယံ စ ဒတ္တော-စသည်ဖြင့် အယံ-ဟူသော ရှေးပုဒ်၏ နောက်၌ စ-သဒ္ဒါကို ထားခြင်းသည် အထက်ပါ ပါဠိတော်များနှင့် ညီညွတ်၍ ပါဠိဂတိကျကြောင်း သိအပ်ပေသည်။

မိဂဒါယေ- သားသမင်တို့အား ဘေးမဲ့ပေးရာ မိဂဒါဝုန်တော ကျောင်း၌၊ ဝိဟရန္တိ-သီတင်းသုံးနေတော်မူကြသည် × တဲ့။

ဘုရားလက်ထက်တော်ကာလတုန်းက အခါတပါးမှာ အရှင်သာရိပုတ္တရာမထေရ်မြတ်နှင့် အရှင်မဟာကောဋ္ဌိက မထေရ်မြတ်တို့ဟာ ဗာရာဏသီမြို့အနီး မိဂဒါဝုန်ဆိုတဲ့ တောကျောင်းမှာ

---

**ပါဠိပညာရှင်များအတွက် မှတ်ချက်**

× ဤ၌ ကတ္တားပုဒ်ကို သာရိပုတ္တော, မဟာကောဋ္ဌိကော-ဟု ကေစုစ်ဖြင့် ဆိုထားပါလျက် ကြိယာပုဒ်ကို ဝိဟရန္တိ-ဟု ဗဟုဝုစ်ဖြင့် ဆိုထားသည်ကို အထူးသတိပြုအပ်၏။ ထို့ပြင် ရှေ့မျက်နှာ မှတ်ချက်မှာ ထုတ်ပြခဲ့သော ဘုရားစကားတော်၌ ဝိပဿီ, သိခီ, ဝေဿဘူ-ဟု ကတ္တားပုဒ်များကို ကေဝုစ်ဖြင့် ပြဆို၍ ဝိကတိပုဒ်နှင့် ကြိယာပုဒ်ကို ကိလာသုနော အဟေသုံ-ဟု ဗဟုဝုစ်ဖြင့် မိန့်ဆိုတော်မူသည်ကိုလည်း အထူးသတိပြုအပ်၏။ ပုဒ်စစ်ကျမ်း၌ သတ္ထာ စ သာရိပုတ္တော စ ဓမ္မံ ဒေသေတိ-ဟု အပေါင်းကိုငဲ့၍ ကေဝုစ်ကြိယာလည်း ဖြစ်သင့်ကြောင်း ပြဆိုထား၏၊ သို့သော် ထိုသို့သောပါဠိကို တွေ့ရန်မလွယ်ကူပေ။ ကေဝုစ်ကတ္တား ၂-ပုဒ် ၃-ပုဒ်နှင့် ဗဟုဝုစ်ကြိယာပုဒ်ကိုမူ ထိုထိုပိဋကပါဠိတို့၌ များစွာပင် တွေ့ရပေ၏။ ထို့ကြောင့် ဒွန္ဒဥပသမ္ပဒကမ္မဝါစာတို့၌ အယံ စ နာဂေါ အယံ စ ဒတ္တော-ဟု ကေဝုစ်အပ္ပဓာနပုဒ်တို့နှင့် ဥပသမ္ပဒါပေက္ခာ ပရိသုဒ္ဓါ-ဟု ဗဟုဝုစ် ပဓာနပုဒ်တို့ကို ပြထားခြင်းသည်၎င်း၊ နာဂေါ စ ဒတ္တော စ-ဟု ကေဝုစ်ကတ္တားပုဒ်တို့နှင့် ယာစန္တိ-ဟု ဗဟုဝုစ်ကြိယာပုဒ်ကို ပြထားခြင်းသည်၎င်း ပါဠိဂတိ ကျ၍ သင့်လျော်ပါပေ၏။ ပါဠိဂတိနှင့်စပ်၍ ဆင်ခြင်ဉာဏ်ပွါးစေရန် ပြခြင်းဖြစ်သည်။

သီတင်းသုံးနေတော်မူကြပါတယ်တဲ့။ အဲဒီမထေရ်မြတ် ၂-ပါး ထဲက အရှင်သာရိပုတ္တရာမထေရ် ဆိုတာကတော့ အလွန်ထင် ရှားပါတယ်။ ဒီဘုရားသာသနာတော်မှာ ပညာထက်မြက်ကြီး ကျယ်တဲ့အရာ ဧတဒဂ်ရတဲ့ ပဌမအဂ္ဂသာဝကကြီး ဖြစ်ကြောင်း အများအားဖြင့် သိကြပါတယ်။ အရှင်မဟာကောဋ္ဌိက ဆိုတာ ကတော့ အရှင်သာရိပုတ္တရာလောက် မထင်ရှားဘူး။ ဒါကြောင့် တချို့က မကြားဘူးဘဲ ရှိကောင်းရှိကြ ပေလိမ့်မယ်။ ဒါပေမဲ့ ဒီမဟာကောဋ္ဌိကဆိုတဲ့ အရှင်မြတ်ဟာလဲ ရှစ်ကျိပ်သော မဟာ သာဝကမထေရ်ကြီးများထဲက ထင်ရှားတဲ့ မဟာထေရ်မြတ်ကြီး တပါးပါဘဲ၊ ပဋိသမ္ဘိဒါဉာဏ်အရာမှာ ဧတဒဂ် ဂုဏ်ထူးရတဲ့ မဟာထေရ်မြတ်ကြီးဖြစ်ပါတယ်။

ပဋိသမ္ဘိဒါ ဆိုတာ ပိုင်းပိုင်းခြားခြား ပြတ်သားရှင်းလင်းစွာ သိတဲ့ဉာဏ်ပါဘဲ၊ အဲဒါက အတ္ထပဋိသမ္ဘိဒါ ဓမ္မပဋိသမ္ဘိဒါ နိရုတ္တိပဋိသမ္ဘိဒါ ပဋိဘာနပဋိသမ္ဘိဒါ- လို့ ၄-ပါး အပြားရှိ တယ်။ အဲဒီ ၄-ပါးထဲက အတ္ထပဋိသမ္ဘိဒါ ဆိုတာ ပြောဟော ရာမှာ သိစေလိုအပ်တဲ့ အနက်အဓိပ္ပာယ်နဲ့ အကျိုးတရားတွေကို ပိုင်းပိုင်းခြားခြား ပြတ်သားရှင်းလင်းစွာသိတဲ့ဉာဏ်ဘဲ။ ဓမ္မပဋိ သမ္ဘိဒါ ဆိုတာ ဟောပြောတဲ့ ဒေသနာစကားနဲ့ အကြောင်း တရားတွေကို ပိုင်းပိုင်းခြားခြား ပြတ်သားရှင်းလင်းစွာ သိတဲ့ ဉာဏ်ဘဲ။

နိရုတ္တိပဋိသမ္ဘိဒါ ဆိုတာကတော့ ပါဠိဘာသာစကားတွေကို အမှားအမှန် ဝေဘန် ဆုံးဖြတ်နိုင်တဲ့ ဉာဏ်ဘဲ၊ အဲဒါက ပါဠိ

ဘာသာပြောဆိုတဲ့ ခေတ်တုန်းက ဖြစ်ပုံသိပုံပါဘဲ။ ဗမာလူမျိုး ဆိုယင်တော့ ဗမာစကားအမှားအမှန်ကို ဝေဘန်ဆုံးဖြတ်နိုင်တဲ့ ဉာဏ်ဘဲဖြစ်သင့်ပါတယ်။ ပါဠိဘာသာအရ ဆိုယင်တော့ ဖဿ ဆိုတဲ့တရားကို "ဖဿော" လို့ ပုလ္လိင်နဲ့ ပြောဆိုမှ မှန်တယ်။ "ဖဿာ" လို့ ဣတ္ထိလိင်နဲ့ ပြောဆိုယင်မှားတယ်၊ အဲဒီလိုအမှား အမှန်ကိုသိတာဟာ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ပါဘဲ။ ဝိဘတ်အရာ မှာလဲ ကံပုဒ်ကို ဒုတိယာဝိဘတ်နဲ့ထားမှ မှန်တယ်၊စတုတ္ထီဝိဘတ်နဲ့ ထားယင် မှားတယ်၊ ဥပမာ (မဟာနာဝံ) လှေကြီး သင်္ဘော ကြီးကို ရေချသည် လို့ "ကို" ဆိုတဲ့ ဝိဘတ်နဲ့ ပြောဆိုရေးသားမှ မှန်တယ်၊ (မဟာနာဝါယ) လှေကြီး သင်္ဘောကြီးအား ရေချ သည်-လို့ "အား" ဝိဘတ်နဲ့ ပြောဆိုရေးသားယင် မှားတယ်။ ကိစ္စတစုံတခု ပြီးမြောက်အောင်မြင်ရာ နေ့ရက်ကာလကိုလဲ ပါဠိ မြန်မာသဒ္ဒါနည်းအားဖြင့် "၌" ဆိုတဲ့ အာဓာရဝိဘတ်နဲ့ ပြောဆို ရေးသားရတယ်။ သို့မဟုတ် အရပ်သုံးစကား အရအားဖြင့် "မှာ" "တွင်" "ဝယ်" ဆိုတဲ့ ဝိဘတ်များနဲ့လဲ ပြောဆို ရေးသားနိုင် တယ်။ ဥပမာ မည်သည့်နေ့ရက်၌ (သို့မဟုတ်)မည်သည့်နေ့ရက် မှာ (သို့မဟုတ်) မည်သည့်နေ့ရက်တွင် (သို့မဟုတ်) မည်သည့် နေ့ရက်ဝယ် မည်သည့်မင်္ဂလာကိစ္စ ပြီးမြောက်အောင်မြင်သည် စသည်ဖြင့် ပြောဆိုရေးသားလျှင် မြန်မာဝေါဟာရအလိုအား ဖြင့် မှန်ကန်တဲ့ ပြောဆိုရေးသားချက်ဖြစ်တယ်။ အဲဒီလိုမဟုတ်ဘဲ မည်သည့် နေ့ရက်အား ကိစ္စပြီးမြောက် အောင်မြင်သည်- လို့ ပြောဆိုရေးသားယင် မှားတဲ့ ပြောဆိုရေးသားချက် ဖြစ်သွား တယ်။

ဘာကြောင့်လဲဆိုယင်- သမ္ပဒါန်နဲ့ ဆိုင်တဲ့ 'အား' ဝိဘတ်ကို (သံဃဿ ဒေမ) သံဃာအား လှူပါကုန်၏၊ (နမော ဗုဒ္ဓဿ) ဘုရားအား ရှိခိုးပါ၏၊ (ဓမ္မံ တေ ဒေသေဿာမိ) သင့်အား တရားဟောမည်-စသည်ဖြင့် ပေးလှူခြင်း ရှိခိုးခြင်း ဟောပြော ခြင်းစသော ကြိယာများနှင့် စပ်ရာမှာသာသုံးရတယ်၊ကြိယာ၏ တည်ရာ အာဓာရအရာ၌'အား' ဝိဘတ်ကိုသုံးရန် သဒ္ဒါကျမ်း တို့၌ ညွှန်ပြချက်မရှိသောကြောင့်ပါဘဲ။အဲဒီလို ဘာသာစကား၏ အမှားအမှန်ကို သိဘာဟာ နိရုတ္တိပဋိသမ္ဘိဒါသဘောမျိုးပါဘဲ၊ ဒီမှာ ပြောလိုရင်းကတော့ ဗမာစကား အမှားအမှန်ကို သိနိုင် ဆုံးဖြတ်နိုင်တာလိုပင် ပဋိသမ္ဘိဒါဉာဏ်က ပါဠိဘာသာစကား အမှားအမှန်ကို ဝေဘန် ဆုံးဖြတ်နိုင်တယ်၊ အဲဒီလို အသိဉာဏ် ထူးကို နိရုတ္တိပဋိသမ္ဘိဒါခေါ်တယ်လို့ သိစေလိုရင်းပါဘဲ။

**ပဋိဘာနပဋိသမ္ဘိဒါ** ဆိုတာကတော့ ဉာဏ်ဟူသမျှတွေမှာ ခွဲခြားဝေဘန်ပြီး သိတဲ့ဉာဏ်တဲ့။ အထူးအားဖြင့်တော့ ပြောဆို ရေးသားတဲ့အခါ ပြောဆိုရေးသားစရာ အချက်အလက်တွေကို အလျင်အမြန်သိမြင်တဲ့ဉာဏ်ပါဘဲ၊ ပဋိဘာန်ဉာဏ်ကောင်းတဲ့သူ မှာ အကြောင်းအရာတစုံတခုပေါ်လာယင် ပြောဆိုစရာအကွက် ကလေးတွေ ရုတ်တရက် ပေါ်လာတယ်၊ ရှင်းလင်းပြောပြဘို့ ဥပမာကလေးများလဲ ပေါ်လာတတ်တယ်၊ တဖက်က အပြစ် တင်လို့ရှိယင် အဲဒါကို ချေပပြောဆိုဘို့ အချက်အလက်များလဲ ပေါ်လာတတ်တယ်၊ စာပေရေးသားရာမှာလဲ ရေးဘို့ရာအချက် တွေ အဆင်သင့်ပေါ်ပေါ်လာတယ်၊ ကဗျာလင်္ကာစီကုံးရာမှာလဲ

ကာရန်ညီတဲ့ ချောမောပြေပြစ်တဲ့ စကားလုံးတွေ အဆင်သင့် ပေါ်ပေါ်လာတယ်၊ တရားဟောရာမှာလဲ ဟောစရာ အနက် အဓိပ္ပါယ်တွေ, သင့်လျော်တဲ့ စကားလုံးတွေ အဆင်သင့်ပေါ် ပေါ်လာတယ်၊ တချို့ပုဂ္ဂိုလ်မှာဆိုယင် ကာရန်ယူပြီး ဟောနိုင် အောင်တောင် လိုအပ်တဲ့စကားလုံးတွေ အသင့်ပေါ်နေတယ်၊ အဲဒီလို လိုအပ်တဲ့ အချက်အလက်တွေကို အလျင်အမြန်သိနိုင် တာဟာ ပဋိဘာန်ဉာဏ်ရဲ့ အစွမ်းတွေပါဘဲ၊ အဲဒါကို အာဝဇ္ဇန်း ကောင်းတယ်လို့လဲ ပြောကြတယ်၊ ဟုတ်ပေတယ်၊ မနောဒွါရာ ဝဇ္ဇန်းဆိုတဲ့စိတ်က သင့်လျော်တဲ့ အာရုံတွေဆီကို ညွှတ်ညွှတ် ပေးလို့ အဲဒီလို အချက်အလက်တွေကို အလွယ်တကူ သိသိသွား တာဘဲ၊ ယခုပြောနေတဲ့ ပဋိသမ္ဘိဒါဉာဏ်ကလဲ အဲဒီလို သိစရာ အချက်အလက်တွေကို အလွယ်တကူ အလျင်အမြန် သိသိသွား တဲ့သဘောပါဘဲ။ ထူးတာကတော့ ပဋိသမ္ဘိဒါဉာဏ် သိတာက သာမန်ပုဂ္ဂိုလ်တွေရဲ့ အသိဉာဏ်ထက် အဆပေါင်း များစွာ သာလွန်တာပေါ့။

ရဟန္တာပုဂ္ဂိုလ်ဆိုယင် ယခုပြောခဲ့တဲ့ ပဋိသမ္ဘိဒါဉာဏ်များ နှင့် သာမန်အားဖြင့်တော့ ပြည့်စုံကြတာချည်းပါဘဲ၊ ဒါပေမဲ့ ထူးခြားတဲ့ ပဋိသမ္ဘိဒါဉာဏ်များကတော့ ထူးခြားတဲ့ ရဟန္တာ အရှင်မြတ်များမှာသာ ပြည့်စုံတယ်၊ အဲဒီလို ထူးခြားတဲ့ ပဋိသမ္ဘိ ဒါဉာဏ်နှင့်ပြည့်စုံကြတဲ့ အရှင်မြတ်တွေထဲမှာ အရှင်မဟာကော ဋ္ဌိက မထေရ်မြတ်ကတော့ ပဋိသမ္ဘိဒါဉာဏ်အရာမှာ အထူးမြတ် ဆုံး ပုဂ္ဂိုလ်ဖြစ်ပါတယ်၊ အရှင် သာရိပုတ္တရာမထေရ်ဟာ ပညာ

အရာမှာ အထူးမြတ်ဆုံးဖြစ်ပေမဲ့ ပင့်သမ္မိဒါအရာမှာ အရှင် မဟာကောဋ္ဌိကမထေရ်က သာလွန်မြင့်မြတ်ပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက ပင့်သမ္မိဒါဉာဏ်နှင့် ပြည့်စုံကြတဲ့ ငါ့တပည့် သာဝကတွေထဲမှာ မဟာကောဋ္ဌိကဟာ အထူးအမြတ်ဆုံးဘဲလို့ ဧတဒဂ်ဂုဏ်ထူးဖြင့် ချီးကျူးတော်မူပါတယ်။

အဲဒီလို ဧတဒဂ်ဂုဏ်ထူးဖြင့် ချီးကျူးခြင်းကို ရရှိတော် မူတဲ့ အရှင် မဟာကောဋ္ဌိက မထေရ်နှင့် အရှင်သာရိပုတ္တရာ မထေရ်တို့ဟာ ဗာရာဏသီမြို့အနီး မိဂဒါဝုန် တောကျောင်း တိုက်မှာ သီတင်းသုံးနေတော်မူကြပါတယ်တဲ့။ အဲဒီ မိဂဒါဝုန် တောကျောင်းတိုက်မှာ နန္ဒိယ သူကြွယ်က ဆောက်လုပ် လှူ ဒါန်း ထားတဲ့ စတုသာလဆောင်တဲ့ တိုက်ကျောင်းလဲ အဲဒီ အခါတုန်းက ရှိခဲ့ပါတယ်၊ **စတုသာလ** ဆိုတာ အုတ်တိုက် ကြီး၏ အလယ်မှာ ကွက်လပ် ထားပြီးတော့ လေးမျက်နှာ ပတ်လည်မှာ သီတင်းသုံးနေထိုင်ရန် တိုက်ခန်းများဖြင့် တင့်တယ် စွာ တည်ရှိနေတဲ့ အုတ်တိုက်ပါဘဲ၊ အဲဒီတိုက်၏ အလယ် ကွက် လပ်ကွင်းပြင်ထဲမှာ ရေတွင်းလဲရှိတတ်ပါတယ်၊ အိန္ဒိယမှာတော့ အဲဒီလို အုတ်တိုက်ကျောင်းပျက်တွေ ယနေ့လဲတွေ့ရပါတယ်၊ အဲဒီ မိဂဒါဝုန် ကျောင်းတိုက်နေရာမှာလဲ အုတ်တိုက်ပျက် အစအန များကို တွေ့ရပါတယ်။ မိဂဒါဝုန်တောဆိုတာကလဲ အဲဒီအခါ တုန်းက သစ်ပင်တွေ ချုံတွေ သားသမင်တွေနဲ့ တောအုပ်ကြီး အနေဖြင့် ရှိခဲ့ဟန်တူပါတယ်၊ ဒါပေမဲ့ ယခုနေအခါမှာတော့ တောချုံတွေဆိုတာ မရှိတော့ပါဘူး၊ သစ်ပင်ကလဲ တပင်တလေ

လောက်ပဲ ရှိပါတော့တယ်၊ ပတ်ဝန်းကျင်က ယာခင်းတွေနဲ့ ကွင်းပြင်ကြီးလို ဖြစ်နေပါပြီ။

ဟိုရှေးတုန်းကတော့ တောစခန်းဖြစ်ပြီး သားသမင်တွေလဲ ရှိနေတဲ့အတွက် အဲဒီသားသမင်တွေကို မနှိပ်စက် မသတ်ဖြတ်ရန် အာဏာပိုင်မင်းများက ဘေးမဲ့ပေးထားခဲ့တယ်၊ ဒါကြောင့် (မိဂဒါယ-မိဂဒါဝုန်) ဘေးမဲ့တောလို့ ခေါ်ဆို လာခဲ့တယ်။ အဲဒီ မိဂဒါဝုန်တောအရပ် ကျောင်းတိုက်မှာ သီတင်းသုံးနေကြစဉ် တနေ့သောအခါမှာ အရှင်မဟာကောဋ္ဌိက မထေရ်ဟာ သမာပတ်ဝင်စားလျက် နေ့သန့်စင်နေပါတယ်၊ ရဟန္တာအရှင်မြတ်များ နေ့သန့်စင်နေတယ်ဆိုတာ လောကီဈာန်သမာပတ်များကိုဖြစ်စေ၊ အရဟတ္တဖိုလ်သမာပတ်ကို ဖြစ်စေ ဝင်စားပြီးတော့ အထူးစင်ကြယ်တဲ့စိတ်ဖြင့် နေ့အချိန်ကိုကုန်စေတာပါဘဲ၊ အဲဒီလို သမာပတ်ဖြင့် နေ့သန့်စင်ပြီးခဲ့ဘာ့ ညနေချမ်းအချိန်မှာ အရှင်သာရိပုတ္တရာမထေရ်မြတ်ထံ ကြွလာပါတယ်၊ ကြွလာပြီးတော့ တရားစကားကို ဆွေးနွေး မေးမြန်းပါတယ်၊ အဲဒီအကြောင်းအရာတွေကို သီလဝန္တသုတ်ရဲ့နိဒါန်းမှာ ဆက်လက်ပြီး ဒီလို ပြဆိုထားပါဘယ်။

အထခေါ်-ထိုသို့ မိဂဒါဝုန် တောကျောင်းဝယ် သီတင်းသုံးနေကြသောအခါ၌၊ အာယသ္မာ မဟာကောဋ္ဌိကော- အရှင်မဟာကောဋ္ဌိကသည်၊ သာယန္ဟသမယံ- ညနေချမ်း အချိန်၌၊ ပဋိသလ္လာနာ- တပါးတည်း နေ့သန့်စင်လျက် ဝင်စားနေသောသမာပတ်မှ၊ ဝုဋ္ဌာယ-ထ၍၊ ယေနာယသ္မာ သာရိပုတ္တော တေ

နုပသင်္ကမိ· အရှင်သာရိပုတ္တရာ မထေရ်ရှိရာ အရပ်သို့ ချဉ်းကပ်လေသည်၊ ဥပသင်္ကမိတွာ- ချဉ်းကပ်ပြီး၍ (အာယသ္မတာ သာရိပုတ္တေန သဒ္ဓိံ သမ္မောဒိ-အရှင်သာရိပုတ္တရာနှင့်တကွ ဝမ်းမြောက်ဖွယ်စကား ပြောကြားလေသည်၊ သမ္မောဒနီယံ ကထံ သာရဏီယံ ဝီတိသာရေတွာ-ဝမ်းမြောက်ဖွယ် အောက်မေ့ဖွယ် စကားကို ပြီးဆုံးစေပြီးလျှင်၊ ဧကမန္တံ နိသီဒိ- သင့်သောနေရာ၌ ထိုင်လေသည်၊ ဧကမန္တံ နိသိန္နော ခေါ အာယသ္မာ မဟာကောဋ္ဌိကော- သင့်သောနေရာ၌ ထိုင်ပြီးသော အရှင်မဟာကောဋ္ဌိကသည်၊ အာယသ္မန္တံ သာရိပုတ္တံ- အရှင် သာရိပုတ္တရာကို။ ×) ဧတံ-ဤသို့သော အမေးစကားကို၊ အဝေါစ- ပြောဆိုဆွေးနွေးမေးမြန်းလေသည်-တဲ့ ။

မေးမြန်းပုံကတော့—

## အရှင်မဟာကောဋ္ဌိက၏အမေး

သီလဝတာဝုသော သာရိပုတ္တ ဘိက္ခုနာ ကတမေ
ဓမ္မာ ယောနိသော မနသိ ကာတဗ္ဗာ-တဲ့။

ဒါဟာ အရှင်မဟာကောဋ္ဌိက မထေရ်က မေးပုံဘဲ၊ ပါဠိတတ်တဲ့ပုဂ္ဂိုလ်ဆိုယင် ယခုဘုန်းကြီး ရွတ်ဆိုလိုက်တာကို ကြားရတာနဲ့ နားလည်နိုင်ပါတယ်၊ ပါဠိမတတ်တဲ့ သူတွေကတော့

× လက်သည်းကွင်းအတွင်း စကားများသည် သံ ၂၊ ၃၇၂-၌ ဖော်ပြလျက်ရှိ၏။

နားမလည်သေးဘူး၊ ဒါကြောင့်အဲဒီနားမလည်သေးတဲ့သူတွေလဲ နားလည်ရအောင် နိဿယနည်းဖြင့် မြန်မာပြန်ပြီးမယ်၊

အာဝုသော သာရိပုတ္တ-ငါ့ရှင် သာရိပုတ္တရာ၊ (မြတ်စွာဘုရားလက်ထက်တော် ကာလတုန်းက ရဟန်းတော်များဟာ အချင်းချင်း "အာဝုသော-ငါ့ရှင်"လို့ချည်း ခေါ်ဝေါ် ပြောဆိုကြတယ်၊ ဝါငယ်တဲ့ ရဟန်းကလဲ ဝါကြီးတဲ့ ရဟန်းကို အာဝုသောလို့ ခေါ်တာဘဲ၊ အရှင်စုန္ဒက အရှင်သာရိပုတ္တရာကို ခေါ်ရာမှာတော့ "ဘန္တေ-အရှင်ဘုရား"လို့ ခေါ်တာလဲ ရှိသေးရဲ့၊ ဒါကြောင့် အခြား ရဟန်းငယ်အချို့ကလဲ ဆရာစသည်ဖြစ်တဲ့ မထေရ်ကြီးများကို ဘန္တေ-လို့ ခေါ်တာလဲ ရှိကောင်းရှိပါလိမ့်မယ်၊ ဒါပေမဲ့ အများအားဖြင့်တော့ အာဝုသောလို့ခေါ်ပုံကိုသာ တွေ့ရပါတယ်၊ ဒါကြောင့် ဒီသုတ်မှာ အာဝုသောလို့ ခေါ်ပုံကိုဘဲ ပြဆိုထားပါတယ်) အာဝုသော သာရိပုတ္တ-ငါ့ရှင် သာရိပုတ္တရာ၊ သီလဝတာ-သီလနှင့်ပြည့်စုံသော၊ ဘိက္ခုနာ-ရဟန်းသည်၊ ဝါ- သံသရာဘေးကို ရှုမြင်သော သူသည်၊ ကတမေ ဓမ္မာ- အဘယ်တရားတို့ကို၊ ယောနိသော-သင့်သောအကြောင်းအားဖြင့်၊ ဝါ-နည်းမှန် လမ်းမှန်အားဖြင့်၊ မနသိ ကာတဗ္ဗာ-နှလုံးသွင်းအပ် ရှုအပ်ပါကုန်သနည်းတဲ့။

သီလနှင့် ပြည့်စုံယင် သီလစင်ကြယ်ယင် အဲဒီ ရဟန်းဟာ ဘယ်တရားများကို နှလုံးသွင်းရ ရှုရပါသလဲတဲ့။ "ဘယ်အကျိုးအတွက် နှလုံးသွင်းရတယ် ရှုရတယ်"ဆိုတာကတော့ ဘိက္ခုနာလို့ ဆိုလိုက်ကတည်းက ပါဝင်ပြီး, ထင်ရှားပြီး ဖြစ်နေပါတယ်၊

ပါဝင်ထင်ရှားပုံကတော့ ဘိက္ခုဆိုတာဟာ "သံသာရေ ဘယံ ဣက္ခတီတိ-သံသရာ၌ ဘေးကို ရှုမြင်တတ်သောကြောင့် ဘိက္ခု မည်တယ်" ဆိုတဲ့ ပါဠိ သဒ္ဒါနက်အရအားဖြင့် ပါဝင်ထင်ရှားနေ တာပါဘဲ၊ သံသရာ၌ အိုခြင်းနာခြင်းသေခြင်းအစရှိတဲ့ ကြောက် ဖွယ်ဘေးကို မြင်ပြီးတော့ အဲဒီဘေးတွေမှ လွတ်ချင်တဲ့သူ့လွတ် မြောက်အောင် အားထုတ်နေတဲ့သူဟာ ဘိက္ခု-ရဟန်း မည်တာ ပါဘဲ၊ အဲဒီတော့ သံသရာဘေးတွေက လွတ်မြောက်ဖို့အတွက် နှလုံးသွင်းရ ရှုရတယ် ဆိုတာ ထင်ရှားနေပါတယ်။ နောက်ပြီး တော့ မြတ်စွာဘုရား၏ သာသနာတော်မှာ ရှင်ရဟန်းပြုကတည်း က "(သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ) သံသရာဝဋ်ဆင်း ရဲမှ လွတ်မြောက်ပါရခြင်း အကျိုးငှါ ရှင်အဖြစ်ကို လျှောက် တောင်းပါသည်" ဆိုတဲ့ စကားဖြင့်လဲ ထင်ရှားနေပါတယ်။ ဒါကြောင့် အဲဒီရည်ရွယ်တဲ့ အကျိုးကို ဒီနေရာမှာ မဖော်ပြခဲ့ တာပါဘဲ။

သံသရာဝဋ်ဆင်းရဲဆိုတာ ဘာတွေလဲဆိုယင် ယခုလူတွေ မြင်,ကြား, နံ, စား, ထိ, သိနေတာတွေပါဘဲ။ အဲဒါတွေဟာ ဆင်းရဲအစစ် ဒုက္ခသစ္စာတွေပါဘဲ၊ အဲဒါတွေကို ဆင်းရဲလို့ အမှန် အတိုင်းမသိဘဲ ချမ်းသာတွေ အကောင်းတွေလို့ ထင်နေတာက အဝိဇ္ဇာဘဲ၊ အကောင်းတွေထင်ပြီး သာယာ နှစ်သက်တာက တဏှာဘဲ၊ သာယာနှစ်သက်ပြီး စွဲလမ်းတာက ဥပါဒါန်ဘဲ၊ အဲဒီ အဝိဇ္ဇာ တဏှာ ဥပါဒါန်ဆိုတာတွေက ကိလေသဝဋ်ပဲ၊ စွဲလမ်း ပြီးတော့ ကိုယ့်အလိုအတိုင်း ပြီးမြောက်အောင် ပြုလုပ်တာက

ကမ္မဝဋ်ပဲ၊ အဲဒီ ကိလေသာနဲ့ ကံတွေရှိနေသမျှ ကာလပတ်လုံး ဘဝဟောင်းက သေတိုင်း သေတိုင်း ဘဝအသစ်အသစ်တွေ ဖြစ်ဖြစ်နေရမယ်၊ အဲဒီဖြစ်ရာဖြစ်ရာ ဘဝတိုင်းမှာ အိုရမယ်၊ နာရမယ်၊ သေရမယ်၊ စိုးရိမ်ပူဆွေးရမယ်၊ ငိုကြွေးရမယ်၊ ကိုယ်ဆင်းရဲစိတ်ဆင်းရဲအမျိုးမျိုးကို တွေ့ကြုံခံစားရမယ်၊ အဲဒါတွေကကံ၏အကျိုး ဝိပါကဝဋ် ဆင်းရဲတွေဘဲ၊ အဲဒီ ကိလေသာ,ကံ,အကျိုးဝိပါက်ဆိုတဲ့ ဝဋ်သုံးပါးဟာ တမျိုးပြီးတမျိုး ပြောင်းရွှေ့ပြီး မပြတ်ဖြစ်နေတဲ့ သံသရာ ဝဋ်ဆင်းရဲတွေပါဘဲ၊ အဲဒီ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ဖို့ရာဟာ အလွန်အရေးကြီးပါတယ်။

## ဝဋ်ဆင်းရဲတွေ ကြောက်စရာဘဲ

သေသေချာချာ စဉ်းစားကြည့်ယင် ဒီဝဋ်ဆင်းရဲတွေဟာ အလွန်ကြောက်စရာကောင်းပါတယ်၊ တဘဝကသေပြီး တဘဝဖြစ်လိုက်၊ တဘဝက သေပြီး တဘဝ ဖြစ်လိုက်နဲ့ အဲဒီလိုဖြစ်ခဲ့ရတဲ့ ဘဝတွေဟာ မရေမတွက် နိုင်အောင် များလှပြီ၊ အနမတဂ္ဂေါ- မသိအပ်သော အစ ရှိတယ်လို့ ဟောထားတဲ့အတိုင်း ဘယ်တော့က ဘယ်ကမ္ဘာက စ,ဖြစ်ခဲ့တယ်လို့ မသိနိုင်အောင်ကြာမြင့်လှပြီ။ ဘဝအသစ် စ-ဖြစ်ကတည်းက လူ့ဘဝမှာ ဆိုယင် မိဘတို့၏ သုက်သွေး အညစ်အကြေးကို အထည်ကိုယ်လုပ်ပြီးဖြစ်လာခဲ့ရတယ်၊ သေသေချာချာ စဉ်းစားကြည့်ယင် အလွန်စက်ဆုပ်ရွံရှာဘွယ် ကောင်းတာဘဲ၊ အရွယ်ကြီးပြီး အသိအလိမ္မာနဲ့ ပြည့်စုံတဲ့ လူကြီးဘဝက သမီးလောက် မြေးလောက်ရှိတဲ့ မိန်းကလေး၏ ဝမ်းဗိုက်ထဲရောက်ပြီး ဘာမသိ

ညာမသိနဲ့ ကိုးလ ဆယ်လလောက် နေရတာလဲ စိတ်ပျက်စရာဘဲ၊ မွေးပြီးတဲ့နောက် ဘာမျှ အစွမ်း သတ္တိ အသိဉာဏ်မရှိပဲ ၁-နှစ် ၂-နှစ်လောက် ဖြစ်နေရပုံဟာလဲ ကြောက်စရာဘဲ၊ အရွယ် ရောက်တဲ့အခါ စားဝတ်နေရေးအတွက် ရှာကြံလုပ်ကိုင်နေရတဲ့ ပရိယေသနဒုက္ခ ကလဲ ကြောက်စရာဘဲ၊ အဲဒီအတောအတွင်း မှာ လူနိုင်တွေရဲ့ အနှိပ်စက်ခံရတာလဲ ရှိတတ်တယ်၊ မကျန်းမမာ ဖျားနာတာလဲ ရှိတတ်တယ်၊ ကိုယ့်အလိုအတိုင်း မဖြစ်လို့ စိတ် ဆင်းရဲတာတွေလဲ ရှိတတ်တယ်၊ သူ့အချိန်ကျတော့အိုမင်းမစွမ်း ဖြစ်ပြီး လူရာမဝင်တော့ပဲ ဖြစ်နေတာလဲ ရှိတတ်တယ်၊ နောက် ဆုံးကျတော့ သေလောက်အောင် နှိပ်စက်တဲ့ နာခြင်းဆင်းရဲကို အပြင်းအထန်ခံစားရပြီး သေသွားရတယ်၊ လူ့ဘဝမှာ ဆိုယင် ဒီပုံ ဒီနည်း ချည်းဘဲ။

လူတွေရဲ့မျက်မြင်ဖြစ်နေတဲ့ တိရစ္ဆာန်ဘဝမှာ ပိုပြီး ကြောက် စရာကောင်းတာဘဲ၊ ကြက် ဝက်တို့ ဘဲ ဆိတ်တို့ ဒီလိုဘဝတွေမှာ ဆိုယင် လူတွေက သတ်သတ်စားဘာနဲ့ မကြာခင်ပဲ သေသေ သွားရှာကြရတယ်၊ နွားတွေ ကျွဲတွေ ဆိုယင် လူတွေရဲ့ တာဝန် ကိုလဲ ထမ်းဆောင်ပေးရတဲ့ပြင်၊ နောက်ဆုံးကျတော့ သား သတ်ရုံရောက်ပြီး မရှုမလှသေကြရရှာတယ်၊ လူတွေနဲ့မနီးစပ်တဲ့ တောထဲက တိရစ္ဆာန်သတ္တဝါတွေမှာလဲ ဘာမျှ အကာအကွယ် အစောင့်အရှောက်မရှိဘူး၊ နိုင်ရာနိုင်ရာ သတ်ဖြတ်အစားခံရတာ တွေပဲများတယ်။ လူတွေ မမြင်ရတဲ့ ပြိတ္တာတွေ ငရဲသားတွေ ဆိုတာက သာပြီး ဆင်းရဲ ဒုက္ခ ရောက်နေကြရတယ်။ အဲဒီလို

အပါယ်ဘဝတွေဟာ မိမိတို့နှင့် မဆိုင်ဘူးလို့ တချို့က ထင်နေကြတယ်။ အဲဒီလို အထင်မှားတဲ့ လူတွေနဲ့မှ သာပြီးဆိုင်နေတာ၊ ဘာကြောင့်လဲဆိုယင် အဲဒီလိုလူတွေက ကံ,ကံ၏အကျိုးကို မယုံကြည်တာနဲ့ အကုသိုလ်ကိုလဲ မရှောင်ဘူး၊ ကုသိုလ်ကိုလဲ မပြုချင်ဘူး၊ ဒီတော့ အဲဒီလိုလူတွေမှာ အပါယ်လေးပါးရောက်စေမည့် အကုသိုလ်တွေက များနေမယ်၊ ဒါကြောင့်ပါဘဲ။

ကုသိုလ်ကံပြည့်စုံလို့ ချမ်းသာတဲ့နတ်ဘဝ ရောက်နေတဲ့အခါ လောက်ပဲ သက်သာရာရတယ်၊ အဲဒီ နတ်ဘဝမှာလဲအလိုအတိုင်း မပြည့်စုံလို့ စိတ်ဆင်းရဲရတာတွေကတော့ ရှိသေးတာဘဲ၊နောက်ဆုံးကျတော့ အဲဒီနတ်ဘဝမှ ရုတ်တရက် စုတေသေဆုံးသွားရတယ်၊ အဲဒီလို သေဆုံးပြီးအပါယ်လေးပါးလဲ ရောက်သွားနိုင်သေးတာဘဲ။ အဲဒီလို ကံအားလျော်စွာ ဘဝအသစ် အသစ်တွေဖြစ်ဖြစ်ပြီး အိုရ နာရ သေရ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲအမျိုးမျိုးကိုတွေ့ရနဲ့ ဖြစ်ခဲ့ရတဲ့ဘဝတွေ သိန်းသန်းကုဋေဖြင့် မရေမတွက်နိုင်အောင် များလှပြီ၊ ကမ္ဘာပေါင်းလဲ မရေမတွက်နိုင်အောင် များလှပြီတဲ့။ ယခုဘဝမှာ အရိယမဂ်ဖိုလ်တရားထူးကိုရအောင် ဝိပဿနာဘာဝနာအလုပ်ကို အားမထုတ်နိုင်ယင် နောင်အခါမှာလဲ ဘဝပေါင်းကမ္ဘာပေါင်း မရေမတွက်နိုင်အောင်လဲ ဘဝအသစ်ဖြစ်ခြင်း အိုခြင်း သေခြင်း ကိုယ်စိတ်ဆင်းရဲခြင်း ဆိုတဲ့ သံသရာဝဋ်ဆင်းရဲတွေနဲ့ တွေ့သွားရမယ်။ (ဒါဟာ မျက်စိမှိတ်ပြီး ယုံရတာမဟုတ်ဘူး၊ "အကျိုးရှိယင် သူ့အကြောင်းရှိခဲ့တယ်၊ ယခုအကြောင်းရှိယင် နောင် သူ့အကျိုးတွေဖြစ်ဖြစ်သွားမယ်"

ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် တရားတော်အရ ဉာဏ်ဖြင့်တွေ့သိပြီး မှတ်ယူရတာသာ ဖြစ်တယ်၊) အဲဒီလို အကြောင်းအကျိုး ဆက်စပ်ပြီး ဝဋ္ဋဆင်းရဲ ဖြစ်နေပုံကို သေသေချာချာ စဉ်းစား ကြည့်ယင် အလွန်ကြောက်စရာ ကောင်းပါတယ်။ ဒါကြောင့် အဲဒီအလွန် ကြောက်စရာကောင်းတဲ့ သံသရာဝဋ္ဋဆင်းရဲမှ လွတ်မြောက်ရန် အကျိုးအတွက် ရည်ရွယ်ပြီးတော့ မြတ်စွာဘုရား၏ သာသနာတော်မှာ ရှင်ရဟန်းပြုကြရတာဘဲ။

ရှင်ရဟန်းပြုပြီးတော့ ရှေးဦးစွာ ဘာနှင့်ပြည့်စုံအောင် ကျင့်ရသလဲဆိုယင် သီလနှင့် ပြည့်စုံအောင် ကျင့်ရတယ်။ ဒါပေမဲ့ ရှင်ရဟန်းဖြစ်ပြီးခါစမှာ ဆိုယင်တော့ သီလက အပြည့်အစုံ စင်ကြယ်နေပါတယ်။ ကိုယ်ဖြင့်နှုတ်ဖြင့် မသင့်မတော်တာကို မပြုသေး မပြောသေးသမျှ ကာလပတ်သုံး အပြည့်အစုံစင်ကြယ်နေပါတယ်။ အဲဒီလို ပြည့်စုံမြဲ ပြည့်စုံစင်ကြယ်နေအောင် ကျင့်သုံးစောင့်ရှောက်သွားရတယ်။ ကျင့်သုံးစောင့်ရှောက်ရမည့် သိက္ခာပုဒ်တွေကို တတ်သိ နားလည်အောင် လေ့လာ သင်ယူရတယ်။ ဆရာဥပဇ္ဈာယ်များကလဲ သင်ကြားပေးရတယ်။ သီလနှင့်စပ်ပြီး ချွတ်ယွင်းချက်ရှိတယ်ထင်ယင် ဒေသနာပြောကြားခြင်း စသည်ဖြင့် ကုစားပြုပြင်ရတယ်၊ အဲဒီလို ကုစားပြုပြင်ပြီးယင် သီလဟာ ပြည့်စုံစင်ကြယ်တော့တာဘဲ။ အဲဒီလို ကုစားပြုပြင်ပြီးလို့ဖြစ်စေ၊ ကျူးလွန်ခြင်းမရှိလို့ဖြစ်စေ၊ သီလစင်ကြယ်နေယင် သီလနှင့်ပြည့်စုံတဲ့ ပုဂ္ဂိုလ်မည်တယ်။ အဲဒီလို သီလနှင့်ပြည့်စုံနေတဲ့ ရဟန်းဟာ သံသရာဝဋ္ဋဆင်းရဲမှ လွတ်မြောက်အောင် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်

မှောက်တွေ့ရအောင် ဘယ်တရားများကို နှလုံးသွင်းရ ရှုရပါ သလဲလို့ အရှင်မဟာကောဋ္ဌိကမထေရ်က မေးပါတယ်။ အဲဒီ အမေးဖြေ့်ပင် "တရားနှလုံးသွင်းအားထုတ်ချင်ယင် ဝိသုဒ္ဓိ (၇) ပါးထဲက ပဌမအခြေခံဖြစ်တဲ့ သီလဝိသုဒ္ဓိနဲ့ ပြည့်စုံရမယ်" ဆိုတာ ကိုလဲ ဖော်ပြပြီး ဖြစ်သွားပါတယ်။

နောက်ပြီးတော့ ဒီသီလဝန္တသုတ်၏ အခြားမဲ့မှာ သုတဝန္တ သုတ် ဆိုတာ ရှိပါတယ်။ အဲဒီ သုတ်မှာတော့ အရှင်မဟာ ကောဋ္ဌိကမထေရ်က အကြားအမြင် သုတနှင့် ပြည့်စုံတဲ့ ရဟန်း ဟာ ဘယ်တရားများကို နှလုံးသွင်းရ ရှုရပါသလဲလို့ မေးထား ပါတယ်။ အဲဒီ အမေးဖြေ့် "အကြားအမြင် သုတနှင့်လဲ ပြည့်စုံ သင့်သမျှ ပြည့်စုံရမယ်။ အဲဒီလိုသုတနှင့် ပြည့်စုံသင့်သမျှပြည့်စုံမှ တရားနှလုံးသွင်းအားထုတ်နိုင်တယ်" ဆိုတာကို သိစေပါတယ်။ ပြည့်စုံသင့်တဲ့ သုတ အကြောင်းကိုတော့ နောက်သီတင်းကျမှ ပြောရမယ်။ အဲဒီသုတဝန္တသုတ်မှာ မေးပုံနှင့် ဒီသီလဝန္တသုတ် မှာ မေးပုံ ဒီနှစ်ရပ်ကိုပေါင်းပြီး ဘုန်းကြီးက ဆောင်ပုဒ်စီထား တယ်။ "သီလ,သုတာ၊ စုံသူမှာ၊ ဘယ်ဟာရှုအပ်ပါသနည်း" တဲ့။ အဲဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

၁။ သီလ,သုတာ၊ စုံသူမှာ၊ ဘယ်ဟာ ရှုအပ်ပါသနည်း။

ဒီဆောင်ပုဒ်ရဲ့ အနက်အဓိပ္ပါယ်ကတော့ ပေါ်လွင်ထင်ရှား နေပါတယ်။ သီလနှင့်လဲပြည့်စုံစင်ကြယ်နေတဲ့ပုဂ္ဂိုလ်၊သုတနှင့်လဲ ပြည့်စုံသင့်သမျှ ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်ဟာ သံသရာဝဋ်ဆင်းရဲမှ

လွှတ်မြောက်ရအောင် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက် တွေ့ရအောင် ဘယ်တရားများရှုအပ်ပါသလဲလို့ မေးတာပါဘဲ။ အဲဒါဟာ မသိလို့ မေးတာ မဟုတ်ဘူး။ ပဋိသမ္ဘိဒါပတ္တ အရာမှာ ဧတဒဂ်ရတဲ့ ရဟန္တာမထေရ်မြတ်ကြီးက မေးလို့ ပညာအရာမှာ ဧတဒဂ်ရပဌမအဂ္ဂသာဝက ရဟန္တာကြီးဖြစ်တဲ့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက ဖြေကြား လိုက်ယင် အဲဒီ အမေး အဖြေ ၂-ရပ်ကို နောင်လာ နောက်သားတွေ ခိုင်လုံသော သာဓက အဖြစ်ဖြင့် လိုက်နာပြီး ကျင့်သုံးရစ်ကြရန်အတွက် မေးတာဘဲ၊ အဲဒီအမေးကို အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက ဒီလို ဖြေကြားတော်မူပါတယ်။

## အရှင်သာရိပုတ္တရာ၏ အဖြေ

သီလဝတာဝုသော ကောဋ္ဌိက ဘိက္ခုနာ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော သုညတော အနတ္တတော ယောနိသော မနသိ ကာတဗ္ဗာ။

အာဝုသော ကောဋ္ဌိက-ငါ့ရှင်ကောဋ္ဌိက၊ သီလဝတာ-သီလနှင့် ပြည့်စုံသော၊ ဘိက္ခုနာ-ရဟန်းသည်၊ ပဉ္စ-ငါးပါးကုန်သော၊ ဥပါဒါနက္ခန္ဓာ- ဥပါဒါနက္ခန္ဓာတို့ကို၊ ဝါ-ဥပါဒါန်၏ အာရုံဖြစ်နိုင်သော ရုပ်နာမ်အစုတို့ကို၊ ယောနိသော- နည်းမှန်လမ်းမှန်အားဖြင့်၊ မနသိကာတဗ္ဗာ- နှလုံးသွင်းအပ် ရှုအပ်ကုန်၏ တဲ့။

သီလနှင့်ပြည့်စုံတဲ့ ရဟန်းဟာ သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်ရအောင်, မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်တွေ့ရအောင် ဉပါဒါနက္ခန္ဓာ ခေါ်တဲ့ ရုပ်နာမ်အစုတွေကို နည်းလမ်းမှန်ဖြင့် နှလုံးသွင်းရမယ် ရှုရမယ်တဲ့။ ဘယ်လိုလဲဆိုတော့—

အနိစ္စတော- မမြဲဟူ၍လဲ ရှုရမယ်၊ ဒုက္ခတော-ဆင်းရဲဟူ၍လဲ ရှုရမယ်၊ ရောဂတော- စွဲကပ်နေတဲ့ ရောဂါနှင့် တူသည်ဟူ၍လဲ ရှုရမယ်၊ ဂဏ္ဍတော-ပေါက်ကွဲနေသော အဖုအလုံးအနာကြီးနှင့် တူသည်ဟူ၍လဲ ရှုရမယ်၊ သလ္လတော- စူးဝင်နေသော ငြောင့်နှင့် တူသည်ဟူ၍လဲ ရှုရမယ်၊ အဃတော- မကောင်းမှုနှင့် တူသည်ဟူ၍လဲ ရှုရမယ်၊ အာဗာဓတော- ဖျားနာခြင်းနှင့် တူသည်ဟူ၍လဲ ရှုရမယ်၊ ပရတော- ပြင်ပလူ သူစိမ်းနှင့် တူသည်ဟူ၍လဲ ရှုရမယ်၊ ပလောကတော- ပျက်စီးလွယ်သည် ဟူ၍လဲ ရှုရမယ်၊ သုညတော- အသက်ကောင်မှ ကင်းဆိတ်သည်ဟူ၍လဲ ရှုရမယ်၊ အနတ္တတော-အစိုးရသည့် အတ္တကောင်မဟုတ် သဘောတရားမျှဟူ၍လဲ၊ ယောနိသော- နည်းမှန် လမ်းမှန် အားဖြင့်၊ မနသိ ကာတဗ္ဗာ- နှလုံးသွင်းအပ် ရှုအပ်ကုန်၏ တဲ့။

အဲဒါဟာ နည်းလမ်းမှန်စွာ ရှုမြင်ပုံအခြင်းအရာ (၁၁)ပါးနှင့် ရှုအပ်သည့် တရားတွေကို မူသေစည်းအနေနဲ့ အတိအကျ ပြဆိုထားတာပါဘဲ။ အဲဒီလိုပြဆိုတာကလဲ အရှင်သာရိပုတ္တရာက မိမိသဘောမျှဖြင့် ပြဆိုတာမဟုတ်ပါဘူး၊ မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောထားတဲ့ ဓျာနသုတ် စသည်နှင့်အညီ ပြဆိုတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီသုတ်ကို ဝိပဿနာ ရှုနည်း မူသေ

စည်းအနေဖြင့် မှတ်ယူကြရအောင် ဘုန်းကြီးက ဒီကနေ့ ထပ်ပြီး ဟောတာပါဘဲ။ အဲဒီမှာ အခြင်းအရာ (၁၁)ပါးကိုတော့ နောက်ပိုင်းကျမှ ပြောရမယ်၊ ယခု ရှုအပ်တဲ့ ဥပါဒါနက္ခန္ဓာတွေကို ရှေးဦးစွာ ရှင်းပြမယ်။

အရှင်မဟာကောဋ္ဌိက မထေရ်က ဘယ်တရားတွေကို ရှုအပ်သလဲလို့ မေးတယ်၊ အရှင်သာရိပုတ္တရာမထေရ်က ဥပါဒါနက္ခန္ဓာငါးပါးကို ရှုအပ်ကြောင်း ဖြေကြားတော်မူတယ်။ အဲဒီအဖြေကိုလဲ "စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာရှုအပ်ပါသတည်း" လို့ ဆောင်ပုဒ်စီသားတယ်။ ခုတင်ကဆိုခဲ့တဲ့ အမေးဆောင်ပုဒ်က စပြီး ဆိုကြရမယ်။

၁။ သီလ, သုဘာ၊ စုံသူမှာ၊ ဘယ်ဟာ ရှုအပ်ပါသနည်း။

၂။ စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာ ရှုအပ်ပါသတည်း။

ဥပါဒါနက္ခန္ဓာ ဆိုတဲ့ပုဒ်ထဲမှာ ဥပါဒါန-က တပုဒ်, ခန္ဓာ-က တပုဒ်=ဒီ ၂-ပုဒ်ကို တွဲစပ်ထားတယ်။ ဥပါဒါန ဆိုတာ စွဲလမ်းတဲ့သဘောဘဲ၊ ဥပါဒါန်လို့လဲ မြန်မာပြန်ကြတယ်။ ဒီဥပါဒါန် ဆိုတဲ့စကားကတော့ ဗမာစကားလိုတောင် ဖြစ်နေပါပြီ။ ဒါကြောင့် အစွဲအလမ်းအားကြီးတဲ့လူကို ဥပါဒါန်အားကြီးတယ်လို့ အရပ်ထဲမှာတောင် ပြောနေကြတာဘဲ။ အဲဒီစွဲလမ်းတဲ့ ဥပါဒါန်ကို ၄-မျိုးခွဲပြီး ဟောထားပါတယ်။ (၁) ကာမုပါဒါန်၊ (၂) ဒိဋ္ဌုပါဒါန်၊ (၃) သီလဗ္ဗတုပါဒါန်၊ (၄) အတ္တဝါဒုပါဒါန်- တို့။

ကာမုပါဒါန် ဆိုတာ လိုချင်နှစ်သက်စရာတွေကို လိုချင်နှစ်သက်ပြီး စွဲလမ်းတဲ့ တဏှာပါဘဲ။ ကျန်သုံးပါးက အထင်မှားအယူမှားပြီးစွဲလမ်းတဲ့ ဒိဋ္ဌိချည်းပါဘဲ၊ အဲဒီ ဒိဋ္ဌိဥပါဒါန်သုံးပါးထဲက အတ္တဝါဒဥပါဒါန် ဆိုတာ ရုပ်နာမ်တရားတွေကို အတ္တကောင်အနေနဲ့ စွဲလမ်းတဲ့ အတ္တဒိဋ္ဌိပါဘဲ၊ အဲဒီ အတ္တဒိဋ္ဌိစွဲက အရင်းခံလဲ ဖြစ်တယ်၊ ပြန့်လဲ ပြန့်ကျယ်တယ်။ သီလဗ္ဗတုပါဒါန် ဆိုတာကတော့ မဂ္ဂင်ရှစ်ပါး အကျင့်မဟုတ်တဲ့ အလေ့အကျင့်ကို ဆင်းရဲမှ လွတ်မြောက်ကြောင်းအကျင့်လမ်းကောင်းအနေနဲ့ ယုံကြည် စွဲလမ်းတဲ့ အကျင့်မှား အစွဲအလမ်း ပါဘဲ၊ အဲဒီ သီလဗ္ဗတုပါဒါန် အကြောင်းကို အကျယ် သိချင်ယင် ပဋိစ္စ-သမုပ္ပါဒ် တရားတော်ကြီး ဒုတိယတွဲ သတ္တမပိုင်းမှာ ကြည့်ပါ။ ဒိဋ္ဌုပါဒါန် ဆိုတာကတော့ သီလဗ္ဗတအယူအစွဲ, အတ္တအယူအစွဲမှ တပါးသော ဒိဋ္ဌိအယူအစွဲ တွေပါဘဲ၊ အထူးအားဖြင့် ကံ ကံ၏အကျိုး မရှိစသည်ဖြင့် ယူဆစွဲလမ်းတဲ့ မိစ္ဆာအယူပါဘဲ။ ဒီတော့ ဥပါဒါန် ဆိုတာ အကျဉ်းချုပ်အားဖြင့် အယူမှား ဒိဋ္ဌိအစွဲနှင့် တဏှာအစွဲ ဒီ ၂-ပါး ပါဘဲ။ အဲဒါကို "ထင်လွဲ, သာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာ ဥပါဒါန်"လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

## အစွဲအလမ်း ၂-မျိုး

(က) ထင်လွဲ, သာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာ ဥပါဒါန်။

ဥပါဒါန် ဆိုတာ အထင်အမြင်လွဲပြီး စွဲလမ်းတဲ့ ဒိဋ္ဌိဥပါဒါန်က တမျိုး၊ သာယာနှစ်သက်ပြီးစွဲလမ်းတဲ့ တဏှာဥပါဒါန်က

ာမျိုး၊ ဒီနှစ်မျိုးဘဲ ရှိတယ်လို့ ဆိုလိုပါတယ်။ ဒီဥပါဒါန်
၂-မျိုးက ဘာတွေကိုစွဲလမ်းသလဲဆိုတော့- မြင်ခိုက် ကြားခိုက်
ာသည်မှာ ထင်ရှားတဲ့ရုပ်နာမ်အစု ဆိုတဲ့ ခန္ဓာတွေကို စွဲလမ်း
ာပါဘဲ။ ပုံစံထုတ်ပြရယင်- မြင်ဆဲခဏမှာ မျက်စိအကြည်ရုပ်
ဆိုတာ ထင်ရှားတယ်၊ မျက်စိအကြည်ရှိလို့ အဲဒီ မျက်စိအကြည်
မှာ အဆင်းရိပ်ထင်တယ်၊ အဲဒီ ထင်ပေါ်လာတဲ့အဆင်းကို မြင်
ာဘဲ။ ဒါကြောင့် အဲဒီ အဆင်းထင်ပေါ်ရာ မျက်စိနှင့်တကွ
ာကိုယ်လုံးရုပ်အစုတွေကို အသက်ရှင်နေတဲ့ ငါကောင်လို့ ထင်
မြင် စွဲလမ်းတယ်၊ မြင်ရတဲ့ အဆင်းရုပ်ကိုလဲ အသက်ရှင်နေတဲ့
အကောင်အနေဖြင့် ထင်မြင်စွဲလမ်းတယ်၊ မြင်သိတာကိုလဲ "မြင်
သိတာဟာ ငါဘဲ, ငါက မြင်တယ်"လို့ ငါကောင်အနေနဲ့ ထင်
မြင်စွဲလမ်းတယ်၊ အဲဒါဟာ ဒိဋ္ဌိဖြင့် စွဲလမ်းပုံပါဘဲ။ ထို့အတူပင်
ျက်စိနှင့်တကွ တကိုယ်လုံးကို သာယာနှစ်သက်ပြီး စွဲလမ်းတယ်၊
အဲဒါကို ဟုတ်မဟုတ် စိစစ်ကြည့်နိုင်ပါတယ်။ ဘယ်လိုလဲ ဆို
ာင်- ကိုယ့်ကိုယ်ထက်ပိုပြီး ချစ်တဲ့အရာများ ရှိသေးသလားလို့
ဆင်ခြင်ကြည့်ပေါ့၊ ကိုယ့်ကိုယ်ဟာ အချစ်ဆုံးဘဲလို့ အဖြေထွက်
လာပါလိမ့်မယ်။

## ကိုယ့်ကိုယ်ဟာ အချစ်ဆုံးဘဲ

မြတ်စွာဘုရား လက်ထက်တော် ကာလတုန်းက ပသေနဒီ
ကောသလမင်းကြီး၏ မိဖုရား မလ္လိကာ ဆိုတာ ရှိခဲ့တယ်၊
သူက မင်းမျိုးထဲက မဟုတ်ဘူး၊ ပန်းသည်၏ သမီးဘဲ။ တနေ့

သောအခါမှာ ပန်းခြံသွားယင်း လမ်းမှာ ဆွမ်းခံကြွလာတဲ့ မြတ်စွာဘုရားကို တွေ့မြင်ရလို့ ဖူးမြော်ကန်တော့ပြီး သူစားဘို့ ယူလာခဲ့တဲ့ ခါးပိုက်ထဲက မုန့်ကလေးတွေကို မြတ်စွာဘုရား အား ကပ်လှူလိုက်တယ်၊ အဲဒီမုန့်လှူတဲ့ကောင်းမှုကြောင့် မိဖုရား ဖြစ်လိမ့်မယ်လို့ မြတ်စွာဘုရားက မိန့်ကြားတော် မူခဲ့တယ်။ ပသေနဒီကောသလမင်းကြီးဟာ အဲဒီနေ့မှာဘဲ အဇာတသတ် မင်းနှင့် စစ်တိုက်ရာမှာ ရှုံးနိမ့်တာနဲ့ မြင်းစီးလျက် တပါးတည်း ဆုတ်ပြေး လာခဲ့ရတယ်၊ မလ္လိကာတို့၏ ပန်းခြံရောက်တဲ့အခါ မင်းကြီးအား မလ္လိကာက ယုယုယယနဲ့ပြုစုတယ်၊ မင်းကြီးက သဘောကျ ကျေနပ်ပြီး မလ္လိကာကို မိဖုရားအဖြစ် ချီးမြှောက် ထားတယ်။

ဒါပေမဲ့ မလ္လိကာမှာ နန်းတွင်းသူ မဟုတ်တဲ့အတွက် နန်း တွင်းမှာ ဆွေမျိုးမိတ်ဆွေမရှိဘဲ မျက်နှာငယ်နေရှာတယ်၊ အဲဒီ အကြောင်းကိုသိလို့ မင်းကြီးက ရင်းရင်းနှီးနှီးဖြစ်ပြီး ပြောရဲ ဆိုရဲ ရှိအောင် ချီးမြှောက်လိုတဲ့အတွက် တည့်သောအခါမှာ နှစ်ဦးချင်း ဒီလိုမေးပါသတဲ့၊ "မလ္လိကာရေ သင့်မှာ ကိုယ့်ထက် ချစ်တဲ့သူများ ရှိသလား၊ ဘယ်သူ့ကို ပိုပြီးချစ်ပါသလဲ" တဲ့၊ ရည်ရွယ်ချက် ကတော့ အရှင်မင်းကြီးကို ပိုချစ်ပါတယ်လို့ ပြောဘို့ လမ်းဖွင့်ပေးလိုက်တာပါဘဲ၊ အဲဒီလို မလ္လိကာက ပြော ယင် မင်းကြီးကလဲ ရှင်မိဖုရားကို ငါ့ကိုယ်ထက်ပိုပြီး ချစ်ပါ တယ်လို့ ပြန်ပြောပြီး ရင်းရင်းနှီးနှီး ပြောရဲဆိုရဲ ဖြစ်စေချင်လို့ မေးတာတဲ့။ ဒါပေမဲ့ မလ္လိကာက ဆင်ခြင်ကြည့်တယ်၊ ဒီမေး

ခွန်းက "ကိုယ့်ကိုယ်ထက် အရှင်မင်းကြီးကို ပိုပြီးချစ်ပါတယ်လို့ ပြောစေချင်တဲ့အတွက် ပစ်လိုက်တဲ့စကားဘဲ၊ ဒါပေမဲ့ ကိုယ့်ကိုယ်ဟာ အချစ်ဆုံးဘဲ၊ မင်းကြီး၏ အလိုလိုက်ပြီး အမှားပြောလို့တော့မသင့်ဘူး၊ အမှန်ကိုသာ ပြောမှဘဲ"လို့ ဆင်ခြင်ပြီးတော့ "အရှင်မင်းကြီး ကျွမ်မှာ ကိုယ့်ကိုယ်ဟာ အချစ်ဆုံးပါဘဲ၊ ကိုယ့်ကိုယ်ထက် ပိုပြီးချစ်တဲ့သူ မရှိပါဘူး"လို့ ဖြေဆိုလိုက်ပါသတဲ့။

အဲဒီလိုဖြေပြီးတော့ မလ္လိကာက "အရှင်မင်းကြီးကော ကိုယ့်ကိုယ်ထက်ပိုပြီးချစ်တဲ့သူ ရှိပါသလား"လို့ ပြန်ပြီး မေးလိုက်ပါတယ်၊ အဲဒီတော့ မင်းကြီးက "ငါ့မှာလဲ ကိုယ့်ကိုယ်ထက်ပိုပြီးချစ်တဲ့သူ မရှိဘူး။ ကိုယ့်ကိုယ်ဟာ အချစ်ဆုံးဘဲ" လို့ ဖြေဆိုပြီး နောက်တနေ့မှာ အဲဒီအကြောင်းအရာ တွေကို မြတ်စွာဘုရားအား လျှောက်တယ်၊ မြတ်စွာဘုရားက "အရပ် ဆယ်မျက်နှာကို စိတ်ဖြင့်လိုက်ရှာလျှင် ကိုယ့်ကိုယ်ထက် ပိုပြီးချစ်တဲ့သူကို ဘယ်မှာမှမတွေ့နိုင်ကြောင်း၊ သတ္တဝါတိုင်း ကိုယ့်ကိုယ်ဟာ အချစ်ဆုံး ဖြစ်တဲ့အတွက် သူတပါးကို မညှဉ်းဆဲသင့်ကြောင်းများကို" ဟောကြားတော်မူပါတယ်။ ဒါကြောင့် ကိုယ့်ကိုယ်ကို ချစ်ခင်သာယာပြီး တဏှာဖြင့် အစွဲအလမ်းအကြီးဆုံးဖြစ်ကြောင်း ထင်ရှားပါတယ်။ ဒီလိုဝတ္ထုသာကေနှင့်တကွ အကျယ်ထုတ်ပြရတာက တခြားကြောင့်မဟုတ်ဘူး၊ တချို့အထင်ကြီးနေတဲ့ သူတွေက သူတို့မှာဖြစ်မြောက်လောက်အောင် တရားသိမြင်မှုလဲ ဘာမျှမရှိပါဘဲနဲ့ "အနိစ္စ ဒုက္ခ အနတ္တ သဘော

တွေကို သိနေတာဘဲ ကိုယ့်ကိုယ်က ရုပ်နာမ်တွေကို မသာယာ ခံစွဲလမ်းပါဘူး”လို့ ငြင်းချင်ကြတဲ့အတွက်ကြောင့်ဘဲ။

ယခုပြောခဲ့တာဟာ မြင်ရာကနေပြီး မျက်စိနှင့်တကွ တကိုယ်လုံးကို သာယာနှစ်သက်လျက် စွဲလမ်းပုံဘဲ။ ထို့အတူပင် မြင်ရတဲ့ အဆင်းကောင်းတွေကိုလဲ သာယာနှစ်သက်ပြီး စွဲလမ်းတယ်။ အဲဒါကတော့ အလွန်ထင်ရှားပါတယ်၊ မြင်သိတာကိုလဲ သာယာနှစ်သက်ပြီး စွဲလမ်းတယ်၊ ဒါလဲထင်ရှားတာဘဲ။ အဲဒီ မြင်သိဆိုတာ ထဲမှာ မြင်လို့ ကောင်းတာ မကောင်းတာ ဆိုတဲ့ ဝေဒနာလဲပါတယ်၊ မှတ်သားမိတဲ့ သညာလဲပါတယ်၊ မြင်မှုကိစ္စပြီးအောင် ကြောင့်ကြစိုက်မှု နှလုံးသွင်းမှု သင်္ခါရတွေလဲ ပါတယ်၊ မြင်တိုင်းမြင်တိုင်းမှာ အမှန်အတိုင်း သိအောင် မရှုနိုင်ယင် မြင်ဆဲခဏမှာ ထင်ရှားတဲ့ အဲဒီမျက်စိအဆင်း မြင်သိမှုဆိုတဲ့ ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် တွေကို ယခုပြောခဲ့တဲ့အတိုင်း တဏှာဒိဋ္ဌိတို့ဖြင့် စွဲလမ်းနိုင်တယ်၊ ဒါကြောင့် အဲဒီရုပ်နာမ်တွေကို ဥပါဒါနက္ခန္ဓာလို့ခေါ်တယ်။ ကြားခိုက်စသည်မှာ ထင်ရှားတဲ့ နာမ်ရုပ် စသည်ကိုလဲ နည်းတူပင် ဥပါဒါနက္ခန္ဓာလို့ ခေါ်တယ်၊ ဒါကြောင့် “ငါ, ငါ့ဥစ္စာ၊ စွဲနိုင်တာ၊ ဥပါဒါနက္ခန်” လို့ ဆောင်ပုဒ် စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

(ခ) ငါ,ငါ့ဥစ္စာ၊ စွဲနိုင်တာ၊ ဥပါဒါနက္ခန်။

အသက်ရှင်နေတဲ့ ငါကောင်အနေနဲ့ စွဲလမ်းနိုင်တဲ့ ရုပ်နာမ်တွေ၊ ငါ့ဥစ္စာအနေနဲ့ သာယာနှစ်သက်ပြီး စွဲလမ်းနိုင်တဲ့ရုပ်နာမ်

တွေကို ဥပါဒါနက္ခန္ဓာ ခေါ်တယ်လို့ ဆိုလိုပါတယ်။ အဲဒီမှာ ငါ့ဥစ္စာလို့ စွဲလမ်းပုံကတော့ "တေံ မမ- ဤအရာသည် ငါ့ဟာ" လို့ စွဲလမ်းပုံကို ပြတဲ့ ပါဠိနှင့်အညီပါဘဲ၊ သာယာ နှစ်သက်တယ်ဆိုယင် ကိုယ်ပိုင်ဥစ္စာမဟုတ်ပေမဲ့ ကိုယ်ပိုင်ဥစ္စာ အနေနဲ့ပဲ သိမ်းပိုက်ပြီး သာယာနှစ်သက်တယ်၊ ဒါကြောင့် တဏှာဖြင့် စွဲလမ်းပုံကို "တေံ မမ-ဤအရာသည် ငါ၏ဥစ္စာတည်း" လို့ စွဲလမ်းကြောင်း ပါဠိတော်တို့၌ ပြဆိုပါတယ်။ အဲဒီ ပါဠိတော်များမှ နည်းယူပြီးတော့ "ငါ့, ငါ့ဥစ္စာ၊ စွဲနိုင်တာ၊ ဥပါဒါနက္ခန်" လို့ ဆောင်ပုဒ်စီထားပါတယ်။ ငါကောင်အနေနဲ့ ငါ့ဥစ္စာအနေနဲ့ စွဲလမ်းနိုင်တာတွေကို ဥပါဒါနက္ခန္ဓာ ခေါ်တယ်လို့ ဆိုလိုပါတယ်။ အဲဒီမှာ ငါကောင်အနေနဲ့ စွဲလမ်းတာက ဒိဋ္ဌိစွဲဘဲ၊ ငါ့ဥစ္စာအနေနဲ့ စွဲလမ်းတာက တဏှာစွဲဘဲ။ အဲဒီလို စွဲလမ်းနိုင်တဲ့ ဥပါဒါနက္ခန္ဓာတွေက ဘယ်ဟာတွေလဲဆိုယင် အဲဒါကို အရှင်သာရိပုတ္တရာက ဒီလို ဆက်ပြီးဖော်ပြသွားပါတယ်။

## ဥပါဒါနက္ခန္ဓာ ငါးပါးသရုပ်

ကတမေ ပဉ္စ၊ သေယျထိဒံ-ရူပုပါဒါနက္ခန္ဓော ဝေဒနုပါဒါနက္ခန္ဓော သညုပါဒါနက္ခန္ဓော သင်္ခါရုပါဒါနက္ခန္ဓော ဝိညာဏုပါဒါနက္ခန္ဓော။

ပဉ္စ- ငါးပါးတို့ဟူသည်၊ ကတမေ- အဘယ်သည်တို့နည်း၊ ဣဒံ- ဤငါးပါးသည်၊ သေယျထာ-ယခုပြဆိုမည့် တရားများ

ပေတည်း၊ (အခြားအရာတို့၌ သေယျထာ- ကတမေ- အဘယ် သည်တို့နည်း ဟု အနက်ပြန်ရိုးရှိသော်လဲ ဤအရာ၌ ထိုသို့ပြန် လျှင် ရှေ့မေးခွန်းနှင့် ထပ်တူဖြစ်နေလိမ့်မည်။ ထို့ကြောင့် သင့် လျော်အောင် ပြန်သော အနက်ဖြစ်သည်) ရူပုပါဒါနက္ခန္ဓော- ရုပ်ဟူသော ဉပါဒါနက္ခန္ဓာက တပါး၊ ဝေဒနုပါဒါနက္ခန္ဓော- ဝေဒနာ ဟူသော ဉပါဒါနက္ခန္ဓာက တပါး၊ သညုပါဒါ- နက္ခန္ဓော- သညာဟူသော ဉပါဒါနက္ခန္ဓာက တပါး၊ သင်္ခါရု ပါဒါနက္ခန္ဓော- သင်္ခါရဟူသော ဉပါဒါနက္ခန္ဓာက တပါး၊ ဝိညာဏုပါဒါနက္ခန္ဓော- ဝိညာဏ် ဟူသော ဉပါဒါနက္ခန္ဓာက တပါး၊ (ဣတိ-ဤငါးပါးတို့ပင်တည်း။)

ဉပါဒါနက္ခန္ဓာ ငါးပါးဆိုတာ တဏှာဒိဋ္ဌိဖြင့် စွဲလမ်းနိုင်တဲ့ ရုပ်ရယ်, ဝေဒနာရယ်, သညာရယ်, သင်္ခါရရယ်, ဝိညာဏ်ရယ်, ဒီငါးပါးပါဘဲတဲ့။ အဲဒါကို "ရုပ်, ဝေ, သညာ၊ သင်္ခါရာ၊ ဝိညာ ဤငါးတန်"လို့ ဆောင်ပုဒ် စီသားတယ်။ အဲဒါကို ရှေ့ဆောင် ပုဒ်ပါတွဲပြီး ဆိုကြရမယ်။

(ခ) ငါ့,ငါ့ဉစ္စာ၊ စွဲနိုင်တာ၊ ဉပါဒါနက္ခန်။

(ဂ) ရုပ်, ဝေ, သညာ၊ သင်္ခါရာ၊ ဝိညာ ဤငါးတန်။

အဲဒီ ဉပါဒါနက္ခန္ဓာငါးပါး ဆိုတာ တခြားမှာ ခက်ခက်ခဲခဲ ရှာယူရမည့် တရားတွေ မဟုတ်ဘူး၊ မိမိတို့သန္တာန်မှာ ထင်ရှား ဖြစ်ပေါ်နေတဲ့ ရုပ်နာမ်တရားတွေဘဲ။

## မြင်ဆဲ၌ ဥပါဒါနက္ခန္ဓာငါးပါး

မြင်ဘိုင်း မြင်တိုင်း ထင်ရှားဖြစ်နေတာတွေဟာ ဥပါဒါနက္ခန္ဓာတွေဘဲ၊ အဲဒါကို ခုတင်ကလဲ တော်တော် များများ ပြောခဲ့ပါပြီ၊ မြင်ဆဲခဏ၌ မျက်စိနဲ့ အဆင်းက ရုပ်ဥပါဒါနက္ခန္ဓာဘဲ၊ မြင်လို့ ကောင်းတာ မကောင်းတာက ဝေဒနာ ဥပါဒါနက္ခန္ဓာဘဲ၊ မြင်ရတဲ့အဆင်းကို မှတ်သားတာက သညာ ဥပါဒါနက္ခန္ဓာဘဲ၊ မြင်မှုကိစ္စပြီးအောင် ကြောင့်ကြ စိုက်တာ နှလုံးသွင်းတာက သင်္ခါရဥပါဒါနက္ခန္ဓာဘဲ၊ မြင်သိရုံမျှသဘောက ဝိညာဏ် ဥပါဒါနက္ခန္ဓာဘဲ။ အဲဒါကို ဆိုကြရမယ်။

မြင်ဆဲခဏ၌ မျက်စိနဲ့အဆင်းက ရုပ်ဥပါဒါနက္ခန္ဓာ။

မြင်လို့ ကောင်းတာ မကောင်းတာက ဝေဒနာဥပါဒါနက္ခန္ဓာ။

မြင်ရတဲ့အဆင်းကို မှတ်သားတာက သညာဥပါဒါနက္ခန္ဓာ။

မြင်မှုကိစ္စပြီးအောင် ကြောင့်ကြစိုက်တာ နှလုံးသွင်းတာက သင်္ခါရဥပါဒါနက္ခန္ဓာ။

မြင်သိရုံမျှသဘောက ဝိညာဏ်ဥပါဒါနက္ခန္ဓာ။

မြင်ဆဲခဏမှာ မရှုနိုင်လို့ အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာဖြင့် အမှန်အတိုင်း မသိလျှင် အဲဒီမြင်မှုဆိုင်ရာ ရုပ်,ဝေဒနာ,သညာ, သင်္ခါရ, စိတ်ဝိညာဏ်တွေကို ငါကောင် အနေဖြင့်လဲ ထင်မှတ် စွဲလမ်းတယ်၊ နှစ်သက်သာယာပြီးတော့လဲ စွဲလမ်းတယ်၊ အဲဒီလို

ဒိဋ္ဌိဖြင့် တဏှာဖြင့် စွဲလမ်းနိုင်လို့ အဲဒီ ရုပ်ဝေဒနာစသည်တွေကို
ဥပါဒါနက္ခန္ဓာလို့ ဆိုရတာဘဲ။ ဝိပဿနာ ရှုမှတ်ခြင်း မရှိပဲ
ပကတိအတိုင်းနေကြတဲ့ သာမန်ပုဂ္ဂိုလ်တွေမှာ မြင်တိုင်းမြင်တိုင်း
အဲဒီမြင်မှုဆိုင်ရာ ရုပ်နာမ်တွေကို စွဲလမ်းတဲ့ တဏှာဒိဋ္ဌိဥပါဒါန်
တွေ ထိုက်သည်အားလျော်စွာ ဖြစ်နေတယ်၊ အဲဒီ စွဲလမ်းတဲ့
ဥပါဒါန်ကြောင့် မိမိအလိုပြည့်အောင် ပြုလုပ်အားထုတ်နေကြ
တယ်။ အဲဒါဟာ အကုသိုလ်ကံ, ကုသိုလ်ကံတွေ ဖြစ်နေတာဘဲ၊
အဲဒီကံတွေက အကြောင်းညီညွတ်တဲ့အခါ အပါယ်လေးပါး
ဘဝ, သုဂတိဘဝများသို့ ရောက်စေတယ်၊ ရောက်ရာရောက်ရာ
ဘဝများ၌ ဆင်းရဲအမျိုးမျိုးကို တွေ့ကြုံခံစား နေကြရတယ်၊
အဲဒါဟာ သံသရာဝဋ်ဆင်းရဲတွေ ခံစားနေရပုံပါဘဲ။

အဲဒါကို ဆင်ခြင်ကြည့်ယင် မြင်တိုင်း မြင်တိုင်း စွဲလမ်းမှု
ဥပါဒါန် မဖြစ်ရအောင် ကျင့်ဘို့လိုကြောင်း ထင်ရှားပေါ်လာ
ပါတယ်၊ ဘယ်လိုကျင့်ရမလဲလို့ ဆိုတော့ "ပဉ္စုပါဒါနက္ခန္ဓာ-
ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို၊ ယောနိသော မနသိ ကာ
တဗ္ဗာ- နည်းမှန်လမ်းမှန်အားဖြင့် နှလုံးသွင်းအပ် ရှုအပ်ကုန်၏"
လို့ ပြဆိုတဲ့ ဒီသုတ်တရားတော် အားဖြင့်ပင် ထင်ရှား နေပါ
တယ်၊ မိမိတို့ သန္တာန်မှာ ဥပါဒါနက္ခန္ဓာ ငါးပါး ဖြစ်တိုင်း
ဖြစ်တိုင်း လိုက်ပြီး ရှုနေရုံပါဘဲ။ အဲဒီလို ရှုပုံကိုတော့ မဟာ
သတိပဋ္ဌာနသုတ်မှာ (ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ)
သွားနေဆဲမှာ သွားသည်ဟု သိရမယ်၊ ရပ်နေဆဲမှာ ရပ်သည်
ဟု သိရမယ်၊ ထိုင်နေဆဲမှာ ထိုင်သည်ဟု သိရမယ်၊ လျောင်း

နေဆဲမှာ လျောင်းသည်ဟု သိရမယ်၊ ကွေးဆဲမှာ ကွေးသည်ဟု သိရမယ်၊ ဆန့်ဆဲမှာ ဆန့်သည်ဟု သိရမယ်၊ ကိုယ်အမူအရာ တစုံတခုကို ပြုဆဲမှာ အဲဒီအမူအရာကို သိရမယ်- စသည်ဖြင့် ဟောကြား ညွှန်ပြထားသည့်အတိုင်း သိရပါတယ်။ အထူးသတိပြုစရာကတော့ သွားမှုသဘောကို သွားနေဆဲသိရမယ်ဆိုတဲ့ ညွှန်ကြားချက် စသည်ပါဘဲ၊ သွားမှုကို ထိုင်နေယင်း အိပ်နေယင်း ရှုသိဖို့ မညွှန်ကြားဘူး၊ သွားနေယင်း ရှုသိဖို့သာ ညွှန်ကြားတယ်၊ ရပ်မှုစသည်ကိုလဲ နည်းတူပဲ ညွှန်ကြားတယ်။

အဲဒီတော့ • တကယ်ဖြစ်ပေါ်လာတဲ့ ရုပ်နာမ်ဥပါဒါနက္ခန္ဓာတွေကို ဖြစ်ဆဲ ဖြစ်ဆဲမှာသာရှုပြီး သိရမယ်ဆိုတာ ထင်ရှားနေပါတယ်၊ ဒါကြောင့် မြင်မှုဆိုင်ရာ ဥပါဒါနက္ခန္ဓာတွေကို မြင်ဆဲမှာပင် ရှုသိရမယ်၊ သွားဆဲမှာ သွားသည်ဟု သိ၏-လို့ ညွှန်ပြထားသကဲ့သို့ပင် မြင်ဆဲမှာလဲ မြင်တယ်လို့ ရှုပြီးသိရမယ်ဆိုတာလဲ ထင်ရှားပါတယ်။ မြင်တိုင်း မြင်တိုင်း မြင်တယ် မြင်တယ်လို့ ရှုသိနေယင် သမာဓိဉာဏ် အားရှိလာတဲ့အခါကျတော့ မျက်စိနဲ့ အဆင်းက တခြား+မြင်သိတာက တခြား +ရှုသိတာက တခြား စသည်ဖြင့် ပိုင်းခြားပြီးသိတယ်၊ အဲဒီ မျက်စိနဲ့ အဆင်း+မြင်သိတာ + ရှုသိတာတွေဟာ ဖြစ်ပေါ်လာပြီး ချက်ခြင်းပင် ပျောက်ပျောက် သွားကြတယ် ဆိုတာလဲ သိတယ်။ အဲဒီတော့ အသစ် အသစ် ဖြစ်ဖြစ်ပြီး ပျောက်ပျောက် သွားလို့ မမြဲတာတွေချည်း၊ဆင်းရဲတွေချည်းဘဲ အတ္တကောင် ငါကောင်မဟုတ်တဲ့ သဘောတရားတွေချည်းဘဲလို့လဲ ပိုင်းခြားပြီး သိတယ်။ အဲဒီလို

သိသိနေတဲ့အတွက် အဲဒီမြင်မှုနှင့်စပ်ပြီး ငါကောင် အနေဖြင့် ထင်မှားပြီးတော့လဲ မစွဲလမ်းဘူး၊ နှစ်သက်သာယာပြီးတော့လဲ မစွဲလမ်းဘူး၊ အဲဒါ ဥပါဒါန် ကင်းသွားတာပါဘဲ၊ ဥပါဒါန် ကင်းတော့ ဥပါဒါန်မှ ဆက်ပြီးဖြစ်မည့် ကမ္မ ဘဝနဲ့ ဇာတိ စသည်တွေလဲ ကင်းသွားတယ်၊ အဲဒါဟာ ဝိပဿနာဖြင့် ဝဋ္ဋ ဆင်းရဲတွေ တဒင်္ဂ ကင်းငြိမ်းပုံပါဘဲ။ အဲဒီလို တဒင်္ဂအားဖြင့် ဝဋ္ဋဆင်းရဲတွေ ကင်းငြိမ်းပြီးနောက် ဝိပဿနာဉာဏ် ရင့်သန်ပြည့် စုံတဲ့အခါကျတော့ အရိယမဂ်ဉာဏ်ဖြင့် ဝဋ္ဋဆင်းရဲတွေကို အမြစ် ပြတ် ငြိမ်းစေနိုင်ပါတယ်။ အဲဒီလို အရိယမဂ်ဖိုလ်ဖြစ်ပုံနဲ့ အမြစ် ပြတ်စေပုံများကိုတော့ ဒီသီလဝန္တသုတ်တရားထဲမှာဘဲ ဆက်ပြီး ဖော်ပြထားတာကို နောက်ပိုင်းကျတော့ ကြားရပါလိမ့်မယ်။ ယခုပြောခဲ့တာဟာ မြင်ဆဲမှာ မရှုယင် အစွဲအလမ်း ဥပါဒါန် ဖြစ်ပုံနှင့် ရှုယင် ဥပါဒါန်ကင်းငြိမ်းပုံပါဘဲ။ ယခု ကြားဆဲ၌ ဥပါဒါနက္ခန္ဓာ ငါးပါးအကြောင်းကို ပြောရမယ်။

## ကြားဆဲ၌ ဥပါဒါနက္ခန္ဓာ ငါးပါး

ကြားဆဲခဏ၌ နားရုပ်လဲထင်ရှားတယ်၊ အသံရုပ်လဲ ထင် ရှားတယ်၊ ကြားလို့ ကောင်းတာ မကောင်းတာလဲ ထင်ရှား တယ်၊ အသံကို မှတ်မိတာလဲ ထင်ရှားတယ်၊ ကြားရအောင် ကြောင့်ကြစိုက်တာ နှလုံးသွင်းတာလဲ ထင်ရှားတယ်၊ ကြား သိရုံမျှ စိတ်ဝိညာဏ်လဲ ထင်ရှားတယ်၊ ကြားဆဲမှာ မရှုနိုင်လို့ အနိစ္စ စသည်ဖြင့် အမှန်အတိုင်း မသိယင် အဲဒီထင်ရှားတဲ့ နား

ရုပ်စသည်တွေကို ငါကောင်အနေဖြင့် အထင်မှားပြီးတော့လဲ စွဲလမ်းတယ်၊ နှစ်သက်သာယာပြီးတော့လဲ စွဲလမ်းတယ်၊ အဲဒီလို စွဲလမ်းနိုင်တဲ့အတွက် အဲဒီ နားရုပ်စသည်တွေကို ဥပါဒါနက္ခန္ဓာ လို့ ဆိုရတာဘဲ။ အဲဒါတွေကို ကောင်းကောင်း မှတ်မိအောင် လိုက်ဆိုကြရမယ်။

ကြားဆဲခဏ၌ နားနဲ့ အသံက ရုပ်ဥပါဒါနက္ခန္ဓာ။

ကြားလို့ကောင်းတာ မကောင်းတာက ဝေဒနာဥပါဒါ နက္ခန္ဓာ။

ကြားရတဲ့အသံကို မှတ်သားတာက သညာဥပါဒါနက္ခန္ဓာ။

ကြားမှုကိစ္စပြီးအောင် ကြောင့်ကြစိုက်တာ နှလုံးသွင်းတာ က သင်္ခါရဥပါဒါနက္ခန္ဓာ။

ကြားသိရုံမျှသဘောက ဝိညာဏ်ဥပါဒါနက္ခန္ဓာ။

ကြားဆဲမှာ ရှုပြီး အနိစ္စစသည်ဖြင့် အမှန်အတိုင်းသိယင် တော့ အဲဒီ နားရုပ်စသည်ကို ငါ ငါ့ဥစ္စာအနေနဲ့ မစွဲလမ်း တော့ဘူး၊ စွဲလမ်းမှု ဥပါဒါန် ကင်းသွားတယ်၊ အဲဒီလို စွဲလမ်းမှု ဥပါဒါန်ကင်းအောင်လို့ ကြားတိုင်း ကြားတိုင်း ရှုမှတ်နေရ တာဘဲ။

## နံ့ဆဲ၌ ဥပါဒါနက္ခန္ဓာငါးပါး

နံ့ဆဲခဏ၌ နှာခေါင်းရုပ်လဲ ထင်ရှားတယ်၊ အနံ့ရုပ်လည်း ထင်ရှားတယ်၊ နံ့လို့ ကောင်းတာ မကောင်းတာလဲ ထင်ရှား

တယ်၊ အနံ့ကို မှတ်မိတာလဲ ထင်ရှားတယ်၊ နံ့ရအောင်ကြောင့်ကြ စိုက်တာ နှလုံးသွင်းတာလဲ ထင်ရှားတယ်၊ နံ့သိရုံမျှ စိတ် ဝိညာဏ်လဲ ထင်ရှားတယ်၊ နံ့ဆဲမှာ မရှုနိုင်လို့ အနိစ္စ စသည်ဖြင့် အမှန်အတိုင်း မသိယင် အဲဒီထင်ရှားတဲ့ နှာခေါင်းရုပ် စသည် တွေကို ငါကောင် ငါ့ဥစ္စာ အနေဖြင့် စွဲလမ်းတယ်၊ အဲဒီလို စွဲလမ်းနိုင်တဲ့အတွက် အဲဒီ နှာခေါင်းရုပ် စသည်တွေကို ဥပါဒါ နက္ခန္ဓာလို့ ဆိုရတာဘဲ၊ အဲဒါကို လိုက်ဆိုကြရမယ်။

နံ့ဆဲခဏ၌ နှာခေါင်းနှင့် အနံ့က ရုပ်ဥပါဒါနက္ခန္ဓာ။

နံ့လို့ကောင်းတာ မကောင်းတာက ဝေဒနာဥပါဒါနက္ခန္ဓာ။

နံ့ရတဲ့အနံ့ကို မှတ်သားတာက သညာဥပါဒါနက္ခန္ဓာ။

နံ့မှုကိစ္စပြီးအောင် ကြောင့်ကြစိုက်တာ နှလုံးသွင်းတာက သင်္ခါရဥပါဒါနက္ခန္ဓာ။

နံ့သိရုံမျှသဘောက ဝိညာဏ်ဥပါဒါနက္ခန္ဓာ။

နံ့ဆဲမှာ ရှုပြီး အနိစ္စစသည်ဖြင့် အမှန်အတိုင်းသိယင်တော့ အဲဒီ နှာခေါင်းရုပ်စသည်ကို ငါ ငါ့ဥစ္စာအနေဖြင့် မစွဲလမ်း တော့ဘူး၊ စွဲလမ်းမှု ဥပါဒါန် ကင်းသွားတယ်၊ အဲဒီလို စွဲလမ်းမှု ဥပါဒါန် ကင်းအောင်လို့ နံ့တိုင်း နံ့တိုင်း ရှုမှတ်နေရတာဘဲ။

## စားသိဆဲ၌ ဥပါဒါနက္ခန္ဓာ ငါးပါး

စားသောက်တဲ့အခါ အရသာသိဆဲ၌ လျှာရုပ်လဲ ထင်ရှား တယ်၊ အရသာရုပ်လဲ ထင်ရှားတယ်၊ စားလို့ကောင်းတာ

မကောင်းတာလဲ ထင်ရှားတယ်၊ အရသာမှတ်မိတာလဲ ထင်ရှားတယ်၊ အရသာသိရအောင် ကြောင့်ကြစိုက်တာ နှလုံးသွင်းတာလဲ ထင်ရှားတယ်၊ အရသာသိရုံမျှ စိတ်ဝိညာဏ်လဲ ထင်ရှားတယ်၊ စားသိဆဲမှာ မရှုနိုင်လို့ အနိစ္စစသည်ဖြင့် အမှန်အတိုင်း မသိယင် အဲဒီ ထင်ရှားတဲ့ လျှာရုပ်စသည်တွေကို ငါကောင် ငါ့ဥစ္စာအနေဖြင့် စွဲလမ်းတယ်၊ အဲဒီလို စွဲလမ်းနိုင်တဲ့အတွက် အဲဒီ လျှာရုပ်စသည်တွေကို ဥပါဒါနက္ခန္ဓာလို့ ဆိုရတာဘဲ။ အဲဒါကို လိုက်ဆိုကြရမယ်။

စားသိဆဲခဏ၌ လျှာနှင့် အရသာက ရုပ်ဥပါဒါနက္ခန္ဓာ။

စားလို့ကောင်းတာ မကောင်းတာက ဝေဒနာဥပါဒါနက္ခန္ဓာ။

စားသိရတဲ့အရသာကို မှတ်သားတာက သညာဥပါဒါနက္ခန္ဓာ။

အရသာသိမှုကိစ္စပြီးအောင် ကြောင့်ကြစိုက်တာ နှလုံးသွင်းတာက သင်္ခါရဥပါဒါနက္ခန္ဓာ။

အရသာသိရုံမျှသဘောက ဝိညာဏ်ဥပါဒါနက္ခန္ဓာ။

စားသောက်နေစဉ် အရသာသိဆဲမှာ သိတယ် သိတယ်လို့ ရှုပြီး အနိစ္စစသည်ဖြင့် အမှန်အတိုင်းသိယင်တော့ အဲဒီထင်ရှားတဲ့ လျှာရုပ် အရသာရုပ်စသည်ကို ငါ ငါ့ဥစ္စာအနေဖြင့် မစွဲလမ်းတော့ဘူး၊ စွဲလမ်းမှု ဥပါဒါန် ကင်းသွားတယ်၊ အဲဒီလို

စွဲလမ်းမှု ဥပါဒါန်ကင်းအောင်လို့ စားသောက်နေစဉ်မှာ ထင်ရှားရာကို မပြတ်ရှုနေရတာဘဲ။ အဲဒီမှာ ထမင်းစသည်ကို မြင်တာ ကြည့်တာက မြင်ဆဲခဏနှင့် ဆိုင်တယ်၊ ထမင်းလုပ် ပြင်တာ ယူတာ ဝါးတာစသည်က ထိဆဲခဏနှင့် ဆိုင်တယ်၊ အချိုအချဉ်စသော အရသာကို သိတာက ဒီစားသိဆဲခဏနှင့် ဆိုင်တယ်။

## ထိသိဆဲ၌ ဥပါဒါနက္ခန္ဓာငါးပါး

ထိသိတယ် ဆိုတာကတော့ အင်မတန် ကျယ်ပြန့်ပါတယ်၊ တကိုယ်လုံးတွင်အသွေးအသားကောင်းတဲ့နေရာတိုင်းမှာ ထိစရာအာရုံကို ဖမ်းယူနိုင်တဲ့ ကိုယ်အကြည်ရုပ်ဆိုတာ ရှိတယ်၊ အပြင်ပ,က အရေထဲမှာရော အတွင်းက အသား အသွေး အကြောစသည်တွေထဲမှာရော အနှံ့အပြား တည်ရှိနေတယ်၊ အပ်ဖျားတနေရာစာလောက်တောင် ကိုယ်အကြည်ရုပ် လစ်လပ်တဲ့နေရာရယ်လို့ မရှိဘူး၊ ထိသိတိုင်း ထိသိတိုင်း အဲဒီထိသိရာဌာနကိုယ်အကြည်ရုပ်ဟာ ထင်ရှားနေတာဘဲ၊ နောက်ပြီးတော့ ထိစရာအာရုံတွေကလဲ ကိုယ်တွင်းကရော ကိုယ်ပ,ကရော အမြဲရှိနေတာဘဲ၊ ပထဝီအတွေ့လဲရှိတယ်၊ တေဇောအတွေ့လဲ ရှိတယ်၊ ဝါယောအတွေ့လဲ ရှိတယ်၊ ခက်မာတယ် ကြမ်းတမ်းတယ် နူးညံ့တယ် ချောညက်တယ်လို့သိရတာဟာ ပထဝီအတွေ့အထိဘဲ၊ ပူတယ် နွေးတယ် အေးတယ်လို့ သိရတာဟာ တေဇော အတွေ့အထိဘဲ၊ တောင့်တယ် တင်းတယ် လျော့တယ် တွန်းကန်တယ်

လှုပ်ရှားတယ်လို့ သိရတာဟာ ဝါယောအတွေ့အထိဘဲ။ ထိသိတဲ့ စိတ် ထင်ရှားပုံကတော့ အထူးပြောစရာ မလိုပါဘူး၊ တွေ့ထိလို့ ကောင်းတာ မကောင်းတာကလဲ အထူးသဖြင့် ထင်ရှားပါတယ်၊ မြင်လို့ ကောင်းတာ မကောင်းတာ ကြားလို့ နံလို့ စားသိလို့ ကောင်းတာ မကောင်းတာဆိုတာတွေကတော့ အဘိဓမ္မာနည်း အားဖြင့် သုခ ဒုက္ခ အစစ်တွေ မဟုတ်ဘူး၊ ကုသိုလ်၏ အကျိုး ဥပေက္ခာနဲ့ အကုသိုလ်၏ အကျိုး ဥပေက္ခာတွေဘဲ၊ ဒီ ထိသိလို့ ကောင်းတာ မကောင်းတာကတော့ အဘိဓမ္မာနည်းအားဖြင့်ပင် သုခဝေဒနာ ဒုက္ခဝေဒနာအစစ်တွေဘဲ၊ ကိုယ်ထဲက ညောင်းတာ ပူတာ နာတာ ယားတာ စသည်ဖြင့် အခံခက်တဲ့ သဘောတွေ ဟာ ဒုက္ခဝေဒနာတွေဘဲ၊ တွေ့ထိလို့ကောင်းတဲ့ သဘောတွေက တော့ သုခဝေဒနာတွေဘဲ၊ အဲဒီ ၂ခုကိုတော့ ဗမာစကားဖြင့် ကောင်းတယ်လို့ဘဲ ပြောနေကြပါတယ်၊ နောက်ပြီးတော့ ထိသိ ရတိုင်း အဲဒီ အတွေ့အထိကို မှတ်သားတာလဲ ထင်ရှားတယ်၊ ထိသိရအောင် ကြောင့်ကြစိုက်တာ နှလုံးသွင်းတာလဲ ထင်ရှား တယ်။

ထိသိဆဲမှာ မရှုနိုင်လို့ အနိစ္စ စသည်ဖြင့် အမှန်အတိုင်း မသိယင် အဲဒီ ထင်ရှားတဲ့ ကိုယ်ရုပ်နဲ့ ထိသိရတာစသည်တွေကို ငါကောင် ငါ့ဥစ္စာအနေဖြင့် စွဲလမ်းတယ်၊ အဲဒီလို စွဲလမ်းနိုင် တဲ့အတွက် အဲဒီထင်ရှားတဲ့ ကိုယ်ရုပ်အတွေ့အထိရုပ် စသည်တွေ ကို ဥပါဒါနက္ခန္ဓာလို့ ဆိုရတာဘဲ။ အဲဒါကို လိုက်ဆိုကြရမယ်။

ထိသိဆဲခဏ၌ ကိုယ်နှင့် ထိသိရတာက ရုပ်ဥပါဒါနက္ခန္ဓာ။

တွေ့ထိလို့ ကောင်းတာ မကောင်းတာက ဝေဒနာဥပါဒါ နက္ခန္ဓာ။

ထိသိရတဲ့အတွေ့ကို မှတ်သားတာက သညာဥပါဒါနက္ခန္ဓာ။

ထိသိမှုကိစ္စပြီးအောင် ကြောင့်ကြစိုက်တာ နှလုံးသွင်းတာက သင်္ခါရ ဥပါဒါနက္ခန္ဓာ။

ထိသိရုံမျှ သဘောက ဝိညာဏ်ဥပါဒါနက္ခန္ဓာ။

ထိသိဆဲမှာရှုပြီး အနိစ္စစသည်ဖြင့် အမှန်အတိုင်းသိယင်တော့ အဲဒီထင်ရှားတဲ့ ကိုယ်ရုပ်, ထိသိရတဲ့ရုပ်, တွေ့ထိလို့ကောင်းတာ မကောင်းတာ စသည်တွေကို ငါကောင်အနေ ငါ့ဥစ္စာအနေဖြင့် မစွဲလမ်းတော့ဘူး၊ စွဲလမ်းမှုဥပါဒါန် ကင်းသွားတယ်၊ အဲဒီလို စွဲလမ်းမှုဥပါဒါန်ကင်းအောင်လို့ ထိသိတိုင်း ထိသိတိုင်း ရှုမှတ်နေရတာဘဲ။

မဟာသတိပဋ္ဌာနသုတ်မှာ (ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ-စသည်ဖြင့်) သွားလျှင်လဲ သွားတယ်လို့ သိဘို့၊ ရပ်လျှင် ထိုင်လျှင် လျောင်းလျှင်လဲ ရပ်တယ် ထိုင်တယ် လျောင်းတယ်လို့ သိဘို့၊ ကိုယ်အမူအရာတစုံတခုကို ပြုလျှင်လဲ အဲဒီ ကိုယ်အမူအရာကို သိဘို့ ဟောကြား ညွှန်ပြထားတယ်၊ အဲဒါဟာလဲ ဒီ ထိသိဆဲက ဥပါဒါနက္ခန္ဓာတွေကို ရှုသိဘို့ ညွှန်ကြားတော်မူတာပါဘဲ။ ဘယ်လိုလဲ ဆိုတော့ကာ သွားတိုင်း သွားတိုင်း သွားတယ် သွားတယ်လို့ ဖြစ်စေ၊ ကြွတယ် လှမ်းတယ် ချတယ်လို့ ဖြစ်စေ၊ မပြတ်ရှုမှတ်နေတဲ့ ယောဂီဟာ သမာဓိဉာဏ်

အားရှိလာတော့ သွားချင်တယ်၊ ကြွချင်တယ်၊ လှမ်းချင်တယ်၊ ချချင်တယ်ဆိုတဲ့ စိတ်ဦးကလေးကိုပါ ရှုသိနိုင်လာတယ်။

အဲဒီမှာ သွားချင်မှု ကြွချင်မှု စသည်က နာမ်ခန္ဓာလေးပါးဘဲ၊ ဝမ်းသာပြီး သွားချင်ယင် သုခဝေဒနာပါတယ်၊ ဝမ်းမသာပဲ သွားချင်ယင် ဥပေက္ခာဝေဒနာ ပါတယ်၊ သွားမည့် အခြင်းအရာကို မှတ်မိတာက သညာဘဲ၊ သွားဘို့ နှလုံးသွင်းတာ ကြောင့်ကြ စိုက်တာက သင်္ခါရဘဲ၊ ဒီလို သွားချင် ပြုချင် ပြောချင်တဲ့ ကြံစည်မှုမှာ သင်္ခါရက အထူးသဖြင့် ထင်ရှားပါတယ်၊ သွားလိုက် သွားလိုက် စသည်ဖြင့် တိုက်တွန်းနေသလိုပင် ထင်ရှားပါတယ်၊ လောဘ ဒေါသတွေပါဝင်တဲ့ သင်္ခါရက သာပြီးတော့တောင် ထင်ရှားသေးတယ်၊ သွားဘို့ စိတ်ညွတ်ရုံ ကြံသိရုံမျှ သဘောက စိတ်ဝိညာဏ်ဘဲ၊ ခြေထဲ ကိုယ်ထဲက တောင့်တင်းလှုပ်ရှားမှုတွေက ဝါယောဓာတ်လွန်ကဲတဲ့ ရုပ်ခန္ဓာဘဲ၊ မရှုနိုင် မသိနိုင်ယင် အဲဒါတွေကို ငါကောင်အနေ ငါ့ဥစ္စာအနေဖြင့် စွဲလမ်းတယ်၊ ဒါကြောင့် အဲဒါတွေကို ဥပါဒါနက္ခန္ဓာလို့ ဆိုရတာဘဲ။ သွားချင်တယ် သွားတယ်၊ ကြွချင်တယ် ကြွတယ်-စသည်ဖြင့် ရှုမှတ်ပြီး သိနိုင်တဲ့ ယောဂီကတော့ အဲဒီ ဥပါဒါနက္ခန္ဓာတွေကို အနိစ္စ ဒုက္ခ အနတ္တအခြင်းအရာဖြင့် ပိုင်းခြားပြီး သိသိသွားတယ်။ ဒါကြောင့် အဋ္ဌကထာမှာ ဒီလို ဖွင့်ပြထားပါတယ်။

## သွားတယ်ရှု၍ ဉာဏ်ဖြစ်ပုံ

ဂစ္ဆာမီတိ စိတ္တံ- သွားမည် ကြံသော စိတ်သည်၊ ဥပ္ပဇ္ဇတိ- ဖြစ်ပေါ်လာ၏။ တံ-ထိုစိတ်သည်၊ ဝါယံ-တောင့်တင်းလှုပ်ရှားမှု

ဝါယောရုပ်ကို၊ ဇနေတိ-ဖြစ်စေ၏။ ဝါယော ဝိညတ္တိံ ဇနေတိ- ဝါယောဓာတ်က တွန်းကန်မှု သတ္တိအထူးဝိညတ်ကို ဖြစ်စေ၏။ (ဤဝိညတ်လဲ စိတ်ကြောင့်-ဖြစ်တဲ့ စိတ္တဇရုပ်ပါဘဲ၊ ဝါယောဇ ရုပ်ရယ်လို့တော့ မရှိပါဘူး၊ ဒါပေမဲ့ လွန်ကဲသော ဝါယောရုပ် နှင့်လဲ စပ်ဆိုင်တဲ့အတွက် ဝါယောက ဖြစ်စေတယ်လို့ ပြဆိုတာ ပါဘဲ။) စိတ္တကိရိယဝါယော ဓာတုဝိပ္ဖါရေန-စိတ်ကြောင့် ဖြစ် သော တွန်းကန်လှုပ်ရှားမှု ဝါယောဓာတ်၏ ပြန့်နှံ့လှုပ်ရှားခြင်း ကြောင့်၊ သကလကာယဿ-တကိုယ်လုံး၏၊ ပုရတော အဘိနီဟာ ရော-ရှေ့ဘက်သို့ တရွေ့ရွေ့ချင်းရွေ့ဆောင်သွားခြင်းကို၊ဂမနန္တိ ဝုစ္စတိ-သွားခြင်းဟုခေါ်ဆိုအပ်၏-စသည်ဖြင့်ဖွင့်ပြထားပါတယ်။

အဲဒီအဖွင့်ဖြင့် ဆိုလိုတာကတော့ ''သွားတတ်တဲ့ အတ္တကောင် ငါကောင်ရယ်လို့ မရှိဘူး၊ သွားချင်တဲ့စိတ်ကြောင့် တောင့်တင်း လှုပ်ရှားမှု (ဝါယောရုပ်) အဆင့်ဆင့် ဖြစ်သွားခြင်းကြောင့် တကိုယ်လုံးရုပ်တွေ တရွေ့ချင်း ရှေ့ဘက်သို့ ရွေ့ရှားခြင်းမျှသာ ရှိတယ်၊ အဲဒါကိုပင် ငါသွားတယ် သူသွားတယ် ခေါ်ဝေါ် ပြောဆို နေကြတာဘဲ၊ စင်စစ်အားဖြင့် စိတ်အဆင့်ဆင့်နှင့် လှုပ်ရှားရုပ် အဆင့်ဆင့် ဖြစ်ပျက်နေခြင်းမျှဘဲ၊ မမြဲတဲ့ သဘော မျှဘဲ၊ ဒုက္ခသဘော အနတ္တသဘောမျှဘဲလို့ ယောဂီက သိသိ သွားတယ်''လို့ ဆိုလိုပါတယ်။

## ဖောင်းပိန်ရှုတာ ဝါယောအတွေ့အထိရှုတာဘဲ

ဖောင်းတယ် ပိန်တယ်လို့ ရှုမှတ်တာလဲ ဝမ်းဗိုက်ထဲက တောင့်တင်း တွန်းကန် လှုပ်ရှားတဲ့ ဝါယောဓာတ် အတွေ့

အထိကို ရှုသိတာဘဲ၊ ဖောင်းတိုင်း ပိန်တိုင်း တောင့်တင်း လှုပ်ရှားမှု၏ ထိရာကိုယ်ရုပ်လဲ ထင်ရှားတယ်၊ တောင့်တင်း လှုပ်ရှားတဲ့ ဝါယောရုပ်လဲ ထင်ရှားတယ်၊ ထိသိမှုလဲ ထင်ရှား တယ်၊ အဲဒါတွေဟာ မရှုနိုင်လို့ အနိစ္စစသည်ဖြင့် အမှန်အတိုင်း မသိယင် ငါကောင်အနေ ငါ့ဗိုက် ငါ့ကိုယ် အနေဖြင့် စွဲလမ်း နိုင်တဲ့ ဥပါဒါနက္ခန္ဓာတွေဘဲ။ ဖောင်းတိုင်း ပိန်တိုင်း မပြတ် ရှုမှတ် နေယင်တော့ သမာဓိဉာဏ် အားရှိလာတဲ့ အခါမှာ တောင့်တင်းလှုပ်ရှားမှုရုပ်နဲ့ မှတ်သိမှုနာမ်ကိုလဲ ခွဲခြားပြီးသိတယ်၊ တောင့်တင်းလှုပ်ရှားမှုအဆင့်ဆင့်နဲ့ မှတ်သိမှုအဆင့်ဆင့် ဖြစ်ပျက် နေတာကိုလဲသိတယ်၊ ခဏမစဲ ဖြစ်ပျက်နေတာကို သိရတော့ အနိစ္စ-မမြဲဘာတွေချည်းဘဲ၊ ဒုက္ခ-ဆင်းရဲတွေချည်းဘဲ၊ အနတ္တ- အစိုးမရတဲ့ အနတ္တသဘောတရားမျှချည်းဘဲလို့ ဒီလိုလဲ ကိုယ်ပိုင် ဉာဏ်ဖြင့် ရှင်းလင်းစွာ သိတယ်၊ အဲဒီလို အမှန်အတိုင်း သိတဲ့ အတွက် အဲဒီ ဖောင်းမှု, ပိန်မှု, ရှုမှု, ရုပ်နာမ်တွေကို ငါ, ငါ့ဥစ္စာ အနေဖြင့် မစွဲလမ်းတော့ဘူး၊ အစွဲအလမ်းဥပါဒါန် ကင်းသွား တယ်၊ အဲဒီလို အစွဲအလမ်း ဥပါဒါန်ကင်းအောင်လို့ ဝမ်းဗိုက်၏ ဖောင်းမှု ပိန်မှု အထိအသိကို ရှုမှတ်ရတာဘဲ။

ဒီအဖေါင်းအပိန် ရှုမှတ်တာကတော့ လွယ်လဲလွယ်ကူတယ်၊ အာရုံကို မရှာကြံရဘဲ မပြတ်ရှုမှတ်နေရတဲ့အတွက် သမာဓိလဲ ဖြစ်လွယ်တယ်၊ ဖောင်းတာပြီးတော့ ပိန်တာကို၊ ပိန်တာပြီး တော့ ဖောင်းတာကို ပြောင်းလဲပြီး ကြောင့်ကြစိုက် ရှုနေရတဲ့ အတွက် သမာဓိလွန်ကဲခြင်းလဲမရှိဘူး၊ ဝီရိယနဲ့သမာဓိ ညီမျှစွာ

ဖြစ်နေတယ်၊ ဒါကြောင့် မကြာမီအတွင်းမှာ သမာဓိအားရှိပြီး ဖောင်းရုပ်က တခြား + မှတ်သိတဲ့နာမ်က တခြား- စသည်ဖြင့် မှတ်သိရတဲ့ရုပ်နဲ့ မှတ်သိတဲ့နာမ်ကို ခွဲခြားပြီးသိတယ်၊ အဲဒါဟာ နာမ်နဲ့ရုပ်ကို ပိုင်းခြားသိတဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်ဘဲ။

အဲဒီလို ဖောင်းတာ ပိန်တာကို ရှုရာက ရုပ်နာမ် ၂-ပါး ကွဲပြားလာယင်၊ ထိုင်ရာမှထတော့လဲ ထတာက တခြား + မှတ်သိတာက တခြား ခွဲခြားပြီး သိတယ်၊ ရပ်ရာမှာလဲ ရပ်တာက တခြား + မှတ်သိတာက တခြား ခွဲခြားပြီးသိတယ်၊ သွားရာမှာလဲ သွားတာ ကြွတာ လှမ်းတာ ချတာက တခြား+မှတ်သိတာက တခြား ခွဲခြားပြီးသိတယ်၊ ကွေးရာ ဆန့်ရာမှာလဲ ကွေးတယ် ဆန့်တယ်လို့ ရှုမှတ်နေယင်း ကွေးတာ ဆန့်တာက တခြား + မှတ်သိတာက တခြား ခွဲခြားပြီးသိတယ်၊ ကိုယ်အမူအရာကို ပြုတိုင်း ပြုတိုင်း ရှုမှတ်နေယင်း မှတ်သိရတဲ့ ကိုယ်အမူအရာက တခြား + မှတ်သိတာက တခြား ခွဲခြားပြီး သိတယ်။ အဲဒီလို သိတဲ့အတွက် ဒီကိုယ်ထဲမှာ သိစရာ ရုပ်ကိုယ်နဲ့ သိတဲ့စိတ်နာမ် ဒီ ၂-ပါးသာရှိတယ်၊ အသက်ရှင်နေတဲ့ ငါကောင် သတ္တဝါကောင် ရယ်လို့ မရှိဘူး ဆိုတာကို ကိုယ်ပိုင် ဉာဏ်ဖြင့် သိမြင်ဆုံးဖြတ်နိုင်တယ်။ အဲဒီကနောက် ဆက်ပြီး ရှုမှတ်နေယင် ခုတင်က ပြောခဲ့တဲ့အတိုင်း အဖြစ်အပျက်ကိုသ်ပြီး အနိစ္စ စသော အခြင်းအရာဖြင့် အမှန်အတိုင်း သိသိသွားတော့တာဘဲ။

နောက်ပြီးတော့ ဖောင်းတယ် ပိန်တယ်လို့ ရှုမှတ်နေယင်း ကိုယ်ထဲက ညောင်းတာ ပူတာ နာတာ ယားတာ အစရှိတဲ့

ဒုက္ခဝေဒနာတွေကို ရှုမှတ်ပြီး သိရတာလဲ ဒီထိသိဆဲ ခဏနှင့် ဆိုင်တာဘဲ၊ အဲဒါကတော့ အထူးအားဖြင့် ဝေဒနာဥပါဒါ-နက္ခန္ဓာကို အမှန်အတိုင်းသိအောင် ရှုမှတ်ရတာပါဘဲ။

## ကြံသိဆဲ၌ ဥပါဒါနက္ခန္ဓာငါးပါး

ကြံသိတယ် ဆိုတာကတော့ အကျယ်အပြန့်ဆုံးဘဲ၊ အိပ်မပျော်ဘဲ နိုးနေတဲ့အခါဆိုယင် တမျိုးမျိုးကို စိတ်ကူးကြံစည်နေတာဘဲ၊ ကြံတိုင်း ကြံတိုင်း ကြံသိမှု၏ တည်ရာ ကိုယ်ရုပ်လဲ ထင်ရှားတယ်၊ ဝမ်းသာပြီး ကြံစည်တဲ့အခါ သုခဝေဒနာ ထင်ရှားတယ်၊ စိတ်နှလုံးမသာဘဲ ကြံစည်တဲ့အခါ ဒုက္ခဝေဒနာ ထင်ရှားတယ်၊ ဝမ်းသာခြင်း နှလုံးမသာခြင်း မရှိဘဲ ကြံစည်နေတဲ့အခါ ဥပေက္ခာဝေဒနာဖြစ်နေတယ်၊ ဒါပေမဲ့ ဒီဥပေက္ခာကတော့ ထင်ရှားခဲတယ်၊ သူနဲ့ တွဲပြီး ဖြစ်တဲ့ ဝိတက် ဝိစာရ လောဘ မာန သဒ္ဓါ သတိ အစရှိသော တရားတွေသာ ထင်ရှားနေတတ်တယ်။ နောက်ပြီးတော့ ကြံမိတဲ့အာရုံကိုမှတ်သားတဲ့ သညာလဲ ထင်ရှားတယ်၊ ကြံသိမှုကိစ္စ ပြီးအောင် ကြောင့်ကြစိုက်မှု နှလုံးသွင်းမှု အစရှိတဲ့ သင်္ခါရလဲ ထင်ရှားတယ်၊ ဒီသင်္ခါရကတော့ "ဘယ်လိုဖြစ်စေ၊ ဘယ်လိုပြောလိုက်၊ ဘယ်လိုလုပ်လိုက်၊ ကွေးလိုက် ဆန့်လိုက် ထိုင်လိုက် ထလိုက် သွားလိုက် ပေးလိုက် ယူလိုက်" စသည်ဖြင့် တိုက်တွန်းတဲ့အနေအားဖြင့်လဲ ထင်ရှားတယ်၊ လိုချင်ခြင်း မလိုချင်ခြင်း စိတ်ဆိုးခြင်း စိတ်မဆိုးခြင်း အထင်ကြီးခြင်း ယုံကြည်ခြင်း အမှတ်ရခြင်း စသည်

အနေအားဖြင့်လဲ ထင်ရှားတယ်၊ သူက အလွန် ကျယ်ပြန့်ပါ တယ်၊ ၀ေဒနာသညာမှ တပါးသော စေတသိက် (၅၀) တို့၏ ဖြစ်ပုံ အခြင်းအရာအားဖြင့် ထင်ရှားတာဟာ ဒီသင်္ခါရအခြင်း အရာဖြင့် ထင်ရှားတာတွေချည်းဘဲ၊ စိတ်အမူအရာ နှုတ်အမူ အရာ ကိုယ်အမူအရာ ဟူသမျှတွေကို ဒီသင်္ခါရ- က စီမံပြုလုပ် နေတာဘဲ။ ကြံသိရတဲ့ အာရုံတွေလဲ ထင်ရှားတယ်၊ အဲဒီအာရုံ တွေကတော့ ကိုယ့်သန္တာန် သူတပါးသန္တာန်များမှ ရုပ်နာမ် အာရုံတွေလဲရှိတယ်၊ ပညတ်အာရုံတွေလဲ ရှိတယ်၊ အလွန်များ ပြား ကျယ်၀န်း ပါတယ်။ ကြံသိတဲ့ စိတ်၀ိညာဏ် ထင်ရှားပုံ ကိုတော့ အထူးပြောစရာမလိုပါဘူး။

စိတ်ကူးကြံစည်ဆဲမှာ မရှုနိုင်လို့ အနိစ္စ စသည်ဖြင့် အမှန် အတိုင်းမသိယင် အဲဒီထင်ရှားတဲ့ စိတ်၏တည်ရာရုပ်နဲ့ ၀ေဒနာ စသည်တွေကို ငါကောင် ငါ့ဥစ္စာအနေဖြင့် စွဲလမ်းတယ်၊ စိတ် ကူးထဲမှာ ပေါ်လာတဲ့ အာရုံတွေကိုလဲ စွဲလမ်းတယ်၊ ကွေးမှု ဆန့်မှု ထိုင်မှု ထမှု သွားမှု ပြောဆိုမှု စသည် ဖြစ်အောင် စီမံ ပြုလုပ်တဲ့ သင်္ခါရတွေကို ငါကောင်အနေနဲ့ အထူးအားဖြင့် စွဲလမ်းတတ်တယ်၊ ကွေးအောင် ဆန့်အောင် ငါကဘဲ ပြုလုပ် နေတယ် စသည်ဖြင့် စွဲလမ်းတယ်၊ အဲဒီလို စွဲလမ်းနိုင်တဲ့အတွက် အဲဒီထင်ရှားတဲ့ စိတ်၏တည်ရာရုပ်စသည်တွေကို ဥပါဒါနက္ခန္ဓာ လို့ ဆိုရတာဘဲ။ အဲဒါကို လိုက်ဆိုကြရမယ်။

ကြံသိဆဲခဏ၌ ကြံသိစိတ်၏တည်ရာ ကိုယ်ရုပ်က ရုပ်ဥပါဒါ နက္ခန္ဓာ။

ကြုံလို့ ကောင်းတာ မကောင်းတာက ဝေဒနာ ဥပါဒါ-နက္ခန္ဓာ။

ကြုံသိရတဲ့ အာရုံကို မှတ်သား တာက သညာ ဥပါဒါနက္ခန္ဓာ။

ကြုံသိမှု ပြောမှု ပြုမှု ကိစ္စပြီးအောင် ကြောင့်ကြ စိုက်တာ စီမံတိုက်တွန်းတာ နှလုံးသွင်းတာက သင်္ခါရဥပါဒါနက္ခန္ဓာ။

ကြုံသိရုံမျှ သဘောက ဝိညာဏ်ဥပါဒါနက္ခန္ဓာ။

ကြုံသိဆဲမှာရှုပြီး အနိစ္စ စသည်ဖြင့် အမှန် အတိုင်းသိယင် တော့ အဲဒီထင်ရှားတဲ့ စိတ်၏တည်ရာ ကိုယ်ရုပ် စသည်တွေကို ငါကောင် ငါ့ဉစ္စာ အနေဖြင့် မစွဲလမ်းတော့ဘူး၊ စွဲလမ်းမှု ဥပါဒါန် ကင်းသွားတယ်၊ အဲဒီလို စွဲလမ်းမှု ဥပါဒါန် ကင်း အောင်လို့ စိတ်ကူးကြံစည်တိုင်း ရှုမှတ်နေရတာဘဲ။

ယခု ပြောခဲ့တဲ့အတိုင်း မြင်ဆဲကြားဆဲစသည်၌ ထင်ရှားတဲ့ ဥပါဒါနက္ခန္ဓာတွေမှာ စွဲလမ်းမှု ဥပါဒါန်မဖြစ်နိုင်အောင် ရှုမှတ် ရတဲ့အကြောင်းကို အမေးအဖြေ ဆောင်ပုဒ် ၂-ခု စီထားတယ်၊ "ဘယ်အကျိုးငှါ၊ ထိုခန္ဓာ၊ ဘယ်ခါရှုအပ်ပါသနည်း။ မစွဲဘို့ရာ၊ ဖြစ်ဆဲမှာ၊ မှန်စွာ ရှုအပ်ပါသတည်း" တဲ့။ အဲဒါကို ဆိုကြ ရမယ်။

ဘယ်အကျိုးငှါ၊ ထိုခန္ဓာ၊ ဘယ်ခါ ရှုအပ်ပါသနည်း။

မြင်ဆဲကြားဆဲစသည်မှာ ထင်ရှားတဲ့ ဥပါဒါနက္ခန္ဓာငါးပါး ကို ရှုရမယ်လို့ဆိုတယ်၊ အဲဒါဟာ ဘယ်အကျိုးအတွက် ရှုရတာ ပါလဲ၊ ဖြစ်ပြီးဖြစ်လတံ့ကို ရှုရမှာလား၊ ဖြစ်ဆဲကို ရှုရမှာလား၊ ဘယ်အခါရှုရမှာလဲလို့ မေးပါတယ်။ ယခု အဖြေဆောင်ပုဒ်ကို ဆိုကြရမယ်။

မစွဲဘို့ရာ၊ ဖြစ်ဆဲမှာ၊ မှန်စွာ ရှုအပ်ပါသတည်း။

ငါကောင် ငါ့ဥစ္စာအနေဖြင့် မစွဲလမ်းရအောင် အစွဲအလမ်း ကင်းရအောင် ရှုရပါတယ်တဲ့၊ မြင်ဆဲ ကြားဆဲ နံ့ဆဲ စားသိဆဲ ထိသိဆဲ ကြံသိဆဲ ဆိုတဲ့ ဖြစ်ခိုက် ဖြစ်ဆဲမှာ ရှုရပါတယ်တဲ့။ ဖြစ်ဆဲ ဆိုပေမဲ့ ဖြစ်ပြီးစ အခြားမဲ့၌ ရှုရတာပါဘဲ၊ ဒါပေမဲ့ ရှုမှတ်တဲ့ယောဂီ အနေအားဖြင့်တော့ မြင်ဆဲ ကြားဆဲ တွေ့ဆဲ သိဆဲမှာပင် ရှုသိရတယ်လို့ဘဲ ထင်ရသိရပါတယ်၊ သုတ္တန်ဒေသ နာတော်များမှာလဲ အဲဒီလိုသိတာကိုပင် ပစ္စုပ္ပန် သိတယ်လို့ ဟောထားပါတယ်။

ကြံသိမှုနှင့်စပ်ပြီး ရှုမှတ်ပုံကို ဆက်ပြောရဦးမယ်၊ ဖောင်း တယ် ပိန်တယ် ထိုင်တယ် ထိတယ် စသည်ဖြင့် ရှုမှတ်နေဆဲ စိတ်ကူးကြံစည်မှု ဖြစ်ပေါ်လာယင် စိတ်ကူးတယ် ကြံစည်တယ် စသည်ဖြင့် ရှုမှတ်ရတယ်၊ ဖြစ်ပုံအခြင်းအရာတွေကများပါတယ်၊ အဲဒီဖြစ်တဲ့အခြင်းအရာကို ခေါ်နေကျ အမည်ဖြင့် ရှုမှတ်သွားရုံ ပါဘဲ၊ လိုချင်တယ် နှစ်သက်တယ် သာယာတယ် စိတ်ဆိုးတယ် စိတ်ပျက်တယ် မုန်းတယ် ရွံတယ် ကြောက်တယ် ရှက်တယ် မလို ချင်ဘူး ချမ်းသာစေလိုတယ် သနားတယ် ကြည်ညိုတယ် ပေးလှူ

ချင်တယ် ဝမ်းသာတယ် စိတ်ညစ်တယ် စသည်ဖြင့် စိတ်အကြံဖြစ်ပုံအတိုင်းပင် ရှုမှတ်သွားရုံပါဘဲ။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ စိတ်ကူးကြံစည်မှုဟူသမျှကိုသူဖြစ်တဲ့အတိုင်းရှုမှတ်ရတယ်။ ဥဒယဗ္ဗယဉာဏ် ဘင်္ဂဉာဏ် ဖြစ်လာတဲ့ အခါကျတော့ ရှုသိတဲ့ စိတ်နာမ်ခန္ဓာတွေကိုလဲ သူ့အလိုလိုပင် ရှုသိ ရှုသိသွားပါလိမ့်မယ်။

ယခုပြောလာခဲ့တာဟာ မြင်ဆဲ ကြားဆဲ စသည်၌ ဥပါဒါနက္ခန္ဓာငါးပါး ထင်ရှားပုံနဲ့ အဲဒီ ထင်ရှားတဲ့ ဥပါဒါနက္ခန္ဓာတွေကိုမရှုမသိနိုင်ယင် စွဲလမ်းမှု ဥပါဒါန် ဖြစ်ပုံ၊ ရှုသိယင်တော့ စွဲလမ်းမှု ဥပါဒါန် ကင်းပုံတွေပါဘဲ။

ဥပါဒါနက္ခန္ဓာ ဆိုတာ ဘယ်မှာ ရှိသလဲ၊ သတ္တဝါတိုင်းလူတိုင်း၏ သန္တာန်မှာရှိတယ်။ဘယ်အခါမှာထင်ရှားပေါ်သလဲ၊ မြင်ဆဲ ကြားဆဲ နံဆဲ စားသိဆဲ ထိသိဆဲ ကြံသိဆဲမှာ ထင်ရှားပေါ်တယ်။ မြင်ဆဲ စသည်မှာ ဥပါဒါ နက္ခန္ဓာတွေမှ တခြားတပါး သိစရာတရား ရှိသေးသလား၊ (မရှိပါဘုရား။) ဒီလိုဆိုယင် မြင်ဆဲစသည်၌ ထင်ရှားပေါ်နေသော ဥပါဒါနက္ခန္ဓာငါးပါးကို ရှုမှတ်ပြီး သိလျှင် သိစရာမှန်သမျှကို အကုန်သိခြင်းကိစ္စ မပြီးပေဘူးလား၊ (သိခြင်းကိစ္စ ပြီးပါတယ်ဘုရား။) မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း တွေ့ထိတိုင်း ကြံသိတိုင်း ထင်ရှားတဲ့ ဥပါဒါနက္ခန္ဓာငါးပါးကို ရှုပြီးသိယင် သိစရာဟူသမျှကို အကုန် သိခြင်းကိစ္စ ပြီးစီး ပြည့်စုံတယ်၊ ဘယ်တရားကိုမှလဲ မစွဲလမ်းဘူး၊ အစွဲအလမ်း ဥပါဒါန်လဲ ကင်းတယ်။ ဒါကြောင့် သီလ သုတနှင့် ပြည့်စုံသော ရဟန်းဟာ ဘယ်တရားများကို ရှုအပ်ပါသလဲ-လို့

မေးတဲ့ အရှင်မဟာ ကောဋ္ဌိကရဲ့ အမေးကို အရှင်သာရိပုတ္တရာ မထေရ်မြတ်က (ပဉ္စုပါဒါနက္ခန္ဓာ ယောနိသော မနသိကာတဗ္ဗာ) ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို နည်းမှန်လမ်းမှန်ဖြင့် နှလုံးသွင်းအပ်-ရှုအပ်ကုန်၏-လို့ ဖြေကြားတော်မူပါတယ်။ အဲဒီ အမေးအဖြေနှင့် ဆိုင်တဲ့ဆောင်ပုဒ် ၂-ခုကို ထပ်ပြီးဆိုကြရမယ်။

၁။ သီလ သုတာ၊ စုံသူမှာ၊ ဘယ်ဟာ ရှုအပ်ပါသနည်း။

၂။ စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာ ရှုအပ်ပါသတည်း။

မြင်ဆဲ့ဖြစ်သည်၌ မရှုနိုင်လို့ အနိစ္စစသည်ဖြင့် မှန်စွာမသိယင် ငါကောင် ငါ့ဥစ္စာအနေဖြင့် စွဲလမ်းနိုင်တဲ့ ခန္ဓာငါးပါးကို မစွဲလမ်းနိုင်အောင် အစွဲအလမ်းကင်းအောင် မှန်စွာရှုရမယ် တဲ့။ မှန်စွာရှု-ဆိုတာ ဘယ်လိုလဲ ဆိုတော့ ဒီသုတ်ထဲမှာ ပြထားတဲ့ အတိုင်း အနိစ္စ ဒုက္ခ ရောဂ ဂဏ္ဍ အစရှိသော ၁၁-ပါးသော အခြင်းအရာတို့ဖြင့် ရှုမြင်တာကို ဆိုတာပါဘဲ၊ အကျဉ်းအားဖြင့် တော့ အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ သုံးပါးသော အခြင်းအရာဖြင့် ရှုတာကိုဆိုတာပါဘဲ၊ ဒါကြောင့် ဘုရားကိုယ်တော်တိုင် ဟော ထားတဲ့သုတ် ရာပေါင်းများစွာတို့မှာ အနိစ္စ ဒုက္ခ အနတ္တ အခြင်း အရာတို့ဖြင့်ရှုသိပုံကိုသာ ပြထားပါတယ်၊ ဒီသုတ်မှာပြထားတဲ့ အခြင်းအရာ ၁၁-ပါးထဲကလဲ ရောဂ ဂဏ္ဍ သလ္လ အဃ အာဗာဓ ပရပလောက သုညဆိုတဲ့ (၈)ပါးက အနိစ္စ ဒုက္ခ အနတ္တ အခြင်း အရာသုံးပါးထဲမှာ အတွင်းဝင်နေတဲ့ အခြင်းအရာ တွေပါဘဲ။ ဒါကြောင့် အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာအားဖြင့် ရှုမြင် ဘို့က လိုရင်းပါဘဲ။

## အနိစ္စဟု ရှုမြင်ပုံ

မြင်ဆဲ ကြားဆဲ စသည်မှာ မပြတ်လိုက်ပြီး ရှုနေယင် သတိ သမာဓိဉာဏ် အားရှိလာတဲ့အခါ ရှုသိရတဲ့အာရုံရော ရှုသိမှုရော အသစ်အသစ် ဖြစ်ပေါ်ပြီး တခဏချင်း ပျက်ပျက်သွားတာကို ကိုယ်ပိုင်ဉာဏ်ဖြင့်တွေ့ရတယ်၊ အဲဒီအခါမှာ ဖြစ်ပေါ်ပြီးပျောက် သွားလို့ မမြဲဘူးဆိုတာ ကိုယ်ပိုင်ဉာဏ်ဖြင့် ရှင်းလင်းစွာ သိမြင်ရ တယ်၊ အဲဒါဟာ အနိစ္စ အခြင်းအရာဖြင့် ရှုမြင်တဲ့ အနိစ္စာနုပ ဿနာ ဉာဏ်ပါဘဲ၊အဲဒီလို ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့မြင်ပြီး သိဘို့ အရေးတကြီးလိုပါတယ်၊ အဲဒီလို အနိစ္စအခြင်းအရာဖြင့် ပိုင်ပိုင် နိုင်နိုင်သိမြင်ယင် ဒုက္ခ အနတ္တ အခြင်းအရာတို့ဖြင့်လဲ သိမြင်တော့ တာပါဘဲ။ဒါကြောင့် အနိစ္စမြင်ပုံကို ရှေးဦးစွာရှင်းပြမယ်၊ အဋ္ဌ ကထာများမှာ အနိစ္စမြင်ပုံကို အစိတ်အပိုင်း သုံးခုဖြင့်ပြထား တယ်။

(၁) အနိစ္စံ ဝေဒိတဗ္ဗံ- အနိစ္စကို သိရမည်။

(၂) အနိစ္စတာ ဝေဒိတဗ္ဗာ-အနိစ္စဟု မှတ်သိရကြောင်း အနိစ္စလက္ခဏာကို သိရမည်။

(၃) အနိစ္စာနုပဿနာ ဝေဒိတဗ္ဗာ–မမြဲဟု ရှုမြင်သော ဉာဏ်ကို သိရမည်-တဲ့။

## အနိစ္စဆိုတာ ဘာလဲ

(၁) အဲဒီ သုံးခုထဲက အနိစ္စ ဆိုတာ ဘာလဲ ဆိုယင် အနိစ္စန္တိ-မမြဲသော တရားဟူသည်မှာ၊ ခန္ဓပဥ္စကံ-ခန္ဓာ ငါးပါး အပေါင်းပေတည်းလို့ ဖွင့်ပြပါတယ်။ မမြဲတဲ့ တရားဆိုတာ မြင်ဆဲ ကြားဆဲ တွေ့သိဆဲ ကြံသိဆဲမှာ ထင်ရှားဖြစ်ပျက်နေတဲ့ ရုပ်နာမ် ခန္ဓာငါးပါးပါဘဲ တဲ့။ အဲဒါကို ဘုန်းကြီးက ဆောင်ပုဒ်လုပ်ထားတယ် "မပြတ် ဖြစ်ပျက်နေတဲ့ ရုပ်နာမ် ခန္ဓာက အနိစ္စတရား"တဲ့၊ အဲဒါကို ဆိုကြရမယ်။

(၁) မပြတ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ခန္ဓာက အနိစ္စတရား။

ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ် မြင်တယ် ကြားတယ် ညှောင်းတယ် ပူတယ် နာတယ် ကြံတယ် စသည်ဖြင့် ထင်ရှားပေါ်လာသမျှ ရုပ်နာမ်တွေကို မပြတ်လိုက်ရှုနေတဲ့ ယောဂီမှာ သတိ သမာဓိ ဉာဏ်အား ကောင်းလာတဲ့ အခါကျတော့ ခဏမစဲ ဖြစ်ပျက်နေတာတွေကိုသာ တွေ့ရတယ်၊ အဲဒီလို ခဏမစဲဖြစ်ဖြစ်ပြီး ပျက်ပျက်သွားတာတွေဟာ မမြဲတဲ့ အနိစ္စတရားတွေဘဲလို့ဆိုလိုပါတယ်၊ အဲဒီအနိစ္စတရားတွေကို ယောဂီက မပြတ်ဖြစ်ပျက်နေတဲ့ သဘောတရားတွေလို့ဘဲ သိရပါတယ်။

## အနိစ္စလက္ခဏာဆိုတာ ဘာလဲ

အဲဒီ အနိစ္စ သဘောတရားတွေကို အနိစ္စ-မမြဲဘူးလို့ အသိအမှတ်ပြုဘို့ အထိမ်းအမှတ်လက္ခဏာက ဘာလဲလို့ ဆိုတော့

(ဟုတွာ အဘာဝါကာရော အနိစ္စလက္ခဏံ) ဟုတွာ- မူလက မရှိသေးဘဲရှိလာပြီး၍၊ ဝါ-ဖြစ်ပေါ်လာပြီး၍၊ အဘာဝါကာ-ရော- မရှိပြန်သော အခြင်းအရာသည်၊ ဝါ-ပျောက်ကွယ်သွားသော အခြင်းအရာသည်၊ အနိစ္စလက္ခဏံ-မမြဲဟုမှတ်သိရကြောင်း အနိစ္စလက္ခဏာမည်တယ်-လို့ အဋ္ဌကထာက ပြဆိုထားပါတယ်။ မြင်မှု ကြားမှု တွေ့သိမှု ကြံသိမှုစသည်တွေဟာ မူလက မရှိသေးဘဲ အသစ်အသစ် ဖြစ်ပေါ်ဖြစ်ပေါ်လာကြတယ်၊ ဖြစ်ပေါ်လာပြီးတော့လဲ ချက်ချင်းဘဲ ပျောက်ပျောက်သွားကြတယ်၊ အဲဒါဟာ မပြတ်ရှုမှတ်နေတဲ့ ယောဂီမှာ ကိုယ်တိုင်တွေ့ သိမြင်ရတဲ့ ဖြစ်ပုံ ပျက်ပုံဘဲ၊ ပကတိလူတွေအနေနဲ့တော့ အဲဒီလို မသိမမြင်နိုင်ကြပါဘူး၊ မြင်မှု ကြားမှု စသည်တွေကို အသစ်အသစ် ဖြစ်ဖြစ်လာတယ်လို့လဲ ပကတိလူတွေက မသိကြဘူး၊ အယင်ကပင် ရှိနေတဲ့ ငါက မြင်တယ် ကြားတယ် စသည်ဖြင့်သာ ထင်မှတ်နေကြပါတယ်၊ ပျောက်ပျောက်သွားတယ်လို့လဲ မသိကြ မထင်ကြဘူး၊ မြင်တဲ့ငါကပဲ ကြံသိတယ် ကြားသွားတယ် စသည်ဖြင့် တည်မြဲအနေနဲ့သာ ထင်မှတ်နေကြပါတယ်။

မပြတ်ရှုမှတ်နေတဲ့ ယောဂီကတော့ ခဏမစဲ ဖြစ်ပျက်နေတာကို ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့သိနေရတယ်။ ဒီနေရာမှာ ဖြစ်တယ်ဆိုတာ မူလက မရှိသေးတဲ့ မြင်မှုစသည်တွေ အသစ်ပေါ်ပေါ်လာတာပါဘဲ၊ ဥဒယဗ္ဗယဉာဏ် ရောက်တဲ့အခါကျတော့ အဲဒီလို အသစ်အသစ် ဖြစ်ပေါ်လာပုံဟာ ပွတင်းပေါက်က ခေါင်းပြူပြီး ဝင်လာသလိုဘဲ ထင်ရှားပါတယ်။ အဲဒီလို ဖြစ်ပေါ်လာ

ပြီးတော့ တဒင်္ဂချင်း ပျောက်ပျောက်သွားတာဟာ ပျက်သွားတာပါဘဲ၊ အဲဒီ ပျောက်ပုံ ပျက်ပုံကလဲ လေတိုက်တဲ့အခါ ဖရောင်းတိုင်မီးကလေးများ ဟုတ်ကနဲ ဟုတ်ကနဲ ငြိမ်းငြိမ်းသွားတာလိုပင် ယောဂီမှာ ထင်ရှားပါတယ်။

ဥပမာအားဖြင့် မိုးတိမ်ထဲက လျှပ်ရောင်ကလေးများ ပေါ်လာပြီး ချက်ချင်းပျောက်သွားသလိုပါဘဲ၊ အဲဒီလျှပ်ရောင်ဟာ မူလက မရှိသေးပဲ လက်ကနဲ ပေါ်လာပြီးတော့ ချက်ချင်းပင် ပျောက်သွားလို့ အဲဒါကို မမြဲဘူးလို့ အသိအမှတ် ပြုရသလိုပင် မြင်မှု ကြားမှု စသည်တွေဟာလဲ မူလကမရှိသေးပဲ ပေါ်ပေါ်လာတယ်၊ အဲဒီလို ပေါ်လာပြီးတော့ ချက်ချင်းပင် ပျောက်ပျောက်သွားတယ်၊ အဲဒီလို ဖြစ်ပေါ်ပြီး ချက်ချင်းပျောက်သွားလို့ မမြဲဘူးလို့ အသိအမှတ်ပြုရတယ်၊ ဒါကြောင့် ဖြစ်ပေါ်ပြီး ပျောက်သွား တာဟာ မမြဲဘူးလို့ မှတ်သိရကြောင်း အနိစ္စလက္ခဏာမည်ပါတယ်တဲ့။ အဲဒါကို "ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်သွားတာက အနိစ္စလက္ခဏာ" လို့ ဆောင်ပုဒ် စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

(၂) ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်သွားတာက အနိစ္စလက္ခဏာ။

## အနိစ္စာနုပဿနာဉာဏ်အစစ်ဖြစ်ပုံ

ဖြစ်ပေါ်ပြီး ကွယ်ပျောက် သွားတယ် ဆိုတဲ့ အဲဒီ အနိစ္စလက္ခဏာကို ကိုယ်တိုင် တွေ့သိ မြင်ဘို့ လိုပါတယ်၊ အဲဒါကို

ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့မှ ဖြစ်ပြီး ပျက်သွားလို့ မမြဲဘူး ဆိုတာကို သိတဲ့ အနိစ္စာနုပဿနာဉာဏ် အစစ် ဖြစ်တယ်။ ဒါကြောင့် အဋ္ဌကထာမှာ "တဿာ အနိစ္စတာယ- ဖြစ်ပြီးလျှင် ပျောက် ကွယ်သွားခြင်းဟူသော ထိုအနိစ္စလက္ခဏာ၏၊ ဝသေန-အစွမ်း အားဖြင့်၊ ရူပါဒီသု- ရုပ်စသည်တို့၌၊ အနိစ္စန္တိ အနုပဿနာ- မမြဲ ဟု ရှုမြင်သော ဉာဏ်သည်၊ အနိစ္စာနုပဿနာတိ- အနိစ္စာ နုပဿနာမည်ပေ၏"လို့ ပြဆိုထားပါတယ်။ ပေါ်ပြီး ပျောက် သွားတယ်ဆိုတဲ့ အနိစ္စလက္ခဏာကို ကိုယ်တိုင် တွေ့ပြီးမှ အဲဒီ လက္ခဏာအရဖြင့် မျက်စိ အဆင်း အစရှိသော ရုပ်စသည်တို့၌ မမြဲဘူးလို့ သိမြင် သဘောကျ သွားတာဟာ အနိစ္စာနုပဿနာ ဉာဏ်အစစ်ဘဲ။ အဲဒါကို "ရှုမှတ်ဆဲမှာ ပေါ်လာပြီးနောက် ကွယ် ပျောက်သွားတာကို တွေ့ရ၍ မမြဲဟုသိတာက အနိစ္စာနုပဿနာ ဉာဏ်"လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်၊

(၃) ရှုတ်မှတ်ဆဲမှာ ပေါ်လာပြီးနောက် ကွယ်ပျောက် သွားတာကို တွေ့ရ၍ မမြဲဟု သိတာက အနိစ္စာ နုပဿနာဉာဏ်။

တကယ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ကို ရှုမှတ်ခြင်းမရှိဘဲ ကျက် မှတ်ထားတဲ့ စာပေကျမ်းဂန်အရ ဆင်ခြင်တာကို မဆိုလိုဘူး၊ တကယ်ဖြစ်ပျက်တဲ့ရုပ်နာမ်ကို ရှုမှတ်ယင်း သိတာကိုသာ ဆိုလို ကြောင်း နားလည်စေလိုတဲ့အတွက် ရှုမှတ်ဆဲမှာ ဆိုတဲ့အသိဉာဏ် ဖြစ်ရာ ကာလကိုလဲ ဖော်ပြထား ပါတယ်။ တချို့က တကယ်

ဖြစ်ပျက်တဲ့ ရုပ်နာမ်၏ အသစ်အသစ် ဖြစ်လာပုံ တခဏချင်း ပျောက်ပျောက်သွားပုံကို မတွေ့ရပါဘဲ "ဖြစ်ပျက် ဖြစ်ပျက်" လို့ ဆိုပြီး ရှုနေကြတာလဲရှိတယ်၊ အဲဒါကတော့ သဘာဝမကျဘူး၊ ကောင်းကင်ကို မော်ကြည့်နေတုန်း တိမ်တိုက်ထဲမှ လျှပ်ရောင်ကလေး ဝင်းကနဲပေါ်လာပုံ ချက်ချင်း ကွယ်ပျောက်သွားပုံကို တွေ့မြင်ရသလို ဖောင်းတယ် ပိန်တယ် စိတ်ကူးတယ် မြင်တယ် ကြားတယ် စသည်ဖြင့် ပေါ်ရာ ပေါ်ရာလိုက်ပြီး မပြတ်ရှုမှတ်နေယင်း အသစ်အသစ်ပေါ်ပေါ်ပြီး ပျောက်ပျောက် သွားတာကို ကိုယ်တိုင်တွေ့ဘို့ လိုပါတယ်၊ အဲဒီလို ရှုမှတ်နေယင်း ပေါ်ပြီး ပျောက်သွားတဲ့ အနိစ္စသဘောကိုတွေ့ပြီးတော့ "မမြဲဘူး, မမြဲတဲ့ တရားတွေချည်းဘဲ" လို့သိသိသွားတာဟာ အနိစ္စာနုပဿနာဉာဏ် အစစ်ဘဲလို့ ဆိုလိုပါတယ်။ အဲဒီလို ကိုယ်တိုင်တွေ့ ရှုမြင်ဘို့ရာကို ရည်ပြီးတော့ အရှင်သာရိပုတ္တရာ မထေရ်မြတ်က—

"ပဉ္စ- ငါးပါးကုန်သော၊ ဥပါဒါနက္ခန္ဓာ-ဥပါဒါန်၏အာရုံ ဖြစ်နိုင်သော ရုပ်နာမ်အစုတို့ကို၊ အနိစ္စတော- မမြဲသောအခြင်း အရာအားဖြင့်၊ ဝါ- မမြဲဟူ၍၊ ယောနိသော- နည်းမှန်လမ်းမှန် အတိုင်း၊ မနသိ ကာတဗ္ဗာ- နှလုံးသွင်းအပ် ရှုအပ်ကုန်၏" လို့ မိန့်ဆိုဖြေကြားတော်မူပါတယ်။

ဒုက္ခ အခြင်းအရာ စသည်ဖြင့် ရှုမြင်ပုံတွေကိုတော့ နောက် နောက် သီတင်းများကျမှ ပြောရမယ်။ အဲဒီလို ဥပါဒါနက္ခန္ဓာ တွေကို အနိစ္စ စသော အခြင်းအရာဖြင့် ရှုနေဆဲမှာပင် သော

တာပတ္တိ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်ပြီး သောတာပတ္တိဖိုလ်ကို မျက်မှောက် ပြုရကြောင်း၊ သောတာပန် ဖြစ်ရကြောင်း၊ သောတာပန်က သကဒါဂါမ်ဖြစ်ရကြောင်း စသည်ဖြင့် ရဟန္တာ ဖြစ်ပြီးသည်အထိ အကျိုးအာနိသင်များကိုလဲ ဆက်ပြီးရှင်းလင်း ဖြေကြားတော်မူပါတယ်၊ အဲဒါတွေလဲ နောက်နောက် သီတင်း များကျမှဘဲ ပြောရမယ်၊ ဒီကနေ့တော့ ဒီတွင်ပဲရပ်ပြီး တရား သိမ်းကြစို့။

ဤ သီလဝန္တသုတ္တန်တရားတော်ကို ရိုသေစွာ နာယူမှတ်သား ကြရသော ဓမ္မသဝနကုသိုလ်ကံစေတနာတို့၏ အစွမ်းအာနုဘော် ကြောင့် ယခု တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ သည် မြင်မှု ကြားမှု စသော ဥပါဒါနက္ခန္ဓာ တို့၌ စွဲလမ်းမှု ဥပါဒါန် ဖြစ်ခွင့်မရအောင် မပြတ်ရှုမှတ်လျက် အနိစ္စ အခြင်း အရာစသည်တို့ဖြင့် မှန်ကန်စွာသိမြင်ကြ၍ ဝိပဿနာဉာဏ် အစဉ် အရိယမဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းရာ နိဗ္ဗာန် ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြ ပါစေ။

သာဓု သာဓု သာဓု

သီလဝန္တသုတ္တန်တရားတော် ပဌမပိုင်း ပြီး၏။

# သီလဝန္တသုတ္တန်တရားတော်

## ဒုတိယပိုင်း

၁၃၂၈–ခုနှစ်၊ တပေါင်းလပြည့်နေ့ ဟောသည်

---

### တရားအနုသန္ဓေ

တပို့တွဲလကွယ်နေ့က သီလဝန္တသုတ်တရားကို စပြီး ဟောခဲ့တယ်၊ သီလနှင့်ပြည့်စုံတဲ့ ရဟန်းဟာ ဥပါဒါနက္ခန္ဓာ ၄ ါးပါးကို အနိစ္စ အစရှိသော အခြင်းအရာတို့ဖြင့် မှန်စွာ ရှုအပ်ကြောင်း အရှင်သာရိပုတ္တရာမထေရ်က မိန့်ကြားတော် မူပုံနှင့် ဥပါဒါနက္ခန္ဓာ၅ါးပါးကို ရှုပုံ၊ အနိစ္စလက္ခဏာဖြင့် သိမြင်ပုံ စသည်ကို ဟောခဲ့တယ်၊ အတော်အသင့်တော့ပြည့်စုံသွားပါပြီ။ တပေါင်း လပြည့် ဒီကနေ့တော့ သုတနှင့် ပြည့်စုံပုံကစပြီး ဟောရမယ်။

### အကြားအမြင်သုတနှင့် ပြည့်စုံပုံ

သီလဝန္တသုတ်နှင့် ဆက်ပြီး ဟောထားတဲ့ သုတဝန္တသုတ် မှာလဲ အရှင်မဟာ ကောဋ္ဌိက မထေရ်က ''အကြား အမြင် သုတနှင့် ပြည့်စုံတဲ့ ရဟန်းဟာ ဘယ်လိုတရားများကို မှန်စွာ ရှုအပ်ပါသလဲ'' လို့ မေးတဲ့အတွက် အရှင်သာရိပုတ္တရာမထေရ်က

အကြားအမြင် သုတနှင့် ပြည့်စုံတဲ့ရဟန်းဟာ ဥပါဒါနက္ခန္ဓာငါးပါးကို မှန်စွာရှုအပ်ကြောင်း ဖြေကြားတော်မူပါတယ်။ ဝိပဿနာတရား အားထုတ်မည့် ပုဂ္ဂိုလ်ဟာ ရှေးဦးစွာ သီလနှင့် ပြည့်စုံရသလို အကြားအမြင်သုတနှင့်လဲ ပြည့်စုံဘို့ လိုပါတယ်။ အဲဒီအကြားအမြင် သုတ-က ဘယ်လောက် ပြည့်စုံရမလဲဆိုယင် ညွှန်ပြမည့် ဆရာမရှိမဲ့ တရားအားထုတ်မည့် ပုဂ္ဂိုလ်ဆိုယင်တော့ ဝိသုဒ္ဓိမဂ်မှာ ပြဆိုထားတဲ့အတိုင်း ခန္ဓာ အာယတန ဓာတ် ဣန္ဒြေ သစ္စာ ပဋိစ္စသမုပ္ပါဒ်စသည်တွေကို ကျေပြွန်စွာ သင်ကြားလေ့လာထားယင် ကောင်းပါတယ်၊ ဘာကြောင့်လဲ ဆိုတော့ကာ အားထုတ်နေဆဲမှာ အရှုပ်အထွေးပေါ်လာယင် ကိုယ်ပိုင်ဉာဏ်ဖြင့် ရှင်းလင်းဆုံးဖြတ်နိုင်အောင်လို့ပါဘဲ။

ပရိယတ် ပဋိပတ် ဗဟုသုတနှင့် ပြည့်စုံတဲ့ ကလျာဏမိတ္တဆရာသမားထံမှာ အားထုတ်မည့် ပုဂ္ဂိုလ်ဆိုယင်တော့ "ရုပ်နာမ် ၂-ပါးမျှသာရှိတယ်၊အကြောင်းနဲ့ အကျိုးတရားမျှသာ ရှိတယ်၊ အနိစ္စ ဒုက္ခ အနတ္တ သဘောမျှသာရှိတယ်၊ မိမိတို့သန္တာန်မှာဒုက္ခသစ္စာနှင့် သမုဒယသစ္စာမျှသာ ရှိတယ်၊ မဂ္ဂသစ္စာနှင့် နိရောဓသစ္စာကို သိရအောင် မိမိတို့သန္တာန်မှာရှိနေတဲ့ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာတရားတို့ကို ရှုရတယ်" လို့ ဒါလောက် ကြားဘူးယင်လဲ သုတနှင့်ပြည့်စုံပြီလို့ မှတ်ယူရပါတယ်။

ဒါ့ကြောင့်"အဘယ်မျှလောက်ဆိုယင်အကျဉ်းချုပ်အားဖြင့် တဏှာကုန်ရာ နိဗ္ဗာန်ရောက်ပြီး လွတ်မြောက်ပါသလဲ၊ အကျဉ်းချုပ် ကျင့်စဉ်ကို ဟောကြားတော် မူပါ" လို့ သိကြားမင်းက

မေးလျှောက်တဲ့အတွက် မြတ်စွာဘုရားက ဒီလိုဟောကြားတော်မူပါတယ်။ ဟောတော်မူပုံကတော့—

ဒေဝါနမိန္ဒ-နတ်တို့၏ အရှင်သိကြားမင်း၊ဣဓ-ဤသာသနာတော်၌၊ ဘိက္ခုနော-ရဟန်းသည်၊ "သဗ္ဗေ ဓမ္မာ နာလံ အဘိနိဝေသာယာတိ- အားလုံးသော တရားတို့သည် (မြဲသည် ချမ်းသာသည် အသက်ရှင်နေသည့် အတ္တကောင် ငါကောင်ဘဲဟု)မြဲမြံစွာ စွဲလမ်းရန် မသင့်ကုန်" ဟူ၍၊ သုတံ-ကြားနာဘူးသည်၊ ဟောတိ-ဖြစ်၏-တဲ့။

အဲဒါဟာ အကျဉ်းချုပ်အားဖြင့် သုတပြည့်စုံပုံကို ပြတော်မူတဲ့ မြတ်စွာဘုရား၏ စကားတော်ပါဘဲ၊ အားလုံးသော တရားတွေဟာ မြဲတယ်လို့ ချမ်းသာတယ်လို့ အသက်ရှင်နေတဲ့ အတ္တကောင် ငါကောင်လို့ မစွဲလမ်းထိုက်ဘူး၊ မမြဲတာတွေ ဆင်းရဲတွေ အနတ္တသဘောတရားတွေ ချည်းပဲလို့ ဒါလောက် ကြားဘူးယင် အကျဉ်းချုပ်အားဖြင့် သုတပြည့်စုံပြီလို့ ဆိုလိုပါတယ်။ ဒါကြောင့် အဲဒီလိုဟောပြီးတဲ့နောက် မြတ်စွာဘုရားက နာမရူပပရိစ္ဆေဒဉာဏ် စသည်ဖြစ်ပုံကို "သော သဗ္ဗံ ဓမ္မံ အဘိဇာနာတိ" စသည်ဖြင့် ဟောတော်မူပါတယ်။

သော-တရားအားလုံးသည် မစွဲလမ်းထိုက်ဟု ကြားနာဘူးသော ထိုရဟန်းသည်၊ သဗ္ဗံ ဓမ္မံ-မြင်မှု ကြားမှု စသော တရားအားလုံးကို၊ အဘိဇာနာတိ-ရှေးရှုပိုင်း၍ သိ၏၊ ဝါ-ထူးသော ပညာဖြင့် သိ၏-တဲ့။

အဲဒါဟာ သတိပဋ္ဌာန် ဒေသနာတော်နှင့်အညီ မြင်ဆဲခဏ စသည်မှာ ထင်ရှားတဲ့ မြင်မှု စသော တရားအလုံးစုံကို သတိ ဉာဏ်ဖြင့် ရှေးရှုပြုပြီး မှတ်သိပုံကို ပြတာပါဘဲ။ အဲဒီလို ရှေးရှုပြု ပြီး မှတ်သိတာကို အဘိညာပညာလို့ ခေါ်ပါတယ်။

ဒါကြောင့် ဝိသုဒ္ဓိမဂ်မဟာဋီကာ ဒုတိယတွဲ (နှာ-၃၇၇)မှာ "သဘာဝဓမ္မာနံ-သဘောတရားတို့၏၊ လက္ခဏာသလ္လက္ခဏာဘော- သဘောလက္ခဏာကို ကောင်းစွာ မှတ်ခြင်းအားဖြင့်၊ ဉေယျာဘိ မုခါပညာ- သိအပ်-သိသင့်- သိထိုက်သော ရုပ်နာမ်တရားဆီသို့ ရှေးရှုပြုသိသောပညာသည်၊အဘိညာပညာ-အဘိညာပညာမည် ၏"လို့ ဖွင့်ပြထားပါတယ်။ အဲဒီအဖွင့်ဟာ အလွန်ပင် ပေါ်လွင် ထင်ရှားပါတယ်၊ သိသင့် သိထိုက်တဲ့ တရားဆိုတာ မြင်ဆဲခဏ စသည်မှာ ထင်ရှား ဖြစ်ပေါ်လာတဲ့ ဥပါဒါနက္ခန္ဓာတရား တွေဘဲ၊ ရှေးရှုပြု၍သိတယ်ဆိုတာ အဲဒီ ဥပါဒါနက္ခန္ဓာတရား တွေဆီကို သတိဉာဏ်ဖြင့် မျက်နှာမူပြီး သိတာပါဘဲ၊ တဲ့တဲ့ ပြောရယင် မြင်တယ် ကြားတယ် စသည်ဖြင့် စူးစိုက်ပြီး မှတ်သိတာပါဘဲ။ အဲဒီလို မှတ်သိခြင်းဖြင့် သမာဓိဉာဏ်အားရှိ လာတဲ့ အခါကျတော့ မှတ်သိရတဲ့ ရုပ်နာမ်တို့၏ သဘော လက္ခဏာကို ထင်ရှားသိရတယ်၊ ဥပမာ-ပူနေတဲ့အခါ ပူတယ် ပူတယ်လို့ ရှုမှတ်နေယင် တေဇောဓာတ်၏ ဥဏှတ္တလက္ခဏာ ဆိုတဲ့ ပူခြင်းသဘောကို သိရတယ်၊ ပူတာကတခြား+ မှတ်သိ တာက တခြား- ဒီလိုလဲ ခွဲခြားပြီး သိတယ်၊ အဲဒါဟာ နာမရူပ ပရိစ္ဆေဒဉာဏ်ဘဲ။

အဲဒီထက် သမာဓိဉာဏ် အားကောင်းလာတဲ့အခါကျတော့ "မျက်စိရှိလို့ မြင်တယ်၊ မြင်စရာအဆင်းရှိလို့ မြင်တယ်၊ ကွေးချင်လို့ ကွေးတယ်" စသည်ဖြင့် အကြောင်းနှင့် အကျိုးကိုလဲ ပိုင်းခြားပြီး သိဘယ်၊ အဲဒါက ပစ္စယပရိဂ္ဂဟဉာဏ်ဘဲ။ ဒီ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို **အဘိညာပညာ**လို့ ခေါ်တာဘဲ၊ အဲဒီ အဘိညာပညာဖြစ်ပုံကိုပင် မြတ်စွာဘုရားက ဒီမှာ အဘိဇာနာတိ-ရှေးရှုပိုင်းခြားသိ၏၊ ဝါ-မှတ်သိ၏-လို့ ဟောတော်မူတာဘဲ။

## သုတ, စိန္တာမျှဖြင့် ဝိပဿနာအစစ်မဖြစ်

တနည်းအားဖြင့် အဲဒီအဘိညာပညာကို ထူးသောပညာလို့လဲ ဖွင့်ပြပါတယ်။ ဒါကြောင့် ဝိသုဒ္ဓိမဂ်မဟာဋီကာ ဒုတိယတွဲ (နှာ-၅၀၇) မှာ "သုတမယာယ- သုတမယပညာထက်ရင်း၊ စိန္တာမယာယ-စိန္တာမယပညာထက်ရင်း၊ ကေစ္စဘာဝနာမယာယ စ-စျာနသမ္ပယုတ်ပညာဟူသော အချို့ ဘာဝနာပညာထက်ရင်း၊ အဘိဝိသိဋ္ဌာယ ပညာယ-ထူးသော ပညာဖြင့်၊ ဉာတာ-သိအပ်သောရုပ်နာမ်, အကြောင်းအကျိုးတရားတို့သည်၊ အဘိညာတာ-အဘိညာတမည်ကုန်၏" လို့ ဖွင့်ပြထားပါတယ်။

ဒီအဖွင့်စကားထဲမှ **အဘိညာပညာ** ဆိုတာကို ထူးတဲ့ပညာလို့ ဆိုပါတယ်၊ ဘယ်ပညာတွေထက် ထူးသလဲလို့ဆိုတော့ ကြားနာမှတ်သားပြီး သိတဲ့ သုတမယပညာထက်လဲ ထူးတယ်၊ ကြံတွေး စဉ်းစားပြီး သိတဲ့ စိန္တာမယပညာထက်လဲ ထူးတယ်၊ သမထစျာန်နှင့်ယှဉ်တဲ့ ဘာဝနာပညာထက်လဲ ထူးပါတယ်တဲ့၊

အဲဒါကို အထူးသတိပြုကြရမယ်။ ဒီအဖွင့်စကားအရဖြင့် "အဘိ-ဓမ္မာကျမ်းဂန်ထဲမှာ ပြဆိုထားတဲ့ ရုပ်နာမ်သဘောတွေကို ကြားနာပြီး သိတဲ့ သုတမယဉာဏ်ထက်လဲ ဒီအဘိညာပညာ ဆိုတဲ့ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်က ထူးခြားတယ်၊ ရုပ်နာမ်သဘောတွေကို စဉ်းစားကြံစည်ပြီးသိတဲ့ စိန္တာမယပညာထက်လဲ ထူးခြားတယ်" ဆိုတာ သိနားလည် ထားကြရမယ်။ ဘယ်လိုထူးခြားသလဲ ဆိုတော့ကာ မြင်ဆဲ ကြားဆဲ စသည်မှာ တကယ်ဖြစ်ပေါ်တဲ့ ရုပ်နာမ်သဘောတွေကို ကိုယ်ပိုင်ဉာဏ်ဖြင့် ပင် တွေ့သိပြီး ထူးခြားတာပါဘဲ၊ အဲဒီလို အသိထူးပုံကိုဘဲ ရည်ပြီးတော့ ဓမ္မစကြာတရားတော်မှာ "မဇ္ဈိမပဋိပဒါဆိုတဲ့ မဂ္ဂင်ရှစ်ပါး အကျင့်ဟာ (အဘိညာယ)ထူးသောဉာဏ်ဖြင့် သိဘို့ရာလဲ ဖြစ်တယ်"လို့ ဟောထားတော်မူတာပါဘဲ၊ ယခုပြောခဲ့တဲ့ ဖွင့်ပြပုံကို ထောက်ဆကြည့်ယင် "သုတမယဉာဏ်မျှ စိန္တာမယဉာဏ်မျှဖြင့် ဝိပဿနာဉာဏ်များ၏ အောက်ထစ်ဆုံး အခြေခံဖြစ်တဲ့ နာမရူပပရိစ္ဆေဒဉာဏ်တောင် မဖြစ်ဘူး" ဆိုတာကိုလဲ ထင်ရှားသိရပါတယ်။

ယခု ပြောလာခဲ့တာဟာ အကျဉ်းချုပ်အားဖြင့် သုတမယဉာဏ်ပြည့်စုံပြီးတဲ့နောက် ဉာတပရိညာခေါ်တဲ့ နာမရူပပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ်များဖြစ်အောင် ရှုသိပုံဖြစ်ပါတယ်၊ အဲဒီလို ရှုသိပြီးတဲ့နောက် တီရဏပရိညာ,ပဟာနပရိညာခေါ်တဲ့ သမ္မသနဉာဏ် ဥဒယဗ္ဗယဉာဏ် ဘင်ဂဉာဏ်စသည် ဖြစ်အောင် ရှုပုံကိုလဲ မြတ်စွာဘုရားက—

သော- ထိုရဟန်းသည်၊ သဗ္ဗံ ဓမ္မံ အဘိညာယ- မြင်မှုကြားမှု စသော တရားအားလုံးကို ရှေးရှုပြုသိပြီး၍၊ ဝါ-မှတ်သိပြီး၍၊ သဗ္ဗံ ဓမ္မံ-မြင်မှုကြားမှုစသော တရားအားလုံးကို၊ ပရိဇာနာတိ- အနိစ္စအစရှိသော အခြင်းအရာအားဖြင့် ပိုင်းခြား၍ သိ၏-ဝ သည်ဖြင့် ဟောတော်မူပါတယ်။

အဲဒါဟာ အကျဉ်းချုပ် သုတမယဉာဏ်နဲ့ ပြည့်စုံပြီးတော့ မြင်မှု ကြားမှု စသော တရားအားလုံးကို ရှုသိပြီး ဝိပဿနာဉာဏ် တွေ အစဉ်အတိုင်း ဖြစ်ပုံပါဘဲ၊ အဲဒီမှာ မြတ်စွာဘုရားဟော တော်မူတာကတော့ အရဟတ္တမဂ်ဖိုလ်ရောက်သည် အထိပါဘဲ။ ဒါပေမဲ့ ဒီမှာတော့ သုတနှင့် ပြည့်စုံပုံကို ပြောလိုရင်းဖြစ်တဲ့ အတွက် အစပိုင်းလောက်ပဲ ထုတ်ပြပါတယ်။ အဲဒါကို ဘုန်းကြီး က ဆောင်ပုဒ်ကလေးများ စီထားပါတယ်၊ "လုံးစုံဓမ္မ၊ အနိစ္စ၊ ဒုက္ခ အနတ္တာ။ ဤ၍ဤမျှ၊ ကြားဘူးက၊ သုတလုံလောက်ပါ။ ဉာဏ်ဖြင့်ရှေးရှု၊ ရုပ်နာမ်စု၊ မှတ်ပြုသိလေရာ။ မမြဲဆင်းရဲ၊ သဘောဘဲ၊ သိမြဲပိုင်းခြားကာ"တဲ့။ အဲဒီဆောင်ပုဒ်များကို ဆို ကြရမယ်။

(၁) လုံးစုံဓမ္မ၊ အနိစ္စ၊ ဒုက္ခ အနတ္တာ။

(၂) ဤ၍ ဤမျှ၊ ကြားဘူးက၊ သုတ လုံလောက်ပါ။

မြင်မှု ကြားမှု စသော တရားအားလုံးဟာ အနိစ္စ-မမြဲတာ တွေချည်းဘဲ၊ ဒုက္ခဆင်းရဲချည်းဘဲ၊ အနတ္တ-အတ္တကောင် မဟုတ်-အစိုးမရတဲ့ သဘောတရားမျှချည်းဘဲလို့ ဒါလောက်

ကြားနာဘူးယင် ဝိပဿနာတရားအားထုတ်ရန်အတွက် အကျဉ်းချုပ်အားဖြင့် သုတပြည့်စုံ လုံလောက် ပါပြီတဲ့။ ဒါကြောင့် အဲဒါလောက်ပြည့်စုံယင်—

(၃) ဉာဏ်ဖြင့်ရှေးရှု၊ ရုပ်နာမ်စု၊ မှတ်ပြုသိလေရာ။

မြင်ဆဲခဏစသည်၌ မြင်မှု ကြားမှု အစရှိသော တရားအားလုံးကို ဉာဏ်ဖြင့်ရှေးရှု မှတ်မှတ်ပြီး သိသိနေပါ-တဲ့။ အဲဒီလို သိသိနေယင်—

(၄) မမြဲ ဆင်းရဲ၊ သဘောဘဲ၊ သိမြဲ ပိုင်းခြားကာ။

အဲဒီလို မပြတ်ရှုသိနေယင် မမြဲတဲ့တရားချည်းဘဲ၊ ဆင်းရဲချည်းဘဲ၊ အနတ္တသဘောတရားမျှချည်းဘဲလို့ ပိုင်းခြားပြီး သိတဲ့ တီရဏပရိညာ,ပဟာနပရိညာတွေ ဖြစ်သွားပါလိမ့်မယ်လို့ ဆိုလိုပါတယ်။

ယခု ထုတ်ပြခဲ့တဲ့ မြတ်စွာဘုရား၏ စကားတော် အရဖြင့် "တရားအလုံးစုံဟာ နိစ္စ သုခ အတ္တဟု မစွဲလမ်းထိုက်ဘူး၊ အနိစ္စ ဒုက္ခ အနတ္တချည်းဘဲ"လို့ ဒါလောက်ကြားဘူးယင် အရဟတ္တမဂ်ဖိုလ် အရောက် တရားအားထုတ်ရန် သုတမယဉာဏ် အကျဉ်းအားဖြင့် ပြည့်စုံပြီလို့ ဆိုနိုင်ကြောင်း ထင်ရှား သိရပါတယ်။ အဋ္ဌကထာများမှာ သုတမယဉာဏ်ကို ပြထားပုံကတော့—

တတ္ထ-ထိုသစ္စာလေးပါးတို့တွင်၊ ပုရိမာနိ ဒွေ သစ္စာနိ- ဒုက္ခနှင့် သမုဒယဟူသော ရှေးသစ္စာ ၂-ပါးတို့သည်၊ ဝဋ္ဋံ-ဝဋ္ဋသစ္စာ

ပေတည်း၊ ပစ္ဆိမာနိ-နိရောဓနှင့် မဂ္ဂဟူသော နောက်သစ္စာ ၂-ပါးတို့သည်၊ ဝိဝဋ္ဋံ- ဝဋ္ဋမှ ကင်းလွတ်သော သစ္စာပေတည်း။ တေသု- ထိုဝဋ္ဋသစ္စာ ဝိဝဋ္ဋသစ္စာတို့တွင်၊ ဝဋ္ဋေ- ဝဋ္ဋသစ္စာ၌၊ ဘိက္ခုနော ကမ္မဋ္ဌာနာဘိနိဝေသော- ရဟန်း၏ ကမ္မဋ္ဌာန်းကို နှလုံးသွင်းအားထုတ်ခြင်းသည်၊ ဟောတိ-ဖြစ်၏။ ဝိဝဋ္ဋေ- ဝိဝဋ္ဋမည်သော နိရောဓနှင့် မဂ္ဂသစ္စာ၌၊ အဘိနိဝေသော- နှလုံးသွင်းအားထုတ်ခြင်းသည်၊ နတ္ထိ- မရှိပေ။ (ဤစကားဖြင့် နိဗ္ဗာန်ကို နှလုံးသွင်း၍ တရားအားမထုတ်ရ၊ မဂ်ကို နှလုံးသွင်း၍ တရားအားမထုတ်ရ၊ ဒုက္ခသစ္စာ သမုဒယသစ္စာ ထိုက်သော လောကီရုပ်နာမ်တို့ကိုသာ နှလုံးသွင်းရှုမှတ်၍ တရား အားထုတ် အပ်ကြောင်းကို ပြတ်သားစွာပြသည်။) ဟိ-မှန်ပေ၏၊ ဝါ-အားထုတ်ပုံကို ခွဲ၍ပြရလျှင်၊ ပဉ္စက္ခန္ဓာ, ဒုက္ခံ, တဏှာ, သမုဒယောတိ-ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာငါးပါး တို့သည် ဒုက္ခသစ္စာမည်၏၊တဏှာသည် သမုဒယသစ္စာမည်၏ဟူ၍၊ဧဝံ သင်္ခေပေန စ-ဤသို့ အကျဉ်း အားဖြင့် သော်၎င်း၊ ကတမေ ပဉ္စက္ခန္ဓာ၊ ရူပက္ခန္ဓောတိအာဒိနာ နယေန- ခန္ဓာငါးပါးတို့ကား အဘယ်သည် တို့နည်း၊ ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာတို့ပေတည်း- ဤသို့အစရှိသောနည်းဖြင့်၊ ဝိတ္ထာရေန စ- အကျယ်အားဖြင့်သော်၎င်း။ ပုရိမာနိ ဒွေသစ္စာနိ- ဒုက္ခနှင့် သမုဒယ ဟူသော ရှေးသစ္စာ ၂-ပါး တို့ကို၊ အာစရိယဿ သန္တိကေ- ဆရာ့ထံ၌၊ ဥဂ္ဂဏှိတွာ- သင်ယူ၍၊ ဝါစာယ ပုနပ္ပုနံ ပရိဝတ္တေန္တော- နှုတ်ဖြင့် အဖန်ဖန် ပြန်ဆိုလျက်၊ ယောဂါဝစရော-ယောဂီသည်၊ ကမ္မံ-ဝိပဿနာရှုမှုကို၊

ကရောတိ-ပြု၏တဲ့။ (သုတ်မဟာဝါ-ဋ္ဌ ၃၉၁၊မဟာဝဂ္ဂသံယုတ်ဋ္ဌ ၁၆၀၊ ဝိဘင်္ဂ-ဋ္ဌ ၁၀၉)

## ပဋိစ္စသမုပ္ပါဒ် အကျဉ်းချုပ်

အဲဒါဟာ သုတမယဉာဏ်နှင့် ပြည့်စုံပြီး ဝိပဿနာအလုပ်အားထုတ်ပုံကိုပြတဲ့ အဋ္ဌကထာစကားများပါဘဲ။ အဲဒီမှာ ခန္ဓာငါးပါးက ဒုက္ခသစ္စာ၊တဏှာက သမုဒယသစ္စာ-လို့ ဒါလောက်ကြားနာသင်ကြားဘူးယင် အကျဉ်းအားဖြင့် သုတနှင့်ပြည့်စုံကြောင်း ထင်ရှားပြဆိုထားပါတယ်။ အဲဒီလို ကြားနာပြီး သိရာမှာ တဏှာ ဆိုတဲ့ အကြောင်း သမုဒယကိုလဲ သိရတယ်၊ လောကီရုပ်နာမ်အစု ခန္ဓာငါးပါးဆိုတဲ့ အကျိုးဒုက္ခကိုလဲ သိရတယ်၊ အဲဒီလို အကြောင်းနှင့်အကျိုးကို သိတဲ့အတွက် အကျဉ်းအားဖြင့် ပဋိစ္စသမုပ္ပါဒ်ကိုလဲ သိသည်မည်ပါတယ်။ဒါကြောင့်-

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊
တေသံ ဟေတုံ တထာဂတော အာဟ။
တေသဉ္စ ယော နိရောဓော၊
ဧဝံဝါဒီ မဟာသမဏော-ဆိုတဲ့ ဂါထာဖြင့်-

သံယုတ်ပါဠိတော် သီဟနာဒသုတ်၌ အကျယ်ဟောထားတဲ့ အနုလုံ ပဋိလုံ ပဋိစ္စသမုပ္ပါဒ်ကို အကျဉ်းချုပ်ပြထားခြင်းဖြစ်ကြောင်း ဝိသုဒ္ဓိမဂ်မဟာဋီကာ (ဒု ၂၃၀) မှာ ပြဆိုထားပါတယ်။

ပြဆိုပုံ ကတော့ သီဟနာဒသုတ်မှာ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ-အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့ဖြစ်ကြသည်၊ သင်္ခါရပစ္စယာ ဝိညာဏံ-သင်္ခါရဟူသော အကြောင်းကြောင့် ပဋိသန္ဓေစိတ် အစရှိသော အကျိုးဝိပါက်ဝိညာဏ်ဖြစ်သည်"စသည်ဖြင့် အကျယ်ဟောထားတဲ့ အနုလုံ ပဋိစ္စသမုပ္ပါဒ်ကို"ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ=အကြောင်းလျှင် အမှန်အစရှိသော အကြင် အကျိုးတရားများရှိကြ၏၊ ထိုအကျိုး တရားများ၏ အကြောင်းကို မြတ်စွာဘုရားက ဟောတော်မူ၏" ဟု အကျဉ်းချုံး၍ ဟောထားတယ်။ အဲဒီသုတ်၌ "အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော-အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရတို့ချုပ်ကြသည်" စသည်ဖြင့် အကျယ်ဟောထားတဲ့ ပဋိလုံပဋိစ္စသမုပ္ပါဒ်ကို "တေသဉ္စ ယော နိရောဓော=ယင်းတို့၏ ချုပ်ခြင်းကိုလည်း ဟောတော်မူ၏"ဟု အကျဉ်းချုံး၍ ဟောထားတယ်လို့ ပြဆိုထားပါတယ်။ ဒါကြောင့် "အကြောင်းရှိလို့ အကျိုးဖြစ်တယ်၊ အကြောင်းမရှိယင် အကျိုးမဖြစ်ဘူး"လို့ ဒါလောက် ကြားနာပြီး သိယင်လဲ ပဋိစ္စသမုပ္ပါဒ်ကို အကျဉ်းအားဖြင့် သိသည်မည်ပါတယ်။

နောက်ပြီးတော့ အဲဒီ ယေ ဓမ္မာ ဟေတုပ္ပဘဝါ - အစရှိသော ဂါထာကို ဝိနည်း အဋ္ဌကထာမှာ ဖွင့်ပြထားပုံကတော့ ယေ ဓမ္မာ ဟေတုပ္ပဘဝါ- ဟူသော ပဌမအပိုဒ်ဖြင့် ခန္ဓာငါးပါး ဒုက္ခသစ္စာတရားကို ပြတယ်၊ တေသံ ဟေတုံ ဟူသော စကားဖြင့် သမုဒယသစ္စာကို ပြတယ်၊ တေသဉ္စ

ယော နိရောဓော-ဟူသော စကားဖြင့် နိရောဓသစ္စာနှင့် မဂ္ဂသစ္စာကိုပြတယ်''လို့ ဆိုပါတယ်၊ အဲဒီအဋ္ဌကထာအဖွင့်ဖြင့်သစ္စာလေးပါးကိုပြတယ်လို့ ယူရပါတယ်၊သစ္စာလေးပါးဆိုတာလဲ စင်စစ်မှာတော့အကြောင်းနှင့်အကျိုးမျှဘဲ၊သမုဒယက အကြောင်း ဒုက္ခ-ကအကျိုး၊ မဂ္ဂသစ္စာက ရောက်ကြောင်း၊ နိရောဓသစ္စာက ရောက်အပ်သော အကျိုးဘဲ။ ဒါကြောင့် သစ္စာလေးပါးနဲ့ အနုလုံ-ပဋိလုံ ပဋိစ္စသမုပ္ပါဒ်ဟာ သဘောအားဖြင့် အတူတူပါဘဲ၊ သဘောအားဖြင့် အတူတူပင်ဖြစ်တဲ့အတွက် သစ္စာလေးပါးကို ပြတယ်ဆိုတာနဲ့ ပဋိစ္စသမုပ္ပါဒ်ကို ပြတယ်ဆိုတာလဲ အတူတူပါဘဲ။ ဒါကြောင့် သစ္စာလေးပါးကို အကျဉ်းအားဖြင့် နာကြားရယင် ပဋိစ္စသမုပ္ပါဒ်ကိုလဲ အကျဉ်းအားဖြင့် နာကြားရသည်မည်ပါတယ်။ သို့ဖြစ်၍ အဋ္ဌကထာများမှာ ညွှန်ကြားထားတဲ့အတိုင်းသစ္စာလေးပါးကိုအကျဉ်းအားဖြင့် ကြားနာမှတ်သားဘူးတဲ့ သုတနှင့် ပြည့်စုံယင် ပဋိစ္စသမုပ္ပါဒ်သုတနှင့်လဲ အကျဉ်းအားဖြင့် ပြည့်စုံကြောင်း ခိုင်မြဲစွာ မှတ်ထားကြရမယ်။

ယခုလို သုတနှင့် ပြည့်စုံပုံကို အကျယ်ဖွင့်ပြပြောနေရတာက တခြားကြောင့်မဟုတ်ဘူး၊ ပဋိစ္စသမုပ္ပါဒ်ကိုလက်ကိုင်ပြုပြီးတော့ "သူတို့ ဟောတဲ့အတိုင်း ပဋိစ္စသမုပ္ပါဒ်ကို နားမလည်ယင် ဝိပဿနာတရားကို အားမထုတ်ကောင်း သယောင်ယောင်နဲ့" တရားအားထုတ်တဲ့ သူများအား စိတ်ဓာတ် ပျက်ပြားအောင် ဟောနေကြတဲ့ ပဋိပတ္တိသာသနာဖျက် ပုဂ္ဂိုလ်အချို့က ရှိနေလို့ သာသနာ့ဘေးရန်ကို ကာကွယ်တဲ့အနေနဲ့ ယခုလို အကျယ်ပြော

နေရခြင်းဖြစ်ပါတယ်။ သူတို့လက်ကိုင်ပြုပြီး ဟောနေတဲ့ တရားကတော့ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်က ဆန္နသုတ် ဆိုတာပါဘဲ။

အဲဒီသုတ်မှာ ပြထားပုံ အကျဉ်းချုပ်ကတော့ အရှင်ဆန္နဟာ ဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးတဲ့နောက် ဗြဟ္မဒဏ်အပေးခံရ၍ သံဝေဂဖြစ်ပြီးတော့ အခြားရဟန်းတော်များထံမှ ညွှန်ကြားချက်ကို ခံယူပြီးတော့ "ရုပ် မမြဲ၊ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် မမြဲ၊ ရုပ် အနတ္တ-အတ္တမဟုတ်၊ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် အနတ္တ-အတ္တမဟုတ်။ သင်္ခါရတရားအားလုံးတို့ မမြဲကြ၊ သဘောတရားအားလုံးတို့ အတ္တမဟုတ်ကြ"လို့ နှလုံးသွင်းဆင်ခြင်ကြည့်ပါသတဲ့။ အဲဒီလို နှလုံးသွင်း ဆင်ခြင်ကြည့်တဲ့အခါ သူ့မှာ မူလကပင် အတ္တစွဲက အားကြီးနေတဲ့အတွက် "ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဆိုတဲ့ သဘောတရားအားလုံးပင် အတ္တမဟုတ်"ဆိုတာကို မသက်ဝင်နိုင်ဘဲ ရှိနေပါသတဲ့။ အတ္တပျောက်သွားမှာကို စိုးရိမ်တဲ့ ဘယပရိတဿနာနဲ့ "အတ္တမရှိယင် အနတ္တ-ရုပ်နာမ်တွေက ပြုလုပ်တဲ့ ကံဟာ ဘယ်အတ္တမှာ ကောင်းကျိုး ဆိုးကျိုးပေးနိုင်မှာလဲ"လို့ ယူဆစွဲလမ်းတဲ့ ဒိဋ္ဌိဥပါဒါန်လဲ သူ့မှာ ဖြစ်နေပါသတဲ့။ ဒီလိုဆိုယင် ငါ၏အတ္တ-က ဘယ်မှာလဲလို့ သူ့စိတ်က အတ္တစွဲဆီ ပြန်ဆုတ်လာပါသတဲ့။ အဲဒီလို ဖြစ်ရခြင်း၏ အကြောင်းကို အဋ္ဌကထာမှာ ဒီလိုပြထားပါတယ်။

အယံ ထေရော-ဤဆန္နမထေရ်သည်၊ ပစ္စယေ အပရိဂ္ဂဟေဘွာ-အကြောင်းတရားတို့ကို မသိမ်းဆည်း-မရှုမူ၍၊ ဝိပဿနံ

ပဋ္ဌပေသိ ကိရ- ဝိပဿနာရှုခြင်းကို ဖြစ်စေသတဲ့။ (ဒီဇကားဖြင့် တကယ်ဖြစ်ပေါ်တဲ့ ရုပ်နာမ်ကိုမရှုဘဲ ဆင်ခြင်ရုံမျှဖြင့် ရှုကြောင်း သိရ၏၊ အဘယ့်ကြောင့်လဲဆိုယင်၊ မြင်ဆဲ ကြားဆဲ စသည်၌ တကယ်ဖြစ်ပေါ်နေတဲ့ ရုပ်နာမ်ကို ရှုပါမူ သမာဓိ အားရှိလာ သောအခါ ရှေးဦးစွာ ရုပ်နှင့်နာမ်ကိုခွဲခြား၍သိရသည်၊ ထို့နောင် အကြောင်းနှင့် အကျိုးကို သိမ်းဆည်း ရသည်။ ထို့နောင်မှ အသစ်အသစ်ဖြစ်ဖြစ်ပြီး ပျောက်ပျောက်သွားတာကိုတွေ့ရသဖြင့် အနိစ္စ, ဒုက္ခ, အနတ္တဟု ရှုသိသော ဝိပဿနာဉာဏ် အစစ် ဖြစ်မြဲပင် ဖြစ်သည်၊ အကြောင်းကို တွေ့သိတဲ့ ပစ္စယပရိဂ္ဂဟ ဉာဏ် မဖြစ်ပဲ အဖြစ်အပျက် အနိစ္စလက္ခဏာစသည်ကို မသိနိုင် သည်သာ၊ သို့ဖြစ်ပါလျက် အကြောင်းကို မသိမ်းဆည်းဘဲ အနိစ္စ အနတ္တဟု ရှုသော ဝိပဿနာကိုဖြစ်စေသည်ဟု ဆိုသည်မှာ ဆင်ခြင်ရုံမျှဖြင့် ရှုသော ဝိပဿနာအတုမျှသာ ဖြစ်ကြောင်း ထင်ရှား၏။) အဿ-ထိုအရှင်ဆန္န၏၊ သာ ဒုဗ္ဗလဝိပဿနာ- ထို အားနည်းသော ဝိပဿနာသည်၊ အတ္တဂါဟံ ပရိယာဒါပေတုံ အသက္ကုဏန္တီ- အတ္တစွဲကို ကုန်စေရန် မစွမ်းနိုင်သည် ဖြစ်၍၊ သင်္ခါရေသု သုညတော ဥပဋ္ဌဟန္တေသု- သင်္ခါရတို့သည် အတ္တမှ ဆိတ်သောအားဖြင့် ထင်ကုန်လတ်သော်၊ ဥစ္ဆိဇ္ဇိဿာမိ ဝိနဿိ ဿာမီတိ- ပြတ်သွားတော့မည် ပျက်သွားတော့မည်ဟု၊ ဥစ္ဆေဒ ဒိဋ္ဌိယာစဝ-ဥစ္ဆေဒဒိဋ္ဌိ၏ငှင်း၊ ပရိတဿနာယ စ- အတ္တပျောက် သွားမည်ကို စိုးရိမ် ပူပန် ခြင်း၏ငှင်း၊ ပစ္စယော ဟောတိ- အကြောင်းဖြစ်လေသည်တဲ့။

အဲဒီ အဌကထာ စကားထဲမှာ ဒုဗ္ဗလဝိပဿနာ ဆိုတဲ့ စကား ဖြင့်လဲ တကယ်ဖြစ်ပျက်တဲ့ ရုပ်နာမ်ကိုရှုပြီး အမှန်သိတဲ့ ဝိပဿနာ အစစ်မဟုတ် ဝိပဿနာအတု မျှဖြစ်ကြောင်း သိရပါတယ်၊ ဘယ် ဟာလိုလဲဆိုယင်၊ ဒီဃနိကာယ အဌကထာ (၂၅၄)မှာပင် ပြထားတဲ့ ပုဏ္ဏားတယောက်၏ ဝိပဿနာအတုမျိုးပါဘဲ။ အဲဒီမှာ ပြထားပုံ ကတော့—

နော စဿံ နော စ မေ သိယာတိ ပဝတ္တာ- ငါမရှိငြားအံ့၊ ငါ့ဥစ္စာလဲ မရှိရာဟု ဆင်ခြင်လျက်ဖြစ်သော၊ ယာ သော ဒုဗ္ဗလ ဝိပဿနာ- အကြင်အားနည်းသော ဝိပဿနာသည်ရှိ၏၊ သာ-ထို အားနည်းသော ဝိပဿနာသည်၊ ယသ္မာ အတ္တသိနေဟံ ပရိယာ ဒါတုံ န သက္ကောတိ၊ တသ္မာ- အတ္တတဏှာကို ကုန်စေရန် မစွမ်းနိုင်သောကြောင့်၊ အဿုတဝတော ပုထုဇ္ဇနဿ-အကြား အမြင်မရှိသောပုထုဇဉ်၏၊ တာသော နာမ- ပူပန်ခြင်းမည်သည်၊ ဟောတိ-ဖြစ်၏။ ဟိ-မှန်၏၊ သော- ထိုသို့သော ပုထုဇဉ်သည်၊ အဟံ-ငါသည်၊ ဣဒါနိ-ယခုအခါ၌၊ ဥစ္ဆိဇ္ဇိဿာမိ- ပြတ်စဲသွား တော့မည်၊ နဒါနိ ကိဉ္စိ ဘဝိဿာမီတိ- ယခုအခါ တစုံတရာမျှ မဖြစ်ရတော့အံ့ဟူ၍၊ အတ္တာနံ-မိမိကိုယ်ကို၊ ပပါတေ ပတန္တံ ဝိယ ပဿတိ- ချောက်ကမ်းပါးသို့ ကျသွားသကဲ့သို့ ထင်မြင်တတ်၏။ အညတရော ဗြာဟ္မဏော ဝိယ- ပုဏ္ဏားတယောက်ကဲ့သို့ပင်တည်း။ လောဟပါသာဒဿ ဟေဋ္ဌာ- ကြေးပြာသာဒ် ကျောင်းတော် အောက်ထပ်၌၊ တိပိဋက စူဠနာဂတ္ထေရော- တိပိဋက စူဠနာဂ မထေရ်သည်၊ တိလက္ခဏာဟတံ- အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ

သုံးပါးထိစပ် ပါဝင်သော၊ ဓမ္မ-တရားကို၊ ပရိဝတ္တေတိ ကိရ-ပြန်ဆိုရွတ်ဖတ် နေပါသတဲ့။ အထ- ထိုသို့ ပြန်ဆိုရွတ်ဖတ်နေစဉ် အခါ၌၊ ဧကေမန္တေ ဌတွာ ဓမ္မံ သုဏန္တော- တနေရာ၌ တည်၍ တရားကို နာနေသော၊ အညတရော ဗြာဟ္မဏော- တဦးသော ပုဏ္ဏားအား၊ သင်္ခါရ- ရုပ်နာမ်သင်္ခါရတို့သည်၊ သုညတော- အတ္တမှဆိတ်သောအားဖြင့်၊ ဥပဋ္ဌဟိံသု- ထင်ပေါ်ကြပါသတဲ့။ သော- ထိုပုဏ္ဏားသည်၊ ပပါတေ- ကမ်းပါးပြတ်၌၊ ပတန္တော ဝိယ ဟုတွာ- ကျသွားသလို ဖြစ်သောကြောင့်၊ ဝိဝဋ္ဋဒွါရေန-ပုဝင့်နေသော တံခါးဖြင့်၊ တတော ပလာယိတွာ- ထို ကြေး ပြာသာဒ်မှ ပြေးသွားခဲ့၍၊ ဂေဟံ ပဝိသိတွာ- သူ့ အိမ်သို့ဝင် ပြီးလျှင်၊ ပုတ္တံ ဥရေ သယာပေတွာ- သူ့သားကို ရင်ခွင်၌အိပ် စေ၍၊ "တာတ- ချစ်သား၊ သကျသမယံ အာဝဇ္ဇန္တော- သာ ကီဝင်ဘုရား၏ အယူကို ဆင်ခြင်မိသောငါသည်၊ ဝါ- ဆင်ခြင် မိသောကြောင့်၊ မနမ္ပိ နဋ္ဌော- ပျက်စီးလုမတတ်ဖြစ်သွားသည်၊" ဣတိ အာဟ- ဤသို့ပြောဆိုပါသတဲ့။

ရွတ်ဖတ်နေသော တရားသံကို နားထောင်ယင်း ဆင်ခြင်ပြီး ဖြစ်တဲ့ ပုဏ္ဏား၏ ဝိပဿနာဟာ ဝိပဿနာအစစ်မဟုတ် အတုမျှ သာ ဖြစ်ကြောင်း ထင်ရှားပါတယ်။ ဒီလို ဝိပဿနာ အတုကို အဋ္ဌကထာမှာ ဒုဗ္ဗလဝိပဿနာ လို့ဆိုတာဘဲ၊ နာမရူပ ပရိစ္ဆေဒ ဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ် စသည် ဖြစ်ရိုးဖြစ်စဉ်ဖြင့် ဖြစ်သော ဝိပဿနာ အစစ်ကိုတော့ အားမကောင်း သေးယင် တရုဏ-နုသော ဝိပဿနာလို့သာ ဆိုပါတယ်။ ဒါကြောင့် ပစ္စယပရိဂ္ဂဟ

ဉာဏ်မပါဘဲ ခုန်ကျော်ပြီးရှုဆင်ခြင်တဲ့ အရှင်ဆန္ဒ၏ ဒုဗ္ဗလဝိပဿနာ ဆိုတာလဲ ဝိပဿနာအတုမျှသာဖြစ်ကြောင်း အလွန်ပင် ထင်ရှားနေပါတယ်။ ဒါကြောင့် ပစ္စယပရိဂ္ဂဟဉာဏ် မပါဘဲ ခုန်ကျော်ရှုတဲ့ အရှင်ဆန္ဒ၏ဝိပဿနာအတုကို အကြောင်းပြုပြီးတော့ မြင်ဆဲ ကြားဆဲ စသည်မှာ တကယ်ဖြစ်ပျက်တဲ့ ရုပ်နာမ်တွေကို သဘာဝလက္ခဏာမှစ၍ အစဉ်အတိုင်း မှန်ကန်စွာ ရှုသိနေကြတဲ့ ယောဂီတွေရဲ့ ဝိပဿနာအစစ်ကိုတော့ "ပဋိစ္စသမုပ္ပါဒ် မသိနားမလည်ဘဲနဲ့ မရှုကောင်းဘူး အားမထုတ်ကောင်းဘူး" စသည်ဖြင့် မပိတ်ပင်မတားမြစ်ကောင်းဘူး၊ "ပိတ်ပင်တားမြစ်ယင် ပဋိပတ္တိသာသနာတော်ကို ပိတ်ပင်ဖျက်ဆီးရာ ရောက်တယ်" ဆိုတာကို နားလည်ထားကြရမယ်။

ဘာကြောင့်လဲဆိုယင် ဖြစ်ခိုက်ရုပ်နာမ်ကိုရှုနေတဲ့ယောဂီများမှာ သမာဓိဉာဏ် အားရှိလာတဲ့အခါ ရုပ်နဲ့နာမ်ကို ရှေးဦးစွာ ခွဲခြားပြီးသိတယ်၊အဲဒီကနောက် "မျက်စိနဲ့အဆင်းရှိလို့မြင်တယ်၊ နားနဲ့အသံရှိလို့ ကြားတယ်၊ သွားချင်တဲ့စိတ်ရှိလို့ သွားတယ်၊ မရှုမိတဲ့ အာရုံမှာ အမှန်အတိုင်းမသိလို့ သာယာတပ်မက်တယ်၊ တပ်မက်လို့ စွဲလမ်းတယ်၊ စွဲလမ်းလို့ မိမိအလိုအတိုင်း ပြည့်စုံအောင် ပြုလုပ်အားထုတ်တယ်၊ ကံကောင်းလို့ ကောင်းတာကို ခံစားရတယ်" စသည်ဖြင့် အကြောင်းကို သိမ်းဆည်းတဲ့ - အသိဉာဏ်ဟာ သူ့အလိုလိုဖြစ်တော့တာဘဲ၊ အဲဒီလို အကြောင်းကို သိပြီးတော့မှ အဖြစ်အပျက်များ ထင်ရှားပြီး အနိစ္စ ဒုက္ခ အနတ္တ အသိဉာဏ်တွေဖြစ်ပါတယ်၊ အကြောင်းမသိဘဲနဲ့ ခုန်ကျော်ပြီး

အနိစ္စအသိဉာဏ်စသည် ဖြစ်ရိုးမရှိပါဘူး။ ဒါကြောင့် စောစောပိုင်းက ပဋိစ္စသမုပ္ပါဒ်ကို အကျယ်လေ့လာမထားပေမဲ့ အရှင်ဆန္နလို အရှုပ်အထွေးဖြစ်စရာကတော့ မရှိပါဘူး။

နောက်ပြီးတော့ အရှင်ဆန္နဟာလဲ အရှင်အာနန္ဒာ ဟောကြားတဲ့ ပဋိစ္စသမုပ္ပါဒ်တရားကို နာရတော့ ချက်ခြင်းပင် အရှုပ်အထွေး ကင်းပျောက်ပြီး ဝိပဿနာလမ်းမှန်ဖြင့် အရဟတ္တဖိုလ်ပေါက် ဆိုက်ရောက်သွားပါတယ်။ ဒါကြောင့် ဆရာသမားထံမှာ အားထုတ်နေတဲ့ယောဂီဟာ စောစောပိုင်းက သုတ လိုနေတောင်မှ တရားအားထုတ်ခါနီးမှာ ကမ္မဋ္ဌာန်းဆရာ ဟောကြားတာကို နာရပြီးတော့ သုတ ပြည့်စုံသွားနိုင်ပါတယ်၊ တရားအားထုတ်နေဆဲမှာ အရှုပ်အထွေး ပေါ်လာယင်လဲ ကမ္မဋ္ဌာန်းဆရာက ဟောပြော ပြုပြင်ပေးတဲ့အတွက် အစစအရာရာ အဆင်ပြေသွားနိုင်ပါတယ်။ ဒါကြောင့် ဆရာသမားထံ တရား အားထုတ်တဲ့ပုဂ္ဂိုလ်မှာ သုတနှင့်စပ်ပြီး စဉ်းစားစိစစ်စရာတောင် မလိုပါဘူး၊ အကယ်၍ စိစစ်ချင်သေးယင်လဲ ယခု ဘုန်းကြီးပြောခဲ့တဲ့အတိုင်း စိစစ်ရုံပါဘဲ။

အဲဒီလို စိစစ်တော့ အကျဉ်းချုပ်အားဖြင့် ဆိုယင် "ရုပ်နာမ်တရား အလုံးစုံဟာ အနိစ္စ ဒုက္ခ အနတ္တ သဘောချည်းဘဲ"လို ဒါလောက်ကြားနာဘူးယင် သုတပြည့်စုံနေကြောင်း သိရတယ်၊ နောက်ပြီးတော့ အဋ္ဌကထာမှာ ပြဆိုချက်အရဖြင့် ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ ဆိုတဲ့ ဒီသစ္စာလေးပါးကို ကြားနာဘူးယင် သုတပြည့်စုံကြောင်း သိရတယ်၊ နောက်ပြီး

တော့ ဝိသုဒ္ဓိမဂ်မဟာဋီကာအရ ဆိုယင် အကြောင်းတရားနှင့် အကျိုးတရားမျှ ရှိတယ်ဆိုတာ ကြားနာဘူးယင် အကျဉ်းအား ဖြင့် ပဋိစ္စသမုပ္ပါဒ်သုတနှင့် ပြည့်စုံကြောင်း သိရတယ်၊ အဲဒီလို စောစောက မကြားဘူးသေးတောင်မှ တရားအားထုတ်ခါနီးမှာ "ရုပ်နှင့် နာမ် ၂-ပါးမျှရှိကြောင်း၊ အကြောင်းနှင့် အကျိုး တရားမျှသာရှိကြောင်း၊ အဲဒီ ရုပ်နာမ်တွေဟာ ခဏမစဲ ဖြစ်ပျက် နေလို့ အနိစ္စ ဒုက္ခ အနတ္တ တရားချည်းဖြစ်ကြောင်း၊အဲဒီရုပ်နာမ်, အကြောင်းအကျိုး, အဖြစ်အပျက်, အနိစ္စ ဒုက္ခ အနတ္တသဘော တွေကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိရအောင် ဝိပဿနာတရားကို အား ထုတ်ရကြောင်း စသည်များကို ကမ္မဋ္ဌာန်းဆရာထံမှ ကြားရ သဖြင့် သုတ ပြည့်စုံနိုင်ပါတယ်။ အဲဒီလို သုတနှင့်ပြည့်စုံတဲ့ရဟန်း ဟာ ဘယ်လိုတရားတွေကို နှလုံးသွင်းအပ်- ရှုအပ်ပါသလဲ-လို့ အရှင်မဟာကောဋ္ဌိကမထေရ်က မေးမြန်းပါတယ်၊ အဲဒီတော့ အရှင်သာရိပုတ္တရာမထေရ်က—

သုတဝတာဝုသော ကောဋ္ဌိက ဘိက္ခုနာ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော ဒုက္ခတော။ပ။ အနတ္တတော ယောနိသော မနသိ ကာတဗ္ဗာ-စသည်ဖြင့် ဖြေကြားတော်မူပါတယ်။

အာဝုသော ကောဋ္ဌိက-ငါ့ရှင်ကောဋ္ဌိက၊ သုတဝတာ-တရား အားထုတ်ရန် အကြားအမြင် သုတနှင့်ပြည့်စုံသော၊ ဘိက္ခုနာ-ရဟန်းသည်၊ ပဉ္စုပါဒါနက္ခန္ဓာ-ငါးပါးသော ဥပါဒါနက္ခန္ဓာ တို့ကို၊ အနိစ္စတော-မမြဲဟူ၍ရင်း၊ ဒုက္ခတော-ဆင်းရဲဟူ၍ရင်း။ပ။ အနတ္တတော-အစိုးရသည့် အတ္တကောင်မဟုတ်-သဘောတရားမျှ

ဟူ၍၎င်း၊ ယောနိသော - သင့်သော အကြောင်းအားဖြင့်၊ ဝါ-နည်းမှန်လမ်းမှန်အားဖြင့်၊ မနသိကာတဗ္ဗာ-နှလုံးသွင်းအပ်-ရှုအပ်ကုန်၏-တဲ့။

သီလဝန္တသုတ်မှာ သီလနှင့်ပြည့်စုံတဲ့ ရဟန်းအတွက် ရှုပုံကို ပြတယ်၊ သုတဝန္တသုတ်မှာတော့ သုတနှင့်ပြည့်စုံတဲ့ရဟန်းအတွက် ရှုပုံကို ပြတယ်၊ အမှန်စင်စစ်ကတော့ သီလရော သုတရော နှစ်ပါးလုံးပြည့်စုံမှ ဝိပဿနာတရားကို အားထုတ်ရပါတယ်၊ ဒါကြောင့် အဲဒီနှစ်သုတ်လုံးကိုပေါင်းပြီး ဘုန်းကြီးက ဖွင့်ပြ ဟောကြားနေပါတယ်။ အဲဒီမှာ ဆောင်ပုဒ်က "သီလ, သုတာ၊ စုံသူမှာ၊ ဘယ်ဟာ ရှုအပ်ပါသနည်း။ စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာ ရှုအပ်ပါသတည်း"တဲ့။ အဲဒါကို ဆိုကြရမယ်။

အမေးနှင့် အဖြေ ဆောင်ပုဒ်

(၁) သီလ, သုတာ၊ စုံသူမှာ၊ ဘယ်ဟာ ရှုအပ်ပါသနည်း။
(၂) စွဲလမ်း နိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာ ရှုအပ်ပါသတည်း။

သီလရော သုတရော ပြည့်စုံယင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်တွေ့မြင်ပြီး ရောက်ချင်တဲ့သူဟာ ဥပါဒါနက္ခန္ဓာခေါ်တဲ့ စွဲလမ်းနိုင်တဲ့ ရုပ်နာမ်တရားတွေကို အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာတို့ဖြင့် အမှန်အတိုင်းသိအောင် ရှုအပ်ပါတယ် တဲ့။ စွဲလမ်းနိုင်တဲ့ ရုပ်နာမ်ခန္ဓာတွေဆိုတာ မြင်တိုင်း ကြား

တိုင်း တွေ့တိုင်း သိတိုင်း မိမိတို့သန္တာန်မှာ ထင်ရှားပေါ်နေတဲ့ တရားတွေဘဲ။ အဲဒါတွေကို တပို့တွဲလကွယ်နေ့က အသေးစိတ် ခွဲခြမ်းဝေဘန်ပြီး ပြောခဲ့ပါပြီ။ ယခု အကျဉ်းချုပ် ထပ်ပြီး ပြောဦးမည်။

## ရှုအပ်သော ဥပါဒါနက္ခန္ဓာ

အဲဒီရှုအပ်တဲ့ ဥပါဒါနက္ခန္ဓာတွေဟာ အကျဉ်းအားဖြင့် ရုပ်တရားနဲ့ နာမ်တရား ဒီ ၂-ပါးပါဘဲ။ ရုပ်တရားဆိုတာ ထင်ရှားတွေနေရတဲ့ အရာဝတ္ထုတွေဘဲ၊ မျက်စိဖြင့် မြင်ပြီးတော့လဲ ထင်ရှားတွေ့ရတယ်၊ နားဖြင့် ကြားပြီးတော့လဲ ထင်ရှား တွေ့ရတယ်၊ နှာခေါင်းဖြင့် နံပြီးတော့လဲ ထင်ရှားတွေ့ရတယ်၊ လျှာဖြင့် စားသောက်ပြီးတော့လဲ ထင်ရှားတွေ့ရတယ်၊ ကိုယ်ဖြင့် ထိသိပြီးတော့လဲ ထင်ရှားတွေ့ရတယ်၊ နောက်ပြီးတော့ မျက်စိ နား နှာ လျှာ ကိုယ်အကြည် ဆိုတာတွေကလဲ ရုပ်တရားတွေဘဲ၊ အဲဒါတွေလဲ ထင်ရှားတွေ့ရတာတွေဘဲ။ အဲဒါတွေဟာ အအေး အပူ စသော ဆန့်ကျင်ဘက်နှင့် ထိတွေ့တဲ့အခါ တမျိုးတမည် ဖောက်ပြန်တတ်လို့ သူတို့ကို ရူပ-ရုပ်လို့ခေါ်တယ်။ ဒါကြောင့် ခန္ဓဝဂ္ဂသံယုတ် ခဇ္ဇနီယသုတ် (၇၁) မှာ မြတ်စွာဘုရားရှင်က ဒီလို ဟောတော်မူပါတယ်။

## ဖောက်ပြန်တတ်လို့ ရုပ်ခေါ်သည်

ကိဉ္စ ဘိက္ခဝေ ရူပံ ဝဒေထ၊ ရုပ္ပတီတိ ခေါ
ဘိက္ခဝေ တသ္မာ ရူပန္တိ ဝုစ္စတိ။ ကေန ရုပ္ပတိ။

သီတေနပိ ရုပ္ပတိ၊ ဥဏှေနပိ ရုပ္ပတိ၊ ဇိဃစ္ဆာယပိ ရုပ္ပတိ၊ ပိပါသာယပိ ရုပ္ပတိ၊ ဍံသ မကသ ဝါတာတပ သရီသပသမ္ဖဿေနပိ ရုပ္ပတိ။ ရုပ္ပတီတိ ခေါ ဘိက္ခဝေ တသ္မာ ရူပန္တိ ဝုစ္စတိ-တဲ့။

ဘိက္ခဝေ-ရဟန်းတို့၊ ကိဥ္စ-အဘယ့်ကြောင့်၊ ရူပံ- ရုပ်ဟု၊ ဝဒေထ-ဆိုကြပါသနည်း။ ဘိက္ခဝေ-ရဟန်းတို့၊ ရုပ္ပတိ-ဖေါက်ပြန်တတ်၏၊ ဣတိ တသ္မာ-ဤသို့ဖေါက်ပြန်တတ်သောကြောင့်၊ ရူပန္တိ-ရုပ်ဟူ၍၊ ဝုစ္စတိ-ခေါ်ဆိုအပ်ပေသည်။ (ဖေါက်ပြန်တတ်သောကြောင့် ရုပ်လို့ခေါ်ရပါတယ်တဲ့၊ ပျက်ခြင်းဆိုတဲ့ ဘင်ခဏအားဖြင့် ဖေါက်ပြန်တတ်သောကြောင့် ရုပ်လို့ ခေါ်ရတာပါလားလို့ ဆိုတော့၊ အဲဒီလို ရုပ်တိုင်း ရုပ်တိုင်း ပျက်ပျက်ပြီး ဖေါက်ပြန်တတ်လို့ မဟုတ်ဘူး၊ ဆန့်ကျင်ဘက်အကြောင်းနဲ့ တွေ့တဲ့အခါမှာ တမျိုးတမည် အထင်အရှား ပြောင်းလဲဖေါက်ပြန်တတ်လို့ ရုပ်ခေါ်တယ်ဆိုတာ ရှင်းလင်းပြတ်သားစွာ သိစေလိုတဲ့အတွက် အမေးအဖြေဖြင့် ဒီလိုဆက်လက်ပြီး ရှင်းပြတော်မူပါတယ်။) ကေန ရုပ္ပတိ- အဘယ်အကြောင်းကြောင့် ဖေါက်ပြန်သနည်းဟူမူ၊ သီတေနပိ ရုပ္ပတိ-အအေးကြောင့်လဲ ဖေါက်ပြန်တတ်၏၊ ဥဏှေနပိ ရုပ္ပတိ-အပူကြောင့်လဲ ဖေါက်ပြန်တတ်၏၊ ဇိဃစ္ဆာယပိ ရုပ္ပတိ-ဆာလောင်ခြင်းကြောင့်လဲ ဖေါက်ပြန်တတ်၏၊ ပိပါသာယပိ ရုပ္ပတိ-ရေငတ်ခြင်းကြောင့်လဲ ဖေါက်ပြန်တတ်၏၊ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿေနပိ ရုပ္ပတိ-မှက်ကိုက်ခြင်း ခြင်ကိုက်ခြင်း လေဆိုးလေကြမ်းထိပါး

နှိပ်စက်ခြင်း နေပူသောင်ခြင်း မြွေကင်း စသည် ကိုက်ခဲထိပါး ခြင်းကြောင့်လဲ ဖောက်ပြန်တတ်၏။ ဘိက္ခဝေ- ရဟန်းတို့၊ ရုပ္ပတီတိ ခေါ တည္ဗာ-ဖောက်ပြန်တတ်သောကြောင့်၊ ရူပန္တိ ဝုစ္စတိ-ရုပ်ဟု ခေါ်ဆိုအပ်ပေသည်-တဲ့။

ဒီပါဠိနှင့် မြန်မာပြန်အနက်ကို ကြည့်ပြီးဆင်ခြင်ရုံမျှဖြင့်ပင် ပထဝီ အာပေါ တေဇော ဝါယော အဆင်း အသံ အနံ့ မျက်စိ နား နှာ အစရှိသော ရုပ်တရားဟာ ဆန့်ကျင်ဘက် အကြောင်းနဲ့ တွေ့ထိသောအခါ မူလကအတိုင်း မဟုတ်တော့ပဲ တမျိုးတမည် ပျက်စီးဖောက်ပြန်သွားတယ်၊ ဒီလို တမျိုးတမည် အထင်အရှား ပြောင်းလဲဖောက်ပြန်တတ်သောကြောင့် ရုပ်လို့ ခေါ်ရတယ်ဆိုတာဟာ ပေါ်လွင်ထင်ရှားနေပါတယ်။ ဒါထက် ပိုပြီးထင်ရှားအောင် အဋ္ဌကထာက ဖွင့်ပြထားပုံကိုလဲ ထုတ်ပြ ပါဦးမယ်။

## အအေးကြောင့် ဖောက်ပြန်ပုံ

အအေးကြောင့် ဖောက်ပြန်တာဟာ လောကန္တရိက်ငရဲ၌ ထင်ရှားပါတယ်တဲ့၊ လောကန္တရိက်ငရဲ ဆိုတာ စကြဝဠာ သုံးခု သုံးခုတို့၏ အကြားမှာ ရှိတယ်လို့ ဆိုပါတယ်၊ အဲဒီမှာ ငရဲခံနေရတဲ့ သတ္တဝါတွေဟာ မှောင်ကြီးမဲမဲထဲမှာ တကောင်နဲ့ တကောင် ဖမ်းစားကြဘို့ အားထုတ်ကြယင်း စကြဝဠာတောင် ကမ်းပါးမှ ပြုတ်ကျပြီးတော့ အလွန်အေးတဲ့ ရေထဲကျရောက် သွားကြပါသတဲ့၊ ကျရောက်လျှင် ကျရောက်ချင်း အရေပျော် သွားပြီး တဖန် တောင်ကမ်းပါးမှာ ပြန်ဖြစ်နေရပြန်သတဲ့။

ဒါကတော့ စာတွေမှာသာ မျက်မြင်ကိုယ်တွေ့တော့ မဖြစ်နိုင်ဘူး၊ ဒါကြောင့် မျက်မြင်ကိုယ်တွေ့ဖြစ်နိုင်တဲ့ ဖေါက်ပြန်ပုံကိုလဲ ဒီလိုပြထားပြန်ပါတယ်။ အိန္ဒိယ အနောက်တောင်ပိုင်း မဟိသကတိုင်း စသည်တို့မှာ ဆီးနှင်းကျချာဌာနတွေ၌ အချို့သတ္တဝါတွေဟာ အအေးဒဏ်ကြောင့် သေကြေ ပျက်စီးကြပါသတဲ့။ ဒါကတော့ အဲဒီအရပ်က လူတွေမှာ မျက်မြင်ကိုယ်တွေ့ဖြစ်ပြီး ထင်ရှားနေမှာပါဘဲ၊ တခြားအရပ်ကလူတွေလဲ အဲဒီအရပ် အဲဒီ အေးတဲ့ရာသီမှာ သွားကြည့်ယင် အအေးကြောင့် ရုပ်ဖေါက်ပြန်ပုံကို မျက်မြင်ကိုယ်တွေ့ဖြစ်နိုင်ပါတယ်။ ရှေးတုန်းက မဟိသကတိုင်းလို့ ခေါ်တဲ့အရပ်ဟာ ယခု ပူနာမြို့စသည်တို့ တည်ရာ အရပ်တွေပါဘဲ၊ ယခုလဲ ဆောင်းရာသီမှာ အလွန်အေးတယ်လို့ဘဲ ကြားသိရပါတယ်၊ ပင်လယ်ရေမျက်နှာပြင်မှ ပေပေါင်း ခြောက်ထောင်ကျော် မြင့်တယ်ဆိုတော့ အေးမှာပါဘဲ၊ မြန်မာပြည်ထဲက ပေလေးထောင်ကျော်မြင့်တဲ့ တောင်ကြီး မိုးကုတ် ကြပ်ပြင်တို့ ဆိုတဲ့အရပ်တွေမှာတောင် အလွန်အေးတာကိုတွေ့ရပါတယ်၊ အငတ်ခိုးထည် စသည်မပြည့်စုံယင် အအေးဒဏ်ကြောင့် သေနိုင်ပါတယ်၊ကယားပြည်နယ် တောင်ပေါ်အရပ်က ပဒေါင် အဘိုးကြီး အဖွားကြီးတွေ့အချို့ဟာ ဆောင်းရာသီမှာ အအေးဒဏ်ကြောင့် သေကြတယ်လို့ ကြားဘူးတယ်၊ အဲဒီရာသီကို ပဒေါင်သေတဲ့လလို့တောင် ပြောဆိုလေ့ရှိကြတယ် ဆိုဘဲ။

အလွန်အေးတဲ့ အရပ်ဒေသတွေမှာ ရေလဲခဲသွားတယ်၊ အုန်းဆီခဲတာကိုဘော့ မြန်မာပြည်အလယ်ပိုင်း ဆောင်းရာသီမှာ တွေ့

ကြရပါတယ်၊ အဲဒါလဲ အအေးကြောင့် ဖေါက်ပြန်တာပါဘဲ၊ နောက်ပြီးတော့ အလွန်အေးတဲ့ရာသီမှာ သေလောက်အောင် မဟုတ်တောင်မှ မိမိတို့ကိုယ်ထဲက ရုပ်တွေ အယင်ကလိုမဟုတ်ပဲ တမျိုးတမည် ဖြစ်သွားတာကိုတော့ တွေ့ကြရမှာချည်းပါဘဲ၊ အဲဒါလဲ အအေးကြောင့် ဖေါက်ပြန်တာဘဲ၊ လိုရင်းအတိုချုပ် မှတ်ထားဘို့ကတော့ ပူအိုက်နေစဉ် ပူနွေးစဉ်က ရုပ်ဖြစ်စေ၊ အအေးအပူညီမျှစဉ်က ရုပ်ဖြစ်စေ ရေအေး လေအေး စသည် အအေးဓာတ်နှင့် တွေ့ထိတဲ့အခါ အေးစက်ပြီး တမျိုးဖြစ်သွားတယ်၊ ဒါလဲ အအေးကြောင့် ဖေါက်ပြန်တာဘဲ၊ အဲဒီလို အအေးနဲ့ တွေ့ထိပြီး တမျိုးတမည် ဖြစ်သွားတာကို အအေးကြောင့် ဖေါက်ပြန်တယ်လို့ ဆိုလိုတာပါဘဲ။

## အပူကြောင့် ဖေါက်ပြန်ပုံ

အပူကြောင့် ဖေါက်ပြန်ပုံကိုတော့ အဝီစိငရဲကြီးမှာ ထင်ရှားတယ်လို့ အဋ္ဌကထာက ပြဆိုထားပါတယ်။ မျက်မြင်ကိုယ်တွေ့ဖြစ်နိုင်တာကတော့ နွေရာသီမှာ အပူဓာတ်ကြောင့် ချွေးများထွက်ပြီး ဖေါက်ပြန်တာ၊ မီးလောင်သို့ အနာတရဖြစ်ပြီး ဖေါက်ပြန်တာ၊ လျှပ်စစ်ဓာတ်ငွေ့အပူလောင်ပြီး ဖောက်ပြန်တာ-ဒီလိုဖောက်ပြန်တာတွေဟာ အပူကြောင့် ဖေါက်ပြန်တာတွေပါဘဲ။ အဲဒီရာသီဥတုအပူ၊ မီးအပူ ဓာတ်ငွေ့အပူတို့ကြောင့် သေသည်အထိလဲ ဖောက်ပြန်သွားနိုင်ပါတယ်၊ အအေးထင်ပြီး ရုတ်တရက်သောက်မိလို့ ဟင်းရေပူ လွှက်ရည်ပူလောင်ပြီး လျှာ

အာခေါင် တမျိုးတမည်ဖြစ်သွားတာလဲ အပူကြောင့် ဖောက်ပြန်တာဘဲ၊ အေးတဲ့အခန်းထဲမှ ပူအိုက်တဲ့နေရာရောက်သွားလို့ ပူအိုက်ပြီး ချွေးကျတာလဲ အပူကြောင့် ဖောက်ပြန်တာဘဲ။

## ဆာလောင်ခြင်း စသည်ကြောင့် ဖေါက်ပြန်ပုံ

ဆာလောင်ခြင်းကြောင့် ဖောက်ပြန်ပုံကတော့ ပြိတ္တာဘုံမှာ ထင်ရှားပါသတဲ့၊ လူ့လောကမှာလဲ အငတ်ဘေး သင့်တဲ့အခါ ထင်ရှားပါသတဲ့၊ စားချိန်တန်ပါလျက် မစားရပဲ အလွန်ဆာနေတဲ့အခါ ကိုယ်တိုင်တွေ့အားဖြင့်လဲ ဖောက်ပြန်ပုံကို သိနိုင်ပါတယ်။ ရေငတ်လို့ ဖောက်ပြန်ပုံကတော့ ကာလကဉ္စိက အသုရကာယ်ဘုံ စသည်မှာ ထင်ရှားပါသတဲ့၊ တချိန်က ကာလကဉ္စိက အသုရကာယ် တဦးဟာ ရေဆာလွန်းလို့ ရေသံကြားရာလိုက်ပြီး ရှာနေတယ်၊ ဂင်္ဂါမြစ်ရေပေါ် ရောက်နေတဲ့အခါလဲ ရေပြင်က သူ့မှာ ကျောက်ဖျာလိုဖြစ်နေသတဲ့၊ တညလုံးပြေးလွှားပြီးရှာနေလိုက်တာ နံနက်လင်းသွားပါရောတဲ့၊ အဲဒီအခါ ဆွမ်းခံသွားရန် ကြွလာတဲ့ ရဟန်းသုံးကျိပ်က တွေ့မြင်ကြလို့ မေးကြည့်တော့ ရေရှာနေတဲ့ အသုရကာယ်ပြိတ္တာ ဖြစ်ကြောင်း ပြန်ကြားတယ်၊ ဒီဂင်္ဂါမြစ်ထဲမှာ ရေတွေပြည့်နေတာဘဲ မတွေ့ဘူးလားလို့ မေးတော့ မတွေ့ကြောင်း မသုံးစွဲရကြောင်း ပြန်ကြားတယ်။ အဲဒီတော့ သဲသောင်ပြင်ပေါ်မှာ ပက်လက်အိပ်စေပြီးတော့ ရဟန်းသုံးကျိပ်က သပိတ်များဖြင့်ခပ်ယူပြီး သူ့ပါးစပ်ထဲ ရေလောင်းထည့်ပေးကြတယ်၊ အချိန်က နာရီဝက်နီးပါးလောက် ကြာသွားဟန်ရှိပါတယ်၊ အဲဒီအခါ ဆွမ်းခံသွားချိန်ကျလို့ ရေပေးတဲ့

အလုပ် ရပ်နားပြီးတော့ "ဘယ့်နှယ်လဲ ရေတော်တော်ဝပါပြီလား"လို့ မေးကြည့်ကြတယ်၊ အရှင်ဘုရားတို့ လောင်းထည့်ပေးတဲ့ရေဟာ အကျွန်ုပ်၏ လည်ချောင်း အတွင်းဘက်သို့ လက်တဆွန်းစာလောက် ရောက်တယ်ဆိုယင် ပြိတ္တာဘဝမှမလွတ်ရဘဲ ရှိပါစေလို့ ကျိန်ဆိုပြီး ပြောသတဲ့၊ ဘယ်လောက် ဆင်းရဲရှာမယ်ဆိုတာ စဉ်းစားသာ ကြည့်ကြပေတော့။ အဲဒါကတော့ စာတွေ့မျှဘဲ၊ ကိုယ်တွေ့သိချင်ယင်တော့ ရေရှားတဲ့ အရပ်သွားပြီး စုံစမ်းကြည့်ရှု နိုင်ပါတယ်၊ ရှေးနှစ်ပေါင်း တရာကျော်လောက်ဆီက ဘုန်းကြီးတို့၏ ဇာတိအရပ် ဆိပ်ခွန်ရွာရဲ့ အရှေ့တောင်ဘက် တာလေးငါးရာလောက်ကွာတဲ့ ခုနစ်ခေါက်ကုန်းဆိုတဲ့ အရပ်မှာ ခရီးသည်တယောက် ရေငတ်ပြီး သေဘူးတယ်လို့ကြားဘူးတယ်။ ရေအလွန်ဆာငတ်နေတဲ့အခါ မဂသေတောင်ရပ်တွေ တမျိုးတမည် ဖောက်ပြန်နိုင်ပါတယ်။

## ခြင် မှက် စသည်ကြောင့် ဖောက်ပြန်ပုံ

မှက်ပေါတဲ့ တောအရပ်တွေမှာ မှက်ကိုက်လို့ ဖောက်ပြန်တယ်၊ ခြင်ကိုက်လို့ ယားယံဖူးရောင်ပြီး အသားအရေ ဖောက်ပြန်ပုံကိုတော့ ကိုယ်တိုင် တွေ့ဘူးကြမှာချည်း ပါဘဲ။ ဗိုက်ထဲကျောထဲက လေထိုးနှိပ်စက် ခံရတဲ့သူမှာ လေရောဂါဖြစ်ပြီး ရုပ်တွေဖောက်ပြန်တယ်၊ တချို့မှာ သေသွားသည်အထိ ဖောက်ပြန်တယ်၊ အပြင်ကေ လေပူ လေအေးတိုက်လို့ ဖောက်ပြန်ပြီး

မကျန်းမမာဖြစ်ဘာလဲ ရှိဘာဘဲ။ နေပူရောင်ကြောင့် ဖောက်ပြန်တာ ကတော့ သဲကန္တာရစသည်မှာ ထင်ရှားပါတယ် တဲ့၊ သဲကန္တာရမှာ ဟိုရှေးတုန်းက ခရီးသည်တွေဟာ နေ့အခါ တဲအိုကလေးများလုပ်ပြီး နေခိုနေရဘယ်၊ ညဥ့်အခါမှ ခရီးသွားကြရတယ်၊ တခါတလေကတော့ မိန်းမတယောက်ဟာ ခရီးသည်အုပ်စုထဲမှာ ကွဲပြီး ကျန်နေရစ်တယ်၊ ခိုလှုံစရာ မရှိတဲ့အတွက် နေပူထဲမှာဘဲ နေရဘယ်၊ သဲတွေကအလွန်ပူလာတော့ ခေါင်းပေါ်က တောင်းကိုချပြီး အဲဒီတောင်းပေါ်မှာနေရတယ်၊ အဲဒီတောင်းက ပူလာ ပြန်တော့ အဝတ်ကိုချပြီး အဲဒီအဝတ်ပေါ်မှာ နေရတယ်။ အဝတ်က အလွန်ပူလာလို့ မနေသာလှတော့ ရင်ခွင်က သားငယ်ကလေးကို ချပြီးတော့ ငိုယို မြည်တမ်း နေတဲ့ သားငယ်ကလေးပေါ်မှာ တက်ပြီးနေယင်း သားအမိ ၂-ဦးလုံး နေပူလောင်ပြီး သေဆုံးသွားကြရရှာပါသတဲ့။ အဲဒါကို အကြောင်းပြုပြီးတော့ "ကိုယ်မချယင် အမိတောင်မှ သားတော်ခဲတယ်" ဆိုတဲ့ ဗမာစကားပုံ ဖြစ်လာခဲ့ပါတယ်။ နွေရာသီမှာ အေးမြတဲ့ အရိပ်အာဝါသထဲမှ နေပူထဲထွက်လိုက်တာနဲ့ ကိုယ်မှာ ပူအိုက်ပြီး ချွေးတွေထွက်လာတာကိုတော့ အများအားဖြင့် တွေ့ဘူးကြမှာ ချည်းပါဘဲ၊ အဲဒါဟာ နေပူကြောင့် ရုပ်ဖောက်ပြန်တာပါဘဲ။ မြွေကင်းစသည်ကြောင့် ဖောက်ပြန်ပုံကတော့ ထင်ရှားပါတယ်၊ မြွေအကိုက်ခံရယင် သေသည်အထိ ဖောက်ပြန်တတ်တယ်၊ ကင်းကိုက်ယင်လဲ နာကျင်ရောင်ရမ်းပြီးဖောက်ပြန်တာဘဲ၊ အောက်ထစ်ဆုံး ပရွက်ဆိတ် ကိုက်ယင် ခူကောင်နဲ့ ထိမိယင် တောင်မှ ယားယံဖူးရောင်ပြီး ဖောက်ပြန်တာဘဲ။

## ရုပ်တိုင်း ဖောက်ပြန်သည်မဟုတ်

ယခုထုက်ပြခဲ့တဲ့ ပါဠိတော် အဋ္ဌကထာများနှင့်အညီ ဆန့်ကျင်ဘက် အအေး အပူ စသည်တို့နှင့် တွေ့ထိတဲ့အခါ တမျိုးတမည် ဖောက်ပြန်တတ်သောကြောင့် ရုပ်-လို့ ခေါ်တယ်ဆိုတာကို သေသေချာချာ မှတ်ထားကြရမယ်၊ အဲဒီလို ရုပ်ဖောက်ပြန်ပုံကလဲ ဝိပဿနာဖြင့်သိရတာကို ဆိုလိုတာ မဟုတ်ဘူး၊ ပကတိလူတွေ ပကတိမျက်စိ စသည်ဖြင့် သိရတဲ့ ဖောက်ပြန်ပုံ ကိုသာ ဆိုလိုပါတယ်။

တချို့က "ရုပ်တရားဟာ ရုပ္ပန (ဖောက်ပြန်ခြင်း) လက္ခဏာရှိတယ်"ဆိုတဲ့ အဋ္ဌကထာစကားကို အမှီပြုပြီးတော့ "ဖောက်ပြန်ခြင်းသာ ရုပ်အစစ်ဖြစ်တယ်၊ မာကြမ်းတာ ပူတာ ထောက်ကန်တောင့်တင်းတာ ကြည်လင်တဲ့မျက်စိ မြင်ရတဲ့အဆင်း- စသည်တွေက ရုပ်အစစ်မဟုတ်ဘူး ပညတ်တွေ"လို့ ဉာဏ်ကွန့်ပြီး ပြောနေကြတယ်၊ လူဝတ်ကြောင် ကမ္မဋ္ဌာန်းဆရာတယောက်ကတော့ ကာယာနုပဿနာ သတိပဋ္ဌာန်၏ ရှုကွက် ကာယ ကိုတောင် ဖောက်ပြန် လို့ ပြဆိုထားသေးတယ်၊ အဲဒီလို ပြောဟောပြဆိုပုံတွေဟာ ယခု ထုတ်ပြခဲ့တဲ့ ပါဠိအဋ္ဌကထာ တွေကို ကောင်းကောင်း သဘောမပေါက်လို့ပါဘဲ။ အမှန်မှာတော့ ရုပ်က ဖောက်ပြန်တယ်ဆိုပေမဲ့ ရုပ်တိုင်း ရုပ်တိုင်း ဖောက်ပြန်တယ်လို့ မဆိုလိုပါဘူး၊ ဆန့်ကျင်ဘက်နဲ့မတွေ့ရဘဲ အကြောင်း ညီညွတ်နေသမျှ ကာလပတ်လုံး ရုပ်တွေဟာ မူလရှိရင်းအတိုင်း ဖြစ်မြဲ

ဖြစ်ပြီး တည်နေပါတယ်၊ အအေး အပူ စသော ဆန့်ကျင်ဘက် အကြောင်းနဲ့ တွေ့တဲ့အခါကျမှ တမျိုးတမည် ဖြစ်သွားတယ်၊ အဲဒီလို တမျိုးတမည် ဖြစ်သွားတာကိုပင် ဖောက်ပြန်တယ်လို့ ဆိုတာပါဘဲ။ ဒီနေရာမှာ သေချာသည်ထက် သေချာအောင် ဝိသုဒ္ဓိမဂ်မဟာဋီကာ(ဒု-၈၆)အဖွင့်ကို ထုတ်ပြပါဦးမယ်။

ဘေဿ- ဤရုပ်အား၊ ရုပ္ပနံ-ဖောက်ပြန်ခြင်း ဟူသော၊ လက္ခဏံ- မှတ်ကြောင်း လက္ခဏာသည်၊ ဝါ- မှတ်အပ်သော သဘောသည်၊ အတ္ထိ- ရှိ၏၊ ဣတိ-ထို့ကြောင့်၊ ရုပ္ပနလက္ခဏံ-မည်၏။ တတ္ထ-ဤအရာ၌၊ ရုပ္ပနဥ- ဖောက်ပြန်ခြင်း ဟူသည်မှာ လည်း၊ သီတာဒိဝိရောဓိပစ္စယ သန္နိပါတေ- အအေးစသော ဆန့်ကျင်ဘက် အကြောင်းတို့နှင့် ပေါင်းဆုံမိလတ်သော်၊ ဝိသဒိသုပ္ပတ္တိ- ရှေးရုပ်အစဉ်နှင့်မတူသော နောက်ရုပ်အစဉ်၏ ဖြစ်ခြင်း ပင်တည်း။(ဒီ ဋီကာအဖွင့်ဟာလဲ ဘုရားဟောပါဠိတော်နှင့်အညီ အလွန်ပင် ရှင်းလင်းပြတ်သားပါတယ်။)

ယဒိ ဧဝံ- ယင်းသို့ ဖြစ်လျှင်၊ ဗြဟ္မလောကေ- ရူပဗြဟ္မာ့ လောက၌၊ ရူပသမညာ- ဖောက်ပြန်သောကြောင့် ရုပ်ခေါ်သည် ဟူသောအမည်သည်၊ ကထံ-အဘယ်သို့ဖြစ်ပါသနည်း။ တတ္ထာပိ- ထိုရူပဗြဟ္မာ့လောက၌လဲ၊ တံသဘာဝါနာတိဝတ္တနတော- ဆန့် ကျင်ဘက် အအေး စသည်နှင့် တွေ့ဆုံလျှင် ဖောက်ပြန်ခြင်း သဘောကို မကျော်လွန်သောကြောင့်၊ ဟောတိယေဝ ရူပသမညာ- ရုပ်ဟူသော အမည်ဖြစ်သည်သာတည်း-တဲ့။

ဒီစောဒနာပုံနှင့် ဖြေရှင်းပြပုံ ဋီကာစကားကို အထူးသတိပြု ကြရမယ်၊ ဗြဟ္မာ့လောကမှာ အအေးအပူစသော ဆန့်ကျင်ဘက် အကြောင်းများနှင့် မတွေ့ရတဲ့အတွက် ဗြဟ္မာ့သန္တာန်က ရုပ်တွေ ဟာ ပဋိသန္ဓေမှ စုတိကာလတိုင်အောင် တမျိုးတမည် ပြောင်းလဲ ခြင်း မရှိဘဲ ဖြစ်မြဲဖြစ်ပြီး တည်မြဲတည်နေဘယ်၊ အဲဒီ ဗြဟ္မာ့ ရုပ်တွေဟာ ဖောက်ပြန်ခြင်းမရှိသောကြောင့် "ရုပ္ပတိ- ဖောက် ပြန်တတ် သောကြောင့် ရုပ်မည်တယ်" ဆိုတဲ့ ဝေါဟာရကို ရကောင်းပါ့မလားလို့ စောဒနာပါတယ်။ တကယ် ဖောက်ပြန် ခြင်း မရှိသော်လဲ အအေးအပူစသော ဆန့်ကျင်ဘက်နှင့်တွေ့ယင် တော့ ဖောက်ပြန်နိုင်တဲ့သဘော ရှိနေတယ်၊ အဲဒီလို ဖောက်ပြန် နိုင်တဲ့သဘောကို မကျော်လွန်သောကြောင့် ရုပ-ရုပ်ဆိုတဲ့အမည် ကို ရပါတယ်တဲ့။ ဒါလောက်ဆိုယင်"ရုပ်တိုင်း ရုပ်တိုင်း ဖောက် ပြန်နေသည်မဟုတ်၊ အအေးအပူစသော ဆန့်ကျင်ဘက်နဲ့ တွေ့တဲ့ အခါသာ ဖောက်ပြန်တယ်၊ ဖောက်ပြန် ဆိုတာလဲ မီးလောင် ခံရလျှင် မီးသွေးတို့ ပြာတို့ ဖြစ်သွားတာမျိုးလို တမျိုး တမည် ဖြစ်သွားတာကိုဆိုတယ်" ဆိုတာ နားလည်လောက်ပါပြီ။

## ဥပါဒါနက္ခန္ဓာမည်ပုံ အကျဉ်းချုပ်

ရုပ်ဖောက်ပြန်ပုံကို ရှင်းပြနေရတာနဲ့ အချိန်က အတော်ကုန် သွားပြီ။ ယခု ဥပါဒါနက္ခန္ဓာမည်ပုံကို အကျဉ်းချုပ်ပြောရမယ်။ အဲဒီ ဖောက်ပြန်တတ်တဲ့ရုပ်ဟာ အကြမ်းဖျင်း ပြောရယင်တော့ ထင်ရှား တွေ့နေရတဲ့ ရုပ်ကိုယ်ကြီးတခုလုံးပါဘဲ၊ သဲလုံးကလေး

ခတွေ စုပေါင်းပြီး သဲပုံကြီးဖြစ်နေသလို ရုပ်အသေးအမွှားကလေး တွေ များစွာစုပေါင်းပြီး ရုပ်ကိုယ်ကြီးအနေနဲ့ တွေ့နေကြရတာ ပါဘဲ၊ တနည်း ဥပမာအားဖြင့် ဆန်မှုန့် ဂျုံမှုန့်ကလေးတွေကို သင့်တော်လောက်တဲ့ရေနဲ့ ရောစပ်လိုက်ယင် အမှုန့်ကလေးတွေ အချင်းချင်းပေါင်းစပ်မိပြီး အတုံးအခဲကြီးဖြစ်လာတယ်၊ အဲဒီ အတုံးအခဲကြီးကို လူရုပ်လုပ်ယင် လူရုပ်ပုံသဏ္ဍာန် ဖြစ်လာတယ်၊ ဒါပေမဲ့-တတုံးတခဲတည်းတော့ မဟုတ်ဘူး၊ အမှုန့်အသေးအမွှား ကလေးတွေ များစွာစုပေါင်းပြီး တည်နေတာဘဲ၊ အဲဒီလိုပင် လူ့ကိုယ်ထဲမှာလဲ ရုပ်အသေးအမွှားကလေးတွေ များစွာစုပေါင်း ပြီး တည်နေ ပါတယ်၊ အဲဒီ ရုပ်အပေါင်း အစု ကိုယ်ကြီးကို တကိုယ်တည်းတယောက်တည်း အနေဖြင့်လဲ စွဲလမ်းနေကြတယ်၊ ငယ်ရွယ်စဉ် ကတည်းက ယခုထက်တိုင် အသက်ရှင် နေတဲ့ ငါကောင်လို့လဲ ထင်နေကြတယ်၊ ကလေးဘဝမှစ၍ တဖြေးဖြေး ချင်း ကြီးလာတယ်၊ တယောက်တည်းပဲလို့လဲ ထင်နေကြတယ်၊ နှစ်သက်သာယာပြီးတော့လဲ စွဲလမ်းနေကြတယ်။ အဲဒီလိုထင်မှတ် စွဲလမ်းနိုင်လို့ ရုပ်ကိုယ်ကြီး တခုလုံးကို ရုပ်ဥပါဒါနက္ခန္ဓာ လို့ ခေါ်ရတယ်။ မျက်စိနှင့်အဆင်း နားနှင့်အသံ စသည်၌ အသေး စိတ်အားဖြင့် စွဲလမ်းပုံကိုတော့ ပဌမပိုင်းက ခွဲခြမ်းဝေဘန်ပြခဲ့ ပါပြီ။

စိတ်ကူးကြံသိမှု မြင်သိမှု ကြားသိမှု ထိသိမှု စသော စိတ်နာမ် တရားတွေ ကိုလဲ ငါကောင်လို့ ထင်မှတ် စွဲလမ်း နေကြတယ်၊ ငါက ကြံတယ်၊ မြင်တယ်၊ ကြားတယ်၊ ထိသိတယ်၊ ကြံတာဟာ

ငါဘဲ၊ မြင်တာ ကြားတာ ထိသိတာဟာ ငါဘဲ စသည်ဖြင့် ထင်မြင် စွဲလမ်းတယ်၊ အဲဒီကြံသိမှုစသည်တွေကို နှစ်သက်သာယာပြီးတော့လဲ စွဲလမ်းတယ်။ ဒါကြောင့် အဲဒီကြံသိမှု မြင်မှု ကြားမှု ထိသိမှုစသော နာမ်တရားတွေကိုလဲ ဥပါဒါနက္ခန္ဓာတွေ ခေါ်တယ်၊ ဝေဒနာ ဥပါဒါနက္ခန္ဓာ သညာ ဥပါဒါနက္ခန္ဓာ စသည်ဖြင့် အသေးစိတ်ကိုတော့ ပဌမပိုင်းက ပြောခဲ့ပါပြီ။

## ဥပါဒါနက္ခန္ဓာတွေ ထင်ရှားရာခဏ

ဒီ ဥပါဒါနက္ခန္ဓာတွေက ဘယ်အခါထင်ရှားသလဲ ဆိုတော့ မြင်ဆဲခဏ ကြားဆဲ နံဆဲ စားသိဆဲ ထိသိဆဲ ကြံသိဆဲခဏ ဆိုတဲ့ ဒီခဏ ၆-ပါးမှာ ထင်ရှားတယ်၊ ဒီ ခဏ ၆-ပါးမှ အလွတ် ထင်ရှားတာ မရှိဘူး၊ ဒီခဏ ၆-ပါးမှာ ထင်ရှားတဲ့ ရုပ်နာမ်တွေကို မရှုနိုင်လို့ အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာဖြင့် အမှန်အတိုင်းမသိယင် အဲဒီ ထင်ရှားတဲ့ ရုပ်နာမ်တွေကို ငါကောင်အနေ ငါ့ဥစ္စာအနေဖြင့် စွဲလမ်းတော့တာဘဲ၊ ယခုလူတွေ စွဲလမ်းနေ ကြတာဟာ ဒီမြင်ရာကြားရာအစရှိတဲ့ ၆-ဌာနက ထင်ပေါ်ခဲ့တာတွေကို ပေါင်းစပ်ပြီး စွဲလမ်းနေကြတာဘဲ။ မြင်ခိုက်ကြားခိုက် စသည်မှာ ချက်ခြင်းရှုမှတ်ပြီး အမှန်အတိုင်း သိသိသွားယင်တော့ အဲဒီလို မစွဲလမ်းတော့ဘူး၊ မစွဲလမ်းယင် အားထုတ်တဲ့ ကံသင်္ခါရ မဖြစ်တော့ဘူး၊ ကံသင်္ခါရမရှိယင် ဘဝအသစ်ဖြစ်ခြင်း အိုခြင်း သေခြင်းစသော ဆင်းရဲတွေအကုန်ကင်းငြိမ်းတယ်၊ အဲဒီလို ဆင်းရဲတွေ ကင်းငြိမ်းရအောင်လို့ စွဲလမ်းနိုင်တဲ့ ဥပါဒါနက္ခန္ဓာတွေကို မှန်စွာရှုရမယ်လို့ အရှင်သာရိပုတ္တရာမထေရ်မြတ်က ဟောကြား

တော်မူတာပါဘဲ။ကဲ-အဲဒီအမေးအဖြေ ဆောင်ပုဒ်များကို ထပ်ပြီး ဆိုကြဦးစို့။

(၁) သီလ, သုတာ၊စုံသူမှာ၊ ဘယ်ဟာ ရှုအပ်ပါသနည်း။

(၂) စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာ ရှုအပ်ပါသတည်း။

ဘယ်လို မှန်စွာ ရှုရပါသလဲဆိုတော့- အနိစ္စတော့-မမြဲဟူ၍လဲ ရှုရမယ်တဲ့။ အဲဒီ မမြဲဟု ရှုပုံ သိမြင်ပုံကိုတော့ ပဌမပိုင်းတုန်းက ပြောခဲ့ပါပြီ။ ဒုက္ခတော-ဆင်းရဲဟူ၍လဲ ရှုရမယ်တဲ့။ အဲဒီ ဆင်းရဲလို့ ရှုပုံ သိမြင်ပုံကို ဒီကနေ့ ပြောရမယ်။

## ဆင်းရဲဟု ရှုမြင်ပုံ

မြင်ဆဲ ကြားဆဲစသည်မှာ မြင်တယ် ကြားတယ် စသည်ဖြင့် မပြတ်ရှုမှတ်နေတဲ့ ယောဂီဟာ သမာဓိဉာဏ်အားရှိလာတဲ့အခါ သိစရာရုပ်နဲ့ သိတဲ့စိတ်နာမ်ကိုလဲ ပိုင်းခြားသိတယ်၊ မျက်စိရှိလို့ မြင်တယ်၊ မြင်စရာရှိလို့ မြင်တယ် စသည်ဖြင့် အကြောင်းနဲ့ အကျိုးကိုလဲ ပိုင်းခြားသိတယ်၊ အဲဒီကနောက် ရှုမှတ်နေယင်းပင် မှတ်သိရတဲ့အာရုံရော မှတ်သိတဲ့ စိတ်နာမ်ရော အသစ်အသစ်ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားတာကို တွေ့ရလို့ မမြဲဘူး၊ မမြဲတာချည်းဘဲလို့ သဘောကျ သိမြင် သိမြင်သွားတယ်၊ အဲဒီလို မမြဲဘူးလို့ ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင် သဘောကျကျသွားတာက **အနိစ္စာနုပဿနာဉာဏ်**ဘဲ။ အဲဒီလို သိမြင်ယင် မမြဲတာတွေဟာ ဆင်းရဲဒုက္ခချည်းဘဲလို့လဲ သိတော့တာပါဘဲ။ ဒါပေမဲ့ မြင်သိမှု

ကြားသိမှု စသည်အားလုံးကို ကြောက်ဖွယ်ဒုက္ခ ဆင်းရဲတွေဘဲ လို့ နက်နက်နဲနဲ သက်ဝင်ပြီး သိဘို့က အရေးကြီးပါတယ်၊ အဲဒီ မြင်မှု စသည်အားလုံးကို တကယ်ပင်ကြောက်ဖွယ်ဆင်းရဲအနေနဲ့ ထင်မြင်ပါမှ အဲဒီမြင်မှုအစရှိတဲ့ ရုပ်နာမ်တွေမှာ အပြစ်မြင်ပြီး ငြီးငွေ့တဲ့ နိဗ္ဗိဒါဉာဏ်ဖြစ်မယ်၊ အဲဒီလို တကယ်ငြီးငွေ့ပါမှ "နိဗ္ဗိန္ဒံဝိရဇ္ဇတိ- ငြီးငွေ့သောကြောင့် တပ်မက်ကင်းတယ်-အရိယ မဂ်ဖြစ်ပေါ်လာတယ်"လို့ ဟောတော်မူတဲ့ ဒေသနာတော်များ နှင့်အညီ အရိယမဂ်ဖိုလ်ဉာဏ်များ ဖြစ်ပေါ်လာပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မယ်။ ဒါကြောင့် ဒုက္ခာနုပဿနာဉာဏ်ဖြစ်ပုံ ကိုလဲ နဲနဲချဲ့ပြီး ပြောရဦးမယ်။

## ဒုက္ခာနုပဿနာဉာဏ်ဖြစ်ပုံ

ယဒနိစ္စံ- အကြင်တရားသည် မမြဲ၊ တံ ဒုက္ခံ-ထိုမမြဲသော တရားသည် ဆင်းရဲပင်-လို့ ဟောတော်မူတဲ့အတိုင်း အသစ်အသစ် ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားလို့ မမြဲဘူးလို့ သိရတဲ့တရားဟာ ဒုက္ခ ဆင်းရဲတရားပါဘဲ။ ဘာကြောင့် ဆင်းရဲလို့ ဆိုရသလဲဆိုတော့ (၁) ဉပ္ပါဒဝယပဋိပီဠနတာယ- ဖြစ်ခြင်းပျက်ခြင်းက ခဏမစဲ အမြဲနှိပ်စက် အပ်သောကြောင့်လဲ ဆင်းရဲ မည်ပါတယ်၊ (၂) ဒုက္ခဝတ္ထုတာယ-ဆင်းရဲ အမျိုးမျိုး၏ တည်ရာ အကြောင်းဖြစ် သောကြောင့်လဲ ဆင်းရဲ မည်ပါတယ်တဲ့၊ (၃) ဘယဋ္ဌေန- ကြောက်ဖွယ် ကောင်းသောကြောင့်လဲ ဆင်းရဲမည်ပါတယ် တဲ့။ အဲဒီအကြောင်းပြ သုံးပါးထဲမှာ ပဌမအကြောင်းကတော့ ရှု

မှတ်နေယင်းပင် ယောဂီမှာ မဆင်ခြင်ရတော့ဘဲ အလိုလို ထင်ရှားပေါ်နေပါတယ်။ ဒါကြောင့် အဲဒီ ပဋ္ဌမအကြောင်းအရဖြင့် ဒုက္ခ, ဒုက္ခလက္ခဏာ, ဒုက္ခာနုပဿနာတို့ကို ဒီလိုခွဲခြားပြီး မှတ်ထားရမယ်။ (၁) ဖြစ်ပျက်နှစ်ရပ် မပြတ် နှိပ်စက်ခံရတာက ဒုက္ခတရား။ (၂) ဖြစ်ပျက်နှစ်ရပ် မပြတ်နှိပ်စက်တာက ဒုက္ခလက္ခဏာ။ (၃) ရှုမှတ်ဆဲမှာ မပြတ်ဖြစ်ပျက်နေတာကို တွေ့ရ၍ ဆင်းရဲဟု သိမြင်တာက ဒုက္ခာနုပဿနာ-တဲ့။ အဲဒီသုံးပုဒ်ကို ဆိုကြရမယ်။

(၁) ဖြစ်ပျက်နှစ်ရပ် မပြတ်နှိပ်စက်ခံရတာက ဒုက္ခတရား။

"ဖြစ်ပျက်နှစ်ရပ်က နှိပ်စက်တယ်" ဆိုရာမှာ တကယ်နှိပ်စက်တာကတော့ ပျက်မှုပါဘဲ၊ ဖြစ်တိုင်းဖြစ်တိုင်း သူက ဖျက်ဖျက်ပစ်နေသလိုဘဲ ထင်ရှားပါတယ်၊ ဒါပေမဲ့ ဖြစ်မှုကလဲ ပျက်ဖို့ရာ ဖြစ်ပေါ်ဖြစ်ပေါ် ပေးနေသလို ဖြစ်နေတဲ့အတွက် အဲဒီဖြစ်မှုကလဲ နှိပ်စက်ရာ ရောက်တာဘဲ၊ ဥပမာအားဖြင့် ပင်လယ်ကမ်းသဲသောင်ပြင်မှာ ဂဏန်းကောင်ကလေးတွေက သူတို့နေစရာ တွင်းကလေးတွေ ပြုလုပ်ကြတယ်၊ ပြုလုပ်ပြီးလို့ မကြာမီမှာပဲ ရေတက်လာတော့ သူတို့တွင်းအိမ်ကလေးတွေပျက်ကုန်တယ်၊ ရေကျသွားယင် သူတို့က တွင်းကလေးတွေလုပ်ပြန်တယ်၊ ရေတက်လာယင် ပျက်ကုန်ပြန်တယ်၊ ဒီပုံဒီနည်းဖြင့် တွင်းကလေးတွေ ဖြစ်လာလိုက် ရေတက်လာတော့ ပျက်သွားလိုက်နဲ့ လူတို့၏ အမြင်အားဖြင့် ဒုက္ခဘဲလို့မြင်ရသလိုပါဘဲ။ တနည်းအားဖြင့် သားသမီး အဖတ်မတင်တဲ့ မိဘများမှာ သားကလေးရလာ

လိုက် မကြာခင် သေသွားလိုက်နဲ့ ဒုက္ခရောက်နေကြရတယ်၊ သေသွားမှာအတူတူဆိုတော့ အစကတည်းက သားကလေးမရပဲ နေယင် အကောင်းသားဘဲ၊ အဲဒီလိုမဟုတ်ပဲ မွေးလိုက် သေလိုက် မွေးလိုက် သေလိုက်နဲ့ တွေ့ကြုံနေရတာဟာ မုန်းစရာ ကြောက်စရာကောင်းတဲ့ဒုက္ခအနေနဲ့ပဲ ထင်ရှားပါတယ်။ အဲဒါလိုဘဲ မြင်မှု ကြားမှု စသည်တွေကလဲ ဖြစ်ပေါ်လာလိုက် ပျက်သွားလိုက်နဲ့ နှိပ်စက်နေသလိုပင် ထင်မြင်ရပါတယ်။ ဒါကြောင့် ဖြစ်ပျက်နှစ်ရပ် မပြတ်နှိပ်စက်ခံနေရတဲ့ မြင်မှု ကြားမှု စသော ရုပ်နာမ် ခန္ဓာတွေကို ဒုက္ခ- ဆင်းရဲ တရားလို့ ဆိုရပါတယ်။ ဒုတိယဆောင်ပုဒ်ကို ဆိုကြရမယ်။

(၂) ဖြစ်ပျက်နှစ်ရပ် မပြတ်နှိပ်စက်တာက ဒုက္ခလက္ခဏာ။

လောကမှာ နှိပ်စက်တယ် ဆိုတာကတော့ ရံဖန်ရံခါမှ တွေ့ကြုံရတယ်၊ ဒီဖြစ်ပျက် နှစ်ရပ်ကတော့ မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း ထိသိတိုင်း ကြံသိတိုင်း မပြတ်နှိပ်စက်နေတာဘဲ၊ အဲဒီလို မပြတ်နှိပ်စက်နေလို့ မြင်မှု ကြားမှု စသော သဘောတရားတွေကို ဒုက္ခ-ဆင်းရဲလို့ အသိအမှတ် ပြုရတယ်၊ အဲဒီလို ဒုက္ခလို့ အသိအမှတ်ပြုရခြင်း၏ အကြောင်းလက္ခဏာ ဖြစ်တဲ့အတွက် အဲဒီ ဖြစ်ပျက်နှစ်ရပ်က မပြတ်နှိပ်စက်ခြင်းကို ဒုက္ခလက္ခဏာ-ဆင်းရဲလို့ သိမှတ်စရာ အမှတ်လက္ခဏာလို့ ဆိုရတာဘဲ၊ အဲဒီ ဒုက္ခလက္ခဏာကိုရှုမှတ်နေယင်း ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့ပြီးသိဘို့ လိုပါတယ်၊ အဲဒီလို တွေ့ရ သိရပါမှ မြင်မှု ကြားမှု စသည်တွေကို ရွံမုန်းစရာ ကြောက်စရာ ဆင်းရဲလို့ လေး

လေးနက်နက် သိမြင်နိုင်ပါတယ်၊ မြင်တိုင်း ကြားတိုင်း ဒွါရ ၆-ပါးက ပေါ်လာသမျှကို မပြတ်လိုက်ပြီး ရှုမှတ်နေတဲ့ ယောဂီမှာတော့ ဖြစ်ပျက်နှစ်ရပ်က မပြတ်နှိပ်စက်နေသလိုဘဲ ထင်မြင်ရပါတယ်၊ အဲဒီလိုထင်မြင်တာ သိဘာဟာ ဒုက္ခာနုပဿနာဘဲ။ အဲဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

(၃) ရှုမှတ်ဆဲမှာ မပြတ်ဖြစ်ပျက်နေတာကိုတွေ့ရ၍ ဆင်းရဲဟု သိမြင်တာက ဒုက္ခာနုပဿနာဉာဏ်။

ဆင်းရဲအမျိုးမျိုး၏ တည်ရာ အကြောင်း ဖြစ်ပုံ ကိုတော့ ရှုမှတ်နေရုံမျှဖြင့် အပြည့်အစုံ မသိနိုင်ဘူး၊ ရှုမှတ်နေယင်း ကိုယ်ဆင်းရဲအမျိုးမျိုး စိတ်ဆင်းရဲအမျိုးမျိုးတွေကို တွေ့ရတဲ့အခါမှာ ရုပ်ကိုယ်ကြီးနဲ့အသိစိတ်နာမ်တရားရှိနေလို့ ဒီဆင်းရဲတွေဖြစ်ပေါ်လာတာဘဲ-စသည်ဖြင့် ဆင်ခြင်ပြီးသိရတယ်၊ မျက်စိနဲ့မြင်မှုရှိနေလို့ မကောင်းတာတွေကိုမြင်ပြီး ဆင်းရဲရတယ်၊ နားနဲ့ကြားမှုရှိနေလို့ မကောင်းတာတွေကိုကြားပြီး ဆင်းရဲရတယ်၊ နှာခေါင်းနဲ့ နံသိမှု ရှိနေလို့ အနံ့ဆိုးတွေကို နံပြီး ဆင်းရဲရတယ်၊ လျှာနဲ့စားသိမှု ရှိနေလို့ မကောင်းတာတွေကိုစားပြီး ဆင်းရဲရတယ်၊ ကိုယ်ရုပ်နဲ့ ထိသိမှုရှိနေလို့ ညောင်းညာပူပင် နာကျင်ကိုက်ခဲခြင်း စသော ဆင်းရဲအမျိုးမျိုး တွေကို ခံစားနေရတယ်၊ ကြံသိမှုရှိနေလို့ စိတ်ညစ်ခြင်း နှလုံးမသာခြင်း ဝမ်းနည်းခြင်း စသော စိတ်ဆင်းရဲ အမျိုးမျိုးတွေကို ခံစားနေရတယ်၊ ရုပ်ကိုယ်ကြီး

ရှိနေလို့ ရုပ်ကိုယ်နဲ့စပ်တဲ့ ဆင်းရဲအမျိုးမျိုးကို ခံစားနေရတယ်၊ စိတ်နာမ်တရားရှိနေလို့ စိတ်နာမ်နဲ့ စပ်တဲ့ ဆင်းရဲအမျိုးမျိုးကို ခံစားနေရတယ်။ ဒါကြောင့် မျက်စိနဲ့မြင်မှု, နားနှင့်ကြားမှု, ကိုယ်နှင့် ထိသိမှု, ကြံသိမှု အစရှိတဲ့ ဒီရုပ်နာမ်တရား တွေဟာ ဆင်းရဲ အမျိုးမျိုး၏ အကြောင်းရင်းဖြစ်တဲ့အတွက် ရှုမုန်းစရာ ကြောက်စရာကောင်းတဲ့ ဆင်းရဲတွေဘဲလို့ ဆင်ခြင် ပြီးတော့ သိရပါတယ်။

"ဘယဋ္ဌေန- ကြောက်ဖွယ် ကောင်းသောကြောင့်" ဆိုတဲ့ တတိယအကြောင်းကိုတော့ ရှုမှတ်နေယင်း ခဏမစဲလျှင်မြန်စွာ မပြတ်ဖြစ်ပျက် နေတာကို တွေ့ရတဲ့အတွက်လဲ ကြောက်စရာ ကောင်းတဲ့ ဆင်းရဲတွေဘဲလို့သိရတယ်၊ သိပုံကတော့ လျှင်မြန်စွာ ပျက်ပျက်သွားတာကို တွေ့ရတော့ ဒီလို ပျက်လွယ်တဲ့ ရုပ်နာမ်တွေကိုပင် အထည်ကိုယ်လုပ်ပြီး နေရတာဟာ ဘယ်အချိန် မဆို သေနိုင်တဲ့အတွက် ကြောက်စရာဘဲလို့ ထင်မြင်လာတယ်၊ ဥပမာအားဖြင့် ပြိုလုနီးဖြစ်နေတဲ့ တိုက်အိုကြီးထဲ ဝင်နေရယင် ကြောက်စရာကောင်းတယ်လို့ သိရသလိုပါဘဲ။ နောက်ပြီးတော့ ဒုတိယအကြောင်းပြထဲမှာ ပြခဲ့တဲ့အတိုင်း ရုပ်ကိုယ်နဲ့ စိတ်နာမ်ကို မှီပြီး ဆင်းရဲအမျိုးမျိုးတွေ ဖြစ်ပေါ်နေတာကို ဆင်ခြင်ပြီး တော့လဲ ရုပ်နာမ်တရားတွေကို ကြောက်စရာကောင်းတဲ့ ဆင်းရဲ တွေဘဲလို့ သိမြင်ပါတယ်။ အဲဒီလိုရှုမှတ်နေယင်း ကြောက်စရာ ဆင်းရဲတွေဘဲလို့ သိမြင် သဘောကျကျ သွားတာဟာ ဒုက္ခာနုပဿနာဉာဏ် အစစ်ပါဘဲ။

မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ပေါ်လာသမျှ ရုပ်နာမ်တွေကို ရှုမှတ်ပြီး အဲဒီလို ဆင်းရဲဒုက္ခ အခြင်းအရာအားဖြင့် သိမြင်ရမယ်လို့လဲ ရည်ရွယ်ပြီးတော့ အရှင်သာရိပုတ္တရာ မထေရ်မြတ်က—

အာဝုသော ကောဋ္ဌိက- ငါ့ရှင်ကောဋ္ဌိက၊ သီလဝတာ- သီလနှင့်ပြည့်စုံသော၊ သုတဝတာ-အကြားအမြင်သုတနှင့်ပြည့်စုံသော၊ ဘိက္ခုနာ-ရဟန်းသည်၊ ပဉ္စုပါဒါနက္ခန္ဓာ- ငါးပါးသောဥပါဒါနက္ခန္ဓာတို့ကို၊ အနိစ္စတော- မမြဲဟူ၍ရင်း၊ ဒုက္ခတော- ကြောက်ဖွယ်ဆင်းရဲဟူ၍ရင်း၊ ယောနိသော- နည်းမှန်လမ်းမှန်အားဖြင့်၊ မနသိ ကာတဗ္ဗာ- နှလုံးသွင်းအပ်- ရှုအပ်ကုန်၏- လို့ ဖြေရှင်းဟောကြားတော်မူပါတယ်။

## ရောဂတော- စသည်ကို ဖွင့်ပြချက်

နောက်ပြီးတော့ ရောဂတော- စွဲကပ်နေသော ရောဂါနှင့်တူသည်ဟူ၍လဲ ရှုရမယ်တဲ့။ ရုတ်တရက် သေလောက်အောင်လဲ မဟုတ်၊ အမြစ်ပြတ်လဲ ပျောက်အောင် မကုသနိုင်တဲ့ ပန်းနာလေနာ အစာအိမ်နာ ဆီးချိုနာ သွေးတိုးနာ လေဖြတ်နာ အစရှိတဲ့ မတ်တတ်နာမျိုးကို ပါဠိလို ရောဂ- လို့ခေါ်တယ်၊ အဲဒီလို မတ်တာ်နာရောဂါတမျိုးမျိုး စွဲကပ်နေတဲ့သူဟာ စားချင်တာလဲ မစားရ, သွားချင်ရာလဲ မသွားရ, လုပ်ချင်တာလဲ မလုပ်ရ၊ သူ့ရောဂါကို အမြဲမပြတ်ဂရုစိုက်ပြီး ကုသပြုပြင်ပေးနေရတယ်၊ ပျောက်တယ်လို့လဲမရှိဘူး၊ အဆင်သင့်တဲ့ အခါ နေသာရုံမျှပဲ

ရှိတယ်။ တခါတရံ အဆင်မသင့်ယင် ရောဂါထလာလို့ အကြီးအကျယ် ဒုက္ခရောက်ရတယ်၊ မိမိတို့ ကိုယ်ထဲက ရုပ်နာမ်တရားတွေကလဲ အဲဒီစွဲကပ်နေတဲ့ ရောဂါလိုဘဲ နှိပ်စက်နေပါတယ်၊ အမြဲတမ်း ကြောင့်ကြစိုက်ပြီး ပြုပြင်ပေးနေရတယ်၊ မျက်နှာသစ်ပေးရတယ်၊ ရေချိုးပေးရတယ်၊ သင့်တော်တဲ့အစာကို ရှာကြံပြီး ကျွေးနေရတယ်၊ ကျင်ကြီး ကျင်ငယ် စသည် အညစ်အကြေးတွေကို သုတ်သင်ပေးနေရတယ်၊ သင့်တော်တဲ့အဝတ်လဲ ဝတ်ဆင် ပေးနေ ရတယ်၊ ရံခါ ထိုင်လိုက်၊ ရံခါ ထလိုက် သွားလိုက်၊ ရံခါ အိပ်လိုက်၊ ရံခါ လက်ခြေကို ကွေးလိုက် ဆန့်လိုက် ဣရိယာပုထ် မျှတအောင်လဲ ပြုပြင်ပေးနေရတယ်၊ ကိုယ်မှာ မျက်နှာမှာ အယားအယံ စသည်ကို လက်ဖြင့် ပွတ်သပ်ကုပ် ဖျောက်ပေးနေရတယ်၊ ကြိုက်နှစ်သက်တဲ့ အာရုံများကိုလဲ စွမ်းနိုင်သမျှ ရှာကြံပေးနေရတယ်၊ စွဲကပ်နေတဲ့ ရောဂါကို ပြုစုနေရသလိုပါဘဲ၊ ဒါကြောင့် ရောဂတော-စွဲကပ်နေသော အနာရောဂါနဲ့တူသည်လို့လဲ ရှုအပ်ကြောင်း ဟောကြားတော် မူပါတယ်၊ ဒီရှုပုံကတော့ မိမိမှာ ရောဂါ စွဲကပ်နေယင် ဖြစ်စေ၊ ရောဂါစွဲကပ်နေသူနှင့် နီးနီးကပ်ကပ် နေရယင်ဖြစ်စေ သာပြီး ဆင်ခြင်ရှုနိုင်ပါတယ်။

နောက်ပြီးတော့ ဂဏ္ဍတော-ပေါက်ကွဲနေသော အိုင်းအမာအဖုအလုံးကြီးနှင့် တူသည်လို့လဲ ရှုအပ်ပါတယ် တဲ့။ ကိုယ်မှာ သွေးစုနာ အစရှိတဲ့ အဖုအလုံးအနာများဟာ ဖြစ်ပေါ်လာပြီးလျှင် ရင့်ကျက် ပြည်မှည့်ပြီး ပေါက်ကွဲသွားတဲ့အခါ သွေးပုပ်

ပြည်ပုပ်တွေနဲ့ ရှံစရာလဲ ကောင်းတယ်၊ နာကျင်ကိုက်ခဲစေပြီး သူက နှိပ်စက်လဲ နှိပ်စက်တတ်တယ်၊ အနုဿပဆုပ် ဆိုတဲ့ အနာ ဆိုယင် ကြောက်စရာအကောင်းဆုံးပါဘဲ၊ အဲဒီ အနာအိုကြီး များလိုဘဲ ဒီရုပ်ကိုယ်နဲ့ စိတ်နာမ်တရားတွေက မခံသာမှု တမျိုးမျိုးကိုဖြစ်စေပြီးတော့လဲ နှိပ်စက်တတ်တယ်၊ လောဘ ဒေါသ အစရှိသော ကိလေသာဆိုတဲ့ သွေးပုပ်ပြည်ပုပ်တွေကိုလဲ ယိုထွက်စေတယ်၊ မျက်စိမှလဲ ကိလေသာ သွေးပုပ် ပြည်ပုပ်တွေကို ယိုထွက်စေတယ်၊ နားမှ နှာခေါင်းမှ လျှာမှ ကိုယ်မှလဲ ကိလေသာ သွေးပုပ်ပြည်ပုပ်တွေကို ယိုထွက်စေတယ်၊ စိတ်နှလုံးမှလဲ ကိလေသာ သွေးပုပ် ပြည်ပုပ်တွေကို ယိုထွက်စေတယ်။ ဒါကြောင့် ဂဏ္ဍတော· ပေါက်ကွဲနေသော အိုင်းအမာကြီးလိုပင် ရှံစရာ ကြောက်စရာကောင်းတယ်လို့လဲ ရှုပါတဲ့။ ယခု ပြောခဲ့တဲ့ အနိစ္စ အခြင်းအရာ, ဒုက္ခအခြင်းအရာ, ရောဂါနှင့်တူတဲ့ အခြင်းအရာ, အိုင်းအမာနှင့် တူတဲ့ အခြင်းအရာ ဒီ ၄–ခုကို ဆောင်ပုဒ်တခု စီထားတယ်။ အမေးအဖြေဆောင်ပုဒ်များပါ ဆိုကြရမယ်။

(၁) သီလ, သုတာ၊ စုံသူမှာ၊ ဘယ်ဟာ ရှုအပ်ပါသနည်း။

(၂) စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာ ရှုအပ်ပါသတည်း။

(၃) မမြဲ,ဆင်းရဲ၊ရောဂါစွဲ၊ ပေါက်ကွဲအိုင်းတူသည်။ (၄)

မမြဲဘူးလို့လဲ ရှုမြင်ရမယ်၊ ဆင်းရဲချည်းဘဲလို့လဲ ရှုမြင်ရမယ်၊ စွဲကပ်နေတဲ့ရောဂါနှင့် တူတယ်လို့လဲ ရှုမြင်ရမယ်၊ ပေါက်ကွဲပြီး သွေးပုပ်ပြည်ပုပ်တွေ ထွက်နေတဲ့ အိုင်းအမာကြီးနှင့်တူတယ်လို့

လဲ ရှုမြင်ရမယ်တဲ့။ ဒီအမှတ် (၃) ဆောင်ပုဒ်ထဲမှာ ရှုပုံအခြင်းအရာ (၄) ပါးပါတယ်။

နောက်ပြီးတော့ သလ္လတော-စူးဝင်နေသော ငြောင့်နှင့်တူသည်လို့လဲ ရှုရမယ်တဲ့။ လက်ဖဝါး လက်ချောင်း ခြေဖဝါး ခြေချောင်းထဲမှာ ငြောင့်စူးနေယင် မြက်မြက်မြက်မြက်နဲ့ နာပြီး အခံရခက်နေတယ်၊ မိမိကိုယ်ဆိုတဲ့ လက်ထဲ ခြေထဲမှာ အတွင်းဝင်နေတဲ့အတွက် ထုတ်ပစ်ဖို့လဲ မလွယ်ဘူး၊ အဲဒါလိုဘဲ ရုပ်နာမ်ခန္ဓာတွေဟာ မိမိကိုယ်ထဲမှာအတွင်းဝင်နေတဲ့အတွက် မကောင်းမှုန်းသိပေမဲ့ ထုတ်ပင်ဖို့ခက်နေတယ်၊ ဒါကြောင့် သလ္လတော-စူးဝင်နေတဲ့ ငြောင့်လိုပင် နှိပ်စက်နေတဲ့ တရားတွေဘဲလို့လဲ ရှုမြင်ပါတဲ့။

နောက်ပြီးတော့ အဃတော ဆိုတဲ့ပုဒ်ကို ''ဒုက္ခဋ္ဌေန-ဆင်းရဲသော အနက်သဘောကြောင့်၊ အဃတော-ဆင်းရဲဟု ရှုရမယ်'' လို့ ဒီသုတ် အဋ္ဌကထာက ဖွင့်ပြထားတယ်၊ အဲဒီအနက်ဆိုယင် ဒုက္ခတောဆိုတဲ့ ရှေ့နားကပုဒ်နဲ့ အနက်ထပ်တူဖြစ်နေတယ်၊ မူလပါဠိမှန် ဟုတ်ပုံမရပါဘူး။ ဝိသုဒ္ဓိမဂ်မှာတော့ (ဝိဂရဟဏီယတာယ- မကောင်းမှုကဲ့သို့ အရိယာတို့က ကဲ့ရဲ့အပ်သည်၏ အဖြစ်ကြောင့်၎င်း၊ အဃဆိုအာဝဟနတာယ-အကျိုးမဲ့ကိုဆောင်တတ်သည်၏အဖြစ်ကြောင့်၎င်း၊ အဃဝတ္ထုတာယစ- မကောင်းမှု၏ တည်ရာ အကြောင်း၏ အဖြစ်ကြောင့်၎င်း၊ အဃတော-မကောင်းမှုနှင့်တူသည်ဟု ရှုအပ်ကြောင်း) ဖွင့်ပြထားပါတယ်။ အဲဒီ ဝိသုဒ္ဓိမဂ်ဖွင့်ပြချက်အတိုင်း ဆိုယင် ရှင်းလင်းပါတယ်။ ဒါ

ကြောင့် ဘုန်းကြီးက ပဌမပိုင်းတုန်းက "အဃတော-မကောင်းမှုနှင့် တူသည်ဟူ၍ ရှုရမယ်"လို့ အနက်ပြန်ခဲ့ပါတယ်၊ ဆိုလိုတာကတော့ မကောင်းမှုဆိုတာ မကောင်းကျိုးကို ပေးတတ်တယ်၊ ရာဇဝတ်မှုဆိုတဲ့ မကောင်းမှုကိုပြုယင် ချက်ခြင်းပင် မကောင်းကျိုးပေးတတ်ပါတယ်၊ အဲဒါလိုဘဲ ဒီ ရုပ် နာမ် ခန္ဓာတွေကလဲ အကျိုးမဲ့မကောင်းကျိုးကိုဖြစ်စေတတ်ပါတယ်၊ကံမကောင်း အကြောင်းမညီညွတ်တဲ့သူတွေမှာ ဒီရုပ်နာမ်ခန္ဓာအတွက် စားဝတ်နေရေးမှစပြီး ဒုက္ခရောက်နေကြရတယ်၊ သူတပါး အနိုင်စက်လဲခံနေကြရတယ်၊ ပြည့်စုံကြွယ်ဝတဲ့ သူတွေမှာလဲ မကျန်းမမာတဲ့အခါ အလွန်ဆင်းရဲကြရပါတယ်၊ အိုမင်းလာတဲ့အခါကျတော့ အကျိုးမဲ့တွေကို များစွာပင် တွေ့ကြရပါတယ်၊ ဒီရုပ်နာမ်ကိုယ်ကြီး ချမ်းသာရေးအတွက် မကောင်းမှုတွေကို ပြုမိယင် အဲဒီ မကောင်းမှုတွေက အပါယ်လေးပါးသို့ ကျရောက်စေပါတယ်။ ဒါကြောင့် မြင်မှု ကြားမှု အစရှိသော ရုပ် နာမ် ခန္ဓာတွေကို မကောင်းမှုလိုဘဲ မကောင်းကျိုးကို ပေးတတ်တယ်လို့လဲ ရှုရမယ် တဲ့။

နောက်ပြီးတော့ အာဗာဓတော-ရံခါ ဖြစ်ပေါ်လာတဲ့ အဖျားအနာနှင့်တူတယ်လို့လဲ ရှုရမယ်တဲ့။အစားမှား ရေချိုးမှားတဲ့အခါ ရာသီဥတု ဖောက်ပြန်တဲ့အခါ စသည်မှာ တက်ဖျားကျဖျား တိုက်ဖွိုက်အဖျားရောဂါ စသည် ဖြစ်တတ်တယ်၊ အဲဒီ အဖျားရောဂါကတော့ ဖြစ်ဘူးကြတာပဲ များပါလိမ့်မယ်။ အဲဒီရောဂါဖြစ်တဲ့အခါ အလွန်ပင်မန်းဆင်းရဲပါတယ်၊ အဲဒီလိုဘဲ ဒီရုပ်နာမ်ခန္ဓာတွေကလဲ ဆင်းရဲဒုက္ခ ရောက်စေတတ်ပါတယ်။

ရောဂါအမျိုးမျိုးဖြစ်ပြီး ဆင်းရဲရတယ် ဆိုတာကိုက ဒီရုပ်နာမ် ခန္ဓာတွေရှိနေလို့ဘဲ၊ အဖျားရောဂါကတော့ သင့်လျော်တဲ့ဆေး နဲ့ ကုသလိုက်ယင် ပျောက်ကင်းပြီး ချမ်းသာခွင့်ရနိုင်ပါသေး တယ်၊ ဒီရုပ်နာမ်ခန္ဓာတွေကတော့ ဘဝတိုင်း ဘဝတိုင်းလိုက်ပြီး နှိပ်စက်နေတာဘဲ၊ အထူးအားဖြင့် ငရဲဘုံကျရောက်သွားယင် ငရဲဆင်းရဲတွေကို နှစ်ပေါင်းသိန်းသန်းမက ခံစားရတယ်၊ ပြိတ္တာ ဘုံရောက်သွားယင်လဲ ပြိတ္တာဆင်းရဲတွေကို နှစ်ပေါင်းသိန်းသန်း မက ခံစားသွားရတယ်၊ နွား ကျွဲ ဆိတ် သိုး ကြက် ဝက် စသည် တိရစ္ဆာန်ဘဝရောက်ယင်လဲ အဲဒီတဘဝလုံး တဘဝလုံး ဆင်းရဲ တွေ ခံစားသွားရတယ်၊ လူဆင်းရဲ နတ်ဆင်းရဲဘဝ ရောက်ယင်လဲ အဲဒီ လူ့တဘဝလုံး နတ်တဘဝလုံး ဆင်းရဲတွေ ခံစားသွားရ တယ်၊ လူချမ်းသာဘဝရောက်ယင်လဲ အိုခြင်း နာခြင်း အစရှိ သော ဆင်းရဲတွေကို ခံစားသွားရတာဘဲ၊ နတ်ချမ်းသာဘဝ ရောက်ယင်လဲ အလိုမပြည့်ခြင်း သေခြင်းဆိုတဲ့ ဆင်းရဲတွေကို ခံစားသွားရတာဘဲ၊ ရုပ်နာမ်ခန္ဓာတွေက မိမိကိုယ်ထဲမှာပင် ရှိ နေတဲ့အတွက် ဘယ်ကိုမှပြေးလို့ တိမ်းရှောင်လို့ မလွတ်နိုင်ဘူး၊ ဖြစ်ရာ ဖြစ်ရာဘဝမှာ ရုပ်နာမ်ခန္ဓာတွေက အဖျားရောဂါလိုပင် အမြဲနှိပ်စက်နေပါတယ်။ ဒါကြောင့်အာဗာဓတော-အဖျားအနာ ရောဂါလိုပင် နှိပ်စက်တတ်တယ်လို့လဲ ရှုရမယ် တဲ့၊ အဖျားရော ဂါဟာ ကိုယ်ထဲ၌ရှိပြီးနှိပ်စက်နေတာလိုပင် ရုပ်နာမ်ခန္ဓာတွေက လဲ ကိုယ်ထဲ၌ရှိနေပြီး နှိပ်စက်နေတာကိုမြင်အောင် ရှုရမယ်လို့ ဆိုပါတယ်။ ရောဂတော-ဆိုတဲ့ အခြင်းအရာမှ ဒီအာဗာဓတော- ဆိုတဲ့အခြင်းအရာတိုင်အောင် (၅) ခုရှိတယ်၊ အဲဒီအခြင်းအရာ

(၅) ခုဟာ ဒုက္ခတော- ဆိုတဲ့ အခြင်းအရာနဲ့ အရတူပါဘဲ၊ ကြောက်ဖွယ်ဆင်းရဲသဘောချည်းပါဘဲ။ အဲဒီ(၅)ခုထဲမှ ဗြောင့် စသည်နှင့်တူပုံများကို (၄)နံပါတ်ဆောင်ပုဒ် စီထားတယ်။

(၄)ဗြောင့်,မကောင်းမှု ဖျားနာဟု၊မှတ်ရှုသူစိမ်းမည်။ (၄)

ဥပါဒါနက္ခန္ဓာ ငါးပါးကို စူးဝင်နေတဲ့ ဗြောင့်နဲ့ တူတယ်၊ မကောင်းမှုလိုပင် မကောင်းကျိုး ဖြစ်စေတတ်တယ်၊ အဖျား အနာလိုပင် ကိုယ်ထဲကနေပြီး နှိပ်စက်တတ်တယ်၊ သူစိမ်းလိုပင် စီမံခန့်ခွဲလို့မရဘူး အစိုးမရဘူးလို့ ရှုရမယ်တဲ့။ အဲဒီ ၄- ခုထဲမှာ သူစိမ်းလိုပင် စီမံလို့မရဘူး အစိုးမရဘူး ဆိုတာကတော့ အနတ္တ လက္ခဏာနှင့် ဆိုင်ပါတယ်၊ အဲဒါကိုတော့ နောက်တနေ့ကျမှ ပြောရမယ်။

ပဋ္ဌမပိုင်းက အနိစ္စလက္ခဏာကို ပြောခဲ့ပြီ၊ ယနေ့ ဒုက္ခလက္ခဏာကို ပြောလာတာ ဒုက္ခ,ရောဂ,ဂဏ္ဍ,သလ္လ,အဃ,အာဗာဓ, ဆိုတဲ့အခြင်းအရာ ၆-ပါးလုံးပြီးသွားပြီ။ အဲဒီ အနိစ္စ အစရှိသော အခြင်းအရာတို့ဖြင့်မြင်အောင်ရှုရမယ်တဲ့၊အဲဒီလိုမြင်လို့ ဝိပဿနာ ဉာဏ် ရင့်သန်ပြည့်ငုံတဲ့အခါကျတော့ ဥပါဒါနက္ခန္ဓာတွေကို အဲဒီ အနိစ္စ စသော အခြင်းအရာဖြင့် ရှုနေယင်းပင် သောတာပတ္တိ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြစ်ပေါ်လာပြီးတော့ နိဗ္ဗာန်ကို မျက်မှောက် တွေ့မြင် ရပါတယ်။ အဲဒီလို ဖြစ်နိုင်ပုံကိုလဲ အရှင်သာရိပုတ္တရာ မထေရ်မြတ်က—

ဌာနံ ခေါ ပနေတံ အာဝုသော ဝိဇ္ဇတိ ယံ သီလဝါ ဘိက္ခု ဣမေ ပဥ္စုပါဒါနက္ခန္ဓေ အနိစ္စတော ဒုက္ခတော။ ပ။ အနတ္တတော ယောနိသော မနသိ ကရောန္တော သောတာပတ္တိဖလံ သစ္ဆိကရေယျ - လို့ ဟောပြတော်မူပါတယ်။

## သောတာပန် ဖြစ်နိုင်သည်

အာဝုသော- ငါ့ရှင်ကောဋ္ဌိက၊ သီလဝါ ဘိက္ခု-သီလနှင့် ပြည့်စုံသော ယောဂီရဟန်းသည်၊ ဣမေ ပဥ္စုပါဒါနက္ခန္ဓေ- ငါးပါးသောဤဥပါဒါနက္ခန္ဓာတို့ကို၊ အနိစ္စတော-မမြဲဟူ၍ရှင်း၊ ဒုက္ခတော- ဆင်းရဲဟူ၍ရှင်း။ ပ။ အနတ္တတော- အနတ္တဟူ၍ရှင်း၊ ယောနိသော- နည်းမှန်လမ်းမှန်ဖြင့်၊ မနသိကရောန္တော- နှလုံး သွင်းရှုမှတ်နေစဉ်၊ သောတာပတ္တိဖလံ- သောတာပတ္တိဖိုလ်ကို၊ ယံ သစ္ဆိကရေယျ- အကြင်မျက်မှောက် ပြုရာ၏၊ ဧတံ ဌာနံ- ဤသို့ မျက်မှောက်ပြုနိုင်ခြင်း၏ အခွင့်အကြောင်းသည်၊ ဝိဇ္ဇတိ- ရှိပါပေ၏ တဲ့။

မြင်ခိုက် ကြားခိုက် စသည်၌ ထင်ရှားတဲ့ မြင်မှု ကြားမှု အစရှိသော ဥပါဒါနက္ခန္ဓာတွေကို ရှုမှတ်ပြီး အနိစ္စဟု ဖြစ်စေ၊ ဒုက္ခဟု ဖြစ်စေ။ပ။ အနတ္တဟုဖြစ်စေ သိမြင်နေတဲ့ ယောဂီမှာ အဲဒီလို သိမြင်နေရာက သောတာပတ္တိ မဂ်ဖိုလ်ဉာဏ် ဖြစ်ပေါ်

လာပြီး သောတာပန်ဖြစ်သွားနိုင်ပါတယ်တဲ့။ အဲဒါကိုလဲ "သို့ ရှုမြင်သန်၊ သောတာပန်၊ အမှန်ဖြစ်နိုင်သည်"လို့ ဆောင်ပုဒ် စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

သို့ရှုမြင်သန်၊ သောတာပန် အမှန်ဖြစ်နိုင်သည်။

ဖြစ်ဆဲဥပါဒါနက္ခန္ဓာကိုရှုမှတ်ပြီး အနိစ္စစသည်ဖြင့် သိမြင်တဲ့ ဝိပဿနာဉာဏ် ရင့်သန်ပြည့်စုံတဲ့အခါမှာ အဲဒီလို ရှုသိနေဆဲ မှာပင် သောတာပတ္တိမဂ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင်ပြီး သော တာပန် ဖြစ်သွားနိုင်ပါတယ်တဲ့။ အဲဒီလို သောတာပန် ဖြစ်ပုံ ကိုတော့ နောက်ရက်များကျမှ အပြည့်အစုံပြောရမယ်။ ဒီကနေ့ တော့ ဒီတွင်ဘဲရပ်ပြီး တရားသိမ်းကြစို့။

ဤသီလဝန္တသုတ္တန်တရားတော်ကို ရိုသေစွာ နာယူမှတ်သား ကြရသော ဓမ္မသဝနကုသိုလ်ကံစေတနာတို့၏ အစွမ်းအာနုဘော် ကြောင့်။ပ။ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု သာဓု သာဓု။

သီလဝန္တသုတ္တန်တရားတော် ဒုတိယပိုင်း ပြီး၏။

# သီလဝန္တသုတ္တန်တရားတော်

## တတိယပိုင်း

၁၃၂၈-ခုနှစ်၊ တန်ခူးလဆန်း ၅-ရက် သင်္ကြန်အကျနေ့နှင့်
၂၉-ခုနှစ်၊ တန်ခူးလကွယ်နေ့များ၌ ဟောသည်

---

### တရားအနုသန္ဓေ

သီလဝန္တသုတ် တရားကို ဟောလာတာ ၂-ကြိမ် ရှိခဲ့ပြီ၊ ဒီကနေ့ သုံးကြိမ်မြောက်ဟောရပယ်၊ သင်္ကြန်အကျနေ့ဆိုတော့ တရားနာပရိသတ်တွေထဲမှာ အယင်နေ့များက မကြား မနာရသေးတဲ့ သူတွေလဲ ဘော်ဘော်များများ ပါဝင်နေပေလိမ့်မယ်။ ဒါကြောင့် အခြေခံအနေနဲ့ နည်းနည်းပြန်ပြောရဦးမည်။

ဗာရာဏသီမြို့ မိဂဒါဝုန် တောကျောင်းမှာ သီတင်းသုံးနေကြစဉ် အရှင်မဟာကောဋ္ဌိကမထေရ်က အရှင်သာရိပုတ္တရာမထေရ်ကို ဒီလိုမေးပါတယ်။

အာဝုသော သာရိပုတ္တ- ငါ့ရှင်သာရိပုတ္တရာ၊ သီလဝတာ- သီလနှင့်ပြည့်စုံသော၊ သုတဝတာ- အကြား အမြင် သုတနှင့်

ပြည့်စုံသော၊ ဘိက္ခုနာ-ရဟန်းသည်၊ ကတမေ ဓမ္မာ-အဘယ် တရားတို့ကို၊ ယောနိသော-သင့်သော အကြောင်းအားဖြင့်၊ ဝါ-နည်းမှန်လမ်းမှန်အားဖြင့်၊ မနသိ ကာတဗ္ဗာ- နှလုံးသွင်း အပ်- ရှုအပ်ပါကုန်သနည်း-လို့ မေးပါတယ်။

အဲဒီလိုမေးတော့ အရှင်သာရိပုတ္တရာမထေရ်က ဒီလို ဖြေ ကြားတော်မူပါတယ်။

အာဝုသော ကောဋ္ဌိက- ငါ့ရှင်ကောဋ္ဌိက၊ သီလဝတာ- သီလနှင့် ပြည့်စုံသော၊ သုတဝတာ-သုတနှင့် ပြည့်စုံသော၊ ဘိက္ခုနာ- ရဟန်းသည်၊ ပဉ္စုပါဒါနက္ခန္ဓာ- ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို၊ ယောနိသော- နည်းမှန်လမ်းမှန်အားဖြင့်၊ မနသိ ကာတဗ္ဗာ- နှလုံးသွင်းအပ်- ရှုအပ်ကုန်၏။

မြင်ခိုက် ကြားခိုက် စသည်မှာ ထင်ရှား ဖြစ်ပေါ် နေတဲ့ မြင်မှု ကြားမှု နံမှု စားသိမှု ထိသိမှု ကြံသိမှု ဆိုတဲ့ ဥပါဒါ- နက္ခန္ဓာတရားတွေကို အမှန်အတိုင်းသိအောင် ရှုရမယ်တဲ့။ မရှု နိုင်လို့ အမှန်အတိုင်းမသိယင် အဲဒီမြင်မှု စသည်တွေကို ငါ ကောင်လို့လဲ ထင်မှတ်စွဲလမ်းတယ်၊ ငါ့ဥစ္စာအနေနဲ့လဲ နှစ်သက် သာယာပြီး စွဲလမ်းတယ်၊ အဲဒီလို အမြင်မှားပြီး နှစ်သက်ပြီး စွဲလမ်းနိုင်တဲ့အတွက် အဲဒီ မြင်မှုစသည်တွေကို ဥပါဒါနက္ခန္ဓာ လို့ ခေါ်တယ်။ ကဲ-အမေးအဖြေ ဆောင်ပုဒ် ၂-ခုကို ဆိုကြ ရမယ်။

(၁) သီလ, သုတာ၊ စုံသူမှာ၊ ဘယ်ဟာ ရှုအပ်ပါသနည်း။
(၂) စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာ ရှုအပ်ပါသတည်း။

ဝိပဿနာအလုပ်ကို အားထုတ်ချင်ယင် ရှေးဦးစွာ သီလနှင့် ပြည့်စုံစေရမယ်၊ နောက်ပြီးတော့ ရှုမှတ်ပုံနည်းကို ကြားနာမှတ်သားထားတဲ့ သုတနှင့်လဲ ပြည့်စုံသင့်သမျှ ပြည့်စုံရမယ်၊ အဲဒီလို သီလနှင့် သုတနှင့် ပြည့်စုံတဲ့ ရဟန်းရှင်လူဟာ မိမိသန္တာန်မှာ ထင်ရှားဖြစ်ပေါ်နေတဲ့ မြင်မှု ကြားမှု ထိသိမှု ကြံသိမှုစသော ဥပါဒါနက္ခန္ဓာတွေကို ရှုရမယ် တဲ့။ ဘယ်လို ရှုရမလဲ ဆိုတော့—

အနိစ္စတော-မမြဲဟူ၍လဲ ရှုမြင်ရမယ်၊ ဒုက္ခတော- ဆင်းရဲဟူ၍လဲ ရှုမြင်ရမယ်။ပ။ အနတ္တတော-အစိုးရတဲ့ အတ္တကောင်မဟုတ်, သဘောတရားမျှဟူ၍လဲ ရှုမြင်ရမယ် တဲ့။ ယခု ဒီမှာ ရှုမှတ်နေကြတာလိုဘဲ ရှုရှုပြီး သိမြင်ရမယ်တဲ့။ မြင်တိုင်း ကြားတိုင်း စသည်ကို ရှုရမယ် ဆိုပေမဲ့ စပြီး ရှုခါစ ပုဂ္ဂိုလ်ကတော့ ရှုခါစမှာ ထိသိရာ ဓာတ်တပါးပါးကစပြီး ရှုရတယ်၊ မြင်တိုင်း ကြားတိုင်း စသည်ကို အကုန်လုံးစေ့အောင် လိုက်ပြီး မရှုနိုင်သေးဘူး။ဒါကြောင့် ထိသိရာတမျိုးမျိုးက ဓာတ်တပါးပါးကို စပြီး ရှုရတယ်။ ဘုန်းကြီးဘို့ကတော့ ဝမ်းဗိုက်က ဖေါင်းလိုက် ပိန်လိုက်နဲ့ တောင့်တင်း လှုပ်ရှားနေတဲ့ ဝါယောဓာတ် အတွေ့အထိကစပြီး ရှုမှတ်စေပါတယ်။ ဖေါင်းတယ် ပိန်တယ်လို့ ရှုမှတ်နေယင်း စိတ်ကူးကြံစည်မှု ဖြစ်လာယင် အဲဒါကိုလဲ ရှုမှတ်ရတယ်၊ ညောင်းတာ ပူတာ နာကျင်တာ ယားတာ ဖြစ်ပေါ်

လာယင် အဲဒီ ဒုက္ခဝေဒနာကိုလဲ ရှုမှတ်ရတယ်၊ ကွေးမှု ဆန့်မှု လှုပ်ရှားမှု ဖြစ်ပေါ်လာယင် အဲဒါကိုလဲ ရှုမှတ်ရတယ်၊မြင်တာ ကြားတာ ထိသိတာ စသည်ရှိလျှင် အဲဒါတွေကိုလဲ ရှုမှတ်ရ တယ်၊ ဘာမှ အထူးမရှိယင်တော့ ဖေါင်းတာ ပိန်တာကိုဘဲ မပြတ်မှတ်နေရတယ်။

အဲဒီလိုရှုမှတ်လို့ သမာဓိအားရှိလာတဲ့အခါကျတော့ မှတ် သိရတဲ့ ကိုယ်ရုပ်နဲ့ မှတ်သိတဲ့နာမ် ဒီရုပ်နာမ် ၂-ပါးကို ခွဲခြားပြီး သိတယ်၊ အဲဒီကနောက် အကြောင်းနဲ့ အကျိုးကိုလဲ ခွဲခြားပြီး သိတယ်၊ အဲဒီကနောက်တော့ မှတ်သိရတဲ့ အာရုံရော မှတ်သိတဲ့ စိတ်ရော အသစ်အသစ်ဖြစ်ဖြစ်ပြီး ပျောက်ပျောက်သွားတာကို တွေ့ရတယ်၊ အဲဒီလို ကိုယ်ပိုင်ဉာဏ်ဖြင့်တွေ့ရတော့ ဖြစ်ပေါ်လာ ပြီး ပျောက်ပျက်သွားလို့ မမြဲဘူးလို့ သိမြင်သဘောကျသွား တယ်၊ဖြစ်လိုက်ပျက်လိုက်နဲ့ ကြောက်စရာဆင်းရဲချည်းပဲလို့လဲ သိ မြင်သဘောကျသွားတယ်၊ သူ့သဘောအတိုင်း သူဖြစ်နေတဲ့ အနတ္တအစိုးမရတဲ့ တရားဘဲလို့လဲ သိမြင်သဘောကျသွားတယ်၊ အဲဒီလို အနိစ္စ ဒုက္ခ အနတ္တသဘောကို ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန် အတိုင်းသိအောင် ရှုရမယ်တဲ့။ အယင် ၂-ရက်က အနိစ္စသိပုံ ဒုက္ခသိပုံများကို ပြောခဲ့ပါပြီ။ ဒီကနေ့တော့ အနတ္တသိပုံကို ပြော ရမယ်။

## အတ္တစွဲလေးပါး

အနတ္တ ထင်မြင်ပုံကို ပြောမယ်ဆိုတော့ အတ္တစွဲလမ်းပုံက စပြီး ပြောမှ အသိရှင်းမယ်၊ ဒါကြောင့် ယခု အတ္တစွဲပုံလေးမျိုး

ကို ပြောရမယ်။ အိန္ဒိယမှာ အတ္တစွဲပုံကို ကျမ်းဂန်တွေနှင့်တကွ ပြထားတာရှိပါတယ်၊ အမိဝမ်းတွင်းမှစပြီး အသက်ရှင်နေတဲ့ အတ္တကောင်ဟာ တကယ်ရှိနေတယ်လို့ သူတို့၏ကျမ်းများမှာ ပြဆိုထားပါတယ်၊ ဗမာပြည်ထောင်စုသားတွေကလဲ အဲဒီ အိန္ဒိယကျမ်းအဆိုတွေနဲ့ အလားတူဘဲ စွဲလမ်းနေကြပါတယ်၊ ကိုယ်ထဲမှာ အလိုအတိုင်း အစိုးရတဲ့ အတ္တကောင် အသက်ကောင်ရှိနေတယ်လို့ ထင်မြင်စွဲလမ်းတာက သာမိ အတ္တစွဲ-တဲ့။ အဲဒါကို ဆိုကြရမယ်။

(၁) ကိုယ်ထဲမှာ အလိုအတိုင်း အစိုးရတဲ့ ငါကောင်
ရှိသည်ဟု ထင်တာက **သာမိအတ္တစွဲ**။

ကိုယ်သွားချင်ယင် သွားနိုင်တယ်၊ ကိုယ်စားချင်ယင် စားနိုင်တယ်၊ ကိုယ်ထိုင်ချင်ယင် ထိုင်နိုင်တယ်၊ ကိုယ်ပြောချင်ယင် ပြောနိုင်တယ်၊ ကိုယ်လုပ်ချင်ယင် လုပ်နိုင်တယ်၊ ကိုယ်အလိုရှိတိုင်း အစိုးရနေတဲ့ (သာမိ-ပိုင်ရှင် ဆိုတဲ့) အတ္တကောင် ငါကောင်ဟာ တကယ်ရှိနေတယ်လို့ ထင်ယင် အဲဒါဟာ သာမိ အတ္တစွဲဘဲ၊သက္ကာယဒိဋ္ဌိလဲဖြစ်တယ်၊အတ္တဒိဋ္ဌိလဲဖြစ်တယ်။ဒီသာမိ အတ္တစွဲကို ပယ်နိုင်အောင်လို့ မြတ်စွာဘုရားရှင်က အနတ္တလက္ခဏသုတ်မှာ—

(ရူပံ ဘိက္ခဝေ အနတ္တာ)ရဟန်းတို့ ရုပ်သည် အစိုးရတဲ့ အတ္တကောင်မဟုတ်၊ (ရူပဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊) ဤရုပ်သည် အစိုးရသော အတ္တကောင် အကယ်၍ ဟုတ်ပါမူ၊(နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ၊) ဤရုပ်သည် နှိပ်စက်ရန်အလို့ငှါ

မဖြစ်တန်ရာ၊ (လဗ္ဘေထ စ ရူပေ ဧဝံ မေ ရူပံ ဟောတု ဧဝံ မေ ရူပံ မာ အဟောသီတိ၊) ထို့ပြင် ငါ၏ရုပ်သည် ဤသို့အကောင်းချည်းသာ ဖြစ်ပါစေ၊ ငါ၏ ရုပ်သည် ဤသို့ အဆိုးကား မဖြစ်ပါစေလင့်ဟု ရုပ်၌ လိုလားတောင့်တသည့်အတိုင်း ရလေရာ၏။ (ယသ္မာ စ ခေါ ရူပံ အနတ္တာ၊ တသ္မာ ရူပံ အာဗာဓာယ သံဝတ္တတိ၊)စင်စစ်သော်ကား ရုပ်သည် အစိုးရသည့် အတ္တကောင်မဟုတ်ပေ၊ ထို့ကြောင့် ရုပ်သည် နှိပ်စက်ရန် အလို့ငှါလဲ ဖြစ်ချေ၏။(န စ လဗ္ဘတိ ရူပေ ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီတိ၊) ထို့ပြင် ငါ၏ရုပ်သည်ဤသို့အကောင်းချည်း ဖြစ်ပါစေ၊ ငါ၏ရုပ်သည် ဤသို့အဆိုးကား မဖြစ်ပါစေလင့်ဟု ရုပ်၌လိုလားတောင့်တသည့်အတိုင်း မရနိုင်ပဲလဲ ရှိချေသည်။

ရဟန်းတို့ ဝေဒနာသည်, သညာသည်, သင်္ခါရတို့သည်, ဝိညာဏ်သည် အစိုးရတဲ့ အတ္တကောင်မဟုတ်၊ အကယ်၍ အတ္တကောင် ဟုတ်ပါမူ ဤဝေဒနာသည်, သညာသည်, သင်္ခါရတို့သည်, ဝိညာဏ်သည် နှိပ်စက်ရန်အလို့ငှါ မဖြစ်တန်သေရာ၊ စင်စစ်သော်ကား ဝေဒနာသည်, သညာသည်, သင်္ခါရတို့သည်, ဝိညာဏ်သည် အစိုးရတဲ့ အတ္တကောင်မဟုတ်ပေ၊ ထို့ကြောင့် ဝေဒနာသည်, သညာသည်, သင်္ခါရတို့သည်, ဝိညာဏ်သည် နှိပ်စက်ရန် အလို့ငှါလဲ ဖြစ်ချေ၏၊ငါ၏ဝေဒနာသည်,သညာသည်, သင်္ခါရတို့သည်, ဝိညာဏ်သည်ဤသို့အကောင်းချည်းဖြစ်ပါစေ၊ ဤသို့အဆိုးကားမဖြစ်ပါစေလင့်ဟု ဝေဒနာ၌,သညာ၌,သင်္ခါရ

တို့၌, ဝိညာဏ်၌ လိုလားတောင့်တသည့်အတိုင်း မရနိုင်ပဲလဲ ရှိချေသည်-လို့ ဟောတော်မူပါတယ်။

အနတ္တာဆိုတဲ့ပုဒ်ဟာ န အတ္တာ-အတ္တမဟုတ်ဆိုတဲ့ ပုဒ်ရင်း ၂-ခုမှဖြစ်လာတယ်၊ ဒါကြောင့် အနတ္တာ-အတ္တမဟုတ်လို့ ဒီလိုသာ အနက်ပြန်သင့်ပါလျက် ရှေးနိဿယဆရာများက အနတ္တာ-အစိုးမရ-လို့ အနက်ပြန်ခဲ့ကြတာလဲ ဒီသာမီအတ္တကို ရည်ပြီး ပြန်ခဲ့ကြတာပါဘဲ။ ဒီသီလဝန္တသုတ်မှာ ပရတော- သူစိမ်းနှင့်တူသည်လို့ ရှုရမယ်ဆိုတာလဲ ဒီသာမီအတ္တကို ပယ်မြစ်ပြီး ရှုမြင်ဘို့ ညွှန်ပြတာပါဘဲ။

မိမိနှင့် ရင်းနှီးတဲ့ အတွင်းသားထဲက လူဆိုယင် ဘာမဆို စီမံခန့်ခွဲလို့ ခိုင်းလို့ရတယ်၊ မသိမကျွမ်းတဲ့ လူတစိမ်းကိုတော့ စီမံခန့်ခွဲလို့ ခိုင်းလို့မရဘူး၊ ကိုယ်ထဲက ရုပ်နာမ်တွေကလဲ ငါ-ငါ့ကိုယ်လို့ ထင်မှတ်ရပေမဲ့ အဲဒီ လူတစိမ်းလိုဘဲ စီမံခန့်ခွဲလို့မရဘူး၊ မိမိ အလိုအတိုင်းမဖြစ်ဘူး၊ ဒါကြောင့် ပရတော-အပြင်ပက သူတစိမ်းလိုပင် ရှုရမယ်လို့ ဟောတော်မူတာပါဘဲ၊ အဲဒါဟာ အစိုးမရဘူးလို့ ရှုတာနဲ့လဲ အရတူပါဘဲ။

နောက်ပြီးတော့ အတ္တစွဲရှိသူတွေက အသက်ရှင်နေတဲ့ အတ္တကောင် ငါကောင်ဟာ မိမိတို့ကိုယ်ထဲမှာ အမြဲတည်ရှိနေတယ်လို့ ထင်မှတ်စွဲလမ်းနေကြပါတယ်၊ ပဋိသန္ဓေနေစဉ်က တခြားမှလာပြီး ကိုယ်ထဲဝင်တည်နေတယ်လို့ ထင်မှတ်ကြတယ်၊ သေတဲ့အခါကျတော့လဲ လက်ရှိကိုယ်ထဲမှ ထွက်ခွါသွားတယ်လို့ ထင်မှတ်ကြတယ်၊ ပါးစပ်ကထွက်သွားသလိုလို နှာခေါင်းက ထွက်

သွားသလိုလို ထင်မှတ်စွဲလမ်းနေကြတယ်၊ မသေမီ အတွင်းမှာ တော့ မိမိတို့၏ကိုယ်ထဲမှာ အမြဲတည်ရှိနေတယ်လို့ထင်မှတ်စွဲလမ်း နေကြတယ်၊အဲဒါဟာ နိစ္စသီ အတ္တစွဲဘဲ၊ အဲဒါကိုဆိုကြရမယ်။

(၂) ကိုယ်ထဲမှာ အမြဲတည်နေတဲ့ ငါကောင်ရှိသည်ဟု ထင် တာက နိစ္စသီအတ္တစွဲ။

ဒီ နိစ္စသီအတ္တစွဲရှိနေတဲ့ သူတွေက "ရုပ်ကိုယ်ကြမ်းကြီး ပျက် စီးလို့ သေသွားပေမဲ့ အတ္တကောင်ကတော့ မပျက်ဘူး၊ တခြား ကိုယ်အသစ်ထဲ ဝင်ပြီးတည်နေတယ်၊ အဲဒီလို ခန္ဓာအိမ်သစ်ကို ရှာတဲ့အခါမှာ ဒီအတ္တကောင်က စူးဖျားလောက်မက သေးငယ် သွားနိုင်တယ်၊ တောင်နံရံတွေကိုလဲ ဖောက်ထွင်းသွားနိုင်တယ်" လို့ ယူဆပြောဆို ရေးသားထားကြတယ်။ ဒီ နိစ္စသီအတ္တကို ပယ်မြစ်ပြီး အမှန်အတိုင်းသိဘို့ရာ မြတ်စွာဘုရားရှင်က "န ရူပံ အတ္တာနံ၊ န ဝေဒနာယ၊ န သညာယ၊ န သင်္ခါရေသု၊ န ဝိညာ ဏံ အတ္တာနံ သမနုပဿတိ- ရုပ်၌ အတ္တကိုမရှု၊ ဝေဒနာ၌၊ သညာ၌၊ သင်္ခါရတို့၌၊ စိတ်ဝိညာဏ်၌ အတ္တကို မရှု" စသည်ဖြင့် ဟောကြားတော်မူပါတယ်။

ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်အမူအရာဟူသမျှကို အတ္တ ကောင် ငါကောင်က ပြုလုပ်နေတယ်လို့ ထင်မှတ် စွဲလမ်းတာက ကာရကအတ္တစွဲ-တဲ့၊ အမူအရာဟူသမျှကို ပြီးစေတဲ့ သင်္ခါရက္ခန္ဓာ ကို အတ္တကောင် ငါကောင်လို့ စွဲလမ်းတာပါဘဲ။ ကဲ အဲဒီဆောင် ပုဒ်ကို ဆိုကြရမယ်။

(၃) ကိုယ်, နှုတ်, စိတ်, အမူအရာဟူသမျှကို ငါကောင်ကပင် ပြုလုပ်သည်ဟု ထင်တာက ကာရကအတ္တစွဲ။

ငါကမြင်တယ်၊ ငါကကြားတယ်၊ ငါကကြံတယ်၊ ငါကပြောတယ်၊ ငါက ပြုလုပ်တယ်၊ ငါက သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ ငါက ကွေးတယ် ဆန့်တယ်စသည်ဖြင့် ထင်မှတ်စွဲလမ်းတာဟာ ဒီ ကာရကအတ္တစွဲဘဲ၊ မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း ထိသိတိုင်း ကွေးတိုင်း ဆန့်တိုင်း သွားတိုင်း ရပ်တိုင်း ထိုင်တိုင်း ပြောဆိုတိုင်း မပြတ်လိုက်ပြီး ရှုသိနေယင် သမာဓိဉာဏ် အားရှိလာတဲ့အခါကျတော့ "မြင်အောင် ကြားအောင် ကြံသိအောင်စသည်ကို ပြုလုပ်တဲ့ ငါကောင်ရယ်လို့မရှိဘူး၊ ရုပ်နာမ် ၂ ပါးမျှသာရှိတယ်" လို့ အမှန်အတိုင်းသိလာတယ်၊ "ကွေးအောင် ဆန့်အောင် သွားအောင် ရပ်အောင် ထိုင်အောင်စသည်ကို ပြုလုပ်တဲ့ အတ္တကောင်ရယ်လို့ မရှိဘူး၊ ကွေးချင်တဲ့ စိတ်နဲ့ ကွေးရုပ်၊ ဆန့်ချင်တဲ့စိတ်နဲ့ ဆန့်ရုပ်၊ သွားချင်တဲ့စိတ်နဲ့ သွားရုပ် စသည်ဖြင့် အကြောင်းစိတ်နဲ့အကျိုးရုပ်မျှသာရှိတယ်" လို့ ကိုယ်ပိုင်ဉာဏ်ဖြင့် ရှင်းလင်းစွာသိရတယ်၊ အဲဒီလို ကိုယ်ပိုင်အသိဉာဏ်ဖြစ်အောင်လို့ "မြင်တယ် ကြားတယ်" စသည်ဖြင့်လဲ ရှုရတယ်၊ "ကွေးတယ်၊ဆန့်တယ်၊သွားတယ်၊ကြွတယ်၊လှမ်းတယ် ချတယ်" စသည်ဖြင့်လဲ ရှုရတာဘဲ။ အဲဒီ အနက်အဓိပ္ပါယ်တွေကို သတိပဋ္ဌာနသုတ်အဖွင့် အဋ္ဌကထာများမှာ အထင်အရှားပြဆိုထားပါတယ်။ နောက်ပြီးတော့ အကောင်းအဆိုးကို ခံစားတဲ့အခါ "ငါကဘဲ ခံစားရတယ်၊ ငါဘဲ ဆင်းရဲရတယ်၊ ငါဘဲနာတယ် ပူတယ်၊

ငါဘဲချမ်းသာတယ် ကောင်းတယ်၊ ချမ်းသာတာ ကောင်းတာ ဟာ ငါဘဲ” စသည်ဖြင့် စွဲလမ်းတယ်၊ အဲဒါဟာ ဝေဒနာကို ငါအနေဖြင့် စွဲလမ်းတဲ့ ဝေဒက အတ္တစွဲဘဲ၊အဲဒါကို ဆိုကြရမယ်။

(၄) အကောင်း အဆိုးဟူသမျှကို ငါကောင်ကပင် ခံစား သည်ဟု ထင်တာက **ဝေဒကအတ္တစွဲ**။

သုခံ ဝါ ဝေဒနံ ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမိတိ ပဇာနာတိ-စသည်ဖြင့် သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသုံးပါးကို ဖြစ်ဆဲဖြစ်ဆဲမှာ ရှုပြီးသိဘို့ မြတ်စွာဘုရားက ဟောခဲ့တာဟာ ဒီ ဝေဒကအတ္တစွဲကို ပယ်နိုင်အောင်လို့ ဟောတော်မူတာပါဘဲ။ တချို့က သုခ ဒုက္ခကိုမရှုရဘူး၊ ဥပေက္ခာကိုသာ ရှုရမယ်လို့ ဉာဏ် ကန့်ပြီး ဘုရားအလိုတော်နဲ့ ဆန့်ကျင်ဘက် ဟောပြောရေးသား နေကြတာကို တွေ့ရတယ်၊ အဲဒီလိုပုဂ္ဂိုလ်ကို ဆရာတင်ထားမိတဲ့ သူတွေမှာတော့ သုခနှင့် ဒုက္ခဝေဒနာတွေကို မရှုမသိတဲ့အတွက် အဲဒီ သုခဒုက္ခတို့နှင့်စပ်ပြီး အနုသယကိလေသာတွေလဲ ဖြစ်မြဲ ဖြစ် နေမယ်၊ ဝေဒကအတ္တစွဲလဲ ရှိမြဲရှိနေမယ်၊ ဥပေက္ခာ ဆိုတာက မထင်ရှားလို့ အရှုရအသိရခက်ပါတယ်၊ ဒါကြောင့် ဥပေက္ခာကို အမှန်အတိုင်း မရှုသိနိုင်တဲ့အတွက် အဲဒီ ဥပေက္ခာဝေဒနာနှင့် စပ်ပြီးတော့လဲ အနုသယ ကိလေသာတွေ ဖြစ်မြဲ ဖြစ်နေမယ်၊ “မဆင်းရဲ မချမ်းသာ ညီမျှနေတာဟာ ငါဘဲ”လို့ စွဲလမ်းတဲ့ ဝေဒကအတ္တစွဲလဲ ရှိမြဲရှိနေမယ်၊ အဲဒီပုဂ္ဂိုလ်တွေဟာ ဘုရား အဆုံးအမ သာသနာတော်မှ အပြင်ဘက်သို့ ရောက်မှန်းမသိ ရောက်သွားရှာကြတာဘဲ၊ သနားစရာပါဘဲ။

ယခုပြောခဲ့တဲ့ အတ္တစွဲလေးပါးကို သေသေချာချာ လေ့လာ စဉ်းစားကြည့်ယင် ဖြစ်ခိုက်ရုပ်နာမ်တွေကိုရှုပြီး အဖြစ် အပျက် အနိစ္စ ဒုက္ခ သဘောတွေကို အမှန်အတိုင်းသိပါမှ အနတ္တဉာဏ်မှန် ဖြစ်ပြီး အတ္တစွဲတွေ ကင်းသွားမယ်၊ ရုပ်ကိုယ်ကြီးကို အမှုန်အမှုန့် ပြုပြီး ဆင်ခြင်ရုံမျှဖြင့် ဒီအတ္တစွဲတွေကို မကင်းစေနိုင်ဘူး၊ ရုပ် ကိုယ်ပုံသဏ္ဌာန် အထည်ဒြပ် ပျောက်သွားရုံနဲ့ အနတ္တဝိပဿနာ ဉာဏ်အစစ် မဖြစ်သေးဘူး၊ ဘာကြောင့်လဲဆိုယင် "ငါက ရှုတယ် ငါကသိတယ် ငါချမ်းသာနေတယ်" စသည်ဖြင့် ဝေဒ နာ သညာ သင်္ခါရ ဝိညာဏ်တွေကိုစွဲပြီး အတ္တစွဲက ဖြစ်နိုင်သေး သောကြောင့်ပါဘဲ။ စဉ်းစားကြည့်ပါ၊ အရူပဗြဟ္မာဘုံမှာ ရုပ် ကိုယ်ဆိုတာ မရှိဘူး၊ ဒါပေမဲ့- အဲဒီဘုံက ပုထုဇဉ်ဗြဟ္မာတွေမှာ ဝေဒနာ သညာ သင်္ခါရ စိတ်ဝိညာဏ်တွေကို ငါကောင်အနေနဲ့ စွဲလမ်းတဲ့ အတ္တဒိဋ္ဌိ ရှိနေနိုင်သေးတာဘဲ။

အမှန်စင်စစ်ကတော့ မြင်ဆဲကြားဆဲ စသည်မှာ ထင်ရှားတဲ့ မြင်မှု ကြားမှု စသော ဥပါဒါနက္ခန္ဓာတွေကို မပြတ် မစဲ ရှုမှတ်ပြီး သူ့အကြောင်းအားလျော်စွာ အသစ်အသစ်ဖြစ်ဖြစ်ပြီး တခဏချင်း ပျောက်ပျက်သွားတာကိုချည်း တွေ့ရလို့ "အစိုးရတဲ့ အတ္တကောင် မဟုတ်ဘူး၊ အမြဲတည်နေတဲ့ အတ္တကောင်လဲ မရှိ ဘူး၊ ပြုလုပ်တတ်- ခံစားတတ်တဲ့ အတ္တကောင်လဲမရှိဘူး၊ သူ့ အကြောင်းအားလျော်စွာ ဖြစ်ဖြစ်ပြီး ပျောက်ပျောက် သွားတဲ့ သဘောတရားမျှချည်းဘဲ" လို့ ဒီလို ကိုယ်ပိုင်ဉာဏ်ဖြင့် ရှင်းလင်း စွာ သိရပါမှ အနတ္တဉာဏ်မှန် ဖြစ်ပြီး အတ္တစွဲတွေ ကင်းငြိမ်း

တယ်၊ အဲဒီလို အနတ္တဉာဏ်မှန် ဖြစ်ဖို့ရာအတွက် မိမိတို့သန္တာန်မှာ တကယ်ဖြစ်ပျက်နေတဲ့ ဥပါဒါနက္ခန္ဓာတွေကို ရှုဘို့ အရှင်သာရိပုတ္တာရာမထေရ်မြတ်က ဟောကြားတော် မူခဲ့တာပါဘဲ။ အဲဒီဆောင်ပုဒ်များကို ဆိုကြရမယ်။

## အမေးအဖြေ ဆောင်ပုဒ်များ

(၁) သီလ,သုတာ၊စုံသူမှာ၊ ဘယ်ဟာ ရှုအပ်ပါသနည်း။
(၂) စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာ ရှုအပ်ပါသတည်း။
(၃) မမြဲ,ဆင်းရဲ၊ရောဂါစွဲ၊ပေါက်ကွဲအိုင်းတူသည်။(၄+)
(၄) ငြောင့်, မကောင်းမှု၊ဖျားနာဟု၊ မှတ်ရှုသူစိမ်းမည်။ (၄+)

မြင်ဆဲ ကြားဆဲ စသည်မှာ ထင်ရှား ပေါ်လာတဲ့ မြင်မှု ကြားမှု စသော ဥပါဒါနက္ခန္ဓာတွေကို ရှုမှတ်ပြီး မမြဲဘူးလို့လဲ သိမြင်ရမယ်၊ ဆင်းရဲချည်းဘဲလို့လဲ သိမြင်ရမယ်၊ စွဲကပ်နေတဲ့ ရောဂါနှင့်တူတယ်လို့လဲ သိမြင်ရမယ်၊ ပေါက်ကွဲနေတဲ့ အိုင်း အမာအနာအိုကြီးနှင့် တူတယ်လို့လဲ သိမြင်ရမယ်၊ ဒီထိအောင် အခြင်းအရာ ၄-ပါး၊ အဲဒီလေးပါးကို ဆိုလတ့ံအခြင်းအရာ များနှင့်ပေါင်းယူဘို့ အပေါင်းလက္ခဏာကလေးလဲ ဆောင်ပုဒ် အဆုံးမှာ ပြထားတယ်။ နောက်ပြီးတော့ စူးဝင်နေတဲ့ငြောင့်လို ပင် နှိပ်စက်နေတယ်လို့လဲ သိမြင်ရမယ်၊ မကောင်းမှုလိုပင် မကောင်းကျိုး ဖြစ်စေတတ်တယ်လို့လဲ သိမြင်ရမယ်၊ ကိုယ်ထဲက အဖျားအနာလိုပင် နှိပ်စက်တတ်တယ်လို့လဲ သိမြင်ရမယ်၊ အပြင်ပက သူတစိမ်းလိုပင် စီမံခန့်ခွဲလို့မရဘူး အစိုးမရဘူးလို့လဲ သိမြင်

ရမယ်ဘဲ့။ ဒီ အမှတ်(၄) ဆောင်ပုဒ်က ရှုရမည့်အခြင်းအရာ လေးပါး၊ အမှတ် (၃) ဆောင်ပုဒ်က လေးပါးနှင့်ပေါင်းလိုက် ယင် ရှုရမည့် အခြင်းအရာ (၈) ပါးရှိသွားပြီ။အဲဒီ (၈) ပါး ထဲမှာ ပရတော-အပြင်ပက သူတစိမ်းနဲ့ တူတယ်ဆိုတဲ့ ရှုသိပုံ ကတော့ အနတ္တ ရှုသိပုံထဲမှာ ပါဝင်တယ်။အဲဒါကို ခုတင်က ပြောပြီးပါပြီ။

## ပလောကတော-စသည် ဖွင့်ပြချက်

အဲဒီကနောက်မှာ ပလောကတော-အကြီးအကျယ် အထင် အရှား ပျက်စီးတတ်သည်ဟူ၍လဲ ရှုရမယ်တဲ့၊ ဖြစ်ပေါ်ပြီးလျှင် ဘင်ခဏအားဖြင့်လဲ ပျက်တတ်တယ်၊ သေသောအားဖြင့်လဲ အကြီးအကျယ် ပျက်တတ်တယ်၊ ခိုင်ခံ့ခြင်းမရှိပဲ အလွယ်တကူ အထင်အရှားလဲ ပျက်တတ်တယ်၊ မပြတ်ရှုမှတ်နေတဲ့ ယောဂီ ဟာ ဘင်ခဏအားဖြင့် ခဏမစဲ ပျက်ပျက်သွားတာကို တွေ့ရ တယ်၊ အလွန်လျင်မြန်စွာ ပျက်ပျက်သွားတာကိုလဲ တွေ့ရတယ်၊ စက္ကူများကို ဆွဲဆုတ်လိုက်သလို အထင်အရှား ပျက်သွားတာ ကိုလဲတွေ့ရတယ်၊ အဲဒီလို တွေ့ရတော့ နောက်ဆုံး တနေ့မှာ သေပြီးတော့လဲ ပျက်ရလိမ့်မယ် ဆိုတာကိုလဲ သဘောပေါက် သိမြင်သိမြင်သွားတယ်၊အဲဒီလို သိမြင်အောင်လဲ ရှုပါတဲ့၊ အဲဒီ လို ပျက်လွယ်တာကိုတွေ့ရတော့ “အနိစ္စ-မမြဲဘူး” ဆိုတာဟာ သာပြီးထင်ရှားတာပေါ့။ ဒါကြောင့် ပလောကတော-အကြီး အကျယ် ပျက်တတ်တယ်-အလွန် ပျက်လွယ်တယ် ဆိုတာဟာ အနိစ္စအခြင်းအရာထဲ အပါအဝင်ပါဘဲ။

နောက်ပြီးတော့ သုညတော - အတ္တကောင်မှ ဆိတ်သုဉ်းသည်ဟူ၍လဲ ရှုရမယ် တဲ့။ ပကတိ ပုဂ္ဂိုလ်တွေ အနေအားဖြင့်တော့ အသက်ရှင်နေတဲ့ သတ္တဝါ အကောင်အထည်ကြီးလိုက် ထင်ရှားနေတယ်၊ ရုပ်တွေကို ဆင်ခြင်ဉာဏ်ဖြင့် အမှုန့်အမှုန့် ကြိတ်ခွဲပြီး ဆင်ခြင်လိုက်ပေမဲ့ စဉ်းစားဆင်ခြင်နေတဲ့ ငါကောင် ကတော့ ရှိနေသလိုလို ထင်နေမှာဘဲ၊ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဆိုတာတွေကို ခွဲခြမ်းပြီး ဆင်ခြင်လိုက်ပေမဲ့ ဆင်ခြင်နေတဲ့ ငါကောင်ကတော့ ရှိတဲ့အနေနဲ့ဘဲ ထင်ရှားနေမှာဘဲ၊ မြင်ဆဲကြားဆဲစသည်မှာ ထင်ရှားပေါ်လာသမျှ မြင်မှု ကြားမှု စသော ဥပါဒါနက္ခန္ဓာတွေကို မပြတ်လိုက်ပြီး ရှုနေတဲ့ ယောဂီမှာတော့ အရှုခံအာရုံတွေရော ရှုသိတဲ့သဘောရော ရှုနေယင်းပင် ကုန်ဆုံးကုန်ဆုံးသွားကြတာကိုသာ တွေ့နေရတဲ့အတွက် အတ္တကောင် ငါကောင်ဆိုတာဟာ လုံးဝကင်းဆိတ်နေတယ်။ လူ အိမ် သစ်ပင် ဘာမျှမရှိတဲ့ကွင်းပြင်ကြီးထဲ လျှောက်ကြည့်လိုက်တဲ့အခါ လူစသည်ကို ဘာမျှ မတွေ့ရသလိုပင် ရှုတိုင်း ရှုတိုင်း အပြင်က အရှုခံအာရုံရော, အတွင်းက ရှုသိတာရော ချက်ခြင်းပင် ပျောက်ပျက်သွားတာချည်း တွေ့နေရတဲ့အတွက် အသက်ရှင်နေတဲ့ အတ္တကောင်မှ ကင်းဆိတ်နေတယ်လို့သာ သိရတယ်၊ ဒါလဲ အနတ္တအခြင်းအရာဖြင့် သိမြင်တာပါဘဲ။

နောက်ပြီးတော့ အနတ္တတော- အတ္တကောင်မဟုတ်- အတ္တကောင်မရှိဘူးလို့လဲ ရှုရမယ် တဲ့။ အတ္တ-ဆိုတာ ရှေးနားက

ပြောခဲ့တဲ့အတိုင်း "သာမိ-တကိုယ်လုံးကို အစိုးရတဲ့ပိုင်ရှင်၊ နိဝါသီ-ကိုယ်ထဲမှာ အမြဲတည်ရှိနေတဲ့ ငါကောင်၊ ကာရက ကိုယ်အမှုအရာ နှုတ်အမှုအရာ စိတ်အမှုအရာ ဟူသမျှကို ပြုထတ်တဲ့ ငါကောင်၊ ဝေဒက-အကောင်းအဆိုးကို ခံစားတတ်တဲ့ ငါကောင်"လို့ ထင်မှတ် စွဲလမ်းနေကြတဲ့ အသက်ကောင် ငါကောင် ပါဘဲ၊ "ကိုယ်ထဲမှာ အသက်ရှင်နေတဲ့ အတ္တကောင် ရှိနေတယ်၊ အဲဒီ အတ္တကောင်ကပင် မြင်ခြင်း ကြားခြင်း သွားခြင်း စသော အမှုကိစ္စတွေကို ပြုလုပ်နေတယ်၊ အကောင်း အဆိုးတွေကို ခံစားနေတယ်"လို့ ဒီလို ထင်မှတ်တဲ့ အတ္တစွဲက ကင်းခဲပါတယ်၊ "ခဏမစဲ ဖြစ်ပျက်နေတဲ့ ရုပ်နာမ် ၂၂-ပါးမျှသာရှိတယ်၊ အနိစ္စ ဒုက္ခ အနတ္တ သဘောတရားမျှသာရှိတယ်" လို့ ကြားနာမှတ်သားပြီး ပြောဟောနေကြပေမဲ့ ကိုယ်ထဲမှာ ဆင်ခြင်ကြည့်ယင် အတ္တကောင်က ရှိနေသလိုလိုပင် ထင်မှတ်တတ်ကြတယ်၊ ပြောဟောစဉ်းစားနေတာကိုပင် ငါလို့ ထင်မှတ်နေတတ်ကြပါတယ်။

မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း ထိသိတိုင်း ကြံသိတိုင်း မြင်မှု အစရှိသော ဥပါဒါနက္ခန္ဓာတွေကို လိုက်ပြီး မပြတ်ရှုသိနေတဲ့ယောဂီမှာတော့ သမာဓိဉာဏ် အားရှိလာတဲ့အခါမှာ ရှုသိစရာရုပ်နဲ့ ရှုသိတဲ့စိတ်နာမ်ကိုလဲ ခွဲခြားပြီးသိတယ်၊ ရှုသိရတဲ့ အာရုံရော၊ ရှုသိတဲ့စိတ်နာမ်ရော ရှုသိ ရှုသိနေယင်းပင် ကုန်ကုန်သွားတာ ပျောက်ပျောက်သွားတာကိုသာ တွေ့ရတယ်၊ "အတ္တကောင်-ငါကောင်ရယ်လို့ မရှိဘူး။ ခဏမစဲ ပျက်ပျက်သွားတဲ့

သဘောတရားမျှသာ ရှိတယ်'' ဆိုတာ ထင်ရှား သိရပါတယ်၊ အဲဒီလို ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်အောင်ရှုဘို့ ပြဆိုတာပါဘဲ။

## အနတ္တ အနတ္တ လက္ခဏာ စသည် ခွဲပုံ

အဲဒီလို ရှုသိရာမှာ (၁) အနတ္တ၊ (၂) အနတ္တလက္ခဏာ၊ (၃) အနတ္တာနုပဿနာဆိုတဲ့ ဒီသုံးပါးကို ခွဲခြားသိထားရမယ်။ (၁) အနတ္တ- ဆိုတာ ခဏမစဲ ဖြစ်ပျက်နေတဲ့ ရုပ် နာမ် ခန္ဓာတွေဘဲ။ (၂) အနတ္တလက္ခဏာ- ဆိုတာ သူ့အကြောင်း အားလျော်စွာ သူ့သဘောအတိုင်း ဖြစ်ပျက်နေလို့ မိမိအလိုအတိုင်း မဖြစ်တာပါဘဲ။ (၃) အနတ္တာနုပဿနာ-ဆိုတာ ရှုမှတ်နေဆဲမှာ မိမိအလိုအတိုင်း မဖြစ်တာကိုတွေ့ရ၍ အစိုးမရဘူး, ငါကောင် မဟုတ်ဘူးလို့သိမြင်တဲ့ ကိုယ်ပိုင်ဉာဏ်ပါဘဲ။ အဲဒါတွေကို ဆိုကြရမယ်။

(၁) သူ့သဘောအတိုင်း ဖြစ်ပျက်နေတဲ့ ရုပ်နာမ် ခန္ဓာက အနတ္တတရား။

(၂) အလိုအတိုင်းမဖြစ်တာက အနတ္တလက္ခဏာ။

သူ့အကြောင်း အားလျော်စွာ သူ့သဘော အတိုင်းသာ ဖြစ်ပျက်နေတယ်၊ ကိုယ့်အလိုအတိုင်းတော့မဖြစ်ဘူး၊ ကိုယ့်အလို အတိုင်း မဖြစ်ယင် အဲဒါကို အတ္တလို့ ငါလို့ မဆိုနိုင်ဘူး၊ ဒါကြောင့် အလိုအတိုင်း မဖြစ်တာကို ''အနတ္တလို့ အမှတ်ပြုရကြောင်း=အနတ္တလက္ခဏာ''လို့ ဆိုပါတယ်၊အဲဒီအနတ္တလက္ခဏာကို တွေ့ယင်တော့ အနတ္တာနုပဿနာဉာဏ် ဖြစ်တော့တာပါဘဲ။ အဲဒါကို ဆိုကြရမယ်။

(၃) ရှုမှတ်ဆဲမှာ အလိုအတိုင်းမဖြစ်တာကို တွေ့ရ၍ အစိုးမရ, ငါကောင်မဟုတ် ဟု သိမြင်တာက အနတ္တာနုပဿနာဉာဏ်။

ယခုပြောခဲ့တဲ့ "ပလောကတော သုညတော အနတ္တတော" ဆိုတဲ့ အခြင်းအရာ သုံးပါးနဲ့ ရှေ့နားကပြခဲ့ပြီးတဲ့ အခြင်းအရာ (၈)ပါးကိုပါ ပေါင်းလိုက်ယင် ရှုရမည့်အခြင်းအရာ (၁၁)ပါး ဖြစ်တယ်၊ အဲဒါကို ဆောင်ပုဒ်တခု စီထားတယ်၊ "ပျက်စီးသုည၊ အနတ္တ၊ ရှုရ ဆဲ့တမည်"တဲ့။ အဲဒါကို ဆိုကြရမယ်။

(၅) ပျက်စီး,သုည၊ အနတ္တ၊ ရှုရ ဆဲ့တမည်။
(+၃=၁၁)

အဲဒီရှုပုံ ပါဠိအနက်ကို ထပ်ပြီးရွတ်ပြဦးမယ်။

အာဝုသော ကောဋ္ဌိက- ငါ့ရှင်ကောဋ္ဌိက၊ သီလဝတာ- သီလနှင့် ပြည့်စုံသော၊ သုတဝတာ သုတနှင့်ပြည့်စုံသော၊ ဘိက္ခုနာ- ရဟန်းသည်၊ ပဉ္စ ပါဒါနက္ခန္ဓာ- ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို၊ အနိစ္စတော- မမြဲဟု၊ ဒုက္ခတော- ဆင်းရဲဟု၊ ရောဂတော-စွဲကပ်နေသော ရောဂါနှင့် တူသည်ဟု၊ ဂဏ္ဍတော- ပေါက်ကွဲနေသော အိုင်းအမာနှင့်တူသည်ဟု၊ သလ္လတော- စူးဝင်နေသော ငြောင့်နှင့်တူသည်ဟု၊ အဃတော- မကောင်းမှုနှင့် တူသည်ဟု၊ အာဗာဓတော- အဖျားအနာနှင့် တူသည်ဟု၊ ပရတော-အပြင်ပလူ သူတစိမ်းနှင့် တူသည်ဟု၊ ပလောကတော- ပျက်စီးတတ်သည်ဟု၊ သုညတော- အတ္တမှ ဆိတ်သုဉ်းသည်ဟု၊ အနတ္တတော- အစိုးမရ အနတ္တဟု၊ ယောနိသော- သင့်သော

အကြောင်းအားဖြင့်၊ ဝါ-နည်းမှန်လမ်းမှန်အားဖြင့်၊ မနသိ-
ကာတဗ္ဗာ-နှလုံးသွင်းအပ်, ရှုအပ်ကုန်၏ တဲ့။

အဲဒီမှာ ရှုပုံအခြင်းအရာ(၁၁)ပါးရှိတယ်၊ အဲဒီ ၁၁-ပါးဟာ သဘောတူရာ ပေါင်းလိုက်ယင် အနိစ္စ, ဒုက္ခ, အနတ္တ ဆိုတဲ့ အခြင်းအရာ သုံးပါးမျှပါဘဲ။ ဘယ်လိုလဲဆိုတော့ "ပလောက တော- ပျက်စီးတတ်တယ်"ဆိုတာဟာ အနိစ္စ-မမြဲဘူး ဆိုတာထဲ ပါဝင်သွားပါတယ်၊ "ပရတော-သူတစိမ်းနှင့်တူတယ်" ဆိုတာ ဟာ "အစိုးမရလို့ အနတ္တ" ဆိုတာနဲ့အတူတူဘဲ၊ "သုညတော- အတ္တကောင်မှ ဆိတ်သုဉ်းနေတယ်" ဆိုတာဟာ "အတ္တကောင် မရှိ=အနတ္တ"ဆိုတာနဲ့အတူတူဘဲ။ကျန်တဲ့"ရောဂတောဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော" ဆိုတဲ့ ငါးခုက ဒုက္ခ-ဆင်းရဲသဘောချည်းပါဘဲ။ ဒါကြောင့် အခြင်းအရာ ၁၁- ပါး ဟာ အနိစ္စ,ဒုက္ခ,အနတ္တဆိုတဲ့ သုံးပါးထဲမှာဘဲ အတွင်းဝင်ကြ ပါတယ်။ ဝိပဿနာရှုရာမှာ အနိစ္စ ဒုက္ခ အနတ္တ ဆိုတဲ့ ဒီအခြင်း အရာသုံးပါးကို သိဘို့ရာက လိုရင်းပါဘဲ၊ ဒါကြောင့် များစွာ သော သုတ္တန်တရားတော်တွေမှာ အနိစ္စ ဒုက္ခ အနတ္တ ဆိုတဲ့ ဒီအခြင်းအရာသုံးပါးဖြင့် ရှုမြင်ပုံကိုသာ ဟောကြားတော်မူပါ တယ်။ အဲဒီသုံးပါး သိမြင်အောင်ရှုပုံကို ရှင်းပြဦးမယ်။

## လက္ခဏာရေးသုံးပါး သိမြင်အောင်ရှုပုံ

အဲဒီသုံးပါးထဲက အနိစ္စလက္ခဏာဟာ ဘာကြောင့် မထင်နိုင် သလဲဆိုယင် ဥဒယဗ္ဗယာနံ အမနသိကာရာ- အဖြစ်အပျက်တို့ကို

န္တလုံးမသွင်းခြင်းကြောင့်၊ သန္တတိယာ- ရှေ့နောက်ဆက်စပ်လျက် မပြတ်ဖြစ်နေသော ရုပ်နာမ်အစဉ်သန္တတိက၊ပဋိစ္ဆန္နတ္တာ- ဖုံးကွယ် အပ်သည်အဖြစ်ကြောင့်၊ အနိစ္စလက္ခဏံ-မမြဲဟု မှတ်သိရကြောင်း အနိစ္စလက္ခဏာသည်၊ န ဥပဋ္ဌာတိ-မထင်ပေါ်ဘဲရှိသည်။ ဥဒယဗ္ဗယံ-အဖြစ်အပျက်ကို၊ပရိဂ္ဂဟေတွာ- ဥာဏ်ဖြင့်သိမ်းဆည်း၍- ရှု၍၊ သန္တတိယာ ဝိကောပိတာယ- သန္တတိကို ဖျက်အပ်ပြီးလတ်သော်၊ အနိစ္စလက္ခဏံ- မမြဲဟု မှတ်သိရကြောင်း အနိစ္စလက္ခဏာသည်၊ ယာထာဝသရသတော-ဟုတ်မှန်သော သူ့သဘော အားဖြင့်၊ ဥပဋ္ဌာတိ- ထင်ပေါ်လေတော့သည် တဲ့။ (ဝိသုဒ္ဓိမဂ် ဒု-၂၇၆)

အနိစ္စလက္ခဏာဆိုတာ ဖြစ်ပေါ်ပြီးကွယ်ပျောက်သွားတာကို ဆိုတာပါဘဲ၊ဟုတွာ-အစကမရှိသေးဘဲ ရှိပြီး-ဖြစ်ပေါ်လာပြီး၍၊ အဘာဝါကာရော- မရှိပြန်သော အခြင်းအရာ ကွယ်ပျောက် သွားသော အခြင်းအရာသည်၊ အနိစ္စလက္ခဏံ- မမြဲဟု မှတ်သိရကြောင်း=အနိစ္စလက္ခဏာ မည်သည်လို့ဆိုတဲ့ ဝိသုဒ္ဓိမဂ်နှင့် အညီပါဘဲ။ ဥပမာအားဖြင့် မိုးရွာနေတဲ့အခါ တိမ်တိုက်ထဲမှ လျှပ်ရောင်ကလေး လက်ကနဲ ပေါ်လာဘယ်၊ ပြီးတော့လဲ ချက်ခြင်းပျောက်ကွယ်သွားတယ်၊ အဲဒီလျှပ်ရောင်ကလေးဟာ အစက မရှိသေးဘဲ ပေါ်လာပြီးတော့ ပျောက်သွားတာဘဲ၊ အဲဒါလိုပင် မြင်မှု ကြားမှု အစရှိသော ရုပ်နာမ်တွေဟာ အစက မရှိသေးဘဲ အသစ်အသစ်ဖြစ်ဖြစ်ပြီး ချက်ခြင်းပင် ပျောက်ပျောက် သွားကြတယ်၊အဲဒီလိုဖြစ်ပြီးပျောက်သွားတာဟာ မမြဲဘူးလို့သိရကြောင်း အနိစ္စလက္ခဏာဘဲ၊ အဲဒါကို ဘုန်းကြီးက ဆောင်ပုဒ်ပေးခဲ့ပြီ၊

ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက် သွားတာက အနိစ္စ လက္ခဏာ”တဲ့။ အဲဒါကို ဆိုကြရမယ်။

ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက် သွားတာက အနိစ္စ လက္ခဏာ။

ရုပ်နာမ်တရားတွေဟာ ခဏမစဲ ဖြစ်ပျက် နေကြပါလျက် ဖြစ်ပြီး ပျောက်သွားတဲ့ အနိစ္စလက္ခဏာဟာ ဘာ့ကြောင့် မထင် ပေါ်ဘဲ ရှိနေပါသလဲလို့ဆိုတော့ ရှေ့နောက်မပြတ် ဆက်စပ်ပြီး ဖြစ်နေတဲ့ ရုပ်နာမ်အစဉ် သန္တတိ-က ဖုံးကွယ်ထားလို့ပါဘဲ တဲ့။ ဒါကြောင့် အနိစ္စကို သန္တတိက ဖုံးကွယ်သည်လို့ ပြောဟောလေ့ ရှိကြပါတယ်။ အဲဒါကိုလဲ ဆိုကြရမယ်။

အနိစ္စကို သန္တတိ-က ဖုံးကွယ်သည်။

အဲဒီ ရုပ်နာမ်အစဉ် သန္တတိ-ကလဲ ဘာ့ကြောင့် ဖုံးကွယ်နိုင် သလဲဆိုတော့ မြင်မှု ကြားမှု စသော ရုပ်နာမ်တွေဟာ ခဏမစဲ ဖြစ်ပျက်နေပါလျက် အဲဒီအဖြစ်အပျက်ကို မြင်အောင်မရှုနိုင်လို့ ဖုံးကွယ်တာပါဘဲ။ ဒီနေရာမှာ တကယ် ဖြစ်ပျက်တာကို မရှု မိပဲ ဖြစ်ပျက်ဖြစ်ပျက်ဆိုပြီး ဆင်ခြင်နေရုံနဲ့တော့ အဖြစ်အပျက် ကို ရှုမြင်ရာမရောက်ဘူး၊ ဘာကြောင့်လဲ၊အဲဒီလို ရွတ်ဆိုပြီး ဆင် ခြင်နေရုံနဲ့ တကယ်ဖြစ်ပျက်တဲ့ ရုပ်နာမ်ရဲ့ ဖြစ်ခြင်း ပျက်ခြင်း သဘောကို မတွေ့မြင်နိုင်လို့ပါဘဲ။ အမှန်စင်စစ်ကတော့-မြင်မှု ကြားမှု နံမှု စားသိမှု ထိသိမှု ကြံသိမှုဆိုတဲ့ ဥပါဒါနက္ခန္ဓာငါး ပါးတရားတွေကို ဖြစ်တိုင်း ဖြစ်တိုင်း လိုက်ပြီး မပြတ်ရှုမှတ်နေ

ရတယ်၊ အဲဒီလို ရှုမှတ်ရန်အတွက် (ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ-စသည်ဖြင့်) သွားဆဲမှာ သွားတယ်လို့ သိရမယ်၊ရပ်ဆဲ ထိုင်ဆဲ လျောင်းဆဲမှာ ရပ်တယ် ထိုင်တယ် လျောင်းတယ်လို့ သိရမယ်၊ ကွေးမှု ဆန့်မှု လှုပ်ရှားမှုစသော ကိုယ်အမူအရာ တစုံ တခုကိုပြုဆဲမှာ အဲဒီ ကိုယ်အမူအရာကို သိရမယ်၊ သုခ ဒုက္ခ ဉပေက္ခာဆိုတဲ့ ခံစားမှု ဝေဒနာတခုခုဖြစ်ဆဲမှာ အဲဒီခံစားမှုကို သိရမယ်၊ တပ်မက်မှုနှင့်တကွ ကြံသိသောစိတ် စသည်ဖြစ်ဆဲမှာ အဲဒီ ကြံသိစိတ်ကို သိရမယ်၊လိုချင်မှု ကာမစ္ဆန္ဒစသော သဘော တရား, မြင်ကာမျှ ကြားကာမျှစသော သဘောတရား တခုခု ဖြစ်ဆဲမှာ အဲဒီသဘောတရားကို သိရမယ် စသည်ဖြင့် မဟာသတိ ပဋ္ဌာနသုတ်မှာ မြတ်စွာဘုရားရှင်က ဟောကြားတော်မူခဲ့တာ ပါဘဲ။

## ဖြစ်ခိုက်ရှုမှ အမှန်အတိုင်းသိသည်

အဲဒီ ဟောကြားတော်မူခဲ့တဲ့အတိုင်း မြင်မှု ကြားမှု စသည် တွေကို ဖြစ်ခိုက်ဖြစ်ခိုက်မှာ လိုက်ပြီးရှုနေယင် သမာဓိအားရှိလာ တဲ့ အခါကျတော့ အဲဒီဖြစ်ပေါ်လာတဲ့ ရုပ်နာမ်တို့၏ ပင်ကိုယ် သဘောကိုလဲ အမှန်အတိုင်း သိရတယ်၊ပင်ကိုယ်သဘောကို သိရ ပြီးတော့ အဲဒီသဘောတရား၏ အစပေါ်လာမှုဆိုတဲ့ ဖြစ်ခြင်း ကိုလဲ မှန်စွာတွေ့ပြီး သိရတယ်၊ အဆုံးပျောက်ကွယ်သွားမှုဆိုတဲ့ ပျက်ခြင်းသဘောကိုလဲ မှန်စွာတွေ့ပြီး သိရတယ်၊ ဉပမာအား ဖြင့် လျှပ်လက်ခိုက်မှာ ကြည့်မိယင် အဲဒီလျှပ်ရောင်၏ ပင်ကိုယ် သဘောကိုလဲ မြင်တွေ့ပြီး သိရတယ်၊ အဲဒီ လျှပ်ရောင်ပေါ်လာ

ပုံ ပျောက်သွားပုံကိုလဲ သိရတယ်၊ အဲဒါလိုပါဘဲ။ ဒါကြောင့် ဘုန်းကြီးက "ဖြစ်ခိုက်ရှုမှ၊သဘာဝ၊မုချ သိနိုင်သည်။ သဘော သိမှ၊ ဥဒယ၊ ဝယမြင်နိုင်သည်"လို့ ဆောင်ပုဒ်စီထားတယ်။ အဲ ဒါကို ဆိုကြရမယ်။

(၁) ဖြစ်ခိုက်ရှုမှ၊ သဘာဝ၊ မုချသိနိုင်သည်။

(၂) သဘောသိမှ၊ ဥဒယ၊ ဝယ မြင်နိုင်သည်။

မြင်မှု ကြားမှု အစရှိသော သဘောကို အမှန်အတိုင်း သိမှ အဲဒီသဘော၏ အစဖြစ်မှု--ဥဒယနှင့်အဆုံးပျောက်ကွယ်မှု-ဝယ ကို အမှန်အတိုင်း သိမြင်နိုင်တယ်၊ အဲဒီလို တကယ်ဖြစ်မှုပျက်မှု ကို သိပါမှ အနိစ္စ-မမြဲဘူးဆိုတာကို အမှန်အတိုင်း သိမြင်နိုင် တယ်။ အဲဒါကိုလဲ "ဖြစ်ပျက်မြင်မှ၊ အနိစ္စ၊ ဒိဋ္ဌ သိနိုင်သည်"လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

(၃) ဖြစ်ပျက်မြင်မှ၊ အနိစ္စ၊ ဒိဋ္ဌ သိနိုင်သည်။

ဥပမာအားဖြင့် လျှပ်ရောင်လက်ခိုက်မှာ ကြည့်မိလို့မြင်ရယင် အဲဒီလျှပ်ရောင်ဟာ ပေါ်လာပြီး ချက်ခြင်းပင် ပျောက်သွားလို့ မမြဲဘူးဆိုတာကို သိရသလိုပင် မြင်ခိုက် ကြားခိုက် စသည်မှာ ရှုမှတ်နေတဲ့ယောဂီမှာတော့ မြင်မှုစသည်တွေ အသစ်အသစ်ဖြစ် လာတာကိုလဲ ထင်ရှားတွေ့ရတယ်၊ ချက်ခြင်းပင် ပျောက် ပျောက်သွားတာကိုလဲ ထင်ရှားတွေ့ရတယ်၊ ဒါကြောင့် ရှေ့ နောက်ဆက်စပ်ပြီး မပြတ်ဖြစ်နေတဲ့ သန္တတိ-က မဖုံးကွယ်နိုင် တော့ဘူး။ ဥပမာ ခြကောင်တွေ သွားနေတဲ့ ခြတန်းကြီးဟာ

ခပ်ဝေးဝေးက နေပြီးကြည့်ယင် အပြတ်အခြားကို မတွေ့ရဘူး၊ တဆက်တည်း ဖြစ်နေတယ်၊ အနီးသွားပြီး ကြည့်ယင်တော့ ခြကောင် ကလေးတွေ တကောင်စီ တကောင်စီ အပြတ်အပြတ်ဖြစ်ပြီး ကဲ့ပြားနေတယ်၊ အဲဒီလိုပါဘဲ။

ဖြစ်ခိုက်မှာ မရှုနိုင်တဲ့သူတွေမှာတော့ မြင်တာတွေ ကြားတာတွေ ထိသိတာတွေ ကြံသိတာတွေဟာ အပြတ်အခြားမရှိဘူး တဆက်တည်းဖြစ်နေတယ်၊ အဲဒီလို တဆက်တည်းအနေဖြင့် ထင်ရတာဟာ သန္တတိပညတ်ပဲ၊ အဲဒီသန္တတိပညတ်ကိုသာ တွေ့နေရတဲ့အတွက် မရှုနိုင်တဲ့ပကတိလူတွေမှာ မြင်တာနဲ့ ကြားတာကိုလဲ ငါတယောက်တည်းဘဲလို့ ထင်နေတယ်၊ ကြားတာနဲ့ထိသိတာ ကြံသိတာကိုလဲ ငါတယောက်တည်းဘဲလို့ ထင်နေတယ်၊ မြင်တာ ကြားတာ ထိသိတာ ကြံသိတာတွေ အားလုံးကို ငါတယောက်တည်းဘဲလို့ ထင်နေတယ်၊ အကြာကြီး မြင်နေတာ ကြားနေတာ ထိသိနေတာ ကြံသိ နေတာတွေကိုလဲ ငါတယောက်တည်း အမြဲတည်ရှိနေတယ်လို့ ထင်နေတယ်၊ ငယ်ငယ်ကတည်းက ယခုထက်ထိ တယောက်တည်း အမြဲတည်ရှိနေတယ်လို့ထင်နေတယ်၊အဲဒါဟာ ရှေ့နောက်ဆက်စပ်ပြီး မပြတ်ဖြစ်နေတဲ့ သန္တတိ-က ဖုံးကွယ်ထားလို့ မြဲတယ်ထင်နေတာပါဘဲ။

ခြတန်းကြီးအနီးသွားပြီး ကြည့်ယင်တော့ ခြကောင်ကလေးတွေ တကောင်စီ တကောင်စီ အပြတ်အပြတ်ဖြစ်ပြီး ကဲ့ပြားနေတယ်၊ အဲဒါလိုပဲ ဖြစ်တိုင်း ဖြစ်တိုင်း ဖြစ်ခိုက်မှာ လိုက်ပြီးရှုမှတ်နေတဲ့ ယောဂီမှာတော့ ရှေ့အမြင်နဲ့ နောက်အမြင် မစပ်ဘူး

တခြားစီဘဲ၊ ရှေးရှေးကြားတာ ထိသိတာ ကြံသိတာနှင့်နောက်နောက် ကြားတာ ထိသိတာ ကြံသိတာတွေလဲ တစပ်တည်းမဟုတ်ဘူး တခြားစီဘဲ၊ မြင်တာနှင့် ကြားတာ ထိသိတာတွေလဲ တခြားစီဘဲ၊ကြားတာစသည်နှင့်ထိသိတာစသည်လဲ တခြားစီဘဲ၊ သူ့အခိုက်အတန့်နှင့်သူ ပျက်ပျက်သွားတာကိုသာ တွေ့ရတယ်၊ အဲဒါဟာ သန္တတိ-က မဖုံးကွယ်နိုင်ပဲဖြစ်သွားတာဘဲ။ ဒါကြောင့် ဖြစ်ခိုက် ရုပ်နာမ်ကို မပြတ်ရှုမှတ်နေလျှင် အဖြစ်အပျက်ကိုမြင်၍ သန္တတိ ပျက်သည်၊ သန္တတိ ပျက်လျှင် ဖြစ်ပေါ်ပြီးနောက်ကွယ်ပျောက် သွားခြင်း ဆိုတဲ့ အနိစ္စလက္ခဏာ ထင်ပေါ်၍ အနိစ္စာနုပဿနာဉာဏ်အစစ်ဖြစ်လေတော့သည်။ အဲဒါကို ဆိုကြရမယ်။

ဖြစ်ခိုက်ရုပ်နာမ်ကို မပြတ်ရှုမှတ်နေလျှင် အဖြစ်အပျက်ကိုမြင်၍ သန္တတိ ပျက်သည်။ သန္တတိ ပျက်လျှင် ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်သွားခြင်းဆိုတဲ့ အနိစ္စလက္ခဏာထင်ပေါ်၍ အနိစ္စာနုပဿနာဉာဏ်အစစ် ဖြစ်လေတော့သည်။

## ဒုက္ခကို ဗျာရိယာပုထ်က ဖုံးကွယ်သည်

အဘိဏှသမ္ပဋိပီဠနသ-မကြာခဏ (မပြတ်) နှိပ်စက်ခြင်းကို၊ အမနသိကာရာ- နှလုံးမသွင်းခြင်းကြောင့်၊ ဗျာရိယာပထေဟိ ပဋိစ္ဆန္နတ္တာ- ပြုပြင်ပေးသော ဗျာရိယာပုထ်တို့က- ဖုံးကွယ်အပ်သည်၏အဖြစ်ကြောင့်၊ ဒုက္ခလက္ခဏံ-ဆင်းရဲဟု မှတ်သိရကြောင်း

ဒုက္ခလက္ခဏာသည်၊ န ဥပဋ္ဌာတိ- မထင်ပေါ်ဘဲ ရှိသည်။ အဘိဏှသမ္ပဋိပီဠနံ-မကြာခဏ(မပြတ်) နှိပ်စက်ခြင်းကို၊ မနသိ-ကတ္တာ- နှလုံးသွင်း-ရှုမှတ်၍၊ ဣရိယာပထေဥဃ္ဃာဋိတေ-ပြုပြင်ပေးသည့် ဣရိယာပုထ်ကို ခွါထုတ်လိုက်သည် ရှိသော်၊ ဒုက္ခ-လက္ခဏံ- ဆင်းရဲဟု မှတ်သိရကြောင်း ဒုက္ခလက္ခဏာသည်၊ ယာထာဝသရသတော-ဟုတ်မှန်သော သူ့သဘော အားဖြင့်၊ ဥပဋ္ဌာတိ-ထင်ပေါ်လေတော့သည် တဲ့။ (ဝိသုဒ္ဓိမဂ်ပင်)

ဒုက္ခလက္ခဏာ ဆိုတာ မကြာခဏ နှိပ်စက်ခြင်း,မပြတ်နှိပ်စက်ခြင်း သဘောပါဘဲ၊ (အဘိဏှသမ္ပဋိပီဠနာကာရော ဒုက္ခ-လက္ခဏံ-ဆိုတဲ့-ဝိသုဒ္ဓိမဂ်နှင့်အညီပြဆိုချက်ပါဘဲ)အဘိဏှံ-ဆိုတဲ့ ပုဒ်က ပုနပ္ပုနံ-ပုဒ်နှင့် အရတူ ဖြစ်တဲ့အတွက် မကြာခဏ အဖန်ဖန်လို့ ဒီအနက်လဲ ရပါတယ်၊ အဲဒါကတော့ ဣရိယာပုထ်တခုတခုမှာ မကြာခင် မကြာခင်ဘဲ မခံသာလို့ ပြင်ပြင်ပေးရတဲ့အတွက် မကြာခဏ နှိပ်စက်တယ်၊ အဖန်ဖန် နှိပ်စက်တယ်ဆိုတာကို ထင်ရှားစေပါတယ်၊ ဋီကာမှာ အဲဒီ အဘိဏှံ-ပုဒ်ကို နိရန္တရံ-လို့ ဖွင့်ထားတဲ့အတွက် အပြတ်အခြားမရှိပဲ အမြဲနှိပ်စက်တယ် ဆိုတဲ့ အနက်လဲ ရပါတယ်၊ အဲဒီအနက်ကတော့ ဖြစ်မှုပျက်မှုက မပြတ် နှိပ်စက်နေတယ်ဆိုတာကို ထင်ရှားစေပါတယ်။ ဒါကြောင့် မကြာခဏ နှိပ်စက်ခြင်း, မပြတ် နှိပ်စက်ခြင်းလို့ နှစ်မျိုးလုံးကို ပြဆိုလိုက်ပါတယ်။ ဣရိယာပုထ်က ဖုံးကွယ်တယ် ဆိုတာနဲ့ စပ်ကြည့်ယင်တော့ မကြာခဏ နှိပ်စက်တယ် ဆိုတဲ့ အနက်က သာပြီး ထင်ရှားပါတယ်။

ပကတိ လူတွေမှာ မိမိကိုယ်ထဲ၌ ညောင်းလိုက် ပူလိုက် နာကျင်လိုက် စသည်ဖြင့် မကြာခဏ အခံခက်ပြီး အနှိပ်စက်ခံနေရတာကို သတိမမူမိကြဘူး၊ မိမိတို့အလိုရှိရာကို ကြံစည်ယင်း,ပြုလုပ်ပြောဆိုယင်း ကွေးထားရာက ဆန့်လိုက်၊ ဆန့်ထားရာက ကွေးလိုက်၊ ထိုင်ရာက ထလိုက် စသည်ဖြင့် ဣရိယာပုထ်ကို ပြုပြင်ပေးနေကြတယ်၊ဒါကြောင့် ကိုယ်ထဲမှာ မကြာခဏ အခံခက်ပြီး အနှိပ်စက်ခံနေရတာကို မသိကြဘူး၊ နဲနဲပါးပါး မခံနေသာဖြစ်လာယင် ကွေးခြင်း ဆန့်ခြင်း ထိုင်ခြင်း ထခြင်း စသည်ဖြင့် အမှတ်တမဲ့ပြုပြင်ပေးနေကြတာနဲ့ ကိုယ်ထဲမှာမခံသာမှုရှိမှန်းခါမသိရဘူး၊ အမြဲတန်း နေသာထိုင်သာ ရှိနေတယ်လို့ ထင်နေကြတယ်၊ အဲဒါဟာ အမှတ်တမဲ့ ပြုပြင်ပေးတဲ့ ဣရိယာပုထ်က ဖုံးကွယ်သွားလို့ မခံသာတဲ့ ဒုက္ခလက္ခဏာ မထင်ပေါ်ဘဲ ရှိနေတာပါဘဲ၊ ဒါကြောင့် ဒုက္ခကိုဣရိယာပုထ်က ဖုံးကွယ်သည်-လို့ ပြောဟောလေ့ရှိကြပါတယ်။အဲဒါကို ဆိုကြရမယ်။

ဒုက္ခကို ဣရိယာပုထ်က ဖုံးကွယ်သည်။

အဲဒီ ဣရိယာပုထ်က ဘာကြောင့် ဖုံးကွယ်နိုင်သလဲ ဆိုတော့ မကြာခဏနှိပ်စက်နေတဲ့မခံသာမှုကို နှလုံးမသွင်းမိပဲအမှတ်တမဲ့ ပြုပြင်ပေးနေလို့ပါဘဲ။ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း မပြတ်ရှုမှတ်နေတဲ့ ယောဂီမှာတော့ ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ် စသည်ဖြင့် ရှုမှတ်နေယင်း တနေရာရာက ညောင်းမှု ပူမှု နာကျင်မှု ယားယံမှုစသည်ဖြစ်လာယင် အဲဒီ ညောင်းတာ ပူတာစသည်ကို ရှုမှတ်ရတယ်၊ အဲဒီလိုရှုမှတ်နေယင်း ကိုယ်အနေ

အထားပြင်ချင်လာယင် ပြင်ချင်တယ် ပြင်ချင်တယ်လို့ ရှုမှတ်ပြီး ညောင်းတာ ပူဘာစသည်ကိုပင် ရှုမှတ်နေရတယ်၊ သို့မဟုတ်ယင် လဲ ဖောင်းတယ် ပိန်တယ် စသည်ဖြင့် ရှုမှတ်နေကျ အတိုင်းသာ ရှုမှတ်နေရတယ်၊ ရုတ်တရက် မပြင်ရသေးဘူး၊ အဲဒီလို သည်းခံ ပြီး ရှုမှတ်နေယင် တချို့ဒုက္ခဝေဒနာဟာ မပြုပြင်ရဘဲ သူ့အလို လိုလဲ ပျောက်သွားတတ်ပါတယ်၊ သည်းမခံနိုင်လောက်အောင် မခံသာလှတဲ့ အခါကျတော့ ပြုပြင်ချင်တဲ့စိတ်က စပြီး ပြုပြင် တာတွေရော အကုန်လုံး ရှုမှတ်ပြီး ပြုပြင်ရတယ်။ အဲဒီလို ဒုက္ခ ဝေဒနာတွေဟာ မကြာခဏဘဲ ပေါ်ပေါ် လာတတ်ပါတယ်။ အဲဒီတော့ ယောဂီက "ဒီကိုယ်ထဲမှာ မခံသာတဲ့ ဒုက္ခဝေဒနာ တွေ မကြာခဏ ပေါ်ပေါ်လာတာဘဲ၊ ငါတို့ဟာ ရှေးက မရှု လို့ မသိကြတာဘဲ၊ ယခု မပြတ်ရှုမှတ်နေတော့ ဒီကိုယ်ကြီးဟာ ဒုက္ခ အစုအဝေးကြီးလို ဖြစ်နေတာဘဲ" စသည်ဖြင့် သဘော ပေါက် သိမြင်သွားပါတယ်၊ အဲဒါဟာ မကြာခဏနှိပ်စက်မှုကို မပြတ်ရှုမှတ်ပြီး နှလုံးသွင်းနေတဲ့အတွက် ဣရိယာပုထ်ပြုပြင်မှုက မဖုံးကွယ်နိုင်သောကြောင့် ဒုက္ခလက္ခဏာ ထင်ပေါ်လာတာပါ ဘဲ။ ကဲ-လိုက်ဆိုကြရမယ်။

ပြင်ခိုက်ရုပ်နာမ်ကို မပြတ်ရှုမှတ်နေလျှင် မကြာခဏ နှိပ်စက်မှုကို တွေ့ရသည်၊ ပြုပြင်ချင်သော်လဲ အမှတ်တမဲ့ မပြုပြင်ပဲ သည်းခံ၍ ရှုမှတ်နေသဖြင့် ပြုပြင်တဲ့ ဣရိ ယာပုထ်က မဖုံးကွယ်နိုင်သောကြောင့် မကြာခဏ နှိပ် စက်တဲ့ အခြင်းအရာ ဒုက္ခလက္ခဏာ ထင်ရှားပေါ်လာ

လေတော့သည်၊ ဒုက္ခလက္ခဏာ ထင်ရှားပေါ်လာလျှင် ဆင်းရဲအစုအနေဖြင့် သိမြင်သော ဒုက္ခာနုပဿနာဉာဏ် အစစ်ဖြစ်လေတော့သည်။

နောက်ပြီးတော့ မပြတ်ရှုမှတ်နေတဲ့ ယောဂီမှာ ရှုမှတ်တိုင်း ရှုမှတ်တိုင်း လျှင်မြန်စွာ ဖြစ်ပျက်သွားတာကိုချည်း မပြတ်တွေ့ နေရတဲ့အတွက် မပြတ်နှိပ်စက်နေတဲ့ ဒုက္ခလက္ခဏာလဲ ထင်ရှား တယ်၊ ဒါကြောင့် ရှုတိုင်း ရှုတိုင်း ဖြစ်ချည် ပျက်ချည်နှင့်မပြတ် နှိပ်စက်နေသောကြောင့် ကြောက်စရာ ဆင်းရဲဟု သိမြင်သော ဒုက္ခာနုပဿနာ ဉာဏ်အစစ်လဲ ဖြစ်ပါတယ်။

## အနတ္တကို ဃန-က ဖုံးကွယ်သည်

နာနာဓာတုဝိနိဗ္ဘောဂဿ- အမျိုးမျိုးသောရုပ်ဓာတ် နာမ် ဓာတ်တို့၏ အသီးအသီး ကွဲပြားခြင်းကို၊ အမနသိကာရာ-နှလုံး မသွင်းခြင်းကြောင့်၊ ဃနေန-တလုံးတခဲတည်း တကိုယ်တည်းဟု ထင်ရသော ဃနပညတ်က၊ ပဋိစ္ဆန္နတ္တာ-ဖုံးကွယ် အပ်သည်၏ အဖြစ်ကြောင့်၊ အနတ္တလက္ခဏံ- အတ္တမဟုတ်ဟု မှတ်သိရ ကြောင်း အနတ္တလက္ခဏာသည်၊ န ဥပဋ္ဌာတိ- မထင်ပေါ်ဘဲ ရှိ သည်။ နာနာဓာတုယော- အမျိုးမျိုးသော ရုပ်ဓာတ် နာမ် ဓာတ်တို့ကို၊ ဝိနိဗ္ဘုဇိတွာ-အသီးအသီးခွဲခြား၍၊ ဃနဝိနိဗ္ဘောဂေ ကတေ-တလုံးတည်းတခဲတည်း တကိုယ်တည်းဟုထင်မှတ်ရသော ဃနပညတ်၏ အသီးအသီးကွဲပြားခြင်းကို ပြုအပ်ပြီးလတ်သော်၊

အနတ္တလက္ခဏာ-အတ္တကောင်မဟုတ်ဟု မှတ်သိရကြောင်း အနတ္တလက္ခဏာသည်၊ ယာထာဝသရသတော- ဟုတ်မှန်သော သူ့သဘောအားဖြင့်၊ ဥပဋ္ဌာတိ-ထင်ပေါ်လေတော့သည် တဲ့။ (ဝိသုဒ္ဓိမဂ်ပင်)

အဝသဝတ္တနာကာရော- အလို၌ မဖြစ်ခြင်း-အလိုသို့မလိုက်ခြင်းဟူသော အခြင်းအရာသည်၊ အနတ္တလက္ခဏာ-အတ္တကောင်ငါကောင်မဟုတ်ဟု မှတ်သိရကြောင်း အနတ္တ လက္ခဏာမည်၏-လို့ ပြဆိုချက်နှင့်အညီ မိမိအလိုအတိုင်း မဖြစ်တဲ့အခြင်းအရာကို အနတ္တလက္ခဏာခေါ်တယ်၊ မြင်မှုကြားမှုစသော ဥပါဒါနက္ခန္ဓာ ရုပ်နာမ်တရားတွေကို မရှုမှတ်နိုင်တဲ့ ပကတိလူတွေက ကိုယ့်အလိုအတိုင်း မြင်နိုင်တယ်၊ကြားနိုင်တယ်၊ တွေ့ထိနိုင်တယ်၊ ကွေးနိုင်ဆန့်နိုင်တယ်၊ သွားသာ လုပ်ကိုင်နိုင်တယ်၊ ပြောဆိုနိုင်တယ်၊ ကိုယ့်အလိုအတိုင်း ကြံစည်စိတ်ကူးနိုင်တယ်လို့ ထင်နေကြတယ်၊ အစိုးရတဲ့ အတ္တကောင် ငါကောင်အနေဖြင့် စွဲလမ်းနေကြတာပါဘဲ။ မြင်ခိုက် ကြားခိုက် စသည်၌ ထင်ရှားပေါ်လာတဲ့ မြင်မှု ကြားမှုစသော ဥပါဒါနက္ခန္ဓာတွေကို မပြတ်ရှုမှတ်နေတဲ့ ယောဂီမှာတော့ သမာဓိဉာဏ် အားရှိလာတဲ့ အခါမှာ မျက်စိရုပ် အဆင်းရုပ်နဲ့ မြင်သိတဲ့ မှတ်သိတဲ့နာမ်၊ နားရုပ် အသံရုပ်နဲ့ ကြားသိတဲ့ မှတ်သိတဲ့နာမ် စသည်ဖြင့် ရုပ်နဲ့နာမ်မျှကိုသာ တွေ့ရတယ်၊အဲဒီရုပ်နာမ်ကလဲ သူ့အကြောင်းအားလျော်စွာဖြစ်နေတာကိုသာ တွေ့ရတယ်၊မျက်စိနဲ့ အဆင်းရှိလို့ မြင်မှုဖြစ်တယ်၊ မြင်စရာ အဆင်းရှိနေယင်, မျက်စိကလဲ ဖွင့်ထားယင် မမြင်ချင်လို့

ကိုမရဘူး မြင်သွားတာဘဲ၊ နားနဲ့အသံရှိလို့ ကြားမှု ဖြစ်တယ်၊ ကြားစရာ အသံရှိနေယင် မကြားချင်လို့ကိုမရဘူး ကြားသွားတာဘဲ၊ ကိုယ်နဲ့ထိစရာရှိလို့ ထိသိမှုဖြစ်တယ်၊ ထိစရာ ရှိနေယင် မထိသိချင်လို့ကို မရဘူး ထိသိသွားတာဘဲ စသည်ဖြင့် သူ့အကြောင်းအားလျော်စွာ ဖြစ်နေတာကိုလဲ တွေ့ရတယ်၊ မကောင်းတာတွေ မဖြစ်ပါစေနဲ့လို့လဲ တောင့်တ၍ မရဘူး၊ ကောင်းတာတွေချည်းဖြစ်ပါစေ ကြာရှည်စွာ တည်နေပါစေလို့လဲတောင့်တ၍ မရဘူး၊ အစိုးမရတဲ့ အနတ္တသဘောတွေချည်းဘဲလို့ ရှုမှတ်နေယင်း သဘောပေါက် သိမြင်လာပါတယ်။

အဲဒီလို အမှန်အတိုင်း သိမြင်တာဟာ မြင်ခိုက် ကြားခိုက် စသည်မှာ ထင်ရှားပေါ်လာသမျှ ရုပ်ဓာတ် နာမ်ဓာတ် တွေကို ရှုမှတ်ပြီး အသီးအသီး ခွဲခြမ်းသိလို့ပါဘဲ၊ မရှုမမှတ်နိုင်တဲ့ ပကတိလူတွေမှာတော့ အဲဒီလို ခွဲခြမ်းပြီး မသိနိုင်တဲ့ အတွက် မြင်မှု ကြားမှု စသည် တွေဟာ တလုံး တခဲတည်း တကိုယ်တည်း တယောက်တည်းအနေဖြင့် ထင်ပေါ်နေတယ်၊ အဲဒီလို ထင်ပေါ်နေတာကို ဃနပညတ်က ဖုံးကွယ်ထားတယ်လို့ ဆိုတာဘဲ။ ဒါကြောင့် အနတ္တကို ဃန က ဖုံးကွယ်သည်လို့ ပြောဟောလေ့ရှိကြတာဘဲ။ အဲဒါကို ဆိုကြရမယ်။

အနတ္တကို ဃန-က ဖုံးကွယ်သည်။

အဲဒီ ဃနပညတ်က (၁) သန္တတိဃန၊ (၂) သမူဟဃန၊ (၃) ကိစ္စဃန၊ (၄) အာရမ္မဏဃန-လို့ ၄-မျိုးရှိတယ်။

## (၁) သန္တတိဃန

အဲဒီ ၄-မျိုးထဲက သန္တတိဃန–ဆိုတာ ရှေးရှေးမြင်မှု ကြားမှု စသည်နှင့် နောက်နောက် မြင်မှု ကြားမှု စသည်ကို တလုံးတခဲ တည်း တယောက်တည်း အနေဖြင့် ထင်ရတဲ့ဟာပါဘဲ၊ အဲဒီ သန္တတိဃန အကြောင်းကိုတော့ အနိစ္စလက္ခဏာ ဖုံးကွယ်ပုံအရာ မှာ ပြောခဲ့ပါပြီ။ အဲဒီ သန္တတိဃန အကြောင်း ဆောင်ပုဒ်လဲ ရှိတယ်၊ အဲဒါကို လိုက်ဆိုကြရမယ်။

(၁) ရှေးနောက်တရား၊ ခဏပြားလျက်၊ ပိုင်းခြားမပြတ်၊ ငါကောင်မှတ်၊ ပေါလတ် သန္တတိဃန တည်း။

မြင်ပြီးတော့ စဉ်းစားတာ၊ မြင်ပြီးတော့ ကြားတာ၊ ရှေး ရှေးမြင်တာနှင့် နောက်နောက်မြင်တာ စသည်တွေဟာ ဖြစ်ခိုက် ခဏအားဖြင့် တခြားစီကွဲနေတာဘဲ၊ ဒါပေမဲ့- ဖြစ်ခိုက်မှာ မရှု နိုင်တဲ့ သူတွေကတော့ မြင်တာလဲ ငါဘဲ၊ စဉ်းစားတာလဲ ငါဘဲ၊ ကြားတာလဲ ငါဘဲ၊ ငါကပင် အကြာကြီးမြင်နေတယ် စသည် ဖြင့် ထင်မှတ်စွဲလမ်း နေကြတယ်၊ အဲဒါဟာ ရှေးနောက်တရား တွေကို တခုတည်း တယောက်တည်း အနေဖြင့် ထင်မှတ်တဲ့ သန္တတိဃန ထင်ပေါ်နေတာဘဲ၊ အဲဒီလို သန္တတိဃန ထင်ပေါ် နေယင် မမြဲဘူးလို့မသိဘူး၊ မြဲတယ်လို့သာ ထင်မှတ် စွဲလမ်းနေ တယ်၊ အနတ္တလို့လဲ မသိဘူး၊ ငါတယောက်တည်း အမြဲတည်ရှိ နေတယ်လို့သာ ထင်မှတ်စွဲလမ်းနေတယ်။ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်းကို မပြတ်ရှုမှတ်နေတဲ့ ယောဂီမှာတော့ ရှုသိ

ရတဲ့အာရုံရော, ရှုသိတဲ့စိတ်ရော ချက်ခြင်းပင် ပျောက်ပျောက် သွားတာကို ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့မြင်နေရတဲ့အတွက် မြင်မှု, ကြားမှု သိမှု စသည်တွေကို မြဲ-တည် နေတယ်လို့လဲ မထင်ဘူး၊ တကိုယ်တည်း တယောက်တည်း **အမြဲတည်**နေတယ်လို့လဲ မထင်တော့ဘူး၊ မမြဲတာချည်းဘဲ အတ္တကောင် ငါကောင် မဟုတ်တဲ့ သဘောတရားချည်းဘဲလို့ အမှန်အတိုင်း သိမြင်တယ်၊ အဲဒါဟာ သန္တတိဃနကို ပျက်အောင် ရှုနိုင်လို့ အနိစ္စဉာဏ် အနတ္တဉာဏ် အစစ်တွေ ဖြစ်တာပါဘဲ။

## (၂) သမ္မုဟဃန

သမ္မုဟဃန ဆိုတာ မြင်မှု ကြားမှု စသည်ထဲမှာ ပါဝင်တဲ့ မျက်စိ နား စသည်, အဆင်း အသံ စသည်, မြင်သိမှု ကြားသိမှု စသည်, မြင်တွေ့မှု ကြားတွေ့မှု စသည်, မြင်ခံစားမှု ကြားခံစားမှု စသည် တွေကို အကုန်လုံး ပေါင်းပြီး တကိုယ်တည်း တယောက်တည်း အနေဖြင့် ထင်ရတဲ့ဟာပါဘဲ၊ ဝိပဿနာ ဉာဏ်အမြင် မရှိသေးတဲ့ ပကတိ ပုဂ္ဂိုလ်တွေက အဲဒီ မြင်တာ ကြားတာ လှုပ်ရှားပြုပြင်တာ ကြံစည်တာ စသည်တွေကို ငါတယောက်တည်းက လုပ်နေတယ်လို့ထင်မှတ်နေကြတယ်၊ အဲဒါဟာ ရုပ်နာမ်အပေါင်းကို တကိုယ်တည်း တယောက်တည်း ထင်ရတဲ့ သမ္မုဟဃနပညတ်ပါဘဲ၊ မြင်ခိုက် ကြားခိုက် စသည်၌ ဖြစ်ဆဲ ရုပ်နာမ်ကို မရှုဘဲ စာပေကျမ်းဂန်အရ အားဖြင့် ရုပ်တွေကို အမှုန့် အမှုန့်ပြုပြီး ဆင်ခြင်နေပေမယ်လို့ အဲဒီလိုဆင်ခြင်နေတဲ့ စိတ်နာမ် တရားတွေကိုတော့ ငါကောင်အနေဖြင့် စွဲလမ်းမှုဟာရှိနေမှာဘဲ။

မြင်ဆဲ ကြားဆဲ စသည်မှာ မျက်စိနှင့် မြင်သိမှု စသည်တွေကိုလဲ ငါကောင်အနေဖြင့် ထင်မှတ်စွဲလမ်းနေဦးမှာဘဲ။ အဲဒီ သမူဟဃန ပညတ်ထင်ပုံ ဆောင်ပုဒ်ကို လိုက်ဆိုကြရမယ်။

(၂) ရုပ်နာမ်အများ၊ သဘောပြားလျက်၊ ပိုင်းခြားမပြတ်၊ ငါကောင်မှတ်၊ ပေါ်လတ် **သမူဟဃန** တည်း။

ကိုယ့်လက် ကိုယ့်ခြေ စသည်ကို မြင်တဲ့အခါ မျက်စိရုပ်က တခြား+မြင်ရတဲ့အဆင်းရုပ်ကတခြား + မြင်သိတာကတခြား+ မြင်တွေ့တာက တခြား + မြင်လို့ကောင်းတာ မကောင်းတာက တခြား ကွဲပြားနေတာပါဘဲ၊ ဒါပေမဲ့- မြင်ခိုက်မှာ မရှုနိုင်တဲ့ ပကတိ လူတွေမှာတော့ မျက်စိနဲ့တကိုယ်လုံးလဲ ငါ၊ မြင်ရတဲ့ လက် စသည်လဲ ငါ၊ မြင်သိတာလဲ ငါ၊ မြင်တွေ့တာလဲ ငါ၊ မြင်လို့ကောင်းတာလဲငါ၊ မကောင်းတာလဲ ငါ-လို့ ထင်မှတ် စွဲလမ်းနေကြတယ်၊ ကြားခိုက်စသည်မှာလဲ နည်းတူပင် စွဲလမ်းနေကြတယ်၊ နောက်ပြီးတော့ အဲဒီမြင်တာကြားတာ စသည်တွေ အကုန်လုံးကိုလဲ တပေါင်းတည်းပြုပြီး ငါ-လို့ ထင်မှတ်စွဲလမ်းနေကြတယ်၊ အဲဒါဟာ သမူဟဃန ထင်ပေါ်ပြီးတော့ အတ္တကောင် ငါကောင်အနေဖြင့် စွဲလမ်းနေကြတာပါဘဲ၊

မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ရှုမှတ်နေတဲ့ ယောဂီမှာတော့ ဥဒယဗ္ဗယဉာဏ် ဘင်္ဂဉာဏ် စသည် ဖြစ်ပေါ် လာတဲ့ အခါမှာ မျက်စိက တခြား+ မြင်ရတဲ့ အဆင်းက တခြား+ မြင်

သိတာက တခြား စသည်ဖြင့် ကွဲပြားပြီးထင်ပေါ်တယ်၊ အဲဒီ ထင်ပေါ် သမျှဟာလဲ ရှုသိနေဆဲမှာပင် ပျောက်ပျောက်သွား တယ်လို့သိရတယ်၊ ရှုသိနေတဲ့စိတ်လဲ သိသိပြီး ပျက်ပျက်သွား တယ်လို့ သိရတယ်။ ဒါကြောင့် တလုံးတခဲတည်း တကိုယ်တည်း လို့ ထင်စရာဃနပညတ်ပျက်သွားတယ်။ ဃနပညတ် ပျက်သွား တဲ့အတွက် အနတ္တ-အတ္တကောင် မဟုတ်တဲ့ သဘောတရားမျှဘဲ လို့ ရှင်းလင်းစွာသိရတယ်၊ အဲဒါဟာ သမူဟဃနပျက်ပြီး ရှင်း လင်းစွာသိတဲ့ အနတ္တာနုပဿနာ ဉာဏ်အစစ်ပါဘဲ။

## (၃) ကိစ္စဃန

စက္ခုဝိညာဏ်က မြင်သိတယ်၊ သောတဝိညာဏ်က ကြားသိ တယ်စသည်ဖြင့် ကိစ္စအားဖြင့် ကွဲပြားနေပါတယ်၊ ဒါပေမဲ့ မြင် နိုက်စသည်၌ မရှုနိုင်တဲ့သူတွေမှာတော့ မြင်သိတာလဲ ငါဘဲ၊ ကြားသိတာလဲ ငါဘဲစသည်ဖြင့် တကိုယ်ဘည်းအနေနဲ့ ထင် မှတ်နေကြတယ်၊ မျက်စိက မြင်စေဘယ်၊ အဆင်းက အမြင်ခံ တယ်၊ စက္ခုဝိညာဏ်က မြင်သိတယ်စသည်ဖြင့် ကိစ္စအားဖြင့် ကွဲ ပြားနေပါတယ်၊ လက်စသည့်၌ အဆင်းက အမြင်ခံတယ်၊ ထိ စရာရုပ်က အတွေ့အထိခံတယ်၊ ဝါယောရုပ်က လှုပ်ရှားတယ် စသည်ဖြင့်လဲ ကွဲပြားနေပါတယ်၊ဒါပေမဲ့ တကိုယ်လုံးက အဲဒီ မျက်စိ အဆင်း မြင်သိမှု တွေ့ထိရတာ လှုပ်ရှားတာ စသည်တွေ ကို တကိုယ်တည်း တယောက်တည်းအနေဖြင့်ဘဲ ထင်မှတ်နေ ကြတယ်၊အဲဒါဟာ ကိစ္စအလိုအားဖြင့် အသီးအသီး ကွဲပြားနေ

ကြပါလျက် တလုံးတခဲတည်း တကိုယ်တည်းအနေဖြင့် ထင်ရတဲ့ ကိစ္စဃနဘဲ၊ ဒီကိစ္စဃနထင်ပေါ်နေတဲ့အတွက်လဲ အနတ္တလက္ခဏာမထင်ပဲရှိနေတာဘဲ၊အဲဒီ ကိစ္စဃနဆောင်ပုဒ်ကို ဆိုကြရမယ်။

(၃) ရုပ်နာမ်အများ၊ ကိစ္စ ပြားလျက်၊ ပိုင်းခြားမပြတ်၊ ငါကောင်မှတ်၊ ပေါ်လတ် ကိစ္စဃနဘည်း။

ကိုယ့်လက် ကိုယ့်ခြေ စသည်ကို မြင်တဲ့အခါ ဉာဏ်ရင့်နေတဲ့ယောဂီမှာတော့ မြင်တယ် မြင်တယ်လို့ ရှုမှတ်ပြီး မျက်စိက တခြား + အဆင်းက တခြား + မြင်သိတာက တခြား ကွဲပြားလျက်ထင်တယ်၊ ထိသိတဲ့အခါလဲ ထိတယ် ထိတယ် စသည်ဖြင့် ရှုမှတ်ပြီး မြင်ရတာနဲ့ ထိသိရတာကို ခွဲခြားပြီး သိရတယ်၊ ကွေးဆန့်လှုပ်ရှားတဲ့အခါလဲ ကွေးတယ် ကွေးတယ် စသည်ဖြင့် ရှုမှတ်ပြီးမြင်ရတဲ့အဆင်းနဲ့ လှုပ်ရှားပုံကို ခွဲခြားပြီး သိရတယ်၊ သို့သော် ရှုမှတ်ခါစတော့ အဲဒီလို ကွဲပြားမှာမဟုတ်သေးဘူး၊ ဉာဏ်ရင့်တဲ့အခါကျတော့ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ကိစ္စမဘူတဲ့ ရုပ်နာမ်တွေဟာ တခြားစီကွဲပြားနေတယ်၊ ကွဲပြားရုံတွင်ဘောင် မဟုတ်သေးဘူး၊ သူ့အခိုက်အတန့်နဲ့သူ ချက်ခြင်းပဲ ကွယ်ပျောက် ကွယ်ပျောက်သွားတာကိုလဲ တွေ့ရတယ်၊ ဒါကြောင့် ကိစ္စကွဲတဲ့ရုပ်နာမ်တွေဟာ တကိုယ်တည်းအနေဖြင့် မထင်တော့ဘူး၊တခြားစီသာ ကွဲပြားလျက်ထင်တယ်၊ အဲဒီလို ကွဲပြားလျက် ထင်တဲ့အတွက် အတ္တကောင်မဟုတ်ဘူး သဘောတရားမျှချည်းဘဲလို့ သိသိသွားတယ်၊အဲဒါဟာ ကိစ္စဃနကွဲပြီး အနတ္တလက္ခဏာ ထင်ပုံ အနတ္တဉာဏ်ဖြစ်ပုံပါဘဲ။

## (၄) အာရမ္မဏာဃန

အာရမ္မဏာဃန ဆိုတာ အာရုံမတူတဲ့ စိတ်နာမ်တရားတွေကို မခွဲခြားနိုင်လို့ တကိုယ်တည်း တယောက်တည်း ထင်ရတဲ့ဟာ ပါဘဲ။ မြင်တာက အဆင်းကို အာရုံပြုတယ်၊ ကြားတာက အသံကို အာရုံပြုတယ်၊ နံတာက အနံ့ကို အာရုံပြုတယ်၊ စားသိတာက အရသာကို အာရုံပြုတယ်၊ ထိသိတာက ထိသိစရာကို အာရုံပြုတယ်၊ကြံသိတာက အာရုံမျိုးစုံကို အာရုံပြုတယ်၊ ဒီလို အာရုံအားဖြင့် ကွဲပြားနေပေမယ်လို့ မြင်တာ ကြားတာ နံတာ စားသိတာ ထိသိတာ ကြံသိတာတွေကိုတကိုယ်တည်းတယောက်တည်းအနေဖြင့် ထင်မှတ်နေကြတယ်၊အဲဒါဟာ အာရမ္မဏာဃန ထင်ပေါ်ပြီး အတ္တကောင်အနေနဲ့ စွဲလမ်းနေကြတာပါဘဲ။ အဲဒီ အာရမ္မဏာဃန ဆောင်ပုဒ်ကို ဆိုကြရမယ်။

(၄) နာမ်သဘောများ၊အာရုံပြားလျက်၊ပိုင်းခြားမပြတ်၊
ငါကောင်မှတ်၊ ပေါ်လတ် **အာရမ္မဏာဃန စည်း**။

မြင်တိုင်း ကြားတိုင်း စသည်ကို မြင်တယ်ကြားတယ် စသည် ဖြင့် မပြတ်ရှုမှတ်နေတဲ့ ယောဂီမှာတော့ ဉာဏ်ရင့်တဲ့ အခါမှာ အဆင်းမြင်တာကတခြား + အသံကြားတာက တခြား စသည် ဖြင့် ကွဲပြားလျက်ထင်တယ်၊ မြင်တာ စသည် တမျိုးတည်းကို တောင်မှ ရှေးရှေးမြင်တာ ကြားတာ စသည်တွေက တခြား + နောက်နောက် မြင်တာ ကြားတာ စသည်တွေက တခြား ကွဲ ပြားလျက်သာထင်တယ်၊ ကွဲပြားရုံတွင်တောင် မဟုတ်သေးဘူး၊

ထိုထိုမှတ်သိရတဲ့ ခဏမှာပင် ပျောက်ပျောက် သွားကြတယ် ဆိုတာကိုလဲ ထင်ရှား သိရတယ်၊ ဒါကြောင့် မြင်မှု ကြားမှု စသည်တွေကို တကိုယ်တည်း တယောက်တည်းအနေဖြင့် မထင် တော့ဘူး၊ အသီးအသီးကွဲပြားနေတဲ့ သဘောတရားမျှ အနေဖြင့် သာ ထင်တော့တယ်၊ အဲဒါဟာ အာရမ္မဏဃန ကွဲပြီး အနတ္တ-လက္ခဏာ ထင်ပုံ, အနတ္တဉာဏ် ဖြစ်ပုံပါဘဲ။

ယခုပြောခဲ့တဲ့အတိုင်း ပကတိလူတွေမှာ သမူဟဃန စသည် ထင်ပေါ်နေပုံနှင့် ဝိပဿနာရှုနေသူမှာ အဲဒီဃနကွဲပြီး အနတ္တ လက္ခဏာထင်ပုံကို ဝိသုဒ္ဓိမဂ်မဟာဋီကာ (ဒု ၄၃၇)မှာ ဒီလို ပြဆိုထားပါတယ်။

ဃနဝိနိဗ္ဘောဂေ ကတေတိ-ဃနပညတ်၏ အသီးအသီးကွဲ ပြားခြင်းကို ပြုအပ်ပြီးလတ်သော်(အနတ္တလက္ခဏာ ထင်ပေါ်၏) ဟူရာ၌၊ သမူဟဃနေ-သမူဟဃနကိုရင်း၊ ကိစ္စာရမ္မဏဃနေ-ကိစ္စဃန အာရမ္မဏဃနကိုရင်း၊ ပဘေဒိတေ-ခွဲဖျက်အပ်ပြီးလတ် သော်(အနတ္တလက္ခဏာ ထင်၏ဟုဆိုလို၏)။ဟိ-ထင်ပုံကို ဖွင့်ပြဦး အံ့၊ အညမညူပတ္ထဒ္ဓေသု-အချင်းချင်းထောက်ပံ့ကုန်လျက်၊သမုဒိ တေသု- တသန္တာန်တည်း၌ တပေါင်းတည်း ဖြစ်ကုန်သော၊ ရူပါရူပဓမ္မေသု-ရုပ်နာမ်တရားတို့၌၊ ကေတ္တာဘိနိဝေသဝသေန-တကိုယ်တည်း တယောက်တည်းအဖြစ်ကို နှလုံးသွင်းသည်၏ အစွမ်းအားဖြင့်၊ (ဂဃမာနာ-ယူအပ်-နှင့် စပ်) အပရိမဒ္ဒိတ သင်္ခါရေဟိ ဂဃမာနာ-သင်္ခါရတို့ကို ရှုမှတ်လျက် မနင်းနယ် မချေမှုန်းဘူးသော ပကတိလူတို့သည် ယူအပ် ထင်မြင်အပ်သော၊

ယာ သော သမ္မုဟာဈာနတာ-အကြောင်းသမ္မုဟာဈာနအဖြစ်သည်လည်း ရှိ၏၊ တထာ-ထိုအတူပင်၊ (အပရိမဒ္ဒိတသင်္ခါရေဟိ-ကို အတိုချုံး ပြသည်၊ ဂယှမာနာ-နှင့်ပင် စပ်) တေသံ တေသံ ဓမ္မာနံ-မျက်စိ, အဆင်း,မြင်မှုစသော ထိုထိုတရားတို့၏၊ ကိစ္စဘေဒဿ-မြင်စေခြင်း, အမြင်ခံခြင်း, မြင်သိခြင်း စသော ကိစ္စအကွဲအပြား၏၊ ပဋိနိယတဘာဝေ-အသီးအသီး ကိန်းသေ သတ်မှတ်အပ်သည်၏ အဖြစ်သည်၊ သတိပိ-ရှိငြားသော်လည်း၊ ကေတော ဂယှမာနာ-တပေါင်းတည်း တယောက်တည်း အနေဖြင့် ယူအပ်-ထင်မြင် အပ်သော၊ ယာ သော ကိစ္စဈာနတာ-အကြောင် ကိစ္စဈာနအဖြစ် သည်လည်းရှိ၏၊ တထာ-ထိုအတူပင်၊ သာရမ္မဏဓမ္မာနံ-အာရုံ ပြုတတ်သော နာမ်တရားတို့၏၊ သတိပိ အာရမ္မဏကရဏဘေဒေ-အာရုံပြုခြင်းအားဖြင့် ကွဲပြားခြင်းရှိငြားသော်လည်း၊ ကေတော ဂယှမာနာ-တပေါင်းတည်း တယောက်တည်းအနေဖြင့် ယူအပ် ထင်မြင်အပ်သော၊ ယာ သော အာရမ္မဏဈာနတာ စ-အကြောင် အာရမ္မဏဈာနအဖြစ်သည်လည်းရှိ၏၊ တာ-ထိုသုံးပါးသော ဈာန အဖြစ်တို့သည်၊ ဝါ-ဈာနတို့သည်။ (ဝိလယံ ဂစ္ဆန္တိ-နှင့် စပ်) ဓာတုသု-မျက်စိ အဆင်း မြင်သိမှုစသော ရုပ်ဓာတ် နာမ်ဓာတ် တို့ကို၊ ဉာဏေန-ရှုသိသော ဝိပဿနာဉာဏ်ဖြင့်၊ ဝိနိဗ္ဘုဇိတွာ-ဖြစ်ခိုက်၌ ရှုမှတ်လျက် အသီးအသီးခွဲခြမ်း၍၊ ဒိဿမာနာသု-ရှုအပ်ကုန်လတ်သော်၊ ဝါ-ရှုလိုက်လျှင်၊ ဟတ္ထေန ပရိမဇ္ဇိယ မာနော ဖေဏပိဏ္ဍော ဝိယ-လက်ဖြင့် ပွတ်ချေအပ်သော ရေမြှုပ် စိုင်ကဲ့သို့၊ဝိလယံ ဂစ္ဆန္တိ-ကြေမွပျက်စီးခြင်းသို့ ရောက်ကုန်၏။ ယထာပစ္စယံ ပဝတ္တမာနာ သုညာ ဧတေ ဓမ္မာ ဓမ္မမတ္တာတိ-

သူ့အကြောင်းအားလျော်စွာ ဖြစ်ကုန်သော ဤတရားတို့သည် အတ္တမှုဆိတ်ကုန်၏ သဘောတရားမျှတို့သာဟူ၍၊ အနတ္တလက္ခဏာ- အနတ္တလက္ခဏာသည်၊ ပါကဋတရံ ဟောတိ·သာ၍ ထင်ရှား လေတော့သည်-တဲ့။

မြင်ခိုက် ကြားခိုက် စသည်၌ ဖြစ်ခိုက်တရားကို မရှုနိုင်ယင် ဃနလေးပါး ထင်ပေါ်ပြီး အတ္တကောင် ငါကောင်အနေဖြင့် စွဲလမ်းတယ်၊ ဖြစ်ခိုက်တရားကိုရှုပြီး အသီးအသီး ခွဲခြားသိပါမှ ဃနအစိုင်အခဲကွဲပြီး အနတ္တဉာဏ်ဖြစ်တယ်။ အဲဒီဆောင်ပုဒ်များ ကိုလဲ ဆိုကြရမယ်။

(၅) ဖြစ်ခိုက်တရား၊ မပိုင်းခြား၍၊ လေးပါးဃန၊ထင် ပေါ်က၊ အတ္တစွဲလမ်းသည်။
(၆) ဖြစ်ခိုက်တရား၊ ရှုပိုင်းခြား၍၊ လေးပါးဃန၊ ကြေပျက်မှ၊ အနတ္တဉာဏ်ဖြစ်သည်။
(၇) ဉာဏ်မှန်အနတ္တ၊ ပြည့်စုံမှ၊ အရိယ မဂ်ဉာဏ် ဆိုက်ရောက်သည်။

## အနတ္တထင်ပုံ အဝဝ အတု ၂-မျိုး

တချို့က ရုပ်တွေကို ဆင်ခြင်ဉာဏ်ဖြင့် အမှုန့် အမှုန့် ပြုပြီး ကြည့်ရုံနဲ့ ကိုယ်ကြီး ပျောက်သွားရုံမျှဖြင့် အနတ္တ ထင်တယ်လို့ ယူဆကြတယ်၊ အမှန်ကတော့ ကိုယ်ပုံသဏ္ဌာန်ကြီး ပျောက်ရုံနဲ့ အနတ္တဉာဏ်အစစ်မဖြစ်ပါဘူး၊ ဘာဝနာ တပါးပါးကို နှလုံး သွင်းနေယင်း ကိုယ်ပုံသဏ္ဌာန်ကြီး ပျောက်သွားရုံနဲ့လဲ အနတ္တ

ဉာဏ်အစစ်ဖြစ်တယ်လို့ မဆိုနိုင်ဘူး၊ ဘာကြောင့်လဲ ဆိုယင် အဲဒီလို ကိုယ်ပုံသဏ္ဌာန်ကြီး ပျောက်နေခိုက်မှာ ကြံသိတဲ့စိတ်က တော့ ရှိနေမှာဘဲ၊ အဲဒီကြံသိတဲ့စိတ်ကို ငါအနေနဲ့ စွဲလမ်းမှုက ရှိနေဦးမှာဘဲ၊ ဘယ်လိုလဲဆိုယင် အရူပဘုံက ပုထုဇဉ်ဗြဟ္မာတွေ မှာ ကိုယ်ပုံသဏ္ဌာန်ကြီးမထင်ပေမဲ့ အသိစိတ်ကို ငါအနေနဲ့ စွဲလမ်းနေကြသလိုပေါ့၊ ဒါကြောင့် ပုံသဏ္ဌာန်ပညတ် ပျောက်ရုံ မျှဖြင့် အနတ္တဉာဏ်ဖြစ်တယ်လို့ မဆိုရဘူး။

ဖြစ်ခိုက် ရုပ်နာမ်ဟူသမျှတွေကို ရှုမှတ်ပြီး သူ့သဘော အတိုင်းဖြစ်ပျက်နေလို့ အလိုအတိုင်း မဖြစ်ဘူး၊ အစိုးမရဘူး ဆိုတဲ့အနတ္တလက္ခဏာကိုသိမြင်ပါမှ အနတ္တဉာဏ်အစစ်ဖြစ်တယ်။ ဒီအနတ္တသဘောကို သာသနာပမှာ အပြောအဟော မရှိဘူး၊ "သာသနာပမှာ သရဘင် အစရှိတဲ့ ဘုရား အလောင်းတော် ရသေ့ပညာရှိကြီးများတောင်မှ အနိစ္စနှင့် ဒုက္ခအကြောင်းကိုသာ ဟောနိုင်တယ်၊ အနတ္တကိုတော့ မဟောနိုင်ဘူး" လို့ သမ္မောဟ ဝိနောဒနီ အဋ္ဌကထာမှာ ပြဆိုထားတယ်၊ နောက်ပြီးတော့ အနတ္တသဘောက အသိခက်တဲ့အတွက် မြတ်စွာဘုရားတောင်မှ အနတ္တသက်သက်ဖြင့် သိအောင် ဟောဘို့ မလွယ်ကြောင်း၊ အနိစ္စဒုက္ခတို့ကို ပြပြီးတော့ အနတ္တသဘောကို ဟောတော်မူရ ကြောင်းကိုလဲ အဲဒီ အဋ္ဌကထာမှာ ဆက်ပြီးပြဆိုထားပါတယ်။

အဲဒီလို ပြထားရာမှာ မူလဋီကာဆရာက "အနတ္တသဘောကို သိအောင်ပြတဲ့အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာတို့ဟာလဲ သာသနာ တွင်းမှာသာ သိရကြောင်း၊ သာသနာပမှာ သိရတဲ့ အနိစ္စ ဒုက္ခ

တို့ဖြင့် အနတ္တလက္ခဏာကို မဖော်ပြနိုင်ကြောင်း” စသည်ကို ထပ်ဆင့်ပြီး ဖွင့်ပြထားပါတယ်။ အဲဒီမှာ သာသနာပ၌ ထင်ရှားတဲ့ အနိစ္စသဘောဆိုတာက အိုးကွဲသွားလို့ လူသေသွားလို့ မမြဲဘူးလို့ သိရတာမျိုးကို ဆိုပါတယ်၊ ဒုက္ခဆိုတာကလဲ ဆူးစူးလို့ ခလုတ်တိုက်မိလို့ နာတဲ့အခါ ဆင်းရဲလိုက်တာလို့ သိရတာမျိုးကို ဆိုတာပါဘဲ။ အဲဒါတွေကတော့ ပညတ် အထည်ဒြပ်အလိုက် ပျက်စီးသွားတာကို သိတဲ့အနိစ္စဖြစ်သောကြောင့် ပညတ်အနိစ္စ၊ အနိစ္စအတုမျှ ဖြစ်ပါတယ်၊ နာကျင်လို့ ဆင်းရဲတယ်လို့ သိရတာကလဲ အခံခက်တဲ့ ဝေဒနာသဘောအနေဖြင့် သိတာမဟုတ်ဘူး၊ ငါအနေနဲ့သိတာသာဖြစ်တယ်၊ ဒါကြောင့် ဒီလိုသိတာကလဲ ပညတ်ဒုက္ခ၊ ဒုက္ခအတုမျှသာဖြစ်တယ်၊ အဲဒီပညတ်အနိစ္စ၊ ပညတ် ဒုက္ခတို့ဖြင့် အနတ္တသဘောကို မသိစေနိုင်ဘူး၊ ပညတ် အနိစ္စ ဒုက္ခတို့ ထင်ရှုံမျှဖြင့် အနတ္တဉာဏ်အစစ်မဖြစ်နိုင်ဘူး။

ဖြစ်ခိုက် ရုပ်နာမ်ကိုရှုနေယင်း ဖြစ်ပေါ်ပြီး ပျောက်ပျောက်သွားတာကို တွေ့ရလို့ မမြဲဘူး-လို့ သိတာကတော့ ပရမတ်အနိစ္စကို သိတာဘဲ၊ ဖြစ်ချည်ပျက်ချည်နဲ့ မပြတ်နှိပ်စက်နေလို့ ကြောက်စရာ ဆင်းရဲဘဲလို့ သိတာကလဲ ပရမတ်ဒုက္ခကိုသိတာဘဲ၊ အဲဒီ ပရမတ်အနိစ္စ ပရမတ်ဒုက္ခကိုသိယင်တော့ အလိုအတိုင်းမဖြစ်ပဲ သူ့သဘောအတိုင်းသာ ဖြစ်ပျက်နေလို့ အစိုးမရဘူးလို့ သိဘယ်၊အဲဒီလို သိတာကတော့ အနတ္တလက္ခဏာအစစ်ကို တွေ့မြင်ပြီးသိတဲ့ အနတ္တာနုပဿနာဉာဏ်အစစ်ပါဘဲ၊ အဲဒီ အနတ္တဉာဏ်အစစ်ဖြစ်ပါမှ အရိယမဂ်ဉာဏ်ဆိုက်ရောက်နိုင်တယ်၊ အဲဒီ

အကြောင်းကို ရည်ရွယ်ပြီးတော့ "ဉာဏ်မှန်အနတ္တ၊ ပြည့်စုံမှ၊ အရိယမဂ်ဉာဏ် ဆိုက်ရောက်သည်"လို့ ဆောင်ပုဒ်က ဆိုထားပါတယ်။ နောက်ပြီးတော့ ပညတ်အနိစ္စ, ပညတ်ဒုက္ခ သိရုံမျှဖြင့် အနတ္တဉာဏ်အစစ်မဖြစ်နိုင်ပုံ၊ ပရမတ်အနိစ္စ, ပရမတ်ဒုက္ခကို သိပါမှ အနတ္တဉာဏ်အစစ် ဖြစ်နိုင်ပုံများကိုလဲ ဆောင်ပုဒ်တွေ စီထားတယ်၊ အဲဒီဆောင်ပုဒ်တွေလဲ ဆိုကြရမယ်။

(၈) ပညတ်အနိစ္စ၊ သိရုံမျှ၊ အနတ္တဉာဏ်မပိုင်။

(၉) ပညတ်ဒုက္ခ၊ သိရုံမျှ၊ အနတ္တဉာဏ်မပိုင်။

(၁၀) ပရမတ်အနိစ္စ၊ သိမြင်မှ၊ အနတ္တဉာဏ်ပိုင်သည်။

(၁၁) ပရမတ်ဒုက္ခ၊ သိမြင်မှ၊ အနတ္တဉာဏ်ပိုင်သည်။

ဖြစ်ခိုက်ရုပ်နာမ်ကိုရှုမှတ်နေယင်း ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်သွားခြင်းဆိုတဲ့(ဟုတွာ အဘာဝါကာရ) ပရမတ် အနိစ္စလက္ခဏာကို သိယင်တော့ ဖြစ်ချည် ပျက်ချည်နဲ့ မပြတ်နှိပ်စက်နေတယ်ဆိုတဲ့ ဒုက္ခလက္ခဏာ အစစ်ကိုလဲ သိမြင်နိုင်ပါတယ်၊ အလိုအတိုင်း မဖြစ်ဘူး, အစိုးမရဘူး ဆိုတဲ့ အနတ္တလက္ခဏာ အစစ်ကိုလဲ သိမြင်နိုင်ပါတယ်။ ဒါကြောင့် အင်္ဂုတ္တရ နဝနိပါတ် ပဌမသုတ်မှာ—

အနိစ္စသညိနော ဘိက္ခဝေ အနတ္တသညာ သဏ္ဌာတိ-လို့ဟောတော်မူပါတယ်။

ဘိက္ခဝေ- ရဟန်းတို့၊ အနိစ္စသညိနော- မမြဲဟု အမှတ်အသိ အမြင်ရှိသူအား၊ အနတ္တသညာ- အနတ္တဟု အမှတ် အသိ အမြင်

သည်၊ သဏ္ဍာတိ-ကောင်းစွာတည်၏၊ ဝါ-အလိုလိုပင် ဖြစ်လေ တော့၏ တဲ့။

အဲဒီပါဠိကို အဋ္ဌကထာက ဒီလိုဖွင့်ပြထားပါတယ်။

> အနိစ္စလက္ခဏေ ဒိဋ္ဌေ အနတ္တလက္ခဏံ ဒိဋ္ဌမေဝ ဟောတိ။ ဧတေသု ဟိ တီသု လက္ခဏေသု ကေသ္မိံ ဒိဋ္ဌေ ဣတရဒ္ဝယံ ဒိဋ္ဌမေဝ ဟောတိ။

အနိစ္စလက္ခဏေ ဒိဋ္ဌေ- အနိစ္စလက္ခဏာကို မြင်လျှင်၊ အနတ္တ-လက္ခဏံ-အနတ္တလက္ခဏာသည်၊ ဒိဋ္ဌမေဝ- မြင်အပ်ပြီးသာလျှင်၊ ဟောတိ-ဖြစ်ပေ၏၊ ဟိ-မှန်ပေ၏၊ ဧတေသု တီသု လက္ခဏေသု-သုံးပါးသော ဤ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့တွင်၊ ကေသ္မိံ-တခုသော လက္ခဏာကို။ ဒိဋ္ဌေ- မြင်အပ် ပြီးလတ်သော်၊ ဣတရ ဒ္ဝယံ- ဤမှတပါးသော လက္ခဏာ ၂-ခုကို၊ ဒိဋ္ဌမေဝ- မြင်အပ် ပြီးသာလျှင်၊ ဟောတိ-ဖြစ်ပေ၏ တဲ့။

အဲဒီ ပါဠိ အဋ္ဌကထာ အဆိုကို တိုတိုနဲ့ မှတ်ရအောင် "လက္ခဏာစစ်တွင်၊ တခုမြင်၊ အကုန်ပင် သိတော့သည်" လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

(၁၂) လက္ခဏာစဉ်တွင်၊ တခုမြင်၊ အကုန်ပင် သိတော့ သည်။

ဖြစ်ပေါ်လာပြီး ကွယ်ပျောက်သွားတယ် ဆိုတဲ့ အနိစ္စလက္ခ ဏာအစစ်၊ ဖြစ်ပျက်နှစ်ရပ်က မပြတ် နှိပ်စက်နေတယ် ဆိုတဲ့

ဒုက္ခလက္ခဏာအစစ်၊ အလိုအတိုင်း မဖြစ်ဘူးဆိုတဲ့ အနတ္တလက္ခဏာအစစ်=ဒီလက္ခဏာ အစစ်သုံးပါးထဲက တပါးကို မြင်ယင်ကျန်တဲ့ လက္ခဏာအစစ်တွေလဲ မြင်နိုင်ပါတယ်တဲ့။ ဒါကြောင့်ဖြစ်ခိုက်ရုပ်နာမ်တွေကို ဖြစ်ဆဲဖြစ်ဆဲမှာပင် မပြတ်လိုက်ပြီးရှုနေတဲ့ ယောဂီဟာ သမာဓိဉာဏ် အားရှိလာတဲ့ အခါကျတော့ခဏတိုင်းခဏတိုင်း ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားတာကို လက်ဖြင့်ကိုင်ကြည့်ရသလို ထင်ရှားတွေ့နေရတယ်။ အဲဒီတော့ ဖြစ်ပြီးပျက်သွားလို့ မမြဲဘူးဆိုတာလဲ ကိုယ်ပိုင်ဉာဏ်ဖြင့် သိရတယ်၊ ဖြစ်လိုက်ပျက်လိုက်နဲ့ ကြောက်ဖွယ်ဆင်းရဲ ဆိုတာလဲ ကိုယ်ပိုင်ဉာဏ်ဖြင့်ပင်သိရတယ်၊ သူ့အကြောင်းအားလျော်စွာ ဖြစ်ပျက်နေတဲ့အတွက် အလိုအတိုင်းမဖြစ်ဘူး အစိုးမရတဲ့ အနတ္တသဘောတရားမျှပဲဆိုတာလဲ ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် သိရတယ်၊ဒါကြောင့်ဒီသီလဝန္တသုတ်မှာ ဟောကြားထားတဲ့ အနိစ္စတော ဒုက္ခတောအနတ္တတောဆိုတဲ့ အခြင်းအရာများဖြင့် ရှုမြင်ပုံတွေကို ပြောလာတာ စုံသွားပါပြီ၊ ဒီ တော-သုံးချက် အခြင်းအရာတွေဟာသိဘို့ရာ အရေးအကြီးဆုံးပါဘဲ၊ ဒီအခြင်းအရာ သုံးပါးကို သိမြင်ယင်ကျန်တဲ့(ရောဂတော၊ဂဏ္ဍတော၊သလ္လတော၊အဃတော၊အာဗာဓတော၊ ပရတော၊ ပလောကတော၊ သုညတော) ဆိုတဲ့တော ရှစ်ချက် အခြင်းအရာတွေကိုလဲ ပါရမီဉာဏ် အားလျော်စွာ သိမြင်နိုင်တော့တာပါဘဲ၊ ဒါကြောင့်ပင် မြတ်စွာဘုရားကိုယ်တော်တိုင်ဟောထားတဲ့ ဝိပဿနာဆိုင်ရာ သုတ်ပေါင်းများစွာတို့မှာ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ ဆိုတဲ့ ဒီသုံးပါး ကိုသာဟောတော်မူပါတယ်။

ယခု ပြောခဲ့တဲ့ တော- သုံးချက် တော- တဆယ့်တချက် အခြင်းအရာတို့ဖြင့် ရှုမြင်တော့ ဘယ်လိုအကျိုးအာနိသင်တွေကို ရပါသလဲလို့ မေးစရာရှိတဲ့အတွက် အရှင်သာရိပုတ္တရာမထေရ် မြတ်က အဲဒီအကျိုးအာနိသင်ကိုလဲ ဒီလိုထုတ်ပြတော်မူပါတယ်။

## ရှုမြင်ခြင်း၏ အကျိုးအာနိသင်

အာဝုသော-ငါ့ရှင်ကောဋ္ဌိက၊သီလဝါ-သီလနှင့်ပြည့်စုံသော၊ သုတဝါ-သုတနှင့်ပြည့်စုံသော၊ဘိက္ခု-ယောဂီရဟန်းသည်၊ ဣမေ ပဉ္စုပါဒါနက္ခန္ဓေ- ဤငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို၊ အနိစ္စ တော- မမြဲဟု၊ ဒုက္ခတော- ဆင်းရဲဟု၊ပ။ အနတ္တတော- အစိုးမရ အနတ္တသဘောတရားမျှဟု၊ ယောနိသော-နည်းမှန်လမ်းမှန်အား ဖြင့်၊မနသိကရောန္တော-နှလုံးသွင်းရှုမှတ်နေစဉ်၊(ဒီပုဒ်ထဲမှာ အန္တ ပစ္စည်းက ပစ္စုပ္ပန်အနက်ကိုပြတယ်၊ ဒါကြောင့် အဲဒီလိုရှုနေတုန်း ရှုနေဆဲမှာ လို့ ဆိုလိုပါတယ်၊ အဲဒါကိုလဲ အထူးသတိပြုကြရ မယ်။) မနသိကရောန္တော- ရှုနေစဉ် ရှုနေတုန်း၊ သောတာပတ္တိ ဖလံ- သောတာပတ္တိဖိုလ်ကို၊ ယံ သစ္ဆိကရေယျ- အကြင် မျက် မှောက်ပြုရာ၏။ ဌာနံ-ဤသောတာပတ္တိဖိုလ်ကို မျက်မှောက် ပြုနိုင်ခြင်း၏ အကြောင်းအခွင့်သည်၊ ဝိဇ္ဇတိ-ရှိပါသည်တဲ့။

မြင်မှု ကြားမှု စသော ဥပါဒါနက္ခန္ဓာ ငါးပါးကို အနိစ္စ ဒုက္ခ အနတ္တဟု ရှုနေတုန်းမှာဘဲ သောတာပတ္တိ မဂ်ဖိုလ်ဖြင့်

နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး သောတာပန်ပုဂ္ဂိုလ် ဖြစ်သွားနိုင်ပါ တယ်တဲ့၊ ဒီတော့ သောတာပန် ဖြစ်သွားချင်ယင် မိမိတို့သန္တာန် မှာ မပြတ်ဖြစ်နေတဲ့ မြင်မှုကြားမှုစသော ဥပါဒါနက္ခန္ဓာတွေကို အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာတို့ဖြင့် အမှန်အတိုင်း သိမြင်နိုင် အောင် မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း မပြတ်ရှုမှတ် နေရုံပါဘဲ။ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြစ်ပုံစသည်တွေကိုတော့ နောက် တကြိမ်ကျမှ ပြောရမယ်။ ဒီကနေ့တော့ ဒီတွင်ပဲရပ်ပြီး တရား သိမ်းကြစို့။

ဤ သီလဝန္တသုတ္တန် တရားတော်ကို ရိုသေစွာ နာယူမှတ် သားကြရသော ဓမ္မသဝန ကုသိုလ်ကံ စေတနာတို့၏ အစွမ်း အာနုဘော်ကြောင့် ယခု တရားနာပရိသတ်အပေါင်း သူတော် ကောင်းတို့သည် မြင်မှုကြားမှုစသော ဥပါဒါနက္ခန္ဓာတို့၌။ ပ။ မှန်ကန်စွာသိကြ၍ ဝိပဿနာဉာဏ်အစဉ် အရိယမဂ်ဉာဏ် အစဉ် ဖြင့် ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု သာဓု သာဓု

သီလဝန္တသုတ္တန်တရားတော် တတိယပိုင်း ပြီး၏။

# သီလဝန္တသုတ္တန်တရားတော်

## စတုတ္ထပိုင်း

၁၃၂၉-ခုနှစ်၊ ကဆုန်လပြည့်နှင့် လကွယ်နေ့များ၌ ဟောသည်

---

### တရားအနုသန္ဓေ

သီလဝန္တသုတ်တရားကို ဟောလာတာ အကြိမ် အားဖြင့် ၄-ကြိမ်၊ အပိုင်းအားဖြင့် ၃-ပိုင်း ရှိသွားပြီ။ အဲဒီ ၄-ကြိမ် ၃-ပိုင်းမှာ စွဲလမ်းနိုင်တဲ့ မြင်မှုကြားမှုစသော ဥပါဒါနက္ခန္ဓာ ငါးပါးကို အနိစ္စ စသော ၁၁- ပါးသော အခြင်းအရာတို့ဖြင့် ရှုပုံများနှင့် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုပုံ အကျဉ်းချုပ် များကို ဟောခဲ့ပါပြီ။ ဒါပေမဲ့ တချို့က မြတ်စွာဘုရား ကိုယ် တော်တိုင် ဟောတဲ့ အဲဒီလို ရှုပုံကို ကြားနာချင် ပါသေးတယ် လို့ မြော်လင့်တောင့်တဘွယ်လဲ ရှိပါသေးတယ်၊ ဒါကြောင့် ယခု အင်္ဂုတ္တရပါဠိ နဝနိပါတ်မှ ဘုရားကိုယ်တော်တိုင် ဟော တော်မူတဲ့ ဈာနသုတ်ကို လိုရင်းလောက် ထုတ်ဆောင်ပြီး ဟော ရမယ်။

## ဈာနသုတ်(အံ-တ/၂၂၀)

ဘိက္ခဝေ-ရဟန်းတို့၊ ဣဓ-ဤသာသနာတော်၌၊ ဘိက္ခု-ရဟန်းသည်၊ ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ-ကာမတို့မှ ကင်းဆိတ်သည့်ပြင် အကုသိုလ်တို့မှလဲ ကင်းဆိတ်၍ သာလျှင်၊ သဝိတက္ကံ သဝိစာရံ-ကြံမှုဝိတက်လဲရှိသည့်ပြင် သုံးသပ်ဆင်ခြင်မှု ဝိစာရလဲ ရှိသော၊ ဝိဝေကဇံ ပီတိသုခံ-နီဝရဏကင်းခြင်းကြောင့်ဖြစ်သည့် ပီတိသုခလဲရှိသော၊ ပဌမံ ဈာနံ-ပဌမဈာန်သို့၊ ဥပသမ္ပဇ္ဇ-ရောက်၍၊ ဝိဟရတိ-နေ၏။ သော-ပဌမဈာန်ဝင်စား၍နေပြီးနောက် ယင်းဈာန်မှ ထပြီးသော ထိုရဟန်းသည်၊(သမနုပဿတိ-နှင့် စပ်) ယဒေဝ တတ္ထ ရူပဂတံ ဝေဒနာဂတံ သညာဂတံ သင်္ခါရဂတံ ဝိညာဏဂတံ-ထိုပဌမဈာန်ဖြစ်ခိုက်၌ ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဟူသောအကြင်တရားအပေါင်း ဖြစ်လျက်ရှိ၏၊ တေ ဓမ္မေ-ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဟူသော ထိုတရားတို့ကို၊ အနိစ္စတော-မမြဲဟု၊ ဒုက္ခတော-ဆင်းရဲဟု၊ ရောဂတော-စွဲကပ်နေသော ရောဂါနှင့်တူသည်ဟု။ ဂဏ္ဍတော - ပေါက်ကွဲနေသော အိုင်းအမာနှင့်တူသည်ဟု၊ သလ္လတော- စူးဝင်နေသော ငြောင့်နှင့်တူသည်ဟု၊ အဃတော-မကောင်းမှုနှင့် တူသည်ဟု၊ အာဗာဓတော-အဖျားအနာနှင့်တူသည်ဟု၊ ပရတော-အပြင်ပ လူသူတစိမ်းနှင့်တူသည်ဟု။ ပလောကတော- အကြီးအကျယ် ပျက်စီးတတ်သည်ဟု၊ သုညတော-အတ္တကောင် အသက်ကောင်မှ ကင်းဆိတ်သည်ဟု၊ အနတ္တတော-အစိုးမရ အတ္တကောင်မဟုတ်ဟု၊ သမနုပဿတိ-

ရှု၏။ သော-ထိုရဟန်းသည်၊ တေဟိ ဓမ္မေဟိ-ထိုရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဟူသော ခန္ဓာငါးပါးတရားတို့မှ- စိတ္တံ ပဋိဝါပေတိ-စိတ်ကို ဆုတ်နစ်စေ၏၊ (ထိုခန္ဓာတို့နှင့် စပ်သည့် ဆန္ဒရာဂ စသော ဥပက္ကိလေသကို ကင်းကွာစေသောအားဖြင့် ဆုတ်နစ်စေသည်ဟု ဆိုသည်၊ ထိုခန္ဓာတို့၌ ကပ်ငြိမှုကင်းစေခြင်း ပင် ဖြစ်သည်) သော-ထိုရဟန်းသည်၊ တေဟိဓမ္မေဟိ-ထိုတရား တို့မှ၊ စိတ္တံပဋိဝါပေတွာ-စိတ်ကို ဆုတ်နစ်စေပြီး၍၊ အမတာယ ဓာတုယာ-အမြိုက်နိဗ္ဗာန်ဓာတ်၌၊ စိတ္တံ ဥပသံဟရတိ- စိတ်ကို ဆောင်၏၊ သဗ္ဗသင်္ခါရသမထော- သင်္ခါရအားလုံး၏ ငြိမ်းရာဖြစ် သော၊ သဗ္ဗူပဓိပဋိနိဿဂ္ဂေါ-ဥပဓိမည်သော ခန္ဓာအားလုံးကို စွန့်ရာဖြစ်သော၊ တဏှာက္ခယော-ဆာလောင်မှုတဏှာကုန်ရာဖြစ် သော၊ဝိရာဂေါ-တပ်မက်ကင်းရာဖြစ်သော၊ နိရောဓော-ဆင်းရဲ ချုပ်ရာ-ချုပ်ခြင်းသဘောဖြစ်သော၊ယဒိဒံ နိဗ္ဗာနံ-အကြင်နိဗ္ဗာန် သည်ရှိ၏၊ ဧတံ သန္တံ-ဤနိဗ္ဗာန်သည် ငြိမ်သက်ငြိမ်းအေးပေ၏၊ ဧတံပဏီတံ-ဤနိဗ္ဗာန်သည် မွန်မြတ်ပေ၏၊ ဣတိ-ဤသို့ စိတ်ကို ဆောင်၏။ သော-ထိုရဟန်းသည်၊ တတ္ထ ဌိတော- ထိုရှုမှု ဝိပဿနာ၌ တည်လျက်၊ အာသဝါနံ ခယံ ပါပုဏာတိ— အာသဝေါတို့၏ ကုန်ရာ အရဟတ္တဖိုလ်သို့ရောက်၏။

ယခု ထုတ်ပြတဲ့ ဈာနသုတ်ပါဠိ၌ သိစေလိုရင်းကတော့ "ပဌမဈာန်ကို ဝင်စားပြီးနောက် ထိုဈာန်စိတ်ပြီးဆုံးသွားသော အခါ ထိုဈာန်စိတ်ဖြစ်ခိုက်၌ရှိသော တည်မှီရာရုပ်, ထိုဈာန်စိတ် ကြောင့်ဖြစ်သော ထူးခြားသောရုပ်, ထိုစိတ်ဝိညာဏ်နှင့်တကွ

ယှဉ်ဘက်ဖြစ်ကြသော ဝေဒနာသညာ သင်္ခါရဆိုတဲ့ခန္ဓာပါးပါး တရားတို့ကို အနိစ္စစသော ၁၁-ပါးသော အခြင်းအရာတို့ဖြင့် ရှုသည်''ဆိုတဲ့ အချက်သည်သာလျှင် သိစေလိုရင်း ဖြစ်ပါတယ်။ အဲဒီရှုပုံဟာ ဒီဃီလဝန္တသုတ်မှာ ပြတဲ့ရှုပုံနှင့် ထပ်တူပါဘဲ၊ စျာန်ရပုဂ္ဂိုလ်မှာ စျာန်စိတ်ပြီးဆုံးသွားသောအခါ ကာမကုသိုလ် ဝိပဿနာစိတ် သတိဉာဏ်ဖြင့် ထိုစျာန်ဖြစ်ခိုက်၌ ဖြစ်သော ဥပါဒါနက္ခန္ဓာငါးပါးကို အနိစ္စစသော အခြင်းအရာတို့ဖြင့် ရှုတယ်၊ စျာန်မရတဲ့သူမှာ မြင်စိတ် ကြားစိတ်စသော ကာမ စိတ်၏အခြားမဲ့၌ထိုမြင်မှုစသည်တွင်ပါဝင်သော ဥပါဒါနက္ခန္ဓာ ငါးပါးကို အနိစ္စစသော အခြင်းအရာတို့ဖြင့် ရှုတယ်။ အရှုခံ စိတ်တွင် စျာန်စိတ်နှင့် ကာမစိတ် ဤမျှသာ ကွာခြားတယ်၊ ရှုပုံနှင့် ရှုအပ်သည့်ခန္ဓာတို့မှာ သဘောအားဖြင့် အတူတူပင် ဖြစ်ပါတယ်။ ထို့ပြင် ဒီဃီလဝန္တသုတ်၌ ရှုအပ်သည့် ဥပါဒါ နက္ခန္ဓာတို့မှာ စျာန်ရသူအတွက် စျာန်ဆိုင်ရာ ခန္ဓာများလဲ ကြံသိမှုထဲမှာ ပါဝင်ပါတယ်။ ဒါကြောင့် ယခု ထုတ်ပြခဲ့သော စျာနသုတ်နှင့် ဒီဃီလဝန္တသုတ်ဟာ ထပ်တူပင်ဖြစ်ပါတယ်။

စျာနသုတ်မှာ ''စိတ်ကိုနိဗ္ဗာန်ဓာတ်သို့ဆောင်တယ်'' ဆိုတာ ကတော့ သင်္ခါရတို့၏ အပြစ်ကို မြင်သဖြင့် ဝိပဿနာစိတ်က သင်္ခါရကင်းရာသို့ ညွတ်ကိုင်းခြင်းနှင့် အရိယမဂ်စိတ်က နိဗ္ဗာန်ကို အာရုံပြု လျက် ဖြစ်ခြင်းများကို ဆိုတယ်လို့ ယူရပါတယ်။ ဒါကြောင့် အဌကထာမှာ—

ဝိပဿနာစိတ္တံ-ဝိပဿနာစိတ်ကို၊ သဝနဝသေန-ကြားဘူးသည့် အလိုအားဖြင့်၎င်း၊ ထုတိဝသေန-ချီးမွမ်းသည့်အလိုအားဖြင့်၎င်း။ ပရိယတ္တိဝသေန- ပရိယတ်ကျမ်းဂန်သိ အလိုအားဖြင့်၎င်း၊ ပညတ္တိဝသေန စ-ပရမတ်အစစ်မဟုတ် ပညတ်နိဗ္ဗာန်အလိုအားဖြင့်၎င်း၊ (ဆောင်၏-နှင့်စပ်) သန္တံ နိဗ္ဗာနတ္တိ ဧဝံ-နိဗ္ဗာန်ငြိမ်းအေးပေသည်ဟု ဤသို့၊ အသင်္ခတာယ အမတာယ ခာတုယာ-အသင်္ခတ အမြိုက်ဓာတ်၌၊ ဝါ- အမြိုက်ဓာတ်သို့၊ ဥပသံဟရတိ-ဆောင်၏၊ မဂ္ဂစိတ္တံ-မဂ်စိတ်ကို။ အာရမ္မဏကရဏဝသေနေဝ-နိဗ္ဗာန်ကို အာရုံပြုသည့် အလိုအားဖြင့်သာလျှင်ဆောင်၏။ ဧတံ သန္တံ ဧတံ ပဏီတန္တိ-ဤနိဗ္ဗာန်သည် ငြိမ်းအေးပေ၏ မွန်မြတ်ပေ၏ဟူ၍၊ န ဧဝံ ဝဒတိ-ဤသို့ မဆိုပေ၊ ပန-ထိုသို့ မဆိုသော်လဲ၊ ဣမိနာ အာကာရေန-ဤသို့သော အခြင်းအရာအားဖြင့်။ တံ ပဋိဝိဇ္ဈန္တော-ထိုနိဗ္ဗာန်ကို ထိုးထွင်းသိသည်ဖြစ်၍၊ တတ္ထ-ထိုနိဗ္ဗာန်၌၊ ဝါ-ထိုနိဗ္ဗာန်သို့၊ ဥပသံဟရတိ-ဆောင်သည်မည်ပေ၏၊ ဣတိ အတ္ထော-ဤကား ဆိုလိုသောအနက်ပေတည်း။ သော တတ္ထ ဌိတောတိ-ထိုရဟန်းသည် ထို၌တည်လျက်ဟူရာ၌၊တိလက္ခဏာရမ္မဏာယ—လက္ခဏာသုံးပါးလျှင်အာရုံရှိသော၊ တဿာ ဝိပဿနာယ-ထိုဝိပဿနာ၌၊ ဌိတော—တည်လျက်(ဟု ဆိုလို၏)။ (လက္ခဏာသုံးပါးကို ရှုမြင်လျက်အာရုံပြုနေသော ဝိပဿနာ၌ တည်လျက် အရိယမဂ်သို့ ရောက်သည်ဟုဆိုသော ဒီစကားကိုအထူးသတိပြုကြရမယ်၊ "ဝိပဿနာမရှုဘဲ, ဝိပဿနာဉာဏ်မရှိဘဲ အရိယမဂ်ဉာဏ်မရောက်နိုင်ဘူး"လို့ ထင်ရှား သိစေပါတယ်။) အာသဝါနံ ခယံ ပါပုဏာတီတိ—

·အာသဝေါတို့၏ ကုန်ရာ အရဟတ္တဖိုလ်သို့ ရောက်၏ ဟူ၍ရာ၌၊ အနုက္ကမေန စတ္တာရော အရိယမဂ္ဂေ ဘာဝေတွာ- အရိယမဂ် လေးပါးတို့ကို အစဉ် အတိုင်း ဖြစ်ပွား စေပြီး၍၊ အရဟတ္တံ ပါပုဏာတိ-အရဟတ္တဖိုလ်သို့ ရောက်သည်(ဟုဆိုလို၏)တဲ့။

ဒီ နောက်ဆုံး အဋ္ဌကထာ စကားဖြင့် ''တကြိမ်တည်းဖြင့် အရဟတ္တဖိုလ်သို့ ရောက်သည်မဟုတ်၊ ဝိပဿနာဉာဏ် ရင့်သန် ပြည့်စုံတဲ့အခါ ပဌမအကြိမ် သောတာပတ္တိမဂ်ဖိုလ်သို့ ရောက် သည်၊ ဒုတိယအကြိမ် သကဒါဂါမိမဂ်ဖိုလ်သို့ ရောက်သည်၊ တတိယ အကြိမ် အနာဂါမိမဂ်ဖိုလ်သို့ ရောက်သည်၊ စတုတ္ထ အကြိမ်မှာ အရဟတ္တမဂ်သို့ ရောက်ပြီးမှ အရဟတ္တဖိုလ်သို့ ရောက် သည်'' ဆိုတာကို သိစေပါတယ်။ ဒီအနက်ဟာလဲ သီလဝန္တ သုတ်မှာပြခဲ့သည့် ဖိုလ်လေးပါးကို အစဉ်အတိုင်းမျက်မှောက် ပြုသွားပုံနှင့် တထပ်တည်းပင် ညီနေပါတယ်။ အဲဒီတော့ ဒီသီလ ဝန္တသုတ်မှာ အရှင်သာရိပုတ္တရာ ဖြေရှင်း ဟောကြား ပုံနှင့် မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောတော်မူတဲ့ ဝိပဿနာရှုပုံ၊ အရိယဖိုလ်သို့ ရောက်ပုံများဟာ တသားတည်း ညီညွတ်တယ် ဆိုတာ ခိုင်မြဲစွာမှတ်ယူနိုင်ပါပြီ။

ယခု ဥပါဒါနက္ခန္ဓာငါးပါးကို အနိစ္စ-ဟု ရှုမြင်၍ အရဟတ္တ ဖိုလ်အထိ ရောက်နိုင်ကြောင်း ဟောကြားတော်မူသော အနိစ္စ သုတ်ကို ထုတ်ပြပါဦးမယ်။

## အနိစ္စသုတ် (ခန္ဓဝဂ္ဂသံယုတ်-၁၈)

(ရူပံ ဘိက္ခဝေ အနိစ္စံ ဝေဒနာ အနိစ္စာ သညာ အနိစ္စာ သင်္ခါရာ အနိစ္စာ ဝိညာဏံ အနိစ္စံ-)ရဟန်းတို့ ရုပ်သည်မမြဲ ဝေဒနာသည်မမြဲ သညာသည်မမြဲ သင်္ခါရတို့သည်မမြဲကြ၊ ဝိညာဏ်သည် မမြဲ၊ (ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိံပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိ နိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ)- ရဟန်းတို့ အကြားအမြင်ရှိသည့် ဘုရားတပည့်သည် ဤဆိုခဲ့သည့်အတိုင်း မမြဲဟု သိမြင်လျှင် ရုပ်၌လဲ ငြီးငွေ့၏၊ ဝေဒနာ၌လဲ ငြီးငွေ့၏၊ သညာ၌လဲ ငြီးငွေ့၏၊ သင်္ခါရတို့၌လဲ ငြီးငွေ့၏၊ ဝိညာဏ်၌လဲ ငြီးငွေ့၏၊ (နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊) ငြီးငွေ့လျှင် တပ်မက်ကင်းလျက် အရိယမဂ်ဖြစ်၏၊ (ဝိရာဂါ ဝိမုစ္စတိ၊) တပ်မက်ကင်းခြင်းကြောင့် လွတ်မြောက်သည့် အရိယဖိုလ်ဖြစ်၏၊ (ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ၊)- လွတ်မြောက်လျှင် "လွတ်မြောက်သွားပြီ" ဟု ဆင်ခြင်လျက်အသိဉာဏ်ဖြစ်၏၊(ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ၊) "ဘဝအသစ်ဖြစ်မှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုသင့်သည့်ကိစ္စဟူသမျှကို ပြုပြီးပြီ၊ ဤကိစ္စအတွက် တခြားတပါး ပြုစရာမရှိတော့ပြီ" ဟု ဆင်ခြင်လျက် သိလေတော့သည် တဲ့။

အဲဒါဟာ ဥပါဒါနက္ခန္ဓာ ငါးပါးကို အနိစ္စ- မမြဲဘူးလို့ တကယ်သိမြင်ပြီး ငြီးငွေ့တဲ့ နိဗ္ဗိဒါဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်များ အပြည့်အစုံဖြစ်ပုံကို ဟောကြားတော်

မှုတဲ့ မြတ်စွာဘုရား စကားတော်ပါဘဲ။ အဲဒီစကားတော်အရ အားဖြင့် "မြင်မှု ကြားမှု စသည်တို့၌ ပါဝင်တဲ့ ဥပါဒါနက္ခန္ဓာ တွေကို အနိစ္စ- မမြဲဘူးလို့ ကိုယ်ပိုင်ဉာဏ်ဖြင့် တကယ် သိမြင် အောင် ရှုရမယ်၊ တကယ်သိမြင်ယင်လဲ မြင်မှု စသည် ဆိုင်ရာ ရုပ် ဝေဒနာ စသည်တို့၌ ငြီးငွေ့ရမယ်၊ ငြီးငွေ့ ဆိုတာကလဲ မြင်မှု စသည်တွေကို မနှစ်သက် အလိုမရှိတဲ့အနေဖြင့် တကယ်ငြီးငွေ့ တာကို ဆိုလိုပါတယ်၊ တချို့က "ရုပ်နာမ်တွေ အနိစ္စမှန်းသိနေ တာဘဲ ရှုဘို့မလိုပါဘူး"လို့ မရိုမသေ ပြောတတ်ကြတယ်၊ ပြီး တော့ အဲဒီလို ပြောနေတဲ့ လူတွေကလဲ မြင်မှုစသည်နှင့်စပ်ပြီး တကယ်ငြီးငွေ့တာလဲ မဟုတ်ဘူး၊ အဲဒီလို တော်စွာ လျော်စွာ သုတအသိ လောက်နဲ့တော့ တကယ်ငြီးငွေ့တဲ့ နိဗ္ဗိဒါဉာဏ်မဖြစ် ပါဘူး၊ နိဗ္ဗိဒါဉာဏ် မဖြစ်ယင် မဂ်ဖိုလ်ဉာဏ်တွေ ဆိုတာလဲ မဖြစ်နိုင်ဘူး၊ ဒါကြောင့် မြင်မှုကြားမှုစသော ဥပါဒါနက္ခန္ဓာ တွေကို ကိုယ်ပိုင်ဉာဏ်ဖြင့် အပြစ်မြင်ပြီး ငြီးငွေ့တဲ့ နိဗ္ဗိဒါဉာဏ် အစစ် စသည်ဖြစ်အောင်လို့ ဝိပဿနာရှုကြရတာဘဲ။

အနိစ္စသုတ်၏အခြားမှာ ဒုက္ခသုတ် အနတ္တသုတ် များကိုလဲ ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်မှာ တဆက်တည်းပင် ပြဆိုထားပါ တယ်၊ ပြဆိုပုံကတော့ အတူတူပါဘဲ၊ ခန္ဓာငါးပါးကို ဒုက္ခလို့ အနတ္တလို့ မြင်တဲ့ ဘုရားတပည့်မှာ ငြီးငွေ့တဲ့ နိဗ္ဗိဒါဉာဏ်ဖြစ်ပြီး တော့ အရိယမဂ်ဖြင့် တပ်မက်မှုကင်းပြီး ဖိုလ်ဉာဏ်ဖြင့် လွတ် မြောက် သွားပုံနှင့် ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်ပုံများကို အနိစ္စသုတ်မှာလိုပင် ပြထားပါတယ်။

## တကယ်ငြီးငွေ့တဲ့ ဉာဏ်ဖြစ်အောင်ရှုဘို့ အရေးကြီးတယ်

ဒီမှ တပါး အခြား သုတ်ပေါင်းများစွာတို့မှာလဲ ဥပါဒါနက္ခန္ဓာ-တို့ကို အနိစ္စ ဒုက္ခ အနတ္တဟု မြင်အောင်ရှုဘို့ မြတ်စွာဘုရားက ညွှန်ကြားတော်မူပါတယ်၊ အနိစ္စ ဒုက္ခ အနတ္တဟု တကယ်မြင်ယင် ငြီးငွေ့တဲ့ နိဗ္ဗိဒါဉာဏ် ဖြစ်ပြီးတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်များ ဖြစ်ကြောင်းကို နည်းတူပင် ထုတ်ဖေါ်ဟောကြားတော်မူပါတယ်။ ဒါကြောင့် တကယ် ငြီးငွေ့တဲ့ နိဗ္ဗိဒါဉာဏ်ဖြစ်အောင် ဥပါဒါနက္ခန္ဓာငါးပါးကို ရှုဘို့ အရေးကြီးပါတယ်။

ငြီးငွေ့တယ် ဆိုတာကလဲ တကယ်အပြစ်မြင်မှ ဖြစ်ပါတယ်၊ တချို့မိုးခေါင်ရေရှားပြီး အစစအရာရာရှားပါးနေတဲ့ အရပ်တွေ ဆိုတာရှိကြပါတယ်၊ အဲဒီလိုအရပ်မှာမွေးပြီး ကြီးလာတဲ့လူတွေဟာ သူ့အရပ်၏အပြစ်ကို မမြင်သေးသမျှ ကာလပတ်လုံး အဲဒီအရပ်မှာဘဲ ပျော်မွေ့နေကြတယ်၊ ရင်းနှီးတဲ့သူတွေက တခြားအရပ် ပြောင်းရွှေ့နေဘို့ ပြောပေမဲ့ သူ့အရပ်မှ မခွါလိုက်နိုင်ဘူး၊ အစာရေရှားပါးတဲ့ဘေး ရောဂါဘေး ရန်သူဘေးတွေကို တွေ့ရတဲ့အခါကျတော့ အဲဒီအရပ်မှာမပျော်တော့ဘူး၊နေ့ချင်းညချင်း ရွှေ့ပြောင်းချင် လောက်အောင် ငြီးငွေ့ လာတယ်၊ အဲဒီလို တကယ် ငြီးငွေ့ပါမှ တခြား အရပ်သို့ ရွှေ့ပြောင်း နိုင်တယ်။ အဲဒါလိုဘဲ သတ္တဝါတွေဟာလဲ မိမိတို့ရထားတဲ့ ဥပါဒါနက္ခန္ဓာငါးပါးဆိုတဲ့ ခန္ဓာကိုယ်နဲ့ပင် ပျော်မွေ့နေကြတယ်၊ နွားခွေး-

ကြက် ဝက်တွေလဲ ပျော်နေကြတာဘဲ၊ လူဆင်းရဲတွေလဲ ပျော်နေကြတာဘဲ၊ လူချမ်းသာတွေ ပျော်ပုံတော့ အထူးပြောစရာ မလိုပါဘူး။ ဘာကြောင့် ပျော်နေကြသလဲ ဆိုယင်၊ မိမိတို့ ရထားတဲ့ ဥပါဒါနက္ခန္ဓာ ငါးပါးဆိုတဲ့ ခန္ဓာကိုယ်မှာ အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တ သဘောတွေကို တကယ်မမြင်ကြလို့ပါဘဲ၊ တချို့က "အနိစ္စ ဒုက္ခ အနတ္တ တွေကို သိပြီးသားဘဲ၊ အဲဒါတွေသိအောင် ရှုနေဘို့ မလိုပါဘူး၊ ဒုက္ခကို ရှုနေယင် ဒုက္ခတွေကိုဘဲတွေ့နေမှာပေါ့"လို့ ဝိပဿနာအလုပ် အားမထုတ်ချင်အောင် ပိတ်ပင်ပြီး ပြောနေကြတာရှိတယ်၊ အဲဒီလို ပြောနေတဲ့သူတွေဟာ တကယ်တော့ အနိစ္စ ဒုက္ခ အနတ္တ သဘောကို သူတို့ကိုယ်တိုင်လဲ မသိသေးလို့ ဘုရားအလိုတော်နဲ့ ဆန့်ကျင်ပြီး ပြောနေကြတာပါဘဲ။ ပဋိပတ္တိသာသနာဖျက်တွေပါဘဲ၊ အဲဒီလို စကားကို ယုံကြည်နေကြတဲ့သူတွေလဲ မဂ်ဖိုလ်နိဗ္ဗာန်လမ်းပိတ်သွားတာပါဘဲ၊ အဲဒီအချက်ကို အထူးသတိပြုကြရမယ်။

## မြင်မှုစသည်ကို ဥပါဒါနက္ခန္ဓာမှန်း တချို့ကမသိကြ

အမှန်စင်စစ်ကတော့ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောတော်မူတဲ့ စျာနသုတ် အနိစ္စသုတ်အစရှိသော တရားတော်တွေ၊ ယခု ဘုန်းကြီးဟောနေဆဲဖြစ်တဲ့ သီလဝန္တသုတ် တရားတော်စသည်တွေနှင့်အညီ မိမိတို့သန္တာန်မှာ မပြတ်ဖြစ်နေတဲ့ မြင်မှုကြားမှုစသော ဥပါဒါနက္ခန္ဓာတွေကို အနိစ္စစသော အခြင်းအရာတို့ဖြင့် တကယ်မြင်အောင် ရှုဘို့လိုပါတယ်။ ဒါပေမဲ့ တချို့

ပုဂ္ဂိုလ်တွေက စာပေကျမ်းဂန်ထဲမှာ တွေ့ရတဲ့ ရုပ်နာမ်သရုပ်သဘောတွေကိုသာ ဥပါဒါနက္ခန္ဓာလို့ ကျက်မှတ်ထားပြီးတော့ မိမိတို့သန္တာန်က မြင်မှု ကြားမှု စသည်တွေကိုတော့ ဝိပဿနာရှုရမည့်ဥပါဒါနက္ခန္ဓာတွေမှန်း မသိဘဲဖြစ်နေကြတယ်၊ အဲဒီလို မသိသေးတဲ့ပုဂ္ဂိုလ်တွေ သိနားလည်ရအောင်လို့ မြင်မှု ကြားမှု စသည်ကို ဥပါဒါနက္ခန္ဓာဖြစ်ကြောင်း ထပ်ခါထပ်ခါ ပြောနေရပါတယ်။

အမှန်စင်စစ်ကတော့ နိစ္စ သုခ အနတ္တလို့ ထင်မြင်စွဲလမ်းနေကြတာဟာ မိမိတို့သန္တာန်က မြင်မှုကြားမှု စသည်တွေကို ထင်မြင်စွဲလမ်းနေကြတာဘဲ၊ အဲဒီမြင်မှုကြားမှု စသည်တွေဟာ စွဲလမ်းမှု ဥပါဒါန်၏ အာရုံဖြစ်တဲ့ ဥပါဒါနက္ခန္ဓာတွေဘဲ၊ အဲဒီ မြင်မှု ကြားမှု စသည်တွေကို အနိစ္စ ဒုက္ခ အနတ္တမျှဘဲလို့ ပိုင်ပိုင်နိုင်နိုင်မသိယင် အဲဒီမြင်ရတာ ကြားရတာစသည်တွေနဲ့ ပျော်မွေ့နေကြတယ်၊ မငြီးငွေ့နိုင်ဘူး၊ မငြီးငွေ့ယင် နိဗ္ဗိဒါဉာဏ် အစစ်မဖြစ်ဘူး၊နိဗ္ဗိဒါဉာဏ်အစစ်မဖြစ်ယင် အရိယမဂ်ဖိုလ်ဉာဏ် မဖြစ်ဘူး၊ အဲဒါ ကိန်းသေဘဲ။

## ဝိပဿနာဉာဏ်အစစ်ဖြစ်၍ ငြီးငွေ့ပုံ

ယခု ဟောနေဆဲဖြစ်တဲ့ သီလဝန္တသုတ် ဒေသနာတော်စသည်တို့နှင့်အညီ မိမိတို့သန္တာန်မှာ မပြတ်ဖြစ်နေတဲ့မြင်မှု ကြားမှုစသော ဥပါဒါနက္ခန္ဓာတွေကို မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း ထိသိတိုင်းကြံသိတိုင်း မပြတ်ရှုမှတ်နေတဲ့ ယောဂီမှာ

သမာဓိဉာဏ်အားရှိလာတဲ့အခါ သိစရာရုပ်နဲ့ သိတဲ့နာမ် ဒိ ၂-ပါးကို ခွဲခြားပြီးသိတယ်၊ အဲဒီကနောက် အကြောင်းနဲ့ အကျိုးကိုလဲ ခွဲခြားပြီးသိတယ်၊ အဲဒီကနောက် ရှုမှတ်နေယင်းပင် ဖြစ်ပေါ်ပြီးပျောက်ပျောက်သွားတာကို တွေ့ရလို့ မမြဲဘူးလို့လဲ ဆင်ခြင်ပြီးသိတယ်၊ ဖြစ်ချည်ပျက်ချည်နဲ့ ဒုက္ခဆင်းရဲချည်းဘဲလို့လဲ ဆင်ခြင်ပြီးသိဘယ်၊သူ့သဘောအတိုင်းသာ ဖြစ်ပျက်နေတာကို တွေ့ရလို့ အနတ္တ-အစိုးမရဘူး အတ္တကောင်မဟုတ်ဘူးလို့လဲ ဆင်ခြင်ပြီးသိတယ်၊ ဒါက သမ္မသနခေါ်တဲ့ ဝိပဿနာဉာဏ် စ၍ ဖြစ်ပုံပါဘဲ။

အဲဒီကနောက် မဆင်ခြင်တော့ဘဲ ရှုမှတ်ရုံသာရှုမှတ်နေယင်း သွက်လက်လျင်မြန်တဲ့ အမှတ်အသိတွေဖြစ်လာတယ်၊ အဲဒီအခါမှာ မှတ်သိရတဲ့ အာရုံတွေဟာ အသစ်အသစ် ပေါ်ပေါ်လာပြီး ချက်ခြင်းပင် လျင်မြန်စွာ ပျောက်ပျောက်သွားတာကို စောင့်ကြည့်နေရသလို ထင်ထင်ရှားရှားတွေ့ရတယ်၊ ထူးခြားစွာပေါ်လာတဲ့ အရောင်အလင်းတွေကိုလဲ တွေ့ရတယ်၊ ရှုမှတ်တိုင်း ရှုမှတ်တိုင်း တကိုယ်လုံးမှ ပီတိတွေ ဝမ်းမြောက် တက်ကြွမှုတွေ လှိုက်လှိုက်လှဲလှဲဖြစ်ပေါ်လာတာကိုလဲ တွေ့ရတယ်၊ ကိုယ်ရောစိတ်ပါ ငြိမ်းအေးနေတာ ပေါ့ပါးသွက်လက်နေတာကိုလဲ တွေ့ရတယ်၊အမှတ်သတိနဲ့ အသိဉာဏ် အလွန်လျင်မြန်စွာ ဖြစ်နေတာကိုလဲ တွေ့ရတယ်၊ဘယ်လိုကောင်းမှန်းမသိအောင် ကောင်းပြီး ချမ်းသာနေတာကိုလဲ တွေ့ရတယ်၊အဲဒါတွေဟာ ဥဒယဗ္ဗယဉာဏ် ဖြစ်တဲ့အခါ တွေ့ရစမြဲဖြစ်တဲ့ ထူးခြားချက်တချို့ပါဘဲ။

ဒီလို ထူးထူးခြားခြား ဖြစ်ပုံကို တစိတ်တဒေသမျှတောင် မတွေ့ရသေးယင် ဥဒယဗ္ဗယဉာဏ် မဖြစ်သေးဘူးလို့လဲ မှတ်ရမယ်။

အဲဒီ ထူးခြားချက်တွေကိုလဲ အလေးမပြုဘဲနဲ့ ပေါ်လာသမျှကို ရှုမှတ်သွားရတယ်။ အဲဒီလို ရှုမှတ်သွားလို့ နိုင်နင်းတဲ့အခါကျတော့ အရောင်အလင်း ပီတိအစရှိတဲ့ အထူးတွေ မပေါ်လာတော့ပဲ အဖြစ်အပျက်ကို ရှင်းရှင်းလင်းလင်းသိတဲ့ ဉာဏ်ဖြစ်လာတယ်။ အဲဒီက လွန်သွားတော့ မှတ်ရတဲ့ အာရုံရော မှတ်သိတဲ့စိတ်ရော လျင်မြန်စွာ ပျောက်ပျောက်သွားတာကိုသာ တွေ့ရတယ်၊ ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ်လို့ ရှုမှတ်နေပေမယ့်လို့ ဗိုက်ပုံသဏ္ဍာန် ကိုယ်ပုံသဏ္ဍာန်မထင်တော့ဘူး၊ ကွေးတယ် ဆန့်တယ် ကြွတယ် လှမ်းတယ် ချတယ်လို့ ရှုမှတ်နေပေမယ့်လို့ လက်ခြေပုံသဏ္ဍာန် ကိုယ်ပုံသဏ္ဍာန်မထင်တော့ဘူး၊ ရိပ်ကနဲရိပ်ကနဲ ပျောက်ပျောက်သွားတာကိုသာ တွေ့ရတယ်၊ မှတ်သိရတဲ့အာရုံသာ မဟုတ်ဘူး၊ မှတ်သိတဲ့စိတ်လဲ သိပြီးယင်း ပျောက်သွားယင်း သိပြီးယင်း ပျောက်သွားယင်းနဲ့ ပျောက်ပျောက် သွားတာကိုချည်း တွေ့နေရတယ်၊ ရှုမှတ်တိုင်း ရှုမှတ်တိုင်း သိရတဲ့ အာရုံရော သိတဲ့စိတ်ရော အတွဲလိုက်အတွဲလိုက် ပျောက်သွားတာကိုချည်း တွေ့နေရတယ်၊ အဲဒါဟာ အာရုံရော အာရမ္မဏိကရော ပျက်နေတာကို သိတဲ့ ဘင်္ဂဉာဏ်ဖြစ်ပုံပါဘဲ။ ဒီဘင်္ဂဉာဏ်ဖြစ်ပုံကို ဝိသုဒ္ဓိမဂ်မှာ ဒီလိုပြထားပါတယ်။

ဉာဏေ တိက္ခေ ဝဟန္တေ သင်္ခါရေသု လဟုံ ဥပဋ္ဌဟန္တေသု ဥပ္ပါဒံ ဝါ ဌိတိံ ဝါ ပဝတ္တံ ဝါ နိမိတ္တံ ဝါ န-

သမ္မာပုဏ္ဏာတိ၊ ခယ-ဝယ-ဘေဒ-နိရောဓေယေဝ သတိ သန္တိဋ္ဌတိ။(ဒု ၂၇၇).

ဉာဏော- ရှုသိဉာဏ်သည်၊ တိက္ခော- ထက်မြက်သည် ဖြစ်၍၊ ဝဟန္တေ-သူ့အလိုလိုပင် ဆောင်သွားသကဲ့သို့ ဖြစ်လတ်သော်၊ သင်္ခါရေသု-ထိသိမှု ကြံသိမှု ကြားမှု မြင်မှုအစရှိသော ရှုသိစရာ သင်္ခါရတို့သည်၊ လဟုံ ဥပဋ္ဌဟန္တေသု-လျင်စွာ ထင်ပေါ်ကုန် လတ်သော်၊ သတိ-အမှတ်ရမှုသတိသည်၊ ဥပ္ပါဒံ ဝါ-အစ ဖြစ် ပေါ်မှုသို့လဲ မရောက်။ ဌိတိံ ဝါ-အလယ်ပိုင်း တည်မှုသို့လဲ မရောက်၊ ပဝတ္တံ ဝါ-မပြတ်ဖြစ်နေသော ရုပ်နာမ်အယဉ်သို့လဲ မရောက်၊ နိမိတ္တံ ဝါ-အကောင် အထည်ဒြပ်အနေဖြင့် ထင် သော သင်္ခါရနိမိတ်သို့သဲ၊ န သမ္မာပုဏ္ဏာတိ-မရောက်တော့ပေ၊ ခယ·ဝယ·ဘေဒ- နိရောဓေယေဝ· ကုန်ခြင်း- ပျောက်ခြင်း- ပျက် ခြင်းဟူသော ချုပ်ခြင်း၌သာလျှင်၊ သတိ သန္တိဋ္ဌတိ-အမှတ်ရမှု သတိနှင့် ဉာဏ် တည်လေတော့၏·တဲ့။

ဥဒယဗ္ဗယဉာဏ် ဖြစ်စဉ်က ရုပ်နာမ်တို့၏အစ ဖြစ်ပေါ်မှု ဆိုတဲ့ ဥပါဒ်ကို ထင်ရှားတွေ့ရတယ်၊ သမ္မသနဉာဏ် ဖြစ်စဉ်က ဖြစ်ပြီး ပျက်သွားလို့ မမြဲဘူးလို့ သိရသော်လဲ သန္တတိအနေဖြင့် အဖြစ်အပျက်ကို သိတာဖြစ်တဲ့အတွက် အလယ်ပိုင်း ဌီလဲ ထင် ရှားခဲ့တယ်၊ သမ္မသနဉာဏ်မဖြစ်မီက ဆိုယင် အဖြစ်အပျက်ကို မတွေ့ရသေးတဲ့အတွက် ရေစီးအယဉ်များလိုပင် မပြတ်မစဲဖြစ် နေတဲ့ရုပ်နာမ်အယဉ်(ပဝတ္တ)ကိုသာ တွေ့နေရတယ်၊ ပုံသဏ္ဌာန် နိမိတ်လဲ ထင်ပေါ်နေခဲ့တယ်၊ ဘင်္ဂဉာဏ် ဖြစ်တဲ့ အခါကျတော့

အစဖြစ်မှု ဥပါဒ်လဲ မထင်ပေါ်တော့ဘူး။ အလယ်ပိုင်းတည်နေပုံလဲ မထင်ပေါ်တော့ဘူး၊ မြဲသည့်ပုံဟန်နှင့် သဏ္ဌာန်နိမိတ်တွေလဲ မထင်ပေါ်တော့ဘူး-တဲ့၊ ဘာက ထင်ပေါ်ပြီး ဘာကို တွေ့သိနေသလဲလို့ ဆိုတော့ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ကုန်ကုန်သွားတာ ပျောက်ပျောက်သွားတာ ပျက်ပျက်သွားတာ ဆိုတဲ့ ချုပ်ချုပ်သွားတာ ထင်ပေါ်ပြီး အဲဒါကိုသာ တွေ့သိနေပါတော့တယ်တဲ့။ အဲဒီလို တွေ့ပုံ သိပုံဟာ ဘုန်းကြီးတို့၏ သတိပဋ္ဌာန်အမှတ် ယောဂီတို့၏ တွေ့သိပုံနဲ့ အံကျကိုက်ညီနေပါတယ်။

## နှစ်(၁၅၀၀)ကျော်က ရေးခဲ့တဲ့စာနှင့် ညီနေပုံ

ဖောင်းတာ ပိန်တာကစပြီး ပေါ်ရာပေါ်ရာ ရှုမှတ်နေကြတဲ့ ယောဂီတွေဟာ ရှေးနားပိုင်းက ပြောခဲ့တဲ့ ဉာဏ်စဉ် အတိုင်း အရောင်အလင်း ပီတိ ပဿဒ္ဓိ စသည်တို့နှင့်တကွ ထူးခြားတဲ့ ဉဒယဗ္ဗယဉာဏ် ဖြစ်ပြီးတဲ့နောက် အဲဒီဉာဏ်ကို ကျော်လွန်လာတဲ့ အခါမှာ ဒီလို ပြောကြပါတယ်၊ ဖောင်းတယ် ပိန်တယ်လို့ မှတ်နေပေမဲ့ ဗိုက်ရယ် ကိုယ်ရယ်လို့လဲ မတွေ့ရဘူး၊ အယင်ကလို အစဖြစ်ပေါ်လာတာကိုလဲ မတွေ့ရဘူး၊ တရိပ်ရိပ်နဲ့ ကုန်ကုန်သွားတာကိုသာ တွေ့ရတယ်၊ ကွေးတယ် ဆန့်တယ်၊ ကြွတယ် လှမ်းတယ် ချတယ်လို့ မှတ်ရာမှာလဲ လက်ခြေပုံသဏ္ဌာန် ကိုယ်ပုံသဏ္ဌာန်ကိုလဲ မတွေ့ရဘူး၊ တနေရာမှ တနေရာသို့ မရောက်ပဲ ကုန်ကုန်သွားတာ ပျောက်ပျောက်သွားတာကိုသာ တွေ့နေရတယ်၊ ကုန်တာ ပျောက်တာက အယင်ကျပြီး မှတ်သိတာက နောက်ကျနေသလို ဖြစ်နေတယ်လို့ သူတို့၏အတွေ့ကိုပြောတတ်ကြပါတယ်။

ဝိသုဒ္ဓိမဂ်က ပြတဲ့ ဘင်္ဂဉာဏ်ဖြစ်ပုံနဲ့ အံကျ ကိုက်ညီနေပါတယ်။ နှစ်ပေါင်း တထောင့်ငါးရာ(၁၅၀၀)ကျော်က ရေးခဲ့တဲ့ ဝိသုဒ္ဓိမဂ်နှင့်အညီ တွေ့သိရတဲ့အတွက် ဝိပဿနာ ပဋိပတ် ဘက်မှာ အလွန်ပင် အားတက်ဖွယ်ကောင်းပါတယ်။

နောက်ပြီးတော့ မှတ်သိရတဲ့အာရုံရော မှတ်သိတဲ့စိတ်ရော မှတ်သိယင်းပင် အတွဲလိုက် အတွဲလိုက် ပျက်ပျက်သွားတာကိုလဲ တပည့်ယောဂီတွေက သူတို့တွေ့သိပုံကို ပြောကြပါတယ်၊ အဲဒါဟာ ပဋိသမ္ဘိဒါမဂ်ပါဠိ ဝိသုဒ္ဓိမဂ်အဖွင့်တို့နှင့်အညီ တွေ့သိတာပါဘဲ။ ဒါကြောင့် ပဋိသမ္ဘိဒါမဂ်ပါဠိ(၅၅)မှာ ဒီလို ပြဆိုထားပါတယ်။

အာရမ္မဏဉ္စ ပဋိသင်္ခါ၊ ဘင်္ဂဉ္စ အနုပဿတိ။
သုညတော စ ဥပဋ္ဌာနံ၊ အဓိပညာဝိပဿနာ။

အာရမ္မဏဉ္စ ပဋိသင်္ခါ-ထင်ပေါ်လာသည့် ရုပ်အစရှိသော အာရုံကိုလဲ ပျက်သွားသည်ဟု သိပြီး၍၊ ဘင်္ဂဉ္စ- ရှုသိသော စိတ်၏ အပျက်ကိုလဲ၊ အနုပဿတိ- တဖန်ရှုမြင်ပြန်၏၊ သုညတော-သင်္ခါရတို့သာ ပျက်ကြသည်၊ ပျက်တတ်သူမရှိဟု အတ္တမှ ဆိတ်သောအားဖြင့်၊ ဥပဋ္ဌာနံစ-ထင်ခြင်းလဲ ရှိ၏၊သော-ဤသို့ ရှုသိခြင်း ထင်ခြင်းသည်။အဓိပညာဝိပဿနာ-လွန်ကဲသော ဘင်္ဂဉာဏ်ပညာ ဝိပဿနာပေတည်း တဲ့။

အဲဒါဟာ ဝိသုဒ္ဓိမဂ်ဖွင့်ပြချက်နှင့်အညီ ပြန်တဲ့အနက်ပဲ၊ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ရှုသိရတဲ့ အာရုံပျက်သွားတာကို သိမြင်

ပြီးတော့ အဲဒီသိမြင်တဲ့ဝိပဿနာစိတ် ပျက်သွားတာကိုလဲ ပဋ္ဌဝိပဿနာဖြင့် သိမြင်ပြန်တယ်၊ တချို့ယောဂီမှာဆိုယင် ဒုတိယ သိမြင်တဲ့စိတ် ပျက်သွားတာကိုတောင် သိမြင်သွားသေးတယ်၊ အဲဒီလို အာရုံရော ရှုသိတဲ့ အာရမ္မဏိကစိတ်ရော အစုံလိုက် အစုံလိုက် ပျက်ပျက်သွားတာကိုချည်း သိနေရတော့ ငါက ရှုသိနေတယ်လို့ စွဲလမ်းစရာတောင် မရှိတော့ဘူး၊ ဒါကြောင့် ဘင်္ဂဉာဏ် ကောင်းကောင်းဖြစ်နေတဲ့ ယောဂီမှာ အရှုခံအာရုံရော, ရှုသိတဲ့ အာရမ္မဏိကရော ခဏမစဲပျက်နေတဲ့ သင်္ခါရ သဘောတရားချည်းဘဲ၊ အတ္တကောင် ငါကောင်ရယ်လို့ ဘယ်မှာမှ မရှိဘူးလို့ အတ္တမှ ဆိတ်သောအားဖြင့် ဉာဏ်၌ ထင်ပေါ်နေပါတယ်။

အဲဒီလို ပေါ်လာတဲ့အာရုံရော, ရှုသိတဲ့စိတ်ရော လျင်မြန်စွာ ပျက်ပျက်သွားတာကိုချည်း တွေ့နေရတော့ ဘယ်အချိန်မဆို သေပျက်သွားနိုင်တဲ့ တရားတွေချည်းဘဲလို့ မြင်ပြီး ကြောက်ဖွယ်ထင်လာတယ်၊ ဘယဉာဏ်ဘဲ။

ကြောက်ဖွယ်ထင်လာတော့ မြင်မှု ကြားမှုစသော ဥပါဒါနက္ခန္ဓာတွေ အပေါ်မှာ အပြစ်မြင်လာတယ်။ အာဒီနဝဉာဏ်ဘဲ။

အပြစ်မြင်လာတော့ အပြစ်ရှိနေတဲ့ မြင်မှု ကြားမှု စသော ဥပါဒါနက္ခန္ဓာတွေမှာ မပျော်မမွေ့နိုင်တော့ဘဲ ငြီးငွေ့လာတယ်၊ နိဗ္ဗိဒါဉာဏ်ဘဲ။ ဒီငြီးငွေ့တဲ့ဉာဏ် အစစ်ဖြစ်ဖို့ရာ ဝိပဿနာရှုရတာဘဲ။

ဒီဉာဏ်ဖြင့် တကယ် ငြိမ်းငွေ့တော့ မြင်မှု ကြားမှု စသော ဥပါဒါ နက္ခန္ဓာတွေကို ငါ့ဥစ္စာအနေနဲ့ အတွင်းသွင်းပြီး သိမ်းပိုက်မထားလိုတော့ဘူး၊ စွန့်လွှတ်လိုတဲ့ သဘောပေါ်လာတယ်၊ မုဉ္စိတုကမျတာဉာဏ်ဘဲ။

အဲဒီလို စွန့်လွှတ်ချင်တော့ စွန့်လွှတ်နိုင်အောင် တဖန်ထပ်ပြီး အသူးရှုရတယ်၊ အဲဒီလို တဖန်ရှုပြီး အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာတွေကို အသူးသိဘာက ပဋိသင်္ခါဉာဏ်ဘဲ။ ဒီပဋိသင်္ခါဉာဏ် ရင့်သန်တဲ့အခါကျတော့ အညီအမျှ လျစ်လျူရှုနိုင်တဲ့ သင်္ခါရုပေက္ခာဉာဏ်ဖြစ်တယ်၊ ဒီနေရာမှာ ပေါ်လွင်ထင်ရှားစွာ သိရအောင်လို့ ဝိသုဒ္ဓိမဂ်မှာ ဥပမာဖြင့် ပြထားပါတယ်၊ အဲဒီ ဥပမာကို အကြောင်းအားလျော်စွာ ထုတ်ဆောင်ပြီး ပြောဘူးလှပါပြီ။ ဒါပေမဲ့ ဒီဘရားထဲမှာလဲ အဲဒီ ဥပမာကို ထုတ်ပြဦးမှ အသိရှင်းမယ်၊ ဒါကြောင့် အဲဒီ ဥပမာကို ပြရဦးမယ်။

## ငါးဖမ်းသူ ဥပမာ

ငါးဖမ်းတဲ့သူဟာ မြှုံးထဲက, သို့မဟုတ် ဆောင်းထဲက ငါးကို လက်ဖြင့် နှိုက်ပြီးဖမ်းယူတယ်၊ လက်တွင်းတဆုပ်ရှိတဲ့ ငါးကြီးကို ရပြီလို့ ထင်ပြီး ဝမ်းသာတယ်၊ ဒါပေမဲ့ ရေပေါ်မြှောက်ကြည့်လိုက်တဲ့အခါကျတော့ လည်ရေးသုံးဆင့်ကို မြင်ရတာနဲ့ ငါးမဟုတ်ပဲ မြွေဆိုးကြီးဖြစ်ကြောင်း သိရတဲ့အတွက် ကြောက်တယ်၊ ဆုပ်ကိုင်ထားမိတာကို အပြစ်မြင်တယ်၊ ဆုပ်ကိုင်မထာ

ချင်တော့ဘူး၊ လွတ်လိုက်ချင်တယ်၊ ဒါပေမဲ့ အလွယ်တကူနဲ့ လွတ်လိုက်ယင် ကိုက်သွားမှာ စိုးရိမ်တဲ့အတွက် အဲဒီ မြွေကြီးကို သူ၏ခေါင်းပေါ်မှာ သုံးပတ်လောက် လှည့်ပြီး ဝှေ့ရမ်းတယ်၊ အဲဒီလို ဝှေ့ရမ်းပြီးတော့မှ လွတ်ပစ်လိုက်တယ်၊ မြွေကြီးဟာ ခပ်လှမ်းလှမ်းမှာ လွင့်စင်ပြီး ကျသွားတယ်၊ အဲဒီအခါ အဲဒီလူက လွတ်လောက်ရာ အရပ်သို့ ပြေးသွားပြီးတော့ ပြန်လှည့် ကြည့်ပါသတဲ့။ ဒါက ဥပမာဘဲ။

## ဥပမာ ဥပမေယျ နှိုင်းနှောပြချက်

ယောဂီဟာ မြင်မှု ကြားမှု စသည်ကို အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာတို့ဖြင့် မသိမမြင်ရသေးမီက မြင်မှု ကြားမှု စသော မိမိ၏ရုပ်နာမ်ခန္ဓာကို နှစ်သက် သာယာနေတယ်၊ အဲဒါဟာ ဟိုငါးဖမ်းတဲ့လူက မြွေကြီးကို ငါးထင်ပြီး နှစ်သက်ဝမ်းသာ နေတာနဲ့တူတယ်၊ မတူပေဘူးလား၊ တကယ်ကို တူနေပါတယ်။ အနိစ္စအခြင်းအရာစသော လက္ခဏာရေးသုံးပါးကို မြင်ရတဲ့အခါ ကျတော့ မြင်မှု ကြားမှု စသော ရုပ်နာမ်တွေကို ကြောက်တယ် အပြစ်မြင်တယ် ငြီးငွေ့တယ်၊ အဲဒါတွေက လည်ရေးသုံးဆင့်ကို မြင်ပြီး မြွေဆိုးကြီးမှန်းသိရတော့ ကြောက်တာ, ဆုပ်ကိုင်ထားမှု၌ အပြစ်မြင်တာ, ဆုပ်ကိုင်မထားလိုတော့တာများနှင့် တူပါသတဲ့၊ မတူပေဘူးလား၊ တကယ်ကိုတူနေပါတယ်။ ရုပ်နာမ်တို့၏ အပြစ်မြင်ပြီး ငြီးငွေ့သဖြင့် စွန့်လွှတ်ချင်တာဟာ မြွေဆိုးကြီး ဆုပ်ကိုင်ထားမိခြင်း၌ အပြစ်မြင်ပြီး ဆုပ်ကိုင်မထားလိုတော့ဘဲ စွန့်လွှတ်ပစ်လိုက်ချင်တာနဲ့ တူပါသတဲ့။ အဲဒီ ငါးဖမ်းသူဟာ

မြွေဆိုးကြီး ဆုပ်ကိုင်ထားမိခြင်း၌ အပြစ်မြင်တာလို ယောဂီမှာ မိမိ၏ မြင်မှု ကြားမှု စသော ရုပ်နာမ်တွေကို အပြစ်မြင်ဘို့လိုပါ တယ်၊ မြွေဆိုးကြီးကို ဆုပ်ကိုင်မထားလိုတော့ဘဲ ငြီးငွေ့သလို မြင်မှု ကြားမှုစသော ရုပ်နာမ်တွေနဲ့စပ်ပြီး မပျော်မွေ့ပဲ ငြီးငွေ့ ဘို့ လိုပါတယ်။ မြွေဆိုးကြီးကို လွှတ်ပစ်လိုက်ချင်တာလို မြင်မှု ကြားမှု စသော ရုပ်နာမ်တွေကို ငါ ငါ့ဥစ္စာအနေနဲ့ မစွဲလမ်းပဲ စွန့်လွှတ်လိုတဲ့ အသိဉာဏ်ဖြစ်ဖို့ လိုပါတယ်။ အဲဒီလို ကြောက်ပြီး အပြစ်မြင်အောင် ငြီးငွေ့ပြီး စွန့်လွှတ်ချင်အောင် မြင်မှု ကြားမှု စသော ရုပ်နာမ်တွေကို ဝိပဿနာရှုနေကြရဘာဘဲ။

ဒီနေရာမှာ "အနိစ္စ ဒုက္ခ အနတ္တတွေ သိပြီးသားဘဲ၊ ရှုနေဘို့ မလိုပါဘူး"လို့ ကျမ်းဂန်လွှတ် အရမ်းပြောနေကြတဲ့ သူတွေ၏ အသိနဲ့နှိုင်းယှဉ်ပြီး ကြည့်နိုင်ပါတယ်၊အဲဒီလို ပြောနေတဲ့သူတွေရဲ့ အနိစ္စ ဒုက္ခ အနတ္တ သိတယ်ဆိုဘာက ကြားဘူးရုံ သုတ အသိ မျှဘဲ၊ အဲဒီ သုတအသိတောင်မှ စာပေဗဟုတရှိသူတို့၏ အသိ နှင့် နှိုင်းစာကြည့်ယင် သူတို့သိတာဟာ ဘာမှ မပြောလောက် ပါဘူး၊ အဲဒီလို တစွန်းတစလောက် ကြားဘူးရုံမျှအသိဖြင့် မိမိ တို့၏ မြင်မှု ကြားမှု စသည်ကို ကြောက်ပါ့မလား၊ ကြောက် စရာလို့တောင် ထင်မှာမဟုတ်ဘူး၊ကြောက်စရာကောင်းကြောင်း ပြောဟောနေကြတဲ့ တရားစကားကိုတောင် အလကား ကြံဖန် ပြောနေကြတယ်လို့ ထင်ကြလိမ့်ဦးမယ်။ မြင်မှု ကြားမှု နံမှု စား သိမှု ထိသိမှုတွေကို အပြစ်မြင်ပါ့မလား၊ငြီးငွေ့ပါ့မလား၊ ဘာမှ အပြစ်မရှိဘူးလို့လဲ ထင်နေကြပေလိမ့်မယ်၊ ကိုယ်ကြိုက်ဘာတွေ

ကို ကြည့်ရ မြင်ရတာ, နားထောင်ရ ကြားရတာ, နမ်းရှူရတာ ပျော်စရာကောင်းတယ်လို့လဲ ထင်နေကြပေလိမ့်မယ်၊ အရသာ ကောင်းတွေကို စားရတာ, အတွေ့အထိကောင်းတွေနဲ့ တွေ့ထိရ တာဟာ အလွန်ကောင်းတယ်လို့လဲ ထင်နေကြပေလိမ့်မယ်၊စိတ် ကူးကြံစည်နေရတာကိုတော့ ပျော်စရာအကောင်းဆုံးလို့ ထင် နေကြမှာ သေချာပါတယ်၊ လွတ်လွတ်လပ်လပ် စိတ်ကူးနေရ တာကို ပျော်စရာလို့ ထင်နေကြတဲ့အတွက် စိတ်ကို ချုပ်ထိန်းပြီး တရားအားမထုတ်ချင်ကြတာဘဲ၊ ဒါကြောင့် တရားအားမထုတ် ရပဲ အလွယ်တကူတရားရတဲ့နည်းဆိုပြီးကြံဖန်ပြောနေကြတာဘဲ၊ နောက်ပြီးတော့ အဲဒီလို လွတ်လွတ်လပ်လပ် စိတ်ကူးနေရတာ ကလေး ပျောက်သွားမှာကိုလဲ အလိုမရှိပဲ ဖြစ်နေကြတာဘဲ။ နောက်ပြီးတော့ အနိစ္စ ဒုက္ခ အနတ္တ ဆိုတာကို ကြားဘူးရုံမျှနဲ့ မြွေဆိုးကြီးကို လွှတ်ပြင်ချင်သလို မြင်မှု ကြားမှု စသည်တွေကို စွန့်လွှတ်လိုတဲ့စိတ် ဖြစ်ပါ့မလား။ အဲဒီလို စွန့်လွှတ်လိုတဲ့စိတ် ဖြစ်ဖို့ဆိုတာကတော့ ဝေးပါသေးရဲ့၊ ဗဟုသုတ များတဲ့သူတွေ တောင် တကယ်ငြီးငွေ့ပြီး စွန့်လွှတ်လိုတဲ့ မုဉ္စိတုကမျတာဉာဏ် ဖြစ်ဖို့ဟာ မလွယ်လှပါဘူး။

နောက်ပြီးတော့ နှိုးနှောပြချက်မှာ ရုပ်နာမ်သင်္ခါရတွေကို စွန့်လွှတ်နိုင်အောင် တဆင့်တက်ပြီး အထူးရှုမှတ်တာက မြွေဆိုး ကြီးကို လွှတ်ပစ်ဖို့ ဝှေ့ရမ်းနေတာနဲ့ တူပါတယ် တဲ့။

ယခုပြောခဲ့တဲ့အတိုင်း နာမ်နှင့်ရုပ်ကို ခွဲခြားသိတဲ့ဉာဏ်မှစပြီး ပဋိသင်္ခါဉာဏ် သင်္ခါရုပေက္ခာဉာဏ်များအထိ အစဉ်အတိုင်း

ဖြစ်ပုံကတော့ ပဋိသမ္ဘိဒါမဂ်ပါဠိတော်မှာ ပြထားတဲ့ ဝိပဿနာ ဉာဏ်စဉ်ပါဘဲ။ အဲဒီဉာဏ်တွေထဲမှ ဘင်္ဂဉာဏ်အထိ ရှုမြင်ပုံကို အနိစ္စသုတ်စသည်မှာ "ဧဝံ ပဿံ-ဤသို့ အနိစ္စ ဒုက္ခ အနတ္တဟု မြင်လျှင်" လို့ ပြထားပါတယ်၊ အဲဒီကနောက် ဘယဉာဏ်မှ သင်္ခါရုပေက္ခာဉာဏ် အနုလောမဉာဏ်အထိ ဝိပဿနာဉာဏ် များကိုတော့ အဲဒီ အနိစ္စသုတ် စသည်မှာ နိဗ္ဗိန္ဒတိ- ငြီးငွေ့၏၊ နိဗ္ဗိန္ဒံ-ငြီးငွေ့သည်ရှိသော် လို့ ပြထားပါတယ်။ အဲဒီ ဝိပဿနာ ဉာဏ်အားလုံးဖြင့် ရှုမြင်ပုံကို ဒီ သီလဝန္တသုတ်မှာ "ပဉ္စုပါဒါ နက္ခန္ဓာ အနိစ္စတော ဒုက္ခတော။ပ။ အနတ္တတော ယောနိသော မနသိကာတဗ္ဗာ" လို့ ပြထားပါတယ်။

## ရှုပုံနှင့် သောတာပန် ဖြစ်ပုံ

ပဉ္စုပါဒါနက္ခန္ဓာ- ငါးပါးသော ဥပါဒါနက္ခန္ဓာ တို့ကို၊ အနိစ္စတော-မမြဲဟု၊ ဒုက္ခတော- ဆင်းရဲဟု။ပ။ အနတ္တတော- အစိုးမရ, အတ္တကောင်မဟုတ်ဟု၊ ယောနိသော-နည်းမှန်လမ်းမှန် အားဖြင့်၊ မနသိကာတဗ္ဗာ- နှလုံးသွင်းအပ်· ရှုအပ်ကုန်၏- တဲ့။

အဲဒီရှုပုံကို အမေးဆောင်ပုဒ်ကစပြီး ဆိုကြရမယ်။

(၁) သီလ,သုတာ၊ စုံသူမှာ၊ ဘယ်ဟာ ရှုအပ်ပါသနည်း။

(၂) စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာ ရှုအပ်ပါသတည်း။

(၃) မမြဲ,ဆင်းရဲ၊ ရောဂါစွဲ၊ ပေါက်ကွဲ အိုင်းတူသည်။

( ၄+ )

မမြဲဘူးလို့လဲ ရှုမြင်ရမယ်၊ ဆင်းရဲလို့လဲ ရှုမြင်ရမယ်၊ စွဲကပ်နေတဲ့ ရောဂါနှင့် တူတယ်လို့လဲ ရှုမြင်ရမယ်၊ ပေါက်ကွဲနေတဲ့ အိုင်းအမာကြီးနှင့် တူတယ်လို့လဲ ရှုမြင်ရမယ် တဲ့။

(၄) ငြောင့်,မကောင်းမှု၊ ဖျားနာဟု၊ မှတ်ရှု သူစိမ်းမည်။ ( ၄ + )

စူးဝင်နေတဲ့ ငြောင့်နှင့်တူတယ်လို့လဲ ရှုရမယ်၊မကောင်းကျိုးပေးတတ်တဲ့ မကောင်းမှုလို့လဲ ရှုရမယ်၊ ဖျားနာတာနှင့် တူတယ်လို့လဲ ရှုရမယ်၊ အပြင်ပလူ သူတစိမ်းနှင့် တူတယ်လို့လဲ ရှုရမယ်တဲ့။ ရှေ့ဆောင်ပုဒ်က ၄-ခု၊ ဒီက ၄-ခု၊ ပေါင်း ရှစ်ခုရှိသွားပြီ။

(၅) ပျက်စီး,သုည၊ အနတ္တ၊ ရှုရ ဆဲ့တမည်။ (+၃=၁၁)

အကြီးအကျယ် ပျက်တတ်တယ် ပျက်စီးလွယ်တယ် လို့လဲ ရှုရမယ်၊ အတ္တကောင်မှ ကင်းဆိတ်နေတယ်လို့လဲ ရှုရမယ်၊အနတ္တလို့လဲ ရှုရမယ်တဲ့။ ရှေးက ရှစ်ခု၊ ဒီက သုံးခု၊ ပေါင်း ၁၁-ခု ရှိသွားပြီ၊ အဲဒီ ၁၁- ခုသော အခြင်းအရာတို့ဖြင့် ရှုရမယ်တဲ့။ အဲဒီလိုရှုယင် ဘယ်လို အကျိုးအာနိသင်ကို ရပါသလဲဆိုတော့—

အာဝုသော- ငါ့ရှင် ကောဋ္ဌိက၊ သီလဝါ- သီလနှင့်ပြည့်စုံသော၊ သုတဝါ- သုတနှင့်ပြည့်စုံသော၊ ဘိက္ခု- ယောဂီရဟန်းသည်၊ဣမေ ပဉ္စုပါဒါနက္ခန္ဓေ- ဤငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို၊ ယောနိသော-သင့်သောအကြောင်းအားဖြင့်၊ဝါ-နည်းမှန်

လမ်းမှန်အားဖြင့်၊ မနသိကရောန္တော- နှလုံးသွင်း ရှုမှတ်နေစဉ်- နှလုံးသွင်း ရှုမှတ်နေတုန်း၊ သောတာပတ္တိဖလ်-သောတာပတ္တိဖိုလ်ကို၊ ယံ သစ္စိကရေယျ-အကြင် မျက်မှောက်ပြုရာ၏၊ တော် ဌာန်-ဤသို့ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရခြင်း၏အကြောင်း အခွင့်သည်၊ ဝိဇ္ဇတိ-ရှိပေ၏လို့ အရှင်သာရိပုတ္တရာမထေရ်မြတ်က ဖြေရှင်း ဟောကြားတော်မူပါတယ်။

ခုတင်က ရွတ်ဆိုခဲ့ကြတဲ့ မမြဲတဲ့ အခြင်းအရာမှစ၍ အနတ္တ အခြင်းအရာအထိ ၁၁-ပါးသော အခြင်းအရာတို့ဖြင့် ရှုနေတဲ့ ယောဂီ ရဟန်းဟာ အဲဒီလို ရှုနေဆဲမှာပင် သောတာပတ္တိမဂ်သို့ ရောက်ပြီး သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုသွား နိုင်ပါ တယ်တဲ့။ အဲဒါကို "သို့ ရှုမြင်သန်၊ သောတာပန်၊ အမှန်ဖြစ် နိုင်သည်"လို့ ဆောင်ပုဒ် စီထားပါတယ်၊ အဲဒီလို ၁၁- ပါး သော အခြင်းအရာ တို့ဖြင့် ရှုမြင်လို့ ရှေးနားပိုင်းက ပြောခဲ့တဲ့ အတိုင်း ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်း တက်လာပြီး ပင့် သခ်ါဉာဏ်က အားပြည့်တဲ့အခါ သခ်ါရအာရုံ တွေကို မချစ် မမုန်း အညီအမျှရှုနိုင်တဲ့ သခ်ါရုပေက္ခာဉာဏ် ဖြစ်ပေါ်လာ တယ်၊အဲဒီသခ်ါရုပေက္ခာဉာဏ်ကတော့ အလွန်ကောင်းပါတယ်၊ မှတ်သိစရာအာရုံပေါ် အောင်လဲ ကြောင့်ကြမစိုက်ရဘူး၊ မှတ်သိ မိအောင်လဲ ကြောင့်ကြမစိုက်ရဘူး။ ပေါ်လာသမျှအာရုံကို သူ့ အလိုလို သိသိသွားနေသလိုဖြစ်နေတယ်၊ ကောင်းတဲ့အာရုံ ပေါ် လာလို့လဲ နှစ်သက်ဝမ်းသာမှု မရှိဘူး၊ မကောင်းတဲ့ အာရုံမှာလဲ နှလုံးမသာခြင်း မရှိဘူး၊ အဲဒီလိုအခါမှာ မကောင်းတဲ့အာရုံကလဲ

ပေါ်လာခဲ့ပါတယ်၊ ပေါ်လာသမျှ အကောင်းအဆိုး အာရုံကို အညီအမျှ သိရုံသိရုံပဲ သိသိသွားနေတယ်၊ တနာရီနှစ်နာရီစသည် လဲ အရှိန်မပျက်ပဲ တရှိန်ထဲရှုသိလျက်သွားနေတယ်၊အဲဒီလို သခ်ါ ရှုပေက္ခာဉာဏ်အချိုးတကျ ကောင်းနေတာထဲက ရင့်သန်ပြည့်စုံ လာတဲ့အခါကျတော့ အထူးသွက်လက်လျင်မြန်တဲ့ အမှတ်အသိ တွေဖြစ်လာတယ်၊ အဲဒီလိုသွက်လက်ထူးခြားတဲ့ ရှုသိဉာဏ်တွေ ဖြစ်ပြီးတော့ ရုပ်နာမ်သခ်ါရငြိမ်းတဲ့ နိဗ္ဗာန်အငြိမ်းဓာတ် ထဲသို့ သောတာပတ္တိ မဂ်ဉာဏ်ဖြစ်ပြီး ကျရောက်သွားကယ်၊ အဲဒီမဂ်၏ အခြားမဲ့မှာ သောတာပတ္တိဖိုလ်ဖြစ်တယ်၊ အဲဒီသောတာပတ္တိဖိုလ် ဖြစ်တဲ့ အချိန်မှစပြီး သောတာပန်ပုဂ္ဂိုလ်အဖြစ် ရောက်တော့တာ ဘဲ။ အဲဒီလိုဖြစ်ပုံကို ''သို့ရှုမြင်သန်၊ သောတာပန်၊ အမှန်ဖြစ်နိုင် သည်''လို့ ဆိုထားတယ်။ အဲဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

(၆) သို့ ရှုမြင်သန်၊ သောတာပန်၊ အမှန်ဖြစ်နိုင်သည်။

ဒီ သီလဝန္တသုတ်မှာ ၁၁- ပါးသော အခြင်းအရာ ထဲက တပါးပါးသော အခြင်းအရာဖြင့် ရှုသိနေယင်း သောတာပတ္တိ မဂ်ဖိုလ်ရောက်ပြီး မျက်မှောက်ပြုသွားတယ်ဆိုတာ အထူး သတိ ပြုရမယ်၊ ''ဥပါဒါနက္ခန္ဓာ ခေါ်တဲ့ ထိသိမှု ကြံသိမှု ကြားမှု မြင်မှုစသည်ကို အနိစ္စစသောအခြင်းအရာတို့တွင် တပါးပါးဖြင့် ရှုနေမှ အရိယမဂ်ဖိုလ် ရောက်တယ်၊ အဲဒီလိုမရှုဘဲ အခြားနည်း ဖြင့် အရိယမဂ်ဖိုလ်သို့ မရောက်နိုင်ဘူး''ဆိုတာကို ကိန်းသေမှတ် ထားကြရမယ်။

အရိယမဂ်ဖိုလ်ရောက်လျက်နိဗ္ဗာန်ကိုမျက်မှောက်ပြုပုံကတော့ မိလိန္ဒပဉှာမှာ ပြထားတာက ပိုပြီးထင်ရှားတယ်။ ဒါကြောင့် အဲဒီမိလိန္ဒပဉှာကို ထုတ်ပြဦးမယ်။

## နိဗ္ဗာန်မျက်မှောက်ပြုပုံ မိလိန္ဒပဉှာ

> တဿ တံ စိတ္တံ အပရာပရံ မနသိ ကရောတော ပဝတ္တံ သမတိက္ကမိတွာ အပ္ပဝတ္တံ ဩက္ကမတိ၊အပ္ပဝတ္တမနုပ္ပတ္တော မဟာရာဇ သမ္မာပဋိပန္နော နိဗ္ဗာနံ သစ္ဆိကရောတီတိ ဝုစ္စတိ။ (မိလိန္ဒပဉှာ ၃၁၁)

အပရာပရံ-တမှတ်ပြီးတမှတ် အဆင့်ဆင့်၊ မနသိ ကရောတော-နှလုံးသွင်းရှုသိနေသော၊တဿ-ထိုယောဂီ၏၊တံ စိတ္တံ-ရှုသိနေသော ထိုစိတ်သည်၊(အပရာပရံ မနသိကရောတော-တမှတ်ပြီး တမှတ် အဆင့်ဆင့် နှလုံးသွင်း ရှုသိနေစဉ်၊) ပဝတ္တံ သမတိက္ကမိတွာ-မပြတ်ဖြစ်နေသော ရုပ်နာမ်အယဉ်ကို ကျော်လွန်၍၊ အပဝတ္တံ-မပြတ်ဖြစ်သော ရုပ်နာမ်အယဉ်၏ ပြတ်စဲချုပ်ငြိမ်းခြင်းသဘောသို့၊ ဩက္ကမတိ-သက်ဝင်သွားလေတော့သည်- တဲ့။

ယောဂီဟာ မူလက ထိသိမှု ကြံသိမှု ကြားမှု မြင်မှု စသော မပြတ်ဖြစ်နေတဲ့ ရုပ်နာမ်တွေကို တမှတ်ပြီးတမှတ် အဆင့်ဆင့် မပြတ်ရှုသိနေရတယ်၊ ရှုသိလို့ မကုန်နိုင်တဲ့ ရုပ်နာမ်အဖြစ်အပျက်တွေကိုချည်း တွေ့သိနေရတယ်၊ အဲဒီလို မကုန်မဆုံးနိုင်တဲ့ ရုပ်

နာမ်တွေကို အနိစ္စ စသော အခြင်းအရာတို့ဖြင့် ရှုသိနေယင်း ထဲက နောက်ဆုံးတမှတ်ပြီးတော့ အဲဒီ သိစရာတွေရော ရှုသိတဲ့ စိတ်ရော ပြတ်စဲ ချုပ်ငြိမ်းခြင်းသဘောထဲသို့ ရုတ်တရက်ကျ ရောက်သွားတယ်၊ အဲဒီလို ကျရောက်သွားတာဟာ အရိယမဂ် ဖိုလ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုတာပါဘဲတဲ့။ ဒါကြောင့်—

မဟာရာဇ-မိလိန္ဒမင်းကြီး၊ သမ္မာပဋိပန္နော-ဥပါဒါနက္ခန္ဓာ ငါးပါး ရှုသိမှုအကျင့်ကို မှန်စွာ ကျင့်ခဲ့သည်ဖြစ်၍၊ အပ္ပဝတ္တ မနုပ္ပတ္တော- ရုပ်နာမ်အယဉ်၏ ပြတ်စဲ ချုပ်ငြိမ်းခြင်းသဘော ထဲသို့ အသိဉာဏ်ဖြင့် ဆိုက်ရောက်သွားသော ယောဂီကို။နိဗ္ဗာနံ သစ္ဆိကရောတီတိ- နိဗ္ဗာန်ကို မျက်မှောက်ပြုသည်ဟူ၍၊ ဝုစ္စတိ- ပြောဆိုအပ်ပါတယ်တဲ့။

မူလက ထိသိမှု ကြံသိမှု ကြားမှု မြင်မှု စသောဥပါဒါနက္ခန္ဓာ တွေကို မပြတ်ရှုသိနေတဲ့ ယောဂီမှာ ရှေ့ပိုင်းက ပြောခဲ့တဲ့အတိုင်း ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်း ဖြစ်လာခဲ့တယ်၊ ခုတင်က ပြောခဲ့တဲ့အတိုင်း ကြောင့်ကြမစိုက်ရပဲ အညီအမျှ သိသိသွား နေတဲ့ သင်္ခါရုပေက္ခာဉာဏ် ဖြစ်နေတယ်၊အဲဒီဉာဏ်က ရင့်သန် ပြည့်စုံတဲ့အခါ အထူး သွက်လက်လျင်မြန်တဲ့ ဝုဋ္ဌာနဂါမိနီ အနုလောမဉာဏ်ဖြစ်လာပြီးတော့ မှတ်သိစရာရော မှတ်သိမှုရော သင်္ခါရအားလုံး ဆိတ်သုဉ်း ချုပ်ငြိမ်းမှုသဘောထဲသို့ အရိယ မဂ်ဖိုလ်ဉာဏ်ဖြင့် ဆိုက်ရောက်သွားတယ်၊ အဲဒီလို ဆိုက်ရောက် သွားတာဟာ နိဗ္ဗာန်ကိုမျက်မှောက်ပြုတာပါဘဲ၊ ဒီလို နိဗ္ဗာန်ကို မျက်မှောက်ပြုသွားယင် အောက်ထစ်ဆုံးအားဖြင့် သောတာပန်

ဖြစ်သွားတယ်။ အဲဒီလို သောတာပတ္တိဖိုလ်ကို မျက်မှောက် တွေ့ပြီး သောတာပန်ဖြစ်သွားနိုင်ပုံကို အရှင်သာရိပုတ္တရာမထေရ် မြတ်က–

ဣဓမ ပဉ္စုပါဒါနက္ခန္ဓေ–မြင်မှု-ကြားမှု စသော ဤငါးပါး သော ဥပါဒါနက္ခန္ဓာတို့ကို၊ အနိစ္စတော-မမြဲဟု၊ ဒုက္ခတော- ဆင်းရဲဟု။ပ။ အနတ္တတော-အနတ္တဟု၊ ယောနိသော-နည်းမှန် လမ်းမှန်အားဖြင့်၊ မနသိကရောန္တော- နှလုံးသွင်းရှုသိနေစဉ်၊ သောတာပတ္တိဖလံ-သောတာပတ္တိဖိုလ်ကို၊ ယံ သစ္ဆိကရေယျ- အကြင်မျက်မှောက်ပြုရာ၏- ဓာတံ ဌာနံ-ဤသို့ မျက်မှောက်ပြုနိုင် ခြင်း၏အကြောင်းအခွင့်သည်၊ ဝိဇ္ဇတိ-ရှိပါတယ်-လို့ ဟောကြား တော်မူပါတယ်။

## ကိလေသာအစိုင်အခဲ ဖေါက်ခွဲရန်ခက်ပုံ

အဲဒီလို မျက်မှောက် ပြုသွားယင် သောတာပတ္တိမဂ် က အပဒါလိတပုဗ္ဗံ-ရှေးကမဖေါက်ခွဲ မပယ်ဖျက်ခဲ့ဘူးတဲ့ လောဘ ဒေါသ မောဟ ကိလေသာ အစိုင်အခဲကိုလဲ ဖေါက်ခွဲပယ်ဖျက် သွားတယ်လို့ ဝိသုဒ္ဓိမဂ်က ပြဆိုထားပါတယ်။ လောဘ ဒေါသ မောဟ ဆိုတဲ့ ကိလေသာတွေဟာ အင်မတန် အားကောင်း တယ် ခိုင်မာတယ်၊ သံတုံးသံခဲကြီးများကို ဖျက်ခွဲဘို့ မလွယ် သလိုပဲ အဲဒီကိလေသာတွေကို ဖျက်ခွဲဘို့ ပယ်ဘို့ မလွယ်ဘူး၊ မဖြစ်စေချင်ပေမဲ့ နှစ်သက်စရာအာရုံနဲ့ တွေ့ယင် နှစ်သက် သာယာပြီး လောဘ-က ဖြစ်တော့တာဘဲ၊ မုန်းစရာအာရုံနဲ့

တွေ့ယင် စိတ်ဆိုးပြီး ဒေါသ-က ဖြစ်တော့တာဘဲ၊ မောဟ-ကတော့ အာရုံတိုင်းမှာပင် မြဲတဲ့အနေ ကောင်းတဲ့အနေနဲ့ ထင်ပြီး ဖြစ်နေတာဘဲ။ ဒါနကုသိုလ်ဖြင့် သူတို့ကို မပယ်နိုင်ဘူး၊ တချို့က ငွေကြေးများစွာအကုန်ခံပြီး အလှူဒါနပွဲကြီး ပြုလုပ်တယ်၊ အဲဒီအလှူကိစ္စမှာ အငြိမ့်ပွဲ အဆိုအက အတီးအမှုတ်တွေလဲ ထည့်ထားတယ်၊ ဒီတော့ အလှူရှင်မှာ အဲဒီ အတီးအမှုတ် အကအခုန်တွေ, ပွဲကြည့်သူတွေကို တွေ့မြင်ရ ကြားရပြီးနှစ်သက် သာယာမှုတွေ မဖြစ်ပေဘူးလား၊ အဲဒါ လောဘတွေဘဲ၊ သူ့ ဒါနကုသိုလ်လဲ အောင်မြင် ပြီးမြောက်ပါတယ်၊ ထက်သန် သလောက် ကောင်းကျိုးတွေကို ပေးနိုင်ပါတယ်၊ ဒါပေမဲ့ ဒါနကုသိုလ်က နှစ်သက်သာယာတဲ့ လောဘကိုတော့ မပယ် နိုင်ဘူး၊ အဲဒီ အလှူကိစ္စအတွင်း အဆင်မပြေတာကို တွေ့ရတဲ့ အတွက် ဒေါသလဲ ဖြစ်နိုင်တာဘဲ၊ အဲဒီ ဒေါသကိုလဲ ဒါနက မပယ်နိုင်ဘူး၊ နိစ္စ သုခ အတ္တ ထင်တဲ့ မောဟ မပယ်နိုင်တာ ကိုတော့ အထူးပြောစရာ မလိုပါဘူး။

ထိုအတူပင် သီလကလဲ ကာယကံမြောက် ဝစီကံမြောက် ကျူးလွန်တဲ့ ကိလေသာကိုသာ ပယ်နိုင်တယ်၊ စိတ်ကူးထဲမှာ ဖြစ်ပေါ်နေတဲ့ လောဘ ဒေါသ မောဟကိုတော့ မပယ်နိုင်ဘူး၊ ဒါကြောင့်ပင် လိုချင်ရုံမျှ စိတ်ဆိုးရုံမျှဖြင့် သီလမပျက်ဘူးလို့လဲ ဆိုရတာဘဲ။

သမထ ဘာဝနာဖြင့်လဲ ပရိယုဋ္ဌာန်ခေါ်တဲ့ စိတ်ကူးကိလေ သာကိုသာ ပယ်နိုင်တယ်၊ ဒါတောင်မှ အတ္တဒိဋ္ဌိ ဘဝရာဂ-

အစရှိသော သိမ်မွေ့တဲ့ ကိလေသာ ကိုတော့ မပယ်ခွါနိုင်ဘူး၊ ကာမရာဂ ဗျာပါဒ အစရှိသော နီဝရဏကိလေသာ ကြမ်းတွေ ကိုသာ ပယ်ခွါနိုင်တယ်၊ အဲဒါကလဲ စျာန်သမာဓိ ရှိနေတုန်းမှာ ဖြစ်ပေါ်မှု ကင်းဝေးနေစေရုံမျှပါဘဲ။ အတ္တဒိဋ္ဌိ ဘဝရာဂ အစ ရှိတဲ့ ကိလေသာတွေကတော့ စျာန်ရပုဂ္ဂိုလ်တွေမှာလဲ ရှိနေတာ ပါဘဲ၊ ပုထုဇဉ်ပြဟ္မာတွေမှာလဲ ရှိနေတာပါဘဲ။ ဒါကြောင့် သမထဘာဝနာဖြင့်လဲ လောဘ ဒေါသ မောဟတွေကို မပယ် ဖျက်နိုင်ဘူး။

## သောတာပတ္တိမဂ်၏ ဂုဏ်သတ္တိအထူး

ဝိပဿနာကတော့ အနိစ္စစသောအခြင်းအရာဖြင့် ရှုမြင်ရတဲ့ အာရုံမှာ အာရမ္မဏာနုသယ ကိလေသာတွေကို ပယ်နိုင်တယ်၊ ဒါပေမဲ့ သန္တာန်မှာ ဖြစ်နိုင်ခွင့်ရှိတဲ့ သန္တာနာနုသယ ကိလေသာ ကိုတော့ မပယ်ဖျက်နိုင်သေးဘူး၊ အရိယမဂ်ကမှ အဲဒီ သန္တာနာ နုသယကိလေသာကို အမြစ်ပြတ်ပယ်နိုင်တယ်၊ ဒါကြောင့်ရှေးက မဖောက်ခွဲ မပယ်ဖျက်နိုင်ခဲ့ ဘူးတဲ့ လောဘ ဒေါသ မောဟ ကိလေသာအစိုင်အခဲကို သောတာပတ္တိမဂ်က ဖောက်ခွဲပယ်ဖျက် သွားတယ်လို့ ဆိုတာပါဘဲ၊ ဒါပေမဲ့ လောဘ ဒေါသ မောဟ တွေ အကုန်လုံးကိုတော့ မဆိုလိုပါဘူး၊ အပါယ်လေးပါး ကျ ရောက်စေနိုင်တဲ့ အပါယဂမနီယကိလေသာတွေကိုသာ ဆိုလိုပါ တယ်။ အဲဒီအကြောင်းကိုစီထားတဲ့ ဆောင်ပုဒ်တွေရှိတယ်၊အဲဒါ တွေကို ဆိုကြရမယ်။

(၁) သောတာပမဂ်ဉာဏ်၊ ထူးခြားဟန်၊ ထုတ်ပြန် ဤသို့ ဖေါ်ပြသည်။
(၂) မပယ်ဘူးမြဲ၊ ကိလေခဲ၊ ဖောက်ခွဲ ပယ်ခွင်းသည်။

**သောတာပတ္တိမဂ်** မရောက်သေးမီက ပယ်နိုင်ရိုး မရှိတဲ့ မဖောက်ခွဲ မပယ်ဖျက်နိုင်ခဲ့တဲ့ အပါယ်ကျစေနိုင်တဲ့ လောဘ ဒေါသ မောဟ အစိုင်အခဲကို ဖောက်ခွဲပယ်ရှားပစ်တယ်လို့ ဆိုလို ပါတယ်။ အဲဒီ အပါယ်ကျစေနိုင်တဲ့ ကိလေသာတွေ ပယ်တယ် ဆိုတော့ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ ဆိုတဲ့ ကိလေသာတွေကိုလဲ ပယ်ရှင်းပြီးဖြစ်သွားတယ်။

"ခဏမစဲ ဖြစ်ပျက်နေတဲ့ ရုပ်နာမ် ၂-ပါး မျှသာ ရှိတယ်၊ အသက်ရှင်နေတဲ့ အတ္တကောင် ငါကောင် ဆိုတာ မရှိဘူး" လို့ ဝိပဿနာဉာဏ်ဖြင့် သိပြီးဖြစ်ပေမဲ့ သောတာပတ္တိမဂ်သို့ မရောက် သေးပဲ ဝိပဿနာ အလုပ်ကို ရပ်နား ထားယင် အတ္တကောင် အသက်ကောင် ငါကောင်ရှိသလိုလိုလဲ ပြန်ပြီးထင်မြင်နိုင်တယ်၊ ဒီဘဝမှာ မထင်တောင်မှ နောက်ဘဝတွေကျတော့ အဲဒီလိုထင် မြင် စွဲလမ်းနိုင်တယ်၊ သောတာပတ္တိမဂ် ရောက်သွားယင်တော့ အဲဒီလို အထင် အမြင် လွဲမှားမှု အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိဟာ ဘယ်တော့မှ မဖြစ်နိုင်တော့ဘူး၊ အဲဒါဟာ သောတာပတ္တိမဂ်က ပယ်လိုက်လို့ ရုပ်နာမ်အစုကို ငါကောင်လို့ ထင်မှတ်တဲ့ သက္ကာယ ဒိဋ္ဌိ ကင်းသွားတာပါဘဲ။ အဲဒီလို သက္ကာယဒိဋ္ဌိ ကင်းသွားပုံကို ဆောင်ပုဒ်စီထားပါတယ်၊ "ရုပ်နာမ်အစု၊ ငါကောင်ဟု၊ ထင်မှု မရှိပါ"တဲ့။ အဲဒါကို ဆိုကြရမယ်။

(၁) ရုပ်နာမ်အစု၊ ငါကောင်ဟု၊ ထင်မှု မရှိပါ။

မြင်ခိုက် ကြားခိုက် စသည်မှာ ထင်ရှားပေါ်နေတဲ့ ရုပ်နာမ် အစုကို အသက်ရှင်နေတဲ့ အတ္တကောင် ငါကောင်လို့ သောတာပန်မှာ ထင်မှား စွဲလမ်းမှု မရှိတော့ဘူးလို့ ဆိုလိုပါတယ်။ ဝိပဿနာဉာဏ် ကောင်းကောင်း မဖြစ်သေးခင်ကဆိုယင် မြင်တာကိုလဲ ငါ၊ ကြားတာကိုလဲ ငါ စသည်ဖြင့် ထင်မှတ် နေခဲ့တယ်၊ စဉ်းစားဆင်ခြင်ကြည့်ယင် ကိုယ်ထဲမှာ အသက်ရှင်နေတဲ့ ငါကောင်ဟာ ရှိသလိုလိုလဲ ထင်တတ်တယ်၊ တကယ်ရှိတယ်လို့လဲ ထင်တတ်တယ်၊ သောတာပတ္တိမဂ်ဖိုလ်ရောက်ပြီးတဲ့ သောတာပန်မှာတော့ အဲဒီလို ထင်မှားစွဲလမ်းမှုမရှိတော့ဘူး၊ ရှုမှတ်ကြည့်ယင် ဖြစ်စေ၊ စဉ်းစားဆင်ခြင်ကြည့်ယင် ဖြစ်စေ "ခဏမစဲ ဖြစ်ပျက် နေတဲ့ ရုပ်နာမ် ၂-ပါး မျှသာရှိတယ်၊ အတ္တကောင် ငါကောင် ရယ်လို့ မရှိဘူး"ဆိုတာ ရှင်းနေပါတယ်၊ အဲဒါဟာ သက္ကာယဒိဋ္ဌိ ကင်းနေပုံပါဘဲ။

နောက်ပြီးတော့ သောတာပန်ပုဂ္ဂိုလ်ဟာ "ဗုဒ္ဓေ အဝေစ္စပသာဒေန သမန္နာဂတော- ဘုရား၌ ဉာဏ်ဖြင့် သက်ဝင်မြင်သိ၍ ယုံကြည်တဲ့ သဒ္ဓါတရားနှင့် ပြည့်စုံတယ်"လို့ ဆိုထားတဲ့အတိုင်း ဘုရားကို ဉာဏ်ဖြင့် တွေ့ပြီး ခိုင်မြဲတဲ့ ယုံကြည်မှုနှင့် ပြည့်စုံနေတယ်။ ဉာဏ်ဖြင့် တွေ့ပုံကတော့ ဘုရားဟောထားတဲ့ တရားကို ကိုယ်တိုင်တွေ့သဖြင့် ဘုရားစစ် ဘုရားမှန်ဘဲလို့ ဆုံးဖြတ်နိုင်တဲ့

အသိဉာဏ်ဖြင့် တွေ့တာပါဘဲ၊ တရားအားထုတ်တဲ့ ယောဂီဟာ အတ္တကောင် ရယ်လို့မရှိဘဲ ရုပ် နာမ် ၂- ပါးမျှ ရှိတာကိုလဲ ရှုမှတ်ယင်း ကိုယ်တိုင်တွေ့ပြီးသိရတယ်၊ အကြောင်းနှင့် အကျိုး မျှဘဲ ဆိုတာကိုလဲ ကိုယ်တိုင်တွေ့ပြီးသိရတယ်၊ ခဏမစဲ ဖြစ်ပျက် နေတာကိုလဲ ကိုယ်တိုင်တွေ့ပြီးသိရတယ်၊ အနိစ္စ ဒုက္ခ အနတ္တမျှဘဲ ဆိုတာကိုလဲ ကိုယ်တိုင် တွေ့ပြီး သိရတယ်၊ ဒါလောက် တွေ့ ကတည်းက ဒီတရားကို ဟောတော်မူခဲ့တဲ့ ဘုရားဟာ တရား အလုံးစုံကို သိတဲ့ ဘုရားအစစ်ပဲလို့ ယုံကြည်တဲ့ သဒ္ဓါတရားဟာ ပိုပြီးခိုင်မြဲလာပြီ၊ နောက်ဆုံးမှာ ရုပ်နာမ်သင်္ခါရ လုံးဝဆိတ်သုဉ်း ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို အရိယမဂ်ဖိုလ်ဉာဏ်ဖြင့် တွေ့ရတော့ ယုံ ကြည်မှုဟာ မပျက်နိုင်အောင် ခိုင်မြဲသွားတယ်။ ဥပမာအားဖြင့် တကယ်ဘတ်သိကျွမ်းကျင်တဲ့ ဆေးဆရာကြီး၏ ဆေးကောင်းကို သုံးဆောင်ရလို့ အလွန်ပျောက်ခဲတဲ့ ရောဂါဆိုးကြီး ပျောက်သွား တာကို ကိုယ်တိုင် တွေ့ရတဲ့သူဟာ အဲဒီဆရာကြီးကို တကယ် ဘတ်သိကျွမ်းကျင်တဲ့ ဆရာကြီးဘဲလို့ တထစ်ချ ဆုံးဖြတ်ယုံကြည် ဘာလိုပါဘဲ။

ထို့အတူပင် အဲဒီရောဂါ ပျောက်တဲ့လူက အဲဒီဆေးကိုလဲ ဆေးစွမ်းကောင်းဘဲလို့ တထစ်ချဆုံးဖြတ်ယုံကြည်တယ်၊ အဲဒီဆေး သုံးဆောင်တဲ့အလားတူသူနာတွေလဲ အဲဒီဆေးဖြင့် ရောဂါကင်း နေကြတာရှိတယ်လို့ တထစ်ချဆုံးဖြတ်ယုံကြည်တယ်၊ အဲဒါလိုဘဲ သောတာပတ္တိမဂ်ဖိုလ် ရောက်ပြီး တရားသိမြင်တဲ့ ပုဂ္ဂိုလ်ဟာ ရှေးတင်က ပြောခဲ့တဲ့အတိုင်း တရားကိုတွေ့ပြီး မဂ်ဖိုလ်နိဗ္ဗာန်တရား

ကို ယုံကြည်တဲ့ သဒ္ဓါတရား ခိုင်မြဲသွားတယ်၊ မဂ်ဖိုလ်၏အစွမ်းကြောင့် ကိလေသာတချို့ ငြိမ်းနေတာကို တွေ့ရတဲ့အတွက်လဲ ကိလေသာ ငြိမ်းစေနိုင်တဲ့တရားဖြစ်ကြောင်း ယုံကြည်မှုခိုင်မြဲသွားတယ်၊ ကိလေသာတစိတ်တပိုင်းငြိမ်းနေတဲ့ သံဃာဆိုတာ ငါလိုပုဂ္ဂိုလ်တွေဖြစ်မှာဘဲ၊ဆက်ပြီးရှုမှတ်သွားယင် ကိလေသာ အကုန်ငြိမ်းတဲ့ ပုဂ္ဂိုလ်အဖြစ် ရောက်မှာဘဲလို့ ဆင်ခြင်ပြီး ကိလေသာအားလုံးငြိမ်းတဲ့ ရဟန္တာအထိ သံဃာ ဆိုတာကို ယုံကြည်မှုလဲခိုင်မြဲသွားတယ်။ဒါကြောင့် ဘုရားတရားသံဃာနှင့် စပ်ပြီး ယုံမှားမှု ဝိစိကိစ္ဆာ လုံးဝကင်းသွားတယ်။ တရား၏ စွမ်းရည်ဂုဏ်ကို ကိုယ်တိုင်တွေ့ပြီး ရတနာသုံးပါးကို ယုံကြည်မှု ခိုင်မြဲသွားတယ်၊ နောက်ပြီးတော့ မိမိကျင့်နေတဲ့ သီလအကျင့် သမာဓိအကျင့် ပညာအကျင့်ဆိုတဲ့ သိက္ခာသုံးပါးနှင့်စပ်ပြီး တော့လဲ အကျင့်ကောင်း အကျင့်မှန်ဖြစ်ကြောင်း ယုံကြည်မှု ခိုင်မြဲသွားတယ်၊ အထူးအားဖြင့် မြင်မှု ကြားမှု စသော ဥပါဒါနက္ခန္ဓာကိုရှုမှတ်သိရတဲ့ ဝိပဿနာပညာအကျင့်နှင့်စပ်ပြီး ယုံကြည်မှု ခိုင်မြဲသွားတယ်၊ "ဒီနည်းအတိုင်း ရှုမှ အနိစ္စ ဒုက္ခ အနတ္တသဘောတွေကို အမှန်အတိုင်းသိပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက် တွေ့မြင်နိုင်တယ်" ဆိုတာ ခိုင်ခိုင်မြဲမြဲ ဆုံးဖြတ် ယုံကြည်သွားဘယ်။ဒါကြောင့် ရတနာသုံးပါးနှင့်အကျင့်သိက္ခာ အပေါ်မှာ ယုံမှားမှု ဝိစိကိစ္ဆာ ကင်းသွားတာဘဲ၊ အဲဒါနဲ့ဆိုင်တဲ့ ဆောင်ပုဒ်ကို ဆိုကြရမယ်။

(၂) ရတနာသုံးပါး၊ သိက္ခာအား၊ ယုံမှား မရှိပါ။

နောက်ပြီးတော့ သောတာပတ္တိမဂ်-က သီလဗ္ဗတပရာမာသ ဒိဋ္ဌိ ဆိုတဲ့ အကျင့်ဆိုင်ရာ အယူမှားကို ပယ်ရှားကင်းပျောက် စေတယ်။ သောတာပန်ပုဂ္ဂိုလ်ဟာ အကျင့်လမ်းမှန်ကို သိပြီး ဖြစ်တဲ့အတွက် အကျင့်လမ်းမှားကို ယုံကြည်လက်ခံခြင်း မရှိ တော့ဘူး၊ သီလ သမာဓိ ဝိပဿနာအကျင့်ဖြင့် အရိယမဂ်ဖိုလ်ကို ရောက်လာခဲ့တာက ကိုယ်တိုင်တွေ့ ဖြစ်နေတဲ့အတွက် "သီလ သမာဓိ ပညာ ဆိုတဲ့ မဂ္ဂင်ရှစ်ပါးကို မပွါးစေဘဲ, သစ္စာ လေးပါးကို သိအောင် မကျင့်ဘဲ အခြားတပါး အလေ့ အကျင့်ဖြင့် သံသရာမှ လွတ်မြောက်တယ်၊ နောင်ဘဝ နောင် အခါ ကောင်းကင်ဘုံကိုရောက်ပြီး မအို မသေ အမြဲတမ်း ချမ်းသာသွားတယ်"ဆိုတဲ့ အလေ့အကျင့်မျိုးကို သီလဗ္ဗတ ခေါ်တယ်၊ အဲဒီလို အလေ့အကျင့်ကို ယုံကြည်ယူဆတာဟာ သီလဗ္ဗတပရာမာသဒိဋ္ဌိဘဲ၊ သောတာပန်မှာတော့ သီလကျင့်သုံး ပြီးတော့ မြင်မှု ကြားမှု စသော ဥပါဒါနက္ခန္ဓာတွေကို ရှုမှတ်ပြီး ဝိပဿနာမဂ္ဂင်တွေ ပွါးစေခဲ့ရတယ်၊ အဲဒီလို ဝိပဿနာမဂ္ဂင်ကို ပွါးစေခြင်းဖြင့် သစ္စာလေးပါးကို ကိုယ်တိုင် မျက်မှောက် တွေ့သိပြီးဖြစ်နေတယ်၊ ဒါကြောင့်"သစ္စာလေးပါးကိုသိအောင် မရှုဘဲ, ဝိပဿနာမဂ္ဂင်ကို မပွါးစေဘဲနဲ့ ဆင်းရဲမှလွတ်မြောက် တယ်"ဆိုတဲ့ အယူဝါဒကို ယုံကြည်လက်ခံခြင်း မရှိတော့ဘူး၊ အဲဒါဟာ သီလဗ္ဗတပရာမာသဒိဋ္ဌိ ကင်းတာပါဘဲ။ အဲဒါနဲ့စပ်တဲ့ ဆောင်ပုဒ်ကို ဆိုကြရမယ်၊

(၃) သစ္စာမမြင်၊ မဂ္ဂင်မပါ၊ လေ့ကျင့်ကာဖြင့်၊ ချမ်းသာ မြဲမည်၊ မယုံကြည်၊ ကုန်ပြီ သီလဗ္ဗတာ။

နွားလို နေထိုင်စားသောက်ခြင်း၊ ခွေးလိုနေထိုင်စားသောက်ခြင်း စသည်ဖြင့် တိရစ္ဆာန်တို့၏ အလေ့အကျင့်ကိုကျင့်ခြင်း၊ နွားစသည်ကို ကိုးကွယ်ခြင်း၊ နတ်,သိကြား,ဗြဟ္မာကို, ကိုးကွယ်ခြင်းဖြင့် ဆင်းရဲမှလွတ်မြောက်၍ ချမ်းသာသွားမယ်လို့ ယုံကြည်ယူဆတာဟာ သီလဗ္ဗတပရာမာသဒိဋ္ဌိဘဲ၊ သစ္စာ လေးပါးကို သိအောင် ဝိပဿနာမဂ္ဂင်ကို မပွါးစေဘဲ စိတ်ကို အငြိမ်းစားပေးထားခြင်း၊ ငြိမ်းအေးရာသို့ စိတ်ကို ပို့သွားခြင်း ဆိုတာလဲ သီလဗ္ဗတဘဲ၊ အဲဒီလို အကျင့်ကို ယုံကြည်တာလဲ သီလဗ္ဗတပရာမာသဘဲ။ ပုထုဇဉ်ဟာ အဲဒီလို သီလဗ္ဗတ အကျင့်တွေကိုလဲ အကျင့်ကောင်းအနေနဲ့ ယုံကြည်တာဘဲ၊ ကိုယ်တိုင်က အကျင့်မှန်ကို မသိသေးတော့ ဟိုအကျင့်က ဟုတ်နိုးနိုး ဒီအကျင့်က ဟုတ်နိုးနိုးနဲ့ အကျင့်လမ်းမှားတွေကို ယုံကြည်တဲ့ အယူမှားတွေကိုလဲ လက်ခံတာဘဲ၊ အဲဒီ အကျင့်မှားတွေဟောတဲ့ ဆရာတွေကိုလဲ ယုံကြည်လက်ခံတာဘဲ၊ ဒါကြောင့် ပုထု–များသော+ဇန– ဆရာတွေရှိသည်= ပုထုဇ္ဇန– ဆရာများတဲ့သူ (ပုထုဇဉ်)လို့ ခေါ်ရတာဘဲ။ ကိုယ်တိုင်က တရားမှန်မသိသေးတဲ့အတွက် အခြားအယူအကျင့်တွေ,အခြားဆရာတွေကို အထင်ကြီးပြီး မော်ကြည့်ရတဲ့သဘောပါဘဲ။ သောတာပန်ကတော့ အကျင့်မှန်သိပြီးဖြစ်တဲ့အတွက် ဝိပဿနာမဂ္ဂင်ကို ပွါးစေမှုမပါတဲ့ အဲဒီသီလဗ္ဗတ အလေ့အကျင့်ဟူသမျှတွေကို အကျင့်ကောင်းအဖြစ်ဖြင့် မယုံကြည် လက်မခံတော့ဘူး၊ အဲဒီလို အကျင့်မှားဆရာတွေကိုလဲ အထင်မကြီးတော့ဘူး၊ ငုံ့ကြည့်တဲ့ အခြေအနေမျိုးသာ ရှိတယ်။

ဘုရားလက်ထက်က ဝိသာခါဆိုတဲ့ ဒါယိကာမ အိမ်ထောင်ကျစက သူ့ယောက္ခမကြီးက အဝတ်မဆီးတဲ့ အစေလက တက္ကတွန်းတွေကိုပင့်ပြီး အိမ်မှာကျွေးမွေးတယ်၊ အဲဒီ ယောက္ခမကြီးက "ရဟန္တာတွေ ရှိခိုးကန်တော့ရန်လာပါလို့" ဝိသာခါကို ဖိတ်ခေါ်တယ်၊ ဝိသာခါ-က ရဟန္တာအစစ်တွေကို ဖူးမြင်ရလိမ့်မယ်ထင်ပြီး ဝမ်းမြောက်ဝမ်းသာနဲ့ လိုက်သွားတယ်၊ ဟိုရောက်တော့ အဝတ်မဆီးတဲ့ တက္ကဘွန်းတွေကို တွေ့မြင်ရတဲ့အခါ "ဒါတွေ ရဟန္တာတဲ့လား, ထွီထွီ"လို့ ရေရွတ်ပြီး ပြန်လာပါသတဲ့။ အဲဒါဟာ သောတာပန်က အခြားဆရာတွေကို အထင်မကြီးပုံနဲ့ ငုံကြည့်တဲ့အခြေအနေရှိပုံပါဘဲ။

"သောတာပန်မှာ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာ-မာသ ဆိုတဲ့ သံယောဇဉ် ၃-ပါးကင်းတယ်" ဆိုတာကတော့ သုတ္တန် ပါဠိတော်တွေမှာ "တိဏ္ဏံ သံယောဇနာနံ ပဟီနတ္တာ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသော"လို့ ဟောထားတဲ့ စကားတော်အရ အားဖြင့် အလွန်ထင်ရှားပါတယ်။ အဋ္ဌကထာများမှာတော့ သူတပါးက ကိုယ့်ဆက်သာတာကို မနာလိုတဲ့ ဣဿာသံယောဇဉ်နဲ့ မိမိ၏ပိုင်နက်ကို သူတပါးနှင့် မဆက်ဆံစေလိုတဲ့ ဝန်တိုမှု မစ္ဆရိယသံယောဇဉ်လဲကင်းကြောင်း ပြဆိုထားပါသေးတယ်။

အချုပ်အားဖြင့် ပြောရယင် သောတာပတ္တိမဂ်က, သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသဆိုတဲ့ သံယောဇဉ် ၃-ပါးနှင့်

တကွ အပါယ် ကျရောက်စေတတ်တဲ့ လောဘ ဒေါသ မောဟ အကြမ်းစားတွေကို ပယ်တယ်၊ အဋ္ဌကထာ ပြဆိုချက်အရအားဖြင့် ဣဿာ မစ္ဆရိယ ဆိုတဲ့သံယောဇဉ် ၂-ပါးကိုလဲ ပယ်တယ်။ အဲဒါကို ရည်ပြီးတော့ (မပယ်ဘူးမြဲ၊ ကိလေခဲ၊ ဖေါက်ခွဲ ပယ်ရှားသည်)လို့ဆောင်ပုဒ်ကို ဆိုထားပါတယ်၊ အဲဒါ ခုတင်က ဆိုပြီးခဲ့ပါပြီ။ နောက်ပြီးတော့ ဝိသုဒ္ဓိမဂ်မှာ ဆက်ပြီး ပြဆိုထားပုံကတော့-

## အဆုံးမထင်တဲ့ဝဋ်ရေယဉ်ကိုလဲမဂ်ကခြောက်စေသည်

စ-ဆက်၍ ဖော်ပြစရာကား၊ သော မဂ္ဂေါ-ဤသောတာပတ္တိမဂ်သည်၊ ကေဝလံ လောဘက္ခန္ဓာဒီနံ-လောဘ အစိုင်အခဲ စသည်တို့ သက်သက်ကို၊ နိဗ္ဗိဇ္ဈနမေဝ-ခွဲဖျက်ရုံကိုသာလျှင်၊ န ကရောတိ-ပြုသည်မဟုတ်သေး၊ အပိ စ ခေါ-စင်စစ်သော်ကား၊ အနမတဂ္ဂ-သံသာရဝဋ္ဋ ဒုက္ခသမုဒ္ဒံ-စ အဆုံးမထင်သည့် သံသရာဝဋ်ဆင်းရဲ ဟူသော သမုဒ္ဒရာကိုလဲ၊ သောသေတိ-ခြောက်စေ-ကင်းပျောက်စေသေး၏-စသည်ဖြင့် ပြဆိုထားပါတယ်။

အနမတဂ္ဂ-ဆိုတဲ့ပုဒ်ကို အခြားနေရာမှာတော့ "ရှေးအဖို့သို့ အဆင့်ဆင့်လိုက်ရှာကြည့်ယင် မသိအပ်သော အစရှိတယ်၊ အစမထင်ဘူး" လို့ ပြန်ဆိုရပါတယ်၊ ဒီနေရာမှာတော့ ရှေးအဖို့ထက် နောက်အဖို့အဆုံးဘက်က ပိုပြီးအရေးကြီးပါတယ်၊ ရှေးအဖို့က ဆင်းရဲကိုတော့ ပယ်လို့ မဖြစ်ပါဘူး၊ နောင်ဖြစ်သွား

မည့် ဆင်းရဲတွေကိုသာ ပယ်နိုင်ပါတယ်၊ အဲဒီနောက်အဖို့ ဆင်းရဲတွေကလဲ အရိယမဂ်ဖြင့် မပယ်နိုင်ယင် အဆုံးမရှိဘူး၊ အဲဒီ ဆင်းရဲတွေဟာ သမုဒ္ဒရာ ပင်လယ်ရေတွေ အတိုင်းအဆမရှိသလိုပင် အလွန်များသည့်အတွက် အဲဒီ ပင်လယ်ရေတွေနဲ့ တင်စားပြီး ပြဆိုထားပါတယ်၊ အဲဒါဟာလဲ သေသေချာချာ တွက်စစ်ကြည့်မယ်ဆိုယင် ပင်လယ်ရေထက် သံသရာဝဋ်ဆင်းရဲက များဘို့ရှိပါတယ်၊ ဘာကြောင့်လဲ ဆိုယင် ပင်လယ်ရေကို ယခု ခေတ်မှာ သင်္ချာ ပါရဂူတွေက ခန့်မှန်းတွက်ချက်ပြီး တန်ပေါင်းမည်မျှရှိတယ်လို့ ဖော်ပြကြတယ်၊ အဲဒါကို အတိအကျ မှန်တယ်လို့ မဆိုနိုင်ပေမဲ့ အလွန်ကြီးတော့ ကွာခြားလှမယ် မဟုတ်ပေဘူး၊ များလှယင် အဲဒီခန့်မှန်းရေတွက်ချက်ထက် ၂-ဆလောက် ရှိမှာပေါ့။ သံသရာဝဋ်ဆင်းရဲကတော့ အရိယမဂ်သို့ မရောက်သေးယင် ကမ္ဘာပေါင်း မည်မျှရှေ့မည်မျှလို့ အကန့်အသတ် မရှိဘူး၊ ဒါကြောင့် သံသရာဝဋ်ဆင်းရဲက ပင်လယ်ရေတွေထက် များနိုင်ကြောင်း ထင်ရှားပါတယ်။

သောတာပတ္တိမဂ်က အဲဒီပင်လယ်ရေတွေထက် များပြားတဲ့ အပါယ်ဆင်းရဲတွေကို လုံးဝငြိမ်းစေပါတယ်၊ လူ့ဘဝ နတ်ဘဝ သုဂတိဘဝ၌ အိုနာသေခြင်းစသော ဆင်းရဲတွေထဲမှလဲ ခုနစ်ဘဝထက် ပိုပြီးတွေ့ရမည့်ဆင်းရဲတွေကို ငြိမ်းစေပါတယ်။ အဲဒီ ဆင်းရဲ ၂-မျိုးထဲမှာ အပါယ်ဆင်းရဲကတော့ အများဆုံးဖြစ်မှာဘဲ၊ ဘာကြောင့်လဲ ဆိုတော့ သတ္တဝါတို့၏စိတ်ဟာ မကောင်းမှုထဲမှာ ပျော်မွေ့တာက များတယ်၊ မကောင်းမှု များယင်

အပါယ်ဘုံမှာ အဖြစ်ရများမှာ သေချာတယ်၊ ဒါကြောင့်ပါဘဲ။ အဋ္ဌကထာများမှာလဲ-

ပမတ္တဿ ဟိ နာမ စတ္တာရော အပါယာ သကဂေဟ-သဒိသာ-လို့ မိန့်ဆိုထားပါတယ်။

ပမတ္တဿ နာမ- မေ့လျော့သူ မည်သည်မှာ၊ စတ္တာရော အပါယာ- လေးပါးသော အပါယ်ဘုံတို့သည်၊ သကဂေဟ-သဒိသာ-မိမိ၏ ကိုယ်ပိုင် နေအိမ်နှင့် တူကြပါတယ်တဲ့။ လူတွေဟာ ဘယ်မှာနေကြသလဲဆိုယင်၊ မိမိတို့၏ ကိုယ်ပိုင်နေအိမ်မှာဘဲ နေကြရတယ်၊ကိစ္စရှိလို့ အရပ်တပါးသွားရတဲ့အခါ ခေတ္တလောက်သာ အခြားအိမ်မှာ နေကြရတယ်၊ အများ အားဖြင့် ကိုယ်ပိုင်အိမ်မှာသာ အမြဲနေကြရတယ်၊ အဲဒါလိုဘဲ ကုသိုလ်ရေးမှာ မေ့လျော့နေကြတဲ့ သူတွေဟာ သုဂတိမှာ နေရတာက အလွန်နဲပြီး အပါယ်ဘုံမှာ အမြဲလိုပင် နေကြရပါသတဲ့။ အဲဒီတော့ သံသရာကာလ ရှည်ကြာနေသမျှပတ်လုံး အပါယ်ဆင်းရဲတွေကို အမြဲလိုလိုပင် တွေ့ကြုံခံစားသွားကြရမယ်။ အဲဒီလို အများဆုံး တွေ့ကြုံ ခံစားသွားကြရမည့် အများဆုံး အပါယ်ဆင်းရဲတွေကိုလဲ သောတာပတ္တိမဂ်က အကြွင်းမဲ့ ကုန်ငြိမ်းစေတယ်၊ ရံခါရံခါတွေ့ကြုံရမည့် ကာမသုဂတိဘဝဆင်းရဲတွေထဲမှလဲ ခုနစ်ဘဝထက် ပိုပြီး တွေ့ကြုံရမည့် ဆင်းရဲတွေကို ကုန်ငြိမ်းစေတယ်။ အဲဒါကို "အဆုံးမထင်၊ ဝဋ်ရေယဉ်၊ ကင်းစင်ခြောက်စေသည်"လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

(၃) အဆုံးမထင်၊ ဝဋ္ဋရေယဉ်၊ ကင်းစင်ခြောက်စေသည်။

ပင်လယ်ထဲက ရေတွေလိုပင် အလွန်များပြားတဲ့ အဆုံးအပိုင်း အခြားလဲ မရှိတဲ့ သံသရာ ဝဋ္ဋဆင်းရဲ ရေယဉ်တွေကို ခြောက်သွေ့ ကင်းစင်စေပါတယ် တဲ့။နောက်ပြီးတော့-

သဗ္ဗအပါယဒွါရာနိ-အပါယ်လေးပါးသို့ ဝင်ပေါက်တံခါး အားလုံးတို့ကို၊ ပိဒဟတိ-ပိတ်တတ်ပါတယ်တဲ့။ သောတာပတ္တိမဂ်က အပါယ်လေးပါး ကျရောက်စေနိုင်တဲ့ ကိလေသာတွေကို အကုန် ပယ်လိုက်တဲ့အတွက် အပါယ်ကျရောက်ဖို့ လမ်းပေါက်တွေကိုလဲ ပိတ်စေပါတယ်၊လောဘ ဒေါသ မောဟတွေ မကုန်သေးပေမဲ့ အပါယ်ကျစေနိုင်တဲ့ အကုသိုလ်ကံကိုတော့သောတာပန်က မပြုနိုင်တော့ဘူး၊ရှေးရှေးကာလ ရှေးရှေးဘဝတွေကပြုခဲ့တဲ့ အကုသိုလ်ကံတွေဟာလဲ သောတာပတ္တိမဂ်က အပါယ်လားကြောင်း ကိလေသာတွေကို ပယ်လိုက်တဲ့အတွက် အပါယ်ဘုံသို့ မရောက်စေနိုင်တော့ဘူး၊ လူ့လောကမှာတောင် အောက်တန်းကျတဲ့ လူဆင်းရဲဘဝသို့မရောက်စေနိုင်တော့ဘူး၊ ချမ်းသာပြည့်စုံတဲ့လူ့ဘဝကောင်းနတ်ဘဝကောင်းများမှာသာ ဖြစ်ဖို့ရှိတော့တယ်၊ သုဂတိလမ်းသာပွင့်ပြီး အပါယ်လမ်းပေါက်ကို ပိတ်စေပါတယ်တဲ့။ အဲဒါကို "အပါယ်လေးပါး၊ လမ်းပေါက်များ၊ တံခါးပိတ်စေသည်"လို့ ဆောင်ပုဒ်စီထားတယ်။အဲဒါကို ဆိုကြရမယ်။

(၄) အပါယ်လေးပါး၊ လမ်းပေါက်များ၊ တံခါးပိတ်စေသည်။

## အရိယာသစ္စာ (၄) ပါးကိုလဲ မဂ်က ရစေသည်

နောက်ပြီးတော့ "သတ္တန္နံ အရိယခနာနံ- ခုနစ်ပါးသော အရိယာသစ္စာတို့၏၊ သမ္ဗုဒ္ဓိဘာဝံ-မျက်မှောက်အဖြစ်ကို၊ ကရောတိ-သောတာပတ္တိမဂ်က ပြုပေးတတ်ပါတယ်"တဲ့။

လောကမှာ ကိုယ်လိုချင်တဲ့ ပစ္စည်းတွေ ကိုယ့်ရှေ့မှာအသင့် ရောက်နေယင် အသင့်တွေ့နေရယင် ဝမ်းသာရတာဘဲ၊ ဝယ်ယူပြီး တဆင့်ရောင်းစရာ ပစ္စည်းတွေကိုလဲ အဆင်သင့် တွေ့နေရယင် ဝမ်းသာတာဘဲ။ တောထဲမှာ ဟင်းရွက်ခူးတဲ့သူ မှိုရှာတဲ့ သူဟာ သူအလိုရှိတဲ့ ဟင်းရွက်တွေ မှိုတွေကို တွေ့ရယင် ဝမ်းသာတာဘဲ၊ ကျောက်ကောင်းတွေ ရှာနေတဲ့သူဟာ အဖိုးတန် ကျောက်နီ ကျောက်စိမ်းတွေကို တွေ့ရယင် ဝမ်းသာကြတာဘဲ၊ အဲဒါတွေထက် အရိယာ သူတော်ကောင်း ဥစ္စာတွေကို တွေ့ပြီး ကိုယ်ပိုင်ရယင် သာပြီး ဝမ်းသာစရာကောင်းတာပေါ့၊ ဘာကြောင့်လဲဆိုတော့ လောကီဥစ္စာတွေဆိုတာ သိန်းပေါင်းများစွာ တန်စေကာမူ ယခု မျက်မှောက်ဘဝတွင်သာ သုံးရတယ်၊ နောင်ဘဝကို ယူသွားလို့မရဘူး၊ အရိယာ သူတော်ကောင်း ဥစ္စာတွေကတော့ တသံသရာလုံး အသုံးကျတယ်၊ နောက်နောက်ဘဝတွေလဲ ယူသွားနိုင်တယ်၊ ဒါကြောင့် အရိယဥစ္စာတွေနဲ့ပြည့်စုံယင် ဘယ်တော့မှ မဆင်းရဲတော့ဘူး၊ ယုတ်

ညွှံ့တဲ့ ဘဝတွေလဲ မရောက်နိုင်တော့ဘူး၊အစဉ်ထာဝရ ချမ်းသာ သွားတော့တာဘဲ၊ အဲဒီလို အစဉ်ထာဝရ ချမ်းသာစေနိုင်တဲ့ အရိယဥစ္စာတွေကိုလဲ သောတာပတ္တိမဂ်က မျက်မှောက်ရောက် စေလျက် အပိုင်ရစေပါတယ် တဲ့။ အဲဒီ အရိယဥစ္စာတွေက ဘာ တွေလဲဆိုယင်—

သဒ္ဓါဓနံ သီလဓနံ၊ ဟိရီ ဩတ္တပ္ပိယံ ဓနံ။
သုတဓနဉ္စ စာဂေါစ၊ ပညာ ဝေ သတ္တမံ ဓနံ။
ယဿ ဧတေ ဓနာ အတ္ထိ၊ ဣတ္ထိယာ ပုရိသဿ ဝါ။
အဒလိဒ္ဒေါတိ တံ အာဟု၊ အမောဃံ တဿ ဇီဝိတံ။

သဒ္ဓါဓနံ-သဒ္ဓါတရားဆိုတဲ့ ဥစ္စာက တပါးတဲ့။ ဘုရားစစ် ဘုရားမှန် တရားစစ် တရားမှန် သံဃာစစ် သံဃာမှန်ကို ယုံကြည် တာ ကြည်ညိုတာဟာ သဒ္ဓါတရားဘဲ၊ ဒီ သဒ္ဓါတရားနဲ့ ပြည့် စုံတဲ့သူမှာ ဘုရား တရား သံဃာနဲ့စပ်ပြီး ကုသိုလ်တွေ များစွာ ဖြစ်ပွားရတယ်၊ ကံ ကံ၏အကျိုးကို ယုံကြည်တာလဲ သဒ္ဓါ တရားဘဲ၊ ဒီသဒ္ဓါတရားနဲ့ပြည့်စုံတဲ့သူမှာလဲ ကုသိုလ်တွေဖြစ်ပွား တယ်၊ အဲဒီကုသိုလ်ကံတွေကြောင့် မျက်မှောက်မှာရော သံသရာ မှာရော ကြီးပွားချမ်းသာ သွားနိုင်တယ်၊ ဒါကြောင့် သဒ္ဓါ တရားဟာ အရိယာ သူတော်ကောင်းတို့၏ ဥစ္စာဘဲ တဲ့၊ "အရိ ယာ သူတော်ကောင်းတို့သာ ရနိုင်တဲ့ဥစ္စာ၊ အရိယာ သူတော် ကောင်းတို့ အလေးပြုအပ်တဲ့ ဥစ္စာ" လို့ ဆိုလိုပါတယ်။ သော

တာပတ္တိမဂ်ဖိုလ် ရောက်သွားယင်တော့ မလှုပ်ရှား မပျက်စီးနိုင် အောင် ခိုင်မြဲတဲ့ အဝေစ္စပသာဒဆိုတဲ့ အကောင်းဆုံး သဒ္ဓါ တရားနှင့် ပြည့်စုံသွားတယ်။ အဲဒီလို ပြည့်စုံပုံကို (နှာ၁၁၈၁)ရှေ့ နှားပိုင်းမှာ ပြောခဲ့ပါပြီ။ အဲဒီ ဘုရား တရား သံဃာ ရတနာ သုံးပါးမှာ မလှုပ်ရှား မပျက်စီးနိုင်အောင် ခိုင်မြဲတဲ့ ယုံကြည်မှု (အဝေစ္စပသာဒ) သဒ္ဓါတရားသုံးပါးဆိုတဲ့ အရိယ ဥစ္စာကို သောတာပတ္တိမဂ်က ရစေတာဘဲ၊ အဲဒီ သဒ္ဓါတရားသုံးပါးဟာ သောတာပန်၏ အင်္ဂါ လေးပါးထဲမှာ ပါဝင်တဲ့ အင်္ဂါ သုံး ပါးဘဲ။

နောက်ပြီးတော့-သီလခန်- ကိုယ်ကျင့်သီလဆိုတဲ့ ဥစ္စာက တပါးတဲ့၊ လူ့ဝတ်ကြောင်မှာဆိုယင် ငါးပါးသီလ ပြည့်စုံစင် ကြယ်နေယင်ကို အပါယ်လေးပါးသို့မကျရောက်ပဲ သုဂတိဘဝ များမှာသာဖြစ်ပြီး ကြီးပွားချမ်းသာသွားနိုင်ပါတယ်၊ ရှစ်ပါး သီလ,ဆယ်ပါးသီလများနှင့်ပြည့်စုံနေယင်တော့အထူးပြောစရာ မလိုပါဘူး။ ရှင်ရဟန်းများလဲ မိမိတို့နှင့်ဆိုင်တဲ့ သီလပြည့်စုံစင် ကြယ်နေယင် အပါယ်မှလွတ်မြောက်ပြီး ကြီးပွားချမ်းသာသွား နိုင်ပါတယ်။ သောတာပတ္တိမဂ်ဖိုလ်ရောက်သွားယင်တော့ အရိ ယကန္တ ဆိုတဲ့ ငါးပါးသီလဟာ ဘယ်တော့မှမပျက်နိုင်အောင် ပြည့်စုံစင်ကြယ်သွားတယ်၊ဒီ အရိယကန္တသီလဆိုတဲ့ မပျက်စီးနိုင် တဲ့ ငါးပါးသီလဥစ္စာကို သောတာပတ္တိမဂ်က ရစေပါတယ်၊ ဒီ အရိယကန္တသီလနှင့် ပြည့်စုံတဲ့အတွက် သောတာပန်ဟာ အပါယ်လေးပါးမှ အစဉ်ထာဝရ လွတ်မြောက်သွားတာပါဘဲ။

ဒါကြောင့်ခုတင်ကပြောခဲ့တဲ့ ဘုရားတရားသံဃာတို့၌ မလှုပ်ရှား မပျက်စီးနိုင်အောင်ယုံကြည်တဲ့အဝေစ္စပသာဒခေါ်တဲ့သဒ္ဓါဉစ္စာက သုံးပါး၊အရိယကန္တဆိုတဲ့ ဒီသီလဉစ္စာကတပါး-ဒီ ၄-ပါးဟာ သောတာပန်မှာပြည့်စုံမြဲဖြစ်တဲ့အင်္ဂါလေးပါးပါဘဲ၊ဒီအင်္ဂါလေးပါးနှင့်ပြည့်စုံယင်မိမိကိုယ်ကိုသောတာပန်ဖြစ်ပြီလို့ဆုံးဖြတ်ပြောကြားနိုင်ကြောင်း မြတ်စွာဘုရားရှင်က **ဓမ္မာဒါသ**ဆိုတဲ့ တရားမှာ ဟောကြားထားပါတယ်။ ဓမ္မ ဆိုတာက တရားဘဲ၊ အာဒါသ-ဆိုတာက ကြည့်မှန်ဘဲ၊ ဒါကြောင့် **ဓမ္မာဒါသ** ဆိုတာ ကြည့်မှန်နဲ့တူတဲ့ တရားလို့ဆိုလိုပါတယ်။မှန်ထဲမှာကြည့်ပြီး ကိုယ့်အရိပ်ပုံကို မြင်ရယင် အချိုးကျမကျ သိရသလိုပင်၊ ဒီဓမ္မာဒါသ ဆိုတဲ့ တရားမှန်နဲ့တိုက်ဆိုင်ကြည့်ပြီးဘော့ အဲဒီ ဓမ္မာဒါသ ဂုဏ်အင်္ဂါလေးပါးနဲ့ ပြည့်စုံနေယင် မိမိကိုယ်တိုင်ပင် သောတာပန်ဖြစ်ကြောင်း ပြောကြားဆုံးဖြတ်နိုင်ပါတယ် တဲ့။ အဲဒီ ဓမ္မာဒါသ ဂုဏ်အင်္ဂါလေးပါးကို ဘုန်းကြီးက ဆောင်ပုဒ်စီထားပါတယ်၊ အဲဒါကတော့ ဉာဏ်စဉ်တရားထဲမှာ ဟောနေကျမို့ တချို့က နှုတ်တက်တောင် ရနေကြပါလိမ့်မယ်။ အဲဒါကို လိုက်ဆိုကြရမယ်။

(၁) ဗုဒ္ဓစွမ်းရည်၊ တွေ့မြင်ပြီ၊ ယုံကြည်မြဲလှစွာ။
(၂) ဓမ္မစွမ်းရည်၊ တွေ့မြင်ပြီ၊ ယုံကြည်မြဲလှစွာ။
(၃) သံဃာစွမ်းရည်၊ တွေ့မြင်ပြီ၊ ယုံကြည်မြဲလှစွာ။
(၄) အရိယကန္တ၊ ငါးသီလ၊ လုံးဝပြည့်စုံရာ။

အဲဒါဟာ တရားမှန်လေးခုဘဲ၊ သောတာပန်၏ အင်္ဂါလေးပါးဆိုတာလဲ ဒီလေးပါးပါဘဲ၊ သောတာပန် အစစ် ဖြစ်ယင် ဒီဂုဏ်အင်္ဂါလေးပါးနဲ့ ပြည့်စုံရတယ်၊ ကဲ အဲဒါကို ဆိုကြရမယ်။

(၅) မြဘ်သောတာပန်၊ တရားမှန်၊ လေးတန်စုံလင်ရာ။
(၆) ကိုယ့်ဥာဏ်အဆင့်၊ ကိုယ်တိုင်ချင့်၊ အသင့်ဆုံးဖြတ်ရာ။

သဒ္ဓါဥစ္စာနဲ့ သီလဥစ္စာ ၂-မျိုးအကြောင်းကတော့ နားလည်လောက်ပါပြီ။ နောက်ပြီးတော့ ဟိရိဩတ္တပ္ပံ ခန်-မကောင်းမှုမှ ရှက်တဲ့ ဟိရီဥစ္စာက တပါး၊ မကောင်းမှုမှ ကြောက်တဲ့ ဩတ္တပ္ပ ဥစ္စာက တပါးတဲ့ ။ ဒီ ဟိရီ ဩတ္တပ္ပနှင့် ပြည့်စုံတဲ့ သူဟာ မကောင်းမှု ပြုရမှာ ရှက်တယ်၊ ကြောက်တယ်၊ ဒါကြောင့် မကောင်းမှုမှ အမြဲတမ်းစင်ကြယ်နေတယ်၊ လောကမှာလဲ ရာဇဝတ်ပြစ်မှုမှ ရှက်တဲ့လူ ကြောက်တဲ့လူတွေဟာ ရာဇဝတ်မှုကို မပြုဝံ့ဘဲ ရှောင်ကြဉ်နေကြလို့ အမြဲတမ်း အပြစ်ကင်းနေကြသလိုပါဘဲ။ သောတာပန် မှာတော့ ဟိရီ ဩတ္တပ္ပဆိုတဲ့ ဒီအရိယာဥစ္စာနဲ့ အမြဲပြည့်စုံနေတယ်၊ ဒါကြောင့် အကုသိုလ် ဒုစရိုက်တွေမှ ကင်းဝေးပြီး အမြဲတမ်း သီလစင်ကြယ်နေပါတယ်။

နောက်ပြီးတော့ သုတဓနဥ္စ- အကြား အမြင် သုတဥစ္စာက တပါးတဲ့။ တရားစကားကို သူတပါးထံမှ ကြားနာပြီးတော့ ဖြစ်စေ၊ စာအုပ်စာတမ်းကို ဖတ်ရှုပြီးတော့ဖြစ်စေ သိရတာက အာဂမသုတ တဲ့၊ အကြားသုတပေါ့။ တရားအားထုတ်ပြီးတော့ ကိုယ်ပိုင်ဥာဏ်ဖြင့် တွေ့သိရတာက အဓိဂမသုတ တဲ့၊ အမြင်

သုတပေါ့။ အဲဒီ အကြားအမြင် သုတ ၂-ပါးဟာ အရိယဥစ္စာ တမျိုးပါဘဲ တဲ့၊ သောတာပန်မှာတော့ တရားနာယူပြီး အကြား သုတနဲ့လဲ ပြည့်စုံတယ်၊ ကိုယ်တိုင်တွေ့သိမြင်တဲ့ အမြင်သုတနဲ့လဲ ပြည့်စုံတယ်။

နောက်ပြီးတော့ စာဂေါ စ- စွန့်လှူပေးကမ်းခြင်းက အရိယ ဥစ္စာ တပါး တဲ့။ ဒီ စွန့်လှူပေးကမ်းခြင်းဆိုတဲ့ ဥစ္စာကတော့ ဗုဒ္ဓ သာသနာဝင် ပုဂ္ဂိုလ်တွေမှာ ပြည့်စုံနေကြတာဘဲ များပါတယ်၊ အနည်းနှင့် အများလောက်သာ ကွာခြားခြင်းရှိပါတယ်၊ တတ်နိုင်သမျှတော့ ပေးကမ်းလှူဒါန်းနေကြတာချည်းပါဘဲ။ သောတာပန် ဖြစ်သွားတယ် ဆိုယင်တော့ မိမိမှာရှိတဲ့ ပစ္စည်းများကို သီလရှိတဲ့ ပုဂ္ဂိုလ်မြတ်တွေအား အကန့်အသတ်မထားဘဲ ပေးလှူနိုင်တဲ့ အရည်အချင်းနဲ့ ပြည့်စုံနေပါတယ် တဲ့။ အဲဒီအကြောင်းကိုတော့ ရှစ်ဖြာမဂ္ဂင် နိဗ္ဗာန်ဝင် တရားတော် စာအုပ် သာရဏီယ တရားတော် ထဲမှာ ကြည့်ရှုနိုင်ပါတယ်။

နောက်ဆုံးဥစ္စာကတော့ ပညာ ဓေ သတ္တမံ ဓနံ- အသိဉာဏ် ပညာဆိုတဲ့ ခုနစ်ခုမြောက်ဥစ္စာက တပါးတဲ့။ အသိဉာဏ် ပညာဆိုတာ ကြားနာမှတ်သားပြီး သိတဲ့ သုတမယ ပညာက တမျိုး၊ (အဲဒါကတော့ ခုတင်ကပြောခဲ့တဲ့ သုတဥစ္စာထဲမှာ ပါဝင်သွားပါပြီ) စဉ်းစားကြံဆပြီးသိတဲ့ စိန္တာမယပညာက တမျိုး၊ ရှုမှတ်ပွားများပြီး ကိုယ်တိုင်တွေ့ သိတဲ့ ဘာဝနာမယပညာက တမျိုး၊ ဒီလို သုံးမျိုးရှိပါတယ်။ သောတာပန်မှာ ဒီပညာ သုံးမျိုးလုံးနှင့် သိုက်သည်အားလျော်စွာ ပြည့်စုံနေပါတယ်။ အဲဒီမှာ သုတမယ

ပညာနှင့်သုတဟာ ထပ်တူဖြစ်နေပေမဲ့ သုတအရာမှာ ကြားနာရခြင်းကို ပဓာနပြုပြီးယူရမယ်၊ ပညာအရာမှာတော့ ထူးခြားတဲ့ အသိဉာဏ်ပညာကို ပဓာနပြုပြီး ယူရမယ်။

ဏ္ဍတ္တိယာ ပုရိသဿ ဝါ- မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ ယဿ- အကြင်ပုဂ္ဂိုလ်မှာ၊ ဧဒေ ဓနာ အတ္ထိ- ဤဥစ္စာခုနစ်ပါးတို့ ရှိကြလျှင်၊ တံ-ထိုပုဂ္ဂိုလ်ကို၊အဒလိဒ္ဒေါတိ- ဆင်းရဲနွမ်းပါးသူမဟုတ်- ချမ်းသာကြွယ်ဝသူ ဟူ၍၊ အာဟု- ဘုရား အစရှိသော ပညာရှိတို့က ဆိုကြပေသည်။ တဿ ဇီဝိတံ-ထိုပုဂ္ဂိုလ်၏ အသက်ရှင်ရခြင်းသည်၊ အမောဃံ-အချည်းနှီးမဟုတ်ဘဲ အကျိုးများလှပါပေသည် တဲ့။

သောတာပန်ပုဂ္ဂိုလ်အား ယခုပြောခဲ့တဲ့ အရိယာ သူတော်ကောင်းဥစ္စာ (၇) ပါးနှင့် ပြည့်စုံအောင် သောတာပတ္တိမဂ်က ပြုပေးပါတယ် တဲ့။ အဲဒါကို ''အရိယဥစ္စာ၊ ခုနစ်ဖြာ၊ ကောင်းစွာ ရစေသည်''လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကိုဆိုကြရမယ်။

(၅) အရိယဥစ္စာ၊ ခုနစ်ဖြာ၊ ကောင်းစွာရစေသည်။

## သုပ္ပဗုဒ္ဓ (လူနူ) ဝတ္ထု

အဲဒါနဲ့စပ်ပြီး သဒ္ဓါတရားစသည် တိုးပွားရအောင် သုပ္ပဗုဒ္ဓဝတ္ထုကို ထုတ်ဆောင်ပြီး ပြောရဦးမယ်။ မြတ်စွာဘုရား လက်ထက်တော် ကာလတုန်းက ရာဇဂြိုဟ်မြို့မှာ သုပ္ပဗုဒ္ဓဆိုတဲ့ ဆင်း

ရဲသား တယောက် ရှိခဲ့တယ်၊ သူဆင်းရဲပုံကတော့ အမိဝမ်းထဲ ပဋိသန္ဓေ နေကတည်းက ဆင်းရဲလာခဲ့တယ်၊ အမိ ဝမ်းတွင်းကတည်းက နူနာရောဂါ စွဲကပ်လာခဲ့တယ်၊ နှာခေါင်းနဲ့ နား ရွက်တွေ ပျက်စီး လာခဲ့တယ်၊ သူ့မိခင်လဲ သူ ပဋိသန္ဓေ နေကတည်းက စားစရာ မပြည့်စုံဘဲ ဆင်းရဲဒုက္ခ ရောက်လာခဲ့ရတယ်၊ မွေးဖွားပြီးတဲ့နောက်လဲ ဆင်းဆင်းရဲရဲနဲ့ သူ့ကို စောင့်ရှောက် လာခဲ့ရတယ်၊ ခွက်လက်ဆွဲပြီး တောင်းရမ်း စားနိုင်လောက်တဲ့ အရွယ်ရောက်တဲ့ အခါကျတော့ မိခင်ကလဲ သည်းမခံနိုင်တော့ဘူး၊ သူ့အား တောင်းရမ်းစားဘို့ ခွက်တခုပေးပြီး စွန့်ပစ်သွားတယ်၊ အဲဒီကလေးအရွယ်ကတည်းက စောင့်ရှောက်မည့်သူ မရှိဘဲ အလွန် ဆင်းရဲ ပင်ပန်းစွာနဲ့ တောင်းရမ်း စားသောက်ပြီး အသက်မွေး လာခဲ့ရတယ်၊ နေစရာလဲ သူ့မှာမရှိဘူး၊ မြို့ထဲက လမ်းဘေးတနေရာရာမှာ အိပ်ရတယ်၊ နူနာရောဂါကလဲ အပြင်းအထန် နှိပ်စက်လို့ အလွန် နာကျင်တဲ့အတွက် ညမှာလဲ ကောင်းကောင်း မအိပ်ရဘူး၊ ညည်းညူမြည်တမ်း နေရတယ်၊ အဲဒီညည်းညူမြည်တမ်းသံကြောင့် အနီးအပါးအိမ်များက သူတွေလဲ ကောင်းကောင်းမအိပ်ရဘူး၊ နိုးနေကြရတယ်၊ အဲဒီလိုဖြစ်ပုံကြောင့် သူ့ကို သုပ္ပဗုဒ္ဓ လို့ ခေါ်ကြတယ်၊ (သု–ကောင်းစွာ + ပဗုဒ္ဓ– နိုးစေတယ် = သုပ္ပဗုဒ္ဓ– ကောင်းစွာ နိုးစေလျက် အိပ်ရေးပျက်စေတဲ့ အကောင်လို့ ဆိုလိုပါတယ်။)

အဲဒီလို အတိဒုက္ခ ရောက်ရခြင်း၏ အကြောင်း ကတော့ သူဟာ တခုသောဘဝတုန်းက တဂရသိခီ အမည်ရှိတဲ့ ပစ္စေက–

ဗုဒ္ဓါကို“အနာကြီးရောဂါသည် အဝတ်ကိုရုံပြီး လှည့်လည်နေတဲ့ လူနူကြီးဟာ ဘယ်သူလဲ”လို့ ဆဲရေးပြီး ပြစ်မှားခဲ့ဘူးတဲ့ အကုသိုလ်ကံကြောင့်တဲ့၊ အဲဒီအကုသိုလ်ကံကြောင့် ငရဲကျပြီးတော့ ကြာမြင့်စွာ ဒုက္ခရောက်ခဲ့ရတဲ့ပြင် အဲဒီ ကံကြွင်းကြောင့် လူနူလူဆင်းရဲဖြစ်ပြီး ဒုက္ခရောက်နေရရှာပါသတဲ့။

တနေ့သောအခါမှာ မြတ်စွာဘုရားက ဆွမ်းခံကြွ၍ ဆွမ်းဘုဉ်းပေးပြီးနောက် မြို့ထဲတွင် သင့်လျော်တဲ့တနေရာမှာ ခေတ္တနေစဉ် ရဟန်းတော်များနှင့် ဆွမ်းလှူတဲ့ ဒါယကာတွေ လာရောက်ပြီးစုဝေးမိတဲ့အခါတရားတော်ကို ဟောကြားနေတော်မူတယ်၊ အဲဒီအခါ သုပ္ပဗုဒ္ဓ-က အရပ်ထဲလှည့်ပြီး တောင်းရမ်းနေယင်း လူထုပရိသတ်ကို တွေ့မြင်ရတော့ စားစရာဝေငှနေတယ်ထင်ပြီး တောင်းခံဘို့ရာ ချဉ်းကပ်လာတယ်၊ ချဉ်းကပ်မိတဲ့အခါမှာ မြတ်စွာဘုရားရှင်၏ တရားသံကို ကြားနာရပြီးတော့ အစွန်အဖျားကပင် ထိုင်ပြီး ရိုသေစွာ တရားနာနေတယ်။ အဲဒီအခါ မြတ်စွာဘုရားက သုပ္ပဗုဒ္ဓ၏ ဥပနိဿယကို သိတော်မူတဲ့အတွက် သူနဲ့ သင့်လျော်တဲ့တရားကို ဟောတော်မူပါတယ်၊အဲဒီတရားကို နာနေယင်း နှလုံးသွင်းရှုသိပြီး ဝိပဿနာဉာဏ်အစဉ်ဖြင့် သောတာပတ္တိမဂ်ဖိုလ်ကို ရောက်ပြီး သုပ္ပဗုဒ္ဓဟာ သောတာပန် ဖြစ်သွားပါသတဲ့။

သုပ္ပဗုဒ္ဓ သောတာပန် ဖြစ်ရမှာ ပဓာနအကြောင်းက ၂-ခုရှိတယ်၊ တခုက မဂ်ဖိုလ်ရနိုင်လောက်တဲ့ ပါရမီဥပနိဿယပါဘဲ၊ အခြားတခုကတော့ ဆင်းရဲအကြောင်းပြုပြီး သံဝေဂစိတ်

ဖြင့် တရားကို ရှိရှိသေသေနာပြီး ရှိရှိသေသေ တရားကို နှလုံးသွင်းတာပါဘဲ။ လူတွေဟာ ချမ်းသာနေယင် အများအားဖြင့် သံဝေဂစိတ်မဖြစ်ပဲရှိတတ်တယ်၊ တရားနဲ့စပ်ပြီး သဒ္ဓါတရားလဲ မထက်သန်ပဲရှိနေတတ်တယ်၊ သုပ္ပဗုဒ္ဓမှာတော့ စားရမဲ့ သောက်ရမဲ့ဖြစ်နေတာကတကြောင်း၊ နူနာရောဂါ အနှိပ်စက်ခံနေရတာက တကြောင်း၊ ဒီဆင်းရဲဒုက္ခရောက်နေတဲ့ အကြောင်း၂-ပါး ကြောင့် သံဝေဂရပြီး သဒ္ဓါတရား ထက်သန်စွာဖြစ်တယ်၊ ဒါကြောင့် တရားကို ရှိရှိသေသေ နာယူနှလုံးသွင်းပြီး တရားနာနေစဉ်မှာဘဲ သောတာပတ္တိမဂ်ဖိုလ်ကိုရသွားတယ်။အဲဒီလို တရားထူးရပြီးတော့ မိမိရထားတဲ့ တရားထူးကို မြတ်စွာဘုရားအား လျှောက်ထားချင်တယ်၊ ဒါပေမဲ့ လူထုပရိသတ်ကြီးထဲ မဝင်ဝံ့တာနဲ့ မြတ်စွာဘုရားကျောင်းသို့ ပြန်ကြွသွားတဲ့အခါ လျှောက်ထားရန် မြတ်စွာဘုရား၏ ကျောင်းတော်သို့ လိုက်သွားတယ်။

အဲဒီအခါ သိကြားမင်းကစုံစမ်းလိုတဲ့အတွက် လမ်းခုလတ်က ဆီးကြိုပြီး သုပ္ပဗုဒ္ဓအား မိမိ၏ တန်ခိုး အရှိန် အဝါ များကိုလဲ ပြပြီး ဒီလိုပြောတယ်၊ "ဟေ့ သုပ္ပဗုဒ္ဓ, သင်ဟာ အင်မတန် ဆင်းရဲတယ်၊ ငါပြောတဲ့စကားကို လိုက်နာပြီး ပြုကျင့်ယင် သင့်အား ငါက မစ,မယ်၊ သင့်ရောဂါကိုလဲ ပျောက်စေမယ်၊ စည်းစိမ်ဥစ္စာတွေကိုလဲပေးမယ်"လို့ ပြောပြီးတော့ "ဂေါတမ ဘုရားဟာ ဗုဒ္ဓ-ဘုရားမဟုတ်ဘူး၊ဂေါတမဘုရားဟောတဲ့ဘုရား ဟာလဲ တရားအစစ်မဟုတ်ဘူး၊ ဂေါတမဘုရား၏ တပည့်သံဃာ ဟာလဲ သံဃာအစစ်မဟုတ်ဘူး၊ ငါဟာ ဂေါတမဘုရားဖြင့်

အလိုမရှိ၊ တရားဖြင့် အလိုမရှိ၊ သံဃာဖြင့် အလိုမရှိဘူး-လို့ ကြေငြာပြောဆိုပါ၊ အဲဒီလို ကြေငြာပြောဆိုယင် သင့်အား အတိုင်းမသိ များစွာသောဥစ္စာကို ပေးမယ်''လို့ သိကြားမင်းက ပြောတယ်။

ခင်ဗျားက ဘယ်သူလဲလို့ သုပ္ပဗုဒ္ဓ-က မေးတယ်။ ငါက သိကြားမင်းဘဲ လို့ သိကြားက ဖြေကြားတယ်။ ဒီတော့ သုပ္ပဗုဒ္ဓ-က—

''ခင်ဗျားဟာ သိကြားမင်းဆိုပေမဲ့ မပြောသင့်တာတွေကို ပြောတယ်၊ အန္ဓဗာလ-မိုက်ကန်းတဲ့သူ၊ အဟိရိက-အရှက်မဲ့တဲ့ သူဘဲ၊ ကျွန်ုပ်နှင့် စကားပြောဘို့တောင် မထိုက်တန်ပါဘူး၊ နောက်ပြီးတော့ ခင်ဗျားက ကျွန်ုပ်ကို အင်မတန်ဆင်းရဲတဲ့သူလို့ ဆိုတယ်၊ ကျွန်ုပ်ဟာ မြတ်စွာဘုရား၏ ဩရသပုတ္တ-သားတော် အစစ်ဖြစ်ပါတယ်၊ လူဆင်းရဲ လူမွဲမဟုတ်ပါ၊ သဒ္ဓါ, သီလ, ဟိရိ,ဩတ္တပ္ပ,သုတ,စာဂ,ပညာဆိုတဲ့ အရိယာ သူတော်ကောင်း ဥစ္စာ(၇)ပါးတို့နှင့် ပြည့်စုံတဲ့သူကို ဆင်းရဲသူမဟုတ် ချမ်းသာ ကြွယ်ဝသူလို့ ဘုရားအစရှိသော ပညာရှိတို့က မိန့်ဆိုတော်မူကြ ပါတယ်၊အဲဒီ အရိယာသူတော်ကောင်းဥစ္စာ(၇)ပါး ကျွန်ုပ်မှာ ရှိနေပါတယ်''လို့ ချေပပြောဆိုလိုက်ပါသတဲ့။

သိကြားမင်းက မြတ်စွာဘုရားထံ အယင်သွားရောက်ပြီးအဲဒီ အကြောင်းအရာများကို လျှောက်ထားတယ်။အဲဒီတော့ မြတ်စွာ ဘုရားက သုပ္ပဗုဒ္ဓကို ဘုရားမဟုတ် စသည်ဖြင့် ယူဆစေရန်

ပြောဆိုစေရန် သင်သိကြားမင်းလို နတ်တွေ တရာလဲ မဖြား ယောင်းနိုင်ဘူး၊ တထောင်လဲ မဖြားယောင်းနိုင်ဘူး”လို့မိန့်တော် မူလိုက်ပါတယ်။ အဲဒါဟာ တရားအစစ်အမှန်ကို တကယ်တွေ့သိ ထားပြီးဖြစ်လို့ပါဘဲ။ သုပ္ပဗုဒ္ဓလဲ မြတ်စွာဘုရားထံ သွားရောက် ပြီးတော့ သူ့ ရ-သိထားတဲ့ တရားဂုဏ်များကို လျှောက်ထား တယ်။ မြတ်စွာဘုရားကလဲ သင့်လျော်တဲ့တရားစကားကို ဟော ကြားတော်မူပါတယ်၊ အဲဒီတရားစကားကို ရှိသေစွာနာယူပြီး မြို့ဆီသို့ ပြန်လာတဲ့အခါ—

အစိရပက္ကန္တံ-ဘုရားထံမှပြန်လာစဉ် မကြာမီပင်၊ သုပ္ပဗုဒ္ဓိံ ကုဋ္ဌိံ-သုပ္ပဗုဒ္ဓဆိုတဲ့ လူနူကို၊ ဂါဝီ တရုဏဝစ္ဆာ-သားငယ်ရှိသော နွားမသည်၊ အဓိပတိတွာ-ဝှေ့၍၊ ဇီဝိတာ ဝေါရောပေသိ- အသက်မှ ကျစေ-သေစေသည်-လို့ ဥဒါန်းပါဠိမှာ ပြဆိုထား ပါတယ်။ ဒီပါဠိအရဆိုယင် နွားမဝှေ့သတ်လို့ သေတာပါဘဲ။

အဋ္ဌကထာများမှာတော့ တခုသောဘဝတုန်းက သေဋ္ဌေး သား လေးယောက်ဟာ အခစားလိုက်တဲ့ မိန်းမတယောက်ကို ဆိတ်ကွယ်တဲ့အရပ်သို့ ခေါ်လာခဲ့ပြီး ကာမဂုဏ်ဖြင့် ပျော်ပါး ကြတယ်၊ ပျော်ပါးပြီးတော့ အဲဒီမိန်းမကိုသတ်ပြီး သူ့လက်ဝတ် လက်စားပစ္စည်းတွေကို ယူကြတယ်၊ အဲဒီတော့ အဲဒီ မိန်းမက "တယ်ဆိုးတဲ့လူတွေဘဲ၊ ငါ့ကိုလဲခေါ်လာပြီး ပျော်ပါးကြတဲ့ အပြင် ငါ့ကိုသတ်ပြီး ပစ္စည်းဥစ္စာတွေကိုလဲ ယူကြသေးတယ်၊ သူတို့က ငါ့ကို ဒီတကြိမ်သတ်တာရှိပါစေတော့၊ နောက်နောက်

ဘဝတွေမှာ ငါက ဘီလူးမဖြစ်ပြီး သူတို့ကို အကြိမ်များစွာ သတ်ချပါစေ''လို့ ဆုတောင်းသွားသတဲ့၊ အဲဒီဆုတောင်းအတိုင်း အဲဒီသူလေးယောက်ကို အဲဒီမိန်းမက ဘီလူးမအဖြစ်နဲ့ အကြိမ်ပေါင်းများစွာ လိုက်သတ်နေပါသတဲ့။

ဘုရားလက်ထက်က နောက်ဆုံးဘဝမှာလဲ ပုက္ကုသာတိရယ်, ဒါရုစီရိယရယ်,တမ္ဗဒါဌိကရယ်,သုပ္ပဗုဒ္ဓရယ် ဒီလေးဦးဟာ အဲဒီ သေဌေးသား လေးယောက်က ဖြစ်လာတဲ့သူတွေလို့ ဆိုပါတယ်၊ အဲဒီလေးဦးကို ဝေ့သတ်တဲ့ နွားမဟာလဲ ဟိုတုန်းက အသတ်ခံရတဲ့မိန်းမက ဖြစ်လာတဲ့ ဘီလူးမဘဲလို့လဲ ဆိုပါတယ်၊ အဲဒီ ဘီလူးမက ရန်ငြိုးရှိခဲ့တဲ့အတွက် နွားမယောင် ဖန်ဆင်းပြီး ဝေ့သတ်တယ်လို့လဲ ဆိုပါတယ်။အဲဒီ အဋ္ဌကထာအဆိုကို ယခုခေတ်လူငယ်တွေ တချို့က သဘောမကျဘဲရှိကောင်းရှိကြပေလိမ့်မယ်။ အဲဒီလို သဘောမကျယင် ဘီလူးမက နွားမကိုယ်မှာ ပူးကပ်ပြီး ဝေ့သတ်တယ်လို့လဲ ယူနိုင်ပါတယ်၊ အဲဒါကိုလဲ သဘောမကျနိုင်ယင်တော့ ပါဠိတော်မှာ ရှိရင်းအတိုင်း နွားမကဘဲ ဝေ့သတ်တယ်လို့ ယူရုံရှိတာဘဲ။

ဒီနေရာမှာ အထူးသတိပြုစရာအချက်တခုရှိပါတယ်၊ ဘာလဲဆိုတော့—ရန်ငြိုးထားပြီး လက်စားချေရန် ဆုတောင်းတာဟာ မိမိအတွက် အကျိုးမဲ့ နစ်နာဘို့သာ ဖြစ်တယ် ဆိုတာပါဘဲ၊ ဟိုအသတ်ခံရတဲ့ မိန်းမဟာ ရန်ငြိုးဖွဲ့ပြီး လက်စားချေဘို့ ဆုတောင်းခဲ့တယ်၊ ဘုရားလက်ထက်တော်က နောက်ဆုံးအကြိမ်

ကျတော့ ရဟန္တာဖြစ်တဲ့ အရှင်ဒါရုစီရိယကို သတ်ရတယ်။ အလွန် အပြစ်ကြီးမှာပေါ့။ အနာဂါမ်ဖြစ်တဲ့ ပုက္ကုသာတိကိုလဲ သတ်ရတယ်၊ ဒါလဲ အပြစ်ကြီးမှာဘဲ။ တမ္ဗဒါဌိက ဆိုတာကတော့ ဝိပဿနာဉာဏ်လောက်သာရတဲ့ ပုထုဇဉ်ပါဘဲ၊ အဲဒီ တမ္ဗဒါဌိကကို သတ်တာလဲ သာမန်ပုထုဇဉ်သတ်တာထက်တော့ အပြစ်ကြီးမှာဘဲ။ သေသွားရတဲ့သူတွေမှာတော့ ဘာမှ မနစ်နာလှပါဘူး၊ဒါရုစီရိယ-က ပရိနိဗ္ဗာန်စံသွားတယ်၊ ပုက္ကုသာတိ-က သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံကို ရောက်သွားတယ်၊ တမ္ဗဒါဌိက-က တုသိတာနတ်ပြည်ရောက်သွားတယ်။ ယခုပြောနေတဲ့ သုပ္ပဗုဒ္ဓဟာလဲ သောတာပန်ဘဲ၊ သောတာပန်သတ်တာလဲ အပြစ်ငယ်လှမယ် မဟုတ်ဘူး။ သုပ္ပဗုဒ္ဓဘက်ကနေကြည့်ယင် အမြတ်ထွက်တယ်လို့တောင် ဆိုနိုင်ပါသေးတယ်။

ဘာကြောင့်လဲဆိုတော့ သုပ္ပဗုဒ္ဓဟာ စားဝတ်နေရေးအတွက် ဆင်းရဲသည့်ပြင် နူနာရောဂါက အကြီးအကျယ် နှိပ်စက်နေတဲ့အတွက်လဲ အလွန်ပင် ဆင်းရဲနေပါတယ်၊ နွားမကဝှေ့သတ်လို့ စုတိစိတ်ဖြင့် သေသွားသည်နှင့် တပြိုင်နက် တာဝတိံသာ နတ်ပြည်မှာ ဘုံဗိမာန် နတ်သမီးများစွာ အခြွေအရံတွေနှင့်တကွ အိပ်ရာမှ နိုးလာတဲ့လူလိုပင် နတ်သားကြီး ဖြစ်သွားတယ်၊ ရှေးဘဝမှ စုတိ ဆိုတဲ့ နောက်ဆုံး စိတ်ပြတ် သွားသည်နှင့် တပြိုင်နက် ပဋိသန္ဓေစိတ် ဆိုတဲ့ နတ်ဘဝ၌ အစဆုံးစိတ်ဖြင့် နတ်ဖြစ် သွားတာဟာ တစက္ကန့်လောက်တောင် မကြာခင် ပြောင်းလဲသွားတာဘဲ၊ ရှေးဘဝက ရုပ်ပျက်ဆင်းပျက် နူနာ

ရောဂါတွေလဲ ဘာမှမရှိတော့ဘူး၊ လူ့ရုပ်ကိုယ် အယုတ်အညံ့ ထဲမှ နတ်ရုပ်ကိုယ် အမြင့်အမြတ်ထဲ ဝင်ရောက်ပြီး ဖြစ်ရသလိုပင် ချက်ခြင်းဘဲ ချမ်းသာသွားတယ်၊ ဒါပေမဲ့ အများက ထင်ကြ သလို လူ့ဘဝ အသက်ကောင်က နတ်ဘဝကိုယ်ထဲ ဝင်ရောက် သွားတာတော့ မဟုတ်ပါဘူး၊ လူ့ဘဝက စုတိစိတ် ချုပ်ဆုံး သွားတာနဲ့ နတ်ဘဝ ပဋိသန္ဓေစိတ်အသစ် ဖြစ်သွားတာပါဘဲ။ အကယ်၍သာ နွားမက မဝှေ့သတ်ယင် သုပ္ပဗုဒ္ဓဟာ လူ့ဘဝမှာ ဆင်းဆင်းရဲရဲနဲ့ နေရဘို့ရှိပါတယ်၊နွားမကဝှေ့သတ်လိုက်တော့ အဲဒီ လူ့ဘဝ ဆင်းရဲတွေမှ တခဏကလေး အတွင်းမှာဘဲ လွတ်မြောက် သွားတယ်။ ဒါကြောင့် သုပ္ပဗုဒ္ဓဘက်ကနေ ကြည့်ယင် အမြတ်ထွက်တယ်လို့ ဆိုနိုင်တဲ့အကြောင်း ပြောခဲ့ ပါတယ်။ အဋ္ဌကထာများမှာလဲ အလွန်ယုတ်ညံ့တဲ့ သူ့ကိုယ်နဲ့ သောတာပန်အဖြစ်ဟာ မသင့်လျော်တဲ့အတွက် မြန်မြန်သေဘို့ အကြောင်းပေါ်လာရတဲ့သဘောကို ပြဆိုထားကြပါတယ်။

## သုပ္ပဗုဒ္ဓ လူနူ၏ နတ်ဖြစ်ကြောင်းကုသိုလ်ကံ

ဒီနေရာမှာ စဉ်းစားစရာအချက်တခုရှိတယ်၊ ဘာလဲဆိုတော့ သုပ္ပဗုဒ္ဓဟာ စောစောပိုင်းက ပြောလောက် ဆိုလောက် ဘာကုသိုလ်မှ ရှိခဲ့ပုံမရဘူး။ နတ်ပြည်၌ဖြစ်ရတာ ဘယ်ကုသိုလ် ကြောင့်လဲ လို့ စဉ်းစားစရာရှိပါတယ်။ အဲဒီ အကြောင်းကို မြတ်စွာဘုရားရှင်က ဒီလို ဟောကြားတော်မူခဲ့ပါတယ်။

သော - ထိုသုပ္ပဗုဒ္ဓသည်၊ တထာဂတပ္ပဝေဒိတံ— ဘုရားရှင်ဟောကြားအပ်သော၊ ဓမ္မဝိနယံ-တရားဝိနည်းဟူသော သာသနာတော်ကို၊ အာဂမ္မ–လာရောက်စွဲမှီ၍၊ သဒ္ဓံ သမာဒိယိ–သဒ္ဓါကို ခံယူဆောက်တည်ခဲ့ပြီ၊ ဝါ-သဒ္ဓါကိုပြည့်စုံစေခဲ့ပြီ၊ သီလံ သမာဒိယိ-သီလကို ပြည့်စုံစေခဲ့ပြီ၊ သုတံ သမာဒိယိ-သုတကို ပြည့်စုံစေခဲ့ပြီ၊ စာဂံ သမာဒိယိ–စာဂကို ပြည့်စုံစေခဲ့ပြီ၊ ပညံ သမာဒိယိ-ပညာကို ပြည့်စုံစေခဲ့ပြီ။ သော- ထိုသုပ္ပဗုဒ္ဓသည်၊ တထာဂတပ္ပဝေဒိတံ ဓမ္မဝိနယံ အာဂမ္မ- ဘုရားရှင်ဟောကြားအပ်သော သာသနာကိုစွဲမှီ၍၊ သဒ္ဓံ သမာဒိယိတွာ သီလံ သုတံ စာဂံ ပညံ သမာဒိယိတွာ-သဒ္ဓါ သီလ သုတ စာဂပညာကိုပြည့်စုံစေပြီး၍၊ ကာယဿ ဘေဒါ ပရံ မရဏာ-ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှနောက်၌၊ သုဂတိံ သဂ္ဂံ လောကံ- သုဂတိနတ်ပြည်လောကသို့- ဥပပန္နော-ကပ်ရောက်၍ဖြစ်လေသည် တဲ့။

အဲဒါဟာ မြတ်စွာဘုရား ဟောထားတဲ့ ဥဒါန်းပါဠိတော် (၁၃၆)ပါတဲ့။အဲဒီမှာ သဒ္ဓါတရားပြည့်စုံစေပုံစသည်ကို အဋ္ဌကထာကဒီလိုဖွင့်ပြထားပါတယ်“ဘုရားရှင်ဟာ သမ္မာသမ္ဗုဒ္ဓဘုရားအစစ်ပဲ၊ တရားတော်ဟာသွာက္ခာတ တရားအစစ်ပဲ၊ သံဃာတော်ဟာ သုပ္ပဋိပန္နဂုဏ်နှင့်ပြည့်စုံတဲ့သံဃာတော်အစစ်ပဲ”လို့ယုံကြည်တဲ့ရှေးအဖို့သဒ္ဓါနှင့် လောကုတ္တရာသဒ္ဓါဆိုတဲ့သဒ္ဓါတရားနှစ်ပါးကို အပြီးအပိုင်ကောင်းစွာ ခံယူခဲ့ပြီ၊မိမိ၏ စိတ်အစဉ်သန္တာန်၌ဖြစ်စေခဲ့ပြီ။သီလ-ဟူရာ၌ ရှေးအဖို့သီလနှင့်တကွ မဂ်သီလ ဖိုလ်သီ-

လကို ဖြစ်စေခဲ့ပြီ။ သုတ-ဟူရာ၌ ပရိယတ္တိသုတနှင့် ပဋိဝေဓသုတ ၂-ပါးလုံးကို ပြည့်စုံစေခဲ့ပြီ။ ပရိယတ္တိသုတကို တရားနာစဉ်က ပြည့်စုံစေခဲ့သည်။ စာဂဟူရာ၌ သောတာပတ္တိမဂ်ဖြင့် ပယ်သတ်အပ်သော ကိလေသာနှင့် အဘိသင်္ခါရတို့ကို ပယ်စွန့်ခြင်းပင် ဖြစ်သည်၊ ယင်းတို့ကို ပယ်လိုက်သဖြင့် အရိယာပုဂ္ဂိုလ်တို့သည် လူ့ဘုံ၌ယ်ဝတ္ထုတို့၌ ငြိတွယ်ခြင်းမရှိဘဲ လွတ်လွတ်ပေးလှူနိုင်ကြပေသည်၊ (ဤအဖွင့်ဖြင့် သုပ္ပဗုဒ္ဓမှာ ပေးလှူမှု မရှိသော်လဲ ပေးလှူနိုင်ကြောင်းနှင့်ပြည့်စုံနေသောကြောင့် စာဂနှင့်လဲ ပြည့်စုံသည်ဟု ဆိုအပ်ကြောင်း ပြဆို၏) ပညာဟူရာ၌ ဝိပဿနာပညာနှင့် မဂ်ပညာ ဖိုလ်ပညာကို ပြည့်စုံစေခဲ့ပြီဟု ဆိုလိုပါသတဲ့။

အဲဒီ ပါဠိနှင့်အဋ္ဌကထာတို့မှာ ပြဆိုထားတဲ့ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ ဆိုတဲ့ တရားငါးပါးဟာ သုပ္ပဗုဒ္ဓ၏နတ်ဖြစ်ကြောင်း ကုသိုလ်ကံတွေပါဘဲ။ ဒါပေမဲ့- မဂ်ဖိုလ်သဒ္ဓါ စသည်တွေကတော့ ဘဝကိုဖြစ်စေတတ်တဲ့ တရားများ မဟုတ်ကြဘူး၊ ချုပ်သာချုပ်စေတတ်တဲ့ တရားများ ဖြစ်ကြတယ်။ ဒါကြောင့် မဂ်ကုသိုလ်ကို အဘိဓမ္မာ၌ အပစယဂါမီ တရားလို့ ဟောတော်မူထားပါတယ်။ လောကီ သဒ္ဓါ စသည်တွေထဲမှာလဲ သဒ္ဓါကြောင့် နတ်ဖြစ်ရသလား စသည်ဖြင့် စိစစ်စရာ ရှိပါတယ်၊ သဒ္ဓါကြောင့်ဆိုယင်လဲ ဘုရားကြည်ညိုတဲ့ သဒ္ဓါကြောင့်လား၊ တရားသံဃာကို ကြည်ညိုတဲ့ သဒ္ဓါကြောင့်လား စသည်ဖြင့် စိစစ်စရာ ရှိပါတယ်။

ဘုန်းကြီးသဘောကျတာကတော့ သဒ္ဓါစသည် အထောက်အပံ့များနှင့်တကွ ဝိပဿနာ ကုသိုလ်ကြောင့် သုပ္ပဗုဒ္ဓနတ်ဖြစ်ရတယ်လို့ဆိုချင်ပါတယ်။ ဘာကြောင့်တုန်းဆိုယင် ကာမာဝစရကုသိုလ်တွေထဲမှာ ဝိပဿနာကုသိုလ်ဟာ အမြင့်အမြတ်ဆုံး၊အားအကြီးဆုံး ဖြစ်တဲ့အတွက်ကြောင့်ပါဘဲ။ "ဝိပဿနာကုသိုလ်ဟာ ဘဝဆင်းရဲကို ချုပ်စေတတ်တယ်မဟုတ်ပါလား" လို့ မေးစရာရှိပါတယ်။ ဝိပဿနာကုသိုလ်က ဘဝဆင်းရဲကို ချုပ်စေတာမှန်ပါတယ်။ ဒါပေမဲ့- သူချုပ်စေပုံက ဒီလိုပါ၊ ရှုမှတ်ပြီး အနိစ္စ ဒုက္ခ အနတ္တ အနေဖြင့် အမှန်အတိုင်းသိရတဲ့ အာရုံတွေမှာ နိစ္စ သုခ အတ္တ အနေဖြင့် စွဲလမ်းတဲ့ ကိလေသာ မဖြစ်နိုင်တော့ဘူး၊ အဲဒါဟာ အာရမ္မဏာနုသယ ဆိုတဲ့ကိလေသာကို ဝိပဿနာဉာဏ်ကုသိုလ်က ချုပ်စေတာပါဘဲ၊ နောက်ပြီးတော့ အဲဒီကိလေသာမှ ဆက်ပြီးဖြစ်မည့် ကုသိုလ်ကံ အကုသိုလ်ကံလဲ မဖြစ်ရတော့ဘူး။ အဲဒီကံများမှ ဆက်ပြီးဖြစ်မည့် ဘဝတွေလဲ မဖြစ်ရတော့ဘူး၊ အဲဒါတွေဟာ ကံနှင့်ဘဝတွေကို ဝိပဿနာက ချုပ်စေတာပါဘဲ။ အဲဒီ ချုပ်ငြိမ်းသွားကြတဲ့ ကိလေသာတွေ၊ ကံနှင့်ဘဝတွေဟာ ဝိပဿနာဉာဏ်ဖြင့် အမှန်အတိုင်းသိရတဲ့ အာရုံကို အကြောင်းပြုပြီး မဖြစ်ရတော့ဘဲ ချုပ်သွားကြတာတွေသာ ဖြစ်ပါတယ်။ ဝိပဿနာကုသိုလ်ထဲမှာ ပါဝင်တဲ့ကုသိုလ်စေတနာကြောင့် ဖြစ်မည့် သုဂတိဘဝတွေကိုတော့ မချုပ်စေနိုင်ပါဘူး၊ ဒါကြောင့် ဝိပဿနာ ကုသိုလ်တရားတွေကိုလဲ အဘိဓမ္မာ၌ အာစယဂါမီတရား- (အာစယမည်တဲ့ စုတိပဋိသန္ဓေ ဂတိ ပဝတ္တ ဘဝသို့ ရောက်စေတတ်သောတရား)လို့ ဟောတော်မူထားပါတယ်။

## ဂေါတြဘူ ကုသိုလ်ကတောင် ဘဝကို ဖြစ်စေနိုင်သေး၏

နောက်ပြီးတော့ ပဋ္ဌာန်းပါဠိတော်(ဒု-၃၇၅)မှာ "မဂ်ဖိုလ် နိဗ္ဗာန်ဆိုတဲ့ အပ္ပမာဏတရားကို အာရုံပြုတဲ့ ကုသိုလ်စေတနာက ကာမကို အာရုံပြုတဲ့ ဝိပါက်ခန္ဓာတို့အား ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုတယ်" လို့ ဟောထားပါတယ်။ အဲဒီမှာ အဋ္ဌကထာ (၄၀၉)က "အပ္ပမာဏကို အာရုံပြုတဲ့စေတနာ"ဆိုတာ ဂေါတြဘူ စေတနာ, ပစ္စဝေက္ခဏာ စေတနာကိုယူရမယ်လို့ ဖွင့်ပြထား ပါတယ်။ဒီပဋ္ဌာန်းပါဠိ အဋ္ဌကထာတို့အရအားဖြင့် "သုပ္ပဗုဒ္ဓဟာ ဝိပဿနာ ကုသိုလ်ထဲက အမြတ်ဆုံးဖြစ်တဲ့ ဂေါတြဘူ စေတနာ ကြောင့် နတ်ပြည်၌ ဖြစ်ရတယ်"လို့ ယူယင် အသင့်မြတ်ဆုံး ဖြစ်ဖွယ်ရှိပါတယ်။

အဲဒီ သုပ္ပဗုဒ္ဓနတ်သားဟာ တာဝတိံသာ နတ်ဘဝ ရောက် တော့ သာသနာပ ကုသိုလ်ကြောင့် ဖြစ်နေနှင့်ကြတဲ့ နတ်တွေ ထက် ဘုန်းတန်ခိုးကြီးနေပါသတဲ့၊ ကိုယ်ရောင်ကိုယ်ဝါ အဆင်း အားဖြင့်လဲ အဲဒီအခြားနတ်တွေထက် သာနေတယ်၊ အခြွေအရံ စည်းစိမ်ချမ်းသာ စသည်ဖြင့်လဲ သာနေပါသတဲ့။ ဒါကြောင့် အဲဒီအခြားနတ်တွေက သူ့ကို မနာလိုဖြစ်ပြီး ရှုတ်ချပြောဆိုကြ တယ်၊ ဒီ သုပ္ပဗုဒ္ဓဟာ လူ့ဘဝတုန်းက အလွန်ဆင်းရဲပြီး အောက် တန်းကျတဲ့ လူနူ လူစုတ် လူနုတ်ကလေးဘဲ၊ ယခုတော့ သူက ငါ တို့ထက် သာနေတယ်စသည်ဖြင့် ရှုတ်ချပြောဆိုကြပါသတဲ့။ အဲဒီ လို ပြောဆိုကြတာကို အကြောင်းပြုပြီးတော့ သိကြားမင်းက

အဲဒီနတ်သားတွေအား သတိပေးတရားစကား ပြောကြားပါတယ်၊ အချင်းနတ်တို့ သုပ္ပဗုဒ္ဓနတ်အား မနာလိုပြီးမရှုတ်ချကြနဲ့၊ သူဟာ လူ့ဘဝတုန်းက မြတ်စွာဘုရားသာသနာတော်မှာ သဒ္ဓါတရားကို ဖြစ်ပွားစေခဲ့တယ်၊ သီလ သုတ စာဂ ပညာကို ဖြစ်ပွားစေခဲ့တယ်၊ အဲဒီလိုဖြင့်ပွားစေခဲ့တဲ့ သူ့ကံကြောင့် တန်ခိုးကြီးတဲ့ နတ်ဖြစ်လာတာဘဲ၊ သူ့အား မနာလိုမရှိကြနဲ့ စသည်ဖြင့် ဟောကြားပါသတဲ့။

ဒီ သုပ္ပဗုဒ္ဓ၏ ဝိပဿနာကုသိုလ်ကြောင့် ထူးခြားတဲ့ တန်ခိုးကြီး နတ်ဖြစ်ပုံကို ဆင်ခြင်ကြည့်လျှင် ဝိပဿနာကုသိုလ်ကို ပွားများ အားထုတ်နေကြရတာဟာ အလွန်ပင် အားတက်ဖွယ် ဝမ်းမြောက်ဖွယ် ကောင်းပါတယ်။

ယခုပြောခဲ့တဲ့ သုပ္ပဗုဒ္ဓဟာ စားစရာလဲ မရှိ၊ ဝတ်စရာလဲမရှိ၊ နေစရာလဲမရှိ၊ ကူညီစောင့်ရှောက်မည့်သူလဲမရှိ၊အပေါင်းအဖော် မိတ်ဆွေလဲမရှိ၊ နူနာကလဲ စွဲကပ်နေတယ်၊ အဆင်းရဲဆုံးလူပါဘဲ၊ သူ့ထက်ဆင်းရဲတဲ့လူတော့ ရှိမှာမဟုတ်ပါဘူး၊ ဒါပေမဲ့-မြတ်စွာဘုရား၏ တရားကိုနာယင်း နှလုံးသွင်းရှုမှတ်ပြီး သောတာပတ္တိမဂ်ဖိုလ်ကို ရသွားတဲ့ အခါကျတော့ သောတာပတ္တိမဂ်၏ အစွမ်းကြောင့် သဒ္ဓါ သီလ အစရှိသော အရိယာဥစ္စာ(၇)ပါးနှင့်ပြည့်စုံသွားတယ်၊ အဲဒီလို ပြည့်စုံသွားတဲ့အတွက် သေသည်၏အခြားမဲ့မှာ (မဂ်ဖိုလ်ရပြီးနောက် တနာရီလောက်အတွင်း ရှိမှာပေါ့၊ အဲဒီအခါ) တာဝတိံသာနတ်ပြည်၌ တန်ခိုးကြီးပြီး ချမ်းသာ-

ကြွယ်ဝတဲ့နတ်ဖြစ်သွားတယ်။ အဲဒါဟာ “အရိယာဥစ္စာ၊ ခုနစ်ဖြာ၊ ကောင်းစွာရစေသည်”လို့ ဆိုတဲ့အတိုင်း သောတာပတ္တိမဂ်က အရိယဥစ္စာ(၇)ပါးနှင့် ပြည့်စုံတဲ့အတွက်ကြောင့်ပါဘဲ။

## ဗြဟ္မာမင်းကြီး ဖြစ်ရတာထက်တောင် မြတ်သေးတယ်

သောတာပန် ဖြစ်ရတာဟာ ဗြဟ္မာမင်းကြီး ဖြစ်ရတာထက်တောင် မြတ်တဲ့အကြောင်း မြတ်စွာဘုရားက ဒီလိုဟောတော်မူပါတယ်။

ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ။
သဗ္ဗ လောကာဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။

သောတာပတ္တိဖလံ- သောတာပန်အဖြစ် သောတာပတ္တိဖိုလ်သည်၊ ပထဗျာ ဧကရဇ္ဇေန- တမြေထောင်လုံးကို အစိုးရတဲ့ စကြာဝတေးမင်း(အဖြစ်) စည်းစိမ် ချမ်းသာထက်လဲ၊ ဝရံ- သာလွန် ကောင်းမြတ်လှပေ၏။ သဂ္ဂဿ ဂမနေန ဝါ- နတ်ပြည် ဗြဟ္မာ့ပြည်သို့ ရောက်ရသည်ထက်လဲ၊ ဝရံ-သာလွန်ကောင်းမြတ်လှပေ၏။ သဗ္ဗလောကာဓိပစ္စေန ဝါ- တလောကလုံးကို အစိုးရတဲ့ မဟာဗြဟ္မာမင်းကြီးအဖြစ်ထက်လဲ၊ ဝရံ- သာလွန်ကောင်းမြတ်လှပေ၏ တဲ့။

ဒီ ဂါထာ၏ အနက်အဓိပ္ပါယ် အကျယ်နှင့် ဆိုင်ရာ ဝတ္ထုကြောင်းကိုတော့ နိဗ္ဗာန်ဆိုင်ရာတရားတော် စာအုပ် (၂၅၃)မှာ

ကြည့်ရှုနိုင်ပါတယ်။ ဒီကနေ့ အချိန်ကုန်သွားပါပြီ၊ သောတာပတ္တိမဂ်ဂုဏ်တွေကတော့ ပြောစရာ ကျန်ပါသေးတယ်၊ အဲဒါတွေကို နောက်တကြိမ်ကျမှ ဆက်ဟောရမယ်။ ဒီကနေ့ဟောခဲ့တဲ့ သောတာပတ္တိမဂ်၏ ဂုဏ်ဆောင်ပုဒ်တွေကိုဆိုပြီး တရားသိမ်းကြရမယ်။ ကဲ-ဆိုကြရမယ်။

(၁) သောတာမဂ်ညဏ်၊ ထူးခြားဟန်၊ ထုတ်ပြန်ဤသို့ ဖော်ပြသည်။

(၂) မပယ်ဘူးမြဲ၊ ကိလေခဲ၊ ဖေါက်ခွဲပယ်ခွင်းသည်။

(၃) အဆုံးမထင်၊ ဝဋ်ရေယဉ်၊ ကင်းစင် ခြောက်စေသည်။

(၄) အပါယ်လေးပါး၊ လမ်းပေါက်များ၊ တံခါးပိတ်စေသည်။

(၅) အရိယဥစ္စာ၊ ခုနစ်ဖြာ၊ ကောင်းစွာ ရစေသည်။

နောက်လဲ ဆောင်ပုဒ် ၄-ခု ရှိသေးတယ်၊ အဲဒါကိုတော့ နောက်တကြိမ်ကျမှ ဟောရမယ်၊ တရားသိမ်းကြစို့။

## တရားသိမ်းပတ္ထနာ

ဤ သီလဝန္တသုတ္တန်တရားတော်ကို ရှိသေစွာနာယူမှတ်သားကြရသော ဓမ္မသဝနကုသိုလ်ကံစေတနာတို့၏ အစွမ်းအာနုဘော်

ကြောင့် ယခုတရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ဤဒေသနာတော်၌ ဟောကြားထားသည့်အတိုင်း ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို အနိစ္စ ဒုက္ခ ရောဂ အစရှိသော အခြင်းအရာတို့ဖြင့် ထိုက်သည်အားလျော်စွာ ရှုမြင်နိုင်ကြ၍ ဝိပဿနာဉာဏ်အစဉ် အရိယမဂ်ဉာဏ် အစဉ်ဖြင့် ဆင်းရဲခပ်သိမ်း ငြိမ်းရာ နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု သာဓု သာဓု

သီလဝန္တသုတ္တန်တရားတော် စတုတ္ထပိုင်း ပြီး၏။

# သီလဝန္တသုတ္တန်တရားတော်

## ပဉ္စမပိုင်း

၁၃၂၉-ခုနှစ်၊ နယုန်လကွယ်နှင့် ဝါဆိုလဆုတ်
၈-ရက်နေ့များ၌ ဟောသည်

---

### တရားအနုသန္ဓေ

သီလဝန္တသုတ်တရားကို ဟောလာတာ ၆-ကြိမ်ရှိခဲ့ပြီ၊ ယနေ့ ၇-ကြိမ်မြောက်ဘဲ။ ယခင်အကြိမ်များက သီလဝန္တသုတ်မှာ ညွှန်ပြထားတဲ့အတိုင်း မြင်မှုစသော ဥပါဒါနက္ခန္ဓာ တွေကိုရှုပြီး အနိစ္စစသော အခြင်းအရာတို့ဖြင့် သိပုံကိုလဲ ဟောခဲ့ပြီ၊ ဝိပဿနာ ဉာဏ်စဉ် တက်ပုံကိုလဲ ဟောခဲ့ပြီ၊ အရိယမဂ်ဖိုလ် ဉာဏ်ဖြင့် နိဗ္ဗာန် မျက်မှောက်ပြုပုံကိုလဲ အကျဉ်းချုပ် အားဖြင့် ဟောပြီး တော့ သောတာပတ္တိမဂ်၏ဂုဏ်ကို ဟောနေစဉ် အချိန်ကုန်သွား လို့ တရားသိမ်းရတယ်။ အဲဒီဆောင်ပုဒ်များကို ထပ်ပြီး ဆိုကြ ဦးစို့။

## သောတာပတ္တိမဂ်၏ ဂုဏ်ကျေးဇူးများ

(၁) သောတာမဂ်ဉာဏ်၊ ထူးခြားဟန်၊ ထုတ်ပြန်ဤသို့ဖော်ပြသည်။

(၂) မပယ်ဘူးမြဲ၊ ကိလေခဲ၊ ဖောက်ခွဲ ပယ်ခွင်းသည်။

(၃) အဆုံးမထင်၊ ဝဋ္ဋရေယဉ်၊ ကင်းစင် ခြောက်စေသည်။

(၄) အပါယ်လေးပါး၊ လမ်းပေါက်များ၊ တံခါးပိတ်စေသည်။

(၅) အရိယဥစ္စာ၊ ခုနစ်ဖြာ၊ ကောင်းစွာ ရစေသည်။

ဆောင်ပုဒ်က ၅-ခု၊ ဂုဏ်ကတော့ လေးခုဘဲ၊ အဲဒါတွေပြောပြီးခဲ့ပါပြီ။ ငါးခုမြောက်ဂုဏ်ကိုတော့ ဝိသုဒ္ဓိမဂ်က ဒီလိုပြထားပါတယ်။

အဋ္ဌင်္ဂိကံ- အင်္ဂါရှစ်ပါးရှိသော၊ မိစ္ဆာမဂ္ဂံ-လမ်းမှားကို၊ ပဇဟတိ-သောတာပတ္တိမဂ်က ပယ်ပါတယ်တဲ့။ သောတာပန်ပုဂ္ဂိုလ်မှာ မိစ္ဆာမဂ် ဆိုတဲ့ လမ်းမှားကို မသွား မိအောင်သောတာပတ္တိမဂ်က ပယ်ထားပါတယ် တဲ့။ သိပ်ကောင်းတာဘဲ၊ သောတာပန်ဟာ လမ်းမှားသွားမိမှာ မစိုးရိမ်ရတော့ဘူး။သမ္မာမဂ်မှာ အင်္ဂါရှစ်ပါးရှိသလိုပင် မိစ္ဆာမဂ်ဆိုတဲ့ လမ်းမှားကလဲ

အင်္ဂါရှစ်ပါးရှိတာဘဲ။ ဘာတွေလဲဆိုယင်- သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပစသော သမ္မာမဂ်၏အင်္ဂါများလိုပင်မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပ မိစ္ဆာ၀ါစာ မိစ္ဆာကမ္မန္တ မိစ္ဆာအာဇီ၀ မိစ္ဆာ၀ါယာမ မိစ္ဆာသတိ မိစ္ဆာသမာဓိဆိုတဲ့ ဒီရှစ်ပါးပါဘဲ။

## သမ္မာဒိဋ္ဌိစသည်က မိစ္ဆာဒိဋ္ဌိစသည်ကို ပယ်ပုံ

မိစ္ဆာဒိဋ္ဌိဆိုတာ မှားသောအမြင် အယူအဆဘဲ၊ ရုပ်နာမ်အစုမျိုကို အသက်ရှင်နေတဲ့ အတ္တကောင် ငါကောင် အနေဖြင့် ထင်မြင်မှားတဲ့ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိမှစပြီး သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ နတ္ထိကဒိဋ္ဌိ စသည်တွေဟာ မိစ္ဆာဒိဋ္ဌိပါဘဲ၊ ဒီမိစ္ဆာဒိဋ္ဌိအကြောင်းကိုတော့ ပြောရတာ များလှပါပြီ။ အဲဒါတွေထဲမှာ "အတ္တကောင်ဟာ ဘယ်တော့မှ မပျက်ဘူး အမြဲတမ်း တည်ရှိနေတယ်"လို့ ယူဆတာက သဿတဒိဋ္ဌိဘဲ၊ ဒီ ဒိဋ္ဌိခိုင်မြဲနေယင် ၀ိပဿနာတရားကို အားမထုတ်နိုင်ဘူး၊ ဘာကြောင့်လဲ၊"အတ္တကောင်ရယ်လို့ မရှိဘူး၊ အရဟတ္တမဂ်ဖြင့် နိဗ္ဗာန်ကိုမြင်ယင် ရုပ်နာမ်အစဉ် ချုပ်ငြိမ်းသွားတယ်"ဆိုတာကို အဲဒီသဿတအစွဲရှိတဲ့သူက မယုံကြည်တဲ့အတွက်ကြောင့် အားမထုတ်နိုင်တာပါဘဲ၊ ဒါကြောင့် ဒီလိုခိုင်မြဲတဲ့အယူကို မဂ္ဂန္တရာယ်-မဂ်ကို မရအောင် အန္တရာယ်ပြုတတ်တယ်လို့ ဆိုတာပါဘဲ။

"မသေခင်သာရှိတယ်၊ သေပြီးယင် ဘာမျှမရှိတော့ဘူး၊ နောက်ဘ၀ရယ်လို့မရှိဘူး"လို့ ယူတာက ဥစ္ဆေဒဒိဋ္ဌိဘဲ၊ဒီအယူက

နောက်ဘဝမရှိဘူးလို့ ယူဆထားတဲ့အတွက် နောက်ဘဝအကျိုးကို ရည်မြှော်ပြီး ကုသိုလ်ကိုလဲ ပြုစရာမလိုဘူး၊ အကုသိုလ်ကိုလဲ ရှောင်ကြဉ်စရာမလိုဘူး၊ ဒါကြောင့် ဉစ္ဆေဒ အယူရှိတဲ့သူက "ကုသိုလ်ကံအကုသိုလ်ကံမရှိဘူး၊ကံ၏အကျိုးလဲမရှိဘူး"လို့ယူဆထားတယ်၊ အဲဒါက မိစ္ဆာဒိဋ္ဌိအကြီးစားပေါ့။

အဲဒီ အတ္တဒိဋ္ဌိ,သဿတဒိဋ္ဌိ,ဉစ္ဆေဒဒိဋ္ဌိ,ကံ-ကံ၏အကျိုးမရှိလို့ယူတဲ့ဒိဋ္ဌိတွေကို သမ္မာဒိဋ္ဌိက ပယ်တယ်၊ ပယ်ပုံကတော့ ကံ-ကံ၏အကျိုးရှိတယ်လို့ သိမြင်တဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိက ကံ-ကံ၏အကျိုးမရှိလို့ ယူတဲ့ မိစ္ဆာဒိဋ္ဌိကိုပယ်တယ်၊ "ရုပ်နာမ်မျှသာရှိတယ်၊ အကြောင်းနှင့် အကျိုးမျှသာ ရှိတယ်၊ အနိစ္စ ဒုက္ခ အနတ္တသဘောမျှဘဲ"လို့ သိမြင်တဲ့ ဝိပဿနာသမ္မာဒိဋ္ဌိက အတ္တဒိဋ္ဌိ သဿတဒိဋ္ဌိ ဉစ္ဆေဒဒိဋ္ဌိတွေကို ပယ်တယ်၊ ပယ်ဆိုတာကလဲ အမှန်အတိုင်းသိတဲ့အတွက် အမှားသိတွေမဖြစ်တော့ပဲကင်းသွားတာကိုဆိုတာပါဘဲ၊ မြင်ဆဲကြားဆဲစသည်မှာ မြင်တယ် ကြားတယ် စသည်ဖြင့် ရှုမှတ်ပြီး သိသိသွားတာဟာ အမှန်သိတွေဘဲ၊ မမြင်ဘဲ မကြားဘဲနဲ့ မြင်တယ် ကြားတယ်လို့ သိတာမဟုတ်ဘူး၊ တကယ်မြင်တာ ကြားတာ စသည်ကို ရှုပြီးသိလို့အမှန်သိ ဖြစ်တာဘဲ၊ မြင်တယ်လို့ ရှုမှတ်တဲ့အခါ မျက်စိနဲ့အဆင်းကတခြား မြင်သိတာ မှတ်သိတာကတခြား ဒီလိုလဲခွဲခြားပြီးသိတယ်၊ ကြားတယ်စသည်ဖြင့် ရှုမှတ်တဲ့အခါတွေမှာလဲ နည်းတူပင် ခွဲခြားပြီးသိတယ်၊ နောက်ပြီးတော့ "မျက်စိနဲ့အဆင်းရှိလို့ မြင်တယ်"စသည်ဖြင့်လဲ သိတယ်၊ ကွေးချင်တဲ့စိတ်

ရှိလို့ ကွေးမှုဖြစ်တယ်၊ သိစရာရှိလို့ သိတယ်” စသည်ဖြင့်လဲ သိတယ်၊အဲဒီလို ရုပ်နဲ့နာမ်မျှ၊ အကြောင်းနဲ့ အကျိုးမျှရှိတာကို သိတဲ့အတွက် အတ္တကောင်မရှိဘူးဆိုတာ ကိုယ်ပိုင်ဉာဏ်ဖြင့် သိသွားတယ်၊ အဲဒီလိုသိတော့ အတ္တဒိဋ္ဌိ သဿတဒိဋ္ဌိ ဥစ္ဆေဒ ဒိဋ္ဌိ ကင်းသွားတယ်၊ အထူးအားဖြင့်တော့ အကြောင်းရှိလို့ အသစ်အသစ် ဖြစ်ဖြစ်နေတာကိုတွေ့ရယင် ဥစ္ဆေဒဒိဋ္ဌိကင်းတယ်၊ ပျက်ပျက်သွားတာကို တွေ့ရယင် သဿတဒိဋ္ဌိ ကင်းတယ်။

ဒါပေမဲ့ ဝိပဿနာကြောင့် ဒိဋ္ဌိကင်းတယ်ဆိုတာက တဒင်္ဂ ဝိက္ခမ္ဘနအနေဖြင့်သာ ကင်းတာဘဲ၊ အမြဲတမ်း လုံးဝကင်းတာ တော့ မဟုတ်ဘူး၊ သောတာပတ္တိမဂ်ရောက်မှ ဒိဋ္ဌိဟူသမျှ လုံးဝ ကင်းသွားတယ်၊ ဒါကြောင့် သောတာပန်မှာ ယခုဘဝတင်သာ မဟုတ်ဘူး၊နောက်နောက်ဘဝတွေမှာလဲ မိစ္ဆာဒိဋ္ဌိဟာ မဖြစ်နိုင် တော့ဘူး၊အဲဒါဟာ သောတာပတ္တိမဂ်သမ္မာဒိဋ္ဌိက အမြစ်ပြတ် ပယ်လိုက်တဲ့အတွက်ကြောင့်ပါဘဲ၊ အဲဒီလိုပယ်ပုံကိုလဲ ရည်ပြီး တော့ သောတာပတ္တိမဂ်က မိစ္ဆာမဂ်ခေါ်တဲ့ လမ်းမှာ ကိုပယ် တယ်လို့ ဆိုတာပါဘဲ။ မိစ္ဆာဒိဋ္ဌိကင်းယင် မိစ္ဆာသင်္ကပ္ပစသော မိစ္ဆာမဂ္ဂင်တွေလဲ ကင်းတော့တာပါဘဲ။

## သမ္မာသင်္ကပ္ပဖြင့် မိစ္ဆာသင်္ကပ္ပကို ပယ်ပုံ

မိစ္ဆာသင်္ကပ္ပဆိုတာ ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသ ဝိတက်ဆိုတဲ့ အကြံဆိုးသုံးပါးပါဘဲ။ လိုချင်စရာတွေနဲ့စပ်ပြီး

ကြံတာကို ကာမဝိတက်ခေါ်တယ်၊ သောတာပန်မှာ ကာမဂုဏ် ခံစားမှုက မကင်းသေးဘူး၊ ဒါကြောင့် အပါယ်ကျစေနိုင်တဲ့ ကာမအကြံဆိုးကိုသာ သောတာပတ္တိမဂ်က ပယ်တယ်လို့ ယူရတယ်၊ ဘယ်လိုအကြံတွေလဲဆိုယင်၊ သူတပါးဥစ္စာကို ခိုးယူဘို့ လုယက်ဘို့ မတော်မတရားပြုဘို့ လိမ်ဘို့စသည် ကြံစည်မှုတွေပါဘဲ။ သောတာပန်မှာ အဲဒီလို အပါယ်ကျစေနိုင်တဲ့ လမ်းမှားအကြံမျိုးကို မကြံဘူး။ နောက်ပြီးတော့ သောတာပန်မှာ ဒေါသမကင်းသေးတဲ့အတွက် စိတ်ဆိုးမှုတော့ ရှိတန်သလောက်ရှိမှာဘဲ၊ ဒါပေမဲ့ သူတပါးအားသေပါစေလို့ကြံတဲ့ဗျာပါဒဝိတက်ကိုတော့ သောတာပတ္တိမဂ်က ပယ်တယ်လို့ ယူရပါတယ်။ ညှဉ်းဆဲဘို့ကြံတဲ့ ဝိဟိံသဝိတက်ကတော့ အကုန်လုံး ကင်းမှာမဟုတ်ပေဘူး၊ နွားမြင်း စသည်နှင့် အလုပ် လုပ်နေရယင် အဲဒီ နွား မြင်း စသည်ကို မောင်းနှင်ရမှုနှင့် စပ်ပြီးဖြစ်တဲ့ အကြံကတော့ မကင်းပေဘူး၊ ဒါပေမဲ့ ဆင်းရဲအောင် သက်သက်နှိပ်စက်ဘို့ ကြံတဲ့ ဝိဟိံသဝိတက်မျိုးကတော့ ကင်းသင့်တာပါဘဲ။

## သမ္မာဝါစာဖြင့် မိစ္ဆာဝါစာကို ပယ်ပုံ

ငါးပါးသီလ ဆောက်တည် ကျင့်သုံးတဲ့သူမှာ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ-လို့ ဆောက်တည်ပြီးတော့ လိမ်ပြောခြင်းမှ ကြဉ်ရှောင်ရတယ်၊ မုသာဝါဒနှင့် အလားတူဖြစ်တဲ့ ဂုံးတိုက်စကား ဆဲဆိုစကား အပြိန်အဖျင်း စကားများမှလဲ ကြဉ်ရှောင်ရတယ်၊ ဒါကတော့ ဆောက်တည်တဲ့ သမ္မာဝါစာ

ဖြင့် မိစ္ဆာဝါစာကိုပယ်ပုံပါဘဲ၊ အာဇီဝဋ္ဌမကသီလဆောက်တည်ကျင့်သုံးတဲ့သူမှာတော့ ဆောက်တည်ထားတဲ့အတိုင်း ဝစီဒုစရိုက် ၄-ပါးလုံးမှ ကြဉ်ရှောင်ရတယ်၊ ဒါလဲ ဆောက်တည်တဲ့ သမ္မာဝါစာဖြင့် မိစ္ဆာဝါစာကို ပယ်ပုံပါဘဲ။ ဝိပဿနာရှုနေတဲ့ ယောဂီမှာတော့ ရှုမိတဲ့အာရုံတိုင်းနှင့် စပ်ပြီး မိစ္ဆာဝါစာကို ပြောဆိုနိုင်ခွင့် မရှိတော့ဘူး၊ ဒါကတော့ ဝိပဿနာသမ္မာဝါစာဖြင့် မိစ္ဆာဝါစာကို ပယ်ပုံပါဘဲ။ ဒီလောကီသမ္မာဝါစာတွေကတော့ မိစ္ဆာဝါစာတွေကို အမြစ်ပြတ် မပယ်နိုင်ကြဘူး၊ တဒင်္ဂဝိက္ခမ္ဘနအနေဖြင့်သာ ပယ်နိုင်ကြတယ်။ သောတာပတ္တိမဂ်မှာပါတဲ့ သမ္မာဝါစာကတော့ အပါယ်ကျစေနိုင်တဲ့ မိစ္ဆာဝါစာတွေက အမြစ်ပြတ်ပယ်သွားတယ်၊ ဒါကြောင့် သောတာပန်မှာ အပါယ်ကျစေနိုင်တဲ့ လိမ်မှုစသော ဝစီဒုစရိုက်တွေ လုံးဝ ကင်းတယ်။ ဒါပေမဲ့ "မိစ္ဆာသင်္ကပ္ပ ပိသုဏဝါစာ ဖရုသဝါစာတို့ကို အနာဂါမိမဂ်က အကြွင်းမဲ့ပယ်တယ်၊ သမ္ဖပ္ပလာပ မိစ္ဆာဝါယာမ မိစ္ဆာသတိ မိစ္ဆာသမာဓိတို့ကို အရဟတ္တမဂ်က အကြွင်းမဲ့ ပယ်တယ်"လို့ ဝိသုဒ္ဓိမဂ်(ဒု-၃၂၅)မှာ ပြဆိုထားတဲ့အတွက် အပါယ်ကျစေနိုင်လောက်အောင် မဆိုးတဲ့ ပိသုဏဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပများကတော့ သောတာပန်မှာ ဖြစ်နိုင်သေးတယ်လို့ ယူရပါတယ်။

## သမ္မာကမ္မန္တဖြင့် မိစ္ဆာကမ္မန္တကို ပယ်ပုံ

ငါးပါးသီလ ဆောက်တည်ကျင့်သုံးတဲ့သူမှာ သတ်မှုစသော ကာယဒုစရိုက်မှ ကြဉ်ရှောင်မှု- သမ္မာကမ္မန္တ ဝိရတီမဂ္ဂင်ဖြင့်

သတ်မှု, ခိုးမှု, မတရားကျူးလွန်မှုဆိုတဲ့ မိစ္ဆာကမ္မန္တကို ပယ်တယ်၊ ဝိပဿနာ ယောဂီမှာတော့ ရှုမိတဲ့အာရုံတိုင်းနှင့် စပ်ပြီး သတ်မှု စသော ကာယဒုစရိုက်ကို ပြုနိုင်ခွင့် မရှိတော့ဘူး၊ အဲဒါကတော့ ဝိပဿနာ သမ္မာကမ္မန္တဖြင့် မိစ္ဆာကမ္မန္တကို တဒင်္ဂအလိုဖြင့် ပယ် တာဘဲ။ သောတာပတ္တိမဂ်မှာ ပါတဲ့ သမ္မာကမ္မန္တမဂ္ဂင်ကတော့ သတ်မှုအစရှိသော မိစ္ဆာကမ္မန္တကာယဒုစရိုက်ကို အကြွင်းမဲ့ အမြစ် ပြတ်ပယ်သွားတယ်။ ဒါကြောင့် သောတာပန်မှာ သတ်ခြင်း ခိုးယူလုယက်ခြင်း မပိုင်မဆိုင်သော ကာမဂုဏ်တို့၌ မဘရား ကျူးလွန်ခြင်းဆိုတာ လုံးဝမရှိတော့ဘူး။

## သမ္မာအာဇီဝဖြင့် မိစ္ဆာအာဇီဝကို ပယ်ပုံ

သီလကို ရိုရိုသေသေ စောင့်ရှောက်နေတဲ့သူဟာ သတ်ခြင်း ခိုးခြင်း လိမ်ခြင်းစသော ကိုယ်အမှု နှုတ်အမှုများဖြင့် စီးပွား မရှာဘူး၊ တရားသဖြင့် ရှာကြံ၍ ရသော စင်ကြယ်တဲ့ ပစ္စည်း ဖြင့်သာ အသက်မွေးတယ်၊ အဲဒါဟာ ဆောက်တည်ကျင့်သုံးတဲ့ သမ္မာအာဇီဝသီလဖြင့် မိစ္ဆာအာဇီဝ ကင်းနေပုံပါဘဲ၊ ဝိပဿနာ ယောဂီမှာတော့ ရှုမိသော အာရုံတိုင်းနှင့်စပ်ပြီး မတရားသော နည်းဖြင့် စီးပွားရှာမှု ဖြစ်ခွင့် မရှိတော့ဘူး၊ အဲဒါကတော့ ဝိပဿနာ၌ ပါဝင်ပြီးစီးသော သမ္မာအာဇီဝဖြင့် မိစ္ဆာအာဇီဝ ကင်းပုံပါဘဲ။ သောတာပတ္တိမဂ်မှာ ပါတဲ့ သမ္မာအာဇီဝမဂ္ဂင် ကတော့ မတရားသော ပစ္စည်းရှာမှု မိစ္ဆာအာဇီဝ ဟူသမျှကို

အကြွင်းမဲ့ အမြစ်ပြတ်ပယ်သွားတယ်။ ဒါကြောင့် သောတာပန်မှာ မတရားသဖြင့် ပစ္စည်းရှာမှု လုံးဝကင်းတယ်။

ဒီနေရာမှာ ဒုစရိုက်နှင့် ဒုရာစီဝကို ဒီလို ခွဲခြားရတယ်၊ အသက်မွေးဝမ်းကျောင်းနှင့်မဆိုင်တဲ့ ကာယကံ ဝစီကံ မကောင်းမှုကို ဒုစရိုက်လို့ ခေါ်တယ်၊ အဲဒီ ဒုစရိုက်မှ ကြဉ်ရှောင်တာကို သမ္မာကမ္မန္တ သမ္မာဝါစာ ခေါ်တယ်။ အသက်မွေးဝမ်းကျောင်းနှင့် စပ်ဆိုင်တဲ့ ကာယကံ ဝစီကံ မကောင်းမှုကို ဒုရာစီဝ ခေါ်တယ်၊ အဲဒီ ဒုရာစီဝမှ ကြဉ်ရှောင်တာကို သမ္မာအာဇီဝ ခေါ်တယ်၊ ဒုရာစီဝ ဆိုတာ မကောင်းတဲ့ အသက်မွေးမှုပါဘဲ၊ မိစ္ဆာအာဇီဝ-မှားသော အသက်မွေးမှုလို့လဲ ခေါ်ပါတယ်။

## သမ္မာဝါယာမဖြင့် မိစ္ဆာဝါယာမကို ပယ်ပုံ

အကုသိုလ်နှင့် စပ်ဆိုင်တဲ့ အမှုကိစ္စတွေကို ကြံတိုင်း ပြောတိုင်း ပြုတိုင်း မိစ္ဆာဝါယာမ ဆိုတဲ့ မှားယွင်းစွာ အားထုတ်မှုပါတယ်၊ သူမပါယင် ဘယ်အကုသိုလ်အမှုမှ မဖြစ်နိုင်ဘူး၊ ကုသိုလ်နှင့် စပ်ဆိုင်တဲ့ အမှုကိစ္စတွေကို ကြံတိုင်း ပြောတိုင်း ပြုတိုင်း သမ္မာဝါယာမ ဆိုတဲ့ မှန်စွာ အားထုတ်မှု ပါတယ်။ အကုသိုလ်စိတ်တွေ ဖြစ်ခွင့်မရအောင် စာပေကြည့်ရှုခြင်း မပြတ်ရှုမှတ်ခြင်းများကို ပြုလုပ်နေတဲ့အခါ သမ္မာဝါယာမဖြင့် မိစ္ဆာဝါယာမကို ပယ်နေတာဘဲ၊ အထူးအားဖြင့် ဝိပဿနာ ယောဂီမှာ ရှုမှတ်မှုဖြစ်အောင် ကြောင့်ကြစိုက်မှုဟာ မှတ်ချက်တိုင်း၌

ပါဝင်နေတယ်၊ အဲဒီလို ကြောင့်ကြစိုက်မှု သမ္မာဝါယာမ မရှိယင် ရှုမှတ်မှုဟာ မဖြစ်နိုင်ဘူး၊ အဲဒီ ကြောင့်ကြစိုက်မှု လျော့နေတဲ့အခါ မရှုမိပဲ လွတ်လွတ်သွားတတ်တယ်၊ သူ အားကောင်းနေတဲ့အခါ မရှုမိတာရယ်လို့ မရှိပဲ အကုန်လုံး ရှုမှတ်မိလျက်ချည်း ဖြစ်နေတယ်၊ အဲဒီလို ရှုမိတိုင်း သမ္မာဝါယာမ-က မိစ္ဆာဝါယာမကို ပယ်နေတာဘဲ။ အဲဒီလိုအခါမှာ ရှုတိုင်း ရှုတိုင်း ဖြစ်ပြီးအကုသိုလ်ကိုလဲ ပယ်နေသည်မည်တယ်၊ မဖြစ်သေးတဲ့ အကုသိုလ်လဲ မဖြစ်အောင် အားထုတ်နေသည်မည်တယ်၊ မဖြစ်သေးတဲ့ ဘာဝနာကုသိုလ်နဲ့ မဂ်ကုသိုလ်ကိုလဲ ဖြစ်အောင် အားထုတ်နေသည်မည်တယ်၊ ဖြစ်ပြီးဘာဝနာကုသိုလ်ကို တည်တံ့အောင်, တိုးပွါးအောင်,အရိယမဂ်အရောက် ပြည့်စုံသွားအောင် အားထုတ်နေသည်လဲ မည်တယ်။

သောတာပတ္တိမဂ်မှာပါတဲ့ သမ္မာဝါယာမကတော့ အပါယ်ကျစေနိုင်တဲ့ မိစ္ဆာဝါယာမကို ပယ်သွားတယ်၊ ဒါကြောင့် သောတာပန်ဟာ အပါယ်ကျစေနိုင်တဲ့ သတ်မှု ခိုးမှု စသည်တွေကို အားမထုတ်ပဲ ရှိနေတာဘဲ။

## သမ္မာသတိဖြင့် မိစ္ဆာသတိကို ပယ်ပုံ

**မိစ္ဆာသတိ** ဆိုတာ အကုသိုလ်အမှုတွေကို စိတ်ပါဝင်စားပြီး အမှတ်ရတဲ့ စိတ်စေတသိက် အပေါင်းပါဘဲ၊ ရှေးက ပျော်ပါးခဲ့ ပြုလုပ်ခဲ့တဲ့ အကုသိုလ် အမှုတွေကို အားရကျေနပ်တဲ့ အနေနဲ့

အမှတ် ရတာဟာ မိစ္ဆာသတိဘဲ၊ ခင်မင် ရင်းနှီးတဲ့ သူတွေ အကြောင်းကို ပြန်လည်သတိရတာလဲ မိစ္ဆာသတိဘဲ၊ အကုသိုလ် အမှုကို ပြုဘို့ရာ သတိရတာလဲ မိစ္ဆာသတိဘဲ။ အဲဒီ မိစ္ဆာသတိ ကို ကုသိုလ်ရေးရာမှာ အမှတ်ရတဲ့ သမ္မာသတိက ပယ်တယ်၊ ဘုရားဂုဏ်တော် စသည်ကို အမှတ်ရတဲ့ သမ္မာသတိကလဲ ပယ် တယ်၊ ဝိပဿနာယောဂီမှာ မြင်မှု ကြားမှု စသည်ကို ရှုမှတ်မိ တိုင်း ပါဝင်တဲ့ သမ္မာသတိ-က အလွဲကို အမှတ်ရအောက်မေ့မည့် မိစ္ဆာသတိကို ပယ်တယ်။ သောတာပတ္တိမဂ်မှာပါတဲ့ သမ္မာသတိ ကတော့ အပါယ်လေးပါးကျစေနိုင်တဲ့အကုသိုလ်ကိစ္စတွေ အမှတ် ရမည့် မိစ္ဆာသတိကို အမြစ်ပြတ် ပယ်သွားတယ်။ ဒါကြောင့် သောတာပန်မှာ အဲဒီလို အကုသိုလ်ကိစ္စတွေကို ပြုလုပ်ဖို့ အမှတ် မရဘဲ ရှိနေတယ်။ ဒါပေမဲ့ အပါယ်မကျစေနိုင်တဲ့ အကုသိုလ် ကိစ္စ အသေးအဖွဲ့များကိုတော့ ပြုဘို့အမှတ်ရသေးတာပါဘဲ။

## သမ္မာသမာဓိဖြင့် မိစ္ဆာသမာဓိကို ပယ်ပုံ

**မိစ္ဆာသမာဓိ** ဆိုတာ ကာမဂုဏ်အရေး သတ်ရေး ခိုးရေး ပျော်ရေး စသော အကုသိုလ်ဆိုင်ရာ ကိစ္စတွေ ကြံနေတဲ့အခါ ပြောနေတဲ့အခါ ပြုလုပ်နေတဲ့အခါ စိတ်တည်ကြည်မှုပါဘဲ၊ အဲဒီလို စိတ်တည်ကြည်မှု မရှိယင် ကြံမှု ပြောမှု ပြုမှုတွေ မပြီး မြောက်နိုင်ဘူး၊ အဲဒီ မိစ္ဆာသမာဓိကို ကုသိုလ်ကိစ္စ၌ တည်နေတဲ့ သမ္မာသမာဓိက ပယ်တယ်၊ ဘုရားဂုဏ် စသည်ကို အာရုံပြုနေတဲ့ သမ္မာသမာဓိကလဲ ပယ်တယ်၊ ဝင်သက် ထွက်သက် အာရုံ,

ကသိုဏ်း စသော သမထအာရုံ၌ တည်နေတဲ့ သမ္မာသမာဓိကလဲ ပယ်တယ်၊ ဈာန်သမာဓိတွေကတော့ အဲဒီမိစ္ဆာသမာဓိကို အပြစ် ဝေးကွာသွားအောင်လဲ ပယ်တယ်၊ ဝိပဿနာယောဂီမှာ ရှိတဲ့ အာရုံ၌ အခိုက်အတန့်မျှ တည်တည်နေတဲ့ ခဏိကသမာဓိကလဲ အဲဒီ မိစ္ဆာသမာဓိကို ပယ်တာဘဲ။ သောတာပတ္တိမဂ်မှာပါတဲ့ သမ္မာသမာဓိ ကတော့ အပါယ် ကျစေနိုင်တဲ့ မိစ္ဆာသမာဓိ ဟူသမျှကို ပယ်တယ်။

ဒါကြောင့် "အင်္ဂုတ္တိုရ်-အင်္ဂါရှစ်ပါးရှိသော၊ မိစ္ဆာမဂ္ဂ- လမ်းများကို၊ ပဇဟတိ-သောတာပတ္တိမဂ်က ပယ်သည်" လို့ ဝိသုဒ္ဓိမဂ်က ပြဆိုထားတာပါဘဲ။ အဲဒါကို "အင်္ဂါရှစ်ပါး၊ မဂ်လမ်းများ၊ ပယ်ရှားသုတ်သင်သည်"လို့ ခေါင်းပုဒ် စီထား တယ်၊ အဲဒါကို ဆိုကြရမယ်။

(၆) အင်္ဂါရှစ်ပါး၊ မဂ်လမ်းများ၊ ပယ်ရှားသုတ်သင်သည်။

**မိစ္ဆာမဂ်** ဆိုတဲ့ မဂ်လမ်းများက ဘယ်ရောက်စေတတ်သလဲ ဆိုယင်၊ အပါယ်လေးပါးလဲ ရောက်စေတတ်တယ်၊ လူ့ဘဝ ရောက်လာယင်လဲ အသက်တိုခြင်း, အနာများခြင်း, စားဝတ် နေရေး မပြည့်စုံခြင်း စသည်ဖြင့် အတိဒုက္ခ ရောက်စေတတ်တယ်။ ဟိုတနေ့ကပြောခဲ့တဲ့ သုပ္ပဗုဒ္ဓ လူနူဟာ တခုသောဘဝက ပစ္စေက ဗုဒ္ဓါအရှင်မြတ်ကို လူနူကြီးလို့ ပြစ်မှားခဲ့တဲ့ ဖရုသဝါစာ မိစ္ဆာ မဂ္ဂင်ကြောင့် ငရဲလဲ ကျရောက်ခဲ့ရတယ်၊ အဲဒီ မိစ္ဆာဝါစာကို ပြောဆိုရမှာ မိစ္ဆာသင်္ကပ္ပဖြင့် မတော်ရာကြံမှု အကူအညီလဲ

ပါတယ်၊ မတော်တဲ့စကားကို ပြောဆိုရန် အားထုတ်မှု၊ အမှတ်ရမှု၊ စိတ်တည်မှုဆိုတဲ့ မိစ္ဆာဝါယာမ၊ သတိ၊ သမာဓိမဂ္ဂင် အကူအညီတွေလဲ ပါတယ်၊ အဲဒီ မိစ္ဆာမဂ္ဂင်များဖြင့် ဆဲရေးမိတဲ့အတွက် ငရဲကျပြီးတဲ့နောက် လူ့ဘဝရောက်လာတဲ့အခါ အလွန်ဆင်းရဲတဲ့ နူနာရောဂါသည်ကြီး ဖြစ်ရတယ်၊ တခုသောဘဝက မိန်းမတယောက်ကို သတ်ခဲ့မိလို့ ဘဝများစွာမှာ အဲဒီမိန်းမ၏ အသတ်ခံခဲ့ရတယ်၊ အဲဒါလဲ မိစ္ဆာသင်္ကပ္ပ စသော အကူအညီများနှင့်ဘက္က မိစ္ဆာကမ္မန္တ ဆိုတဲ့ မဂ်လမ်းမှားကြောင့်ဘဲ။

သောတာပန်မှာတော့ အဲဒီလို (အပါယ်ကျစေနိုင်တဲ့အပြင် လူဆင်းရဲဘဝသို့လဲ ရောက်စေနိုင်တဲ့)မိစ္ဆာမဂ္ဂင်တွေကို သောတာပတ္တိမဂ်က ပယ်ပါတယ်၊ ဒါကြောင့် သောတာပန်မှာ အပါယ်လေးပါးသို့ မကျရောက်နိုင်သည့်ပြင် ဆင်းရဲတဲ့ လူဘဝ နတ်ဘဝဆိုတဲ့ ယုတ်ညံ့တဲ့ဘဝများသို့လဲ မရောက်ရတော့ဘူး၊ အင်မတန်ကောင်းတာပါဘဲ၊ ယခု ယောဂီတွေ ရှုမှတ်နေကြရတာဟာ အဲဒီလို အင်မတန်ကောင်းတဲ့အဆင့်သို့ ရောက်အောင် ရှုမှတ်နေကြရတာဘဲ။

## ဘေးရန်ခပ်သိမ်း ကင်းငြိမ်းစေသည်

နောက်ပြီးတော့ "သဗ္ဗဝေရဘယာနိ-အလုံးစုံသော ရန်ဘေးတို့ကို၊ ဝူပသမေတိ-သောတာပတ္တိမဂ်က ငြိမ်းစေပါတယ်" တဲ့။ **ဝေရ**-ဆိုတာရန်သူဘဲ၊ **ဘယ**-ဆိုတာ ကြောက်ဖွယ်ဘေးဘဲ၊ အဲဒီ

ရန်သူနဲ့ ဘေးကို သံယုတ်အဋ္ဌကထာ(ဒု-၆၈)မှာ "အတ္တတော ဓော-အနက်အရအားဖြင့် အတူတူ"ဘဲလို့ ပြဆိုထားပါတယ်၊ (၁)ပါဏာတိပါတ-သူ့အသက်သတ်ခြင်းကတပါး၊ (၂)အဒိန္နာဒါန-သူ့ဉစ္စာ ခိုးခြင်းက တပါး၊ (၃) ကာမေသုမိစ္ဆာစာရ-မပိုင်မဆိုင်သော မေထုန်ကာမတို့၌ ကျူးလွန်ခြင်းက တပါး၊ (၄) မုသာဝါဒ-လိမ်ပြောခြင်းက တပါး၊ (၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာန-သေရည်အရက် စသည်ကို သောက်သုံးခြင်းက တပါး၊ ဒီငါးပါးဘဲ၊ ဝေရ-ရန်သူ ဆိုတာလဲ သတ်ခြင်း စသော ဒီအကုသိုလ် စေတနာ ငါးပါးဘဲ၊ ဘယ-ဘေးဆိုတာလဲ ဒီအကုသိုလ်စေတနာ ငါးပါးဘဲ။ ဒါကြောင့် ဝေရဘယ-ရန်ဘေး အားလုံးတို့ကို သောတာပတ္တိမဂ်က ငြိမ်းစေတယ်"ဆိုတဲ့ ဝိသုဒ္ဓိမဂ်စကားဟာ ဒီ အကုသိုလ် စေတနာ ငါးပါးကိုပင် ရည်ရွယ်တယ်လို့ ယူသင့်ပါတယ်။ အဲဒီအဆိုကို ခိုင်ခိုင်မြဲမြဲ မှတ်ယူနိုင်အောင် အင်္ဂုတ္တရပါဠိကို ထုတ်ပြပါဦးမယ်။

ဂဟပတိ-အနာထပိဏ်သေဌေး၊ ပဉ္စ-ငါး ပါး ကုန် သော ဘယာနိ-ဘေးတို့ကို၊ ဝေရာနိ-ရန်သူတို့ကို၊အပ္ပဟာယ-မပယ်လျှင်၊ ဒုဿီလော ဣတိ-သီလမရှိသူ ဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏၊ နိရယဉ္စ-ငရဲသို့လည်း၊ ဥပပဇ္ဇတိ-ရောက်၏။ ကတမာနိ ပဉ္စ-အဘယ် ငါး ပါးတို့ကိုနည်းဟူမူ၊ ပါဏာတိပါတံ-သတ်ခြင်းကိုရင်း၊ အဒိန္နာဒါနံ-ခိုးခြင်းကိုရင်း၊ ကာမေသု မိစ္ဆာစာရံ-မေထုန် ကာမတို့၌မှားယွင်း ကျူးလွန်ခြင်းကိုရင်း၊ မုသာဝါဒံ-လိမ်ခြင်းကိုရင်း၊ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနံ-မူးယစ်မေ့လျော့ကြောင်း သေရည်

အရက်သောက်စားခြင်းကိုငင်း၊ ဇူမာနိ-ဤငါးပါးတို့ကို မပယ်လျှင်ဟု ဆိုလို၏။

ဂဟပတိ-အနာထပိဏ် သေဌေး၊ ပဉ္စ ဝေရာနိ ဘယာနိ ပဟာယ-ငါးပါးသော ရန် ဘေးတို့ကို ပယ်လျှင်၊ သီလဝါ ဇူတိ ဝုစ္စတိ-သီလရှိသူဟူ၍ ဆိုအပ်၏၊ သုဂတိဉ္စ ဥပပဇ္ဇတိ-လူ့ဘဝ နတ်ဘဝဟူသော သုဂတိသို့လဲ ရောက်၏-စသည်ဖြင့်—

အင်္ဂုတ္တရပါဠိ (ဒု-၁၈၀)မှာ ဟောထားပါတယ်၊ သံယုတ်ပါဠိ(ပ-၂၉၇)မှာလဲ ပဉ္စဝေရ ဘယသုတ် ဆိုတဲ့ အမည်ဖြင့် အလားတူပင် ဟောထားပါတယ်၊ ပါဠိအနေအထားအနည်းငယ် မျှသာ ထူးပါတယ်။

အဲဒီ ပါဠိ၏အဖွင့်ကတော့ သံယုတ်အဋ္ဌကထာ (ဒု-၆၈)မှာ အကျယ်ရှိပါတယ်။ ဘယံ ဝေရန္တိ အတ္ထတော ဇကံ-ဟူ၍လဲ အဲဒီ အဋ္ဌကထာမှာ ဘေးနှင့် ရန် အရတူဘဲလို့ ပြဆိုထားပါတယ်။ ဒါကြောင့် သတ်ခြင်း ခိုးခြင်း, ကာမတို့၌ မှားယွင်း ကျူးလွန်ခြင်း, လိမ်ခြင်း, သေရည်အရက် သောက်စားခြင်းဆိုတဲ့ ဒီ အကုသိုလ်စေတနာငါးပါးကိုပင် ဝေရ-ရန်သူလို့လဲ ဆိုတယ်၊ ဘယ-ဘေးလို့လဲ ဆိုတယ်။ နောက်ပြီးတော့ အဲဒီ အကုသိုလ်စေတနာငါးပါးကို ပယ်ပြီး ဖြစ်တဲ့သူကို သောတာပန်လို့လဲ အဲဒီသုတ်တွေမှာ ဟောထားပါတယ်။ ဒါကြောင့် "ရန်ဘေး အားလုံးတို့ကို သောတာပတ္တိမဂ်က ငြိမ်းစေတယ်"လို့ ဆိုတဲ့ ဝိသုဒ္ဓိမဂ်စကားဟာ သတ်ခြင်း အစရှိသော ဒီအကုသိုလ်စေတနာငါးပါးကိုပင် ဆိုတယ်လို့

ယူသင့်ပါတယ်။ အဲဒီ ဝိသုဒ္ဓိမဂ်အဆိုကို "ဘေးရန် ခပ်သိမ်း၊ ရှောင်ခွါတိမ်း၊ ကင်းငြိမ်းစေပါသည်"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

(၇) ဘေးရန်ခပ်သိမ်း၊ ရှောင်ခွါတိမ်း၊ ကင်းငြိမ်းစေပါသည်။

သတ္တဝါကို သတ်ခြင်းအစရှိသော သီလပျက်ကြောင်း အကုသိုလ်စေတနာ ငါးပါးဟာ ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်ဘဝများသို့လဲ ကျရောက်စေတတ်တယ်၊ ကုသိုလ်ကံကြောင့် လူ့ဘဝ နတ်ဘဝရောက်တဲ့အခါလဲ အသက်တိုခြင်း အနာများခြင်းစသည်ဖြင့် ဆင်းရဲစေတတ်တယ်၊ ဒါကြောင့် ကြောက်စရာဘေးလဲမည်တယ်၊ ကိုယ်တွင်းရန်သူလည်းမည်တယ်၊ အဲဒီ ကိုယ်တွင်းရန်သူနဲ့ ကြောက်စရာ ဘေးများကို သောတာပတ္တိမဂ်က ကင်းငြိမ်းစေပါတယ်တဲ့၊ အဲဒါကတော့ ရှင်းနေပါပြီ။ ဒါပေမဲ့ မူလပဏ္ဏာသ အဋ္ဌကထာ (ဒု-၂၂) အင်္ဂုတ္တရ အဋ္ဌကထာ (တ-၃၂) တို့မှာ အရဟတ္တမဂ်ဖိုလ်ဖြင့် သက္ကာယကို မပယ်ရသေးလျှင် (ပဉ္စဝီသတိမဟာဘယ) ဘေးကြီး ၂၅-ပါးတို့မှ မလွတ်သေးကြောင်း ပြဆိုထားချက် ရှိပါသေးတယ်၊ အဲဒီမှာ အဖွင့်ဋီကာများက ယင်းဘေးကြီး ၂၅-ပါးကို "ရာဇဘယစသည်တို့ပင်"လို့ ဒါလောက်သာ ပြဆိုထားပါတယ်၊ နောက်ပြီးတော့ ဝိသုဒ္ဓိမဂ်၏ အဖွင့်ဋီကာမှာလဲ (ပါဏာတိပါတာဒိ ပဉ္စ ဝေရာနိ စေဝ ပဉ္စဝီသတိ မဟာဘယာနိ စာတိ သဗ္ဗဝေရဘယာနိ) သတ္တဝါကို သတ်ခြင်း အစရှိသော ရန်ငါးပါး

နှင့် ဘေးကြီး ၂၅-ပါးဟူသော ရန်ဘေးအားလုံးတို့ကို ငြိမ်းစေသည်''လို့ ပြဆိုထားချက်ရှိပါတယ်။ အဲဒီ အဋ္ဌကထာဋီကာတို့မှာ ဘေး ၂၅-ပါး၏ သရုပ်ကိုတော့ ပြဆိုထားချက်မရှိဘူး။ ဒါကြောင့် အဲဒီဘေးကြီး ၂၅-ပါးဆိုတာက ဘာတွေလဲ၊ အဲဒီဘေးတွေကို သောတာပတ္တိမဂ်က ဘယ်လိုငြိမ်းစေသလဲ ဆိုတာ စိစစ်ပြဖို့ လိုပါသေးတယ်။

## ဘေးကြီး ၂၅-ပါး စိစစ်ချက်

မိလိန္ဒပဉှာကျမ်း(နှာ-၁၉၄)မှာ ဗျသနငါးပါးနှင့်ဘေး-၂၀ တို့ကို တပေါင်းတည်း ပြထားတာ ရှိပါတယ်၊ အဲဒီ ၂၅-ပါးကိုပင် ဘေး ၂၅-ပါး အဖြစ်ဖြင့် သံဝေဂဝတ္ထု ဒီပနီကျမ်းမှာ ဆုတ်ပြပြီးတော့ ပရိတ်ကြီးထဲမှ ရာဇတော ဝါ-မှ ရက္ခသာဒီဟိ အထိ ဘေး ၂၈-ပါး×ရှိနေရာတွင် မဏိသပ္ပ-မြွေစိမ်းကို၊ အဟိ-မြွေ၌ သွင်း၍ရင်း၊ ယက္ခ ရက္ခသ-ဘီလူးနှင့် ရက္ခိုသ်တို့ကို အမနုဿ-ဘီလူးဘေး၌ သွင်း၍ရင်း၊ ဘေး ၂၅-ပါးကို တနည်း ပြထားပါတယ်။ အဲဒီလို ၂-နည်းပြထားရာမှာ မိလိန္ဒပဉှာက ပြ

---

မှတ်ချက်

× ယခုလက်ရှိပရိတ်ကြီးစာအုပ်တို့၌ (၂၉)ပါးရှိနေသည်။ထို့ကြောင့်မဏိသပ္ပ ယက္ခ ရက္ခသတို့ကို တူရာ၌ သွင်း၍ယူသော်လည်း (၂၆)ပါးပင် ရှိနေ၏၊ ပံသုစတော-ဟူသော တစ္ဆေ မြေ ဘုတ် ဘေးကိုလည်း အမနုဿဘေးထဲမှာ သွင်းယူမှ ဘေး (၂၅) ပါး အတိအကျ ဖြစ်မည်။

သွားတဲ့ ဘေးများကို အဋ္ဌကထာ ဋီကာတို့က ရည်ရွယ်ခဲ့ဟန် ရှိပါတယ်၊ နောက်ပြီးတော့ အဘိဓမ္မာဝိဘင်းပါဠိမှာ ပြဆို ချက်က သာ၍ ခိုင်မာလိမ့်မယ်လို့လဲ ထင်ပါတယ်၊ အဲဒီ ပြဆို ချက်ဟာလဲ မိလိန္ဒပဉ္ဟာ ပြဆိုချက်နှင့် အများအားဖြင့် တူညီ ပါတယ်။ ဒါကြောင့် ဝိဘင်းပါဠိတော်မှ ပြဆိုချက်ကို အရင်းခံ ပြုပြီး ထုတ်ပြပါမယ်။

(၁) ဇာတိဘေး၊ (၂) ဇရာဘေး၊ (၃) ဗျာဓိဘေး၊ (၄) မရဏဘေး-ဒီ ၄-ပါးကို ဘေး ၄-ပါးအနေဖြင့် ဝိဘင်း ပါဠိမှာ ရှေးဦးစွာ ဟောထားပါတယ်။ သောတာပန်မှာ ခုနစ် ဘဝအထိ ဖြစ်ခြင်း အိုခြင်း နာခြင်း သေခြင်းဆိုတဲ့ဘေး လေးပါးနှင့် တွေ့နိုင်သေးသောကြောင့် "သောတာပတ္တိမဂ်က ဒီပဋ္ဌမ ဘေး ၄-ပါးကို လုံးဝပယ်တယ်"လို့တော့ မဆိုနိုင်ပေဘူး၊ "ခုနစ်ဘဝထက် ပိုလွန်ပြီး တွေ့ရမည့် အဲဒီ ဘေးလေးပါးကို ပယ်တယ်"လို့ ယူယင်တော့ သင့်ဘွယ်ရှိပါတယ်။

(၅) မင်းဘေး၊ (၆) ခိုးသူဘေး၊ (၇) မီးဘေး၊ (၈) ရေဘေး ဒီ ၄-ပါးကို ဒုတိယဘေး ၄-ပါးအနေဖြင့် ဟောထား ပါတယ်။ ဒီလေးပါးလဲ မျက်မှောက်ဘဝမှာ ငြိမ်းဘို့ကတော့ မသေချာပါဘူး၊ သောတာပတ္တိမဂ်၏ အစွမ်းကြောင့် နောက် ဘဝများမှာ ကင်းတယ်လို့ ယူယင်လဲ သင့်စရာရှိပါတယ်၊ သို့မဟုတ် ခုနစ်ဘဝထက် ပိုလွန်ပြီး ဖြစ်မည့်ဘဝများနှင့်စပ်၍ တွေ့ကြုံရမည့် ဘေးများကင်းတယ်လို့ ယူယင်လဲ သင့်စရာ ရှိပါတယ်။

(၉) လှိုင်းဘေး၊ (၁၀) မိကျောင်းဘေး၊ (၁၁) ဝဲဘေး၊ (၁၂) ငါးကြမ်းဘေး၊ ဒီ ၄-ပါးကို တတိယဘေး ၄-ပါး အနေဖြင့် ဟောထားပါတယ်။ အဲဒီ ဘေးလေးပါးကတော့ တိုက်ရိုက်အားဖြင့် မြစ်ရေပင်လယ်ရေများသို့ ကူးသွားတဲ့ သူများနှင့်သာ ဆိုင်ပါတယ်၊ သို့သော်လဲ မြတ်စွာဘုရားအလို တော်ကတော့ အဲဒီ ၄-ပါးကို ဥပမာအဖြစ်ထားပြီး ဟော တော်မူလိုရင်း ဖြစ်ပါတယ်။ ဘယ်လိုလဲဆိုတော့ကာ ဘဝ အသစ်ဖြစ်ခြင်း အိုခြင်း နာခြင်း သေခြင်းစသော သံသရာဝဋ် ဆင်းရဲမှ လွတ်မြောက်ရန် ရည်ရွယ်ပြီးတော့ မြတ်စွာဘုရား သာသနာတော်မှာ ရဟန်းပြုလာတယ်၊ အဲဒီလို ရဟန်းပြုလာတဲ့ ပုဂ္ဂိုလ်အား ဆရာသမား ရဟန်းတော်များက နေရေး ထိုင်ရေး သွားလာရေး သင်္ကန်းဝတ်ရုံရေး စားသောက်ရေးမှစပြီး ကျင့် ဝတ်တွေကို သင်ပြပေးကြရတယ်၊ အဲဒီလို သင်ပြပေးတဲ့ ရဟန်း များက ခပ်ငယ်ငယ်လဲ ဖြစ်နေတတ်ပါတယ်၊ ရဟန်းပြုလာခါစ ရဟန်းသစ်က အရွယ်ကြီးသူ၊ လူ့ဘဝတုန်းက အဆင့်အတန်း မြင့်ခဲ့သူလဲ ဖြစ်တတ်ပါတယ်၊ အဲဒီတော့ အဲဒီ ရဟန်းသစ်က "ငါတို့ဟာ လူ့ဘဝတုန်းက သူများတွေကို ဆုံးမညွှန်ကြားလာ ခဲ့တဲ့သူဘဲ၊ ယခုတော့ ဘာမဟုတ်တဲ့ ကိုယ်တော်ကလေးတွေက ငါတို့အား ဆရာလုပ်ပြီး ညွှန်ကြားနေတယ်၊ ဒီအတိုင်းဆိုယင် တော့ ရဟန်းဘဝမနေချင်တော့ဘူး" လို့ သည်းမခံနိုင်တဲ့ဒေါသ စိတ်ကွေ့ဖြစ်ပြီး သာသနာတော်မှ လူထွက်သွားပါရောတဲ့၊ အဲဒါ ဟာ ဘုရားလက်ထက်တော်ကာလက ဖြစ်ဘူးတဲ့ပုံစံပါဘဲ၊ အဲဒီလို သည်းမခံနိုင်လို့ လူ့ဘောင်ပြန်ထွက်သွားတာဟာ မြစ်ထဲ ပင်လယ်

ထဲက လိုင်းဒဏ်မခံနိုင်လို့နစ်မြုပ်ရတာနဲ့တူပါတယ်တဲ့။ ဒါကြောင့် အဲဒါကို လိုင်းဘေးလို့ တင်စားပြီး ဟောတော်မူပါတယ်။ ယခု ကာလမှာလဲ ဒုလ္လဘရဟန်းပြုကြရာမှာ ရဟန်းငယ်များ၏ ဆုမ္မ ညွှန်ကြားချက်ကို သည်းမခံနိုင်လို့ ဒေါသဖြစ်ပြီး မူလကရည်မှန်း ထားတဲ့ ရက်မစေ့ခင် လူထွက်သွားယင် အဲဒီလိုင်းဘေးသင့်တယ် လို့ ဆိုရမှာဘဲ။

နောက်ပြီးတော့ သာသနာတော်မှာ ရဟန်းပြု လာခါစ ပုဂ္ဂိုလ်အား ဆရာသမားများက ဒီလိုဟာ မစားကောင်းဘူး၊ ဒီလိုအချိန် မစားကောင်းဘူး စသည်ဖြင့် ဆုမ္မညွှန်ကြားကြတယ်။ အဲဒီလို ဆုမ္မသွန်ကြားတာကို သဘောမကျတဲ့ ရဟန်းသစ်က ဒီလိုဆင်ခြင်မိတယ်၊ "ငါတို့ဟာ လူ့ဘဝတုန်းက ဘာမဆို စားချင်တာကို စားနိုင်တယ်၊ ဘယ်အချိန်မဆို စားနိုင်တယ်၊ ယခု တော့ ဟိုဟာ မစားကောင်းဘူး၊ ဒီဟာ မစားကောင်းဘူး၊ ဒီအချိန်မစားကောင်းဘူး စသည်ဖြင့် အချုပ်အချယ်တွေ သိပ် များဘယ်၊ မဘတ်နိုင်ပါဘူး"လို့ ဆင်ခြင်ပြီး လူ့ဘောင် ပြန်သွားပါသတဲ့၊ အဲဒါဟာ ဝမ်းရေးအကြောင်းပြုပြီး ပျက်စီး ဆုံးရှုံးရတာ ဖြစ်တဲ့အတွက် အစားကြီးတဲ့ မိကျောင်းနဲ့တူလို့ မိကျောင်းဘေး သင့်တာတဲ့။ ဒီလိုဟာလဲ ယခုအခါ အနည်း အကျဉ်းတော့ ရှိနိုင်တာဘဲ။

နောက်ပြီးတော့ ရဟန်းဟာ စကျွန်ခြေစသည်ကို မစောင့် ရှောက်ပဲ မြို့ထဲရွာထဲကို သွားတဲ့အခါ သမီးခင်ပွန်း အစုံအလင် နှင့် ကာမဂုဏ်အာရုံတွေကို အလိုရှိတိုင်း သုံးဆောင်ခံစားလျက်

ပျော်မွေ့နေတာကို တွေ့ရတတ်ပါတယ်၊ အဲဒီလို တွေ့မြင်ရတော့ "ငါ့မှာလဲ ပစ္စည်းဥစ္စာတွေ ရှိနေတာဘဲ၊ ငါလဲ သူတို့လိုပင် ကာမဂုဏ် အာရုံတွေနဲ့ ပျော်မွေ့နေနိုင်တာဘဲ"လို့ မြင်တွေ့ရတာကို အားကျပြီး လူ့ဘောင်ပြန်ရောက်သွားပါသတဲ့၊ အဲဒါဟာ ဝဲနဲ့တူတဲ့ ကာမဂုဏ်က ဆွဲငင်သွားတာ ဖြစ်တဲ့အတွက် ရေဝဲစုတ်ပြီး နစ်မြုပ်ပျက်စီးသွားတာနဲ့ တူပါသတဲ့။ ဒါကတော့ ငယ်ရွယ်တဲ့ရဟန်းများနဲ့ ပိုပြီး သက်ဆိုင်ပါတယ်။

နောက်ပြီးတော့ ခုတင်က ရဟန်းလိုပါဘဲ စက္ခုန္ဒြေစသည်ကို မစောင့်စည်းဘဲ မြို့ထဲရွာထဲကို သွားတော့ ဝတ်ပုံဆည်းပုံ နေရာမကျတဲ့ မာတုဂါမကို မြင်ရတွေ့ရတယ်၊ အဲဒီတော့ ကာမရာဂတွေ အပြင်းအထန် ဖြစ်ပေါ်လာတဲ့အတွက် ရဟန်းဘဝမှာ မနေနိုင်တော့ဘူး၊ လူ့ဘဝ ရောက်သွားရပါသတဲ့၊ အဲဒါဟာ ငါးကြမ်းဘေးကြောင့် သေပျက်ရတာနဲ့တူပါတယ်တဲ့၊ ငါးကြမ်းဆိုတာ ဒီနေရာမှာ မာတုဂါမကို တင်စားပြီး ဟောထားပါတယ်တဲ့။ ဒါလဲ ရဟန်းငယ်များနဲ့ ပိုပြီး သက်ဆိုင်ပါတယ်။

ယခုပြောခဲ့တဲ့ လှိုင်းဘေး စသည်ကတော့ သောတာပန် ရဟန်းမှာဖြစ်ဖွယ်မရှိပါဘူး။ ဒါကြောင့် သောတာပန်ရဟန်းမှာ သောတာပတ္တိမဂ်က လှိုင်းဘေး မိကျောင်းဘေး, ဝဲဘေး, ငါးကြမ်းဘေးဆိုတဲ့ ဘေး ၄-ပါးကို ပယ်ပြီးဖြစ်တယ်လို့ ယူနိုင်ပါတယ်။ ဒီဘေး လေးပါးက လူဝတ်ကြောင် သောတာပန်နဲ့တော့ မဆိုင်ဘူးလို့ ဆိုရမှာဘဲ။ (အင်္ဂုတ္တရပ-၄၃၈-စသည်မှာရှု)

စတုတ္ထဘေး ၄-ပါးကတော့ (၁၃) မိမိကိုယ်ကို မိမိကိုယ်တိုင် စွပ်စွဲသည့် အတ္တာနုဝါဒဘေး၊ ဒါကတော့ ကိုယ့်ဟာကိုယ် စွပ်စွဲတယ်ဆိုတာ ဟုတ်မှန်လို့ ဖြစ်မှာဘဲ၊ သောတာပန်မှာတော့ ကိုယ့်ဟာကိုယ် စွပ်စွဲလောက်အောင် သီလချွတ်ယွင်းမှု မရှိနိုင်ဘူး၊ ဒါကြောင့် ဒီဘေးကို သောတာပတ္တိမဂ်က ပယ်ကြောင်း ထင်ရှားပါတယ်။ (၁၄) သူတပါးက စွပ်စွဲတဲ့ ပရာနုဝါဒဘေး၊ ဒီဘေးလဲ အမှုမှန်ဖြင့် စွပ်စွဲခံရတာ သောတာပန်မှာ မရှိနိုင်ဘူး။ (၁၅) မင်းဒဏ်ဘေး၊ ဒါကတော့ မတရား စွဲချက်တင်ပြီး မင်းဒဏ်သင့်တာလဲ သောတာပန်မှာ မကင်းနိုင်ဘူး၊ သို့ပေမဲ့ နောက်ဘဝတွေမှာတော့ အရိယမဂ်၏ အစွမ်းကြောင့် ဒီဘေး မျိုးလဲ ကင်းနိုင်ပါတယ်။ (၁၆) အပါယ်လေးပါးကျရောက်ရတဲ့ ဒုဂ္ဂတိဘေး၊ ဒါကတော့ သောတာပန်မှာ လုံးဝကင်းကြောင်း ထင်ရှားနေပါပြီ။

ယခု ထုတ်ပြခဲ့တဲ့ ဘေး ၁၆-ပါးဟာ အဘိဓမ္မာ ဝိဘင်းပါဠိ (၃၉၀၊ ၃၉၁) မှာ အစဉ်အတိုင်း ရှိပါတယ်၊ အင်္ဂုတ္တရ စတုက္က နိပါတ် (၄၃၆) စသည်မှာလဲ ရှိပါတယ်၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာမှာတော့ ဒီဘေး (၁၆)ပါးကို သောဠသ မဟာဘယ- ဘေးကြီး (၁၆) ပါးလို့ ပြဆိုထားပါတယ်။

နောက်ပြီးတော့ (၁၇) ဉာတိဗျသန-ဆွေမျိုးတို့၏ ပျက်စီးခြင်း၊ (၁၈) ဘောဂဗျသန-စီးပွါးဉစ္စာတို့၏ ပျက်စီးခြင်း၊ (၁၉) ရောဂဗျသန-ရောဂါဆိုး နှိပ်စက်ဖျက်ဆီးခြင်း၊ (၂၀) သီလဗျသန-သီလပျက်စီးခြင်း၊ (၂၁) ဒိဋ္ဌိဗျသန-အယူပျက်စီး

ခြင်း၊ ဒီ ဗျာသနငါးပါးကိုလဲ ဘေးအဖြစ်ဖြင့် ယူရတယ်၊ ဒါတွေကတော့ သိသာထင်ရှားနေပါပြီ။ ဒီအထိ ဘေး ၂၁-ပါး ရှိသွားပြီ၊ ၂၅-ပါးပြည့်ရန် လေးပါးဘဲ လိုတော့တယ်။

အဲဒီကနောက် အကုသိုလ်-သည်းမခံခြင်း၏ အပြစ်ငါးပါးကို ပြပြီးသည်၏ အခြားမဲ့မှာ ဝိဘင်းပါဠိတော်၌ ဘေး (၅) ပါးကို ပြထားပြန်ပါတယ်။ အဲဒီ ငါးပါးထဲမှာ မရဏဘေးနဲ့ ဒုဂ္ဂတိဘေးဆိုဘာ ၂-ပါးကတော့ ရှေ့ပိုင်းက ဘေး ၂၀-ထဲမှာ ပြခဲ့ပြီး ဖြစ်နေပါတယ်၊ ကျန်တဲ့ဘေး ၃-ပါးကတော့ (၂၂) အာဇီဝိကဘေး (၂၃) အသိလောကဘေး၊ (၂၄) ပရိသသာရဇ္ဇ-ဘေးဆိုတဲ့ ဒီ ၃-ပါးပါဘဲ။ အဲဒီ ၃-ပါးထဲက **အာဇီဝိကဘေး**ဆိုတာ အသက်မွေးမှုကို အစွဲပြုပြီးဖြစ်တဲ့ ဘေးဘဲ၊ ဖြစ်ပုံကတော့ မတရားတဲ့နည်းဖြင့် ပစ္စည်းရှာပြီး အသက်မွေးတဲ့သူမှာ သေခါနီးကျတော့ အကုသိုလ်ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ထင်တဲ့အခါ ကြောက်ခြင်းဖြစ်ရတယ်၊ အဲဒါကို အာဇီဝိကဘေးလို့ သမ္မောဟဝိနောဒနီ စသည်မှာ ဖွင့်ပြထားပါတယ်၊ ဒီဘေးကိုတော့ သောတာပတ္တိမဂ်က ပယ်ကြောင်း ထင်ရှားပါတယ်။ **အသိလောကဘေး** ဆိုတာကတော့ အကဲ့ရဲ့ခံရလို့ ကြောက်ခြင်းပါဘဲတဲ့၊ ဒီဘေးလဲ ဟုတ်လို့ အကဲ့ရဲ့ခံရတာ ဆိုယင်တော့ သောတာပန်မှာ ကင်းသင့်တာပါဘဲ။ **ပရိသသာရဇ္ဇဘေး** ဆိုတာကတော့ မကောင်းမှု ရှိနေတဲ့သူမှာ ပရိသတ်ထဲ ဝင်ရမှာ ကြောက်တဲ့ဘေးလို့ ဖွင့်ပြထားပါတယ်၊ ဒီဘေးလဲ သောတာပန်မှာ ကင်းသင့်ပါတယ်။

မဟာနိဒ္ဒေသပါဠိတော် (၂၀၉)မှာလဲ ဘေးတွေကို ဝိဘင်းပါဠိ, အင်္ဂုတ္တရပါဠိများနှင့် အတူပင် ပြထားပါတယ်။ အဲဒီဘေးတွေ ယခုပြောလာတာ (၂၄)ပါးတော့ ရှိသွားပြီ။ တပါးဘဲ လိုတော့တယ်။ အဲဒီ တပါးအတွက် ဘာကို ယူရမလဲ ဆိုယင်၊ မိလိန္ဒပဉှာပါဠိမှာ ယခု ထုတ်ပြခဲ့တဲ့ ဘေး (၂၄)ပါးထဲက အမှတ်(၂၃) အသိလောကဘေး ဆိုတာ မပါဘဲ ဝေရိဘေး, ဒုဗ္ဘိက္ခဘေး ဆိုတဲ့ ဒီ ၂-ပါးနှင့်တကွ ဘေးက(၂၀) ဗျာသန-က (၅)ပါး ပြထားပါတယ်။ အဲဒီမှာ ပြထားတဲ့ ဝေရိဘေးနဲ့ ဒုဗ္ဘိက္ခဘေးဆိုတာ ၂-ပါးလုံးကို ထည့်ယူမယ် ဆိုယင် အသိလောကဘေးကို နှုတ်ပယ်ရလိမ့်မယ်၊ အဲဒီလို နှုတ်ပယ်ရန်တော့ မသင့်ပေဘူး၊ ဘာကြောင့်လဲ ဆိုယင် အဲဒီ အသိလောကဘေးက-အင်္ဂုတ္တရ,ဝိဘင်း, မဟာနိဒ္ဒေသ သုံးကျမ်းလုံးမှာ တညီတည်း ရှိနေသောကြောင့်ပါဘဲ။ အဲဒီတော့ ဝေရိဘေးနဲ့ ဒုဗ္ဘိက္ခဘေး ဒီ ၂-ပါးထဲက တပါးပါးကိုသာ ယူသင့်တယ်၊ ဘယ်ဟာကို ယူမလဲဆိုယင် ဒုဗ္ဘိက္ခ-ဆိုတဲ့ အစာရှားပါးတဲ့ဘေးကို ယူမယ်၊ အဲဒီလိုဆိုတော့ ဝေရိဘေး ကျန်မနေပေဘူးလားလို့ မေးစရာရှိတယ်၊ မကျန်ဘူးလို့ဘဲ ဆိုနိုင်ပါတယ်။ ဘယ်လိုလဲဆိုတော့ ဝေရိဝေရန်ဆိုတာ အတွင်းရန်သူ, အပြင်ရန်သူ ၂-မျိုးရှိတယ်၊ သတ်ခြင်းစသော အကုသိုလ်စေတနာ ငါးပါးကို အတွင်းရန်သူ ဖြစ်ကြောင်း ရှေးနားက ပြဆိုခဲ့ပါပြီ၊ အဲဒီ အတွင်းရန်သူကို မှီပြီး အပြင်ရန်သူ ဖြစ်ပွားပုံကို ဝေရသုတ် အဋ္ဌကထာမှာ ဖွင့်ပြထားပါတယ်၊ ယခုပြဆိုခဲ့တဲ့ ဘေးတွေထဲမှာ သီလဗျသနဆိုတာ ပါတယ်၊ အဲဒီသီလပျက်မှု သီလဗျသနဟာ အတွင်းရန်သူဘဲ၊ အဲဒီ

သီလဗ္ဗုသန ဆိုတဲ့ အတွင်းရန်သူကို သောတာပတ္တိမဂ်က ပယ်လိုက်ယင် အပြင်ရန်သူဆိုတဲ့ ဝေရိဘေးလဲ ကင်းနိုင်တော့တာပါဘဲ။ ဒါကြောင့် ဝေရိဘေးကို သီလဗ္ဗုသနထဲမှာ ထည့်သွင်းပြီးတော့ ဒီမှာလိုနေတဲ့ (၂၅)ခုမြောက် ဘေးအရာမှာ ဒုဗ္ဘိက္ခဘေးကိုထည့်ယူသင့်တယ်လို့ ဘုန်းကြီးက သဘောကျနေပါတယ်။

ဒါကြောင့် ရှေ့နားက ပြထားခဲ့တဲ့ ဘေး (၂၄)ပါးထဲမှာ (၂၅) ဒုဗ္ဘိက္ခ-အစာရှားပါးတဲ့ အငတ်ဘေးကို ထည့်သွင်း ယူရမယ်၊ ဒါပေမဲ့ ဒီအငတ်ဘေးကတော့ သောတာပန်ဖြစ်ရုံနဲ့ မျက်မှောက်ဘဝတွင် ကေန်ကင်းငြိမ်းမယ်လို့ မဆိုနိုင်ပေဘူး၊ ဘာကြောင့်လဲဆိုယင်၊ မြတ်စွာဘုရားလက်ထက်တော် ကာလတုန်းက အရှင်**လောသကတိဿ**မထေရ် ဆိုတာဟာ ရှေး အကုသိုလ်ကံ၏ အကျိုး ဝိပါကဝဋ်က လိုက်လာလို့ ရဟန္တာ ဖြစ်ပြီးသည်တိုင်အောင် ဆွမ်းမပြည့်စုံဘဲ ရှိနေခဲ့ပါသတဲ့၊ နောက်ဆုံး ပရိနိဗ္ဗာန်စံမည့် နေ့မှာတောင် ဆွမ်းမဘုဉ်းပေးရဘဲ ရှိနေရာမှာ အရှင်သာရိပုတ္တရာမထေရ်က စတုမဓုဆေး အလှူခံကျွေးလို့ အဲဒီတကြိမ်ဘဲ စတုမဓုကို ဝဝလင်လင် ဘုဉ်းပေးရပါသတဲ့၊ ဒါကြောင့်ပါဘဲ။ သို့ပေမဲ့ သောတာပတ္တိမဂ်၏ အစွမ်းကြောင့် နောက်နောက်ဘဝတွေအတွက်ကတော့ ဒီဒုဗ္ဘိက္ခဘေးလဲ လုံးဝကင်းတယ်လို့ ယူနိုင်ပါတယ်။

သောတာပတ္တိမဂ်က ရန်ဘေးအားလုံးကို ငြိမ်းစေတယ် ဆိုရာမှာ ဘေးကြီး ၂၅-ပါးအကြောင်း စိစစ်ပြောနေရတာနဲ့ အချိန်

အတော်ကုန်သွားပြီ။ ကဲ-သူ့ဆောင်ပုဒ်ကို ထပ်ပြီး ဆိုကြဦးစို့။
(၇) ဘေးရန်ခပ်သိမ်း၊ ရှောင်ခွါတိမ်း၊ ကင်းငြိမ်းစေပါသည်။

ဓမ္မစကြာ မဟာဋီကာသစ် ကျမ်းကြီးမှာတော့ သံဝေဂဝတ္ထုဒီပနီမှာ ပြထားတဲ့ ၂-နည်းထဲမှ ဒုတိယနည်းအရ ပရိတ်ကြီးထဲက ရာဇတော ဝါ-စသည်ကိုသာ ဘေး(၂၅)ပါး အဖြစ်ထုတ်ပြထားပါတယ်၊ အဲဒါဟာ (ရာဇဘယာဒီနိ ပဥ္စဝီသတိ မဟာဘယာနိ)လို့ ဖွင့်ပြထားတဲ့ ဋီကာများနှင့် ညီညွတ်သလိုလို ရှိပေမဲ့ အဲဒီဘေး(၂၅)ပါးထဲမှာ အလွန်သေးနုတ်တဲ့(ခါဏုက-သစ်ငုတ်ဘေး၊ ကဏ္ဍက- ဆူးငြောင့်ဘေး၊ စဏ္ဍကုက္ကုရ- ခွေးကြမ်းဘေး၊ စဏ္ဍဝိစ္ဆိက-ကင်းမြီးကောက် ကင်းပုဇွန်ကြမ်းဘေး အစရှိတဲ့) ဘေးများလဲ ပါဝင်နေတဲ့အတွက် အရိယမဂ်ကပယ်တယ်လို့ ဆိုရာမှာ ဂုဏ်မြောက်ဖွယ်မရှိသောကြောင့် ဒီနေရာမှာ မသင့်ဘူးလို့ထင်ပါတယ်၊ နောက်ပြီးတော့ အဲဒီ အသေးအနုတ်ဘေးတွေဟာ **မဟာဘယ** ဆိုတဲ့ အမည်နှင့်လဲ မဟပ်မိဘူးလို့ ထင်ပါတယ်။

## ဘုရားသားတော်အစစ်

နောက်ပြီးတော့-သမ္မာသမ္ဗုဒ္ဓသ-မြတ်စွာဘုရား၏၊ ဩရသပုတ္တဘာဝံ-ရှေရင်တော်နှစ် သားတော်စစ်အဖြစ်သို့၊ ဥပနေတိ-ဆောင်ပို့တတ်ပေသည်-တဲ့၊ မြတ်စွာဘုရားကို ဘယ်လို လေးလေး

စားစား ယုံကြည်ကိုးကွယ်နေပေမယ်လို့ သောတာပတ္တိ မဂ်ဖိုလ် မရောက်သေးဘဲ ပုထုဇဉ်အဖြစ်နဲ့ ဆိုယင် မြတ်စွာဘုရား၏ သားတော် သမီးတော်အစစ် မဖြစ်သေးဘူး၊ သောတာပတ္တိ မဂ်ဖိုလ်ရောက်လို့ သောတာပန်ဖြစ်မှ မြတ်စွာဘုရား၏ သားတော် သမီးတော်အစစ် ဖြစ်တယ်၊ ဒါကြောင့် သောတာပတ္တိမဂ်က မြတ်စွာဘုရား၏ ရှေ့ရင်တော်နှစ် သားတော်စစ် သမီးတော်စစ် အဖြစ်သို့လဲ ရောက်စေပါတယ် တဲ့။

မြတ်စွာဘုရားကို အလွန် လေးစား ကြည်ညိုနေပါလျက် ပုထုဇဉ်ဟာ ဘုရား၏ သားတော်စစ် သမီးတော်စစ် ဘာကြောင့် မဖြစ်ပါသလဲလို့ ဆိုတော့၊ ပုထုဇဉ် ဆိုတာ ဆရာများတယ်၊ ယခု ဘုရားစစ် ဘုရားမှန်ကို ယုံကြည် ကိုးကွယ်နေပေမယ်လို့ နောက်တချိန်မှာ ဘုရားတုတွေ ဂိုဏ်းဆရာတွေကို ယုံကြည် ကိုးကွယ်သွားတာလဲ ရှိနိုင်တယ်၊ ယခုဘဝမှာ မပြောင်းလဲ ပေမယ်လို့ နောက်နောက်ဘဝတွေကျတော့ ပြောင်းလဲသွားနိုင် သေးတယ်၊ ဒါကြောင့်ပါဘဲ။ သောတာပန်ဖြစ်သွားယင်တော့ ဘုရားစစ်ကို ယုံကြည်မှု ကြည်ညိုမှု ကိုးကွယ်မှုဟာ မပျက်နိုင် တော့ဘူး၊ ဘုရားဟောထားတဲ့ တရားတော်ကို ကိုယ်တိုင်တွေ့ပြီး ယုံကြည်မှု ခိုင်မြဲနေတော့တာဘဲ၊ အဲဒီလို ဘုရားရှေ့ရင်တော်မှ ထုတ်ပြီးဟောတဲ့တရားကို သိပြီး ခိုင်ခိုင်မြဲမြဲ ယုံကြည်တဲ့အတွက် ရှေ့ရင်တော်နှစ် သားတော်စစ် သမီးတော်စစ် ဖြစ်တယ်လို့ ဆိုရတယ်၊ အဲဒီလို ရှေ့ရင်တော်နှစ် သားတော်စစ် အဖြစ်သို့လဲ ရောက်စေပါတယ် တဲ့။ အဲဒါကို "ရှေ့ရင်တော်နှစ်၊သားတော်ဖြစ်၊

စင်စစ်ရောက်စေသည်”လို့ ဆောင်ပုဒ် စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

(ဂ) ရွှေရင်တော်နှစ်၊ သားတော်ဖြစ်၊ စင်စစ်ရောက်စေသည်။

သားတော်အဖြစ်လို့ ဆိုသင့်ရာမှာ သံပေါက်လင်္ကာစပ်နည်းနှင့် ညီအောင် သားတော်ဖြစ်-လို့ စီထားပါတယ်၊ အမျိုးသမီးသောတာပန်အတွက် ဆိုယင်တော့ သမီးတော်ဖြစ်-လို့ ပြင်ဆိုရုံပါဘဲ။ မြတ်စွာဘုရား၏ သားတော်အဖြစ် သမီးတော်အဖြစ်သို့ သောတာပတ္တိမဂ်က ရောက်စေတယ်ဆိုတော့ အမြင့်ဆုံးအဆင့်သို့ ရောက်စေတာပေါ့၊ အင်မတန် အားတက်စရာကောင်းပါတယ်။

## အကျိုးအာနိသင်များစွာကိုလဲ ရစေသည်

နောက်ပြီးတော့-အညွှေသံ–ဆိုခဲ့ပြီးများမှ တပါးကုန်သော၊ အနေကသတာနံ အာနိသံသာနံ ပဋိလာဘာယ . စ-ရာပေါင်းများစွာသော အကျိုးအာနိသင်တို့ကို ရခြင်းငှါလဲ၊ သံဝတ္တတိ-ဖြစ်ပါတယ်တဲ့။ အဲဒါတွေက ဘယ်လိုအကျိုးအာနိသင်တွေလဲလို့ ဆိုတော့·ရတနတ္တယေ နိဝိဋ္ဌသဒ္ဓါဒီနံ-ရတနာသုံးပါးအပေါင်း၌ သက်ဝင်သော သဒ္ဓါစသော အကျိုးအာနိသင်တွေပါဘဲလို့ ဋီကာက ဖွင့်ပြထားပါတယ်။ သောတာပန် ဖြစ်သွားယင် ဘုရား တရား သံဃာ အစစ်အမှန်မှာ ယုံကြည်မှု ခိုင်မြဲသွားတယ်၊ ဒါကြောင့် ဟိုဆရာ ဒီဆရာတွေကို မော့ကြည့်နေဘို့ မလို

တော့ဘူး၊ တရားအသစ်ရှာနေဘို့ မလိုတော့ဘူး၊ အခြားဆရာတွေ အခြားဘာသာတရားတွေကို မော့မကြည့်ရတော့ဘူး၊ ငုံ့ကြည့်ရတဲ့အနေ ရောက်နေပါတယ်၊ အဲဒါဟာ တရားမှန်ကို သိထားလို့ ချမ်းသာနေတာပါဘဲ။ နောက်ပြီးတော့ သောတာပန်ဟာ ကာမဘဝမှာ အများဆုံး ခုနစ်ဘဝအတွင်း အရဟတ္တမဂ်ဖိုလ်ရောက်ပြီး ရဟန္တာဖြစ်ရမယ်၊ ရဟန္တာ မဖြစ်သေးမီအတွင်းမှာလဲ ကိုယ့်တရားနဲ့ကိုယ် ခိုင်လုံတဲ့အားကိုးစရာ အမြဲရှိနေတယ်၊ ယုတ်ညံ့တဲ့ဘဝမှာ မဖြစ်ရဘူး၊ ပြည့်စုံချမ်းသာတဲ့ ဘဝကောင်း ဘဝမြတ်များမှာသာ ဖြစ်ရတယ်-စသည်ဖြင့် ဒီလို အကျိုးအာနိသင်တွေကိုလဲ သောတာပတ္တိမဂ်က ရစေပါတယ်။ အဲဒါကို "ရာပေါင်းများစွာ၊ နိသံသာ၊ သောတာမဂ်က ပေးပါသည်"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

(၉) ရာပေါင်းများစွာ၊ နိသံသာ၊ သောတာမဂ်က ပေးပါသည်။

## ပစ္စဝေက္ခဏာဉာဏ် ၂-မျိုး

သောတာပတ္တိမဂ်က ပေးတဲ့ အကျိုးအာနိသင်တွေကို ဝိသုဒ္ဓိမဂ်မှာ ပြထားတဲ့အတိုင်း ဟောလာတာ ပြည့်စုံသွားပါပြီ။ ယခု ပစ္စဝေက္ခဏာဉာဏ်အကြောင်းကို ဆက်ဟောရမယ်။

ပစ္စဝေက္ခဏာဆိုတာ (၁) တွေ့သိခဲ့ရတဲ့ မဂ်ဖိုလ်နိဗ္ဗာန်စသည်ကို ပြန်လှည့်၍ ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာ-က တမျိုး၊ (၂) မိမိ၏

အခြေအနေကို စူးစမ်းဆင်ခြင်တဲ့ ပစ္စဝေက္ခဏာ-က တမျိုး၊ ဒီလို ၂-မျိုး ရှိပါတယ်။

## (၁) ဖြစ်မြဲ ပစ္စဝေက္ခဏာ

ထိသိမှု ကြံသိမှု ကြားမှု မြင်မှု စသည်ကို မပြတ်ရှုမှတ်နေတဲ့ ယောဂီဟာ လျင်မြန်စွာ ဖြစ်ပျက်နေတဲ့ သဘောတရား တွေကို သိနေယင်းပင် သိစရာအာရုံရော ရှုသိမှုရော ပြတ်စဲ ချုပ်ငြိမ်းတဲ့ သဘောထဲကို ကျရောက်သွားတယ်၊ အဲဒီလို ကျရောက်သွား တာဟာ ဂေါတြဘူမဂ်ဖိုလ်ခေါ်တဲ့ တရားထူးတွေဘဲ၊ ချုပ်ငြိမ်း တာကတော့ နိဗ္ဗာန်ဘဲ။ ဒါကြောင့် အဲဒီလို ကျရောက်သွား တဲ့အခါ ချက်ခြင်းပင် ပြန်လှည့်ပြီး ဆင်ခြင်မိတယ်၊ ဆင်ခြင်ပုံ ကတော့ မပြတ်ဖြစ်ပျက်နေတဲ့ သဘောတွေကို ရှုသိနေယင်းထဲက ချုပ်ငြိမ်းရာ ရောက်သွားပုံကိုလဲ ဆင်ခြင်မိတယ်၊ အဲဒါဟာ လာခဲ့ရာလမ်းကို ပြန်လှည့်ပြီး ကြည့်တာလိုပင် မဂ်ကိုဆင်ခြင်တဲ့ ပစ္စဝေက္ခဏာဘဲ။ ချုပ်ငြိမ်းရာမှာ ခဏတ္တမျှ တည်ပုံကိုလဲ ဆင်ခြင် မိတယ်၊ အဲဒါက အကျိုး ဖိုလ်ကိုဆင်ခြင်တဲ့ ပစ္စဝေက္ခဏာဘဲ၊ ဒီ ပစ္စဝေက္ခဏာကတော့ ဖလသမာပတ်ရောက်ပြီးတဲ့ အခါမှာမှ ပိုပြီး ထင်ရှားတယ်။ ချုပ်ငြိမ်းရာ ရောက်နေဆဲတွင် ဖြစ်ပျက်တဲ့ သဘောကင်းဆိတ်နေပုံကိုလဲ ဆင်ခြင်မိတယ်၊ အဲဒါက ချုပ်ငြိမ်း တဲ့ နိဗ္ဗာန်ကို ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာဘဲ။ ဒီဆင်ခြင်ပုံ ၃-မျိုး ကတော့ မဂ်ဖိုလ်ရောက်တဲ့ ပုဂ္ဂိုလ်တိုင်းမှာ ကေန် ဖြစ်စမြဲပါဘဲ၊ ဥပမာအားဖြင့် လမ်းလျှောက်နေယင်း ချိုင့်ထဲ ကျသွားယင်

ဆင်ခြင်မိတာလိုပါဘဲ။ ဒါကြောင့် ပရမတ္ထဝိနိစ္ဆယကျမ်းမှာ—

မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊ အဝဿံ ပစ္စဝေက္ခတိ-လို့

ပြဆိုထားပါတယ်။ မဂ္ဂံ–မဂ်ကိုရှင်း၊ ဖလဉ္စ–ဖိုလ်ကိုရှင်း၊ နိဗ္ဗာနံ–နိဗ္ဗာန်ကိုရှင်း၊ အဝဿံ–မချွတ်ကေန်၊ ပစ္စဝေက္ခတိ-ပြန်လှည့်၍ ဆင်ခြင်မြဲပါဘဲ တဲ့၊ ပယ်ပြီး ငြိမ်းပြီး ကိလေသာနဲ့ မပယ်ရသေး မငြိမ်းသေးတဲ့ ကိလေသာများကို ဆင်ခြင်တာကတော့ အဲဒီ ကိလေသာတွေနဲ့စပ်ပြီး ကြားနာမှတ်သားဘူးတဲ့ သုတရှိသူများ မှာသာ ဖြစ်တယ်၊ သုတမရှိတဲ့သူများမှာတော့ မဖြစ်ပဲလဲ ရှိတတ် ပါသတဲ့။ ဒါကြောင့် အဲဒီ ပရမတ္ထဝိနိစ္ဆယကျမ်းနှင့် အဘိဓမ္မတ္ထ သင်္ဂဟကျမ်းများမှာ—

ဟီနေ ကိလေသေ သေသေ စ၊
ပစ္စဝေက္ခတိ ဝါ န ဝါ-လို့—

ပြဆိုထားကြပါတယ်။ ဟီနေ- ပဟီနေ ကိလေသေ–ပယ်အပ်ပြီး ကိလေသာတို့ကိုရှင်း၊ သေသေ စ-မပယ်ရသေး၍ ကြွင်းကျန် သော ကိလေသာတို့ကိုရှင်း၊ ပစ္စဝေက္ခတိ ဝါ-ဆင်ခြင်သည်လည်း ရှိ၏၊ န ပစ္စဝေက္ခတိ ဝါ–မဆင်ခြင်သည်လည်း ရှိ၏-တဲ့။

"သကဒါဂါမိ မဂ်က မည်သည့် ကိလေသာများကို ပယ် ဘယ်" ဆိုတာ မကြားဘူး မမှတ်သားဘူးတဲ့အတွက် သကဒါ ဂါမ်ဖြစ်တဲ့ မဟာနာမ်မင်းဟာ သူ့သန္တာန်မှာ ကင်းတဲ့ ကိလေ သာနဲ့ မကင်းသေးတဲ့ ကိလေသာတွေကို မဆင်ခြင်မိဘူး၊ မဆင်

ခြင်မိတဲ့အတွက် သူ့သန္တာန်မှာ ရံခါ ရံခါ ဖြစ်ပေါ်လာကြတဲ့ လောဘ ဒေါသ မောဟတွေဟာ ဘာကြောင့် ဖြစ်ပေါ်ကြပါသလဲလို့ မြတ်စွာဘုရားကို မေးလျှောက်တယ်၊ မြတ်စွာဘုရားက အဲဒီ လောဘ ဒေါသ မောဟတွေဟာ မပယ်ရသေးလို့ ဖြစ်ကြတာဘဲလို့ မိန့်ကြားတော်မူပါတယ်။

## (၂) စုံးစမ်းဆင်ခြင်တဲ့ ပစ္စဝေက္ခဏာ

သောတာပန်၏ စွမ်းရည်ဂုဏ်များကို စုံးစမ်း ဆင်ခြင်ကြည့်ရန် မူလပဏ္ဏာသပါဠိတော် ကောသမ္ဗိယသုတ်မှာ မြတ်စွာဘုရားရှင်က (၇)မျိုး ခွဲဘာန်ပြီး ဟောထားပါတယ်၊ အဲဒီဆင်ခြင်ပုံတွေဟာ ဖြစ်မြဲပစ္စဝေက္ခဏာထက် ကျယ်ပြန့်တဲ့အတွက် မဟာပစ္စဝေက္ခဏာ လို့လဲ ခေါ်ပါတယ်၊ အကျယ် ကိုတော့ **ရှစ်ဖြာမဂ္ဂင် နိဗ္ဗာန်ဝင်တရားတော်** စာအုပ်မှာ နောက်ဆက်တွဲ အနေနဲ့ ဖော်ပြထားပြီး ရှိနေပါတယ်။ ဒါပေမဲ့ ဒီသီလဝန္တသုတ်တရားကို ဟောစဉ်ကဘည်းက ထည့်သွင်းပြီး အကျယ်ဟောထားခဲ့တဲ့အတွက် ဒီနေရာမှာ အကျဉ်းချုပ်တော့ ပြရဦးမှာဘဲ။

### ပဌမ မဟာပစ္စဝေက္ခဏာ

ဘိက္ခဝေ-ရဟန်းတို့၊ ဣဓ-ဤ သာသနာတော်၌၊ ဘိက္ခု-သောတာပန် ရဟန်းသည်၊ ဝါ-သောတာပန် ပုဂ္ဂိုလ်သည်၊ အရညဂတော ဝါ-တောအရပ်သို့ ကပ်ရောက်လျက် ဖြစ်စေ၊ ရုက္ခ မူလဂတော ဝါ-သစ်ပင်ရင်း သစ်ပင်အောက်သို့ ကပ်ရောက်

လျက်ဖြစ်စေ၊ သုညာဂါရဂတော ဝါ-လူသူဆိတ်သည့် ကမ္မဋ္ဌာန်းကျောင်းသို့ ကပ်ရောက်လျက်ဖြစ်စေ၊ ဣတိ ပဋိသဉ္စိက္ခတိ-ဤပုံဤနည်းဖြင့် ရှုဆင်ခြင်ကြည့်၏။ (ရှုဆင်ခြင်ပုံကတော့) ယေန ပရိယုဋ္ဌာနေန-အကြင် ဖြစ်ပေါ်လျက် လွှမ်းမိုးတတ်သော (ပရိယုဋ္ဌာန်)ကိလေသာက၊ ပရိယုဋ္ဌိတစိတ္တော-စိတ်ကို လွှမ်းမိုးလျက်ဖြစ်နေသောကြောင့်၊ အဟံ-ငါသည်၊ ယထာဘူတံ-ဟုတ်တိုင်းမှန်စွာ၊ ဝါ-တကယ် ဖြစ်ပေါ်နေသည့် ရုပ်နာမ် သဘောကို၊ နပ္ပဇာနေယျံ န ပဿေယျံ-မသိနိုင် မမြင်နိုင်ဘဲရှိရာ၏၊ မေ အဇ္ဈတ္တံ-ငါ၏ ကိုယ်ထဲ၌၊ အပ္ပဟီနံ-မပယ်ရသေး-မကင်းသေးသော၊ တံ ပရိယုဋ္ဌာနံ-ထိုသို့သော ပရိယုဋ္ဌာန်ကိလေသာသည်၊ အတ္ထိ နုခေါ-ရှိသေးသလော၊ ဣတိ ပဋိသဉ္စိက္ခတိ-ဤသို့ ရှုဆင်ခြင်ကြည့်၏။

ပုထုဇဉ် ပုဂ္ဂိုလ်မှာ တရား နှလုံးသွင်း ရှုမှတ်နေတဲ့အခါ (ကာမစ္ဆန္ဒ အစရှိသော) စိတ်ကူး ကြံစည်မှု (ပရိယုဋ္ဌာန်ကိလေသာ)တွေက မကြာခဏ ဖြစ်ပေါ်နေလို့ ဒွါရ ၆-ပါးက တကယ်ဖြစ်ပျက်တဲ့ ရုပ်နာမ်ကို အမှန်အတိုင်း မသိနိုင်ဘဲ ရှိနေတတ်တယ်၊ အဲဒီလို ထကြွလွှမ်းမိုးပြီးဖြစ်ပေါ်နေတဲ့(ပရိယုဋ္ဌာန်) စိတ်ကူး ကိလေသာတွေများ ရှိသေးသလားလို့ သောတာပန်က ဆင်ခြင်ကြည့်ပါတယ် တဲ့၊ ဒါပေမဲ့ သက်သက် ဆင်ခြင်ကြည့်ရုံနဲ့တော့ အမှန်အတိုင်း မသိနိုင်ဘူး၊ မြင်မှု ကြားမှုစသော ဖြစ်ခိုက်ရုပ်နာမ်တွေကို ရှုမှတ်ရတဲ့ ဝိပဿနာ ရှုနည်းဖြင့် ရှုမှတ်လျက် ဆင်ခြင်ကြည့်ရတယ်၊ အဲဒီလို ရှုမှတ် ဆင်ခြင်ကြည့်တဲ့အခါ

ကာမစ္ဆန္ဒ အစရှိသော အလွတ် စိတ်ကူးကြံစည်မှုတွေ လုံးလုံး မဖြစ်ပဲယင်လဲ ရှိရမယ်၊ တရံတခါ ဖြစ်လာယင်လဲ ချက်ခြင်းပင် မှတ်သိနိုင်ပြီး ကင်းပျောက်သွားစေနိုင်ရမယ်၊ နာရီဝက်ခန့် ဖြစ်စေ၊ တနာရီဖြစ်စေ၊ ထို့ထက်အလွန်ဖြစ်စေ တကယ် ဖြစ်ပျက်တဲ့ ရုပ်နာမ်တွေကို အမှန်အတိုင်း မပြတ်ရှုသိပြီးနေနိုင် ရမယ်၊ အဲဒီလို သိနေယင် အမှန်အတိုင်း မသိနိုင်အောင် လွှမ်းမိုးတဲ့ ပရိယုဋ္ဌာန်စိတ်ကူးတွေ ကင်းငြိမ်းနေတာဘဲ၊ အဲဒီလို ကင်းငြိမ်းနေတာကို တွေ့ပြီး ဒီလို ဆုံးဖြတ်နိုင်ရမယ်တဲ့၊ အဲဒီ ဆုံးဖြတ်ပုံကို ဒီလို ဟောထားပါတယ်။

သော-ထိုသို့ရှုမှတ်လျက် ဆင်ခြင်ကြည့်သော ထိုသောတာပန် ရဟန်းသည်၊ မေ အဇ္ဈတ္တံ-ငါ၏ ကိုယ်ထဲ၌၊ အပ္ပဟီနံ-မပယ်ရ သေးသော၊ တံ ပရိယုဋ္ဌာနံ-အမှန်အတိုင်း မသိနိုင်အောင် လွှမ်းမိုးလျက် ဖြစ်ပေါ်သော ထိုပရိယုဋ္ဌာန် စိတ်ကူးမျိုးသည်၊ နတ္ထိ-မရှိတော့ပေ၊ သစ္စာနံ ဗောဓာယ-သစ္စာလေးပါး အမှန် တရားတို့ကို ထိုးထွင်းသိရန်အတွက်၊ မေ မာနသံ-ငါ၏ စိတ်ကို၊ သုပ္ပဏိဟိတန္တိ-ကောင်းစွာ ထားအပ်ပေပြီဟု၊ ပဇာနာတိ-သိမြင် ဆုံးဖြတ်ပါတယ်တဲ့။ အဲဒါကို ဘုန်းကြီးက ဆောင်ပုဒ်များ စီထားတယ်၊ အဲဒါတွေကို လိုက်ဆိုကြရမယ်။

(က) ဆိတ်ငြိမ်ရာတွင်၊ ချဉ်းကပ်ဝင်၍၊ ဆင်ခြင်ရှုကြည့်၊ ဖြစ်ပျက်မိ၊ အသိရှင်းသည်သာ။

အဲဒီမှာ ဆိတ်ငြိမ်ရာတွင် ချဉ်းကပ်ဝင်၍-ဆိုတာကတော့ ရှုမှတ် ဆင်ခြင်ကြည့်ဘို့ရာ သင့်လျော်တဲ့အရပ်ကို ညွှန်ပြတာ

ပါဘဲ၊ တောအရပ်, သစ်ပင်အောက်, ဆိတ်ငြိမ်ရာဆိုတဲ့ ဒီအရပ် သုံးပါးထဲက တပါးပါးကို ညွှန်ပြတာပါဘဲ၊ လိုရင်းကတော့ ဖြစ်ခိုက်ရုပ်နာမ်တွေ ရှုကြည့်တဲ့အခါ အဖြစ်အပျက်ကို ရှင်းလင်းစွာသိရတယ်-ဆိုတာက လိုရင်းပါဘဲ၊ ကဲ ဆက်ပြီးဆိုကြရမယ်။

(ခ) ယထာဘူတ၊ မသိရအောင်၊ ထကြွလွှမ်းမိုး၊ ကိလေသိုး၊ ဖြစ်ရိုး မရှိပါ။

(ဂ) ဤသို့ သိရ၊ ပဌမ၊ ပစ္စဝေက္ခဏာ။

ဖြစ်ခိုက်ရုပ်နာမ်တွေကို မရှုနိုင် မသိနိုင်အောင် လွှမ်းမိုးပြီး ဖြစ်တဲ့ ပရိယုဋ္ဌာန်စိတ်ကူးကြံစည်မှုတွေ ကိလေသာကြမ်းတွေ မရှိဘူးလို့ သိရတယ်၊ အဲဒါဟာ ပဌမ မဟာပစ္စဝေက္ခဏာပါဘဲ။ ဒါကြောင့်—

ဣဒံ-ဤဆင်ခြင်ဉာဏ်သည်၊ အဿ အဓိဂတံ-ထိုသောတာပန် ရသော၊ ပဌမံ ဉာဏံ-ပဌမပစ္စဝေက္ခဏာဉာဏ်သည်၊ ဟောတိ-ဖြစ်ပေသည်၊ အရိယံ လောကုတ္တရံ-လောကုတ္တရာ အရိယမဂ်ကို မှီ၍ဖြစ်သော ဉာဏ်ပေတည်း။ အသာဓာရဏံ ပုထုဇ္ဇနေဟိ-ပုထုဇဉ်တို့နှင့် မဆိုင်သော ဉာဏ်ပေတည်း-လို့ နိဂုံးချုပ်ပြီး ဟောထားပါတယ်။

ဘယ်နည်းနဲ့ဘဲ အားထုတ်သည်ဖြစ်စေ မိမိကိုယ်ကို သောတာပန်ဖြစ်ပြီလို့ ယုံကြည်ယူဆထားတဲ့သူတိုင်း ဒီပဌမပစ္စဝေက္ခဏာ

နည်းဖြင့် ရှုဆင်ခြင်ကြည့်သင့်ပါတယ်၊ သောတာပန်မဟုတ်သေးယင်တော့ မရှုသိနိုင်ဘဲ စိတ်ကူးအကြံတွေက လွှမ်းမိုးနေတာကို တွေ့ရမှာဘဲ၊ သောတာပန် အစစ် ဖြစ်နေယင်တော့ ပလိဗောဓ မရှိပဲ ရှုမှတ်နေတဲ့အခါ အလွတ်စိတ်ကူးအကြံတွေ လုံးဝမဖြစ်လာဘဲ ကင်းငြိမ်းနေတာကိုယင်လဲ တွေ့ရမယ်၊ ဖြစ်လာယင်လဲ ချက်ခြင်း မှတ်သိနိုင်တဲ့အတွက် အနှောင့်အယှက်မရှိဘဲ ရှုမှတ်နိုင်ပြီး တကယ်ဖြစ်ပျက်နေတဲ့ရုပ်နာမ်တွေကို ရှင်းလင်းစွာ သိသိနေတာကိုယင်လဲ တွေ့ရမယ်။

## ဒုတိယ ပစ္စဝေက္ခဏာ

ဒီကနောက်တော့ ပါဠိအနက်ကို မရွတ်တော့ဘဲဆောင်ပုဒ်ကို ဆိုပြီး ရှင်းပြသွားမယ်၊ ပါဠိအနက်ကို အလိုရှိယင်တော့ **ရှစ်ဖြာမဂ္ဂင် နိဗ္ဗာန်ဝင်တရားတော်** စာအုပ်မှာ နောက်ဆက်တွဲ **မဟာပစ္စဝေက္ခဏာတရားတော်** ကို ကြည့်ကြပေတော့။ ကဲ လိုက်ဆိုကြရမယ်။

(က) မဂ်သိပြီးဟန်၊ ဝိပဿဉာဏ်၊ ဖန်ဖန်မှီဝဲကာ။

(ခ) အကြမ်း, အနု၊ ကိလေစု၊ ငြိမ်းမှု ထင်ရှားရာ။

သောတာပန်မှာ မဂ်ဉာဏ်ဖြင့် ချုပ်ငြိမ်းတဲ့ သဘောကို တွေ့မြင်ပြီးတော့ မြင်မှု ကြားမှု စသည်တွေကို အနိစ္စ ဒုက္ခ အနတ္တသဘောမျှဘဲလို့ သိတဲ့ ဉာဏ်အမြင်ဟာ ခိုင်မြဲသွားတယ်၊

ထပ်ခါ ထပ်ခါ ရှုမှတ်နေတိုင်း အဲဒီမဂ် အသိအမြင်ကို မှီဝဲပွါးများနေသည် မည်ပါတယ်၊ ဒါကြောင့် အဲဒီလို ရှုမှတ်ပြီး မှီဝဲပွါးများနေတဲ့အတွက် ကိလေသာငြိမ်းမှုကို ရ-မရ ဆင်ခြင်ကြည့်ပါတယ်။ အဲဒီဆင်ခြင်ပုံ ပါဠိထဲမှာ "(ပစ္စတ္တံ သမထံ) မိမိစိတ်၌ နီဝရဏကိလေသာကို ငြိမ်းစေတဲ့ သမာဓိကို ရပါရဲ့လား"လို့ ဆင်ခြင်တာက "ရှုမှတ်နေစဉ်မှာ စိတ်ကူးကြံစည်မှု ကိလေသာတွေ ကင်းလောက်အောင် သမာဓိ ကောင်းပါရဲ့လား"လို့ ဆင်ခြင်တာပါဘဲ၊ အဲဒါကို ဆောင်ပုဒ်ထဲမှာ အကြမ်းကိလေသာငြိမ်းမှု ထင်ရှားရမယ်လို့ ဆိုထားတယ်၊ ပရိယုဋ္ဌာန်ခေါ်တဲ့ စိတ်ကူးကိလေသာတွေကို ကိလေသာကြမ်းတွေလို့ ဆိုတာပါဘဲ၊ အရိယမဂ်မရမီကဆိုယင် အဲဒီလိုအပြင်ထွက်တဲ့ စိတ်ကူးတွေကို မပယ်နိုင်တဲ့အခါလဲ ရှိတယ်၊ သောတာပန်မှာ ဆိုယင်တော့ ပလိဗောဓကြောင့်ကြစရာမရှိပဲ အေးအေးဆေးဆေး ရှုမှတ်နေတဲ့အခါ အဲဒီလို စိတ်ကူးကိလေသာတွေကို ပယ်ခွါနိုင်တာကပဲ များရမယ်၊ အဲဒီလိုပယ်ခွါနိုင်တဲ့သမာဓိကို ရပါရဲ့လား လို့ ဆင်ခြင်ပုံပါဘဲ။ "(ပစ္စတ္တံ နိဗ္ဗုတိံ) မိမိစိတ်၌ ကိလေသာငြိမ်းခြင်းကို ရပါရဲ့လား"လို့ ဆင်ခြင်တာကတော့ "သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသစသော ကိလေသာကင်းငြိမ်းပါရဲ့လား"လို့ ဆင်ခြင်တာပါဘဲ၊ အဲဒါကတော့ ပယ်ပြီးကိလေသာ ဆင်ခြင်တာနဲ့လဲ ခပ်တူတူပါဘဲ၊အဲဒီသက္ကာယဒိဋ္ဌိစသည်ကတော့ အနုသယ ခေါ်တဲ့ သိမ်မွေ့သော ကိလေသာများ ဖြစ်တဲ့အတွက် ဆောင်ပုဒ်ထဲမှာ အနုစား ကိလေသာအနေဖြင့် ပြထားပါတယ်။

ရှုမှတ်ပြီး အဲဒီလို ဆင်ခြင်ကြည့်ယင် ရှုမှတ်နေဆဲမှာ စိတ်ကူး ကိလေသာအကြမ်းတွေ မဖြစ်လာဘဲ ငြိမ်းနေတာကို တွေ့ရမယ်၊ ရှုမိတဲ့အာရုံတိုင်းနှင့် စပ်ပြီး မြဲတယ် ချမ်းသာ တယ် စသည်ဖြင့် ထင်မှတ်မည့် အနုသယကိလေသာ ငြိမ်းနေတာလဲ ထင်ရှားရမယ်၊ သက္ကာယဒိဋ္ဌိ အစရှိသော ကိလေသာတွေ လုံးဝ မဖြစ်နိုင်တာကိုလဲ ထင်ရှားတွေ့ရမယ်၊ အဲဒီလို တွေ့ရတဲ့အတွက် ဒီလိုဆုံးဖြတ်ချက် ရလာရမယ်၊ မှတ်သိစရာရော မှတ်သိမှုရော ချုပ်ငြိမ်းတဲ့သဘောထဲသို့ ကျရောက်သွားပြီးကတည်းက ရှုမှတ်ဆဲမှာလဲ စိတ်ကူးကိလေသာတွေ ငြိမ်းနေတယ်၊ ဒိဋ္ဌိ ဝိစိကိစ္ဆာ စသည်လဲ ရှေးကလို မရှိတော့ဘူး''လို့ ဒီလို သိမြင်ဆုံးဖြတ်နိုင်ရမယ်၊ အဲဒါဟာ ဒုတိယ မဟာပစ္စဝေက္ခဏာပါဘဲ။

## တတိယ ပစ္စဝေက္ခဏာ

မြင်မှု ကြားမှုစသည်ကို ရှုမှတ်ပြီး အနိစ္စ ဒုက္ခ အနတ္တဟု သိလျက် မဂ္ဂင်ရှစ်ပါးကို ပွါးစေရတဲ့ ဤသာသနာတော်မှ အပြင်ဘက်မှာ ချုပ်ငြိမ်းတဲ့သဘောတိုင်အောင် သိမြင်တဲ့ ဒီအသိအမြင်မျိုးနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ် ရှိနိုင်သေးသလားလို့ သောတာပန်က ဆင်ခြင်ကြည့်ယင် အဲဒီလိုပုဂ္ဂိုလ်ဟာ ဒီသာသနာမှ အပြင်ဘက်၌ မရှိနိုင်ဘူးလို့ သိမြင်ဆုံးဖြတ်နိုင်ရမယ်၊ အဲဒီလို သိမြင်ဆုံးဖြတ်တာဟာ တတိယမဟာပစ္စဝေက္ခဏာ ပါဘဲ။ ဆောင်ပုဒ်များကို ဆိုကြရမယ်။

(က) ရှုမှတ်သိရ၊ ဤလမ်းမှ၊ ပြင်ပ တခြားမှာ။
(ခ) ကိလေငြိမ်းဘိ၊ မြတ်အရိ၊ မရှိဆုံးဖြတ်ရာ။

"ဥပါဒါနက္ခန္ဓာငါးပါးကို အနိစ္စ စသော အခြင်းအရာ တို့ဖြင့် ရှုရမယ်၊ အဲဒီလို ရှုနေယင်း သောတာပတ္တိဖိုလ်သို့ရောက်ပြီး သောတာပန်ဖြစ်တယ်"လို့ ဟောထားတဲ့ ဒီသီလဝန္တသုတ်စသည်နှင့်အညီ "မြင်မှု ကြားမှုစသော ဥပါဒါနက္ခန္ဓာ-ဒုက္ခသစ္စာကို မရှုသိဘဲ၊ မဂ္ဂင်ရှစ်ပါးကို မပွါးစေဘဲ တခြားနည်းဖြင့် တရားထူး မရနိုင်ဘူး"ဆိုတာ ကိုယ်တွေ့အားဖြင့် သဘော ကျနေတဲ့ အတွက် "ဒီသာသနာ ဒီနည်းလမ်းမှ အပြင်ဘက်၌ ကိလေသာငြိမ်းတဲ့ အရိယာမရှိဘူး"လို့ ဆုံးဖြတ်နိုင်ပါတယ်တဲ့။

## စတုတ္ထ ပစ္စဝေက္ခဏာ

နောက် ဆင်ခြင်ပုံတခုကတော့ အရိယာဉာဏ် အမြင်နှင့်ပြည့်စုံတဲ့ သောတာပန်မှာ ပြည့်စုံမြဲဖြစ်တဲ့ ဓမ္မတာသဘော ဆိုတာ ရှိတယ်၊ အဲဒီ ဓမ္မတာသဘောနှင့် ငါ့မှာပြည့်စုံပါရဲ့လား"လို့ ဆင်ခြင်ကြည့်ရမယ် တဲ့၊ အဲဒီ ဓမ္မတာက ဘယ်လိုဟာလဲဆိုယင်၊ အရိယာမှာ သင့်နိုင်တဲ့ အာပတ်ဆိုတာရှိတယ်၊ ကုစားပြုပြင်လို့ ရနိုင်တဲ့အာပတ်ပါဘဲ၊ လောကဝဇ္ဇမဟုတ်တဲ့ ပဏ္ဏတ္တိဝဇ္ဇအာပတ်ထဲကပါဘဲ၊ အဲဒီအာပတ်တွေထဲမှာလဲ မသိနားမလည်လို့ဖြစ်စေ၊ စိတ်မပါဘဲဖြစ်စေ သင့်တဲ့အာပတ်ပါဘဲ၊ လူသာမဏေများနှင့် သုံးညဥ့်ထက် အလွန် အမိုးအကာ တူတဲ့ အဆောက်အဦ အတွင်းမှာ လျောင်းအိပ်ခြင်း၊ တိစီဝရိက် အဓိဋ္ဌာန်တင်ထားတဲ့ သင်္ကန်းနှင့် အရုဏ်တက်ချိန်၌ ကင်းကွာနေခြင်း စသည်ကြောင့် သင့်တဲ့အာပတ်မျိုးပါဘဲ၊ အဲဒီလို အာပတ် မတော်တဆသင့်ခဲ့

လျှင် လျှင်မြန်စွာ ဒေသနာပြောကြားပြီး ကုစားပါတယ်တဲ့၊ လျှင်မြန်ပုံ ဥပမာကတော့ ကလေးသူငယ်ဟာ လက်ဖြင့် မီးကျီးခဲကို ထိမိယင် ချက်ခြင်း လက်ကို ပြန်ရုပ်သိမ်းသလိုပါဘဲ တဲ့၊ လူကြီးဆိုယင် ရုတ်တရက် မပူသေးတဲ့အတွက် လက်ကို ပြန်ရုပ်သိမ်းဘာ ဖင့်နွှေးနိုင်တယ်၊ ကလေးသူငယ်ကတော့ အသားကနုလို့ မြန်မြန်ပူပြီး မြန်မြန်ရုပ်သိမ်းတယ်၊ အဲဒီလိုဘဲ အာပတ်ကို အမြန်ကုစားတယ်၊ နောင်လဲ အဲဒီ အာပတ်မျိုး မသင့်ရအောင် ရိုသေစွာ စောင့်ရှောက်သွားတယ်၊ အဲဒါဟာ သောတာပန်ရဟန်းမှာ ပြည့်စုံမြဲဓမ္မတာပါဘဲ။ လူဝတ်ကြောင် သောတာပန်များမှာလဲ အပါယ်ကျလောက်အောင် မကြီးကျယ်တဲ့ သာမန်ပြောမှား ပြုမှားတာကလေးများ ရှိယင် အဲဒါမျိုးကို နောင်မဖြစ်စေရတော့ဘူးလို့ ဆောက်တည်ကျင့်သုံးသွားဘို့ လိုပါတယ်။ အဲဒါနဲ့ ဆိုင်တဲ့ ဆောင်ပုဒ်များကို ဆိုကြရမယ်။

(က) ကုစားနိုင်ကောင်း၊ အာပတ်ပေါင်း၊ တိမ်းစောင်းရှောက်သေးရာ။

(ခ) မဖုံးကွယ်ဘဲ၊ ကုစားမြဲ၊ နောင်လဲ စောင့်ရိုးပါ။

မိမိ၏အပြစ်ကို မဖုံးကွယ်ဘဲ ကုစားရမယ်၊ နောင်လဲ အဲဒီအပြစ်မျိုး မဖြစ်ရအောင် ရိုရိုသေသေ စောင့်ရှောက်သွားရမယ်၊ အဲဒါဟာ သောတာပန်မှာ ပြည့်စုံမြဲဓမ္မတာဘဲ၊ အဲဒီဓမ္မတာနှင့် ပြည့်စုံသည်-မပြည့်စုံသည်ကို ဆင်ခြင်ကြည့်ရမယ်၊ သောတာပန်

အစစ်မှာ ဆိုယင် အဲဒီဓမ္မတာနှင့် ပြည့်စုံနေကြောင်း တွေ့ရပါ လိမ့်မယ် တဲ့။

သာမန်ပုထုဇဉ်တွေက ကာမဂုဏ်ခံစားမှုမျိုးကို အကုသိုလ် ဖြစ်မှန်း မသိကြဘူး၊ အပြစ်မမြင်ကြဘူး၊ အမြတ်တနိုး အားရ ဝမ်းသာနဲ့ ခံစားလေ့ရှိကြတယ်၊ သောတာပန်မှာတော့ ကာမ ရာဂ မကင်းသေးလို့ ကာမဂုဏ်အာရုံတွေကို ခံစားသုံးဆောင် နေရပေမဲ့ နှစ်သက်သာယာမှု ရာဂကိလေသာ ဖြစ်ကြောင်း, အပြစ်ရှိတဲ့ အကုသိုလ်ဖြစ်ကြောင်း သိကြတယ်၊ စွမ်းနိုင်ယင် ပယ်ရမည့်အကုသိုလ်ဖြစ်ကြောင်းလဲ သိကြတယ်၊ ဥပမာအားဖြင့် အသန့်အပြန့်ကြိုက်တဲ့ ဗြာဟ္မဏ လူမျိုးဟာ မုန်ယစ်နေတဲ့ ဆင်ကြီးကို ကြောက်လို့ တိမ်းရှောင်ရတဲ့အခါ မစင်တွေရှိရာ အရပ်သို့လဲ ချဉ်းကပ်ရသလိုပါဘဲ တဲ့၊ အဲဒါဟာ သာမန် ပုထုဇဉ် နှင့် သောတာပန် ထူးခြားပုံပါဘဲ။

## ပဉ္စမ ပစ္စဝေက္ခဏာ

သောတာပန်မှာ ပြည့်စုံမြဲဖြစ်တဲ့ အခြားဓမ္မတာ တခုလဲ ရှိပါသေးတယ်၊ အဲဒါက ဘာလဲဆိုယင်၊ မလွှဲမရှောင်သာလို့ ကိစ္စကြီးငယ်တွေကို ဆောင်ရွက်နေရပေမဲ့ သီလ သမာဓိ ပညာ အကျင့်ကို ကျင့်လိုတဲ့စိတ်ကတော့ ထက်သန်စွာရှိတဲ့ သဘော ဓမ္မတာပါဘဲ၊ အထူးအားဖြင့်တော့ သမာဓိ ပညာ အကျင့်ကို ကျင့်ဘို့ လိုလားတဲ့ဆန္ဒ ထက်သန်စွာရှိတဲ့ သဘောပါဘဲ။ ဒါကြောင့် ဘုန်းကြီးတို့၏ တပည့်ယောဂီအချို့ဟာ စားဝတ်

နေရေး လောကရေးအတွက် မလွဲမရှောင်သာလို့ စီးပွါးရေး အလုပ်တွေကို လုပ်ကိုင်နေရပေမဲ့ အဲဒီအလုပ်တွေမှာ စိတ်က သိပ်ပြီး မပျော်မွေ့ဘဲ ရှုမှတ်နေဘို့ရာသာ စိတ်ဝင်စားနေကြ တာပါဘဲ။ ဒါကြောင့် အချိန်ရသလောက်တော့ မမေ့မလျော့ ဘဲလဲ ရှုမှတ် အားထုတ်နေတတ်ကြပါတယ်။ ဥပမာအားဖြင့် မွေးပြီးခါစ သားငယ်ကလေးရှိတဲ့ နွားမကြီးဟာ မလွဲမရှောင် သာလို့ မြက်ကို စားနေရသော်လဲ သားငယ်ကလေးကိုတော့ ပစ်မထားဘူး၊ တစိတစောင်း ကြည့်ရှုနေသလိုပါဘဲ တဲ့။ အဲဒီ ဓမ္မတာနဲ့ ဆိုင်တဲ့ဆောင်ပုဒ်ကို ဆိုကြရမယ်။

(က) ရှောင်လွဲမရ၊ မှုကိစ္စ၊ ပြုရလေသောခါ။

(ခ) သိက္ခာသုံးပါး၊ ကျင့်ရန်ကား၊ စိတ်အား သန်မြဲသာ။

သောတာပန်မှာ မလွဲမရှောင်သာတဲ့ ကိစ္စ ကြီးငယ်ကို ဆောင်ရွက်နေရပေမဲ့ သိက္ခာသုံးပါးကို လွတ်လွတ်လပ်လပ် တင်းတင်းရင်းရင်း ကျင့်လိုတဲ့ စိတ်ဆန္ဒက ထက်သန်နေမြဲဘဲ ဆိုတဲ့ ဓမ္မတာသဘောနဲ့ ပြည့်စုံရဲ့လားလို့ ဆင်ခြင်ကြည့်ယင် ပြည့်စုံနေကြောင်း သိရ တွေ့ရပါလိမ့်မယ် တဲ့။ ဒါကတော့ အထူးတောင် မဆင်ခြင်ရဘဲနဲ့ တွေ့နေရတတ်ပါတယ်။

## ဆဋ္ဌမ ပစ္စဝေက္ခဏာ

နောက် ပစ္စဝေက္ခဏာ တခုကတော့ သောတာပန်၏ ခွန်အားနဲ့ ပြည့်စုံပါရဲ့လားလို့ ဆင်ခြင်ကြည့်တဲ့ ပစ္စဝေက္ခဏာ

ပါဘဲ။ ဘယ်လို ခွန်အားနဲ့ ပြည့်စုံရမလဲ ဆိုတော့၊ မြတ်စွာဘုရား ဟောထားတဲ့ တရားတော်ကို ကြားနာရတဲ့အခါ ရိုရိုသေသေ လေးလေးစားစား နာတဲ့ ခွန်အားနဲ့ ပြည့်စုံဘို့ပါဘဲ၊ ဟောကြားတဲ့ တရားစကားလုံးတွေကို တလုံးမျှ လွတ်မသွားရအောင် စူးစူးစိုက်စိုက် နာရမယ်တဲ့၊ ဥပမာအားဖြင့် စီးပွါးအလုပ်လုပ်ကိုင်ရာမှာ တပြားတချပ်မျှ မဆုံးရှုံး မနစ်နာရအောင် ကြောင့်ကြစိုက်သလိုပင် စိတ်တိုင်း စိတ်တိုင်းဖြင့် စူးစိုက်ပြီး နာယူရမယ်တဲ့၊ အဲဒါဟာ အရိယာ၏ ခွန်အားဘဲ။ ဒါကြောင့် ဆောင်ပုဒ်မှာ–"ဗုဒ္ဓဟောထား၊မြတ်တရား၊နာကြားရသောခါ။ လုံးစုံမကြွင်း၊ နှလုံးသွင်း၊နာခြင်း အားကောင်းစွာ"လို့ ဆိုထားတယ်၊ အဲဒါကို ဆိုကြရမယ်။

(က) ဗုဒ္ဓ ဟောထား၊ မြတ်တရား၊ နာကြားရသောခါ။
(ခ) လုံးစုံမကြွင်း၊ နှလုံးသွင်း၊ နာခြင်း အားကောင်းစွာ။

ဒီနေရာမှာ ပို၍ပြီး သဘောပေါက်သွားအောင် ပုထုဇဉ်၏ ခွန်အားကိုလဲ ပြောရဦးမယ်၊ ဘယ်လိုလဲ ဆိုတော့၊ တရားနဲ့ အလှမ်းဝေးနေတဲ့ ပုထုဇဉ်တွေက တရားနာတဲ့အခါ ဟောတဲ့ တရားကို ဂရုမစိုက်ပဲနဲ့ ဟိုဟိုဒီဒီ လျှောက်ပြီး စိတ်ကူးကြံစည်နေတတ်တယ်၊ အချင်းချင်း •စကားလဲ ပြောနေတတ်တယ်၊ သံဂါယနာခေတ်တုန်းက သံဂါယနာအမေးအဖြေကို အသံလွှင့်ဌာနက အဲဒီ အမေးအဖြေ တရားသံကို ဖြန့်လွှင့်ပေးတယ်၊ သဒ္ဓါ တရားရှိတဲ့သူတွေက ဝမ်းမြောက်ဝမ်းသာနဲ့ ရိုရိုသေသေ နာကြ

တယ်၊ ဗုဒ္ဓတရားတော်ကို မနာဘူးသေးတဲ့သူတွေ တချို့ကတောင် ရှိရှိသေသေနဲ့ နာနေကြသတဲ့၊ ဒါပေမဲ့ ဗုဒ္ဓဘာသာဝင် အမည်ခံ အမျိုးသမီးကြီး တယောက်ကတော့ အဲဒီ သံဂါယနာ အမေး အဖြေ အသံကို ကြားရယင် "ဟဲ့ ရေဒီယိုကို ပိတ်လိုက်၊ **ယံ တေန-ကြီး** လာနေပြီ၊ တယ် နားပူတယ်"လို့ ဆိုသတဲ့၊ အဲဒါဟာ ပုထုဇဉ်ရဲ့ ခွန်အားပါဘဲ။ သောတာပန်အစစ်ကတော့ ဆင်ခြင်ကြည့်ယင် ခုတင်က ပြောခဲ့တဲ့အတိုင်း ဟောတဲ့တရား တော်ကို တလုံးတပါဒမျှမလွတ်ရအောင် စိတ်တိုင်း စိတ်တိုင်းဖြင့် စူးစိုက်ပြီး နာယူတဲ့ခွန်အားနှင့်ပြည့်စုံနေကြောင်း တွေ့ရပါတယ်၊ အဲဒါဟာ ဆဋ္ဌမ(၆-ခုမြောက်) ပစ္စဝေက္ခဏာပါဘဲ။

## သတ္တမ ပစ္စဝေက္ခဏာ

သတ္တမ ပစ္စဝေက္ခဏာ ကလဲ အရိယာခွန်အားနဲ့ ပြည့်စုံရဲ့ လားလို့ ဆင်ခြင်တာပါဘဲ၊ ဘယ်လိုခွန်အားလဲ ဆိုတော့၊ မြတ်စွာဘုရား ဟောထားတဲ့ တရားကို နာကြားရတဲ့အခါ နှစ်သက်သဘောကျပြီး ဝမ်းမြောက်ဝမ်းသာ ပီတိတွေ ဖြစ်တဲ့ ခွန်အားပါဘဲ။ ဒီနေရာမှာလဲ ပုထုဇဉ်တို့၏ ခွန်အားကတော့ အလွမ်းအဆွေးတွေပါတဲ့ ဝတ္ထုကြောင်းတရားကို ကြိုက်တယ်၊ ရယ်စရာပျက်လုံးတွေကိုကြားရယင် တဟားဟားနဲ့ ရယ်မောပြီး သဘောကျနေတယ်၊ အလွမ်းအဆွေး ရယ်စရာ ပျက်လုံးတွေ မပါတဲ့ တရားရိုးရိုးကို နာရတဲ့အခါကျတော့ ပျင်းရိငြီးငွေ့ပြီး တသန်းသန်း တဝေဝေယင်လဲ ဖြစ်နေတတ်တယ်၊ အိပ်ငိုက်ယင်လဲ

နေတတ်တယ်၊ တရားကရှုသည်လိုက်တာ ပြီးခဲ့လိုက်တာလို့ စိတ်ဖြင့်ညည်းညူပြီးတော့လဲ နေတတ်တယ်၊ ဘုန်းကြီးတို့ ဟောနေတဲ့ ဝိပဿနာသက်သက်တရား ဆိုယင်တော့ သူတို့က သာပြီး မကြိုက်တာဘဲ၊ အဲဒါဟာ တရားနာမှုနဲ့စပ်ပြီး အညံ့စား ပုထုဇဉ်တွေရဲ့ ခွန်အားပါဘဲ။

သောတာပန်ကတော့ ဘုရားဟောတဲ့တရားကို ပါဠိ အနက်ရိုးရိုးကလေး ဟောနေပေမယ့်လို့ သဘောကျပြီး ပီတိတွေ ဖြစ်နေတတ်တယ်၊ ဘုန်းကြီးတို့ဟောနေတဲ့ ဝိပဿနာတရားကို နာနေကြတဲ့ ယောဂီတွေဆိုယင် ပါဠိရွတ်သံ ကြားရရုံနဲ့လဲ ကိုယ်ထဲမှာ ဖြိုးဖြိုးဖျင်းဖျင်းနဲ့ ပီတိတွေ ဖြစ်တတ်ကြတာဘဲ၊ အနက်အဓိပ္ပါယ်တွေကို သဘောကျပြီးတော့လဲ ပီတိတွေ ဖြစ်တတ်ကြတာဘဲ၊ အဲဒီလို ဒေသနာကို သဘောကျပြီးတော့ ပီတိဖြစ်တာ၊ အနက်ကို သဘောကျပြီးတော့ ပီတိ ဖြစ်တာ တွေဟာ အရိယာတို့၏ ခွန်အားဘဲ၊ အဲဒီခွန်အားနဲ့ ငါ့မှာ ပြည့်စုံပါရဲ့လားလို့ ဆင်ခြင်ကြည့်ယင် သောတာပန်မှာ ပြည့်စုံနေကြောင်းတွေ့ရပါတယ်တဲ့။ အဲဒါဟာ သတ္တမ မဟာပစ္စဝေက္ခဏာဘဲ။ အဲဒါနဲ့ဆိုင်တဲ့ ဆောင်ပုဒ်များကို ဆိုကြရမယ်။

(က) ဗုဒ္ဓဟောသား၊ မြတ်တရား၊ နာကြားရသောခါ။
(ခ) အနက်သိမြင်၊ စိတ်ကြည်ရွှင်၊ ကိုယ်တွင်သိမ့်သိမ့်ဖြာ။
(ဂ) ဤသို့သိရ၊ သတ္တမ၊ ပစ္စဝေက္ခဏာ။

အဲဒီ ပစ္စဝေက္ခဏာ (၇)ပါးနှင့် ပြည့်စုံယင် သောတာပန် အစစ်ပဲလို့ ကိုယ့်ဟာကိုယ်ပင် ဆုံးဖြတ်နိုင်ပါတယ်တဲ့။ အဲဒါနဲ့ ဆိုင်တဲ့ ဆောင်ပုဒ်များကိုလဲ ဆိုကြရမယ်။

(က) ပစ္စဝေက္ခဏာ၊ ခုနစ်ဖြာ၊ ညီစွာ ဖြစ်ပါမူ။

(ခ) အရိယာမှန်၊ သောတာပန်၊ ဧကန် ဆုံးဖြတ်ယူ။

သီလဝန္တသုတ်မှာ "ဥပါဒါနက္ခန္ဓာငါးပါးကို အနိစ္စစသော အခြင်းအရာတို့ဖြင့် ရှုနေယင်း သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုပြီး သောတာပန် ဖြစ်နိုင်တယ်"လို့ ဟောထားတဲ့ စကားရပ်နှင့် စပ်ပြီးတော့ "သောတာပတ္တိမဂ်က မဖောက်ခွဲဘူးခဲ့တဲ့ ကိလေသာအစုအခဲကို ဖောက်ခွဲခြင်း"အစရှိသော အရိယမဂ်၏စွမ်းရည်ဂုဏ်တွေကိုလဲ ဟောခဲ့ပြီ၊ သောတာပန်ပုဂ္ဂိုလ်တိုင်း ဆင်ခြင်မြဲဖြစ်သော သာမန်ပစ္စဝေက္ခဏာများကိုလဲ ဟောခဲ့ပြီ၊ စူးစမ်းဆင်ခြင်တဲ့ မဟာပစ္စဝေက္ခဏာ (၇)ပါးကိုလဲ ဟောခဲ့ပြီ၊ အလွန်နက်နဲတဲ့ တရားတွေပါဘဲ၊ သိနားလည်ရန် မှတ်ထားရန် အလွန်ကောင်းတဲ့ တရားတွေလဲ ဖြစ်ပါတယ်၊ အဲဒါတွေ ပြည့်စုံတန်သလောက် ပြည့်စုံသွားပါပြီ။ ယခု တရားသိမ်းတော့မယ်။

ဤတရားတော်ကို ရိုသေစွာ နာယူမှတ်သား ကြရသော ကုသိုလ်ကံစေတနာတို့၏ အစွမ်းအာနုဘော်ကြောင့် ယခုတရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ယခုဟောပြခဲ့

တဲ့ ထူးခြားမြင့်မြတ်သော သောတာပတ္တိမဂ်ဖိုလ် ပစ္စဝေက္ခဏာ ဉာဏ်တို့နှင့် ပြည့်စုံကြ၍ ဆင်းရဲခပ်သိမ်းငြိမ်းရာ နိဗ္ဗာန်ချမ်းသာသို့ လျင်မြန်စွာ ဆိုက်ရောက်ကြပါစေ။

သာဓု သာဓု သာဓု

သီလက္ခန္ဓသုတ္တန်တရားတော် ပဌမပိုင်း ပြီး၏။

# သီလဝန္တသုတ္တန်တရားတော်

## ဆဌမပိုင်း

၁၃၂၉–ခုနှစ်၊ ဝါခေါင်လဆန်း ၈–က်နှင့် လပြည့်နေ့
ဟောသည်

### တရားအနုသန္ဓေ

သီလဝန္တသုတ်တရားကို ဟောလာတာ (၈) ကြိမ် ရှိခဲ့ပြီ။ အဲဒီ (၈)ကြိမ်ထဲမှာ (၆)ကြိမ်မြောက် ကဆုန်လကွယ် နေ့က စပြီး သောတာပတ္တိမဂ်၏ ဂုဏ်ကျေးဇူးတွေကို ဟောခဲ့တယ်၊ နယုန်လကွယ်နှင့် ဝါဆိုလဆုတ် ၈-ရက်နေ့များမှာ အပြီးသတ်ခဲ့တယ်၊ အဲဒီကနောက် ပစ္စဝေက္ခဏာဉာဏ်များကိုလဲ ဟောခဲ့တယ်၊ သောတာပန်ပုဂ္ဂိုလ်နှင့်စပ်ပြီး သိသင့်တဲ့ အကြောင်းအရာတွေ တော်တော်စုံသွားပါပြီ၊ ဒီကနေ့တော့ သောတာပန်ပုဂ္ဂိုလ် သုံးပါးကွဲပုံက စပြီးဟောရမယ်။ ဒါပေမဲ့ သီလဝန္တသုတ်တရားကို ဟောနေတာ ဖြစ်တဲ့အတွက် အဲဒီသုတ်ကိုလဲ အခြေခံအဖြစ်ဖြင့် ဖော်ပြရဦးမယ်။

## ဥပါဒါနက္ခန္ဓာကို ရှုမှ သောတာပန်ဖြစ်သည်

သီလ သုတနှင့် ပြည့်စုံသောရဟန်းဟာ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုရအောင် ဘယ်တရားကို ရှုအပ်ပါသလဲလို့ အရှင်မဟာကောဋ္ဌိကမထေရ်က မေးတယ်။ ဥပါဒါနက္ခန္ဓာငါးပါးကို ရှုအပ်ကြောင်း၊ အဲဒီလိုရှုလျှင် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုပြီး သောတာပန်ဖြစ်နိုင်ကြောင်း အရှင်သာရိပုတ္တရာမထေရ်က ဖြေကြားတော်မူပါတယ်။ အဲဒီအမေးအဖြေ ဆောင်ပုဒ်ကလေးများကို တခေါက်စီ ဆိုကြဦးစို့။

(၁) သီလ, သုတာ၊ စုံသူမှာ၊ ဘယ်ဟာ ရှုအပ်ပါသနည်း။

(၂) စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာ ရှုအပ်ပါသတည်း။

(၃) မမြဲ, ဆင်းရဲ၊ ရောဂါစွဲ၊ ပေါက်ကွဲ အိုင်းတူသည်။

(၄) ငြောင့်, မကောင်းမှု၊ ဖျားနာဟု၊ မှတ်ရှု သူစိမ်းမည်။

(၅) ပျက်စီး, သုည၊ အနတ္တ၊ ရှုရ ဆဲ့တမည်။

(၆) သို့ ရှုမြင်သန်၊ သောတာပန်၊ အမှန်ဖြစ်နိုင်သည်။

ဥပါဒါနက္ခန္ဓာငါးပါးဆိုတာ မိမိတို့သန္တာန်မှာ မပြတ်ထင်ရှားဖြစ်နေတဲ့ မြင်မှု ကြားမှု စသည်တွေဘဲ၊ အဲဒါတွေကို မြင်ခိုက်စသည်မှာ မရှုနိုင်လို့ အနိစ္စ စသည်ဖြင့် အမှန်အတိုင်း မသိယင် အဲဒီမြင်မှုစသည်တွေကို နိစ္စ သုခ အတ္တအနေဖြင့် စွဲလမ်းတယ်၊ ယခုလူတွေဟာ အဲဒီအတိုင်း စွဲလမ်းနေကြတာဘဲ၊ အဲဒီလို စွဲလမ်း

နိုင်လို့ အဲဒီ မြင်မှုစသည်တွေကို ဥပါဒါနက္ခန္ဓာလို့ ခေါ်ရတာဘဲ၊ အဲဒီစွဲလမ်းနိုင်တဲ့ မြင်မှုစသည်တွေကို တဏှာ ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းနိုင်အောင် မြင်ခိုက် ကြားခိုက်စသည်မှာ အနိစ္စ စသော အခြင်းအရာတို့ဖြင့် ရှုပြီး မှန်စွာသိရမယ်၊ အဲဒီလို ရှုပြီး အနိစ္စ စသော အခြင်းအရာတို့ဖြင့် မှန်စွာသိနေယင် အဲဒီလို ရှုသိနေဆဲမှာပင် သောတာပတ္တိမဂ်ဖိုလ်ကို မျက်မှောက်ပြုပြီး သောတာပန် ဖြစ်နိုင်ပါတယ်တဲ့၊ အဲဒီလို ဖြစ်နိုင်ပုံကို ရှေးပိုင်းမျှားတုန်းက အကြိမ်ကြိမ် ပြောခဲ့ပါပြီ၊ အဲဒီလို သောတာပန် ဖြစ်တဲ့အခါ ကင်းသင့်တဲ့ ကိလေသာတွေ ကင်းပုံ၊ အပါယ်မှ လုံးဝလွတ်မြောက်ပုံ စသည်ကိုလဲ ပြောခဲ့ပါပြီ။

## သောတာပန်သုံးပါး

အဲဒီ သောတာပန်ပုဂ္ဂိုလ်ဆိုတာဟာ (၁) သတ္တက္ခတ္တုပရမ သောတာပန်၊ (၂)ကောလံကောလသောတာပန်၊ (၃)ဧကဗီဇီ သောတာပန်-လို့ သုံးပါးရှိတယ်။ အဲဒီသုံးပါးထဲက သတ္တက္ခတ္တုပရမ သောတာပန် အကြောင်းကို အဘိဓမ္မာ ပုဂ္ဂလပညတ်ပါဠိတော်မှာ ဒီလို ဟောထားပါတယ်။

ဣဓ–ဤသာသနာတော်၌၊ ဧကစ္စော ပုဂ္ဂလော-အချို့ ပုဂ္ဂိုလ်သည်၊ တိဏ္ဏံ သံယောဇနာနံ-(ဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ ဟူသော) သံယောဇဉ် သုံးပါးတို့၏၊ ပရိက္ခယာ-လုံးဝကုန်ခြင်းကြောင့်၊ သောတာပန္နော ဟောတိ-သောတာပန် ဖြစ်၏၊ အဝိနိပါတဓမ္မော-အပါယ်ဘုံသို့ ကျခြင်း သဘောမရှိ

ပေ၊ နိယတော-မြဲသောဂတိ-ညဏ်ရှိ၏။ သမ္ဗောဓိပရာယဏော-ကိုယ်တိုင်သိအပ်သော အထက်မဂ်ညဏ်လျှင် လားရောက်ရာ ရှိ၏၊ သော-ထိုပုဂ္ဂိုလ်သည်၊ ဒေဝေ စ-နတ်လောကဥ္စင်း၊ မာနုသေ စ-လူ့လောကဥ္စင်း၊သတ္တက္ခတ္တုံ သန္ဓာဝိတွာ သံသရိတွာ-ခုနစ်ကြိမ် ပြေးသွား ကျင်လည်ပြီး၍၊ ဒုက္ခဿန္တံ-ဆင်းရဲ၏ အဆုံးကို၊ ကရော တိ-ပြု၏၊ အယံ ပုဂ္ဂလော-ဤ ပုဂ္ဂိုလ်ကို၊ သတ္တက္ခတ္တုပရမော-သတ္တက္ခတ္တုပရမသောတာပန် ဟူ၍၊ ဝုစ္စတိ-ခေါ်ဆိုအပ်သည် တဲ့။

အင်္ဂုတ္တရပါဠိ (ပ-၂၃၄)မှာလဲ အလားတူ ပါဠိ ရှိပါတယ်။ သတ္တက္ခတ္တု- ခုနစ်ကြိမ်+ပရမ- အတိုင်းအရှည်- သတ္တက္ခတ္တုပရမ-ဘဝခုနစ်ကြိမ်-ခုနစ်ဘဝ အတိုင်းအရှည် ရှိတဲ့ သောတာပန်လို့ ဆိုလိုပါတယ်။ ကောလံကောလ သောတာပန်ကိုတော့—

ဒွေ ဝါ တီဏိ ဝါ ကုလာနိ-၂-ဘဝ ၃-ဘဝတို့သို့၊ သန္ဓာဝိတွာ သံသရိတွာ-ပြေးသွားကျင်လည်ပြီး၍၊ ဒုက္ခဿန္တံ ကရောတိ-ဆင်းရဲ၏အဆုံးကို ပြုတယ်-လို့ ဟောထားပါတယ်။ အဲဒီမှာ ၂-ဘဝ ၃-ဘဝဆိုတာက သာမန် ပြဆိုတဲ့ ဒေသနာမျှ ဖြစ်ကြောင်း၊ ၆-ဘဝအထိ ကျင်လည်ပြီး ရဟန္တာဖြစ်တဲ့ သောတာပန်လဲ ကောလံကောလပင် မည်ကြောင်း အဋ္ဌကထာများမှာ ဖွင့်ပြထားပါတယ်။ အမျိုးကြီးအမျိုးမြတ် ဘဝတခုမှ အမျိုးကြီး အမျိုးမြတ်ဘဝတခုသို့ သွားရောက်တတ်သောကြောင့် ကောလံ-ကောလမည်သည်၊ သောတာပန် ဖြစ်သည်မှစ၍ ယုတ်ညံ့သော အမျိုး၌ မဖြစ်၊ စီးပွါးဥစ္စာပေါများသော အမျိုးကြီး အမျိုး-

မြတ်တို့၌သာလျှင် ဖြစ်သည်-ဟုဆိုလိုကြောင်းကိုလဲ ထိုအဋ္ဌကထာတို့မှာ ဖွင့်ပြထားပါတယ်။

ကောဇိဇီ ဆိုတာကတော့ တခုသော ခန္ဓာမျိုးစေ့ (ပဋိသန္ဓေဝိညာဏ်)-ဘခုသော ဘဝသာ ဖြစ်ဖို့ရှိတဲ့ သောတာပန်လို့ ဆိုလိုပါတယ်၊ သောတာပန်ဖြစ်ပြီးတဲ့နောက် လူ့လောကမှာဖြစ်စေ၊ နတ်လောကမှာဖြစ်စေ တဘဝသာဖြစ်ပြီး ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံမည့်သောတာပန်ကို **ကောဇိဇီ** ခေါ်တယ်။ ၂-ဘဝဖြစ်စေ၊ ၃-ဘဝ, ၄-ဘဝ, ၅-ဘဝ ဖြစ်စေ၊ ၆-ဘဝ ဖြစ်စေ ဖြစ်ပြီး ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန် ဝင်စံမည့် သောတာပန်ကို **ကောလံကောလ**ခေါ်တယ်။အဲဒီတော့ ၂-ဘဝသာရှိတဲ့ကောလံကောလ၊ ၃-ဘဝသာရှိတဲ့ ကောလံကောလ စသည်ဖြင့် ကောလံကောလ သောတာပန် ၅-ပါးရှိတယ်လို့ ဆိုရမှာပေါ့။ **သတ္တက္ခတ္တုပရမသောတာ**ပန်ကတော့ လူ့လောက နတ်လောကမှာ ၇-ဘဝအထိ ဖြစ်ပြီး ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံရမည့် သောတာပန်ဘဲ။

ဒီသောတာပန် ၃-ပါးဟာ နောက်ဆုံးဘဝအထိ သောတာပန် အဖြစ်မှာသာ တည်နေတယ်၊ ကြားထဲမှာ သကဒါဂါမ် အနာဂါမ် မဖြစ်ဘူး၊ နောက်ဆုံးဘဝကျမှ အထက် မဂ်ဖိုလ်သုံးဆင့်လုံးကို ဘက်ရောက်ပြီး ရဟန္တာ ဖြစ်တယ်။ အဲဒီလို သောတာပန် သုံးမျိုးကွဲပြားခြင်း၏ အကြောင်း**က** ဘာလဲဆိုယင် အထက်မဂ်ဖိုလ်ရအောင် အားထုတ်မှု ဝိပဿနာ ထက်သန်ခြင်းနှင့် မထက်သန်ခြင်းဘဲလို့ အဋ္ဌကထာမှာ ဆုံးဖြတ် ထားပါတယ်၊

အထက်မဂ်ဖိုလ်ရအောင် အားထုတ်မှုဝိပဿနာ ထက်သန်အား ကောင်းယင် ကေဗိဇီဖြစ်တယ်၊ လူ့လောကဉ်ဖြစ်စေ နတ်လောက ဉ်ဖြစ်စေ တဘဝမျှဖြစ်ပြီး အဲဒီဘဝမှာဘဲ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန် စံရတယ်။ အဲဒီလောက် မထက်သန်ယင် ကောလံကောလ ဖြစ်တယ်၊ အဲဒီ ကောလံကောလ ၅-ပါးထဲမှာလဲ၊ ဝိပဿနာ အထက်သန်ဆုံး ပုဂ္ဂိုလ်မှာ ၂-ဘဝသာဖြစ်ပြီး ရဟန္တာ ဖြစ်မယ်၊ အညံ့ဆုံး ပုဂ္ဂိုလ်မှာ ၆-ဘဝအထိဖြစ်ပြီး အဲဒီ နောက်ဆုံးဘဝမှာ ရဟန္တာ ဖြစ်မယ်။ အဲဒီ ကောလံကောလထက် ဝိပဿနာညံ့ယင် သတ္တက္ခတ္တုပရမ သောတာပန်ဘဲ၊ ခုနစ်ဘဝအထိ ဖြစ်ပြီး အဲဒီ နောက်ဆုံးဘဝမှာမှ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံရမယ်။ အဲဒီတော့ သောတာပန် ဖြစ်ပြီးတဲ့နောက် မြန်မြန်ရဟန္တာဖြစ်ပြီး နိဗ္ဗာန်သို့ မြန်မြန်ရောက်ချင်ယင် အထက်မဂ်ဖိုလ်များကိုရအောင် ဝိပဿနာ အလုပ်ကို ကြိုးကြိုးစားစား ထက်သန်စွာ အားထုတ်ရုံပါဘဲ။

ဝိပဿနာက အလွန်ထက်သန်ယင်တော့ မျက်မှောက်ဘဝ တွင်ဘဲ သကဒါဂါမ်လဲ ဖြစ်နိုင်တယ်၊ အနာဂါမ်လဲ ဖြစ်နိုင်တယ်၊ ရဟန္တာလဲ ဖြစ်နိုင်တယ်၊ အဲဒီလို အထက်မဂ်ဖိုလ် အဆင့်များ ရောက်သွားယင်တော့ သောတာပန်လို့ မခေါ်ရတော့ဘူး၊ သက ဒါဂါမ် အနာဂါမ် ရဟန္တာလို့သာ ခေါ်ရတယ်။ တချို့မှာ ဝိပဿနာ ထက်သန်တဲ့ အတွက် တထိုင်အတွင်း တခဏအတွင်း မှာပင် အထက်မဂ်ဖိုလ်များသို့ ရောက်သွားကြတယ်၊ ဘုရား လက်ထက်တော်ကာလတုန်းက အဲဒီလိုပုဂ္ဂိုလ်ထူးတွေ များစွာပင် ရှိခဲ့ပါတယ်။

## ဘုံစဉ်စုံ သောတာပန်

တချို့သောတာပန်ကတော့ ဒုတိယဘဝ တတိယဘဝစသည်မှာ သကဒါဂါမ် အနာဂါမ် ဖြစ်ပြီးတော့ သုဒ္ဓါဝါသဘုံမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံကြတယ်၊ အဲဒီလို သောတာပန်ကတော့ ခုတင်ကပြောခဲ့တဲ့ သောတာပန့် သုံးပါးထဲမှာ မပါဝင်ဘူး၊ ရှေးရှေး မြန်မာဆရာ မထေရ်မြတ်တို့က အဲဒီလို သောတာပန်ကို ဘုံစဉ်စုံ သောတာပန်လို့ ခေါ်ဝေါ်ရေးသားကြတယ်။ အဲဒီလို ပုဂ္ဂိုလ်တွေကို “ဝဋ္ဋဇ္ဈာသယ-ဝဋ်၌လိုလားသူ၊ ဝဋ္ဋာဘိရတ-ဝဋ်၌ပျော်မွေ့သူ”လို့လဲ အဋ္ဌကထာများမှာ ပြဆိုထားပါတယ်။ ပြဆိုပုံကတော့—

ကေစေ့ သောတာပန္နာ-အချို့ သောတာပန်သည်၊ ဝဋ္ဋဇ္ဈာသယာ-ဝဋ်၌လိုလားခြင်းရှိသည်၊ ဝဋ္ဋာဘိရတာ-ဝဋ်၌ပျော်မွေ့သည်၊ ဟောတိ-ဖြစ်၏၊ ဝဋ္ဋသ္မိံ ယေဝ-ဝဋ်ထဲ၌သာလျှင်၊ ပုနပ္ပုနံ-အဖန်ဖန် အထပ်ထပ်၊ ဝိစရတိ-ကျက်စား၏၊ သန္ဒိဿတိ-ထင်၏။ အနာထပိဏ္ဍိကော သေဋ္ဌိ။ ပ။ နာဂဒတ္တော ဒေဝပုတ္တောတိ-အနာထပိဏ်သေဌေး, ဝိသာခါဒါယိကာမကြီး, စူဠရထနတ်သား, မဟာရထနတ်သား, အနေကဝဏ္ဏနတ်သား, သိကြားနတ်မင်း, နာဂဒတ္တနတ်သားဟု ဆိုအပ်ကုန်သော၊ ဣမေ ဧတ္တကာ ဇနာ-ဤမျှသော ဤပုဂ္ဂိုလ်တို့သည်၊ ဝဋ္ဋဇ္ဈာသယာ ဝဋ္ဋာဘိရတာ-ဝဋ်၌လိုလားခြင်း ရှိကြ၏။ ဝဋ်ထဲ၌ ပျော်မွေ့ကြ၏။ အာဒိတော ပဋ္ဌာယ-အစမှစ၍၊ ဆ ဒေဝလောကေ-ကာမာဝစရ

နတ်ပြည် ၆-ထပ်တို့ကို၊ သောခေတ္တာ-စင်ကြယ်စေကုန်၍၊ ဝါ-ထိုဘုံတို့ဆိုင်ရာ စည်းစိမ်ချမ်းသာတို့ကို ခံစားသောအားဖြင့် တင့်တယ်စေကုန်၍၊ (ထိုဘုံတို့၌ တန်ခိုးကြီးသောနတ်များ ဖြစ်ကြလျက် ထိုနတ်ပြည်တို့ကို သန့်စင်စေကြသည်- ဂုဏ်ကျက်သရေရှိစေကြသည်-ဟု ဆိုလို၏) အကနိဋ္ဌေ ဌတွာ-အကနိဋ္ဌဘုံ၌ တည်ကုန်လျက်၊ ပရိနိဗ္ဗာယိဿန္တိ-ပရိနိဗ္ဗာန်ပြုကုန်လတ္တံ့။ ဣမေပိ-ဤအနာဂါမိဖိုလ်တည်သော ပုဂ္ဂိုလ်တို့ကိုလည်း၊ ဣဓ-ဤသောတာပန်သုံးပါးအရာ၌၊ န ဂဟိတာ-မယူအပ်ကုန်-လို့ ပုဂ္ဂလပညတ် အဋ္ဌကထာ (၄၇) သံယုတ်အဋ္ဌကထာ (တတိယ-၂၇၁) တို့၌ ပြဆိုထားပါတယ်။

အနာထပိဏ်သေဋ္ဌေး အစရှိတဲ့ ဝဋ္ဋ်ကြိုက်ပုဂ္ဂိုလ်တွေဟာ ကာမာဝစရနတ်ပြည် ၆-ထပ်မှာဖြစ်ပြီးတော့ နောက်ဆုံးသုဒ္ဓါဝါသငါးဘုံထဲက အမြင့်မြတ်ဆုံးဖြစ်တဲ့ အကနိဋ္ဌဘုံမှာ ဖြစ်ကြမယ်၊ အဲဒီဘုံကျတော့မှ ရဟန္တာဖြစ်ပြီးပရိနိဗ္ဗာန်စံကြမယ်၊ အဲဒီပုဂ္ဂိုလ်တွေဟာ နောက်ဆုံး ဘဝကျအောင် သောတာပန်အဖြစ်ဖြင့် တည်နေကြတာ မဟုတ်ဘူး၊ ကြားထဲမှာ သကဒါဂါမ် အနာဂါမ် ဖြစ်ပြီးတော့ သုဒ္ဓါဝါသငါးဘုံမှာ အစဉ်အတိုင်း တက်ပြီး နောက်ဆုံး အကနိဋ္ဌဘုံမှာ ရဟန္တာ ဖြစ်ကြမယ်၊ ဒါကြောင့် အဲဒီပုဂ္ဂိုလ် တွေကို သတ္တက္ခတ္တုပရမ စသော သောတာပန် သုံးပါးထဲထည့်မယူရကြောင်း ပြဆိုထားပါတယ်။ အဲဒီလို သောတာပန်ကို ဘယ်လိုခေါ်ရမလဲဆိုတော့ မြန်မာဆရာတော်များက ပြဆိုထားတဲ့အတိုင်း **ဘုံစဉ်စံ** လို့ ခေါ်ရှိရှိတာပါ

ဘဲ။ ဘယ်လို ဘုံစဉ်စံသလဲ ဆိုတော့- (ဆ ဒေဝလောကေ သောဓေတွာ-စသည်ဖြင့်) ဆိုထားတဲ့အတိုင်း "ကာမာဝစရနတ်ပြည် ၆-ထပ် ဘုံစဉ်အတိုင်း၊ သုဒ္ဓါဝါသငါးဘုံအစဉ်အတိုင်း ဖြစ်ပြီး စံသွားလို့ ဘုံစဉ်စံခေါ်တယ်"လို့ တချို့က ယူဆကြပါတယ်၊ ဘုန်းကြီးသဘောကျတာကတော့ သောတာပတ္တိဖိုလ်ဘုံအဆင့်မှ သကဒါဂါမိဖိုလ်ဘုံအဆင့် အနာဂါမိဖိုလ်ဘုံ အဆင့်များသို့ တဘာဝချင်းရောက်ပြီး နောက်ဆုံးဘဝကျမှ အရဟတ္တဖိုလ်ဘုံအဆင့်သို့ရောက်လျက် ပရိနိဗ္ဗာန်စံသွားတဲ့အတွက် ဘုံစဉ်စံခေါ်တယ်လို့ သဘောကျပါတယ်၊ အဲဒီဘုံစဉ် စံယူပုံကတော့ ဓမ္မသင်္ဂဏီ ပါဠိတော်မှာ ပဌမာယ ဘူမိယာ, ဒုတိယာယ ဘူမိယာ-စသည်ဖြင့် ဖိုလ်လေးပါးကို ဘုံလေးပါးအဖြစ် ဟောထားတဲ့စကားနှင့် အညီပါဘဲ၊ ရှင်းလဲ ရှင်းပါတယ်။

ကာမာဝစရနတ်ဘုံ ၆-ထပ် အစဉ်အတိုင်း တက်တယ်ဆိုတာကတော့ မသေချာပါဘူး၊ ဘာကြောင့်လဲဆိုတော့-သက္ကပဉ္စသုတ်အဖွင့် အဋ္ဌကထာ (၃၃၂) မှာ "သိကြားမင်းဟာ လူ့ဘဝ၌ဖြစ်ပြီးသကဒါဂါမ်ဖြစ်မည့်အကြောင်း၊ တဖန် သိကြားမင်းဖြစ်ပြီး အနာဂါမ် ဖြစ်မည့်အကြောင်း၊ အဲဒီ သိကြားမင်းအဖြစ်မှ သုဒ္ဓါဝါသငါးဘုံ၌ အစဉ်အတိုင်း ဖြစ်သွားမည့်အကြောင်းများကို" ပြဆိုထားသောကြောင့်ပါဘဲ၊ အဲဒါဟာလဲ အဋ္ဌကထာ သက်သက် မဟုတ်ပါဘူး၊ သက္ကပဉ္စသုတ် ပါဠိတော်မှာပင် ဂါထာ များဖြင့် ပြဆိုချက် ရှိပါတယ်။ အဋ္ဌကထာ ပြဆိုပုံကတော့—

အယံ-ဤသိကြားမင်းသည်၊ တတော သက္ကတ္တဘာဝတော-လူ့ဘဝမှ ပြန်လာ၍ဖြစ်သော ထိုဒုတိယအကြိမ်သိကြားအဖြစ်မှ၊ စုတော-စုတေလတ်သော်၊ တသ္မိံ အတ္တဘာဝေ-ထိုသိကြား အတ္တဘော သိကြားဘဝ၌၊ အနာဂါမိမဂ္ဂဿ ပဋိလဒ္ဓတ္တာ-အနာဂါမိမဂ်ကို ရခဲ့ခြင်းကြောင့်၊ ဥဒ္ဓံသောတော အကနိဋ္ဌဂါမီ ဟုတွာ-အထက်သို့ဆန်တက်လျက် အကနိဋ္ဌဘုံသို့ သွားရောက်မည့်ပုဂ္ဂိုလ်ဖြစ်၍၊ အဝိဟာဒီသု နိဗ္ဗတ္တန္တော-အဝိဟာဘုံ စသည်တို့၌ ဖြစ်လျက်၊အဝသာနေ အကနိဋ္ဌေ-နောက်ဆုံး အကနိဋ္ဌဘုံ၌၊ နိဗ္ဗတ္တိဿတိ ကိရ-ဖြစ်လိမ့်မည်တဲ့။တံ-ထိုသို့ဖြစ်မည်ကို၊ သန္ဓာယ-ရည်ရွယ်၍၊ ဧဝံ အာဟ-နောက်ဆုံးဘဝ၌ ထိုအကနိဋ္ဌဘုံသည် နေရာ ဖြစ်လိမ့်မည်-ဟူသော ဤစကားကို ဆိုပေသည်။ သော-ဤသိကြားမင်းသည်၊ အဝိဟေသု- အဝိဟာပြဟ္မာတို့၌၊ ဝါ-အဝိဟာဘုံ၌၊ ကပ္ပသဟဿံ ဝသိဿတိ ကိရ-ကပ္ပါတထောင် နေရလိမ့်မည်တဲ့၊ အတပ္ပေသု ဒွေကပ္ပသဟဿာနိ-အတပ္ပါဘုံ၌ ကပ္ပါ ၂-ထောင် နေရလိမ့်မည်တဲ့၊ သုဒဿေသု စတ္တာရိ ကပ္ပသဟဿာနိ- သုဒဿာဘုံ၌ ကပ္ပါ ၄-ထောင်နေရလိမ့်မည်တဲ့၊ သုဒဿီသု အဋ္ဌ-သုဒဿီဘုံ၌ ကပ္ပါရှစ်ထောင် နေရလိမ့်မည်တဲ့။ အကနိဋ္ဌေသု သောဠသ-အကနိဋ္ဌဘုံ၌ ကပ္ပါ တသောင်း ၆-ထောင် နေရလိမ့်မည်တဲ့။ ဣတိ-ဤသို့လျှင်၊ ဧကတိံသ ကပ္ပသဟဿာနိ-ကပ္ပါ သုံးသောင်းတထောင်ပတ်လုံး၊ ဗြဟ္မ-အာယုံ-ဗြဟ္မာ့အသက်ကို၊ အနုဘဝိဿတိ ကိရ-ခံစားရလိမ့်မည်တဲ့။ သက္ကော ဒေဝရာဇာ အနာထပိဏ္ဍိကော ဂဟပတိ ဝိသာခါ မဟာဥပါသိကာတိ- သိကြားနတ်မင်း အနာထပိဏ် သေဌေး

ဝိသာခါ ဒါယိကာမကြီးဟု ဆိုအပ်ကုန်သော၊ တယောပိ ဋ္ဌမေ-ဤသုံးဦးတို့သည်၊ ကပ္ပမာဏအာယုကာ ၁၀-အသက် အတိုင်း အရှည် တူကြပါသည်တဲ့။

အဲဒီ အဋ္ဌကထာစကားထဲမှာ "သိကြားမင်းဟာ သိကြားဘဝမှာပင် အနာဂါမ်ဖြစ်ပြီး သုဒ္ဓါဝါသပြဟ္မာ့ဘုံရောက်သွားမယ်" လို့ ပြဆိုထားတဲ့အတွက် တာဝတိံသာမှတပါး အခြားနတ်ပြည်တွေမှာ မဖြစ်ရတော့ကြောင်း ထင်ရှားပါတယ်။ အနာထပိဏ်ဝိသာခါတို့လဲ သူတို့ဖြစ်ဆဲနေရာ တုသိတာနှင့် နိမ္မာနရတိဘုံများမှာပင် အနာဂါမ်ဖြစ်ပြီး သုဒ္ဓါဝါသသို့ သိကြားနတ်မင်းလိုပင် ဖြစ်သွားဘွယ် ရှိပါတယ်။ ဒါကြောင့် နတ်ပြည် ၆-ထပ် အစဉ်အတိုင်း ဖြစ်တယ်ဆိုတာ ကတော့ မသေချာဘူး၊ သုဒ္ဓါဝါသငါးဘုံမှာ အစဉ်အတိုင်း ဖြစ်တယ် ဆိုတာကတော့ သေချာပါတယ်။ ဒါပေမဲ့ "အရိယဖိုလ် လေးပါး ဆိုတဲ့ ဘုံလေးပါးကို တဆင့်ချင်း တက်သွားလို့ ဘုံစဉ်စံခေါ်တယ်" ဆိုတာက ပိုပြီး အသင့်ယုတ္တိ ရှိပါတယ်။

နောက်ပြီးတော့ လူ့ဘဝမှာ သောတာပန် ဖြစ်ပြီးတော့ လူ့လောကတွင်ပဲ ခုနစ်ကြိမ်တိုင်အောင် ဖြစ်ပြီး နောက်ဆုံးဘဝမှာ ရဟန္တာဖြစ်တဲ့ပုဂ္ဂိုလ်၊ နတ်ဘဝမှာ သောတာပန်ဖြစ်ပြီးတော့ နတ်လောကတွင်ပဲ ခုနစ်ကြိမ်တိုင်အောင် ဖြစ်ပြီး နောက်ဆုံးဘဝမှာ ရဟန္တာဖြစ်တဲ့ပုဂ္ဂိုလ်=ဒီပုဂ္ဂိုလ် ၂-မျိုးကိုလဲ သတ္တက္ခတ္တုပရမလို့ မဆိုရဘူးတဲ့၊ ရံခါ လူ့ဘုံမှာ ဖြစ်လိုက်,

ရုံခါ နတ်ဘုံမှာ ဖြစ်လိုက်နဲ့ ၊ ခုနစ်ကြိမ်တိုင်အောင် ပြောင်းလဲ ဖြစ်တဲ့ သောတာပန်ကိုသာ သတ္တက္ခတ္တုပရမ ခေါ်တယ် တဲ့။ ကောလံကောလမှာလဲ နည်းတူပါဘဲ။

## ဘဝရေတွက်ပုံ

တဘဝ ၂-ဘဝ စသည် ယူရာမှာ ပဋိသန္ဓေဖြင့် ပိုင်းခြားပြီး ယူရပါသလား လို့ ဆိုတော့ အဲဒီလို မဟုတ်ဘူး၊ အမျိုးကွဲဘဝ ဖြင့်သာ ပိုင်းခြားပြီး ယူရတယ်၊ အဲဒီလို ယူရကြောင်းကို ခမ္မသင်္ဂဏီမူလဋီကာ(၁၁၇)မှာ—

ကော် ဘဝန္တိ-တခုသော ဘဝကို-ဟူရာ၌၊တတ္ထေဝ-ထိုရူပဘဝ, အရူပဘဝ၌သာလျှင်၊ အနေကက္ခတ္တုမ္ပိ ဉပပဇ္ဇန္တဿ-အကြိမ် များစွာ ဖြစ်ငြားသော်လည်း၊ အနာဂါမိနော-အနာဂါမ် ပုဂ္ဂိုလ် ၏၊ ဟေဋ္ဌာ အနာဂမနဝသေန-အောက်ကာမဘုံသို့ မလာသည် ၏ အစွမ်းအားဖြင့်၊ ဧကော ဘဝေါတိ ဂဟေတွာ-တခုသော ရူပဘဝ (ဝါ-အရူပဘဝ) ဟု ယူ၍၊ ဝုတ္တံ-ဆိုအပ်ပေသည်-လို့ ဖွင့်ပြထားပါတယ်။

အဲဒါဟာ "သကဒါဂါမ်မှာလို ၂-ဘဝ မဖြစ်ရဘူး၊ တဘဝသာ ဖြစ်ရတယ်"လို့ ဆိုထားတဲ့ အဋ္ဌကထာမှာ စောဒနာ စရာရှိလို့ ဖွင့်ပြတဲ့ မူလဋီကာပါဘဲ။ စောဒနာဘွယ်ရှိပုံကတော့— အနာဂါမ်ဟာ သုဒ္ဓါဝါသငါးဘုံမှာ ငါးဘဝအထိ ဖြစ်နိုင်

တယ်၊ အရူပဘုံမှာ ဆိုယင်လဲ လေးဘာဝအထိ ဖြစ်နိုင်တယ်၊ သို့ဖြစ်ပါလျက် တဘာဝကို ချန်ထား၍ ထိုထက်အလွန် ဒုတိယ ဘာဝ၌ မဖြစ်နိုင်တော့ဘူးလို့ ဆိုရာမှာ ဘယ်လိုယူဆ၍ ဆိုပါ သလဲလို့ စောဒနာဘွယ် ရှိပါတယ်၊ အဲဒီ စောဒနာဘွယ်ကို ဖြေရှင်း ပြတာပါဘဲ။ ဆိုလိုတာကတော့ အနာဂါမ်မှာ သုဒ္ဓါဝါသ၌ ငါးကြိမ်အထိ၊ အရူပဘုံ၌ လေးကြိမ်အထိ ပဋိသန္ဓေ အစွမ်းဖြင့် ဖြစ်သော်လဲ အောက်ကာမဘုံ၌ ပြန်၍မဖြစ်သော ကြောင့် ရူပဘာဝ တပါးတည်းသာ ဖြစ်တယ်၊ သို့မဟုတ် အရူပ ဘာဝ တပါးတည်းသာ ဖြစ်တယ်၊ အဲဒီလို ကာမဘာဝနှင့် မရောဘဲ ရူပဘာဝသက်သက်၊ သို့မဟုတ် အရူပဘာဝသက်သက်သာဖြစ်သော ကြောင့် တဘာဝဟု ဆိုတယ်လို့ ဆိုလိုပါတယ်။ အဲဒီမှာ ပဋိသန္ဓေ အလိုအားဖြင့် ငါးဘာဝ, လေးဘာဝ ရှိငြားသော်လဲ အခြား ဘာဝနှင့် မရောသောကြောင့် တဘာဝ လို့သာ ယူရသလို "သောတာပန်မှာ ခုနစ်ဘာဝ, သကဒါဂါမ်မှာ နှစ်ဘာဝ"လို့ ဆိုရာများမှာလဲ ပဋိသန္ဓေဖြင့် မပိုင်းခြားဘဲ ဘာဝမျိုးကွဲဖြင့်သာ ပိုင်းခြား၍ ယူသင့်ကြောင်း အနုဋီကာ(ပ-၁၂၄)မှာ ဒီလိုပြဆို ထားပါတယ်။

ကော ဘဝေါတိ ဂဟေတွာ ဝုတ္တန္တိ-တခုသော ရူပဘာဝ (ဝါ-အရူပဘာဝ)ဟု ယူ၍ ဆိုအပ်ပေသည်-ဟူသော၊ တေန-ဤဖွင့်ပြချက်ဖြင့်၊ သတ္တ ဘဝေ ဒွေ ဘဝေတိ ·ဣဒမ္ပိ-ခုနစ် ဘာဝတို့ကို,နှစ်ဘာဝတို့ကို(ချန်ထား၍)ဟူသော ဤစကား ၂-ရပ် ကိုလည်း၊ အဓိပ္ပါယဝသေန နေတဗ္ဗံ-ဆိုလိုသောအနက်၏ အစွမ်း

ဖြင့် ဆောင်၍သိအပ်၏၊ နှ ယထာရုတဝသေနာတိ-တိုက်ရိုက်ဆို ထားသည့် အနက်၏ အစွမ်းအားဖြင့် မယူအပ်-မသိအပ်ဟူ၍၊ ဒဿေတိ-ပြတော်မူ၏။ (ဒီစကားဖြင့် ပဋိသန္ဓေအရ ခုနစ်ဘဝ တိတိ, ၂-ဘဝတိတိ မယူအပ်ကြောင်းကို ပြသည်) တတ္ထ-ထို စကားရပ်၌၊ အယံ အဓိပ္ပါယော-ဤသည်ကား ဆိုလိုသော အနက်ဖြစ်သည်။ ကေဝါရံ ကာမာဝစရဒေဝေသု ကေဝါရံ မနုဿေသုတိ-ကာမာဝစရနတ်ဘုံတို့၌ တလှည့်, လူတို့၌ တလှည့် ဟူ၍၊ဝေံ ဝိမိဿိတုပပတ္တိဝသေန-ဤသို့ရောနှောသော ပဋိသန္ဓေ၏ အစွမ်းအားဖြင့် (ခုနစ်ဘဝ, ၂-ဘဝတို့ကို ဆောင်၍ သိအပ်၏)၊ တေသု-ထိုနတ်ဘုံ လူ့ဘုံတို့၌၊ ကေဝိယာ ဧဝ ဥပပတ္တိယာ-တခုတည်းသာဖြစ်သော ပဋိသန္ဓေ၏ အစွမ်းအားဖြင့်၊ အယံ ပရိစ္ဆေဒေါ-ခုနစ်ဘဝ, ၂-ဘဝ ဟူသော ဤအပိုင်းအခြားကို၊ နှ (နေတဗ္ဗော)-မသိအပ်-မယူအပ်ပေ-တဲ့။

(နာယံ-ဟူသော ဖွေးမှုသာသင့်သည်) အဲဒီမှာ ဆိုလိုဘာ ကတော့ နတ်လောက၌ ဆက်တိုက် ဖြစ်နေလျှင် ဘဝပေါင်း မည်မျှပင် ရှိစေကာမူ လူ့ဘဝနှင့် မရောသောကြောင့် တဘဝ ဟူ၍သာ ယူရမယ်၊ လူ့လောက၌လဲ ဆက်တိုက်ဖြစ်နေလျှင် ဘဝပေါင်း မည်မျှပင် ရှိစေကာမူ နတ်ဘဝနှင့် မရောသော ကြောင့် တဘဝဟူ၍သာ ယူရမယ်၊ အဲဒီလို အပြောင်းအလဲမရှိ လျှင် တဘဝဟူ၍သာ ယူပြီးတော့ ပြောင်းလဲသွားတဲ့အခါကျမှ ၂-ဘဝ ၃-ဘဝ စသည်ဖြင့် ယူရမယ်လို့ ဆိုလိုပါတယ်၊ အဲဒီလို ယူပုံဟာ ကာမဘဝနှင့်မရောသော ရူပဘဝငါးခုကို၊ အရူပဘဝ

လေးခုကို တဘာဝလို့ယူပုံနှင့် ထပ်တူပါဘဲ။ တချို့ကတော့ နတ်ဘဝမှ သေယင် လူဖြစ်လိုက်၊ လူ့ဘဝမှ သေယင် နတ်ဖြစ်လိုက်နဲ့ တဘာဝချင်း တလှည့်စီဖြစ်ပုံကို ယူလိုကြတယ်၊ အဲဒီလို တလှည့်စီ အတိအကျ ဖြစ်ဖို့ကတော့ ခဲယဉ်းပါလိမ့်မယ်၊ အဲဒီလို ဆိုယင် အနာဂါမ်၏ ရူပဘဝငါးခုနှင့် အရူပဘဝလေးခုကို ဘာဝဟု ယူပုံနှင့်လဲ မဟပ်မိပါဘူး၊ အဲဒါ အထူးသတိပြုစရာပါဘဲ။ နောက်ပြီးတော့ ကဿပမြတ်စွာဘုရား လက်ထက်တော်က သောတာပန်တွေဟာ ယခု ဂေါတမမြတ်စွာဘုရား လက်ထက်တော်အထိ နတ်ပြည်လောက၌ ရှိနေကြတာကို ထောက်ဆကြည့်ယင်လဲ ပဋိသန္ဓေဖြင့် မပိုင်းခြားဘဲ အမျိုးကွဲဘဝဖြင့် ပိုင်းခြားပြီး ယူတာက ပိုပြီးသင့်ကြောင်း ထင်ရှားပါတယ်။

## ဖိုလ်ဝင်စားပုံ

သောတာပန်သုံးပါးအကြောင်းကိုတော့ နားလည်လောက်ပါပြီ၊ ယခု သောတာပန်ပုဂ္ဂိုလ်၏ ဖိုလ်ဝင်စားပုံကို ပြောရမယ်။ ဒါကတော့ ဝိသုဒ္ဓိမဂ်မှာ ထင်ရှားပြထားပြီး ရှိနေပါတယ်။ ဝိသုဒ္ဓိမဂ် မြန်မာပြန် စတုတ္ထတွဲ(နှာ ၅၀၄ စသည်)မှာ ကြည့်ရှုနိုင်ပါတယ်၊ အဲဒီမှာတော့ ကျမ်းဂန်ဝေါဟာရတွေနဲ့ ပြထားတယ်၊ ယခု ဒီမှာတော့ ယောဂီများ၏ ကိုယ်တွေ့ဖြင့် သိလွယ်အောင် အရပ်သုံး မြန်မာစကားဖြင့် ပြောရမယ်။

သောတာပတ္တိဖိုလ်ဆိုတာ အရိယမဂ်ရောက်ခဲ့စဉ်က တွေ့ခဲ့ရပြီးဖြစ်တဲ့ အငြိမ်းဓာတ်သို့ ပြန်ရောက်နေတဲ့ သဘောပါဘဲ၊

အဲဒီလို ရောက်အောင် ဘယ်လိုလုပ်ရသလဲ ဆိုယင်၊ ဝိပဿနာ ရှုမှတ်နေကျအတိုင်း ဒွါရ ၆-ပါးက ဖြစ်ပေါ်နေတဲ့ မြင်မှု ကြားမှု စသော ရုပ်နာမ်ဥပါဒါနက္ခန္ဓာတွေကို ရှုမြဲ ရှုမှတ်နေရံ ပါဘဲ၊ ရုပ်နာမ်တွေ ချုပ်ငြိမ်းရာသို့ ရောက်ပါစေလို့ စိတ်ညွတ် ပြီးတော့ ရှုမှတ်နေကျအတိုင်း ရှုမှတ်နေရုံပါဘဲ၊ အဲဒီလို ရှုမှတ် နေယင် အဖြစ်အပျက်ကိုသိတဲ့ ဥဒယဗ္ဗယဉာဏ်က စပြီးဖြစ်တယ်၊ ဒါကတော့ အထူးအဆန်း မဟုတ်ပါဘူး၊ အရိယမဂ်ဖိုလ် ရောက်ပြီးပုဂ္ဂိုလ် ဝိပဿနာ ရှုယင် ဥဒယဗ္ဗယဉာဏ်ကချည်း စ-ဖြစ်တာပါဘဲ။ အဲဒီလို ရှုသိနေယင်း ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်း ဖြစ်ပြီး မကြာမီပင် သင်္ခါရုပေက္ခာဉာဏ်ရောက် တယ်၊ ရှုမှတ်မှုအလေ့အလာ အရှိန်ရနေတဲ့ ပုဂ္ဂိုလ်မှာ ဆိုယင် တာမိနစ် ၂-မိနစ်လောက်အတွင်းလဲ သင်္ခါရုပေက္ခာဉာဏ်ရောက် နိုင်တယ်၊ လေး ငါး ဆယ်ချက်လောက် ရှုမှတ်ရုံနဲ့လဲ သင်္ခါရု-ပေက္ခာဉာဏ် ရောက်နိုင်တယ်။

သင်္ခါရုပေက္ခာဉာဏ်က အားရှိလာယင် ရှုသိ ရှုသိနေယင်း ပင် ချုပ်ငြိမ်းရာသို့ ရှေးကလိုပင် ရောက်သွားတယ်၊ အဲဒီလို ချုပ်ငြိမ်းရာ ရောက်သွားတာဟာ သောတာပတ္တိဖိုလ်ဖြင့် နိဗ္ဗာန် ကို မျက်မှောက်ပြုတာပါဘဲ၊ မဂ်၏အခြားမဲ့မှာ ဖြစ်ခဲ့တဲ့ဖိုလ်က စိတ်ခဏ ၂-ကြိမ် ၃-ကြိမ်ဆိုတော့ ဘာမှမကြာဘူး၊ ယခု သမာ ပတ်ဝင်တဲ့ဖိုလ်ကတော့ ကြာရှည်စွာလဲတည်နေနိုင်တယ်၊ ၂-မိနစ် ၃-မိနစ် ဖြစ်စေ၊ ငါးမိနစ် ဆယ်မိနစ် ဖြစ်စေ၊ ထို့ထက်အလွန် ဖြစ်စေ သိစရာရုပ်နာမ်လဲ မပေါ်၊ ရှုသိမှုလဲ မဖြစ်ပဲ ငြိမ်းတဲ့

သဘောမှာသာ တည်နေတတ်တယ်၊ အဲဒါဟာ ချုပ်ငြိမ်းတဲ့ သဘောကို မျက်မှောက်ပြုလျက်ဖိုလ်စိတ်အစဉ်ဖြစ်နေတာပါဘဲ။

အဲဒီ ဖိုလ်စိတ်အစဉ်ပြတ်သွားတဲ့အခါ ပြန်လှည့်ပြီးဆင်ခြင်တဲ့ ပစ္စဝေက္ခဏာ ဆိုတာကတော့ ဖြစ်ရိုးပါဘဲ၊အဲဒီလို ဆင်ခြင်ပြီး ရှုမှတ်မြဲ ရှုမှတ်လျက် ဖြစ်နေတယ်၊အဖြစ်အပျက်ကို သိမြဲသိနေတယ်၊ အဲဒါက ဥဒယဗ္ဗယဉာဏ်ဘဲ။ အဲဒီကနောက် ဆက်ပြီး ရှုမှတ်နေလျှင် မကြာမီပင် သင်္ခါရုပေက္ခာဉာဏ် ရောက်ပြန်တယ်၊ အဲဒီ သင်္ခါရုပေက္ခာဉာဏ်က အားကောင်းပြန်ယင် ချုပ်ငြိမ်းရာသို့လဲ ရောက်သွားတတ်တယ်။ အဲဒီလို ချုပ်ငြိမ်းရာသို့ အမြန်ရောက်အောင်လဲ လေ့လာရတယ်။ အဲဒီ ချုပ်ငြိမ်းရာမှာ ဆယ်မိနစ်ခန့်,မိနစ် ၂၀-ခန့်,နာရီဝက်ခန့်, တနာရီခန့်စသည်ဖြင့် ကြာရှည်စွာတည်နေအောင်လဲ အဓိဋ္ဌာန်ပြုပြီး ရှုမှတ်အားထုတ်ရတယ်၊ သမာဓိအားရှိတဲ့သူမှာ ဆိုယင် ချုပ်ငြိမ်းရာသို့ အမြန်လဲ ရောက်တယ်၊ တနာရီ ၂-နာရီ စသည်ဖြင့် အလိုရှိသည့်အတိုင်း, အဓိဋ္ဌာန်ပြုထားသည့် အတိုင်းလဲ တည်နေနိုင်တယ်။ တချို့ ထူးခြားတဲ့ ပုဂ္ဂိုလ်မှာတော့ မဂ်ဖိုလ် ရောက်ပြီးကတည်းက ချုပ်ငြိမ်းရာသို့ ခဏ ခဏလဲ ရောက်နေတယ်၊ ဘာမျှ အထူး မလေ့လာရတော့ဘဲ ကြာရှည်စွာလဲ တည်နေတယ်။

## သကဒါဂါမိမဂ်ဖိုလ်ရောက်အောင် အားထုတ်ပုံ

အဲဒီလို အမြန် ရောက်အောင်, ကြာရှည်စွာ တည်အောင် လေ့လာသင့်သမျှ လေ့လာပြီးတော့ မပယ်ရသေးတဲ့ ကိလေသာ

တွေကို ပယ်နိုင်အောင်, မရောက်သေး မရသေးတဲ့ ဉာဏ်ထူး တရားများကို ရောက်အောင် ရအောင်လဲ အားထုတ်ရတယ်။ ဘယ်လိုအားထုတ်ရသလဲဆိုတော့၊ အဲဒီကိစ္စအတွက် ဒီသီလ၀န္တ သုတ်မှာ အရှင် မဟာကောဋ္ဌိကမထေရ်က မေးလို့ အရှင် သာရိပုတ္တရာမထေရ်က ဖြေရှင်းမိန့်ကြားထားပြီး ရှိနေပါတယ်၊ မေးပုံကတော့—

သောတာပန္နေန ပနာဝုသော သာရိပုတ္တ ဘိက္ခုနာ
ကတမေ ဓမ္မာ ယောနိသော မနသိ ကာတဗ္ဗာ-တဲ့။

အာဝုသော သာရိပုတ္တ-ငါ့ရှင်သာရိပုတ္တရာ၊သောတာပန္နေန ပန ဘိက္ခုနာ-သောတာပန်ရဟန်းသည်ကား၊ ကတမေ ဓမ္မာ- အဘယ် တရားတို့ကို၊ ယောနိသော-သင့်သော အကြောင်း အားဖြင့်၊ ဝါ—နည်းမှန်လမ်းမှန်အားဖြင့်၊ မနသိ ကာတဗ္ဗာ— နှလုံးသွင်းအပ် ရှုအပ်ပါကုန်သနည်း-လို့ မေးပါတယ်။ ဖြေပုံ ကတော့-

သောတာပန္နေနပိ ခေါ အာဝုသော ကောဋ္ဌိက
ဘိက္ခုနာ ဣမေ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော
ဒုက္ခတော။ပ။ အနတ္တတော ယောနိသော မနသိ
ကာတဗ္ဗာ—

စသည်ဖြင့် ဖြေရှင်းမိန့်ကြားတော်မူပါတယ်။

အာဝုသော ကောဋ္ဌိက-ငါ့ရှင်ကောဋ္ဌိက၊ သောတာပန္နေနပိ

ဘိက္ခုနော-သောတာပန်ရဟန်းသည်လည်း၊ ဣမေ ပဉ္စုပါဒါ နက္ခန္ဓာ-ဤငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို၊ အနိစ္စတော-မမြဲဟု၊ ဒုက္ခတော-ဆင်းရဲဟု၊ (ပါဠိပြရာမှာ ပ-ဆိုတာက ပေယျာလ-လို့ ဆိုလိုပါတယ်၊ ပေယျာလဆိုတာ ရှေးကပြခဲ့ပြီး စကားရပ်များကို သိနိုင်လောက်လို့ မပြတော့ဘဲ ချန်ထားတယ်၊ အလိုရှိယင် ရှေးကအတိုင်းပင် ဖော်ထုတ်နိုင်တယ်လို့ ဆိုလိုတာ ပါဘဲ။ရှေးက ပဌမပိုင်းစာမျက်နှာ ၁၉-မှာ ပြထားခဲ့တဲ့အတိုင်း "ရောဂတောမှ သုညတော"အထိ ပါဠိကို ထုတ်ဖော်ဘို့ပါဘဲ) အနတ္တတော - အစိုးမရ အတ္တကောင်မဟုတ် သဘောတရားမျှဟု၊ယောနိသော-နည်းမှန်လမ်းမှန်အားဖြင့်၊မနသိကာတဗ္ဗာ-နှလုံးသွင်းအပ် ရှုအပ်ကုန်၏ တဲ့၊

အဲဒီဖြေကြားချက်ကို သေသေချာချာ သတိပြုပြီး ဆင်ခြင်ကြည့်ကြရမယ်၊ သောတာပတ္တိဖိုလ်ရောက်အောင် ပုထုဇဉ်၏ရှုပုံကိုပြတဲ့ ပါဠိနဲ့ သောတာပန်၏ရှုပုံကိုပြတဲ့ ယခုပါဠိဟာ ဘာထူးခြားသေးသလဲ၊ ရှုပုံချင်း ဘာမျှမထူးဘူး။ ပုထုဇဉ်ရှုပုံမှာလဲ ဥပါဒါနက္ခန္ဓာငါးပါးဘဲ၊ ယခု သောတာပန်ရှုပုံမှာလဲ ဥပါဒါနက္ခန္ဓာငါးပါးဘဲ၊ပုထုဇဉ် ရှုပုံမှာလဲ အနိစ္စစသောအခြင်းအရာ ၁၁-ပါးဘဲ၊ ယခု သောတာပန်ရှုပုံမှာလဲ အဲဒီ အခြင်းအရာ ၁၁-ပါးဘဲ။ ဒါကြောင့်ဘုန်းကြီးက အဲဒီအမေးအဖြေများကို အတိုချုံးပြီး ဆောင်ပုဒ်စီထားတယ်၊ "သောတာပန်ကား၊ဘယ်တရား၊ရှုပွါးအပ်သနည်း။ သောတာပန်လဲ၊ ခန္ဓာဘဲ၊ ရှုမြဲ နည်းတူသည်"တဲ့။ အဲဒါကိုဆိုကြရမယ်။

## သောတာပန်လဲ ပုထုဇဉ်တုန်းကလို ရှုရတာဘဲ

(၁) သောတာပန်အား၊ ဘယ်တရား၊ ရှုပွားအပ် သနည်း။

(၂) သောတာပန်လဲ၊ ခန္ဓာဘဲ၊ ရှုမြဲ နည်းတူသည်။

သောတာပန်လဲ ရှေးနည်းတူပင် ဥပါဒါနက္ခန္ဓာ ငါးပါးကို ရှုရတယ်၊ ရှုတော့လဲ အနိစ္စ အစရှိသော ၁၁-ပါးသောအခြင်း အရာတို့ဖြင့်ပင် နည်းတူရှုရတယ်လို့ ဆိုလိုပါတယ်၊ အလွန်ပင် ရှင်းလင်းပြတ်သားပါတယ်။ ပုထုဇဉ်ရှုရတဲ့တရားနဲ့ သောတာပန် ရှုရတဲ့တရားဟာ အတူတူဘဲ။ မြင်ဆဲ ကြားဆဲစသည်မှာထင်ရှား တဲ့ ဥပါဒါနက္ခန္ဓာ တရားတွေချည်းဘဲ၊ ပုထုဇဉ်မှာမရှုမိလို့အမှန် အတိုင်းမသိယင် တဏှာဒိဋ္ဌိဖြင့် နိစ္စ သုခ အတ္တလို့ စွဲလမ်းနိုင်တဲ့ တရားတွေကို ရှုသိရတာဘဲ၊ သောတာပန်မှာတော့ ဒိဋ္ဌိဖြင့် မစွဲ လမ်းနိုင်ဘူး၊ ဒါပေမဲ့ တဏှာဖြင့် သာယာပြီးတော့ စွဲလမ်းနိုင် တယ်၊ မာနဖြင့်လဲ အသ္မိ-ငါဖြစ်တယ်၊ ငါ တတ်တယ် သိတယ် စသည်ဖြင့် တက်ကြွထောင်လွှားပြီး စွဲလမ်းမှု ရှိနေသေးတယ်၊ ၎င်းဒီ မာနဟာ ဒိဋ္ဌိနှင့် ခပ်တူတူ ဖြစ်နေလို့ သူ့ကို ဒိဋ္ဌိမာနလို့လဲ ခေါ်တယ်၊ ဒိဋ္ဌိမာနခေါ်တဲ့ အဲဒီအသ္မိမာနကို ပယ်နိုင်ရန်အတွက် သောတာပန်ဖြစ်ပြီးတဲ့ ပဉ္စဝဂ္ဂီရဟန်းငါးပါးကို မြတ်စွာဘုရားက အနတ္တလက္ခဏသုတ် တရားကို ဟောကြားတော် မူခဲ့တာဘဲ။ ဒါကြောင့် ပုထုဇဉ်မှာ အနိစ္စစသည်ဖြင့် ရှုသိရသလိုပင် သော-

တာပန်ကလဲ အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာတို့ဖြင့် ရှုသိရတာဘဲ၊ ရှုအပ်တဲ့တရားရော, ရှုသိပုံရော ပုထုဇဉ်နှင့်သောတာပန်ဟာ အတူတူပါဘဲ။

ဒါကြောင့် မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ရှေးကလိုပင် ရှုမြဲဆက်ပြီး ရှုနေရတယ်။ ဒါပေမဲ့ ရပြီးတရားပြန်ရောက်အောင် အားထုတ်ရမှာလို မလွယ်ကူလှဘဲ ရှိနေတတ်တယ်၊ ရောက်နေကျဖြစ်တဲ့ ချုပ်ငြိမ်းရာ ရောက်အောင် ရှုမှတ်ယင်တော့ လွယ်တယ်၊ မကြာမီပင် အမှတ်အသိကောင်းပြီး ရောက်နေကျချုပ်ငြိမ်းရာ ရောက်ရောက်သွားတတ်တယ်၊ ချုပ်ငြိမ်းရာကို မရောက်ဘောင် ငြိမ်သက်သိမ်မွေ့ပြီး ရှုသိလို့ ကောင်းနေတဲ့ သင်္ခါရုပေက္ခာ ကိုတော့ အလွယ်တကူပင် ရောက်နေတာဘဲ။ ဒါပေမဲ့ မရသေးတဲ့ ဉာဏ်ထူး တရားထူးအတွက် ယခုအားထုတ်တဲ့အခါကျတော့ ရှုမှတ်လို့တောင်မကောင်းဘဲ ခပ်ခက်ခက်ဖြစ်နေဘတ်တယ်၊ ကိုယ်ထဲက အခံရခက်တဲ့ ဒုက္ခ ဝေဒနာတွေကိုလဲ တွေ့နေရတတ်ဘယ်၊ မရှုမမှတ်မိဘဲ လွတ်လွတ်သွားတဲ့ စိတ်ကူးကြံစည်မှုများကိုလဲ အချို့ပုဂ္ဂိုလ်မှာ တွေ့ရတတ်တယ်၊ အာရုံနဲ့ အမှတ်အစဉ်မကျဘဲ ဖြစ်နေတာကိုလဲ တွေ့ရတတ်တယ်။ အဲဒီလို အခက်အခဲတွေကို တွေ့ရတာဟာ ဘာကြောင့်လဲဆိုယင် မရသေးတဲ့ တရားအတွက် သမ္မပ္ပဓာန်လုံ့လဖြင့် အထူးအားပေးပြီး ရှုမှတ်ချလိုပါဘဲ၊ ရပြီး ဖိုလ်တရားအတွက် ဆိုတော့ နှုတ်တက်ရပြီးစာကိုရွတ်ဆိုရဘာ လွယ်ကူသလိုပင် ရှုမှတ်ရတာလွယ်တယ်၊ သမ္မပ္ပဓာန်လုံ့လဖြင့် အထူးအားပေးစရာ မလိုဘူး၊ ဒါကြောင့်

တရားဟောင်းအတွက်လွှယ်ပြီးတော့ တရားသစ်အတွက်မလွယ်ဘဲ ခပ်ခက်ခက် ဖြစ်နေတယ်လို့ ဆိုရမှာဘဲ။

ဒါပေမဲ့ ပဌမစပြီး အားထုတ်ခါစတုန်းက ရှုရတာလောက် တော့လဲ မခက်ပါဘူး၊ တနာရီ ၂–နာရီ စသည်အတွင်းမှာပင် အမှတ်ကောင်းပြီးတော့ အထက်ပိုင်း ဉာဏ်များသို့ ရောက်သွား တတ်ပါတယ်၊ သင်္ခါရုပေက္ခာဉာဏ် သို့လဲ ရောက်သွားတတ် ပါတယ်။ အဲဒီ သင်္ခါရုပေက္ခာဉာဏ် ရောက်တဲ့ အခါကျတော့ ဠနြွေမရင့်ကျက်သေးယင် ရှေ့သို့မတိုးဘဲ အမှတ်အသိကောင်းရုံ မျှသာ ဖြစ်နေတတ်တယ်၊ အယင်က ငါးမိနစ် ဆယ်မိနစ်အတွင်း ချုပ်ငြိမ်းရာသို့ ရောက်နေကျဖြစ်ပေမဲ့ ယခု တရားသစ်အတွက် ဆိုတော့ နာရီပေါင်းများစွာ ကြာသော်လဲ ချုပ်ငြိမ်းရာသို့ မရောက်ပဲဖြစ်နေတာလဲရှိတယ်၊ ရက်ပေါင်းများစွာကြာသော်လဲ မရောက်ပဲဖြစ်နေတာလဲ ရှိတယ်၊ အဲဒီလိုအခါမှာ ရောက်နေကျ တရားသို့ရောက်ဖို့ စိတ်ညွတ်လိုက်ယင်တော့ မကြာမီပင်ချုပ်ငြိမ်း ရာသို့ အလွယ်တကူ ရောက်ရောက်သွားတတ်တယ်။

## သကဒါဂါမ်ဖြစ်သွားပုံ

အထက်မဂ်ဖိုလ်ရောက်ဖို့ ဣန္ဒြေရင့်ကျက် ပြည့်စုံယင်တော့ အနိစ္စစသောအခြင်းအရာဖြင့်ထင်ရှားသိမြင်နေတဲ့သင်္ခါရုပေက္ခာ ဉာဏ် ရင့်သန်တဲ့အခါ ထူးခြားလျင်မြန် ထက်သန်တဲ့အသိများ ဖြစ်ပေါ်လာပြီးတော့ သိစရာနှင့် သိမှုဆိုတဲ့ သင်္ခါရအားလုံး

ချုပ်ငြိမ်းတဲ့သဘောထဲသို့ ကျရောက်လျက် သကဒါဂါမိမဂ်ဖိုလ် များ ဖြစ်ပေါ်သွားတယ်၊ အဲဒီလိုဖြစ်ပုံကို အရှင်သာရိပုတ္တရာ မထေရ်မြတ်က ဆက်လက်ပြီး ဒီလို မိန့်ကြားတော်မူပါတယ်။

ဌာနံ ခေါ ပနေတံ အာဝုသော ဝိဇ္ဇတိ၊ ယံ သောတာ-ပန္နော ဘိက္ခု ဣမေ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စတော ဒုက္ခ တော။ပ။ အနတ္တတော ယောနိသော မနသိ ကရောန္တော သကဒါဂါမိဖလံ သစ္ဆိကရေယျ-တဲ့။

အာဝုသော- ငါ့ရှင်ကောဋ္ဌိက၊ သောတာပန္နော ဘိက္ခု— သောတာပန်ရဟန်းသည်၊ ဣမေ ပဉ္စုပါဒါနက္ခန္ဓေ-မြင်မှုကြားမှု စသော ဤဉပါဒါနက္ခန္ဓာငါးပါးတို့ကို၊ အနိစ္စတော-မမြဲဟု၊ ဒုက္ခတော-ဆင်းရဲဟု။ပ။ အနတ္တတော-အနတ္တဟု၊ ယောနိသော-နည်းမှန်လမ်းမှန်အားဖြင့်၊ မနသိ ကရောန္တော-နှလုံးသွင်းရှုမှတ် နေစဉ်၊သကဒါဂါမိဖလံ-သကဒါဂါမိဖိုလ်ကို၊ယံသစ္ဆိကရေယျ-အကြင်မျက်မှောက်ပြုရာ၏၊ ဧတံ ဌာနံ-ဤသို့မျက်မှောက်ပြုနိုင် ခြင်း၏အကြောင်းအခွင့်သည်၊ဝိဇ္ဇတိ-ရှိပါပေ၏-လို့ အရှင်သာရိ ပုတ္တရာ မထေရ်မြတ်က မိန့်ကြားတော်မူပါတယ်။

အဲဒီမိန့်ကြားချက်ကို ဘုန်းကြီးက "သို့ ရှုမြင်သန်၊ သက ဒါဂါမ်၊အမှန်ဖြစ်နိုင်သည်" လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို အမှတ်(၂) ဆောင်ပုဒ်နှင့်တွဲပြီး ဆိုကြရမယ်။

(၂) သောတာပန်လဲ၊ ခန္ဓာဘဲ၊ ရှုမြဲ နည်းတူသည်။
(၃) သို့ ရှုမြင်သန်၊ သကဒါဂါမ်၊ အမှန် ဖြစ်နိုင်သည်။

အဲဒီလို သကဒါဂါမိ မဂ်ဖိုလ်သို့ ရောက်ပြီးယင် ထူးခြားတဲ့ ရှုသိခဲ့ပုံများနှင့်တကွ ချုပ်ငြိမ်းရာ ရောက်သွားပုံ ချုပ်ငြိမ်းနေပုံများကိုလဲ ပြန်လှည့်ပြီး ဆင်ခြင်တယ်၊ ပယ်ပြီး ကင်းငြိမ်းပြီး ကိလေသာနှင့် မပယ်ရသေး မကင်းငြိမ်းသေးတဲ့ ကိလေသာများကို ဆင်ခြင်တာကတော့ သုတရှိတဲ့ ပုဂ္ဂိုလ်များမှာသာ ဖြစ်တတ်တယ်လို့ ဆိုပါတယ်၊ အဲဒီအကြောင်းအရာကို မဟာနာမ်မင်း၏ ဝတ္ထုဖြင့် နားလည်နိုင်ပါတယ်။

## မဟာနာမ်မင်းဝတ္ထု

မြတ်စွာဘုရား၏ ခမည်းတော် သုဒ္ဓောဒန မင်းကြီးမှာ သုက္ကောဒန သက္ကောဒန ဓောတောဒန အမိတောဒန ဆိုတဲ့ ညီလေးယောက် ရှိတယ်၊ အဲဒီလေးယောက်ထဲက သုက္ကောဒနမှ မဟာနာမ်နှင့် အနုရုဒ္ဓါမထေရ်တို့ ဖြစ်ပွါးခဲ့ကြတယ်၊ အရှင်အာနန္ဒာက အမိတောဒန၏ သားဖြစ်တယ်၊ (သော ဘဂဝတော ကနိဋ္ဌောလို့) ဆိုတဲ့အတိုင်း အရှင် အာနန္ဒာက မြတ်စွာဘုရား အောက်ငယ်တယ်၊(မဟာနာမော မဟလ္လကတရော သကဒါဂါမီ အရိယသာဝကော-လို့) ဆိုထားတဲ့အတိုင်း မဟာနာမ်ကမြတ်စွာဘုရားထက် ကြီးတယ်၊ သကဒါဂါမ် အရိယာသာဝကပါဘဲ။

အဲဒီ မဟာနာမ်မင်းက မြတ်စွာဘုရားကို ဒီလို မေးလျှောက် ပါတယ်။

"လောဘ ဒေါသ မောဟတွေဟာ စိတ်၏ အညစ်အကြေး၊ စိတ်ကို ပူလောင်စေတတ်တဲ့ တရားတွေဘဲလို့ တပည့်တော် သိနားလည် သဘောပေါက်နေတာ ကြာပါပြီ၊ ဒီလို သိနေပါ လျက် ရံခါ ရံခါမှာ လောဘ ဒေါသ မောဟတရားတွေက ကုသိုလ်စိတ်ကို ကုန်ပျောက်စေလျက် လွှမ်းမိုးပြီး တည်နေကြ ပါတယ်၊ အဲဒါဟာ ဘာကြောင့်ပါလဲ"တဲ့။

ဒီ မဟာနာမ်မင်းက "သကဒါဂါမိမဂ်ဖြင့်ပင် လောဘ ဒေါသ မောဟတွေကို အကြွင်းမဲ့ ပယ်တယ်"လို့ ထင်မှတ်ထား တယ်၊ သို့ပေမဲ့ "မပယ်ရသေးတာ ရှိတယ်"လို့လဲ သူက သိတယ်၊ "မပယ်ရသေးတာကို စွဲမှီပြီး ပယ်ပြီး ကိလေသာက တဖန် နောက်မှ ပြန်လာတယ်"လို့လဲ ထင်ပါသတဲ့။(ပုန ပစ္စတော ဝါ ဝတ္တတီတိ သညီ ဟောတိ-ဟု ရှိသော ယခုလက်ရှိပါဠိနှင့်အညီ ဖော်ပြသည်) အဲဒီနေရာမှာ အဋ္ဌကထာက ဒီလို စိစစ်ပြပါတယ်။

အရိယသာဝကဿ-အရိယာတပည့်အား၊ ဧဝံ သန္ဒေဟော- ဤသို့သော ယုံမှားသည်၊ ဥပ္ပဇ္ဇတီတိ-ဖြစ်တတ်ပါသလော-ဟူမူ။ အာမ ဥပ္ပဇ္ဇတိ-ဖြစ်တတ်သည် မှန်ပေ၏၊ ကသ္မာ-အဘယ့်ကြောင့် နည်း၊ ပဏ္ဏတ္တိယာ အကောဝိဒတ္တာ-ဒေသနာပညတ်၌ မကျွမ်း ကျင်သောကြောင့်ပင်။ ဟိ-ချဲ့ဦးပြရလျှင်၊ အယံ ကိလေသော အသုကမဂ္ဂဝဇ္ဈောတိ- ဤကိလေသာကို ဤမည်သော မဂ်က

ပယ်သတ်အပ်သည်ဟု ပြဆိုသော၊ ဣမိဿာ ပဏ္ဏတ္တိယာ-ဤ ဒေသနာပညတ်၌၊ အကောဝိဒဿ-မကျွမ်းကျင်လျှင်၊ အရိယ သာဝကဿပိ-အရိယာတပည့်အားသော်လည်း၊ ဧဝံ ဟောတိ-ဤသို့ ယုံမှားဖြစ်တတ်ပေ၏။ ကိံ တဿ ပစ္စဝေက္ခဏာ နတ္ထိတိ-ဘယ့်နှယ်လဲ ထိုအရိယာမှာ ပစ္စဝေက္ခဏာ မရှိသလောဟူမှု၊ အတ္ထိ-ရှိပေ၏။ ပန-ရှိပင်ရှိငြားသော်သည်း၊ သာ-ထိုပစ္စဝေက္ခဏာ သည်၊ သဗ္ဗေသံ-အရိယာအားလုံးတို့မှာ၊ န ပရိပုဏ္ဏာ ဟောတိ-အပြည့်အစုံချည်း ဖြစ်သည်ကား မဟုတ်ပေ။ ဟိ-မပြည့်ပုံမှာ၊ ဧကော ပဟီနကိလေသမေဝ ပစ္စဝေက္ခတိ-အရိယာတပါးသည် ပယ်ပြီးကိလေသာကိုသာ ဆင်ခြင်၏၊ ဧကော အဝသိဋ္ဌကိလေသ-မေဝ-တပါးသော အရိယာကမူ ကြွင်းသော ကိလေသာကိုသာ ဆင်ခြင်၏၊ ဧကော မဂ္ဂမေဝ-တပါးက မဂ်ကိုသာ ဆင်ခြင်၏၊ ဧကော ဖလမေဝ-တပါးက ဖိုလ်ကိုသာ ဆင်ခြင်၏၊ ဧကော နိဗ္ဗာနမေဝ-တပါးက နိဗ္ဗာန်ကိုသာ ဆင်ခြင်၏၊ ဣမာသု ပန ပဉ္စသု ပစ္စဝေက္ခဏာသု-ဤပစ္စဝေက္ခဏာ ၅ ပါးတို့တွင်၊ ဧကံ ဝါ ဒွေ ဝါ-တပါးဖြစ်စေ, နှစ်ပါးဖြစ်စေ၊ နော လဒ္ဓုံ န ဝဋ္ဋတိ-မရရန် မသင့်ကြသည် မဟုတ်၊ သင့်ကြသည်ပင်။ ဣတိ ယဿ ပစ္စဝေက္ခဏာ န ပရိပုဏ္ဏာ၊ တဿ-ဤဆိုခဲ့သည့်အတိုင်း ပစ္စဝေက္ခဏာ မပြည့်စုံသော အရိယာမှာ၊ မဂ္ဂဝဇ္ဈကိလေသ-ပဏ္ဏတ္တိယံ-မဂ်ဖြင့် ပယ်သတ်အပ်သည့် ကိလေသာကို ပြသည့် ဒေသနာပညတ်၌၊ အကောဝိဒတ္တာ-မကျွမ်းကျင်သောကြောင့်၊ ဧဝံ ဟောတိ-ဤသို့ ယုံမှားဖြစ်တတ်ပေ၏-တဲ့။ အဲဒါဟာ မူလ ပဏ္ဏာသအဋ္ဌကထာ (ပ-၃၆၆) ၌ စိစစ်ပြဆိုချက်ပါတဲ့။

ဒီအဋ္ဌကထာမှာ ''အရိယာတပါးသည် ပယ်ပြီးကိလေသာကို သာ ဆင်ခြင်တယ်''စသည်ဖြင့် ပြဆိုထားပေမဲ့ ''ပယ်ပြီးကိုသာ ဆင်ခြင်တယ်၊ မပယ်ရသေးတဲ့ ကိလေသာနှင့် မဂ်ဖိုလ်နိဗ္ဗာန်ကို တော့ မဆင်ခြင်ဘူး''လို့ ဒီလိုတော့ မယူရဘူး၊ ရှေး ပဋ္ဌမပိုင်း တုန်းက(နှာ ၂၄၄-မှာ)ထုတ်ပြခဲ့တဲ့အတိုင်း ''မဂ်ဖိုလ်နိဗ္ဗာန်ကို ကေန်မုချ ဆင်ခြင်တယ်။ ပယ်ပြီးနှင့် မပယ်ရသေးတဲ့ ကိလေသာ ကိုတော့ ဒေသနာပညတ္တိ၌ ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်များသာ ဆင်ခြင်နိုင်တယ်''လို့ ဒီလိုသာမှတ်ယူရမယ်။ဒါကြောင့် ဝိသုဒ္ဓိမဂ် မှာလဲ ''ပဟီနာဝသိဋ္ဌကိလေသပစ္စဝေက္ခဏံ-ပယ်ပြီးကိလေသာ မပယ်ရသေးတဲ့ကိလေသာတို့ကို ဆင်ခြင်ခြင်းသည်။ သေက္ခာနမ္ပိ- သေက္ခပုဂ္ဂိုလ်တို့အားလည်း၊ ဟောတိ ဝါ-ဖြစ်သည်လည်း ရှိ၏၊ န ဝါ-မဖြစ်သည်လည်း ရှိ၏''လို့ မိန့်ဆိုထားပါတယ်။

## သကဒါဂါမိမဂ်က ဘာကို ပယ်သလဲ

သောတာပတ္တိမဂ်က သက္ကာယဒိဋ္ဌိ အစရှိတဲ့ မိစ္ဆာဒိဋ္ဌိဟူသမျှ ကို ပယ်တယ်၊ ယုံမှားမှု ဝိစိကိစ္ဆာကိုလဲ ပယ်တယ်၊ သီလဗ္ဗတ ပရာမာသ ဆိုတဲ့ ဘာသာရေးအကျင့်အယူမှားကိုလဲ ပယ်တယ်၊ အပါယ်ကျရောက်စေတတ်တဲ့ လောဘ ဒေါသ မောဟ စသော ကိလေသာတို့ကိုလဲ ပယ်တယ်၊ အဲဒီလို ပယ်တဲ့အတွက် သောတာ ပန်မှာ အပါယ်လေးပါးသို့လဲ မကျရောက်နိုင်ဘူး၊ ကာမသုဂတိ ၌လဲ ခုနစ်ဘဝထက် ပိုလွန်ပြီး မဖြစ်ရတော့ဘဲ ဆင်းရဲခပ်သိမ်း

ငြိမ်းရာနိဗ္ဗာန်သို့ ဝင်စံရတယ်၊ အဲဒါကတော့ ရှေ့ပိုင်းများက ပြောခဲ့လို့ ထင်ရှားနေပါပြီ။

သကဒါဂါမိမဂ်ကတော့ ဘယ်ကိလေသာများကို အကြွင်းမဲ့ ပယ်ပါသလဲ ဆိုယင်၊ အကြွင်းမဲ့ပယ်တဲ့ သီးခြားကိလေသာရယ်လို့တော့ မရှိဘူး၊ ကာမရာဂ ဗျာပါဒ ဆိုတဲ့ အကြမ်းစား ကိလေသာတွေကို ပယ်ပါတယ်၊ အကြမ်းစားဆိုပေမဲ့ ပုထုဇဉ်မှာ ဖြစ်နေတဲ့ ကာမရာဂ ဗျာပါဒတို့လောက်တော့လဲ မကြမ်းပါဘူး၊ ပုထုဇဉ်မှာတော့ အဲဒီ ကာမရာဂ ဗျာပါဒတွေက အလွန်ကြမ်းပါတယ်၊ အမိအဘကို သတ်နိုင်သည်အထိ ကြမ်းတမ်းပါတယ်။ ဒါကြောင့် အဇာတသတ်မင်းဟာ ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်နိုင်တာဘဲ၊ အရှင်ဒေဝဒတ်ဟာလဲ ဗုဒ္ဓမြတ်စွာဘုရားကိုတောင် သတ်ဖို့ အားထုတ်နိုင်တာဘဲ။ သောတာပန်မှာတော့ အဲဒီ အကြမ်းစားကိလေသာတွေကို ပယ်ပြီးဖြစ်တဲ့အတွက် ပိုးမွှား သတ္တဝါကလေးများကိုတောင် မသတ်နိုင်တော့ဘူး၊ သူတပါးဥစ္စာကိုလဲ မလုယက် မခိုးယူနိုင်တော့ဘူး၊ မပိုင်မဆိုင်သော ကာမဂုဏ်တို့၌လဲ မမှားယွင်း မကျူးလွန်နိုင်တော့ဘူး၊ မူးယစ်စေတတ်တဲ့ သေရည်အရက် စသည်ကိုလဲ မသောက်စားနိုင်တော့ဘူး၊ သူတပါးအား အကျိုးမဲ့ဖြစ်အောင် လိမ်မပြောနိုင်တော့ဘူး။

ဒါပေမဲ့ သကဒါဂါမ်မှာ ကျန်ရှိနေတဲ့ ကာမရာဂ-စသည်နှင့် နှိုင်းယှဉ်ကြည့်ယင် သောတာပန်မှာ မပယ်ရသေးတဲ့ ကာမရာဂ

စသည်တွေက ကြမ်းတမ်းတယ်လို့ဘဲ ဆိုရတယ်၊ အဲဒီလို ကြမ်းတဲ့ ကာမရာဂ ဗျာပါဒတွေကို သကဒါဂါမိမဂ်က ပယ်ပါတယ်တဲ့၊ ပယ်ဆိုပေမဲ့ လုံးဝငြိမ်းစေတာတော့ မဟုတ်ဘူး၊ အဲဒီ ကာမရာဂ ဗျာပါဒတွေကို အားနည်းစေရုံမျှပါဘဲ။ ဒါကြောင့် (ကာမရာဂ ဗျာပါဒါနံ တနုဘာဝါယ) ကာမရာဂ ဗျာပါဒတို့၏ သေးငယ်ခြင်း ပါးခြင်း အကျိုးငှါ သကဒါဂါမိမဂ်ကို ဖြစ်စေဘယ် စသည်ဖြင့် ဓမ္မသင်္ဂဏီပါဠိတော်မှာ မြွက်ဆိုထားပါဘယ်။ အဲဒီ ပါဠိ၏ အဖွင့် အဋ္ဌကထာမှာလဲ ဒီလို ဖွင့်ပြထားပါတယ်။

အဓိစ္စုပ္ပတ္တိယာ စ-ရံခါ ဖြစ်ခြင်းဖြင့်၎င်း၊ ပရိယုဋ္ဌာန မန္ဒဘာယ စ-ထကြွဖြစ်ပေါ်မှု အားနည်းခြင်းဖြင့်၎င်း၊ ဒွိဟိ ကာရဏေဟိ-ဤအကြောင်း ၂-ပါးတို့ဖြင့်၊ တနုဘာဝေါ— သေးငယ်သည်၏ အဖြစ်-ပါးသည်၏ အဖြစ်ကို၊ ဝေဒိတဗ္ဗော- သိအပ်၏။ ဟိ-ခဲ့ချဲ့ပြရလျှင်၊ သကဒါဂါမိသာ၊ သကဒါဂါမိ၏ သန္တာန်၌၊ ဌေါနုသာရိမဟာဇနသော-ဝဋ်သို့ အစဉ်လိုက်နေ သော ပုထုဇဉ်လူများစုမှာကဲ့သို့။ ကိလေသာ အဘိဏှံ နုပ္ပဇ္ဇန္တိ- ကိလေသာတို့ ထပ်ဘသဲလဲ အမြဲမဖြစ်ကုန်၊ ကဒါစိ ကဒါစိ ဥပ္ပဇ္ဇန္တိ-ရံခါ ရံခါသာ ဖြစ်ကုန်၏၊ ဥပ္ပဇ္ဇန္တာပိ-ဖြစ်ကုန်သော် လည်း၊ ဝါ-ဖြစ်သော အခါ၌လည်း၊ ဝိရဋ္ဌာကာရာဟုတွာ ဥပ္ပဇ္ဇန္တိ-ကျဲကျဲပါးပါး အခြင်းအရာရှိလျက် ဖြစ်ကုန်၏၊ ဝိရဋ္ဌ ဝါပိတခေတ္တေ အင်္ကုရာ ဝိယ-ကျဲကျဲစိုက်ပျိုးထားသော လယ် ယာထဲ၌ ပေါက်လာကြသည့် အညှောက် အညွန့်များကဲ့သို့ပင် တည်း။စ-ဆက်၍ ပြောရလျှင်၊ ဥပ္ပဇ္ဇမာနာပိ- ဖြစ်ဆဲကိလေသာ

တို့သည်လည်း၊ ဝဋ္ဋာနုသာရီ မဟာဇနသေဝ-ဝဋ္ဋ်သို့အစဉ်လိုက်နေသောပုထုဇဉ်လူများစုမှာကဲ့သို့၊ မဒ္ဒန္တာ ဖရန္တာ ဆာဒေန္တာ-ဖိနှိပ်ကြ ပြန့်နှံ့ကြ ဖုံးလွှမ်းကြလျက်၊ အန္ဓကာရံ ကရောန္တာ-မှောင်မိုက်စေကုန်လျက်၊ နုပ္ပဇ္ဇန္တိ-ဖြစ်သည်မဟုတ်ကုန်။ ပန-စင်စစ်သော်ကား၊ ဒွိဟိ မဂ္ဂေဟိ ပဟီနတ္တာ-၂-ပါးသော မဂ်တို့ဖြင့်ပယ်အပ်ပြီး ဖြစ်သောကြောင့်၊ မန္ဒမန္ဒာ ဥပ္ပဇ္ဇန္တိ-နုံ့နုံ့နဲ့နဲ့သာဖြစ်ကုန်၏၊ တနုကာရာဟုတွာ ဥပ္ပဇ္ဇန္တိ-ပါးလွှာသောအခြင်းအရာ ရှိကုန်လျက် ဖြစ်ကုန်၏၊ အဗ္ဘပဋလံ ဝိယ-ပါးသောတိမ်လွှာကဲ့သို့၎င်း၊ မက္ခိကာပတ္တံ ဝိယ စ-ယင်ကောင်၏အတောင်ကဲ့သို့၎င်း ဖြစ်ပေသည်-တဲ့။

အဲဒါဟာ အဋ္ဌကထာဆရာများ၏ သဘောကျ ပြဆိုချက်ပဲ၊ ဆိုလိုရင်း အတိုချုပ်ကတော့ သကဒါဂါမိပုဂ္ဂိုလ်မှာ ကာမဂုဏ်ကို နှစ်သက်သာယာတဲ့ ကာမရာဂနှင့် စိတ်ပျက်စိတ်ဆိုးတတ်တဲ့ ဗျာပါဒဒေါသတွေဟာဖြစ်ခဲတယ်၊ တရံတခါလောက်သာ ဖြစ်တယ်၊ ဖြစ်ပြန်တော့လဲအားမကြီးဘူး မထက်သန်ဘူး၊ ပါးပါးတိမ်လွှာလို ယင်၏အတောင်လို ပါးပါးကလေးသာဖြစ်ပါတယ်တဲ့၊အဲဒါ ဆိုလိုတဲ့အတိုချုပ်ပါဘဲ။ စိတ်ဆိုးတဲ့အခါ ဘယ်အထိဖောက်ပြန်သလဲ။ မျက်နှာပျက်ရုံလောက်ပဲလား၊ ဝိသဘာဂအာရုံနှင့် စပ်ပြီး ကြည့်ရှုရုံလောက်ပဲလား၊ ထိတွေ့ရုံလောက်ပဲလား။ မေထုန်အမှုကို မပြုတော့ဘူးလား စသည်ဖြင့် အတိအကျသိဘို့ကတော့ ဖော်ပြချက်မရှိဘူး၊ ဒါပေမဲ့ ထိတွေ့ရုံလောက်ပဲ၊ မေထုန်မှုပြုသည့်အထိ မရောက်ဘူးလို့တော့ဆိုလိုဟန်ရှိပါတယ်။

ဒါကြောင့် ကေစိဝါဒကို ထုတ်ပြပြီးတော့ ဒီလို ပယ်သွားပါတယ်။

တတ္ထ-ထိုအရာ၌၊ ကေစိ ထေရာ ဝဒန္တိ-အချို့မထေရ်တို့က ဆိုကြသည်မှာ-"သကဒါဂါမိဿ ကိလေသာ- သကဒါဂါမ် ပုဂ္ဂိုလ်၏ သန္တာန်၌ ကိလေသာတို့သည်၊ ကိဉ္စာပိ စိရေန ဥပ္ပဇ္ဇန္တိ- ကြာမြင့်မှ ဖြစ်ကြသည်ကား မှန်ပေ၏၊ ပန-သို့သော်လည်း၊ ဗဟလာဝ ဟုတွာ ဥပ္ပဇ္ဇန္တိ-ဖြစ်သောအခါ ထူထဲအားကောင်းစွာ သာဖြစ်ကုန်၏၊ ဘထာဟိ-ထိုစကားမှန်ပေ၏၊ အဿ-ထိုသကဒါ-ဂါမ်ပုဂ္ဂိုလ်၏၊ ပုတ္တာ စ ဓီတရော စ ဒိဿန္တိ-သားတွေသမီးတွေကို တွေ့မြင်နေကြရသောကြောင့်ပင်တည်း" ဣတိ- ဤသို့ဆိုကုန်၏။ တံ ပန-ဤသားသမီးများရှိနေခြင်းသည်ကား၊ အပ္ပမာဏံ-ခိုင်လုံသော သာဓကမဟုတ်ပါ၊ ဟိ-မှန်ပေ၏၊ ပုတ္တဓီတရော-သားသမီးတို့သည်၊ အင်္ဂပစ္စင်္ဂပရာမသနမတ္တေနပိ-အင်္ဂါကြီးငယ်ကို ထိပါးသုံးသပ်ရုံမျှဖြင့်လည်း၊ ဟောန္တိ-ဖြစ်ကုန်၏-စသည်ဖြင့် ပယ်ပြီးတော့ ပြခဲ့တဲ့ အဋ္ဌကထာဝါဒကိုပင် ထပ်ပြီး အတည်ပြု သွားပါတယ်။

ဒါကြောင့် မေထုန်မှုပြုနိုင်လောက်အောင် ကာမရာဂ ထက်ထက်သန်သန် မဖြစ်ဘူးလို့ အဋ္ဌကထာဆရာတို့က ဆိုလိုပါတယ်။ ဒါပေမဲ့ ယခုခေတ်အနောက်တိုင်းဆရာဝန်များ၏အဆိုကို ကြိုက် နေတဲ့ ပုဂ္ဂိုလ်တွေကတော့ သကဒါဂါမ်မှာ သုံးသပ်ထိပါးရုံနဲ့ သားသမီးတွေ ရတယ်ဆိုတာကိုတော့ လက်ခံလိုကြမယ် မထင်

ပါဘူး၊အကြောင်းကတော့မြင်ရုံကြားရုံထိပါးရုံမျှဖြင့် ပဋိသန္ဓေရတာက အလွန်ရှားပါလိမ့်မယ်၊ တသိန်းတသောင်းမှတယောက်တောင်ရှိဘို့ရာ ခဲယဉ်းမည့်လက္ခဏာပါဘဲ။ နောက်ပြီးတော့ ကာမာဝစရ နတ်ပြည် ၆-ထပ်မှာကာမရာဂကင်းတဲ့ အနာဂါမ်များမတည်နေနိုင်ကြဘူးလို့လဲ ဆိုပါတယ်၊ သကဒါဂါမ် နတ်သားနတ်သမီးတွေတော့ရှိနေကြတယ်လို့လဲ ဆိုပါတယ်၊သိကြားမင်းဟာ လူ့ဘဝမှာ ဖြစ်ပြီးတော့ သကဒါဂါမ် ဖြစ်မယ်၊ အဲဒီဘဝက စုတေတော့ တဖန်သိကြားမင်းဘဲ ပြန်ဖြစ်မယ်လို့ ပြောဆိုလိုချက်လဲ ရှိပါတယ်၊အဲဒီ သကဒါဂါမ် နတ်သားနတ်သမီးတွေနဲ့ သိကြားမင်းက ကိုယ်လက်ဖြင့် သုံးသပ်ထိပါးပေးရုံမျှဖြင့် သကဒါဂါမ်မဟုတ်တဲ့ သူ့အခြွေအရံ နတ်သမီးနတ်သားတွေက ကျေနပ်မှုရှိပါ့မလားလို့လဲ စဉ်းစားစရာရှိပါတယ်။ ဒါကြောင့် ကေစိမထေရ်တို့၏ ဝါဒကိုလဲ သတိပြုသင့်ပါတယ်။

ဒါပေမဲ့ ရာဂ ဒေါသတွေ အားနည်း သွားတာကတော့ ထင်ရှား ပါတယ်၊ သကဒါဂါမိ မဂ်ဖိုလ်သို့ ရောက်သွားတဲ့ ပုဂ္ဂိုလ်ဟာ သောတာပန် ဖြစ်ခိုက်က ရာဂ ဒေါသ ဖြစ်ပုံနှင့် နှိုင်းစာကြည့်ယင် ရာဂ ဒေါသ အားနည်းသွားပုံ ထင်ရှားရမှာဘဲ၊ အဲဒီလို အားနည်းသွားတဲ့ အတွက် သောတာပန်လို ကာမသုဂတိမှာ ခုနစ်ဘဝထိအောင် မဖြစ်ရတော့ဘဲ နှစ်ဘဝမျှသာဖြစ်ပြီး ရဟန္တာ ဖြစ်နိုင်တာဘဲ။လူ့ဘဝမှာ သကဒါဂါမ် ဖြစ်ယင် နတ်ဘဝ၌ ဖြစ်ပြီးနောက် လူ့ဘဝသို့ ပြန်လာတဲ့အခါ ရဟန္တာဖြစ်မယ်၊ အဲဒီလိုဖြစ်ပုံကို အကြောင်းပြုပြီးတော့ သက

ဒါဂါမီ-သကဒါဂါမ်လို့ ခေါ်ရတာဘဲ၊ သကိံ-တကြိမ်+အာဂါမိ-ပြန်လာမည်=သကဒါဂါမီ-တကြိမ်ပြန်လာမည့် ပုဂ္ဂိုလ်လို့ ဆိုလိုပါတယ်။ နတ်ဘဝမှာ သကဒါဂါမ်ဖြစ်ယင်လဲ လူ့ဘဝမှာ ဖြစ်ပြီးနောက် နတ်ဘဝသို့ပြန်လာပြီး ရဟန္တာဖြစ်တယ်။

ယခုပြောခဲ့ဒါဟာ သကဒါဂါမ်နှင့် စပ်ပြီး သိမှတ်စရာတော်တော်စုံသွားပါပြီ။ ဒါကြောင့် ရှေ့သို့တိုးပြီး အားထုတ်ပုံနှင့် အနာဂါမ်ဖြင်ပုံအကြောင်းကို ပြောရမယ်။

## အနာဂါမိမဂ်ရောက်အောင် အားထုတ်ပုံ

သကဒါဂါမိ ဖိုလ်ကို မြန်မြန် ရောက်အောင် ကြာကြာတည်အောင် လေ့လာပုံကတော့ ရှေ့ပိုင်းကပြောခဲ့တဲ့ အတိုင်းပေ့ါ။ အဲဒီလိုလေ့လာပြီးတော့ မပယ်ရသေးတဲ့ ကာမရာဂနှင့် ဗျာပါဒ အကြွင်းအကျန်များကို အကြွင်းမဲ့ပယ်နိုင်အောင်၊ မရသေးတဲ့ ဉာဏ်ထူး တရားထူးတွေကိုရအောင် အားထုတ်ရတယ်၊ အားထုတ်ပုံကတော့ နည်းတူပါဘဲ။ ဒါကြောင့် အဲဒီအားထုတ်ပုံနှင့် စပ်ပြီးတော့ အရှင်မဟာကောဋ္ဌိက မထေရ်က ဒီလိုမေးပါတယ်။

> သကဒါဂါမိနာ ပနာဝုသော သာရိပုတ္တ ဘိက္ခုနာ ကတမေ ဓမ္မာ ယောနိသော မနသိ ကာတဗ္ဗာ-တဲ့။

အာဝုသော သာရိပုတ္တ-ငါ့ရှင် သာရိပုတ္တရာ၊ သကဒါဂါမိနာ ပန ဘိက္ခုနာ· သကဒါဂါမ် ရဟန်းသည်ကား၊ ကတမေ ဓမ္မာ-အဘယ်တရားတို့ကို၊ ယောနိသော-သင့်သော အကြောင်း

အားဖြင့်၊ ဝါ-နည်းမှန် လမ်းမှန်အားဖြင့်၊ မနသိကာတဗ္ဗာ-နှလုံးသွင်းအပ်-ရှုအပ်ပါကုန်သနည်း-တဲ့။ အဲဒီအမေးကို အရှင်သာရိပုတ္တရာ မထေရ်မြတ်က ဒီလို ဖြေကြားတော်မူပါတယ်။

သကဒါဂါမိနာပိ အာဝုသော ကောဋ္ဌိက ဘိက္ခုနာ ဣမေ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော ဒုက္ခတော ။ပ။ အနတ္တတော ယောနိသော မနသိ ကာတဗ္ဗာ-စသည်ဖြင့် ဖြေကြားတော်မူပါတယ်။

အာဝုသော ကောဋ္ဌိက-ငါ့ရှင် ကောဋ္ဌိက၊ သကဒါဂါမိနာပိ ဘိက္ခုနာ-သကဒါဂါမ် ရဟန်းသည်လည်း၊ ဣမေ ပဉ္စုပါဒါနက္ခန္ဓာ-ဤငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို၊ အနိစ္စတော-မမြဲဟု၊ ဒုက္ခတော-ဆင်းရဲဟု ။ပ။ အနတ္တတော- အနတ္တဟု၊ ယောနိသော-နည်းမှန် လမ်းမှန်အားဖြင့်၊ မနသိ ကာတဗ္ဗာ၊ နှလုံးသွင်းအပ်-ရှုအပ်ကုန်၏-တဲ့။

အဲဒီ အမေးအဖြေ ၂-ရပ်ကို "သကဒါဂါမ်ကား၊ဘယ်တရား၊ ရှုပွားအပ်သနည်း။ သကဒါဂါမ်လဲ၊ ခန္ဓာဘဲ၊ ရှုမြဲနည်းတူသည်" လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

(၁) သကဒါဂါမ်ကား၊ ဘယ်တရား၊ ရှုပွားအပ်သနည်း။

(၂) သကဒါဂါမ်လဲ၊ ခန္ဓာဘဲ၊ ရှုမြဲ နည်းတူသည်။

ပုထုဇဉ် သောတာပန်များရှုပုံနှင့် သကဒါဂါမ်ရှုပုံ ဘာထူးသေးသလဲ၊ ဘာမျှ မထူးပါဘူး၊ သကဒါဂါမ်ဖြစ်အောင် ရှုပုံ

မှာလိုပင် မရောက်သေး မရသေးတဲ့ အနာဂါမိမဂ်ဖိုလ်သို့ ရောက်ဖို့ရာ စိတ်ညွတ်ပြီးတော့ မြင်မှု ကြားမှု စသော ဥပါဒါနက္ခန္ဓာတရားတွေကို မပြတ်ရှုနေရုံပါဘဲ။ အဲဒီလို ရှုရာမှာလဲ ရောက်ပြီးတရားရောက်ဖို့ကတော့ ရှုမှတ်လို့ လွယ်တယ်၊ မရောက်သေးတဲ့တရားကို ရောက်ဖို့ ရှုတော့ အစမှာ နဲနဲခက်နေတတ်ဘယ်၊ ဒါပေမဲ့ မကြာခင်ဘဲ အမှတ်အသိကောင်းပြီးတော့ သင်္ခါ-ရုပေက္ခာဉာဏ်အထိ ရောက်သွားပါတယ်။ အဲဒီ ဉာဏ်ရောက်တော့ အမှတ်အသိကောင်းရုံမျှသာ ကောင်းပြီး ရှေ့သို့မတိုးတက်နိုင်ဘဲ ရှိနေတတ်ဘယ်။ သောတာပန်က သကဒါဂါမိဖိုလ်ရောက်ဖို့ရာထက် သကဒါဂါမ်က အနာဂါမိဖိုလ်ရောက်ဖို့ရာက သာပြီးခက်ခဲကြန့်ကြာနေတတ်ဘယ်၊ အဲဒါ ဘာကြောင့်လဲ ဆိုယင်—

သောတာပန်နှင့် သကဒါဂါမ်ကို **သီလေသု ပရိပူရကာရီ-သီလတို့၌** အပြည့်အစုံကျင့်သူလို့ ဟောထားတယ်၊ အနာဂါမ်ကိုတော့ **သမာဓိသ္မိံ ပရိပူရကာရီ**-သမာဓိ၌ အပြည့်အစုံကျင့်သူလို့ဟောထားတယ်၊ အဲဒီလို ဟောထားတဲ့အတိုင်း သီလအဆင့်ချင်းတူတဲ့ သကဒါဂါမိဖိုလ်သို့ ရောက်ဖို့က လွယ်ဘယ်၊ သီလနှင့် အဆင့်အတန်းချင်းမတူတဲ့ သမာဓိအဆင့် အနာဂါမိဖိုလ်သို့ရောက်ဖို့ရာ မလွယ်ဘဲရှိနေဘယ်လို့ မှတ်ယူရမှာဘဲ။ အဲဒီလိုဖြစ်ပုံဟာ ဘုရားလက်ထက်တော် ကာလတုန်းက အရိယမဂ်ဖိုလ်ကိုရကြတဲ့ အရိယာပုဂ္ဂိုလ်များ၏ အရေအတွက်နှင့် နှိုင်းယှဉ်ကြည့်ယင်လဲ အတော်အတန်တော့ ထင်ရှားပါတယ်။ ဘယ်လိုလဲဆိုတော့ကာ—

မြတ်စွာဘုရားဟာတချိန်က ဝေသာလီမြို့နယ်ထဲက နာတိကာ-ဆိုတဲ့ရွာ အုတ်တိုက်ကျောင်းမှာ သီတင်းသုံးစံနေတော်မူတယ်၊ အဲဒီအခါတုန်းက ကွယ်လွန်သွားကြတဲ့ နာတိကာရွာသား ဥပါ-သကာ ၅၀-ကျော်က အနာဂါမ်ဖြစ်သွားကြကြောင်း၊ ဥပါ-သကာ ၉၀-ကျော်က သကဒါဂါမ် ဖြစ်သွားကြတဲ့အကြောင်း၊ ဥပါသကာ ၅၀၀-ကျော်က သောတာပန် ဖြစ်သွားကြတဲ့ အကြောင်း မြတ်စွာဘုရားက ထုတ်ဖေါ်ဟောကြားတော်မူပါတယ်။ အဲဒီဟောကြားချက်ထဲမှာ သောတာပန်က အများဆုံးဘဲ၊ သကဒါဂါမ်က အလယ်အလတ်ပဲ၊ အနာဂါမ်က အနည်းဆုံးဘဲ။ အဲဒါဟာ ဥပါသကာတွေ အကြောင်းပဲ၊ ဥပါသိကာမတွေလဲ အဲဒီအရေအတွက်ထက် နည်းမှာမဟုတ်ဘူး၊ တရွာတည်းက အရိယာပုဂ္ဂိုလ်တွေ ဒါလောက်များတယ်ဆိုတော့ အလွန်ပင်အားရစရာ ကောင်းတာဘဲ။ ဒါပေမဲ့ ယခုနေအခါမှာ တလကျော် နှစ်လစသည် တရားအားထုတ်လို့ တရားထူးရသွားကြတယ်ဆိုတာကို တချို့က ကဲ့ရဲ့ရှုတ်ချပြီး ပြောတတ်ကြတယ်၊ ''ရလွယ်ဘယ် များလွန်းတယ်''လို့ ပြောတတ်ကြတယ်၊ ကိုယ်တိုင်ကတော့ ဘာတရားမှ ထိထိရောက်ရောက် အားမထုတ်ပဲ ဒီလိုပြောဆိုကြတာကတော့ သူတော်ကောင်းလက္ခဏာ မဟုတ်ပါဘူး။

ယခုပြောခဲ့တဲ့ အရိယာအရေအတွက်တွေ ခြားနားနေပုံဟာ အထက်အထက် မဂ်ဖိုလ်သို့ရောက်ဖို့ မလွယ်ဘူးဆိုတာ နှိုင်းယှဉ်ပြီးသိမှတ်ဖို့ပါဘဲ။ ဒါပေမဲ့ ဣန္ဒြေရင့်တဲ့ ပုဂ္ဂိုလ်ကတော့ အဲဒီလို

ရှုသိနေယင်းပင် အနာဂါမိမဂ်ဖိုလ်ဖြင့် ချုပ်ငြိမ်းတဲ့သဘောကို မျက်မှောက် ပြုသွားပါတယ်၊ အဲဒီလို မျက်မှောက်ပြုနိုင်ပုံကို အရှင်သာရိပုတ္တရာ မထေရ်မြတ်က ဆက်လက်ပြီး ဒီလို မိန့်ကြားတော်မူပါတယ်။

ဌာနံ ခေါ ပနေတံ အာဝုသော ဝိဇ္ဇတိ၊ ယံ သကဒါဂါမီ ဘိက္ခု ဣမေ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စတော ဒုက္ခတော။ပ။ အနတ္တတော ယောနိသော မနသိ ကရောန္တော အနာဂါမိဖလံ သစ္ဆိကရေယျ-တဲ့။

အာဝုသော- ငါ့ရှင် ကောဋ္ဌိက၊ သကဒါဂါမီ ဘိက္ခု-သကဒါဂါမ်ရဟန်းသည်၊ ဣမေ ပဉ္စုပါဒါနက္ခန္ဓေ-ဤငါးပါးသော ဉပါဒါနက္ခန္ဓာတို့ကို၊ အနိစ္စတော-မမြဲဟု၊ ဒုက္ခတော-ဆင်းရဲဟု။ပ။ အနတ္တတော-အနတ္တဟု၊ ယောနိသော-နည်းမှန်လမ်းမှန်အားဖြင့်၊ မနသိကရောန္တော-နှလုံးသွင်း ရှုမှတ်နေစဉ်၊ အနာဂါမိဖလံ- အနာဂါမိဖိုလ်ကို၊ ယံ သစ္ဆိကရေယျ-အကြင် မျက်မှောက်ပြုရာ၏၊ တေံ ဌာနံ-ဤသို့ မျက်မှောက်ပြုနိုင်ခြင်း၏ အကြောင်းအခွင့်သည်၊ ဝိဇ္ဇတိ-ရှိပေ၏-တဲ့။

အဲဒီ မိန့်ကြားချက်ကို "သို့ ရှုမြင်သန်၊ အနာဂါမ်၊ အမှန်ဖြစ်နိုင်သည်"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို အမှတ်(၂) ဆောင်ပုဒ်နှင့်တွဲပြီး ဆိုကြရမယ်။

(၂) သကဒါဂါမ်လဲ၊ ခန္ဓာဘဲ၊ ရှုမြဲနည်းတူသည်။
(၃) သို့ ရှုမြင်သန်၊ အနာဂါမ်၊ အမှန်ဖြစ်နိုင်သည်။

## အနာဂါမ်မှာ ကင်းငြိမ်းတဲ့ ကိလေသာများ

အနာဂါမိမဂ်က ကာမရာဂနဲ့ ဗျာပါဒကို အကြွင်းမဲ့ ပယ်တယ်၊ ဒါကြောင့် အနာဂါမ်မှာ ကာမဂုဏ် အာရုံတွေကို နှစ်သက်တပ်မက်တဲ့ ကာမရာဂ လုံးဝကင်းငြိမ်းသွားတယ်၊ အဖိုအမ ဝိသဘာဂ အာရုံတွေနဲ့ စပ်ပြီး တပ်မက်သာယာမှု လုံးဝမရှိတော့ဘူး၊ ဝိသဘာဂဖြစ်တဲ့ အဆင်း အသံ အနံ့ အရသာ အတွေ့ အာရုံတွေကို အလိုမရှိတော့ဘူး၊ အင်မတန် ကောင်းတာဘဲ၊ ယခု လူအများတွေမှာ ဒီကာမရာဂ ရှိနေတဲ့အတွက် ဆင်းရဲဒုက္ခအမျိုးမျိုးနဲ့ တွေ့ကြုံခံစားနေကြရတယ်၊ အဲဒီ ကာမရာဂ လုံးဝကင်းသွားတဲ့အတွက် အလွန်ချမ်းသာသွားတာဘဲ။

## ဥဂ္ဂါ သူကြွယ်ဝတ္ထု

မြတ်စွာဘုရား လက်ထက်တော်ကာလက ဝေသာလီပြည်က ဥဂ္ဂါဆိုတဲ့ သူကြွယ်ဟာ အနာဂါမိမဂ်ဖိုလ်ရောက်ပြီး အနာဂါမ် ဖြစ်သွားတဲ့အခါ သူ့ဇနီးလေးယောက်ကို ဒီလို ပြောပါသတဲ့၊ "(ဘဂိနိယော) နှမတို့၊ ငါဟာ ဗြဟ္မစရိယခေါ်တဲ့ အကျင့်မြတ်လျှင် ငါးခုမြောက်ရှိတဲ့ သိက္ခာပုဒ်များကို ဆောက်တည်လိုက်ပြီ၊ (မေထုန်အမှုကို မပြုတော့ဘူးလို့ သိစေလိုရင်းပါဘဲ)

ဒီအိမ်မှာဘဲ စည်းစိမ်ဥစ္စာတွေကို သုံးမြဲသုံးနေလိုကနေနိုင်တယ်၊ ကောင်းမှု များကိုလဲ ပြုနေနိုင်တယ်၊ အကယ်၍ ခင်ပွန်း ယောကျ်ား အလိုရှိယင် ဘယ်သူ့ထံ ပို့ပေးရမည်လဲ”လို့ ပြော သတဲ့။ အဲဒီတော့ အကြီးဆုံး ဇနီးက မည်သူ့ထံပို့အပ်ပေးပါလို့ ပြောတယ်၊ အဲဒီလို ပြောတဲ့အတိုင်း ဥဂ္ဂါ သူကြွယ်က အဲဒီ ယောကျ်ားကို ခေါ်ယူပြီးတော့ သူ့ဇနီးကို ရေကရားဖြင့် ရေ သွန်းချပြီး ပေးအပ်လိုက်ပါသတဲ့။ အဲဒီလို အပျိုစင်အရွယ်ဇနီးကို ပေးအပ်ရာမှာ စိတ်ထဲတွင် တမျိုးတမည် ထူးထူးခြားခြား ဘာမျှ မဖြစ်ပါဘူးတဲ့။ အဲဒါဟာ ကာမရာဂ လုံးဝကင်းနေပုံ သာဓက တခုပါဘဲ။

## ဝိသာခ သေဌေးဝတ္ထု

နောက်ပြီးတော့ မြတ်စွာဘုရားရာဇဂြိုဟ်မြို့သို့ပဌမကြွရောက် စဉ်က မဂဓတိုင်းပြည့်ရှင် ဘုရင် ဗိမ္ဗိသာရမင်းက လူထုပရိသတ် ဘသိန်း နှစ်သောင်းနှင့်ဘကွ ကြိုဆိုကန်တော့တယ်၊ အဲဒီအခါ မြတ်စွာဘုရားက သင့်လျော်တဲ့တရားကို ဟောတော်မူတဲ့အတွက် ဘုရင် ဗိမ္ဗိသာရမင်းနှင့်တကွ တသိန်း တသောင်းသောလူထုဟာ ခသောတာပတ္တိမဂ်ဖိုလ်ရောက်ပြီး သောတာပန် ဖြစ်သွားကြတယ်၊ အဲဒီ အထဲမှာ ဝိသာခ သေဌေးကြီးဆိုတာလဲ ပါတယ်၊ အဲဒီ ဝိသာခ သေဌေးကြီးဟာသောတာပန်ဖြစ်ပြီးကတည်းကမြတ်စွာ ဘုရားကျောင်းတော်သို့ သွားရောက်ပြီး တရားနာလေ့ရှိပါတယ်၊ ဘနေ့သောအခါမှာတော့ တရားနာယင်း နှလုံးသွင်းပြီး အနာ

ဂါမိမဂ်ဖိုလ်ရောက်လျက် အနာဂါမ် ဖြစ်သွားတယ်၊ ကျောင်းတော်မှ ပြန်လာချိန်မှာ သေဋ္ဌေးကတော် ဓမ္မဒိန္နာ-က ပြူတင်းပေါက်ကနေပြီး သေဋ္ဌေးကြီး လာမည့်လမ်းဘက်ကို မျှော်ကြည့်နေတယ်။ ဝိသာခ သေဋ္ဌေးကြီးက အခါတိုင်းဆိုယင် သေဋ္ဌေးကတော်ရှိရာ ပြူတင်းပေါက်ဆီကို ကြည့်ယင်းလာတယ်၊ မျက်နှာချင်းဆိုင် ဆုံမိတဲ့အခါ နှစ်ဦးလုံး အပြုံးဖြင့် နှုတ်ဆက်ကြသတဲ့၊ အနာဂါမ် ဖြစ်လာတဲ့နေ့မှာတော့ ဝိသာခသေဋ္ဌေးကြီးက ဘယ်ကိုမျှမကြည့်ဘဲ စက္ခုန္ဒြေကိုချပြီး တည်ကြည်တဲ့ ဣန္ဒြေကြီးနဲ့ လာနေသတဲ့။

အဲဒီလို ဣန္ဒြေကြီးနဲ့ လာနေတာကို မြင်ရတော့ ဓမ္မဒိန္နာ-က "အခါတိုင်းနဲ့မတူဘူး၊ ဘာဖြစ်လာလို့ပါလိမ့်"လို့ စိုးရိမ်စိတ်နဲ့ စဉ်းစားပြီးတော့ အခါတိုင်းလိုပင် ကြိုနေကျအတိုင်း တိုက်အိမ်လှေခါးရင်းသို့ဆင်းပြီးကြိုတယ်၊တူနှစ်ကိုယ်လက်တွဲပြီးအိမ်ပေါ်တက်ရန် လက်ကို ကမ်းလှမ်းပေးတယ်၊ သေဋ္ဌေးကြီးက မိမိလက်ကို အတွင်းဘက်တွန့်ဆုတ်ခဲ့ပြီး တယောက်တည်း လှေခါးပေါ် တက်သွားတယ်၊ ဒီတော့ ဓမ္မဒိန္နာက "အင်း အခါတိုင်းလိုမဟုတ်ဘူး၊ ဘာဖြစ်လာလို့ပါလိမ့်၊ နံနက်စာ ထမင်းစားတဲ့အခါ သိရမှာပေါ့လေ"လို့ စဉ်းစားပြီး နောက်က တက်လိုက်လာရတယ်၊ ထမင်းပွဲကိုပြင်ဆင်ပြီး သေဋ္ဌေးကြီးကို ကျွေးတယ်၊ အခါတိုင်းဆိုယင် သေဋ္ဌေးကြီးဟာ သေဋ္ဌေးကတော်နှင့် အတူတူစကားတပြောပြောနဲ့ ထမင်းစားတယ်၊ ဒီတခါတော့ ဓမ္မဒိန္နာကို စောင်းငဲ့တောင် မကြည့်ဘဲ ယောဂီရဟန်းလိုပင် သူတယောက်

တည်း စားနေပါသတဲ့၊ ဘုန်းကြီးတို့ သတိပဋ္ဌာန်ယောဂီတွေ အမှတ်နဲ့ စားနေတာမျိုး ဖြစ်မှာပေါ့။

ဓမ္မဒိန္နာက ညဥ့်ကျတော့ သိရမှာပေါ့လို့ စဉ်းစားမိတယ်၊ ဝိသာခသေဋ္ဌေးကြီးက အဲဒီညဥ့်မှာ ဓမ္မဒိန္နာနှင့် အတူအိပ်နေကျ အခန်းကို မဝင်တော့ဘဲ အခြားအခန်းမှာ သင့်တော်တဲ့ခုတင်ကို ပြင်ပြီး တယောက်တည်း အိပ်တယ်။ ဒီတော့ "ဘယ်နှယ်လဲ၊ သူ့မှာ တခြားမိန်းမကို တောင့်တမှုများ ရှိနေလေ သလား၊ သို့မဟုတ် တယောက် ယောက်က ဂုံးတိုက်ထားလေသလား၊ သို့မဟုတ် ငါ့မှာ အပြစ်ရှိနေသလား"လို့ ကြံတွေးပြီး အကြီး အကျယ် စိတ်ပူနေရှာပါသတဲ့၊ ဒါပေမဲ့ ၂-ရက် ၃-ရက်လောက် တော့ စောင့်ကြည့်ဦးမှဘဲလို့ ဆင်ခြင်ပြီး အောင့်နေခဲ့တယ်။

၂-ရက် ၃-ရက် ကြာတော့လဲ အခြေအနေက မထူးခြားဘူး၊ ဒါကြောင့် ဓမ္မဒိန္နာက မအောင့်နိုင်တော့တဲ့အတွက် ဝိသာခ သေဋ္ဌေးကြီးထံ ဝင်ရောက်ပြီး လက်အုပ်ချီရှိခိုးလျက် တည်နေ တယ်။ ဟဲ့ ဓမ္မဒိန္နာ အချိန်အခါမဟုတ်ပဲ ဘာကြောင့် လာ သလဲလို့ ဝိသာခ သေဋ္ဌေးကြီးက မေးတယ်။ အရှင်သေဋ္ဌေးကြီး လာရပါသော်ကော၊ အရှင်သေဋ္ဌေးကြီးက အယင်ကသို့မှုမဟုတ် တော့ဘဲဟာကိုး၊ ဘယ့်နှယ်လဲ တခြားမိန်းမကိုများ တောင့်တ နေသလားလို့ မေးတယ်။ အဲဒီလို တောင့်တမှု မရှိပါဘူး ဓမ္မ ဒိန္နာရယ်လို့ ဖြေတယ်။ သူများက ဂုံးတိုက်ထားသလားလို့ မေး

ပြန်တယ်။ အဲဒီလို ဂုံးတိုက်တာလဲ မရှိပါဘူးကွယ်လို့ ဖြေတယ်၊ ဒီလိုဆိုယင် ကျမမှာအပြစ်ရှိလို့ဖြစ်မှာပေါ့လို့မမ္မဒိန္နာကဆိုတယ်၊ သင့်မှာလဲ အပြစ်မရှိပါဘူးကွယ်လို့ ဝိသာခ သေဋ္ဌေးကြီးက ပြောတယ်။ ဒါဖြင့် အရှင်သေဋ္ဌေးကြီးဟာ ကျမနှင့်ဘာကြောင့် အယင်ကလို စကားကိုဘောင် မပြောဘဲ နေပါသလဲလို့ မမ္မဒိန္နာက မေးတယ်။

အဲဒီတော့ ဝိသာခသေဋ္ဌေးကြီးက "လောကုတ္တရာ တရားထူး ဆိုတာ အလွန် အလေးပြုသင့်တဲ့ တရားဘဲ၊ မဖော်ပြသင့်တဲ့ တရားဘဲ၊ ဒါပေမဲ့ ငါက အကြောင်းမှန်ကို ထုတ်ဖော်မပြော ယင် မမ္မဒိန္နာဟာ နှလုံးသားကွဲပြီး သေရှာလိမ့်မယ်" လို့စဉ်းစား ပြီးတော့ မမ္မဒိန္နာအား ငဲ့ညှာသောအားဖြင့် ဒီလို ထုတ်ဖော်ပြီး ပြောပြလိုက်တယ်၊ "မမ္မဒိန္နာရေ၊ ငါဟာ မြတ်စွာဘုရား၏တရား တော်ကို ကြားနာပြီးတော့ ဒီလိုလောကုတ္တရာတရားထူးကို ရလာ တယ်ကွဲ့၊ အဲဒီတရားထူးကို ရလာကတည်းက သိမ်းခင်ပွန်း အဖြစ် ဖြင့် အယင်ကလို ဆက်ဆံမှုမျိုးကို မပြုနိုင်တော့ဘူးကွဲ့၊ ဒီအိမ်မှာ သင့်ဥစ္စာက ကုဋေ ၄၀၊ ငါ့ဥစ္စာက ကုဋေ ၄၀၊ ပေါင်း ကုဋေ ၈၀-ရှိတယ်၊ အဲဒီဥစ္စာတွေကို သင်က အပိုင်အုပ်ချုပ်ပြီးတော့ သင်က မိခင်လို နှမရင်းလို သဘောထားပြီး ဒီအိမ်မှာဘဲနေလို လျှင် နေပါ၊ သင်ပေးသမျှ ကျွေးသမျှဖြင့် ငါက မျှတနေပါ မယ်၊ အကယ်၍ အိမ်ထောင် အသစ်ပြုချင်ယင် ဒီဥစ္စာတွေကို ယူပြီး သင့်မိဘအိမ်ပြန်သွားပါ၊ အဲဒီလို မဟုတ်ယင်လဲ ဒီအိမ်မှာ နေမြဲနေပါ၊ ငါက သင့်ကို နှမရင်း သိမ်းရင်းအရာမှာ ထားပြီး

ကျေးမွေး စောင့်ရှောက်သွားပါမယ်”လို့ ပွင့်ပွင့်လင်းလင်း ပြောလိုက်ပါတယ်။

အဲဒီတော့ ဓမ္မဒိန္နာက စဉ်းစား ဆင်ခြင်မိတယ် “ပကတိ ယောကျ်ား ဆိုယင် ဒီလိုစကားကို မပြောနိုင်ဘူး၊ တကယ် ကောင်းတဲ့ လောကုတ္တရာတရားထူးကို ရလာတယ်ဆိုတာ ကေန် ဟုတ်ပေလိမ့်မယ်၊ သားမယားစည်းစိမ်ဥစ္စာတွေကို မတွယ်တာဘဲ စွန့်နိုင်တဲ့ တရားဟာ တကယ်ကောင်းတဲ့ တရားဘဲ၊ ဒီတရားကို ယောကျ်ားများသာ ရနိုင်သလား၊ မိန်းမများတော့ မရနိုင်ဘူး လား”လို့ ဆင်ခြင်ပြီးတော့ အဲဒီ အကြောင်းကို မေးတယ်။ ဒီတော့ ကျားမ မရွေး ကျင့်သူတိုင်း ရနိုင်ကြောင်း ဝိသာခ သေဋ္ဌေးကြီးက ပြောပြတယ်။ အဲဒီအခါ ဓမ္မဒိန္နာက ရဟန်းမ ပြုပြီး တရားကျင့်လိုကြောင်း ခွင့်တောင်းတဲ့အတွက် ဝိသာခ သေဋ္ဌေးကြီးက ခွင့်ပြုပြီးတော့ အခမ်းအနားနှင့်တကွ ဘိက္ခုနီ ကျောင်းသို့ပို့ပြီး ရဟန်းမ ပြုစေပါတယ်။ ဓမ္မဒိန္နာလဲ ရဟန်းမ ပြုပြီး မကြာမီမှာပင် တရားကျင့်ပြီး အာသဝေါကုန်ခန်းတဲ့ ရဟန္တာမ ဖြစ်သွားပါတယ်၊ နောက်တချိန်၌ ဓမ္မဒိန္နာကို မြတ်စွာ ဘုရားက ဓမ္မကထိကအရာ၌ ဧတဒဂ်ဂုဏ်ထူးဖြင့် ချီးကျူး ချီး မြှောက်တော်မူပါတယ်။

ယခုပြောခဲ့တဲ့ ဝိသာခသေဋ္ဌေးနှင့် ဓမ္မဒိန္နာအကြောင်းအရာ ထဲမှာ သိစေလိုရင်းကတော့ ဝိသာခသေဋ္ဌေးကြီးဟာ အနာဂါမ် ဖြစ်သွားတဲ့အခါ ကာမရာဂ လုံးဝကင်းတဲ့အတွက် သေဋ္ဌေး

ကတော် ဓမ္မဒိန္နာနှင့်တကွ ကုဋေ ၇၀-သော ဥစ္စာတွေကို တပ်မက်တွယ်တာမှု ကင်းငြိမ်းပုံပါဘဲ။

## ယခုခေတ် ယောဂီမတဦး၏ထူးခြားပုံ

လွန်ခဲ့သော ၇-နှစ် ၈-နှစ်လောက်က ယောဂီအမျိုးသမီး တယောက်၏ ထူးခြားပုံကိုလဲ ဒီနေရာမှာ ပဋိပတ္တိသာသနာတော်ကို ချီးမြှောက်တဲ့အနေဖြင့် ထုတ်ဖော်ပြောချင်ပါတယ်၊ အရွယ်ကတော့ အသက် ၄၀-ကျော် ၅၀-အတွင်းလောက်ရှိပါလိမ့်မယ်၊ အဲဒီ အမျိုးသမီးက တရားအားထုတ် ပြီးတဲ့အခါ ကာမအာရုံတွေမှာ တပ်မက်မှုကင်းနေပုံကို ပြောပြတယ်၊ သူ့မှာ ယောကျ်ား၏ ကိုယ်နှင့် ထိရုံမျှဖြင့် ပူလောင်ပြီး အခံခက်နေပါသတဲ့၊ ဒါကြောင့် သူ့ခင်ပွန်းကို သူ့ညီမနှင့် လက်ဆက်ပေးပြီးတော့ သူက လူလွတ်အဖြစ်နဲ့ နေပါသတဲ့၊ သူ့အိမ်ထောင်စုကလဲ ဆင်းရဲတဲ့အိမ်ထောင်စု မဟုတ်ပါဘူး၊ အတော်အတန်ပြည့်စုံတဲ့ အိမ်ထောင်စုပါဘဲ။ အဲဒီအမျိုးသမီးမှာ သူ့ခင်ပွန်းနှင့်အာလယပြတ်ကင်းကွာနေနိုင်တာရယ်၊ သူ့ညီမနှင့် လက်ဆက်ပေးနိုင်တာရယ်–ဒီအချက်များဟာ သာမန်အနေဖြင့် မဖြစ်နိုင်ပေဘူး၊တရားသဘောကြောင့်ဘဲ ဆိုတာကတော့ ထင်ရှားပါတယ်၊ဒါကြောင့် ရှေးကသာ မဟုတ်ဘူး၊ ယခုနေအခါလဲ တကယ်အားထုတ်ယင် ကာမ အာရုံတွေကို မငဲ့ကွက်ပဲ စွန့်လွှတ်နိုင်သည်အထိ ထူးခြားချက်ကို တွေ့နိုင်တယ် ဆိုတာကို သိနားလည်ထားကြဖို့ပါဘဲ။

## ဆေးလိပ် ကွမ်းကြိုက်တာလဲ ကင်းသင့်တယ်

ဝိသဘာဂ ကာမ အာရုံတွေမှာသာ မဟုတ်ဘူး၊ အဝတ်အဆင်တန်ဆာအာရုံတွေ ပျော်ပွဲရွှင်ပွဲအာရုံတွေ အိပ်ရာနေရာတွေ အစားအသောက်တွေ ဒီလိုကာမအာရုံတွေမှာလဲ တပ်မက်သာယာမှုကင်းတယ်၊ ဒီလိုအသားဟင်းကလေးကို စားချင်လိုက်တာ ဆိုတာမျိုးဟာ အနာဂါမ်မှာ မရှိသင့်ဘူး၊ ဆေးလိပ်ကြိုက်တာ ကွမ်းကြိုက်တာ ဒီလိုဟာတွေလဲ အရသာအာရုံ ကာမဂုဏ်၌ တပ်မက်သာယာမှုတွေဘဲ၊ ဘိန်း, အရက်များ ကြိုက်တဲ့တဏှာကင်းတာလိုပင် အဲဒီ ဆေးလိပ် ကွမ်းကြိုက်တဲ့ ကာမတဏှာလဲ ကင်းသင့်တာဘဲ။

နောက်ပြီးတော့ အနာဂါမ်မှာ စိတ်ဆိုးစိတ်ပျက်တဲ့ ဗျာပါဒ ဒေါသလဲ ကင်းတယ်၊ နှလုံးမသာတာ ဝမ်းနည်းတာ စိုးရိမ်တာ စိတ်ပူတာ=ဒီလို စိတ်မချမ်းသာမှု ဒေါမနဿတွေလဲကင်းတယ်၊ ကြောက်တာ စက်ဆုပ် ရွံရှာတာ ဆိုတာတွေလဲ ဒေါသအထူးတွေဘဲ၊ အဲဒါတွေလဲကင်းတယ်၊ ဣဿ-မနာလိုမှု၊ မစ္ဆရိယ-ဝန်တိုမှုဆိုတာတွေကတော့ သောတာပန်မှာပင် ကင်းငြိမ်းကြောင်း အဋ္ဌကထာများမှာ ပြဆိုသားကြပါတယ်၊ အဲဒီမနာလိုမှု ဝန်တိုမှုတွေက ဒေါသနှင့် တွဲဖြစ်တဲ့ တရားတွေဘဲ၊ ဒါကြောင့် အနာဂါမ်မှာတော့ အဲဒီမနာလိုမှု ဝန်တိုမှုကင်းငြိမ်းကြောင်း အလွန်ပင် ထင်ရှားနေပါတယ်၊ နောက်ပြီးတော့ ကုက္ကုစ္စ-နောင်တ ပူပန်မှုဆိုတာလဲ ဒေါသမရှိတဲ့အတွက် လုံးဝကင်းငြိမ်းတယ်။

အဲဒီလို ကာမရာဂနှင့် ဗျာပါဒတွေ လုံးဝ ကင်းငြိမ်းနေတဲ့ အတွက် အထူးအားဖြင့် ကာမအာရုံကို သာယာမှု လုံးဝမရှိ တော့တဲ့အတွက် အနာဂါမ်ပုဂ္ဂိုလ်ဟာ ကာမဘဝမှ စုတေလျှင် ရူပဘုံအရူပဘုံသို့ ရောက်တယ်၊ အထူးအားဖြင့် သုဒ္ဓါဝါသ ခေါ်တဲ့ ရူပါဝစရဘုံသို့ ရောက်တယ်၊ အဲဒီဗြဟ္မာ့ဘုံမှ ကာမဘုံ သို့ ပြန်မလာတော့ဘူး၊အဲဒါကြောင့်န+အာဂါမီ=အနာဂါမီ- ပြန်လာမည့်သူမဟုတ်လို့ ခေါ်ဆိုပါတယ်၊အဲဒါက အနာဂါမ် အစစ်ပါဘဲ။

## ဈာနအနာဂါမ်

သောတာပန် သကဒါဂါမ်ပုဂ္ဂိုလ်များက ရူပ အရူပဗြဟ္မာ့ ဘုံများကို ရောက်သွားယင်လဲ အဲဒီဘုံများမှာပင် အထက်မဂ်ဖိုလ် များကိုရပြီးတော့ အဲဒီ ရူပ အရူပဗြဟ္မာ့ဘုံမှာပင် ပရိနိဗ္ဗာန် စံကြတယ်၊အဲဒါကိုတော့ ဈာနအနာဂါမီ ပုဂ္ဂိုလ်လို့ခေါ်တယ်၊ ဈာန်၏အစွမ်းကြောင့် ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် ပြန်မလာ တဲ့ အရိယာပုဂ္ဂိုလ်လို့ ဆိုလိုပါတယ်။ အဲဒီ အကြောင်းအရာကို ဥဏ္ဏာဘပုဏ္ဏား အကြောင်းပြုပြီး မိန့်ကြားတော်မူတဲ့ စကား တော်ဖြင့် ထင်ရှားဆီရပါတယ်။

အခါတပါးမှာ ဥဏ္ဏာဘ ဆိုတဲ့ပုဏ္ဏားဟာ မြတ်စွာဘုရား ထံ၌ တရားနာယင်း နှလုံးသွင်းပြီး သောတာပန်ဖြစ်သွားတယ်၊ လောကီ ပဌမဈာန်ကိုလဲ ရသွားတယ်။ အဲဒါကို အကြောင်းပြု ပြီးတော့ မြတ်စွာဘုရားက ဒီလိုမိန့်ကြားတော်မူပါတယ်။

ဣမမှိ စေ ဘိက္ခဝေ သမယေ ဥဏ္ဏာဘော ဗြာဟ္မ
ဏော ကာလံ ကရေယျ၊ နတ္ထိ တံ သံယောဇနံ၊ ယေန
သံယောဇနေန သံယုတ္တော ဥဏ္ဏာဘော ဗြာဟ္မဏော
ပုန ဣမံ လောကံ အာဂစ္ဆေယျ-တဲ့။ (သံ-တ ၁၉၂)

ဘိက္ခဝေ-ရဟန်းတို့၊ ဣမမှိ သမယေ-တရားနာရာမှ ပြန်သွား
ခါစ ယခုအချိန်ကာလ၌၊ ဥဏ္ဏာဘော ဗြာဟ္မဏော-ဥဏ္ဏာဘ
ပုဏ္ဏားသည်၊ စေ ကာလံ ကရေယျ-အကယ်၍ သေငြားအံ့၊
(သူ့အိမ် ပြန်မရောက်မီအတွင်း သေသွားယင်လို့ ဆိုလိုပါတယ်၊
သူ့အိမ်ပြန်ရောက်တဲ့ အခါကျတော့ သားမယား အာရုံတွေ
ကြောင့် ရထားတဲ့ လောကီဈာန်က ပျက်သွားနိုင်တယ်၊ အဲဒီ
ဈာန်ပျက်သွားယင်တော့ ဗြဟ္မာ့လောကလဲ မရောက်နိုင်ဘူး၊
ကာမဘုံတွင်သာ ဖြစ်ရမှာဘဲ၊ ဒါကြောင့် ပြန်သွားခါစ ယခု
အချိန်ကာလဖြင့် ပိုင်းခြားကန့်သတ်ပြီး မိန့်တော်မူတာပါဘဲ။)
ဧဝံ သတိ-ဤသို့ ယခုလောလောဆယ်တွင် သေခဲ့ပါမူ၊ ဥဏ္ဏာ
ဘော ဗြာဟ္မဏော-ဥဏ္ဏာဘပုဏ္ဏားသည်၊ ယေန သံယောဇနေန-
အကြင် သံယောဇဉ်နှင့်၊ သံယုတ္တော-ယှဉ်အပ်-ချည်နှောင်အပ်
သည်ဖြစ်၍၊ ဣမံ လောကံ-ဤ ကာမလောကသို့၊ ပုန အာ
ဂစ္ဆေယျ-တဖန် ပြန်လာရာ၏၊ တံ သံယောဇနံ-ထိုသို့ ပြန်လာ
ကြောင်းဖြစ်သော သံယောဇဉ် ချည်နှောင်ကြိုးသည်၊ နတ္ထိ-
မရှိပေ-တဲ့။

သောတာပန်မျှပင် ဖြစ်သော်လဲ ရထားတဲ့ ဈာန်မပျက်ပဲ
သေသွားယင် ဗြဟ္မာ့ဘုံသို့ ရောက်တဲ့အခါ ကာမရာဂ ဗျာပါဒ

ဆိုတဲ့ သံယောဇဉ်ကိလေသာတွေ ဖြစ်ခွင့် မရှိတဲ့အတွက် ကာမ ဘုံသို့ ပဋိသန္ဓေအားဖြင့် ပြန်မလာတော့ဘူး၊ အဲဒီလို ပုဂ္ဂိုလ်ကို ဈာနအနာဂါမ်ခေါ်ကြောင်း အဋ္ဌကထာမှာ ပြဆိုထားပါ တယ်။ အဲဒီလိုပုဂ္ဂိုလ်ဟာ ပဌမဈာန်ဘုံ၌ ရဟန္တာ မဖြစ်သေးယင် ဒုတိယဈာန်ဘုံ တတိယဈာန်ဘုံတွေမှာ ရဟန္တာ ဖြစ်နိုင်တယ်၊ အဲဒီဘုံတွေမှာ မဖြစ်သေးယင်တော့ ဝေဟပ္ဖိုလ်ဘုံမှာ ဖြစ်ပြီး တော့ကေန်ပင် ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်စံရတယ်။

အနာဂါမိမဂ်ဖြင့် ကာမရာဂ ဗျာပါဒတွေကို အကြွင်းမဲ့ ပယ်ပြီးဖြစ်တဲ့ အနာဂါမ်အစစ်ကတော့ ကာမဘုံမှ စုတေပြီး အဝိဟာ ဆိုတဲ့ အောက်ဆုံး သုဒ္ဓါဝါသဘုံမှာ ဖြစ်တယ်၊ အဲဒီ ဘုံမှာ ရဟန္တာ မဖြစ်သေးယင် အတပ္ပါဘုံ စသည်မှာဖြစ်ပြီး-တော့လဲ ပရိနိဗ္ဗာန်ဝင်စံနိုင်တယ်၊ အောက်လေးဘုံမှာ ရဟန္တာ မဖြစ်သေးယင် နောက်ဆုံး အကနိဋ္ဌဘုံမှာ ဖြစ်ရတယ်။ အဲဒီ အကနိဋ္ဌဘုံကျတော့ ကေန်ပင် ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်စံ ရတော့တာဘဲ၊ အဲဒီလို အနာဂါမ်ကို ဥဒ္ဓံသောတအကနိဋ္ဌဂါမီ အနာဂါမ်လို့ခေါ်တယ်၊ သုဒ္ဓါဝါသငါးဘုံကို အစဉ်အတိုင်း တက်ပြီးအကနိဋ္ဌရောက်တဲ့ အနာဂါမ်လို့ ဆိုလိုပါတယ်၊ အဲဒီလို အနာဂါမ်မှာ ပဋိသန္ဓေဘဝအားဖြင့် ငါးဘဝရှိတယ်၊ ဒါပေမဲ့ ကာမဘဝနှင့် မရောဘဲ ရူပဘဝချည်း ဖြစ်တဲ့အတွက် တဘဝလို့ သာ ခေါ်ရတယ်၊ အနာဂါမ်မှာ တဘဝထက်ပိုလွန်တဲ့ ဘဝ ဆင်းရဲတွေ အကုန်ချုပ်ငြိမ်းတယ် ဆိုရာမှာ တဘဝ ဆိုတာဟာ ဒီလို ရူပဘဝ, သို့မဟုတ် အရူပဘဝကို ရည်ပြီး ဆိုတာဘဲ၊

သကဒါဂါမ်မှာ ၂-ဘဝသာရှိတယ်၊ သောတာပန်မှာ အများဆုံး ခုနစ်ဘဝသာရှိတယ် ဆိုတာတွေလဲ ဒီနည်းအတိုင်း ယူရမယ်၊ ပဋိသန္ဓေဖြင့် ပိုင်းခြားတဲ့ဘဝမဟုတ်ဘူးလို့ မူလဋီကာ အနုဋီကာ တို့မှာ ပြဆိုထားကြပါတယ်၊ အဲဒါကို ရှေ့နားက ပြောခဲ့ပါပြီ။ အချိန်လဲ တော်တော်များသွားပါပြီ၊ အနာဂါမိဖိုလ် ဆိုင်ရာ ဆောင်ပုဒ်များကို ဆိုပြီး တရားသိမ်းကြစို့။

(၁) သကဒါဂါမ်ကား၊ ဘယ်တရား၊ ရှုပွါးအပ်သနည်း။

(၂) သကဒါဂါမ်လဲ၊ ခန္ဓာဘဲ၊ ရှုမြဲ နည်းတူသည်။

(၃) သို့ ရှုမြင်သန့်၊ အနာဂါမ်၊ အမှန်ဖြစ်နိုင်သည်။

ဤသီလဝန္တသုတ္တန်တရားတော်ကို ရိုသေစွာ နာယူမှတ်သား ကြရသော ကုသိုလ်ကံစေတနာတို့၏ အစွမ်းအာနုဘော်ကြောင့် ယခု တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ဤသုတ္တန်၌ ဟောကြားညွှန်ပြထားသည့်အတိုင်း ဥပါဒါနက္ခန္ဓာ ငါးပါး ရုပ်နာမ်တရားတို့ကို အနိစ္စစသော အခြင်းအရာတို့ဖြင့် မှန်ကန်စွာ ရှုမြင်နိုင်ကြ၍ မိမိတို့ အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် ဆင်းရဲခပ်သိမ်း ငြိမ်းရာ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု သာဓု သာဓု

သီလဝန္တသုတ္တန် တရားတော် ဆဋ္ဌမပိုင်းပြီး၏။

# သီလဝန္တသုတ္တန်တရားတော်

## သတ္တမပိုင်း

၁၃၂၉-ခုနှစ် ဝါခေါင်လဆုတ် ၈-ရက်နှင့် တော်သလင်း
လပြည့်နေ့တို့၌ဟောသည်

---

### တရားအနုသန္ဓေ

ပြီးခဲ့တဲ့ ဝါခေါင်လပြည့်နေ့က အနာဂါမ်ဖြစ်ပြီးသည်အထိ ဟောခဲ့တယ်၊ အနာဂါမ်မှာ ကာမရာဂ ဗျာပါဒကင်းငြိမ်းပုံများကိုလဲ ဟောခဲ့တယ်၊ အနာဂါမ်မှာ မကင်းသေးတဲ့ ကိလေသာများကိုတော့ မပြောခဲ့ရသေးဘူး၊ ဒီကနေ့ အဲဒီကိလေသာတွေကို ပယ်ရန်အားထုတ်ပုံကစပြီး ပြောရမယ်။

### အနာဂါမ်မှာ မကင်းသေးတဲ့ ကိလေသာများ

အနာဂါမ်မှာ (၁) ရူပရာဂ-ရူပဗြဟ္မာဘဝ၌တပ်မက်သာယာခြင်း၊ (၂) အရူပရာဂ အရူပဗြဟ္မာဘဝ၌တပ်မက်သာယာခြင်း၊ (၃) မာန-နိုင်းပြိုင် မာန်တက်ခြင်း၊ (၄) ဥဒ္ဓစ္စ-ပျံ့လွင့်ခြင်း၊ (၅) အဝိဇ္ဇာ-ရူပဘဝစသည်၌ အကောင်းအမြတ် ထင်နေသေး

ခြင်း-ဆိုတဲ့ ဒီသံယောဇဉ်ငါးပါးက အကုန်မကင်းငြိမ်းသေးဘူး၊ အချို့ကျန်နေသေးတယ်။

အဲဒီ သံယောဇဉ်ငါးပါးထဲမှာ ရူပရာဂ, အရူပရာဂ မကင်းသေးတဲ့အတွက် ရူပဗြဟ္မာ့ဘုံ, အရူပဗြဟ္မာ့ဘုံများ၌ ဖြစ်ခနရသေးတယ် ဆိုတာကတော့ ထင်ရှားနေပါပြီ၊ အထူးပြောစရာမလိုပါဘူး၊ မာန ဆိုတာက ဘယ်သိုမာနလဲဆိုယင် မဟုတ်တဲ့ဂုဏ်နဲ့အထင်ကြီးပြီး ထောင်လွှားတဲ့ (အယာထာဝ) မာနကတော့ သောတာပန်မှာကတည်းက ပယ်ခဲ့ပြီးကင်းငြိမ်းပြီးဖြစ်နေပါတယ်၊ ဟုတ်မှန်တဲ့ဂုဏ်ဖြင့် နှိုင်းပြိုင်တဲ့ ယာထာဝ မာနသာရှိပါတယ်၊ ဒီမာနဟာလဲ သကဒါဂါမိမဂ် အနာဂါမိမဂ်တို့၏အစွမ်းကြောင့် အားနည်းတန်သလောက်တော့ အားနည်းနေဘယ် ရှိပါတယ်၊ သို့သော်လဲ အကြွင်းအကျန်ကတော့ ရှိနေပါသေးတယ်၊ အဲဒါကို အသ္မိမာနလို့ ခေါ်ဆိုရပါတယ်၊ ဒိဋ္ဌိ မရှိတော့တဲ့အတွက် အတ္တကောင်အနေဖြင့် ထင်မြင်စွဲလမ်းမှု မရှိပေမဲ့ "ငါသိတယ်, ငါတတ်တယ်, ငါက သူ့ထက် မြတ်တယ်" စသည်ဖြင့် အမှန်အတိုင်း နှိုင်းပြိုင်မှုကတော့လုံးဝမကင်းသေးဘဲ ရှိနေသေးတာဘဲ၊ဒါကြောင့် အနာဂါမ်ဖြစ်တဲ့ရှင်ခေမကထေရ်က မဟာထေရ် ၆၀-အား ဒီလိုရှင်းပြပါတယ်။

## မဟာထေရ် ၆၀-နှင့် အရှင်ခေမက

အခါတပါးမှာ မဟာထေရ် ၆-ကျိပ်က အရှင်ဒါသကကို စေလွှတ်ပြီး ပြဿနာများကို မေးစေပါတယ်၊ မှာလိုက်သည့်

အတိုင်း အရှင်ဒါသက-က မေးလျှောက်တဲ့အခါ အရှင်ခေမကထေရ်က မြင်မှု ကြားမှု စသော ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌ အတ္တကောင်ကိုသော်၎င်း အတ္တ၏ဥစ္စာကိုသော်၎င်း တစုံတခုမျှ မမြင်ပါဘူး-လို့ ဖြေကြားတယ်။ အဲဒီအခါ ဒီလိုဆိုယင် အရှင်ခေမကဟာ ရဟန္တာဖြစ်နေပြီပေါ့-လို့ လျှောက်တယ်။ ဒီတော့ အရှင်ခေမကထေရ်က ငါဟာ ရဟန္တာမဖြစ်သေးပါဘူး၊ ဥပါဒါနက္ခန္ဓာငါးပါးတို့၌ (အသ္မိတိအဓိဂတံ) ငါဖြစ်သည်ဟု အသိအထင်ကိုတော့ ရရှိနေပါသေးတယ်၊ သို့သော်လဲ "ဒါက ငါဖြစ်သည်" လို့တော့ မရှုမမြင်ပါဘူး-လို့ဖြေရှင်းပြလိုက်ပါတယ်။ အဲဒီအခါ မထေရ် ၆-ကျိပ်က "အသ္မိ-ငါဖြစ်သည်လို့ ဆိုတာက ဘာကို ဆိုတာလဲ၊ ရုပ်ကိုဆိုတာလား၊ ရုပ်မှ အခြားတပါးကို ဆိုတာလား၊ ဝေဒနာကို ဆိုတာလား၊ သညာကို ဆိုတာလား၊ သင်္ခါရတို့ကို ဆိုတာလား၊ ဝိညာဏ်ကို ဆိုတာလား၊ ဝိညာဏ်မှ အခြားတပါးကို ဆိုတာလား" လို့ တဖန်မေးစေပါတယ်။

အဲဒီလို မေးစေတဲ့အခါ အရှင်ခေမကထေရ်က မဟာထေရ် ၆-ကျိပ်ထံသာရောက်ပြီး ဒီလိုရှင်းပြပါတယ်။

## အရှင်ခေမက၏ ရှင်းပြချက်

"ငါ့ရှင်တို့ ငါဟာ ရုပ်ကိုလဲ အသ္မိလို့ မဆိုပါ၊ ရုပ်မှအခြားတပါးကိုလဲ မဆိုပါ၊ ဝေဒနာကိုလဲ မဆိုပါ၊ သညာကိုလဲ မဆိုပါ၊ သင်္ခါရတို့ကိုလဲ မဆိုပါ၊ ဝိညာဏ်ကိုလဲ အသ္မိလို့မဆိုပါ၊

ဝိညာဏ်မှ အခြားတပါးကိုလဲ မဆိုပါ၊ သို့သော်လဲ ဥပါဒါနက္ခန္ဓာငါးပါးတို့၌ အသ္မိ-ငါဖြစ်သည်လို့ အသိအထင်ကိုတော့ ရရှိနေပါသေးသည်၊ “ဒါက ငါဖြစ်သည်”လို့တော့ မရှုမမြင်ပါဘူး(အဲဒီစကားဖြင့်“ဥပါဒါနက္ခန္ဓာတခုခုကိုကွက်ပြီးအသ္မိလို့ထင်တာမဟုတ်ဘူး၊ ဥပါဒါနက္ခန္ဓာ ငါးပါးလုံး၌ တပေါင်းတည်း သာမန်အသိအထင်ကလေး ရှိနေသေးတယ်”လို့ ဆိုလိုပါတယ်။ အသ္မိ-ငါဖြစ်သည်-ဆိုတဲ့စကားက “ငါသိတတ်သူဖြစ်သည်၊ ငါတတ်သူဖြစ်သည်၊ ငါမြတ်သူဖြစ်သည်၊ ငါစင်ကြယ်သူဖြစ်သည်” စသည်ဖြင့် မှန်ကန်တဲ့ဂုဏ်ကိုမှီ၍ မာနဖြစ်ပုံကို ပြတယ်၊ “အဲဒီလိုမာနကတော့ မကင်းသေးဘူး ရှိနေသေးတယ်”လို့ ဆိုလိုပါတယ်။ (ဥပမာအားဖြင့် ပြရလျှင် ကြာပန်း၏အနံ့ကို ပွင့်ဖတ်၏အနံ့ဘဲ၊ အညှာ၏အနံ့ဘဲ၊ ဝတ်ဆံ၏အနံ့ဘဲလို့ မခွဲခြားနိုင်၊ ပန်းနံ့လို့သာ ဆိုရသကဲ့သို့ ရုပ်သက်သက်ကိုလဲ အသ္မိလို့ မဆိုပါ။ပ၊ ဝိညာဏ်သက်သက်ကိုလဲ အသ္မိလို့ မဆိုပါ၊ ဝိညာဏ်မှအခြားတပါးကိုလဲ အသ္မိလို့မဆိုပါ၊သို့သော်လဲ ဥပါဒါနက္ခန္ဓာငါးပါးတို့၌ အသ္မိလို့ အသိအထင်ကိုတော့ ရရှိနေပါသေးသည်၊ “ဒါက ငါဖြစ်သည်”လို့တော့ မရှုမမြင်ပါဘူး။

“ငါ့ရှင်တို့ အရိယာတပည့်မှာ (သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ ကာမရာဂ ပဋိဃ-ဆိုတဲ့) အောက်ပိုင်းသံသရာ၌ ကျင်လည်စေတတ်တဲ့ သံယောဇဉ်ငါးပါးကို ပယ်ပြီးဖြစ်သော်လဲ ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌ - ငါဖြစ်သည်လို့ထင်တဲ့ သိမ်မွေ့သော အသ္မိမာန,သိမ်မွေ့သော အသ္မိဆန္ဒ-အလို,

ကိန်းနေတဲ့ အနုသယမာနကိုတော့ မပယ်သတ်ရသေးပါ၊ ယင်း အရိယာတပည့်သည် နောင်တချိန်မှာ ဥပါဒါနက္ခန္ဓာငါးပါး တို့၌ အဖြစ်အပျက်ကိုရှုနေလျှင် ယင်းသိမ်မွေ့သော မာန,ဆန္ဒ, အနုသယဟာ အကြွင်းမဲ့ပယ်အပ်ပြီး ဖြစ်သွားပါတယ်။

"ငါ့ရှင်တို့ ဥပမာဖြင့် ပြရလျှင် ခဝါသည်ဟာ ညစ်ပေ နေသောအဝတ်ကို ပြာရည် ဆပ်ပြာရည် နွားချေးရည်၌ နင်းနယ်ပြီးနောက် ရေကြည်ဖြင့် ဖွတ်လျှော်လိုက်လျှင် ထို အဝတ်ဟာဖြူစင်သွားပါတယ်၊ဒါပေမဲ့ ပြာရည်နံ့စသည်ကတော့ ရှိနေသေးတယ်၊ အဲဒီအဝတ်ကို နံ့သာ အမွှေးအကြိုင်တို့ဖြင့် ထုံ ထားတဲ့ ကြုတ်သေတ္တာထဲ ထည့်ထားသောအခါ အဲဒီပြာရည်နံ့ စသည်ဟာ ကင်းပျောက်သွားသလိုပင်၊ ဥပါဒါနက္ခန္ဓာငါးပါး တို့၌ အဖြစ်အပျက်ကို ရှုနေလျှင် ထိုသိမ်မွေ့သော အသ္မိမာန ဆန္ဒ အနုသယဟာ လုံးဝ ကင်းပျောက်သွားပါတယ်" လို့ အရှင်ခေမကထေရ်က ရှင်းပြပါတယ်။

အဲဒီလိုရှင်းပြယင်း နှလုံးသွင်း ရှုမှတ်သွားတဲ့အတွက် အရှင် ခေမကထေရ်နှင့်တကွ မဟာထေရ် ၆၀-ကျိပ်ဟာ အရဟတ္တမဂ်ဖိုလ် သို့ရောက်ပြီး ရဟန္တာ ဖြစ်တော်မူကြပါသတဲ့။ ပါရမီထူးရှိတဲ့ ပုဂ္ဂိုလ်တွေမှာတော့ တယ်လွယ်တာဘဲ၊ ယခု တရားနာပရိသတ် တွေလဲ အားမငယ်ကြနဲ့၊ ယခုမပြည့်စုံသေးပေမဲ့ နောင်တချိန်မှာ ဒီလိုပင် လွယ်လွယ်ကူကူနဲ့ အထက်မဂ်ဖိုလ်တွေကိုလဲ ရသွားနိုင် ပါတယ်။

## အနာဂါမ်မှာ မကင်းသေးတဲ့ ဥဒ္ဓစ္စနှင့် အဝိဇ္ဇာ

အနာဂါမ်မှာ မကင်းသေးတဲ့ ဥဒ္ဓစ္စ ဆိုတာကတော့ အသေး အဖွဲ့လောက်ဖြစ်ပါလိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ အနာဂါမ် ပုဂ္ဂိုလ်ကို "သမာဓိသ္မိံ ပရိပူရကာရီ-သမာဓိသိက္ခာမှာ အပြည့် အစုံပြုကျင့်သူ"လို့ ဟောထားပါတယ်။ သမာဓိအရာမှာ ပြည့်စုံ နေတယ်ဆိုတော့ စိတ်ပျံ့လွင့်မှု ဥဒ္ဓစ္စဟာ အကြီးအကျယ် ဖြစ်နိုင် စရာမရှိပါဘူး၊ ဒါကြောင့် အနာဂါမ်ပုဂ္ဂိုလ်ဟာ စောစော ပိုင်းက ဈာန်မရခဲ့ပေမဲ့ စုတေခါနီးမှာ ဈာန်ကိုရပြီး ဗြဟ္မာ့ လောက ရောက်သွားနိုင်တာဘဲ။

နောက်ပြီးတော့ အနာဂါမ်မှာ မကင်းသေးတဲ့အဝိဇ္ဇာကလဲ ဖြစ်ရာနယ်ပယ် သိပ်မကျယ်တော့ပါဘူး၊ ဝိပလ္လာသ ၁၂-ပါး ရှိတဲ့အနက်က ၂-ပါးသာ ရှိပါတော့တယ်။ အဲဒီ ၂-ပါးက ဘယ်ဟာတွေလဲဆိုယင်၊ ရူပဘဝ အရူပဘဝနှင့်စပ်ပြီး ချမ်းသာ တယ် ကောင်းတယ်လို့ အမှတ်မှား အသိမှားတဲ့ သညာဝိပလ္လာသ နှင့် စိတ္တဝိပလ္လာသ ဒီ ၂-ပါးပါဘဲ။ ဒါကြောင့် အနာဂါမ်မှာ အမှန်အတိုင်း မသိဘဲ အလွဲသိနေတဲ့ အဝိဇ္ဇာ ဆိုတာဟာ အဲဒီ ရူပဘဝ အရူပဘဝဆိုင်ရာ ရုပ်နာမ်တွေကို ချမ်းသာတဲ့အနေ ကောင်းတဲ့အနေဖြင့် ထင်နေသေးတဲ့သဘောပါဘဲ။

အနာဂါမ်ပုဂ္ဂိုလ်ဟာ အဲဒီမကင်းသေးတဲ့ ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာဆိုတဲ့ သံယောဇဉ်ငါးပါးကို ပယ်နိုင်ဘို့ရာ,

မရသေးတဲ့ အရဟတ္တမဂ်ဖိုလ်ဥာဏ်ထူးများကို ရဘို့ရာ အားထုတ်ရတယ်၊ အားထုတ်ပုံကတော့ ရှေးကရှုမှတ်အားထုတ်ခဲ့တဲ့အတိုင်းပင် ဥပါဒါနက္ခန္ဓာငါးပါးကို ရှုမှတ်ပြီး သိရတာပါဘဲ၊ အဲဒီလို အားထုတ်ရကြောင်းကို ထင်ရှား သိမှတ်ကြရအောင် အရှင်မဟာကောဋ္ဌိကမထေရ်က မေးလို့ အရှင်သာရိပုတ္တရာမထေရ်မြတ်က ဖြေရှင်းပြထားပြီးရှိပါတယ်၊ မေးပုံကတော့—

## သီလဝန္တသုတ်မှ အမေး အဖြေ

အနာဂါမိနာ ပနာဝုသော သာရိပုတ္တ ဘိက္ခုနာ
ကတမေ ဓမ္မာ ယောနိသော မနသိ ကာတဗ္ဗာ-တဲ့။

အာဝုသော သာရိပုတ္တ-ငါ့ရှင်သာရိပုတ္တရာ၊ အနာဂါမိနာ ပန ဘိက္ခုနာ-အနာဂါမ်ရဟန်းသည်ကား၊ ကတမေ ဓမ္မာ အဘယ်တရားတို့ကို၊ ယောနိသော-သင့်သော အကြောင်းအားဖြင့်၊ ဝါ-နည်းမှန် လမ်းမှန်အားဖြင့်၊ မနသိ ကာတဗ္ဗာ-နှလုံးသွင်းအပ်-ရှုအပ်ပါကုန်သနည်းတဲ့။

အဲဒီအမေးကို အရှင်သာရိပုတ္တရာမထေရ်မြတ်က ဒီလို ဖြေကြားပါတယ်။

အနာဂါမိနာပိ အာဝုသော ကောဋ္ဌိက ဘိက္ခုနာ
ဣမေ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော ဒုက္ခတော။ပ။
အနတ္တတော ယောနိသော မနသိ ကာတဗ္ဗာ-တဲ့။

အာဝုသော ကောဋ္ဌိက-ငါ့ရှင်ကောဋ္ဌိက၊ အနာဂါမိနာပိ ဘိက္ခုနာ-အနာဂါမ် ရဟန်းသည်လည်း၊ ဣမေ ပဉ္စုပါဒါနက္ခန္ဓာ-ဤငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို၊ အနိစ္စတော-မမြဲဟု။ ဒုက္ခတော-ဆင်းရဲဟု ။ပ။ အနတ္တတော - အနတ္တဟု၊ ယောနိသော--နည်းမှန် လမ်းမှန်အားဖြင့်၊ မနသိ ကာတဗ္ဗာ--နှလုံးသွင်းအပ်--ရှုအပ်ကုန်၏—တဲ့။

အဲဒါဟာ အနာဂါမ်ပုဂ္ဂိုလ်က ရဟန္တာဖြစ်အောင် အားထုတ်ပုံပါဘဲ၊ ပုထုဇဉ်စသည်က သောတာပန်စသည်ဖြစ်အောင် ရှုပုံ အားထုတ်ပုံနှင့် တထပ်တည်း အတူတူပါဘဲ၊ ရှုတဲ့အခါ သိမြင်ပုံချင်းကတော့ ကွဲပြားပေလိမ့်မယ်၊ ပုထုဇဉ်ကရှုတဲ့အခါမှာ သက္ကာယဒိဋ္ဌိစသည်ကို ပယ်နိုင်လောက်ရုံဘဲ အနိစ္စစသော အခြင်းအရာများကို သိပေလိမ့်မယ်၊ သောတာပန်ကရှုတဲ့အခါမှာ ကာမရာဂ ဗျာပါဒ အကြမ်းတွေကို ပယ်နိုင်လောက်ရုံဘဲ သိပေလိမ့်မယ်၊ သကဒါဂါမ်ကရှုတဲ့အခါမှာ အဲဒီကာမရာဂနှင့် ဗျာပါဒတွေကို အကြွင်းမဲ့ ပယ်နိုင်လောက်အောင် သိမြင်ပေလိမ့်မယ်။ ယခု အနာဂါမ်ကရှုတဲ့အခါမှာတော့ ရူပရာဂအစရှိတဲ့ သံယောဇဉ် ကိလေသာဟူသမျှကို အကြွင်းမဲ့ ပယ်နိုင်လောက်အောင် အပြည့်အစုံ သိမြင်ပေလိမ့်မယ်၊ အထူးအားဖြင့်ရုပ်နာမ် သင်္ခါရဟူသမျှကို ဆင်းရဲချည်းဘဲလို့ အပြည့်အစုံ သိမြင်ပေလိမ့်မယ်၊ အဲဒီလို သိမြင်ပုံချင်းကတော့ ထူးခြားရမှာဘဲ၊ အဲဒီလို ဝိပဿနာအသိအမြင်က ထူးခြားတဲ့အတွက်ကြောင့် ထူးခြာတဲ့ အထက် အထက် မဂ်ဖိုလ်ဉာဏ်တွေ ဖြစ်ပေါ်လာကြတာဘဲ။

ဒါပေမဲ့ ရှုပုံအခြင်းအရာကိုတော့ ယခုဟောနေတဲ့ သီလက္ခန္ဓသုတ်မှာရော, ဒီတရားတော် စတုတ္ထပိုင်း၏အစ၌ ထုတ်ဆောင်ပြခဲ့တဲ့ ဈာနသုတ်စသည်မှာရော (၁၁) ပါးသောအခြင်းအရာအားဖြင့် ထပ်တူပင် ပြထားပါတယ်၊ဒါကြောင့် ဘုန်းကြီးကလဲ ယခု ရွတ်ပြခဲ့တဲ့ အမေးအဖြေ ၂-ရပ်ကို "အနာဂါမ်ကား၊ ဘယ်တရား၊ ရှုပွားအပ်သနည်း။ အနာဂါမ်လဲ၊ ခန္ဓာဘဲ၊ ရှုမြဲနည်းတူသည်"လို့ နည်းတူပင် ဆောင်ပုဒ်စီထားပါတယ်၊ အဲဒါကို ဆိုကြရမယ်။

(၁) အနာဂါမ်ကား၊ဘယ်တရား၊ရှုပွားအပ်သနည်း။
(၂) အနာဂါမ်လဲ၊ ခန္ဓာဘဲ၊ရှုမြဲနည်းတူသည်။

အနာဂါမ်က အဲဒီလို ရှုတော့ရဟန္တာ ဖြစ်သွားပုံကို အရှင်သာရိပုတ္တရာမထေရ်မြတ်က ဒီလို ဆက်ပြီး မိန့်ကြားတော်မူပါတယ်။

## အနာဂါမ်က ရဟန္တာဖြစ်သွားပုံ

ဌာနံ ခေါ ပနေတံ အာဝုသော ဝိဇ္ဇတိ၊ ယံ အနာဂါမီ ဘိက္ခု ဣမေ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စတော ဒုက္ခတော။ပ။ အနတ္တတော ယောနိသော မနသိကရောန္တော အရဟတ္တဖလံ သစ္ဆိကရေယျ-တဲ့။

အာဝုသော-ငါ့ရှင်ကောဋ္ဌိက၊ အနာဂါမီ ဘိက္ခု=အနာဂါမ် ရဟန်းသည်၊ ဣမေ ပဉ္စုပါဒါနက္ခန္ဓေ - ဤ ငါးပါးသော

ဥပါဒါနက္ခန္ဓာတို့ကို၊ အနိစ္စတော-မမြဲဟု၊ ဒုက္ခတော-ဆင်းရဲဟု၊ ။ပ။ အနတ္တတော- အနတ္တဟု၊ ယောနိသော - နည်းမှန်လမ်းမှန် အားဖြင့်၊ မနသိ ကရောန္တော - နှလုံးသွင်း ရှုမှတ်နေစဉ်၊ အရဟတ္တဖလံ- အရဟတ္တဖိုလ်ကို၊ ယံ သစ္ဆိကရေယျ - အကြင် မျက်မှောက်ပြုရာ၏၊ ဌာနံ-ဤသို့ မျက်မှောက်ပြုနိုင်ခြင်း၏ အကြောင်းအခွင့်သည်၊ ဝိဇ္ဇတိ-ရှိပါပေ၏-တဲ့။

အဲဒီမိန့်ကြားချက်ကိုလဲ ''သို့ ရှုမြင်သန်၊ အရဟံ၊ အမှန် ဖြစ်နိုင်သည်''လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို အမှတ်(၂) ဆောင်ပုဒ်နှင့် တွဲပြီးဆိုကြရမယ်။

(၂) အနာဂါမ်လဲ၊ ခန္ဓာဘဲ၊ ရှုမြဲ နည်းတူသည်။

(၃) သို့ ရှုမြင်သန်၊ အရဟံ၊ အမှန်ဖြစ်နိုင်သည်၊

အနာဂါမ်ပုဂ္ဂိုလ်လဲ မြင်မှု ကြားမှုစသော ဥပါဒါနက္ခန္ဓာ တွေကို ရှုရတယ်၊ ရှုတဲ့အခါလဲ အနိစ္စ ဒုက္ခ စသော အခြင်းအရာ တို့ဖြင့် နည်းတူပင် ရှုရတာဘဲ၊ အဲဒီလိုရှုလို့ သင်္ခါရုပေက္ခာဉာဏ် ရင့်သန်တဲ့အခါ (ဓမ္မရာဂ ဓမ္မနန္ဒီ-ဆိုတဲ့) ဝိပဿနာ၌ သာယာ တဲ့ တဏှာကို ပယ်နိုင်ယင် အနုလောမဉာဏ် ဂေါတြဘူဉာဏ် များဖြစ်ပြီး ရုပ်နာမ်သင်္ခါရ ချုပ်ငြိမ်းတဲ့သဘောသို့ အရဟတ္တ မဂ်ဖိုလ်ဉာဏ်ဖြင့် ဆိုက်ရောက်ပြီး ရဟန္တာဖြစ်သွားတယ်။

ဒီစကားရပ်ထဲမှာ ''ဝိပဿနာ၌ သာယာတဲ့တဏှာကို ပယ် နိုင်ယင်''ဆိုတဲ့ (ပရိကပ္ပ) ကြံဆမှု-ခြင်းချက်စကားကို ထည့်ပြီး

ပြောရခြင်း၏ အကြောင်းကတော့ ဒီသီလဝန္တသုတ်တရားတော် စတုတ္ထပိုင်းအစမှာ ထုတ်ပြခဲ့တဲ့ ဗျာနသုတ်မှာ ဟောထားပုံကို လည်း မှတ်သားရအောင်လို့ ထည့်ပြီးပြောရခြင်းဖြစ်ပါတယ်။ အဲဒီသုတ်မှာ အရဟတ္တဖိုလ်ရောက်ပုံကို ဟောပြီးတော့ ဒီလိုလဲ ဆက်ဟောထားပါတယ်။

## ဓမ္မရာဂကြောင့် အရဟတ္တ မဂ်ဖိုလ်မရောက်ပဲရှိတတ်ကြောင်း

သော-ထိုယောဂီရဟန်းသည်၊အာသဝါနံခယံ--အာသဝေါ ဘရားတို့၏ ကုန်ရာ အရဟတ္တဖိုလ်သို့၊ နော စေ ပါပုဏာတိ တေနေဝ ဓမ္မရာဂေန တာယေဝ ဓမ္မနန္ဒိယာ-ဓမ္မရာဂ ဓမ္မနန္ဒီ ခေါ်သည့် သမထ ဝိပဿနာတရား၌ တပ်စွဲနှစ်သက်မှုကြောင့် ပင် အကယ်၍မရောက်ပဲ ရှိငြားအံ့၊ ဧဝံ သတိ-ဤသို့ အရဟတ္တ ဖိုလ်သို့မရောက်နိုင်သည်ရှိသော်၊ ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယော ဇနာနံ- အောက်ပိုင်း သံသရာ၌ ကျင်လည် စေတတ်သော သံယောဇဉ် ငါးပါးတို့၏၊ ပရိက္ခယာ — ကုန်ခြင်းကြောင့်၊ ဩပပါတိကော ဟောတိ- ဗြဟ္မာ့ လောက၌ကပ်ရောက်၍ ဖြစ် ၏၊ တတ္ထ လောကာ-ထိုဖြစ်ရာ ဗြဟ္မာ့လောကမှ၊ အနာဝတ္တိ ဓမ္မော-ကာမဘုံသို့ ပြန်မလာခြင်း သဘောရှိသည်ဖြစ်၍၊ တတ္ထ ပရိနိဗ္ဗာယီ-ထိုဗြဟ္မာ့လောက၌ပရိနိဗ္ဗာန်ဝင်စံရလေဘော့၏-တဲ့။

အဲဒါဟာ အင်္ဂုတ္တရပါဠိ နဝနိပါတ် ဗျာနသုတ် စသည်မှာ ဟောထားတဲ့မြတ်စွာဘုရားစကားတော်ပါဘဲ၊ အဲဒီမှာ **သမထ**

ဝိပဿနာတို့၌ တပ်စွဲနှစ်သက်မှုကို မပယ်နိုင်လျှင် အရဟတ္တမဂ်ဖိုလ်သို့ မရောက်ဘူး၊ အနာဂါမ်လောက်သာ ဖြစ်တယ်လို့ ပြဆိုထားပါတယ်။ သမထဆိုတာကတော့ အဲဒီသုတ်မှာ ပါဒကစျာန်အဖြစ်ဖြင့် ဝင်စားခဲ့တဲ့ သမထပါဘဲ၊ ဝိပဿနာ ဆိုတာကတော့ အမြင့်ဆုံး အကောင်းဆုံးဖြစ်တဲ့ သင်္ခါရုပေက္ခာဉာဏ်ပါဘဲ။ ယခု ဟောနေတဲ့ သီလဝန္တသုတ်မှာတော့ သမထစျာန်ကို အခြေခံမှုခဲ့တာမဟုတ်လို့ ဝိပဿနာမှာဘဲ တပ်စွဲနှစ်သက်မှု ဖြစ်စရာရှိပါတယ်၊ ဒါကြောင့် ဉပါဒါနက္ခန္ဓာငါးပါးကို စပြီး ရှုတဲ့ အနာဂါမ်ပုဂ္ဂိုလ်ဟာ သင်္ခါရုပေက္ခာဉာဏ်၌ နှစ်သက် သာယာနေယင် အရဟတ္တ မဂ်ဖိုလ်ရောက်အောင် မတိုးတက်နိုင်ဘဲ ဖြစ်နေတတ်တယ် ဆိုတာကို အထူး မှတ်သားထား ကြဘို့ပါဘဲ၊ ဒီသင်္ခါရုပေက္ခာဉာဏ်က အလွန်သိမ်မွေ့ပြီး အလွန် ကောင်း ပါတယ်၊ လောကီ ဉာဏ်တွေထဲမှာ နှစ်သက် သာယာဘွယ် အကောင်းဆုံးလို့ ဆိုရမှာပေါ့၊ အနုလောမဉာဏ် ဂေါတြဘူဉာဏ်တွေက ပိုပြီး သာယာဘွယ်မကောင်းဘူးလားလို့ မေးစရာ ရှိပါတယ်၊ အဲဒီဉာဏ်တွေကတော့အရိယမဂ်ဉာဏ်ရောက်အောင် တဟုန်ထည်းတက်သွားတဲ့ဉာဏ်တွေ ဖြစ်တဲ့အတွက် အဲဒါတွေကိုတော့ နှစ်သက်သာယာမှု ဖြစ်ခွင့်မရှိတော့ပါဘူး။ ဒါကြောင့် သင်္ခါရုပေက္ခာဉာဏ်၌ နှစ်သက်သာယာတာကိုပင် ဒီနေရာမှာ ဓမ္မရာဂ ဓမ္မနန္ဒီခေါ်တယ်လို့ ဆိုရပါတယ်။

အဲဒီဓမ္မရာဂ ဓမ္မနန္ဒီခေါ်တဲ့နှစ်သက်သာယာမှုကိုလဲရှုမှတ်ပြီး ပယ်ရတာဘဲ။ အဲဒါကို ပယ်နိုင်ယင်တော့ ရုပ်နာမ်သင်္ခါရ ချုပ်

ငြိမ်းရာနိဗ္ဗာန်ကို အရဟတ္တမဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့်မျက်မှောက် ပြုပြီး ရဟန္တာအစစ် ဖြစ်သွားတော့တာပါဘဲ။

## ရဟန္တာ၏ ပစ္စဝေက္ခဏာ

အဲဒီလိုရဟန္တာဖြစ်ပြီးလျှင် ပြီးချင်း ပြန်လှည့်ပြီး ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာဉာဏ်များဖြစ်ပေါ်ကြတယ်၊ ဖြစ်ပေါ်ပုံကတော့- ထင်ရှားဖြစ်ပေါ်နေတဲ့ ဉပါဒါနက္ခန္ဓာတွေကို ရှုသိနေယင်း ထဲက ထူးခြားတဲ့အသိတွေ ဖြစ်လာပြီး ချုပ်ငြိမ်းရာရောက်သွား ပုံကိုလဲ ဆင်ခြင်မိတယ်၊ အဲဒီလို ရောက်နေခိုက်မှာ ဖြစ်ခဲ့တဲ့ သင်္ခါရတွေ ချုပ်ငြိမ်း ကင်းဆိတ်နေပုံကိုလဲ ဆင်ခြင်မိတယ်၊ အဲဒီ ၂-မျိုးကမဂ်ဖိုလ်နှင့်နိဗ္ဗာန်ကို ဆင်ခြင်ပုံဘဲ။နောက်ပြီးတော့ ဘဝသစ်ဖြစ်မှုကင်းပုံစသည်ကိုလဲ ဆင်ခြင်မိတယ်၊ အဲဒါကတော့ ပယ်ပြီးကိလေသာကို ဆင်ခြင်ပုံဘဲ။ အဲဒီ ဆင်ခြင်ပုံကိုတော့ သုတ်ပေါင်းများစွာမှာ ဒီလိုပြထားပါတယ်။

ဇာတိ- ဘဝအသစ် ဖြစ်မှုသည်၊ ခီဏာ-ကုန်ပေပြီ၊ ဗြဟ္မစရိယံ-အကျင့်မြတ်ကို၊ ဝုသိတံ-ကျင့်သုံးအပ်ပြီ၊ ဝါ-ကျင့်သုံး ခြင်းကိစ္စပြီးပေပြီ၊ ကရဏီယံ-ပြုဘွယ်ကိစ္စဟူသမျှကို။ ကတံ--ပြု အပ်ပြီ၊ ဝါ--ပြုခြင်းကိစ္စပြီးပေပြီ၊ ဣတ္ထတ္တာယ-ဤကိစ္စအလို့ငှါ၊ နာပရံ--အခြားပြုဘွယ်မရှိတော့ပြီ၊ ဣတိ ပဇာနာတိ - ဤသို့ ဆင်ခြင်၍ သိလေတော့သည်-လို့ ပြဆိုထားပါတယ်။

အဲဒါဟာ ပယ်ပြီး ကိလေသာကို ဆင်ခြင်ပုံပါဘဲ၊ ကိုယ့် ဘဝ ကိုယ့်ကိုယ်မှ စပြီး မြင်မှု ကြားမှုစသော ဉပါဒါနက္ခန္ဓာ

တွေကို နှစ်သက်သာယာတဲ့ ကိလေသာရှိနေယင် ဘဝအသစ်ဖြစ်ဖြစ် နေရမှာဘဲ၊ အဲဒီလို နှစ်သက်သာယာတဲ့ ကိလေသာလုံးဝ မရှိတော့တာကို သိရတဲ့အတွက် ဘဝသစ်ဖြစ်မှုကုန်ပြီလို့ သိမြင်ဆင်ခြင်မိတာဘဲ။ မြင်တိုင်း ကြားတိုင်း စသည်ဖြင့် ဒွါရ ၆-ပါးက ပေါ်လာသမျှ ရုပ်နာမ်တွေကို မပြတ်ရှုမှတ်ပြီး အနိစ္စ ဒုက္ခစသော အခြင်းအရာဖြင့် သိ သိနေရတာ၊ အဲဒီလိုသိအောင် ရှုမှတ်နေရတာဟာ အဲဒီ နှစ်သက်သာယာမှုအစရှိတဲ့ ကိလေသာတွေကို ပယ်ဘို့ ကင်းငြိမ်းစေဘို့ဘဲ၊ ယခု အဲဒီ ကိလေသာတွေ မဖြစ်နိုင်တာ, မရှိတော့တာကို သိရတဲ့အတွက် အကျင့်မြတ်ကျင့်သုံးခြင်း ကိစ္စပြီးပြီစသည်ဖြင့် ဆင်ခြင်ဆုံးဖြတ်တာဘဲ။

ဒါကြောင့် ရဟန္တာပုဂ္ဂိုလ်မှာ ရှုသိလာခဲ့ပုံနှင့် ချုပ်ငြိမ်းရာရောက်ပုံကို ဆင်ခြင်တာက လာခဲ့ရာလမ်းဆိုတဲ့ မဂ်ကို ဆင်ခြင်ပုံဘဲ၊ အဲဒါဟာ ရှေ့ပိုင်းက ပြခဲ့တဲ့ ငါးဖမ်းသမား ဥပမာထဲမှာ မြွေဆိုးကြီးကို လွှတ်လိုက်ပြီးတော့ လွှတ်လောက်ရာသို့ပြေးသွားခဲ့ပြီး ပြန်လှည့်ကြည့်ပုံမျိုးပါဘဲ။ ချုပ်ငြိမ်းရာမှာ တဲကျော်မျှတည်နေပုံကို ဆင်ခြင်တာက ဖိုလ်ကို ဆင်ခြင်ပုံဘဲ၊ အဲဒါကတော့ ဖိုလ်ဝင်စားပြီး ဖလသမာပတ်က ထတဲ့အခါကျမှ ပိုပြီးထင်ရှားတယ်။ ချုပ်ငြိမ်းရာ ရောက်နေခိုက်မှာ ရုပ်နာမ်သင်္ခါရအားလုံး ချုပ်ငြိမ်းကင်းဆိတ်နေပုံကို ဆင်ခြင်တာက နိဗ္ဗာန်ကိုဆင်ခြင်ပုံဘဲ။ အဲဒီ မဂ်ဆင်ခြင်မှု, ဖိုလ်ဆင်ခြင်မှု, နိဗ္ဗာန်ဆင်ခြင်မှုတို့နှင့် တကွ ပယ်ပြီး ကိလေသာဆင်ခြင်မှုဆိုတဲ့ ဒီ ၄-ပါးဟာ ရဟန္တာ ဖြစ်ပြီးခါစဉ် ဖြစ်မြဲ ပစ္စဝေက္ခဏာတွေပါဘဲ၊ ရဟန္တာမှာ မပယ်

ရသေးတဲ့ကိလေသာ မရှိတော့တဲ့အတွက် မပယ်ရသေးတဲ့ကိလေသာ ဆင်ခြင်တာကတော့ ဖြစ်ခွင့်မရှိတော့ဘူး။

အောက်မဂ်ဖိုလ် ၃-ဆင့်၏ အခြားမဲ့မှာတော့ အပြည့်အစုံဆိုယင် မပယ်ရသေးတဲ့ ကိလေသာဆင်ခြင်မှုနှင့်တကွ ပစ္စဝေက္ခဏာ ငါးပါးစီဖြစ်နိုင်ပါတယ်၊ အဲဒီ ငါးပါး ၃-လီ တဆယ့်ငါးပါးနဲ့ ရဟန္တာ၏ ပစ္စဝေက္ခဏာ ၄-ပါးကို ပေါင်းလိုက်ယင် ပစ္စဝေက္ခဏာ ၁၉-ပါးဖြစ်တယ်၊ ရဟန္တာမှာ အဲဒီ ပစ္စဝေက္ခဏာ ၁၉-ပါးလုံး ပြည့်စုံသွားကြောင်းကို အဋ္ဌကထာများမှာ (ဧကူနဝီသတိ) တခုယုတ် နှစ်ဆယ်သော ပစ္စဝေက္ခဏာဉာဏ်များ ပြည့်စုံတယ်လို့ ဖော်ပြလေ့ရှိပါတယ်၊ ဒါကတော့ ဗဟုသုတအဖြစ် မှတ်သားဘို့ ထည့်သွင်းပြောရတာပါဘဲ။

ယခုလို အနာဂါမ်က ရဟန္တာဖြစ်အောင်ရှုပုံတွေကိုဟောရတာကလဲ လူဝတ်ကြောင်များအတွက် ဆိုယင်တော့ ယခုနေအခါမှာ ဗဟုသုတဖြစ်ရုံလောက် ရှိမှာပါဘဲ၊ ဘာကြောင့်လဲဆိုတော့-လူဝတ်ကြောင်အဖြစ်နဲ့ ရဟန္တာဖြစ်ဖို့ ဆိုတာ ဘုရားလက်ထက်တော် ကတောင် မလွယ်ပါဘူး၊လူဝတ်ကြောင်ဘဝနဲ့ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံရတယ်ဆိုတာ အလွန်နည်းပါတယ်၊ သုဒ္ဓေါဒနမင်းကြီး သန္တတိအမတ်ကြီး စသည် အနည်းငယ်သာ ထင်ရှားပါတယ်၊ ဒါကြောင့်ပါဘဲ။ ယခု ရဟန္တာ ဖြစ်ပုံအထိ ဟောရတာကတော့ ဒေသနာ အစဉ်အရအားဖြင့်လဲ ပြည့်စုံအောင်၊ ရဟန္တာ၏ ဂုဏ်တွေကို သိပြီး ကြည်ညိုကြရအောင်

ဟောရတာဘဲ။ ယခု ရဟန္တာ၏ ကြည်ညိုဘွယ်ဂုဏ်များထင်ရှား သိရအောင် ရဟန္တာ၏ ခွန်အားများကို ထုတ်ဖော်ပြီး ဟော ရဦးမယ်။

## ခီဏာသဝဗလသုတ် (အံ-တ ၃၉၆)

အခါတပါးမှာ မြတ်စွာဘုရားရှင်က အရှင်သာရိပုတ္တရာကို ဒီလို မေးတော်မူပါတယ်။

သာရိပုတ္တ- သာရိပုတ္တရာ၊ ယေဟိ ဗလေဟိ- အကြင်ခွန် အားတို့နှင့်၊ သမန္နာဂတော- ပြည့်စုံသည်ဖြစ်၍၊ ဝါ- ပြည့်စုံ သော၊ ခီဏာသဝေါဘိက္ခု- အာသဝေါကုန်ပြီးသော ရဟန္တာ ရဟန်းသည်၊ ခီဏာ မေ အာသဝါတိ- ငါ့မှာ အာသဝေါ ကုန်ပြီဟူ၍၊ အာသဝါနံ ခယံ-အာသဝေါ တရားတို့၏ ကုန်ခြင်း ကို၊ပဋိဇာနာတိ-ဝန်ခံ၏၊ ခီဏာသဝဿ ဘိက္ခုနော-အာသဝေါ ကုန်ပြီးသော ရဟန္တာ ရဟန်း၏၊ တာနိ ဗလာနိ-ထိုခွန်အားတို့ သည်၊ ကတိ-အဘယ်မျှ ရှိပါကုန်သနည်းလို့ မေးတော်မူပါ တယ်၊

အဲဒီအမေးကို အရှင်သာရိပုတ္တရာက ဒီလိုဖြေကြား လျှောက် ထားပါတယ်။

ဘန္တေ-မြတ်စွာဘုရား၊ ယေဟိ ဗလေဟိ-အကြင် ခွန်အား တို့နှင့်၊ သမန္နာဂတော-ပြည့်စုံသည်ဖြစ်၍၊ ဝါ-ပြည့်စုံသော၊ ခီဏာသဝေါ ဘိက္ခု-အာသဝေါကုန်ပြီးသော ရဟန္တာ ရဟန်း

သည်၊ ခီဏာ မေ အာသဝါတိ-ငါ့မှာ အာသဝေါကုန်ပြီဟူ၍၊ အာသဝါနံ ခယံ-အာသဝေါတရားတို့၏ ကုန်ခြင်းကို၊ ပဋိဇာနာတိ-ဝန်ခံ၏၊ ခီဏာသဝဿ ဘိက္ခုနော-အာသဝေါကုန်ပြီးသော ရဟန္တာ ရဟန်း၏၊ တာနိ ဗလာနိ-ထိုခွန်အားတို့သည်၊ ဒသ-ဆယ်ပါးတို့ရှိကြပါသည်-လို့ အကျဉ်းချုပ်လျှောက်ကြားပြီးတော့-ကတမေ ဒသ-အဘယ် ဆယ်ပါးတို့လဲ ဆိုလျှင်-စသည်ဖြင့် အသေးစိတ် အကျယ်ကို ဒီလို လျှောက်ကြားသွားပါတယ်။

## (၁) ရဟန္တာ၏ ပဌမခွန်အား

ဘန္တေ-မြတ်စွာဘုရား၊ ဣဓ-ဤသာသနာတော်၌၊ ခီဏာသဝဿ ဘိက္ခုနော-အာသဝေါကုန်ပြီးသော ရဟန္တာ ရဟန်းအား၊ ဝါ-ရဟန္တာ ရဟန်းသည်၊ သဗ္ဗေ သင်္ခါရာ-အလုံးစုံသော သင်္ခါရတရားတို့ကို၊ အနိစ္စတော-မမြဲဟု၊ ယထာဘူတံ-ဟုတ်တိုင်းမှန်စွာ၊ သမ္မပ္ပညာယ-မှန်စွာသိသော ဝိပဿနာပညာ အရဟတ္တမဂ်ပညာဖြင့်၊ သုဒိဋ္ဌာ-ကောင်းစွာမြင်အပ်ကုန်ပြီးသည်၊ ဟောန္တိ-ဖြစ်ကြပါသည်။ ဘန္တေ-မြတ်စွာဘုရား၊ ဣဒမ္ပိ-အလုံးစုံသော သင်္ခါရတို့ကို မမြဲဟု ဤမှန်စွာ မြင်ခြင်းသည်လည်း၊ ခီဏာသဝဿ ဘိက္ခုနော-ရဟန္တာ ရဟန်း၏၊ ဗလံ ဟောတိ-ခွန်အားတပါးဖြစ်ပါပေသည်၊ ယံ ဗလံ အာဂမ္မ-ယင်းခွန်အားကိုရောက်၍၊ ဝါ-စွဲမှီ၍၊ ခီဏာသဝေါ ဘိက္ခု-ရဟန္တာရဟန်းသည်၊ ခီဏာ မေ အာသဝါတိ-ငါ့မှာ အာသဝေါတရားကုန်ပြီဟူ၍၊ အာသ

ဝါနံ့ ခယံ-အာသဝေါတရားတို့၏ ကုန်ခြင်းကို၊ ပဋိဇာနာတိ-ဝန်ခံပါသည် မြတ်စွာဘုရား တဲ့။

ယခုခေတ်အသုံးနဲ့ဆိုယင် စကားထပ်နေတယ်လို့ ထင်စရာရှိတဲ့ ပုဒ်တချို့ကို ချန်ထားတယ်။ အတိုချုပ် ဆိုလိုတာကတော့ ရဟန္တာပုဂ္ဂိုလ်မှာ ရုပ်နာမ်သင်္ခါရအားလုံးကို မမြဲဘာတွေချည်းဘဲလို့ အမှန်အတိုင်း သိမြင်နေပါတယ်၊ အဲဒီလို သိမြင်နေဘာဟာ ရဟန္တာ၏ခွန်အားတခုပါဘဲ၊ အဲဒီ ခွန်အားကို စွဲမှီပြီးတော့ အာသဝေါကုန်ကြောင်း ဝန်ခံပြောဆိုနိုင်ပါတယ်တဲ့။

အဲဒီမှာ အလုံးစုံသော ရုပ်နာမ်သင်္ခါရတရားတွေ မမြဲဘူးလို့ သိမြင်တာကို ရဟန္တာ၏ ခွန်အားလို့ ဆိုတော့ ရဟန္တာမဖြစ်သေးတဲ့ အခြားအရိယာတွေမှာ ဒီလို အသိအမြင် မပြည့်စုံသေးဘူးဆိုဘာ ထင်ရှားနေပါဘယ်။ အဲဒီအချက်ကို စိစစ်ပြောပြဘို့လိုပါတယ်။

ပုထုဇဉ် ပုဂ္ဂိုလ်လဲ ဝိပဿနာရှုနေယင် ဘင်္ဂဉာဏ်စသည်ထက်သန်တဲ့ ဝိပဿနာဉာဏ်ဖြစ်နေတဲ့အခါမှာ သင်္ခါရတရားဟူသမျှကို အနိစ္စ-မမြဲဘူးလို့ သိမြင်နေပါတယ်၊ ဒါပေမဲ့ ထက်သန်တဲ့ ဝိပဿနာဉာဏ်ဖြစ်နေခိုက်မှာသာ ကောင်းကောင်းသိမြင်နိုင်ဘယ်၊ ဝိပဿနာဉာဏ် မထက်သန်တဲ့အခါ၊ မရှုနိုင်တဲ့အခါတွေမှာတော့ အဲဒီလို မသိနိုင်ဘူး၊ ဒါ့ကြောင့် ပုထုဇဉ်ပုဂ္ဂိုလ်၏ အသိအမြင်ကတော့ ရဟန္တာ၏ အသိအမြင်နဲ့ အများကြီးကွာခြားနေပါတယ်။

သောတာပန်ပုဂ္ဂိုလ်မှာ မြဲတယ်လို့ထင်တဲ့ သညာဝိပလ္လာသ-စိတ္တဝိပလ္လာသ, ဒိဋ္ဌိဝိပလ္လာသ- ဒီသုံးပါးလုံး အကုန်ကင်းနေတယ်လို့ ဝိသုဒ္ဓိမဂ်မှာ ပြဆိုထားပါတယ်။အဲဒီအဆိုအရအားဖြင့် "သောတာပန်မှာလဲ မြဲတယ်လို့ ထင်မှားသိမှားတဲ့ ဝိပလ္လာသ မရှိဘူး''ဆိုတော့ သင်္ခါရအားလုံးကို မမြဲဘူးလို့ သိမြင်နေတယ်လို့ ဆိုရမှာဘဲ၊ ဒီလိုဆိုတော့ သောတာပန်မှာလဲ မမြဲဘူးလို့ သိမြင်တဲ့ ခွန်အားပြည့်စုံနေရာ ရောက်ပါတယ်၊ ဒါပေမဲ့ သောတာပန်မှာ မာနလဲရှိနေတယ်၊ မာနဆိုတာ မြဲတဲ့အနေနဲ့ အထင်အစွဲရှိမှုဖြစ်တာဘဲ၊ ခဏမစဲ ပျက်နေတာချည်းဘဲ မမြဲတာ ချည်းဘဲလို့သာ သိမြင်နေယင် မာန ဖြစ်ဖွယ်မရှိပေဘူး။ ဒါကြောင့် အသ္မိမာနကိုပယ်ရန်အတွက် အနိစ္စသညာကို ပွားစေရမယ်ဆိုတာကို မြတ်စွာဘုရားက အရှင်မေဃိယအား ဒီလို ဟောထားတာ ရှိပါတယ်။

အနိစ္စသညာ ဘာဝေတဗ္ဗာ အသ္မိမာနသမုဂ္ဃါတာယ၊အနိစ္စ သညိနော မေဃိယ အနတ္တသညာ သဏ္ဌာတိ၊ အနတ္တသညီ အသ္မိမာနသမုဂ္ဃါတံ ပါပုဏာတိ ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနံ-တဲ့။

အသ္မိမာနသမုဂ္ဃါတာယ-ငါဖြစ်သည် ငါတတ်သည် စသည် ဖြင့် ထောင်လွှားသော အသ္မိမာနကို ပယ်နုတ်ရန်အတွက်၊အနိစ္စ သညာ-မမြဲဟု မှတ်သားမှုသညာကို၊ ဝါ-မမြဲဟုသိသော ပညာကို၊ ဘာဝေတဗ္ဗာ- ပွားစေအပ်၏။ မေဃိယ- မေဃိယရဟန်း၊ အနိစ္စသညိနော-မမြဲဟု အမှတ်သညာရှိသောသူအား၊ အနတ္တ-သညာ-အနတ္တဟု မှတ်သားမှု သညာသည်၊ ဝါ-အနတ္တဟု သိ

သောပညာသည်၊ သဏ္ဍာတိ-ကောင်းစွာတည်၏၊ ဝါ- သူ့အလို လိုပင်ဖြစ်လေဒတော့၏။ အနတ္တသညီ-အနတ္တဟု အမှတ်ရှိသော သူသည်၊ အသ္မိမာနသမုဂ္ဃါတံ-အသ္မိမာန ပယ်နုတ်ခြင်း- ကင်း ခြင်းသို့၊ ပါပုဏာတိ- ရောက်၏၊ ဒိဋ္ဌေဝ ဓမ္မေ- မျက်မှောက် အတ္တဘော- မျက်မှောက်ဘဝ၌ပင်လျှင်၊ နိဗ္ဗာနံ- ဆင်းရဲငြိမ်း သည့်နိဗ္ဗာန်သို့လည်းရောက်၏-တဲ့။

အဲဒါဟာ မာနကင်းအောင် အနိစ္စသညာပွားစေဘို့ ဟော တော်မူတာပါဘဲ၊ မာနဟာ မြဲတည်နေတယ်လို့ထင်ပြီး ဖြစ်တတ် တာဘဲ၊ ယခုဘဲ သေရတော့မယ် ဆိုယင် မာနဟာ ကျသွား တတ်တာဘဲ၊ ခဏမစဲ ပျက်နေတာချည်းဘဲ ဘယ်ဟာမှမမြဲဘူး လို့ အမှန်အတိုင်းသိမြင်နေယင် မာနဟာ ဖြစ်နိုင်ဘွယ် မရှိပါ ဘူး၊ အတ္တကောင် အနေဖြင့် စွဲလမ်းတာကလဲ တဘဝလုံး အသက်ရှင်ပြီးတည်နေတယ်ထင်ပြီး စွဲလမ်းတာဘဲ၊ ခဏမစဲပျက် နေတာချည်းဘဲ မမြဲတာချည်းဘဲလို့ တကယ်သိမြင်ယင် အဲဒီ အတ္တစွဲလဲ မဖြစ်နိုင်တော့ဘူး။ ဒါကြောင့် "(အနိစ္စသညိနော အနတ္တသညာ သဏ္ဍာတိ) မမြဲဘူးလို့ မှတ်သိနေသူမှာ အတ္တ မဟုတ် သဘောတရားမျှဘဲလို့ အသိဉာဏ်ပညာ အလိုလိုဖြစ်ပြီး တည်တယ်"လို့ဟောတော်မူတာပါဘဲ။ ဒီနေရာမှာအဋ္ဌကထာက

အနိစ္စလက္ခဏေ-မမြဲဟု မှတ်သိရကြောင်းအနိစ္စလက္ခဏာကို ဒိဋ္ဌေ-မြင်အပ်ပြီး လတ်သော်၊ အနတ္တလက္ခဏံ-အနတ္တဟု မှတ်သိရ ကြောင်းအနတ္တလက္ခဏာသည်၊ ဒိဋ္ဌမေဝ ဟောတိ- မြင်အပ်ပြီး

သာဖြစ်လေတော့၏။ ဟိ-မှန်ပေ၏၊ တေသုတိသုလက္ခဏေသု-ဤသုံးပါးသော အနိစ္စ ဒုက္ခ အနတ္တလက္ခဏာတို့တွင်၊ ဧကသ္မိံ ဒိဋ္ဌေ- တပါးကိုမြင်လျှင်၊ ဣတရဒွယံ- အခြားလက္ခဏာ၂-ပါးသည်၊ ဒိဋ္ဌမေဝ ဟောတိ-မြင်အပ်ပြီးသာ ဖြစ်လေတော့သည်-လို့ ဖွင့်ပြထားပါတယ်။

ဒီအနိစ္စလက္ခဏာ စသည်အကြောင်းကိုတော့ ဒီတရားတော်ဒုတိယပိုင်း စာမျက်နှာ ၁၂၁-မှ၁၄၇-အထိ အကျယ်ပြခဲ့ပါပြီ။

ယခုထုတ်ပြခဲ့တဲ့ ပါဠိ အဋ္ဌကထာတို့အရအားဖြင့်လဲ အနိစ္စ-မမြဲဘူးလို့ ကောင်းကောင်း အပြည့်အစုံ သိမြင်နေယင် မာနလဲဖြစ်ဘွယ်မရှိဘူး၊ သောတာပန်မှာတော့ မာနကလဲ မကင်းသေးဘူး၊ သောတာပန်မှာသာ မဟုတ်သေးဘူး အနာဂါမ်မှာတောင် ဒီအသ္မိမာန ဆိုတာက ရှိနေသေးတာဘဲ၊ ဒါကြောင့် သောတာပန်မှာ မြဲတယ်လို့ အမှတ်မှား အသိမှား အမြင်မှားတဲ့ဝိပလ္လာသတရားတွေ အကုန်ကင်းတယ် ဆိုတာ ဘယ်လိုကင်းတာလဲလို့ စဉ်းစားစရာရှိပါတယ်၊ သောတာပန်မှာ ဒိဋ္ဌိကိုပယ်ပြီး ဖြစ်တဲ့အတွက် ဒိဋ္ဌိဝိပလ္လာသ ကင်းတာကိုတော့ ယုံမှားဘွယ်မရှိပါဘူး၊ သညာဝိပလ္လာသနှင့် စိတ္တဝိပလ္လာသ ကင်းပုံကတော့ တခါစဉ်းစားဆင်ခြင်မိတဲ့အခါ ဖြစ်စေ၊ ရှုမှတ်နေတဲ့အခါဖြစ်စေ ပုထုဇဉ်အဖြစ်တုန်းကလို မြဲတဲ့အနေဖြင့် စွဲလမ်းမှုမရှိတာကို ဆိုလိုတယ်လို့ ယူသင့်ပါတယ်၊ မြင်တိုင်း ကြားတိုင်း အခါခပ်သိမ်း မမြဲတဲ့သဘောထင်နေတယ်၊ မမြဲတာကို သိနေတယ်လို့တော့ မယူသင့်ပါဘူး၊ အဲဒီလိုသာ သိမြင်နေယင်တော့ မာနလဲဖြစ်ဘွယ်မရှိဘူး၊

ကာမအာရုံတွေလဲ နှစ်သက်သာယာဖွယ် မရှိတော့ဘူး၊ ဘဝနှင့် စပ်ပြီးတော့လဲ နှစ်သက်သာယာမှု ဖြစ်ဖွယ်မရှိတော့ဘူး။

ယခု ရဟန္တာမှာ အနိစ္စတော သုဒိဋ္ဌာ-မမြဲဘူးလို့ ကောင်းစွာ မြင်တယ် ဆိုတာကတော့ ဘယ်အချိန် မဆို မြဲတဲ့ အရိပ်အယောင် မသင်ဘဲ မမြဲတဲ့အနေဖြင့်သာ ထင်ရှား သိမြင်နေတဲ့ သဘောပါဘဲ၊ အဲဒါကလဲ အရဟတ္တမဂ်ရောက်အောင် အားထုတ်စဉ်ကတည်းက ဝိပဿနာဖြင့် ကောင်းစွာ မြင်လာခဲ့ပြီးတော့ အရဟတ္တမဂ်ဉာဏ်ဖြင့် အပြီးအပြတ် အပြည့်အစုံသိမြင်လာခဲ့တာဘဲ၊ ဒါကြောင့် သမ္မပ္ပညာယ-ပုဒ်ကို အဋ္ဌကထာတို့၌ "သဟဝိပဿနာယ မဂ္ဂပညာယ-ဝိပဿနာနှင့်တကွသော အရိယမဂ်ပညာဖြင့် ကောင်းစွာ မြင်သည်"လို့ ဖွင့်ပြထားပါတယ်၊ အဲဒီစကားဖြင့် မဂ်ပညာဟာ ဝိပဿနာမပါဘဲ မဖြစ်နိုင်ဘူး၊ ဝိပဿနာနှင့်တကွသာဖြစ်တယ် ဆိုတာကို သိစေပါတယ်။ အဲဒီ ဝိပဿနာနှင့်တကွ အရဟတ္တမဂ်ဉာဏ်အမြင်၏ အစွမ်းကြောင့် ရဟန္တာမှာ ဘယ်အချိန်အခါမျှ မြဲတဲ့အရိပ်အယောင်မထင်တော့ဘူး၊ ရုပ်နာမ်သင်္ခါရဟူသမျှကို မမြဲတဲ့အနေဖြင့်သာ သိမြင်နေပါတယ်။ ဒါကြောင့် မြဲတဲ့အနေဖြင့် ထင်ပြီးဖြစ်တဲ့ အသ္မိမာနဟာလဲ လုံးဝကင်းနေဘယ်၊ ရူပဘဝ, အရူပဘဝနှင့် စပ်ပြီးတော့ ဖြစ်တဲ့ ဘဝရာဂလဲ လုံးဝကင်းနေတယ်။

အနိစ္စတော သုဒိဋ္ဌာ-မမြဲဟု ကောင်းစွာမြင်တယ် ဆိုရာမှာ ဒုက္ခ-ဆင်းရဲချည်းဘဲလို့ သိမြင်ပုံလဲ အတွင်းဝင်ပြီး ပါသွားပါ

တယ်၊ အနတ္တ-အတ္တကောင်မဟုတ်ဘူး သဘောတရားမျှ ချည်းဘဲလို့ သိမြင်ပုံလဲအတွင်းဝင်ပြီးပါသွားပါတယ်။ ဘာကြောင့်လဲဆိုတော့ ခဏမစဲပျက်ပျက်သွားလို့ မမြဲတာချည်းဘဲလို့ သိမြင်ယင် အဲဒီ မမြဲတာတွေကို ချမ်းသာတယ်ကောင်းတယ်လို့ မထင်တော့ပါဘူး၊ တဘဝလုံး အသက်ရှင်နေတဲ့ အတ္တကောင်လို့လဲ မထင်တော့ပါဘူး၊ ဒါကြောင့် မမြဲဘူးလို့ သိမြင်တာထဲမှာ အတွင်းဝင်သွားကြတာပါဘဲ၊ အဲဒီလို အတွင်းဝင်တဲ့အတွက် ရဟန္တာမှာ သင်္ခါရတရားဟူသမျှကို ဒုက္ခ ဆင်းရဲချည်းဘဲလို့လဲ ကောင်းစွာ သိမြင်တယ်။ အနတ္တလို့လဲ ကောင်းစွာသိမြင်တယ်၊ အဲဒီလို သိမြင်နေသောကြောင့် မြဲတဲ့အနေ ချမ်းသာတဲ့အနေ အတ္တကောင်အနေဖြင့် အလွဲအမှားကိုသိတဲ့ အဝိဇ္ဇာသဝ ဆိုတာလဲ ဖြစ်ခွင့်မရှိတော့ဘူး၊ ဒါကြောင့် ဒီအနိစ္စသိမြင်တဲ့ ခွန်အားကို စွဲမှီပြီးတော့ ငါ့မှာ အာသဝေါတရားတွေ ကုန်ပြီလို့ ရဲရဲရင့်ရင့် ဝန်ခံပြောကြားနိုင်တာပါဘဲ။

ကာမာသဝကင်းတာကတော့ အနာဂါမ်အဖြစ်ကတည်းက ထင်ရှားလာခဲ့ပါတယ်၊ ယခု ဆက်ပြီးဟောရမည့် ဒုတိယခွန်အား၏အစွမ်းဖြင့် ပိုပြီး ထင်ရှားပါတယ်။ ဒိဋ္ဌာသဝကတော့ သောတာပန်ကတည်းက ကင်းလာခဲ့လို့ အထူးပြောစရာ မလိုပါဘူး။ ရဟန္တာမှာတော့ ဒိဋ္ဌိမာနလို့ခေါ်တဲ့ အသ္မိမာနတောင်ဖြစ်ခွင့် မရှိအောင် အနတ္တ အသိအမြင်က စင်ကြယ်နေပါတယ်။ ဒါကြောင့် ရဟန္တာပုဂ္ဂိုလ်မှာ မြင်မှု ကြားမှု စသော သင်္ခါရအားလုံးဟာ အနိစ္စ-မမြဲတာချည်းဘဲလို့ ကောင်းစွာ မြင်ပြီး

တော့ ဒုက္ခ-ဆင်းရဲချည်းဘဲ၊ အနတ္တ-အတ္တကောင် မဟုတ်တဲ့ သဘောတရားမျှချည်းဘဲလို့ ကောင်းကောင်း သိမြင်တဲ့ဉာဏ်ပညာအထူးကို အာသဝေါကုန်ပြီလို့ ဝန်ခံနိုင်ခြင်း၏အကြောင်း ဖြစ်တဲ့ ရဟန္တာခွန်အားတပါးဖြစ်ပါတယ်လို့ အရှင်သာရိပုတ္တရာ မထေရ်က မြတ်စွာဘုရားအား လျှောက်ထားတာပါဘဲ။

## (၂) ရဟန္တာ၏ ဒုတိယခွန်အား

ဘန္တေ-မြတ်စွာဘုရား၊ ပုန စ-တဖန်လည်း၊ အပရံ-တပါးသောခွန်အားကား၊ ခီဏာသဝဿ ဘိက္ခုနော-အာသဝေါကုန်ပြီးသော ရဟန္တာရဟန်းအား၊ ဝါ-ရဟန္တာရဟန်းသည်၊ကာမာ-နှစ်သက်လိုချင်စရာ အဆင်း အသံ အနံ့ အရသာ အတွေ့နှင့် အသုံးအဆောင်ဟူသော ကာမဂုဏ်တို့ကို၊ အင်္ဂါရကာသူပမာ-မီးကျီးတွင်း မီးကျီးစုလိုပင် ကြောက်ဖွယ်ကောင်းကြသည်ဟု၊ ယထာဘူတံ- ဟုတ်တိုင်းမှန်စွာ၊ သမ္မပ္ပညာယ- မှန်စွာသိသော ဝိပဿနာပညာ အရဟတ္တမဂ်ပညာဖြင့်၊ သုဒိဋ္ဌာ-ကောင်းစွာမြင်အပ်ကုန်ပြီးသည်၊ ဟောန္တိ-ဖြစ်ကြပါကုန်သည်။ ဘန္တေ-မြတ်စွာဘုရား၊ ဣဒမ္ပိ-ကာမဂုဏ်တို့ကို မီးကျီးတွင်း မီးကျီးစုပမာ ကြောက်စရာ ကောင်းသည်ဟု ဤမှန်စွာမြင်ခြင်းသည်လည်း။ ခီဏာသဝဿ ဘိက္ခုနော-ရဟန္တာရဟန်း၏၊ ဗလံ ဟောတိ-ခွန်အားတပါးဖြစ်ပါပေသည်။ ယံ ဗလံ အာဂမ္မ-ယင်းခွန်အားကို ရောက်၍-စွဲမှီ၍၊ ခီဏာသဝေါ ဘိက္ခု-ရဟန္တာရဟန်းသည်၊ ခီဏာ မေ အာသဝါတိ-ငါ့မှာ အာသဝေါတရားကုန်ပြီဟူ၍၊

အာသဝါနံ ခယံ-အာသဝေါတရားတို့၏ ကုန်ခြင်းကို၊ ပဋိဇာနာ-တိ-ဝန်ခံပါသည် မြတ်စွာဘုရားတဲ့။

ဒီစာပိုဒ်အရ ဆိုလိုရင်းအတိုချုပ်ကတော့- ရဟန္တာပုဂ္ဂိုလ်မှာ ကာမဂုဏ်အာရုံတွေကို မီးကျီးတွင်း မီးကျီးစုလိုပင် ကြောက်စရာ ကောင်းကြောင်းသိမြင်နေပါတယ်၊ အဲဒီလို သိမြင်နေတာဟာ ရဟန္တာ၏ ခွန်အားတခုပါဘဲ။ အဲဒီခွန်အားကို စွဲမှီပြီးတော့ အာသဝေါကုန်ကြောင်း ဝန်ခံပြောဆိုနိုင်ပါတယ် တဲ့။

ကာမဂုဏ် အာရုံတွေ ဆိုတာ လိုချင်နှစ်သက်စရာ ဖြစ်တဲ့ သက်ရှိသက်မဲ့အာရုံဝတ္ထုတွေပါဘဲ။ တည်ရာမိန်းမ ယောကျ်ား စသော ဝတ္ထုနှင့်တကွ အဆင်းအာရုံတွေ၊ ထိုအတူ အသံအာရုံ တွေ၊ အနံ့အာရုံတွေ၊ အတွေ့အထိအာရုံတွေ၊ ချက်ပြုတ်ပြုပြင် ပေးသူများနှင့်တကွ အရသာအာရုံတွေ-ဒါတွေဟာ လိုချင်နှစ် သက်စရာ ကာမဂုဏ်အာရုံ ငါးပါးပါဘဲ၊ နောက်ပြီးတော့ အဝတ်အဆင်တန်ဆာ အိပ်ရာ နေရာ အိမ်အဆောက်အအုံ နွား ကျွဲ မြင်း ဆင် ယာဉ်ရထား ရွှေ ငွေ အစရှိတဲ့ အသုံးအဆောင် တွေလဲ ကာမဂုဏ်အာရုံတွေပါဘဲ။ အဲဒီကာမဂုဏ်တွေကို မီးကျီး တွင်း မီးကျီးစုလိုပင် ကြောက်စရာကောင်းတယ်လို့ ရဟန္တာ ပုဂ္ဂိုလ်က ကောင်းကောင်း သိမြင်နေပါတယ်တဲ့။ ကြောက်စရာ ကောင်းပုံကတော့- လေးငါးတောင်လောက် နက်တဲ့ တွင်းကြီး ထဲမှာ ရဲရဲတောက်နေတဲ့ မီးကျီးချားဖြင့် ပြည့်နေတယ် ဆိုပါ တော့၊သို့မဟုတ် မီးကျီးအစုအပုံကြီး ရှိနေတယ် ဆိုပါတော့၊ အားကြီးတဲ့လူ ၂-ယောက်က မိမိ၏လက်မောင်း ၂-ဖက်ကို ဆွဲ

ကိုင်ပြီးတော့ အဲဒီလို မီးကျီးတွင်း မီးကျီးစုထဲ ပစ်ချမယ်ဆိုယင် မကြောက်ပေဘူးလား၊ ကြောက်ပြီးတော့ လွတ်မြောက်အောင် အတင်းမရုန်းကန်ရပေဘူးလား၊ အဲဒီ မီးကျီးတွင်း မီးကျီးစုဟာ ကြောက်စရာကောင်းသလိုပင် ကာမဂုဏ်တွေကို ကြောက်စရာ အနေဖြင့် ရဟန္တာပုဂ္ဂိုလ်က ကောင်းစွာ သိမြင်နေပါတယ် တဲ့။

ဘာကြောင့်ကြောက်စရာကောင်းသလဲဆိုတော့ ဒီကာမဂုဏ်တွေက ပူလောင်စေတတ်တဲ့ ကိလေသာတွေကို ဖြစ်ပွါးစေတတ်တယ်၊ လိုချင်မက်မောပြီးတော့လဲ ပူပန်စေတတ်တယ်၊ စိုးရိမ်ကြောင့်ကြပြီးတော့လဲ ပူပန်စေတတ်တယ်၊ မနာလို ဝန်တိုပြီးတော့လဲ ပူပန်စေတတ်တယ်၊ ပင်ပန်းဆင်းရဲပြီးတော့လဲ ပူပန်စေတတ်တယ်၊ အပါယ်ဘုံသို့ ကျရောက်ပြီးတော့လဲ ပူပန်စေတတ်တယ်၊ သံသရာထဲမှ မထွက်ခွါနိုင်အောင် ဆွဲဆောင်ပြီးတော့လဲ ပူပန်စေတတ်တယ်။

အဖိုအမ သတ္တဝါတွေဟာ အမ-အဖိုတွေကိုလိုချင်မက်မောပြီး အကြီးအကျယ် ပူပန်ကြရတယ်၊ မနီးမစပ်သေးယင် နီးစပ်ဖို့ ကြိုးစား ကြံစည်ကြရတယ်၊ မပိုင်မဆိုင်သေးယင် ပိုင်ဆိုင်ဖို့ ကြံစည်ကြရတယ်၊ ပိုင်ဆိုင်ပြန်တော့လဲ တကွဲတပြားဖြစ်စရာ အကြောင်းရှိယင် စိုးရိမ်ပူပန်ကြရတယ်၊ သူတပါးနဲ့ နီးစပ်မှာ ရင်းနှီးခင်မင်သွားမှာကို စိုးရိမ်ကြရတယ်၊ ကိုယ့်ထက် သူတပါးက သာလွန်မှာကို မနာလိုပြီး ပူပန်ကြရတယ်၊ ကိုယ်နဲ့ဆိုင်ရာတွင် သူတပါးနဲ့ စပ်ဆိုင်သွားမှာ ဝန်တိုပြီး ပူပန်ကြရတယ်၊ ပစ္စည်း

ဥစ္စာတွေ ဆိုယင်လဲ မရသေးတာကို ရအောင် အားထုတ်ပြီး ပင်ပန်းဆင်းရဲကြရတယ်၊ ရပြီးတွေအတွက် စောင့်ရှောက်ရသဖြင့် လဲ ဆင်းရဲကြတယ်၊ အလိုရှိတာတွေကို ရအောင် မကောင်းမှု တွေကို ပြုမိယင် အပါယ်ဘုံသို့ ကျရောက်ပြီး ဆင်းရဲပူပန်ကြရ တယ်၊ ကာမဂုဏ်တွေကို သုံးဆောင်နေရတာသည်ပင် နှစ်သက် ဘပ်စွဲတဲ့ ရာဂဖြင့်ပူပန်နေရတာဘဲ၊ သာမန်ပုဂ္ဂိုလ်တို့၏ အနေ ဖြင့် အဲဒီလို သုံးဆောင်ခံစားနေရတာကို အကောင်းဆုံးလို့ ထင် ရပေမဲ့ ရဟန္တာတို့၏ အမြင်ဖြင့် အဲဒီလို နှစ်သက်တပ်စွဲပြီး ကောင်းနိုးနိုး ခံစားနေရတာကိုပင် အကျိုးမဲ့ ဆင်းရဲပင်ပန်း နေရတာလို့ ထင်မြင်နေပါတယ်။

ဥပမာအားဖြင့် နွားကျွဲစသော သားကောင်တိရစ္ဆာန်တွေ မှာ မြက်စားရတာကို နှစ်သက်ဖွယ် ဖြစ်နေပေမဲ့ လူတွေ၏ အမြင်နဲ့ ဆိုယင်တော့ ဘာမှ နှစ်သက်ဖွယ်မရှိဘူး၊ ခွေး ဝက် ကြက် ငှက် ပိုးကောင်တွေမှာ အညစ်အကြေးတွေစားရတာကို နှစ်သက်ဖွယ်ဖြစ်နေပေမဲ့ လူတွေ၏ အမြင်နဲ့ဆိုယင်တော့ ရွံစရာ ဖြစ်နေတယ်၊ ကလေးသူငယ်များမှာ ကစားစရာ အရုပ်ကလေး စသည်ဖြင့် ကစားနေရတာ ပျော်စရာကောင်းပေမဲ့ လူကြီးတွေ အမြင်နဲ့ဆိုယင်တော့ ဘာမျှပျော်စရာမကောင်းဘူး၊ ဆေးလိပ် ကြိုက်တတ်တဲ့ သူတွေမှာ ဆေးလိပ်သောက်နေရတာ အရသာ ရှိတယ်ထင်နေပေမယ်လို့ ဆေးလိပ်မသောက်တတ်တဲ့ သူတွေရဲ့ အမြင်နဲ့ဆိုယင်တော့ အလဟဿပင်ပန်းနေတယ်လို့သာ ထင်ရ တယ်၊ သေရည်အရက် ဘိန်းကြိုက်တဲ့ သူတွေမှာ သေရည်အရက်

ဘိန်းကို သုံးဆောင်နေရတာ ကောင်းတယ်ထင်ပေမဲ့ မကြိုက်တတ်တဲ့ သူတွေရဲ့ အမြင်နဲ့ ဆိုယင်တော့ သက်သက်ဆင်းရဲနေတယ်လို့သာ မြင်ရတယ်၊ ပွဲကြိုက်တဲ့ သူတွေမှာ ပွဲကြည့်ရတာ အရသာရှိတယ် ပျော်စရာကောင်းတယ် ထင်ရပေမဲ့ ပွဲမကြိုက်တဲ့ သူတွေရဲ့ အမြင်နဲ့ဆိုယင်တော့ ငွေကုန်လူပန်းအိပ်ရေးပျက်ဒုက္ခရောက်နေတယ်လို့သာ ထင်ရတယ်၊ အဲဒီလိုပါဘဲ၊ ရဟန္တာတို့၏ အမြင်နဲ့ ဆိုယင်တော့ ကာမဂုဏ်တွေကို မက်မက်မောမော သုံးဆောင်နေကြတာကို အကျိုးမဲ့ ဆင်းရဲပင်ပန်းနေကြတယ်လို့သာ မြင်ကြပါတယ်။

ဒါကြောင့် ကာမာ-ကာမဂုဏ်တို့ကို၊ ခီဏာသဝဿဘိက္ခုနော-ရဟန္တာရဟန်းသည်၊ အင်္ဂါရကာသူပမာ-မီးကျီးတွင်း မီးကျီးစုလိုပင် ကြောက်ဖွယ်ကောင်းသည်ဟု၊ ယထာဘူတံ-ဟုတ်တိုင်းမှန်စွာ၊ သမ္မပ္ပညာယ-မှန်စွာသိသော ဝိပဿနာပညာ အရဟတ္တမဂ်ပညာဖြင့်၊သုဒိဋ္ဌာ-ကောင်းစွာ မြင်အပ်ကုန်ပြီးသည်၊ဟောန္တိ-ဖြစ်ကြပါသည်-လို့ ပြဆိုထားပေတာဘဲ။ အဲဒါဟာလဲ ရဟန္တာဖြစ်ပြီးမှ သိတာမဟုတ်ပါဘူး၊ အရဟတ္တမဂ်ရအောင် ဝိပဿနာရှုနေစဉ်ကတည်းက သိမြင်လာခဲ့ပြီးတော့ အရဟတ္တမဂ်ဖြင့် အပြည့်အစုံသိမြင်ခဲ့ပါတယ်။

နောက်ပြီးတော့ ကာမဂုဏ်တွေမှာ တပ်စွဲမှုအားကြီးနေတဲ့ သတ္တဝါတွေဟာ သံသရာထဲမှာတောင် ကာမဂုဏ်မရှိတဲ့ ရူပဘဝ အရူပဘဝမျိုးကို အလိုမရှိဘူး၊ အရူပဘဝ ဆိုတာ ရုပ်ကိုယ်

ကြီး မရှိဘူး၊ စိတ်စေတသိက် နာမ်သက်သက်သာရှိတယ်၊မျက်စိ မရှိလို့ အမြင်အာရုံမခံစားနိုင်ဘူး၊ နား နှာ လျှာ ကိုယ် ဆိုတာ တွေလဲမရှိလို့ အကြားအာရုံ အနံ့အာရုံ အရသာအာရုံအတွေ့ အထိအာရုံတွေလဲ မခံစားနိုင်ဘူး၊ စိတ်ကူးအာရုံမျှကိုသာ ခံစား နိုင်တယ်၊ အဲဒီ အရူပဘုံမှာ ကာမဂုဏ်အာရုံတွေကို မခံစားနိုင်တဲ့ အတွက် ကာမဂုဏ်ကြိုက်တဲ့သူတွေက အလိုမရှိဘူး။

ရူပဘဝ ဆိုတဲ့ ရူပါဝစရ ဗြဟ္မာ့ဘုံမှာတော့ မျက်စိရှိလို့မြင် နိုင်ပါရဲ့၊ နားရှိလို့ ကြားနိုင်ပါရဲ့၊ ဒါပေမဲ့ နှာခေါင်းပုံသဏ္ဌာန် သာရှိပြီး ပသာဒနှာခေါင်း ရုပ်မရှိလို့ အနံ့အာရုံကို မခံစား နိုင်ဘူး၊ လျှာပုံသဏ္ဌာန်ရှိလို့ စကားပြောနိုင်ပေမဲ့ ပသာဒလျှာ ရုပ်မရှိလို့ အရသာအာရုံကို မခံစားနိုင်ဘူး၊ လက်ခြေခေါင်း မျက်နှာ ကိုယ်ပုံသဏ္ဌာန်ကြီးရှိပေမဲ့ ပသာဒကိုယ်ရုပ်မရှိလို့အတွေ့ အထိအာရုံကို မခံစားနိုင်ဘူး၊ အဖိုအမအင်္ဂါလဲ မရှိဘူး၊ အဖို အမစိတ်လဲ မရှိဘူး၊ ဒါကြောင့် ကာမဂုဏ်အာရုံတွေကို မခံ စားရဘူး၊ ခံစားချင်တဲ့စိတ်လဲ မရှိဘူး၊ အလွန်အေးချမ်းမှာပါ ဘဲ။ ဒါပေမဲ့ ကာမဂုဏ်ကြိုက်တဲ့သူတွေက အဲဒီလို ရူပါဝစရ ဗြဟ္မာဘဝကိုလဲ အလိုမရှိကြဘူး။

အဲဒီလို ရူပဘဝ အရူပဘဝတွေကို အလိုမရှိကြတဲ့အတွက် အဲဒီလိုဘဝများသို့ ရောက်စေနိုင်တဲ့ ဈာန်ကုသိုလ်ကို အား မထုတ်လိုကြဘူး၊ ဒါကြောင့် ကာမဂုဏ်၌ တပ်မက်မှုအားကြီး တဲ့သူတွေဟာ ကမ္ဘာနှင့်ချီပြီး အသက်ရှည်စွာ နေရတဲ့ အဲဒီရူပ

အရူပဘုံတွေတောင် မရောက်နိုင်ဘဲ အသက်တိုတဲ့ ကာမဘုံမှာသာ ဖြစ်လိုက် အိုလိုက် သေလိုက်နဲ့ ဆင်းရဲဒုက္ခတွေကို များစွာ ခံစားနေကြရတယ်၊ ကာမဂုဏ်ကိုသာ အလိုရှိနေကြတဲ့သတ္တဝါတွေဟာ ရုပ်နာမ်လုံးဝမရှိတဲ့ နိဗ္ဗာန်ကိုတော့ သာပြီးအလိုမရှိကြတော့တာဘဲ၊ အဲဒီလို နိဗ္ဗာန်ကို အလိုမရှိတာဟာ ဘာကြောင့်လဲ၊ ကာမဂုဏ်အာရုံတွေကိုကြိုက်နှစ်သက်မှု အားကြီးနေလို့ဘဲ၊ နိဗ္ဗာန်ကို အလိုမရှိတော့ နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာတရားကို အားမထုတ်နိုင်ကြဘူး၊ အဲဒီလို အားမထုတ်နိုင်တော့ သံသရာမှ မလွတ်မြောက်နိုင်ဘူး။ အဲဒီလို သံသရာမှ မလွတ်မြောက်နိုင်အောင် ဆွဲဆောင်ထားတတ်သောကြောင့်လဲ၊ ကာမဂုဏ်တွေဟာ မီးကျီးတွင်း မီးကျီးစုလိုပင် ကြောက်စရာကောင်းပါတယ်တဲ့။

ရဟန္တာပုဂ္ဂိုလ်မှာ "ယခုပြောခဲ့တဲ့အတိုင်း ပူလောင်စေတတ်တဲ့ ကိလေသာတွေကို ဖြစ်စေပြီးတော့ ပူပန်ဆင်းရဲစေတတ်တဲ့ ကာမဂုဏ်တွေကို မီးကျီးတွင်း မီးကျီးစုလိုပင် ကြောက်စရာကောင်းတယ်"ဆိုတာကို ကောင်းကောင်း သိမြင်နေတဲ့အတွက် ကာမဂုဏ်တွေကိုလိုလားနှစ်သက်တဲ့ကာမာသဝကင်းနေကြောင်း အလွန်ပင် ထင်ရှားနေပါတယ်၊ အနိစ္စ ဒုက္ခ အနတ္တအခြင်းအရာတို့ဖြင့် ကောင်းကောင်းသိမြင်တဲ့ ပဌမခွန်အား၏အစွမ်းကြောင့် အခြားအာသဝေါတွေ ကင်းနေကြောင်းလဲ ထင်ရှားပါတယ်။ ဒါကြောင့် ကာမဂုဏ်တွေကို မီးကျီးတွင်း မီးကျီးစုပမာ သိမြင်တဲ့ ဒီဒုတိယခွန်အားကိုလဲ အမှီပြုပြီးတော့ ရဟန္တာပုဂ္ဂိုလ်က

မိမိမှာ အာသဝေါကိလေသာကုန်ကြောင်း ဝန်ခံပါတယ် တဲ့။ ကိုယ့်ကိုယ်ကိုရဟန္တာဖြစ်ပြီလို့ ယုံကြည်တဲ့ပုဂ္ဂိုလ်ဟာ ယခုပြောခဲ့တဲ့အတိုင်း ကာမဂုဏ်အာရုံတွေနဲ့စပ်ပြီး နှစ်သက်သာယာမှုလုံးဝကင်းရဲ့လား၊ မီးကျီးတွင်း မီးကျီးစုလိုပင် ကာမဂုဏ်တွေကိုကြောက်စရာလို့ ထင်ရဲ့လားဆိုတာ စဉ်းစားကြည့်ဘို့ပါဘဲ။

တချို့မှာ ဆေးလိပ်အာရုံ ကွမ်းအာရုံကာမဂုဏ်ကလေးများကို မစွန့်နိုင်ဘဲ ရှိနေတတ်တယ်။ကြိုက်တတ်တဲ့ စားဘွယ်သောက်ဘွယ်အာရုံ ကာမဂုဏ်ကလေးတွေကို တမင်စီမံပြီး သုံးဆောင်နေတာလဲ ရှိတတ်တယ်၊ ကြိုက်တတ်တဲ့အဝတ် အိပ်ရာနေရာကိုတမင်ရွေးချယ်ပြီး သုံးဆောင်နေတာလဲ ရှိတတ်တယ်၊ အဲဒီလိုဆိုယင် ကာမာသဝ ဆိုတဲ့ အာသဝေါကုန်ပြီလို့ ဝန်ခံဘို့ သင့်-မသင့် စဉ်းစားဘို့ပါဘဲ၊သူတပါးက စဉ်းစားဆုံးဖြတ်ဖို့ကတော့မလွယ်ဘူး၊ ကိုယ့်ဟာကိုယ် စဉ်းစားဆုံးဖြတ်မှ ဖြစ်မယ်။

ဒါပေမဲ့ သာသနာတော်ခုနှစ် ၇၀၀-လောက်ဆီက သီဟိုဠ်မှာ ဝသဘမင်းဆိုတာရှိခဲ့တယ်၊ အဲဒီတုန်းက ရဟန္တာလေလားလို့ ထင်ရတဲ့မထေရ်တပါးကို အဲဒီမင်းက စမ်းသပ်ကြည့်ခဲ့ဘူးတယ်၊ ဘယ်လိုလဲ ဆိုတော့ အဲဒီမင်းက အဲဒီမထေရ်ကို ပင့်ပြီးသူ့အိမ်တော်မှာ ထိုင်နေစေပါတယ်၊ အဲဒီမထေရ်၏ အနီးမျက်မှောက်မှာ (ဗဒရသာဠဝ)ခေါ်တဲ့ ဆီးသီးဖျော်ရည်ကိုနယ်စေ-ညှစ်စေပါသတဲ့၊ အဲဒီအခါမထေရ်မှာ တံတွေးသွားရည်ယိုတာကို တွေ့ရတဲ့အတွက် အဲဒီမထေရ်ကို ရဟန္တာမဟုတ်ဘူးလို့

သိရပါသတဲ့။ အဲဒီမှာ အဋ္ဌကထာက ဒီလိုထောက်ခံချက် ပေး ထားပါတယ်။

ဟိ- ထိုသို့ ဆုံးဖြတ်နိုင်ခြင်း သိရခြင်း၏ အကြောင်းကား၊ ခီဏာသဝဿ-အာသဝေါ ကုန်ပြီးသော ရဟန္တာ အစစ်မှာ၊ ရသတဏှာ နာမ-အရသာ၌ တပ်မက်ဆာလောင်သော ရသ-တဏှာ မည်သည်ကို၊ သုပ္ပဟီနာ-အကြွင်းမဲ့ ကောင်းစွာ ပယ်အပ် ပေပြီ၊ ဒိဗ္ဗေသုပိ ရသေသု-နတ်လောကအရသာတို့၌သော်လည်း၊ နိကန္တိ နာမ-နှစ်သက်လိုလားခြင်းမည်သည်၊ န ဟောတိ-မဖြစ် တော့မရှိဘော့ပြီ-လို့ထောက်ခံထားပါတယ်။ (ဥပရိပဏ်-၃၉၇)

## (၃) ရဟန္တာ၏ တတိယခွန်အား

ဘန္တေ-မြတ်စွာဘုရား၊ ပုန စ-တဖန်လည်း၊ အပရံ-ဘပါး သော ခွန်အားကား၊ ခီဏာသဝဿ ဘိက္ခုနော-ရဟန္တာ ရဟန်း ၏၊ စိတ္တံ-စိတ်သည်၊ ဝိဝေကနိန္နံ ဟောတိ-သခါရကင်းဆိတ်ရာ နိဗ္ဗာန်၌ ညွတ်ပါသည်၊ ဝိဝေကပေါဏံ ဝိဝေကပဗ္ဘာရံ-ကင်း ဆိတ်ရာ နိဗ္ဗာန်၌ ကိုင်းရှိုင်းပါသည်၊ ဝိဝေကဋ္ဌံ-ကင်းဆိတ်ရာ နိဗ္ဗာန်၌ (ဖလသမာပတ်ဝင်စားလျက်) တည်ပါသည်၊ နေက္ခမ္မာ-ဘိရတံ-ကာမမှထွက်မြောက်ရာ ရဟန်းအဖြစ်၌ မွေ့လျော်ပါ သည်၊ အာသဝဋ္ဌာနီယေဟိ ဓမ္မေဟိ-အာသဝေါ၏ ယှဉ်ဘက် အကြောင်းဖြစ်သော ကိလေသာတို့မှ၊ ဗျန္တီဘူတံ-တစိတ်တဒေသ အစွန်းအစမျှပင် မစပ်ပဲ ကင်းကွာလျက်ရှိပါသည်၊ ဝါ-လုံးဝ

ကင်းရှင်းနေပါသည်။ ဘဒ္ဒေ-မြတ်စွာဘုရား၊ ဣဒမ္ပိ-ဤဝိဝေကသည် ညွှတ်ကိုင်းရှိုင်းခြင်း သည်လည်း၊ ခီဏာသဝဿ ဘိက္ခုနော-ရဟန္တာ ရဟန်း၏၊ ဗလံ ဟောတိ- ခွန်အားတပါးဖြစ်ပါသည်၊ ယံ ဗလံ အာဂမ္မ-ယင်းခွန်အားကို ရောက်၍ စွဲမှီ၍၊ ခီဏာသဝေါ ဘိက္ခု-ရဟန္တာ ရဟန်းသည်၊ ခီဏာ မေ အာသဝါတိ-ငါ့မှာ အာသဝေါတရားကုန်ပြီဟု၊ အာသဝါနံ ခယံ-အာသဝေါတရားတို့၏ ကုန်ခြင်းကို၊ ပဋိဇာနာတိ-ဝန်ခံပါသည် မြတ်စွာဘုရားတဲ့။

အတိုချုပ် ဆိုလိုတာကတော့ ရဟန္တာပုဂ္ဂိုလ်၏ စိတ်ဟာ ဖိုလ်ဝင်စားသောအားဖြင့် သင်္ခါရအာရုံတို့မှကင်းဆိတ်တဲ့နိဗ္ဗာန်၌ ညွှတ်ကိုင်းနေပါတယ်တဲ့။ ရဟန္တာအရှင်မြတ်များဟာ အခွင့်သာတိုင်း ဖလသမာပတ်ဝင်စားပြီး နေလေ့ရှိပါတယ်၊ အဲဒါဟာ ယေဘုယျ သဘောပါဘဲ၊ အနည်းငယ်အားဖြင့် ဆိုယင်တော့ အခြားစျာန်သမာပတ်များကို ဝင်စားနေကြတာလဲ ရှိပါသေးတယ်။ ဒါကြောင့် ဒုတိယသံဂါယနာမှာ ခေါင်းဆောင်ရဟန္တာ မဟာထေရ်တပါးဖြစ်တဲ့ အရှင်ရေဝတဟာ မေတ္တာစျာန်ဖြင့် နေလေ့ရှိကြောင်း ပြဆိုထားတာလဲရှိပါတယ်။ မြတ်စွာဘုရားမှာတော့ တရားဟောတော်မူနေယင်းဘောင်မှ တရားနာ ပရိသတ်က သာဓုခေါ်နေခိုက်မှာ ဖလသမာပတ်ဝင်စားတော်မူသေးတာဘဲ၊ အဲဒါဟာ သင်္ခါရကင်းဆိတ်တဲ့ ဝိဝေကမှာ စိတ်ညွှတ်ကိုင်းနေပုံ သာဓကပါဘဲ။

လူများစုအနေအားဖြင့် ဆိုယင်တော့ အဖော်လူသူကင်းဆိတ်တာတော့ တယ်မကြိုက်ကြဘူး၊ ကာမဘုံသားတွေဆိုယင်

ကာမဂုဏ် သင်္ခါရတွေနဲ့မှ ပျော်မွေ့လေ့ရှိကြတယ်၊ ကာမဂုဏ်မရှိတဲ့ ရူပဘဝ အရူပဘဝကိုတောင် တယ်မကြိုက်ကြဘူး၊ ရုပ်နာမ်သင်္ခါရလုံးဝမရှိတဲ့ နိဗ္ဗာန်ဆီကို စိတ်ညွတ်နိုင်တဲ့ပုဂ္ဂိုလ်က အလွန်နည်းပါတယ်၊ ရုပ်နာမ်တွေ အကုန်လုံးချုပ်ပျောက်ကင်းငြိမ်းသွားမှာကို တချို့က စိုးရိမ်ကြတယ်၊ ဒါကြောင့် ပရိနိဗ္ဗာန်စံသွားတော်မူကြတဲ့ ဘုရားရဟန္တာ ပုဂ္ဂိုလ်မြတ်တွေဟာ နိဗ္ဗာန်မှာ ရုပ်ထူးနာမ်ထူးနဲ့ အကောင်အထည်လိုက် ရှိနေကြသယောင်ယောင်တောင် ကြံဖန်ပြီး ပြောဆိုနေတဲ့ ပုဂ္ဂိုလ်တွေ ရှိနေကြတာဘဲ၊ ဒါပေမဲ့ ဘုရားရဟန္တာအရှင်မြတ်တွေကတော့ ရုပ်နာမ်သင်္ခါရ လုံးဝကင်းဆိတ်တဲ့ ဥပဓိဝိဝေက နိဗ္ဗာန်ဆီသို့သာ စိတ်ဖြင့် ညွတ်ကိုင်းနေတော်မူကြပါတယ်၊ ဒါကြောင့် ရုပ်နာမ်သင်္ခါရတွေနဲ့ အသက်ရှင်နေရတာကိုလဲ အလိုမရှိကြောင်း ဒီလိုမိန့်ဆိုတော်မူကြပါတယ်။

> နာဘိနန္ဒာမိ မရဏံ၊ နာဘိနန္ဒာမိ ဇီဝိတံ။
> ကာလဉ္စ ပဋိကင်္ခါမိ၊ နိဗ္ဗိသံ ဘတကော ယထာ-တဲ့။

မရဏံ-ရုပ်နာမ်ခန္ဓာပျက်စီး၍ သေရခြင်းကိုလဲ၊ နာဘိနန္ဒာမိ-မနှစ်သက် မတောင့်တမိ အလိုမရှိပါ။ (ယခုလောကမှာ အတိဒုက္ခရောက်နေတဲ့သူတွေက သေချင်ပါပြီလို့ ပြောတတ်ကြတယ်၊ အဲဒါဟာ ဒုက္ခဝေဒနာနှင့်တကွ ရုပ်နာမ်တွေကို မုန်းတဲ့ဒေါသဖြင့် ပြောတာဘဲ၊ရဟန္တာမှာတော့ အဲဒီလို ရုပ်နာမ်တွေကိုမုန်းတဲ့ ဒေါသမရှိဘူး၊ ဒါကြောင့် ရုပ်နာမ်တွေ ပျက်စီးပါစေ သေပါ

စေလို့လဲ တောင့်တခြင်း လိုလားခြင်း မရှိပါဘူး တဲ့။) ဇီဝိတံ- အသက်ရှင်နေခြင်းကိုလဲ၊ နာဘိနန္ဒာမိ-မနှစ်သက် မတောင့်တမိ အလိုမရှိပါ။ (အသက်ရှင်နေဘာကို အလိုရှိတာက ရုပ်နာမ်သင်္ခါရတွေကို အကောင်းအမြတ်ထင်ပြီး နှစ်သက်တဲ့ လောဘဘဲ၊ ရဟန္တာမှာ အဲဒီလို သင်္ခါရတွေကို အလိုရှိတဲ့ လောဘကလဲမရှိဘူး၊ ဒါကြောင့် အသက်ရှင်နေရတာကိုလဲ အလိုမရှိတာပါဘဲ။ ဒါဖြင့် ဘာကို အလိုရှိသလဲလို့ ဆိုတော့) ကာလဉ္စ-ပရိနိဗ္ဗာန် ဝင်စံရမည့်အချိန်ကာလကိုသာလျှင်၊ ပဋိကင်္ခါမိ-မြော်လင့်နေပါသည်-တဲ့၊ (ဘာလိုလဲဆိုတော့) ဘတကော-နေ့စား လစား အလုပ်သမားသည်၊ နိဗ္ဗိသံ-လုပ်ခ လခကို၊ ဝါ-လုပ်ခ လခ ရမည့်အချိန်ကို၊ ပဋိကင်္ခတိ ယထာ-တောင့်တမြော်မိ အလိုရှိသကဲ့သို့ပါဘဲ တဲ့။

နေ့စား လစား အလုပ်သမားဟာ အလုပ်မရှိပဲ အလုပ်လက်မဲ့ ဖြစ်နေမှာလဲ အလိုမရှိဘူး၊ အသက်မွေးဝမ်းကျောင်း မလွဲသာတဲ့ကိစ္စမို့သာ လုပ်နေရဘယ်၊ အဲဒီလို လုပ်နေရတာလဲ အလိုမရှိဘူး (အလုပ်မလုပ်ပဲ စားဝတ်နေရေး ပြည့်စုံနေမယ် ဆိုယင် အပင်ပန်းခံပြီး အလုပ် လုပ်လိမ့်မည်မဟုတ်ပါ)၊ဒါဖြင့် သူက ဘာကို အလိုရှိနေသလဲဆိုတော့- လုပ်ခ လခထုတ်ယူရတဲ့ အချိန်ကိုသာ အလိုရှိနေပါတယ်၊အဲဒါလိုဘဲ ရဟန္တာပုဂ္ဂိုလ်ကလဲ ဒေါသမရှိတဲ့အတွက် သေခြင်းကိုလဲ အလိုမရှိ မတောင့်တဘူး၊ လောဘမရှိတဲ့အတွက် ရုပ်နာမ်သင်္ခါရတွေနှင့် အသက်ရှင်နေခြင်းကိုလဲ အလိုမရှိ မတောင့်တဘူး၊ ဒါဖြင့် ဘာကို အလိုရှိ

ပါသလဲလို့ ဆိုတော့-ပရိနိဗ္ဗာန် ဝင်စံရမည့်အချိန်ကာလကိုသာ မြော်လင့်နေပါတယ် တဲ့။ အဲဒါဟာ ရုပ်နာမ်သင်္ခါရကင်းဆိတ်တဲ့ နိဗ္ဗာန်ဆီသို့ စိတ်ညွတ်နေပုံကို ပြဆိုထားတဲ့စကားပါဘဲ။

နေက္ခမ္မာဘိရတံ-ပုဒ်ကို ပဗ္ဗဇ္ဇာဘိရတံ-လို့ ဖွင့်ပြချက်အတိုင်း "ရဟန်းအဖြစ်၌ မွေ့လျော်ပါသည်"လို့ အနက် ပြန်ခဲ့တယ်၊ နေက္ခမ္မ-သဒ္ဒါက နိဗ္ဗာန်ကိုလဲ ဟောပါတယ်၊ ဒါကြောင့် "နေက္ခမ္မာဘိရတံ- နိဗ္ဗာန်၌ မွေ့လျော်ပါသည်"လို့ အနက် ပြန်လျှင် ပိုပြီး သင့်မြတ်ဖွယ်ရှိပါတယ်။ ရုပ်နာမ်သင်္ခါရ လုံးဝ ကင်းဆိတ်ရာ နိဗ္ဗာန်၌သာ စိတ်ညွတ်ကိုင်းနေယင် ကာမဂုဏ်ကို အလိုရှိတဲ့ ကာမာသဝလဲ မဖြစ်နိုင်ဘူး၊ ရူပဘဝ အရူပဘဝကို အလိုရှိတဲ့ ဘဝါသဝလဲ မဖြစ်နိုင်ဘူး၊ ရုပ်နာမ် သင်္ခါရတွေကို အကောင်းအမြတ်ထင်တဲ့ အဝိဇ္ဇာသဝလဲ မဖြစ်နိုင်ဘူး၊ ဒီဋ္ဌိ အာသဝဖြစ်ဖို့ကတော့ အလွန် ဝေးကွာနေပါတယ်၊ ဒါကြောင့် နိဗ္ဗာန် ဆိုတဲ့ ဥပဓိဝိဝေက၌ စိတ်ညွတ်ကိုင်းတဲ့ ခွန်အားကို စွဲမှီပြီးတော့လဲ အာသဝေါ ကုန်ကြောင်း ရဟန္တာက ဝန်ခံပါတယ်တဲ့။

(၁) ရုပ်နာမ် သင်္ခါရတွေကို မမြဲဘာတွေ ချည်းဘဲလို့ ကောင်းစွာ သိမြင်ပြီးတော့ ဒုက္ခ-ဆင်းရဲတွေချည်းဘဲ၊ အနတ္တ အတ္တကောင်မဟုတ်တဲ့ သဘောတရားမျှ ချည်းဘဲလို့ သိမြင်တဲ့ ပဌမ ခွန်အားကတပါး၊ (၂) ကာမဂုဏ်တွေကို မီးကျီးတွင်း မီးကျီးစုလိုပင် ကြောက်စရာကောင်းတယ်လို့ ကောင်းစွာသိမြင်တဲ့

ဒုတိယခွန်အားကတပါး၊ (၃)ရုပ်နာမ်သင်္ခါရလုံး ဝကင်းဆိတ်ရာ ဥပဓိဝိဝေကနိဗ္ဗာန်၌ စိတ်ညွတ်ကိုင်းပြီး ပျော်မွေ့တဲ့ တတိယခွန်အားကတပါး၊ ရဟန္တာပုဂ္ဂိုလ်၏ ဒီခွန်အားကြီး (၃)ပါးက တော့ ပြီးသွားပြီ၊ ကျန်နေသေးတဲ့ ခွန်အားတွေက (၇)ပါး ရှိပါသေးတယ်၊အဲဒီ(၇)ပါးကတော့မှတ်ဖို့လွယ်ပါတယ်၊ဗောဓိပက္ခိယတရား(၃၇)ပါးရှိရာမှာ အစုအားဖြင့်တော့(၇)စုရှိပါတယ်၊ (၁) သတိပဋ္ဌာန်၊ (၂)သမ္မပ္ပဓာန်၊(၃)ဣဒ္ဓိပါဒ်၊ (၄) ဣန္ဒြေ၊(၅)ဗိုလ်၊(၆)ဗောဇ္ဈင်၊ (၇)မဂ္ဂင် ဆိုတဲ့ ဒီ(၇)စုပါဘဲ၊ အဲဒီ (၇)စုကို ကောင်းစွာပွါးစေအပ်ပြီး ဖြစ်တာဟာ ရဟန္တာပုဂ္ဂိုလ်၏ ခွန်အားဗလကြီး(၇)ပါးပါဘဲ။ ယခု အဲဒီ (၇)ပါး ထဲက သတိပဋ္ဌာန်ခွန်အားကို ပြောရမယ်။

## (၄) ရဟန္တာ၏ စတုတ္ထခွန်အား

ဘန္တေ-မြတ်စွာဘုရား၊ ပုန စ-တဖန်လည်း၊ အပရံ-တပါးသော ခွန်အားကား၊ ခီဏာသဝဿ ဘိက္ခုနော-ရဟန္တာရဟန်းသည်၊စတ္တာရော သတိပဋ္ဌာနာ-လေးပါးသောသတိပဋ္ဌာန်တို့ကို၊ ဘာဝိတာ-မိမိသန္တာန်၌ ပွါးစေအပ်ကုန်ပြီးသည်။သုဘာဝိတာ-လိုလေသေးမရှိ အပြည့်အစုံကောင်းစွာ ပွါးစေအပ်ကုန်ပြီးသည်၊ ဟောန္တိ-ဖြစ်ကြပါသည်။ ဘန္တေ-မြတ်စွာဘုရား၊ ဣဒမ္ပိ-ဤ သတိပဋ္ဌာန်လေးပါးကို ကောင်းစွာ ပွါးစေအပ်ပြီး ဖြစ်ခြင်း သည်လည်း၊ခီဏာသဝဿ ဘိက္ခုနော- ရဟန္တာရဟန်း၏၊ ဗလံ ဟောတိ-ခွန်အားတပါးဖြစ်ပါသည်၊ ယံ ဗလံ အာဂမ္မ-ယင်းခွန်

အားကိုရောက်၍ စွဲမှီ၍၊ ခီဏာသဝေါ ဘိက္ခု-ရဟန္တာ ရဟန်းသည်၊ ခီဏာ မေ အာသဝါတိ-ငါ့မှာ အာသဝေါတရား ကုန်ပြီဟု၊ အာသဝါနံ ခယံ-အာသဝေါတရားတို့၏ ကုန်ခြင်းကို၊ ပဋိဇာနာတိ-ဝန်ခံပါသည် မြတ်စွာဘုရား တဲ့။

ဆိုလိုရင်း အတိုချုပ်ကတော့ ရဟန္တာပုဂ္ဂိုလ်မှာ သတိပဋ္ဌာန်တရားလေးပါးကို လိုလေသေးမရှိ အပြည့်အစုံ ကောင်းကောင်းပွားစေပြီး ဖြစ်နေပါတယ်၊ အဲဒါဟာ ရဟန္တာ၏ခွန်အားတပါးပါဘဲ၊ အဲဒီခွန်အားကို အကြောင်းပြုပြီးတော့လဲ မိမိမှာ အာသဝေါကိလေသာတွေ ကုန်နေကြောင်း ဝန်ခံပါတယ် တဲ့။

အဲဒီ သတိပဋ္ဌာန်လေးပါးကို ပွါးစေပြီး ဖြစ်တဲ့ခွန်အားကိုတော့ အထူးချဲ့မပြောဘဲ ဒါလောက်နဲ့ဘဲ နားလည်လောက်ပါတယ်၊ ဒါပေမဲ့ သတိပဋ္ဌာန် ပွားစေပုံက အရေးကြီးပါတယ်၊ ဒါကြောင့် ရှေးက ပြောခဲ့ပြီးဖြစ်ပေမဲ့ ယခု တဖန်ထပ်ပြီး ပြောရဦးမယ်။

ရဟန္တာပုဂ္ဂိုလ်မှာ သတိပဋ္ဌာန်လေးပါးပွားစေပြီး ဖြစ်တယ်ဆိုတာ ဘယ်အခါက ပွားစေခဲ့လို့လဲ ဆိုယင်၊ အရဟတ္တမဂ်ရောက်သည်တိုင်အောင် အနာဂါမ်အဖြစ်က ပွားစေခဲ့တယ်လို့ မှတ်ထားကြရမယ်၊ အနာဂါမ်မှာလဲသတိပဋ္ဌာန်လေးပါးဟာပြီးစီးလုနီးပါးပြည့်စုံနေပါတယ်၊ အဲဒါ ဘယ်တော့က ပွားစေခဲ့လို့ပါလဲဆိုယင်၊သကဒါဂါမ်အဖြစ်ကပွားစေခဲ့လို့ပါဘဲ။သကဒါဂါမ်

မှာလဲ အခုတော်အတန်တော့ ပြည့်စုံနေပါတယ်၊အဲဒါဘယ်တော့က ပွားစေခဲ့လို့ပါလဲဆိုယင်၊ သောတာပန်အဖြစ်က ပွားစေခဲ့လို့ပါဘဲ၊ သောတာပန်မှာလဲ အပါယ်တံခါးပိတ်အောင်, အပါယ်ကျစေတတ်တဲ့အကုသိုလ်ကံ မဖြစ်နိုင်လောက်အောင်သတိပဋ္ဌာန်လေးပါးကို ပွားစေပြီး ဖြစ်နေပါတယ်၊ အဲဒါ ဘယ်တော့က ပွားစေခဲ့ပါသလဲဆိုယင်၊ ပုထုဇဉ်အဖြစ်က စပြီးပွားစေခဲ့တယ်ဆိုတာ အလွန်ပင်ထင်ရှားနေပါတယ်။ ဒါကြောင့် သံယုတ်ပါဠိတော် (တတိယ ၁၂၅) သာလသုတ်မှာမြတ်စွာဘုရားရှင်က ရဟန်းတော်များကို ဒီလို ညွှန်ကြားတော်မူခဲ့ပါတယ်။

## ဗုဒ္ဓသာသနာတော်တွင်း ရောက်လာကတည်းက ပွားစေအပ်ကြောင်း

ဘိက္ခဝေ-ရဟန်းတို့၊ အစိရပဗ္ဗဇိတာ-မကြာမီကမှ ရဟန်းပြုလာကြသော၊ ယေတေ ဘိက္ခူ နဝါ-အကြင် ရဟန်းသစ်တို့သည်၊ ဣမံ ဓမ္မဝိနယံ အဓုနာဂတာ-ဤသာသနာတော်သို့ ယခုမှ ရောက်လာကြပေသည် (ရောက်လာခါစဖြစ်ကြသည်)၊ ဘိက္ခဝေ- ရဟန်းတို့၊ ဝေါ-သင်တို့သည်၊ တေ ဘိက္ခူ-ထိုရဟန်းသစ်တို့ကို၊ စတုန္နံ သတိပဋ္ဌာနာနံ ဘာဝနာယ-လေးပါးသော သတိပဋ္ဌာန်တို့ကို ပွားစေရန်အတွက်၊ သမာဒပေတဗ္ဗာ-ဆောက်တည်စေအပ်-ခံယူစေအပ်ကုန်၏၊ နိဝေသေတဗ္ဗာ-သွင်းထားအပ်ကုန်၏၊ ပတိဋ္ဌာပေတဗ္ဗာ- တည်စေအပ်ကုန်၏-တဲ့။

ဘုရားလက်ထက်တော် ကာလတုန်းက သာသနာတော်ရောက်လာခါစ ပုဂ္ဂိုလ်ဆိုတာ တကယ့်ကိုရောက်လာခါစဘဲ၊ မူလကတော့ အခြား ဘာသာဝင်ထဲကဘဲ၊ မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရပြီးတော့ ယုံကြည်မှုသဒ္ဓါတရားဖြစ်လို့ ဗုဒ္ဓသာသနာတော်ဝင်လာတဲ့ ပုဂ္ဂိုလ်ဘဲ၊ ယခုကာလမှာလဲ အဲဒီလို ပုဂ္ဂိုလ်အနည်းအကျဉ်းတော့ ရှိပါတယ်၊ အခြားဘာသာမှ ဗုဒ္ဓသာသနာတော်သို့ ဘာကြောင့်ပြောင်းလာသလဲလို့ ဘုန်းကြီးက မေးကြည့်တဲ့အခါ "ကိုယ်တိုင်တွေ့ သိရတယ် ဆိုတာ သဘောကျလို့ ပြောင်းလာတယ်"လို့ ဒီလိုလဲ ပြောကြပါတယ်၊ သူ့ဟာ သဘာဝကျပါတယ်၊ အဲဒီလိုပုဂ္ဂိုလ်များအတွက် ကိုယ်တိုင်တွေ့ သိစေနိုင်တဲ့သတိပဋ္ဌာန်တရားကို ညွှန်ပြပေးဘို့ သာပြီး အရေးကြီးတာဘဲ။ ဒါကြောင့် ဒီသာသနာတော်ရောက်လာခါစ အဲဒီလိုပုဂ္ဂိုလ်များကို သတိပဋ္ဌာန်တရားအားထုတ်စေရန် မြတ်စွာဘုရားက တိုက်တွန်းညွှန်ကြားတော်မူပါတယ်။ အဲဒီလိုဘာသာပြောင်းလာခါစ ပုဂ္ဂိုလ်သာ မဟုတ်ပါဘူး၊ မူလကတည်းက ဗုဒ္ဓသာသနာဝင်ပုဂ္ဂိုလ်ထဲကရဟန်းဖြစ်လာခါစရဟန်းသစ်များကိုလဲ သတိပဋ္ဌာန်တရား ပွားများအားထုတ်စေရန် နည်းတူပင် မြတ်စွာဘုရားက တိုက်တွန်းညွှန်ကြားတော်မူပါတယ်။

အဲဒီစကားတော်ကို ထောက်ဆကြည့်ယင် ဗုဒ္ဓသာသနာဝင်ရဟန်း ဖြစ်ခါစ ပုဂ္ဂိုလ်များကို ဘုရား လက်ထက် ကာလက သတိပဋ္ဌာန် တရား ပွားများ အားထုတ် စေခဲ့ကြကြောင်း အလွန်ထင်ရှားပါတယ်။ ရဟန်း ဖြစ်ပြီးခါစမှာ သတိပဋ္ဌာန်

တရားကို အားထုတ်ဖို့ အလွန်လဲ အရေးကြီးပါတယ်၊ ရဟန်းဖြစ်ခါစ ဆိုတော့ သီလကလဲ စင်ကြယ်နေတယ်၊ သဒ္ဓါတရားကလဲ ထက်သန်အားကောင်းနေတယ်၊ အဲဒီလိုအခါမှာ သတိပဋ္ဌာန်တရားကို ပွားများအားထုတ်လိုက်ယင် ဉာဏ်သူး တရားထူးများကို မြန်မြန်ရောက်ဖို့ ရဖို့ အလွန်နီးစပ်နေပါတယ်၊ အဲဒီလို တရားထူး ရသွားယင် အဲဒီရဟန်းဟာ တသက်လုံး စင်ကြယ်တဲ့ ရဟန်းကောင်းအဖြစ်မှာ တည်နေမယ်၊ စာပေသင်ကြားရာမှာလဲ ခက်ခဲတဲ့ အရာတွေကို မှန်ကန်စွာ သိမြင်သဘောပေါက်သွားဖို့ ရှိပါတယ်၊ တရားထူးကို မရတောင်မှ မိမိ၏စိတ်ကို ထိန်းသိမ်းစောင့်ရှောက်ဖို့ အခြေခံကိုတော့ ကောင်းကောင်းရသွားမှာ သေချာပါတယ်၊ ဒါကြောင့် ရဟန်းဖြစ်ပြီးခါစ ရဟန်းသစ်တိုင်း မြတ်စွာဘုရား၏ ညွှန်ကြားချက်အရ သတိပဋ္ဌာန် တရားကို အနည်းဆုံး ၂-လ ၃-လလောက်တော့ အားထုတ်သင့်လှပါပေတယ်။ ဘယ်လို အားထုတ်စေရမလဲ ဆိုတော့—

အာဝုသော-ငါ့ရှင်ရဟန်းသစ်တို့၊ ဧထ-လာကြကုန်လော့၊ ကာယဿ-ရုပ်အပေါင်းကိုယ်ကို၊ ယထာဘူတံ ဉာဏာယ-ဟုတ်တိုင်းမှန်စွာ သိရန်အလို့ငှါ၊ ကာယေ-ရုပ်အပေါင်း ကိုယ်၌၊ ကာယာနုပဿိနော-ရုပ်အပေါင်းကိုယ်ကို ရှုကြလျက်၊ ဝိဟရထ-နေကြကုန်လော့-တဲ့။

ရုပ်အပေါင်းကိုယ်ဟာ အနိစ္စ-မမြဲဘူး၊ ဒုက္ခ-ဆင်းရဲတဲ့-အားမကိုးလောက်တဲ့ သဘောဘဲ၊ အနတ္တသဘောမျှဘဲ၊ အသုဘ—

စက်ဆုပ်ရွံဘွယ် မတင့်တယ်တဲ့သဘောဘဲ၊ အဲဒီ မမြဲတဲ့အခြင်းအရာ စသည်ဖြင့် အမှန်အတိုင်းသိအောင် ကိုယ်ကို ရှုနေကြရမယ် တဲ့၊ အဲဒီလို ရှုမြင်နိုင်ရန် လို့လ သမာဓိ ဥာဏ်အကူအညီတွေလဲ လိုတဲ့အတွက် အဲဒါတွေကိုလဲ ဒီလိုဆက်ပြီး ညွှန်ကြားတော်မူပါတယ်။

အာတာပီနော-ကိလေသာကို ပူလောင်သွေ့ခြောက် ကင်းပျောက်ခစေနိုင်သော သမ္မပ္ပဓာန် လုံ့လရှိကုန်သည်ဖြစ်၍၊ ဝါ-အပြင်းအထန် ကြောင့်ကြစိုက်ကြ၍၊ သမ္ပဇာနာ-ကောင်းစွာသိကြလျက်၊ ဧကောဒိဘူတာ-ရှေ့စိတ်နောက်စိတ်တည်ငြိမ်ပုံတမျိုးတည်းရှိကြသည်ဖြစ်၍၊ ဝိပ္ပသန္နစိတ္တာ-ကြည်လင်သောစိတ်ရှိကုန်လျက်၊ သမာဟိတာ-ကောင်းစွာထားနိုင်ကြသဖြင့်၊ ကေဂ္ဂစိတ္တာ-တည်ငြိမ်သောစိတ် ရှိကြလျက်၊ ဝိဟရထ-နေကြကုန်လော့-သို့ ဒီလိုညွှန်ကြားရမယ်တဲ့။

အဲဒီ ညွှန်ကြားချက် စကားတွေထဲမှာ အာတာပီနော-အရ အပြင်းအထန် ကြောင့်ကြစိုက်ဖို့နဲ့ သမာဟိတာ-အရ ကိုယ်ရုပ်အာရုံမှာ ကောင်းစွာထားဘို့ ဆိုတဲ့ ၂-ပုဒ်က လိုရင်းပါဘဲ။

အာနာပါနပိုင်းအရ ရှုတဲ့ ပုဂ္ဂိုလ် ဆိုယင် နှာသီးဖျားမှာ တိုက်ခိုက်ပြီး ဝင်တဲ့လေ ထွက်တဲ့လေကိုသာ ရှုတိုင်း ရှုက်တိုင်း ရှုမိအောင် ကြောင့်ကြစိုက်ရမယ်၊ အဲဒီ ရှုရှိုက်လေ အာရုံ၌သာ စိတ်ကို ကောင်းစွာ ထားရမယ်၊ အဲဒီလို စိတ်ကို ကောင်းစွာထား့

ပြီး ကြောင့်ကြစိုက်ရှုနေယင် စိတ်ကြည်လင်မှာ, စိတ်တည်ငြိမ်မှာ, ရှုတိုင်း ရှုတိုင်း တည်ငြိမ်ပုံတမျိုးဖြစ်နေမှာ သေချာပါတယ်၊ ဝိပဿနာပိုင်းအရ ဆိုယင် အဖြစ်အပျက် စသည်ကို အမှန်အတိုင်း သိမှာလဲ သေချာပါတယ်။ ဆံပင် မွေးညှင်း စသည်ကို ရှုရာမှာလဲ နည်းတူပင်ပြည့်စုံနိုင်ပါတယ်။

ဣရိယာပထပိုင်း စသည်အရ ဝိပဿနာကစပြီး ရှုယင်လဲ သွားနေဆဲ ဆိုယင် ခြေထောက်ကြွတာ လှမ်းတာ ချတာ စသည်ကို မလွှတ်တမ်း ရှုမိအောင် ကြောင့်ကြစိုက်ရမယ်၊ အဲဒီ ခြေကြွမှု လှမ်းမှု စသည်၌သာ စိတ်ကို ကောင်းစွာထားရမယ်၊ ရပ်နေဆဲမှာလဲ ရပ်မှု၌သာ စိတ်ကိုကောင်းစွာထားရမယ်၊ ထိုင်နေဆဲမှာလဲ ထိုင်ရုပ်၌သာ ကောင်းစွာထားရမယ်၊ ထိုင်နေယင်း ဝမ်းဗိုက်၏ ဖောင်းတာ ပိန်တာကို ရှုယင်လဲ အဲဒီဖောင်းပိန်လှုပ်ရှားမှု၌သာ စိတ်ကို ကောင်းစွာထားပြီး ''ဖောင်းတယ် ပိန်တယ်'' လို့ ကြောင့်ကြစိုက်ပြီး ရှုနေရမယ်၊ အဲဒီလို ကြောင့်ကြစိုက်ပြီး ရှုနေယင် လေ့ကျင့်သားရလာတဲ့အခါကျတော့ စိတ်ကြည်လင်တာကိုလဲ ထင်ရှားတွေ့ရတယ်၊ မှတ်ရတဲ့ အာရုံနဲ့ မှတ်စိတ် ကပ်လျက် ကပ်လျက် တည်ငြိမ်နေတာကိုလဲ ထင်ရှား တွေ့ရတယ်၊ ရှေ့အမှတ်နှင့် နောက်အမှတ် စိတ်ဘည်ငြိမ်ပုံချင်းတူနေတာကိုလဲ ထင်ရှားတွေ့ရတယ်၊ မှတ်သိရတဲ့ရုပ်နဲ့ မှတ်သိတဲ့စိတ် စသည်ဖြင့် ရုပ်နာမ် ၂-ပါးကိုလဲ ပိုင်းခြားသိဘယ်၊ အကြောင်းနဲ့ အကျိုး ၂-ပါးကိုလဲ ပိုင်းခြားသိဘယ်၊ ဖြစ်ပေါ်လာပြီး ပျောက်ကွယ်သွားလို့ မမြဲဘူးလို့လဲ အမှန်အတိုင်းသိရတယ်၊ ဖြစ်ချည်ပျက်ချည်

-နဲ့ ဆင်းရဲချည်းဘဲလို့လဲ အမှန်အတိုင်း သိရတယ်၊ သူ့သဘော အတိုင်း သူဖြစ်ပျက်နေတဲ့ အနတ္တသဘော တရားမျှဘဲလို့လဲ ထင်ရှားသိရတယ်၊ သိပုံအကျယ်တွေကိုတော့ ရှေးပိုင်းများက အသပ်ထပ်ပြောခဲ့ပါပြီ။ အဲဒီလို သိတဲ့အတွက် "သမ္ပဇာနာ-ကောင်းစွာ-မှန်စွာသိလျက်နေကြ" ဆိုတာနဲ့လဲအညီ ပြည့်စုံသွားပါတယ်၊ "ကာယဿ ယထာဘူတံ ဉာဏာယ- ကိုယ်ကို ဟုတ်တိုင်းမှန်စွာသိအောင် ရှုနေကြ" ဆိုတာနဲ့လဲအညီ ပြည့်စုံသွားပါတယ်။ အဲဒီလိုအမှန်အတိုင်းသိပြီးတော့ ဝိပဿနာဉာဏ်အစဉ်ဖြင့် သောတာပတ္တိမဂ်ဖိုလ်ကို မျက်မှောက်ပြုသွားနိုင်ပါတယ်၊ အဲဒီလို မျက်မှောက်ပြုပုံတွေကိုလဲ ရှေးပိုင်းများမှာ ပြောခဲ့ပါပြီ၊

ယခု ပြောခဲ့တာဟာ ရဟန်းသစ်များအား ကာယာနုပဿနာ သတိပဋ္ဌာန်ပွားစေဘို့ မြတ်စွာဘုရား၏ ညွှန်ကြားတိုက်တွန်းပုံဘဲ။ ဗုဒ္ဓမြတ်စွာဘုရားကို တကယ်ကြည်ညိုယင် ဗုဒ္ဓမြတ်စွာဘုရား၏ စကားတော်ကို တကယ်ယုံကြည်ယင် အဲဒီ ကာယာ-နုပဿနာသတိပဋ္ဌာန်ကို ကိုယ်တိုင်လဲ ပွါးစေကြရမယ်၊ မိမိတို့၏ တပည့်များကိုလဲ ပွါးစေရန် တိုက်တွန်းဟောပြောကြရမယ်။ သူတပါးက ဟောပြောနေတဲ့နည်းကို မကြိုက်ယင် မိမိကြိုက်တဲ့နည်းဖြင့် ပွါးများဘို့လိုပါတယ်၊ "ဘာဘာချားကိုမျှ မပွါးများပဲ အားမထုတ်ပဲ သူတပါးနည်းကို အပြစ်တင်နေယင်တော့ အကုသိုလ်ပွါးဘို့ရှိတာဘဲ၊ ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမကို မယုံကြည်ရာ မလိုက်နာရာလဲ ရောက်တယ်" ဆိုတာကို အထူး သတိပြုသင့်ပါတယ်။

နောက်ပြီးတော့ ဝေဒနာနုပဿနာ စသည်ကိုလဲ ပွါးစေရန် မြတ်စွာဘုရားက ဒီလို ဆက်ပြီးတိုက်တွန်းတော်မူပါတယ်။

ဝေဒနာနံ ယထာဘူတံ ဉာဏာယ-ခံစားမှုဝေဒနာတို့ကို ဟုတ်တိုင်းမှန်စွာ သိရန်အလို့ငှါ၊ဝေနာသု ဝေဒနာနုပဿိနော ဝိဟရထ-ခံစားမှုဝေဒနာတို့၌ ခံစားမှုဝေဒနာကို ရှုကြလျက် နေကြကုန်လော့-စသည်ဖြင့် ဝေဒနာနုပဿနာ ပွါးစေရန် ညွှန်ကြားတိုက်တွန်းတော်မူပါတယ်။

## ဝေဒနာသုံးပါးလုံး ရှုအပ်ကြောင်း

ဝေဒနာဆိုတာ အကောင်း အဆိုးခံစားမှုဘဲ၊ ကိုယ်ထဲက ညောင်းတာ ပူတာ နာကျင်တာ ယားတာ အခံခက်တာ ဆိုတာတွေဟာ ကိုယ်ဆင်းရဲ ဒုက္ခဝေဒနာတွေဘဲ၊ အဲဒါတွေ ဖြစ်ပေါ်လာယင် "ညောင်းတယ် ပူတယ် နာတယ်"စသည်ဖြင့် စူးစိုက်ပြီး ရှုမှတ်ရတယ်၊ အတွေ့ကောင်းများနဲ့ တွေ့ထိပြီး ချမ်းသာတာ ကောင်းတာက ကိုယ်ချမ်းသာဘဲ၊ အဲဒါကိုလဲ "ချမ်းသာတယ် ကောင်းတယ်"စသည်ဖြင့် စူးစိုက်ပြီး ရှုမှတ်ရတယ်။ စိတ်ညစ်တာ စိတ်ပျက်တာ နှလုံးမသာတာ ဝမ်းနည်းတာ စသည်တွေက စိတ်ဆင်းရဲတွေဘဲ၊အဲဒါတွေလဲ ဖြစ်ခိုက်မှာ "စိတ်ညစ်တယ် စိတ်ပျက်တယ်"စသည်ဖြင့် စူးစိုက်ပြီး ရှုမှတ်ရတယ်။ စိတ်ရွှင်တာ ဝမ်းသာတာ စသည်က စိတ်ချမ်းသာတွေ

ဘဲ၊ အဲဒါတွေကိုလဲ ဖြစ်ခိုက်မှာ "စိတ်ရွှင်တယ် ဝမ်းသာတယ်" စသည်ဖြင့် စူးစိုက်ပြီး ရှုမှတ်ရတယ်၊ စိတ်ထဲမှာ ဆင်းရဲတာလဲ မဟုတ်၊ ချမ်းသာတာလဲ မဟုတ်ပဲ အလယ်အလတ် ခံစားမှုလဲ ရှိတယ်၊ အဲဒါကတော့ ဥပေက္ခာဝေဒနာဘဲ၊ အဲဒါကိုတော့ သိနိုင်ခဲတယ်၊ အဲဒီ ဥပေက္ခာနဲ့ ယှဉ်တွဲပြီးဖြစ်တဲ့ စိတ်စေတနာ လောဘ သဒ္ဓါ သတိစသည်ကိုသာ ထင်ရှားသိရတတ်တယ်၊ အဲဒီ ထင်ရှားသိရတဲ့ တရားတွေကိုလဲ ရှုမှတ်ပြီး သိရတယ်၊ ဝိပဿနာဉာဏ် အားကောင်းတဲ့ အခါကျတော့ အဲဒီ ဥပေက္ခာ ဝေဒနာလဲ ထင်ရှားပေါ်လာတတ်တယ်၊ အဲဒီအခါကျတော့ ထင်ရှားတဲ့ အဲဒီ ဥပေက္ခာကိုလဲ ရှုမှတ်ရတယ်။ အဲဒီ ဝေဒနာ သုံးမျိုးလုံးကို ရှုမှတ်ပြီးသိဘို့ မြတ်စွာဘုရားက "ဝေဒနာသု- ဝေဒနာတို့၌" လို့ ဗဟုဝုစ်ဖြင့် ဟောတော်မူပါတယ်၊ အဲဒါကိုလဲ အထူးသတိပြုရမယ်။

ဒါပေမဲ့ ပုဂ္ဂိုလ် ၂-ဦး ၃-ဦးလောက်က ဉာဏ်ကွန့်ပြီးဟော ပြောရေးသားသားကြတာရှိတယ်၊ဝေဒနာသုံးပါးထဲက သုခနှင့် ဒုက္ခကိုမရှုရဘူး၊ ဥပေက္ခာကိုသာ ရှုရတယ်တဲ့။ အဲဒါကတော့ မိစ္ဆာဂါဟ သက်သက်မျှပါဘဲ၊ မဟာသတိပဋ္ဌာန သုတ်မှာ မြတ်စွာဘုရားက "သုခံ ဝါ ဝေဒနံ ဝေဒယမာနော-သုခဝေဒနာ ကို ခံစားလျှင်လဲ၊ သုခံ ဝေဒနံ ဝေဒယာမိတိ-သုခဝေဒနာကို ခံစားသည်ဟူ၍၊ပဇာနာတိ-သိ၏" စသည်ဖြင့် သုခဒုက္ခ ဥပေက္ခာ ဝေဒနာသုံးပါးလုံးကိုပင် ရှုပြီး သိဘို့ အထင်အရှား ဟောထား တော်မူပါတယ်။

နောက်ပြီးတော့ သင်္ခါယတနသံယုတ်ပါဠိတော် စသည်မှာ လဲ စက္ခုသမ္ဖဿပစ္စယာ- မျက်စိ အတွေ့- မြင်တွေ့ ဟူသော အကြောင်းကြောင့်၊ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ- သုခဖြစ်စေ,ဒုက္ခဖြစ်စေ,ဥပက္ခာဖြစ်စေ၊ ယမ္ပိ ဣဒံ ဝေဒယိတံ- အကြင်ခံစားမှုသည်လည်း၊ဥပ္ပဇ္ဇတိ-ဖြစ်ပေါ်၏၊ တမ္ပိ-ထိုသုံးပါး သော ခံစားမှုကိုလည်း၊ အဘိညာ-ရှေးရှုပြုလျက်သိ၍၊ ပရိညာ- အနိစ္စ စသည်ဖြင့် ပိုင်းခြားသိ၍၊ပဟာတဗ္ဗံ-ပယ်အပ်၏(၂၄၉)။ တမ္ပိ-ထိုသုံးပါးသော ခံစားမှုကိုလည်း၊ အနိစ္စတော ဇာနတော ပဿတော-မမြဲဟု သိမြင်သူအား၊ အဝိဇ္ဇာ ပဟီယတိ-အဝိဇ္ဇာ ကို ပယ်အပ်၏၊ ဝိဇ္ဇာ ဥပဇ္ဇတိ-ဝိဇ္ဇာဉာဏ်ဖြစ်ပေါ်၏ (၂၅၉)။ သော-ထိုရဟန်းသည်၊ သုခဉ္စေ ဝေဒနံ ဝေဒယတိ-သုခဝေဒနာ ကို ခံစားလျှင်၊ သာ အနိစ္စာတိ ပဇာနာတိ-ထိုသုခသည် မမြဲဟု သိ၏၊ ဒုက္ခဉ္စေ ဝေဒနံ ဝေဒယတိ-ဒုက္ခဝေဒနာကို ခံစားလျှင်၊ သာ အနိစ္စာတိ ပဇာနာတိ-ထိုဒုက္ခသည် မမြဲဟုသိ၏ (၄၁၄)။ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ-သုခဖြစ်စေ, ဒုက္ခဖြစ်စေ, ဥပေက္ခာဖြစ်စေ၊ယံကိဉ္စိ ဝေဒနံ ဝေဒေတိ-တစုံတခုသောအကြင် ဝေဒနာကိုခံစားလျှင်၊ သော-ထိုရဟန်းသည်၊ တာသု ဝေဒနာ သု-ထိုသုံးပါးသော ဝေဒနာတို့၌၊ အနိစ္စာနုပဿီ ဝိဟရတိ-မမြဲ ဟု ရှုလျက်နေ၏၊ (မူလပဏ္ဏာ ၃၁၈) ဤသို့စသည်ဖြင့် ဝေဒနာ သုံးပါးလုံးကိုပင် ရှုအပ်ကြောင်း အထင်အရှားဟောထားသည့် ဘုရားစကားတော် များစွာပင်ရှိပါတယ်။ ဒါကြောင့် သုခ ဒုက္ခကို မရှုရလို့ ဟောပြောရေးသားတာကတော့ ဘုရားအလို တော်နှင့် ဆန့်ကျင်ပြီး ဉာဏ်ကွန့်ချက်မျှပါဘဲ။

အမှန်စင်စစ်ကတော့ ဒွါရ ၆-ပါးက ထင်ရှားဖြစ်ပေါ်လာ သမျှ ရုပ်နာမ်တရားတွေဟာ ဝိပဿနာရှုအပ်တဲ့ ဥပါဒါနက္ခန္ဓာ တွေချည်းဘဲလို့ ကိန်းသေမှတ်ထားကြရမယ်။ အထူးအားဖြင့် ဝေဒနာနုပဿနာ အရာမှာ ဝေဒနာသုံးပါးလုံးကိုပင် ရှုအပ် တယ်၊ နာကျင်မှုစသော ဒုက္ခဝေဒနာကို ထင်ရှားနေပါလျက် မရှုမသိလျှင် ပဋိဃာနုသယကိန်းတယ်။ ငါ နာတယ်၊ နာလိုက် တာ စသည်ဖြင့် ဒေါသဖြစ်ခြင်း စိတ်ဆိုးခြင်း၏ အကြောင်းဖြစ် တယ်။ အတွေ့အထိကောင်းမှု၊ ဝမ်းသာမှု စသော သုခဝေဒနာ ကို ထင်ရှားနေပါလျက် မရှုမသိလျှင် ရာဂါနုသယကိန်းတယ်၊ နှစ်သက်သာယာမှု ဖြစ်ခြင်း၏ အကြောင်းဖြစ်တယ်။ နာတယ် အခံခက်တယ်၊ ကောင်းတယ် ဝမ်းသာတယ် စသည်ဖြင့် ဒုက္ခ သုခဝေဒနာများကို ဖြစ်တိုင်း ဖြစ်တိုင်း စူးစိုက်ပြီးရှုသိနေလျှင် အဲဒီပဋိဃာနုသယ၊ ရာဂါနုသယတွေ မကိန်းနိုင်ဘူး၊ ကင်းငြိမ်း တယ်၊ ဒါကြောင့် အဲဒီ ဒုက္ခ၊ သုခဝေဒနာကို အကြောင်းပြုပြီး စိတ်ဆိုးခြင်း၊ နှစ်သက်ခြင်း မဖြစ်ရတော့ဘူး။

ဒီနေရာမှာ မိမိ၏ ကိုယ်တွေ့ကလေးကို ထည့်ပြောချင်တယ်၊ တခါက မိမိမှာ ကင်းမြီးကောက် အထိုးခံရတယ်၊ ကင်းမြီး ကောက် ထိုးယင် အလွန်နာတာဘဲ၊ ရက်တပတ်လည်အောင် နာနေတတ်ပါတယ်၊ ဒါပေမဲ့ အဲဒီအခါတုန်းက နာတဲ့နေရာကို သေသေချာချာစူးစိုက်ပြီး နာတယ် နာတယ်လို့ ရှုမှတ်နေတော့ နာတာလဲ သိပ်အခံရမခက်ဘူး သက်သာတယ်၊ စိတ်ဆိုးတဲ့ မခံ ချင်တဲ့ ဒေါသလဲ မဖြစ်ဘူး၊ နာတာကလေးတွေက တဆက်ဘည်း

မဟုတ်ပဲ တပိုင်းစီ တပိုင်းစီ ပြတ်ပြတ်ပြီး ထင်ပေါ်နေတယ်၊ ကိုယ်ထဲမှာ အသစ်အသစ်ကျကျလာသလိုဘဲ ထင်ရှားနေတယ်၊ ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားလို့ မမြဲဘူးဆိုတာအလွန်ပင်ထင်ရှား နေပါတယ်၊ အဲဒါဟာ စူးစိုက်ပြီး ရှုမှတ်နေလို့ အမှန်အတိုင်း သိပြီး ပဋိဃာနုသယကင်းနေပုံ ကိုယ်တွေ့ပါဘဲ။ ဒါကြောင့် "ဒုက္ခဝေဒနာ ဖြစ်ပေါ်လာတဲ့အခါ ရှုမှတ်ပြီး သိနေတာဟာ အလွန်ကောင်းမြတ်တဲ့ နည်းဘဲ" ဆိုတာ ထင်ရှားပါတယ်၊ "ဝေဒနာတွေကို ဟုတ်တိုင်းမှန်စွာ သိရန်အလို့ငှါ ရှုနေကြ" ဆိုတဲ့ ညွှန်ကြားချက်နှင့်လဲ ညီညွတ်တဲ့ အကျင့်မြတ်ပါဘဲ။

## စိတ္တာနုပဿနာ ပွားခေပုံ

နောက်ပြီးဘော့-ဧတ္တသာ ယထာဘူတံဉာဏာယ-စိတ်ကိုဟုတ် ဘိုင်းမှန်စွာသိရန်အလို့ငှါ၊ စိတ္တေစိတ္တာနုပဿိနော ဝိဟရထ-စိတ် ၌ စိတ်ကိုရှုကြလျက်နေကြကုန်လော့ တဲ့၊ ဒါက စိတ္တာနုပဿနာ သတိပဋ္ဌာန်ကို ပွားစေရန် ညွှန်ကြားပုံဘဲ။

မဟာ သတိပဋ္ဌာနသုတ်မှာတော့ "သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ- တပ်မက်မှုနှင့်တကွ ဖြစ်သော စိတ်ကို တပ်မက်မှုနှင့်တကွ ဖြစ်သောစိတ်ဟု သိ၏" ဝသည်ဖြင့် စိတ်ရှု သိပုံကို ပြထားတယ်။ စိတ်ဆိုတာ ပကတိ လူတွေမှာ သူဖြစ် ချင်သလို ဖြစ်နေတယ်၊ သူသွားလိုရာ သွားနေတယ်၊ ဘယ် သူကမှ ကန့်ကွက် တားမြစ်ခြင်း ချုပ်ထိန်းခြင်း မရှိဘူး၊ အဲဒီလို အချုပ်အထိန်းမရှိဘဲ လွတ်လွတ်လပ်လပ် အလိုရှိရာ

စိတ်ကူးနေရတာကို လူအများကကြိုက်နေကြတယ်၊အဲဒီလိုစိတ်ကို မထိန်းသိမ်းဘဲ လွှတ်ထားတဲ့အတွက် လောဘ ဒေါသစိတ်တွေ အားကြီးလာတဲ့ အခါကျတော့ သူတပါးကိုမငဲ့ဘဲ ကိုယ်လုပ်ချင်ရာ လျှောက်လုပ်တတ်တယ်၊ရာဇဝတ်မှုကို ပြုမိယင် မကောင်းကျိုးကိုလက်ငင်းခံစားရတော့တာဘဲ၊ဒုစရိုက်အမှုတွေပြုမိယင်လဲ သံသရာတလျှောက်လုံး အပါယ်လေးပါး စသည် ကျရောက်ပြီး ဆင်းရဲဒုက္ခတွေကို ခံစားသွားကြရတယ်။ ဒါကြောင့် ဒီစိတ်ကို ရှုမှတ်ပြီး ထိန်းသိမ်းဘို့ လိုပါတယ်။ဘယ်လိုလဲဆိုတော့ တပ်မက်နှစ်သက်တဲ့စိတ် ဖြစ်တဲ့အခါ အဲဒီစိတ်ကို တပ်မက်တယ် နှစ်သက်တယ် လိုချင်တယ် သာယာတယ်စသည်ဖြင့် ရှုမှတ်ပြီးသိရတယ်၊ အဲဒါဟာ သရာဂစိတ်ကို သိပုံဘဲ၊သရာဂစိတ်ဆိုတာ လောဘနှင့် တကွဖြစ်သော စိတ်ရှစ်ခုလို့ အဋ္ဌကထာက ဖွင့်ထားတယ်။

အဲဒါဟာ အဘိဓမ္မာနည်းအရ သရုပ်ခွဲပြီး ဖွင့်ပြထားတာဘဲ၊ဒါပေမဲ့ တကယ်ရှုသိတဲ့ အခါကျတော့ အရေအတွက်တွေနဲ့ ဆင်ခြင်ပြီး ရှုရတာမဟုတ်ဘူး၊ ဖြစ်ပေါ်ဆဲ လောဘ စိတ်ကလေးကို ရှုရတာပါဘဲ။အဲဒီလိုရှုသိလိုက်တော့ အဲဒီ လောဘ စိတ်ကချုပ်ငြိမ်းသွားတယ်၊ ရှုသိတဲ့ ကုသိုလ်စိတ်သာ ဖြစ်နေတယ်၊ အဲဒီစိတ်ကို ဝီတရာဂစိတ် ခေါ်တယ်၊အဲဒီစိတ်ကိုလဲရှုသိရတာဘဲ။ ထို့အတူ ဒေါသစိတ် ပျံ့လွင့်စိတ် ယုံမှားစိတ် စသည်ဖြစ်ယင်လဲ အဲဒီစိတ်များကို ရှုသိရတာဘဲ။ ဒါပေမဲ့ စိတ်သက်သက်က စပြီး ရှုလိုကတော့ သမာဓိဉာဏ်ဖြစ်ဖို့ မလွယ်ဘူး၊ထင်ရှားတဲ့ ရုပ်က စပြီးရှုရတယ်၊ ဘုန်းကြီးတို့ကတော့ ဖောင်းရုပ် ပိန်ရုပ်က စပြီး

ရှုဘို့ညွှန်ပြနေတယ်၊ ဒါကြောင့် ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ်စသည်ဖြင့် ရုပ်အမှုအရာကိုရှုမှတ်နေယင်းလိုချင်တဲ့စိတ် ဖြစ်လာယင် လိုချင်တယ်လို့ရှုမှတ်ပြီး သိရတယ်၊ အဲဒီလိုရှုမှတ်ပြီး သိလိုက်ယင် အဲဒီလိုချင်တဲ့စိတ်ဟာ ကင်းပျောက်သွားလိမ့်မယ်။အကယ်၍ တကြိမ်ရှုရုံနဲ့ မပျောက်သေးယင် ၂-ကြိမ် ၃-ကြိမ်စသည်ဖြင့် မပျောက်မချင်း ရှုရတယ်၊ဆေးစားရတာလိုပေါ့၊ တကြိမ် ၂-ကြိမ်ဆေးစားရုံနဲ့ ရောဂါကမပျောက်သေးယင် ဆေးကိုအကြိမ်ကြိမ်ထပ်ပြီးစားရတယ်၊အဲဒါလိုဘဲ လိုချင်တဲ့စိတ် မပျောက်မချင်း အကြိမ်ကြိမ်ထပ်ပြီး ရှုမှတ်နေရတယ်၊ ပျောက်သွားတဲ့အခါ ရှုမှတ်နေကျ ဖောင်းမှု ပိန်မှုစသည်ကို ပြန်ပြီး ရှုမှတ်နေရတယ်။ ထို့အတူပင်ဒေါသစိတ် ပျံ့လွင့်စိတ်စသည် ဖြစ်လာယင်လဲအဲဒီစိတ်များကိုရှုမှတ်ရတာဘဲ၊ ပျောက်သွားတဲ့အခါ မှတ်နေကျပြန်မှတ်ရတယ်။

အဲဒီလို စိတ်ကူးကြံစည်မှုသာ မဟုတ်သေးဘူး၊ ညောင်းမှု ပူမှုစသည်တွေ ထင်ရှားဖြစ်ပေါ်လာယင်လဲ လိုက်မှတ်ရတာဘဲ၊ မြင်မှု ကြားမှုစသည်တွေ ပေါ်လာယင်လဲ လိုက်မှတ်ရတာဘဲ။ ''အဲဒီလို ပေါ်ရာပေါ်ရာ လိုက်မှတ်တော့ စိတ်မပျံ့လွင့်ပေဘူးလား''လို့ တချို့က စောဒနာကြတယ်၊ အဲဒါကတော့ ဝိပဿနာ သမာဓိအကြောင်းကို နားမလည်လို့ စောဒနာတာ ပါဘဲ။ အမှန်ကတော့ ဝိပဿနာသမာဓိ ဆိုတာ တခုတည်းသော အာရုံ၌သာ ဖြစ်တာမဟုတ်ဘူး၊ ဝိပဿနာဉာဏ်ကလဲ တခုတည်းသောသဘော တရားကိုသာ သိရတာမဟုတ်ဘူး (သမ္မံ ပရိညေ

ယံ၂) အလုံးစုံကို ပိုင်းခြားသိရမည်လို့ ဟောထားတဲ့အတိုင်း ဒွါရ ၆-ပါးက ထင်ရှား ဖြစ်ပေါ်လာသမျှ အကုန်လုံးကို သိရတယ်၊ "ဝိပဿနာဉာဏ်က အကုန်လုံးသိရတယ်" ဆိုတော့ဝိပဿနာသမာဓိကလဲ ပေါ်ရာပေါ်ရာအာရုံမှာ အခိုက်အတန့်အားဖြင့် တည်တည်သွားရတယ်၊ ဒါကြောင့် သမာဓိမပျက်ပါဘူး၊ ရှုမှတ်ရာအာရုံမှာ ကပ်ခနဲ ကပ်ခနဲ တည်တည်သွားပါတယ်၊ အဲဒီလို တည်တည်သွားလို့ ဉာဏ်ကလဲ အနိစ္စသည်ကို အမှန်အတိုင်း သိသိသွားပါတယ်။

## ဓမ္မာနုပဿနာ ပွားစေပုံ

နောက်ပြီးတော့—ဓမ္မာနံ ယထာဘူတံ ဉာဏာယ-သဘောတရားတို့ကို ဟုတ်တိုင်းမှန်စွာသိရန်အလို့ငှါ၊ဓမ္မေသု ဓမ္မာနုပဿိ-နော ဝိဟရထ-သဘောဘရားတို့၌ သဘောတရားကိုရှုကြလျက်နေကြကုန်လော့—တဲ့။ ဒါက ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကို ပွားစေရန်ညွှန်ကြားပုံဘဲ။

သဘောတရားဆိုတာက ကာယဆိုတဲ့ ရုပ်အပေါင်း,ခံစားမှုဝေဒနာ, ကြံစည်စိတ်ကူးမှု စိတ်ဆိုတဲ့ ဒီသုံးပါးအဖြစ်ဖြင့်မထင်ရှားဘဲ သာမန်သဘောတရားအနေဖြင့် ထင်ရှားပေါ်လာတာတွေပါဘဲ၊ နှစ်သက်လိုချင်မှု စိတ်ဆိုးမှုအနေစသည်ဖြင့်ဖြစ်စေ၊ မျက်စိအဆင်းမြင်မှုအနေစသည်ဖြင့် ဖြစ်စေ၊ ပေါ်လာတာတွေကို သဘောတရားအနေဖြင့် ရှုသိဘို့ပါဘဲ။

ယခု ပြောခဲ့တဲ့ တိုက်တွန်းညွှန်ကြားပုံထဲမှာ "ယထာဘူတံ ဉာဏာယ-ဟုတ်တိုင်းမှန်စွာ သိရန်အလို့ငှါ ရှုရမယ်"ဆိုတာကို အထူးသတိပြုကြရမယ်၊ ကာယ ဝေဒနာ စိတ္တ ဓမ္မ ဆိုတဲ့ရုပ်နာမ်တရားတွေကို အမှန်အတိုင်းသိဘို့ ရှုရမယ်လို့ ဆိုလိုတာပါဘဲ၊ ဘယ်လို သိရမှာလဲ ဆိုလျှင်–ရုပ်နဲ့နာမ် ၂-ပါးမျှ ရှိတယ်ဆိုတာလဲ အမှန်အတိုင်းသိဘို့၊ အကြောင်းနဲ့အကျိုးမျှ ရှိတယ်ဆိုတာလဲ အမှန်အတိုင်းသိဘို့၊ ခဏမစဲ ဖြစ်ပျက်နေတယ် ဆိုတာလဲ အမှန်အတိုင်းသိဘို့၊ အနိစ္စ-မမြဲဘူး၊ ဒုက္ခ-ဆင်းရဲဘဲ၊ အနတ္တ-အစိုးမရ-အတ္တ မဟုတ်တဲ့ သဘောတရားမျှဘဲ ဆိုတာလဲ အမှန်အတိုင်း သိဘို့ပါဘဲ၊ အဲဒါတွေဟာ မူလက ကိုယ်ပိုင်ဉာဏ်ဖြင့် မသိရသေးတာတွေဘဲ၊ အဲဒါတွေကို ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်အတိုင်းသိဘို့ရာ ရှုရတယ်ဆိုတာအလွန်ပင် ထင်ရှားနေပါတယ်။

ဒီနေရာမှာ စဉ်းစားကြည့်ပါ၊ စာစာက သုတမယဉာဏ်ဖြင့် ကျက်မှတ်ပြီးတော့ ရုပ်နာမ်တွေ, ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးတွေ, အဖြစ်အပျက်တွေ, အနိစ္စ ဒုက္ခ အနတ္တသဘောတွေကို ကျက်မှတ်ထားတဲ့အတိုင်း ဆင်ခြင်နေခြင်းဖြင့် အဲဒီလိုကိုယ်ပိုင်အသိဉာဏ်တူး ဖြစ်ပါမည်လား၊ ကျက်မှတ်ထားတဲ့ သိပြီးသားအတိုင်းသာ သိရုံမျှရှိမှာဘဲ၊ ထူးခြားတဲ့ ကိုယ်ပိုင်အသိဉာဏ် ကတော့ ဖြစ်ဖွယ်မရှိကြောင်း ထင်ရှားပါတယ်။ ဒါကြောင့် သတိပဋ္ဌာန်လေးပါး ပွားစေဘယ် ဆိုတာ တကယ်ဖြစ်ပေါ်နေတဲ့ ကာယ ဝေဒနာ စိတ္တ ဓမ္မ ဆိုတဲ့ အာရုံလေးပါးကို ဖြစ်တိုင်းဖြစ်တိုင်း သိအောင် လိုက်ပြီးရှုနေဘို့သာ

လိုတယ်၊ သုတမယဉာဏ်ဖြင့် ဆင်ခြင်ဘို့တော့ မလိုဘူး၊ ဖြစ်ခိုက် ဖြစ်ခိုက်မှာ စူးစူးစိုက်စိုက် မပြတ်လိုက်ပြီး ရှုနေယင် ကာယ ဝေဒနာ စိတ္တ ဓမ္မတို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်အတိုင်း သိနိုင်တယ်၊ အဲဒီလို အမှန်အတိုင်း သိတဲ့ ကိုယ်ပိုင်ဉာဏ်ထူးဖြစ်ဖို့ ရာအတွက် ရည်ရွယ်ပြီးတော့ မြတ်စွာဘုရားက "ယထာဘူတံ ဉာဏာယ-ဟုတ်တိုင်းမှန်စွာ သိရန်အလို့ငှါ" ဆိုတဲ့ရည်ရွယ်ချက်ကိုပါ ထည့်သွင်းဟောတော်မူတယ် ဆိုတာကို မြဲမြံစွာမှတ်ထား ကြရမယ်။

ယခုပြောခဲ့တဲ့အတိုင်း သတိပဋ္ဌာန်လေးပါးပွားစေဘို့ တိုက်တွန်း ညွှန်ကြားတာ ကတော့ ရဟန်းသစ်များ အတွက်ပါဘဲ၊ ဘယ်ထိအောင် ပွားစေရမလဲ ဆိုတော့ သောတာပတ္တိမဂ်ရောက်အောင် ပွားစေရမယ် တဲ့။ သောတာပတ္တိမဂ်ရောက်ယင် သေက္ခ ဆိုတဲ့ ကျင့်ဆဲအရိယာပုဂ္ဂိုလ်ဖြစ်သွားပြီ၊ အဲဒီ ကျင့်ဆဲ သေက္ခ ပုဂ္ဂိုလ်တွေ ကျင့်ပုံကိုလဲ မြတ်စွာဘုရားက ဒီလို ဆက်ပြီး ဟောတော်မူပြန်ပါတယ်။

## သေက္ခပုဂ္ဂိုလ်များလဲ သတိပဋ္ဌာန်ကို ပွားနေကြတယ်

ဘေပိ-ထိုကျင့်ဆဲ သေက္ခပုဂ္ဂိုလ်တို့သည်လည်း၊ ကာယဿ ပရိညာယ-ရုပ်အပေါင်းကာယကို အနိစ္စ စသည်ဖြင့် ပိုင်နိုင်စွာ သိ၍ စွန့်ပယ်နိုင်ရန်အလို့ငှါ၊ ကာယေ ကာယာနုပဿီ နော ဝိဟရန္တိ-ရုပ်အပေါင်းကိုယ်၌ ရုပ်အပေါင်းကိုယ်ကို ရှုလျက်နေ

ကြကုန်၏- စသည်ဖြင့် အရဟတ္တမဂ်အထိ ပဟာနပရိညာဖြင့် ပယ်နိုင်ရန်အတွက် သတိပဋ္ဌာန်လေးပါးကို ပွားနေကြကြောင်း ပြတော်မူပါတယ်။

ကျင့်ဆဲသေက္ခပုဂ္ဂိုလ်တွေသာ မဟုတ်သေးဘူး၊ ကျင့်ခြင်းကိစ္စ ပြီးစီး ပြည့်စုံပြီး ဖြစ်တဲ့ အသေက္ခခေါ် ရဟန္တာအရှင်မြတ်တွေလဲ သတိပဋ္ဌာန်လေးပါးကို ပွားစေလျက်ပင် နေကြကြောင်းကို ဒီလိုဆက်ပြီး ဟောကြားတော်မူပြန်ပါတယ်။

## ရဟန္တာများလဲ သတိပဋ္ဌာန်ကို ပွားနေကြတယ်

ဘိက္ခဝေ-ရဟန်းတို့၊ ယေပိ တေ ဘိက္ခူ အရဟန္တော-ရဟန္တာဖြစ်ပြီးသော အကြင် ရဟန်းတို့ သည်လည်း၊ ခီဏာသဝါ-ကုန်ပြီးသော အာသဝေါ ရှိကုန်၏၊ ဝါ-အာသဝေါကုန်ကာ ကိလေသာကင်းကြပေပြီ၊ ဝုသိတဝန္တော-ကျင့်သုံးခြင်းကိစ္စ ပြီးစီးကြပေပြီ၊ ကတကရဏီယာ- ပြုဘွယ်ကို ပြုခြင်း ကိစ္စပြီးကြပေပြီ၊ ဩဟိတဘာရာ- ဝန်ထုပ် သုံးမျိုးကို ချထားပြီးကြပေပြီ၊ အနုပ္ပတ္တသဒတ္ထာ- အရဟတ္တ ဖိုလ်ဟူသောမိမိ၏ အကျိုးကို ရောက်ပြီး ရပြီးဖြစ်ကြပေပြီ၊ ပရိက္ခီဏဘဝသံယောဇနာ- ဘဝသံယောဇဉ်ဟူသမျှ လုံးဝကုန်ကြပေပြီ၊ သမ္မဒညာဝိမုတ္တာ-မှန်စွာသိ၍ လွတ်မြောက်ကြပေပြီ၊ တေပိ- ထိုရဟန္တာရဟန်းတို့သည်လည်း၊ ကာယေ ကာယာနုပဿိနော ဝိဟရန္တိ-ရုပ်အပေါင်းကိုယ်၌ ရုပ်အပေါင်းကိုယ်ကို ရှုလျက် နေကြကုန်၏၊ အာတာ

ဝိနော-ပြင်းစွာ ကြောင့်ကြပူကုန်လျက်၊ သမ္ပဇာနော-မှန်စွာသိကြလျက်၊ ဧကောဒိဘူတာ- ရှေးစိတ် နောက်စိတ် တည်ငြိမ်ပုံတမျိုးတည်းရှိကြသည်ဖြစ်၍၊ဝိပ္ပသန္နာစိတ္တာ၊ကြည်လင်သောစိတ်ရှိကုန်လျက်၊ သမာဟိတာ-ကောင်းစွာထားနိုင်ကြသဖြင့်၊ ဧကဂ္ဂစိတ္တာ-တည်ငြိမ်သောစိတ်ရှိကြလျက်၊ ကာယေန ဝိသံယုတ္တာ-ရုပ်အပေါင်းကိုယ်နှင့် ယှဉ်တွဲခြင်း မရှိကြဘဲ၊ ဝိဟရန္တိ-နေကြကုန်၏-စသည်ဖြင့်သတိပဋ္ဌာန်လေးပါးပွါးစေလျက်ရှိနေကြကြောင်းပြတော်မူပါတယ်။

## ဥပါဒါနက္ခန္ဓာရှုတာနှင့် သတိပဋ္ဌာန်သာ နိဗ္ဗာန်ရောက်ကြောင်းမှတ်

ဒီသာလသုတ်မှာ ပုထုဇဉ်ရဟန်းသစ်က စပြီး သေက္ခအရိယာပုဂ္ဂိုလ်တွေရော,ရဟန္တာပုဂ္ဂိုလ်တွေရောသတိပဋ္ဌာန်လေးပါးပွါးစေလျက် နေကြကြောင်းကို မြတ်စွာဘုရားက ဟောတော်မူပါတယ်။ အဲဒါဟာသီလဝန္တသုတ်မှာ ပုထုဇဉ်ကစပြီး သောတာပန် သကဒါဂါမ် အနာဂါမ်တွေရော, ရဟန္တာအရှင်မြတ်တွေရော, ဥပါဒါနက္ခန္ဓာငါးပါးကို ရှုအပ်ကြောင်း ပြဆိုချက်နှင့်သဘောအားဖြင့် တူပါတယ်၊ သတိပဋ္ဌာန်ကို ပွားစေတယ်ဆိုတာက သမ္မာသတိနှင့်တကွ အာရမ္မဏိက မဂ္ဂင်ရှစ်ပါးပွားစေပုံကိုပြတယ်၊ ဥပါဒါနက္ခန္ဓာငါးပါးရှုတယ် ဆိုတာက မဂ္ဂင်ရှစ်ပါး၏အာရုံကို ပြတယ်၊ ဥပါဒါနက္ခန္ဓာကို ရှုတယ်ဆိုယင်

သမ္မာသတိစသော မဂ္ဂင်ရှစ်ပါး ဖြစ်ပွားတာဘဲ၊ သတိပဋ္ဌာန်လေးပါးပွားစေတယ် ဆိုယင်လဲ ဥပါဒါနက္ခန္ဓာကို ရှုရတာဘဲ၊ ကာယ ဝေဒနာ စိတ္တ ဓမ္မ ဆိုတဲ့ သတိပဋ္ဌာန်လေးပါး၏ အာရုံတွေဟာ မြင်မှု ကြားမှုစသော ဥပါဒါနက္ခန္ဓာတွေပါဘဲ၊ ကာယ ဆိုတာ ဥပါဒါနက္ခန္ဓာအရဆိုယင်ရုပ်ဥပါဒါနက္ခန္ဓာဘဲ၊ ဝေဒနာ ဆိုတာက ဝေဒနာဥပါဒါနက္ခန္ဓာဘဲ၊ စိတ္တ ဆိုတာက ဝိညာဏ် ဥပါဒါနက္ခန္ဓာဘဲ၊ ဓမ္မ ဆိုတာက သညာ သင်္ခါရ ဥပါဒါနက္ခန္ဓာ ၂-ပါးနှင့်တကွ သာမန်ရုပ် ဝေဒနာ စိတ်သဘောတရားတွေဘဲ။ ဒါကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ယခု ဘဝတွင် မျက်မှောက်ပြုချင်ယင် ဥပါဒါနက္ခန္ဓာ ငါးပါးကို ရှုပြီး သမ္မာသတိအစရှိတဲ့ မဂ္ဂင်တရားတွေကို ဖြစ်ပွားစေရမယ်၊ တနည်းအားဖြင့် ပြောရယင် ဥပါဒါနက္ခန္ဓာငါးပါးနှင့် အရတူတဲ့ ကာယ ဝေဒနာ စိတ္တ ဓမ္မ ဆိုတဲ့ အာရုံလေးပါးကို ရှုပြီး သတိပဋ္ဌာန်လေးပါးကို ဖြစ်ပွားစေရမယ်၊ ဒီနည်း ၂-ပါးထဲက တပါးပါးဖြင့်မှန်ကန်စွာ ရှုပြီး မဂ္ဂင်ရှစ်ပါးပွားစေမှ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်၊ ဒီ ၂-နည်းမှတပါး မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း အခြားနည်း မရှိဘူးဆိုတာ ကိန်းသေမှတ်ထားကြရမယ်။

ဒီ စကားရပ်ထဲမှာ စောဒနာစရာရှိပါတယ်၊ ဘယ်လိုလဲ ဆိုတော့-ဗုဒ္ဓါနုဿတိအစရှိတဲ့ နိဗ္ဗာန်ရောက်ကြောင်း ကမ္မဋ္ဌာန်းတွေလဲ ရှိသေးတယ် မဟုတ်ပါလားလို့ စောဒနာစရာရှိပါတယ်၊ ဗုဒ္ဓါနုဿတိစသော သမထကမ္မဋ္ဌာန်းတွေ ရှိတာကတော့

မှန်ပါတယ်၊ သို့ပေမဲ့ အဲဒီသမထကမ္မဋ္ဌာန်းတွေက ဝိပဿနာ မဂ္ဂင်ပွားစေမှု၏ အခြေခံမျှသာ ဖြစ်ပါတယ်၊ ဝိပဿနာမရှုဘဲ အဲဒီသမထဘာဝနာသက်သက်မျှဖြင့် အရိယာမဂ်ဖိုလ်သို့မရောက် နိုင်ပါဘူး၊ သမထဘာဝနာ၏ အစွမ်းဖြင့် နီဝရဏကင်းနေတဲ့ အခါ အဲဒီအခိုက်မှာ ထင်ရှားတဲ့ သမထဘာဝနာ စိတ်စေ တသိက်များကိုဖြစ်စေ၊ အခြားရုပ်နာမ်ကိုဖြစ်စေ ရှုပြီး အနိစ္စ စသော အခြင်းအရာဖြင့် မှန်စွာသိပါမှ ဝိပဿနာဉာဏ်အစဉ် ဖြင့် အရိယမဂ်ဖိုလ်သို့ ရောက်နိုင်ပါတယ်၊ ဒါကြောင့် သတိ ပဋ္ဌာန်ပွားစေတဲ့နည်း, ဥပါဒါနက္ခန္ဓာ ရှုတဲ့နည်းများမှတပါး မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း အခြားနည်း မရှိဘူးလို့ပြောခဲ့ တာဘဲ၊

ယခုပြောခဲ့တာတွေဟာ ရဟန္တာပုဂ္ဂိုလ်မှာ သတိပဋ္ဌာန် လေးပါးကို အပြည့်အစုံပွားစေပြီး ဖြစ်တယ်ဆိုတဲ့ ရဟန္တာ ခွန်အားကို ပြောလာခဲ့တာတွေဘဲ၊ ရဟန္တာမှာ သတိပဋ္ဌာန် လေးပါးကို လိုလေသေးမရှိ ပွားစေပြီးဖြစ်တယ် ဆိုတော့ သတိပဋ္ဌာန်လေးပါးကို အလိုရှိတိုင်း ပွားစေနိုင်တယ်၊ အမှတ် တမဲ့ ပြုမိတဲ့ ကိုယ်အမူအရာမရှိဘူး၊ ဒါကြောင့် ရဟန္တာများ မှာ အကြောင်းမဲ့ လက်ခြေဆော့ခြင်း ဆိုတဲ့ ဟတ္ထကုက္ကုစ္စ ပါဒကုက္ကုစ္စတွေ ကင်းနေတာဘဲ၊ နောက်ပြီးတော့ အမှတ် တမဲ့ ပြောမှားမိတာလဲ မရှိဘူး၊ မရှုနိုင် မသိနိုင်တဲ့ စိတ်တွေ သဘောတရားတွေ ဆိုတာလဲ မရှိဘူး၊ ဒုက္ခဝေဒနာကို မရှုနိုင် လို့ ညည်းညူခြင်း လှုပ်ရှားခြင်းလဲ ရဟန္တာမှာမရှိဘူးလို့ သိရ

ပါတယ်။ အဲဒီလို-သတိပဋ္ဌာန်လေးပါးလုံးမှာ နိုင်နင်းပြည့်စုံနေတဲ့အတွက် အဲဒီခွန်အားကို အကြောင်းပြုပြီးတော့လဲ ရဟန္တာပုဂ္ဂိုလ်က ငါ့မှာ အာသဝေါကုန်ပြီလို့ အာသဝေါကိလေသာကုန်ကြောင်း ဝန်ခံပါသတဲ့။

အပိုင်းအရအားဖြင့် သတ္တမပိုင်း, နေ့ရက်အရအားဖြင့် ဝါခေါင်လဆုတ် (၈) ရက်နဲ့ တော်သလင်းလပြည့်နေ့များမှာ အနာဂါမ်က ရဟန္တာဖြစ်အောင် ဥပါဒါနက္ခန္ဓာငါးပါး ရှုလျက် အားထုတ်ပုံလဲ ဟောခဲ့ပြီ၊ ရဟန္တာဖြစ်ပြီးတော့ ပစ္စဝေက္ခဏာ ဆင်ခြင်ပုံလဲဟောခဲ့ပြီ၊ အဲဒီကနောက် ရဟန္တာ၏ ခွန်အား (၁၀)ပါးကို ဟောလာခဲ့ရာမှာ ခွန်အား ၄ပါးတော့ ပြီးသွားပြီ၊ အဲဒီမှာ စတုတ္ထ ခွန်အားအရ သတိပဋ္ဌာန်လေးပါးကို ရဟန္တာများလဲ ပွားများနေပုံနှင့် သီလဝန္တသုတ်မှာ ရဟန္တာများလဲ ဥပါဒါနက္ခန္ဓာငါးပါးကို ရှုအပ်ကြောင်း ပြဆိုချက်ကို နှိုးနှော၍ပြီး မှတ်သားဘို့ရာ ယခု သီလဝန္တသုတ်မှ နောက်ဆုံးပိုင်းအမေးအဖြေကို အကျဉ်းချုပ် ဆက်ပြီး ဟောရမယ်။

## ရဟန္တာ ဘာကိုရှုရသလဲ

အရဟတာ ပနာဝုသော သာရိပုတ္တ ကတမေ ဓမ္မာ ယောနိသော မနသိ ကာတဗ္ဗာ။

အာဝုသော သာရိပုတ္တ-ငါ့ရှင် သာရိပုတ္တရာ၊ အရဟတာ ပန- ရဟန္တာပုဂ္ဂိုလ်သည်ကား၊ ကတမေ ဓမ္မာ-အဘယ်တရား

တို့ကို၊ ယောနိသော- သင့်သောအကြောင်းအားဖြင့်၊ ဝါ-နည်းမှန်လမ်းမှန်အားဖြင့်၊ မနသိ ကာတဗ္ဗာ-နှလုံးသွင်းအပ် ရှုအပ်ပါကုန်သနည်း-တဲ့။

အဲဒီလို အရှင်မဟာကောဋ္ဌိက မထေရ်က မေးပါတယ်၊ မေးသင့် မေးထိုက်တာတွေကို အကုန်မေးတာဘဲ၊ ဒီသုတ်မှာ ဝိပဿနာရှုပုံနှင့် စပ်ပြီး အကုန်လုံးပြည့်စုံနေတာဘဲ။ အဲဒီ အမေးကို အရှင်သာရိပုတ္တရာမထေရ်မြတ်က ဒီလိုဖြေကြားတော်မူပါတယ်။

> အရဟတာပိ ခေါ အာဝုသော ကောဋ္ဌိက ဣမေ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော ဒုက္ခတော။ပ။ အနတ္တတော ယောနိသော မနသိ ကာတဗ္ဗာ တဲ့။

အာဝုသော ကောဋ္ဌိက-ငါ့ရှင် ကောဋ္ဌိက၊ အရဟတာပိ-ရဟန္တာ ပုဂ္ဂိုလ်သည်လည်း၊ ဣမေ ပဉ္စုပါဒါနက္ခန္ဓာ-ဤငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို၊ အနိစ္စတော-မမြဲဟု၊ ဒုက္ခတော-ဆင်းရဲဟု။ပ။ အနတ္တတော-အနတ္တဟု၊ ယောနိသော- နည်းမှန်လမ်းမှန်အားဖြင့်၊ မနသိ ကာတဗ္ဗာ-နှလုံးသွင်းအပ် ရှုအပ်ကုန်၏-တဲ့။ ပုထုဇဉ် သောတာပန် သကဒါဂါမ် အနာဂါမ် ရှုပုံတွေနဲ့အတူတူပါဘဲ၊ အဲဒီ အမေးအဖြေ ၂-ရပ်ကို ‘‘ရဟန္တာကား ဘယ်တရား၊ ရှုပွါးအပ်သနည်း။ ရဟန္တာလဲ၊ ခန္ဓာဘဲ၊ ရှုမြဲနည်းတူသည်’’ လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

(၁) ရဟန္တာကား၊ ဘယ်တရား၊ ရှုပွားအပ်သနည်း။
(၂) ရဟန္တာလဲ ခန္ဓာဘဲ၊ ရှုမြဲ နည်းတူသည်။

ရဟန္တာပုဂ္ဂိုလ်ကလဲ ပုထုဇဉ် သောတာပန် သကဒါဂါမိ အနာဂါမိများလိုပင် ဥပါဒါနက္ခန္ဓာငါးပါးကို အနိစ္စ အစ ရှိသော ၁၁-ပါးသော အခြင်းအရာတို့ဖြင့် နည်းတူပင် ရှုနေပါ တယ်-တဲ့၊ အဲဒီတော့ ဥပါဒါနက္ခန္ဓာငါးပါးကိုရှုတာဟာ ကာယ ဝေဒနာ စိတ္တ ဓမ္မတို့ကို ရှုပုံနှင့် တထပ်တည်းတူနေပါတယ်၊ ကာယဝေဒနာ စိတ္တ ဓမ္မဆိုတာလဲ တရားကိုယ်အားဖြင့် ဥပါဒါ နက္ခန္ဓာငါးပါးနှင့် အတူတူပါဘဲ၊အမည်မျှသာ ကွဲပါတယ်၊အဲဒီ ကာယစသည်ကို ရှုတဲ့ သတိပဋ္ဌာန် လေးပါးဆိုတာလဲ ကျန်တဲ့ သမာဓိ ပညာမဂ္ဂင်တို့နှင့် တပေါင်းတည်းဖြစ်ကြတဲ့အတွက်မဂ္ဂင် ငါးပါးဘဲ၊ ဥပါဒါနက္ခန္ဓာတွေကို ရှုတယ်ဆိုတာလဲ မဂ္ဂင်ငါး ပါးဘဲ၊ သီလမဂ္ဂင်ပါ ပေါင်းယူယင် မဂ္ဂင်ရှစ်ပါးဘဲ၊ ဒါကြောင့် ကာယစသည်ကို ရှုတဲ့ သတိပဋ္ဌာန် ဆိုတာနဲ့ ဥပါဒါနက္ခန္ဓာကို ရှုတယ်ဆိုတာ အရအားဖြင့်လဲ အတူတူဘဲ၊ ပုထုဇဉ်အဖြစ်မှ ရဟန္တာဖြစ်ပြီးသည့်တိုင်အောင် ရှုပွါးအပ်တဲ့ တရားချည်းဖြစ်တဲ့ အတွက် ပုဂ္ဂိုလ် အနေအားဖြင့်လဲ ထပ်တူပင် ဖြစ်နေပါတယ်၊ အဲဒီ အချက်ကို အထူးသတိပြုပြီးမှတ်ထားကြရမယ်။

ရဟန္တာပုဂ္ဂိုလ်က ဥပါဒါနက္ခန္ဓာငါးပါးကို ရှုတဲ့အတွက် ဘယ်လိုအကျိုးများကို ရတယ်ဆိုတာကိုတော့ နောက်သီတင်း များကျမှ ဟောရမယ်၊ ဒီကနေ့တော့ ဒီတွင်ဘဲရပ်ပြီး တရားသိမ်း ကြစို့။

သီလဝန္တသုတ္တန် တရားတော်ကို အရင်းခံပြု၍ ဟောကြားသော ဤတရားတော်ကို ရိုသေစွာ နာယူမှတ်သားကြရသော ဓမ္မသဝန ကုသိုလ်ကံ စေတနာတို့၏ အစွမ်းအာနုဘော်ကြောင့် ယခုတရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည်ကိုယ်၏ ချမ်းသာခြင်း စိတ်၏ချမ်းသာခြင်းတို့နှင့် အခါခပ်သိမ်း ပြည့်စုံကြ၍ ဥပါဒါနက္ခန္ဓာတို့ကို ရှုလျက်၊ ကာယ ဝေဒနာ စိတ္တ ဓမ္မတို့ကို ရှုလျက် သတိပဋ္ဌာန် လေးပါးနှင့်တကွ မဂ္ဂင်ရှစ်ပါးတရားတို့ကို ပြည့်စုံစွာ ဖြစ်ပွားစေနိုင်ကြ၍ မိမိတို့အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ဆင်းရဲခပ်သိမ်း ငြိမ်းရာ နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု သာဓု သာဓု

သီလဝန္တသုတ္တန်တရားတော် သတ္တမပိုင်း ပြီး၏။

# သီလဝန္တသုတ္တန်တရားတော်

## အဋ္ဌမပိုင်း

၁၃၂၉-ခုနှစ် သီတင်းကျွတ်လဆန်း ၈-ရက်နေ့

လပြည့်နေ့များ၌ဟောသည်

---

### တရားအနုသန္ဓေ

၁၃၂၉-ခုနှစ် တော်သလင်းလပြည့်နေ့က သီလဝန္တသုတ္တန်တရားမှရဟန္တာဖြစ်သည်တိုင်အောင် ရှုမှတ်အားထုတ်ပုံကို ဟောပြီးတော့ ရဟန္တာ၏ ခွန်အား ၁၀-ပါးကို ဟောခဲ့ရာမှာ စတုတ္ထခွန်အားအထိဟောပြီးခဲ့ပါပြီ၊ အဲဒီစတုတ္ထခွန်အားကိုဟောရာမှာ သံယုတ်ပါဠိတော်မှ သာလ သုတ်ကို ထုတ်ဆောင် ပြီးတော့ ပုထုဇဉ် သေက္ခများနှင့် ရဟန္တာဖြစ်ပြီးသည်အထိ သတိပဋ္ဌာန်လေးပါးကို ရှုပွါးရကြောင်းလဲ ဟောခဲ့တယ်၊ အဲဒီမှာ သတိပဋ္ဌာန် ပွါးစေပုံနှင့် ဥပါဒါနက္ခန္ဓာရှုပုံ တူကြောင်းကိုလဲ သီလဝန္တသုတ်မှ နောက်ဆုံး အမေးအဖြေကို ထုတ်ပြပြီး တရား

သိမ်းခဲ့တယ်၊ ယနေ့ အဲဒီ အမေးအဖြေကစပြီး ကျန်တဲ့ရဟန္တာ ခွန်အားများကို ဟောသွားရမယ်၊

## ရဟန္တာဖြစ်ပြီးတော့လဲ ရှုအပ်သည့်တရား

အရဟတာ ပနာဝုသော သာရိပုတ္တ ကတမေ ဓမ္မာ ယောနိသော မနသိ ကာတဗ္ဗာ။

အာဝုသော သာရိပုတ္တ-ငါ့ရှင် သာရိပုတ္တရာ၊ အရဟတာ ပန-ရဟန္တာ ပုဂ္ဂိုလ်သည်ကား၊ ကတမေ ဓမ္မာ-အဘယ်တရားတို့ကို၊ ယောနိသော-သင့်သောအကြောင်းအားဖြင့်၊ဝါ-နည်းမှန် လမ်းမှန်အားဖြင့်၊ မနသိကာတဗ္ဗာ-နှလုံးသွင်းအပ် ရှုအပ်ပါကုန် သနည်းလို့ အရှင်မဟာကောဋ္ဌိကမထေရ်က မေးပါတယ်။

အရဟတာပိ ခေါ အာဝုသော ကောဋ္ဌိက ဣမေ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော ဒုက္ခတော။ပ။ အနတ္တတော ယောနိသော မနသိကာတဗ္ဗာ။

အာဝုသော ကောဋ္ဌိက- ငါ့ရှင်ကောဋ္ဌိက၊ အရဟတာပိ- ရဟန္တာပုဂ္ဂိုလ်သည်လည်း၊ ဣမေ ပဉ္စုပါဒါနက္ခန္ဓာ- ဤငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို၊ အနိစ္စတော-မမြဲဟု၊ ဒုက္ခတော-ဆင်းရဲဟု ။ပ။ အနတ္တတော-အနတ္တဟု၊ ယောနိသော-နည်းမှန် လမ်းမှန်အားဖြင့်၊ မနသိ ကာတဗ္ဗာ-နှလုံးသွင်းအပ်-ရှုအပ်ကုန်၏-လို့ အရှင်သာရိပုတ္တရာမထေရ်မြတ်က ဖြေကြားတော်မူပါ

တယ်။ အဲဒီအမေးအဖြေ ၂-ရပ်ကို “ရဟန္တာကား၊ဘယ်တရား၊ ရှုပွားအပ်သနည်း။ ရဟန္တာလဲ၊ ခန္ဓာဘဲ၊ ရှုမြဲနည်းတူသည်”လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

(၁) ရဟန္တာကား၊ ဘယ်တရား၊ ရှုပွားအပ်သနည်း။
(၂) ရဟန္တာလဲ၊ ခန္ဓာဘဲ၊ ရှုမြဲနည်းတူသည်။

ရဟန္တာပုဂ္ဂိုလ်လဲ ပုထုဇဉ် သောတာပန် သကဒါဂါမိ် အနာဂါမိ်ပုဂ္ဂိုလ်များလိုပင် ဥပါဒါနက္ခန္ဓာငါးပါးကို ရှုရတာ ပါဘဲတဲ့။ ဒါဖြင့် ရဟန္တာဟာ အဲဒီလိုရှုနေတော့ ဘယ်လိုအကျိုး အာနိသင်ကိုရပါသလဲ၊ ပစ္စေကဗုဒ္ဓါ ဖြစ်သွား နိုင်ပါသလား၊ သမ္မာသမ္ဗုဒ္ဓ ဘုရားဖြစ်သွားနိုင်ပါသလားလို့ဆိုတော့၊ အဲဒီလို တော့ မဖြစ်နိုင်ပါဘူး၊ထေရဝါဒ ဗုဒ္ဓသာသနာတော်မှာရဟန္တာ ဟာအမြင့်အမြတ်ဆုံးဘဲ၊ရဟန္တာဖြစ်ယင်အာသဝေါကိလေသာ ခပ်သိမ်းအကုန်ငြိမ်းပြီးတော့ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်လဲ ရောက် တော့တာပါဘဲ၊ ပစ္စေကဗုဒ္ဓါဆိုတာကတော့ ဆုတောင်းပါရမီ ရှိတဲ့ ပုဂ္ဂိုလ်တွေဟာ သာသနာပကာလမှာ ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် နှလုံးသွင်းပြီး (ပစ္စေကဗုဒ္ဓါ)ဖြစ်ကြပါတယ်၊သမ္မာသမ္ဗုဒ္ဓဘုရား ဆိုတာကတော့ တဆူတဆူပွင့်ထွန်းဘို့ရာ အလွန်ခဲယဉ်းပါတယ်၊ ကမ္ဘာပေါင်း သိန်းသန်းကုဋေ အသင်္ချေတိုင်အောင်ဘုရားမပွင့် တဲ့သုညကမ္ဘာတွေဆိုတာလဲရှိတတ်ပါတယ်၊ပွင့်ပြန်တော့လဲ တစ် ကမ္ဘာမှာ တဆူမျှပွင့်တာလဲရှိတယ်၊ ၂-ဆူ ၃-ဆူ ၄-ဆူမျှ ပွင့်တာ လဲရှိတယ်၊အများဆုံးအားဖြင့် ယခုကမ္ဘာမှာလို ငါးဆူပွင့်တာ လဲရှိတယ်၊ဒါလောက်ပါဘဲ။အဲဒီ သမ္မာသမ္ဗုဒ္ဓဘုရားရှင်များနှင့်

ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေကတော့ သူတပါး၏နည်းနိဿယကို မခံယူဘဲ ကိုယ်ပိုင်ဉာဏ်ဖြင့် နှလုံးသွင်းအားထုတ်ပြီးတော့ ပွင့်တော်မူဖြစ်တော်မူကြတာဘဲ၊ ဒါပေမဲ့ ကိလေသာကင်းငြိမ်းပြီးတော့ ဆင်းရဲငြိမ်းရာ ရောက်ပုံချင်းကတော့ ရဟန္တာများနှင့် အတူတူပါဘဲ၊ ဘုရား၊ ပစ္စေကဗုဒ္ဓါတို့၏ နောက်ဆုံးဝင်စံရတဲ့ ပရိနိဗ္ဗာန်နဲ့ ရဟန္တာပုဂ္ဂိုလ်တို့၏ ဝင်စံရတဲ့ ပရိနိဗ္ဗာန်ဟာ အတူတူပါဘဲ၊ ဒါက ထေရဝါဒ ပိဋကတရားတော်မူမှန်အရပါဘဲ။

မဟာယာနဝါဒအရကတော့ ရဟန္တာဖြစ်ရုံနဲ့လဲ ကိစ္စမပြီးသေးဘူးတဲ့၊ ပစ္စေကဗုဒ္ဓါဖြစ်ရုံနဲ့လဲ ကိစ္စမပြီးသေးဘူးတဲ့၊ ဘုရားဆုတောင်းပြီး ဘုရားအလောင်း အကျင့်တွေကို ကျင့်ရဦးမယ်တဲ့၊ အဲဒီလိုကျင့်ပြီးတော့ ဘုရားဖြစ်ရမယ်၊ ဘုရားဖြစ်ပြီးတော့လဲ နိဗ္ဗာန်ကို မဝင်ရသေးဘူးတဲ့၊ သတ္တဝါတွေရှိရှိသမျှ အကုန်လုံး ဘုရားဖြစ်ကြပြီးမှ နိဗ္ဗာန်ကို တပေါင်းတည်းပြိုင်တူ ဝင်ကြရမှာတဲ့၊ အဲဒါဟာ မဟာယာနဗုဒ္ဓဘာသာတရားအရ ဝါဒဘဲ။ အဲဒါကို ဘုန်းကြီးက စဉ်းစားကြည့်တယ်၊ တချို့သတ္တဝါတွေက ယခုနေအခါ ဘာမျှမသိဘတ်တဲ့ ပိုးမွှားကလေးများ ဘဝမှာ ရှိနေကြတယ်၊ အဲဒီလိုသတ္တဝါတွေပါ အကုန်ဘုရားဖြစ်မှ နိဗ္ဗာန်ဝင်ရမယ်ဆိုတော့ အလွန်တာဝန်လေးတာ ခက်ခဲတာဘဲ စောစောက ဖြစ်ပြီး ဘုရားရှင်တွေ နိဗ္ဗာန်မဝင်ရသေးဘဲ၊ ဘယ်လိုအခြေအနေနဲ့ ဘယ်လိုများ စောင့်ဆိုင်းနေရမှာပါလိမ့်မလဲလို့ စဉ်းစားကြည့်မိပါတယ်၊ ယုံကြည်ဘွယ်အသင့်ယုတ္တိ ရှာလို့ မရပါဘူး၊ အဲဒီမဟာယာနဝါဒတွေကတော့ ဘုရား ပရိနိဗ္ဗာန်စံ

တော်မူပြီးတဲ့နောက် နှစ်ပေါင်းသုံးလေးရာ လောက်ကမှစပြီး ဖြစ်ပေါ်လာတဲ့ ဝါဒသစ်တရားသစ်တွေ ဖြစ်တယ်လို့ စူးစမ်း ဆင်ခြင်တဲ့ ပညာရှိများက ယူဆ ဆုံးဖြတ်ကြပါတယ်၊ ဘာ ကြောင့်လဲဆိုတော့ သာသနာတော်နှစ် ၂၃၀-ကျော် တတိယ သံဂါယနာခေတ်က အဲဒီလို ဝါဒမရှိခဲ့သေးကြောင်း ခိုင်လုံတဲ့ အထောက်အထားများ ရှိနေတဲ့အတွက်ကြောင့်ပါဘဲ။

အမှန်စင်စစ်ကတော့ ပရိနိဗ္ဗာန်စံဝင်တယ်ဆိုတာ အရဟတ္တ မဂ်ဉာဏ်၏အစွမ်းကြောင့် ကိလေသာတွေ ကံတွေ ချုပ်ငြိမ်း သွားတဲ့အတွက် ဘဝသစ် ရုပ်နာမ်ခန္ဓာဆင်းရဲတွေ မဖြစ်ပေါ် လာဘဲ ငြိမ်းခြင်းသဘောမျှပါဘဲ၊ အဲဒီချုပ်ငြိမ်းခြင်းသဘောသို့ ဘုရား ပစ္စေကဗုဒ္ဓါများ ဝင်ရောက်ကြရသလိုပင် ရဟန္တာအရှင် မြတ်တွေလဲ ဝင်ရောက်ကြရတာပါဘဲ၊ ဘယ်သူ့ကိုမျှင့်ပြီးငံ့လင့် နေဘို့မရှိပါဘူး။ ဒါကြောင့် ရဟန္တာဖြစ်တယ် ဆိုယင် ပြုသင့် တဲ့ ကိစ္စအားလုံး ပြီးဆုံးတော့တာပါဘဲ၊ အဲဒီလို ကိစ္စအားလုံး ပြီးဆုံးသွားတဲ့အတွက် အသစ်ထပ်ပြီး အားထုတ်ဖို့လဲမရှိတော့ပါ ဘူး၊ ဒါပေမဲ့ ဥပါဒါနက္ခန္ဓာငါးပါးကိုရှုတဲ့ ဝိပဿနာ၏အကျိုး အာနိသင်ကတော့ ရှိပါတယ်၊ အဲဒီ အကြောင်းအရာများကို အရှင်သာရိပုတ္တရာမထေရ်မြတ်က ဒီလိုမိန့်ကြားတော်မူပါတယ်။

## ရဟန္တာ ဝိပဿနာရှုခြင်း၏ အကျိုး

နတ္ထိ ခွါဝုသော အရဟတော ဥတ္တရိ ကရဏီယံ့ ကတဿ ဝါ ပတိစယော၊အပိ စ ဣမေ ဓမ္မာ ဘာဝိတာ

ဗဟုလီကတာ ဒိဋ္ဌဓမ္မသုခဝိဟာရာယ စေဝ သံဝတ္တန္တိ သတိ သမ္ပဇညာယ စ-တဲ့။

အာဝုသော-ငါ့ရှင်ကောဋ္ဌိက၊ အရဟတော-ရဟန္တာပုဂ္ဂိုလ်မှာ၊ ဥတ္တရိ ကရဏီယံ-ထို့ထက်အလွန်ပြုကျင့်ဘွယ်သည်၊ ဝါ-တဆင့်တိုးတက်၍ ပြုကျင့်ဘွယ်သည်၊ နတ္ထိ ခေါ-မရှိတော့သည်သာတည်း၊ကတဿ ဝါ ပတိစယော-ပြုကျင့်ပြီးတရားကို တဖန်ပွားစေခြင်းသည်လည်း၊ နတ္ထိ ခေါ-မရှိတော့သည်သာတည်းတဲ့။

ရဟန္တာမှာ အရဟတ္တမဂ်ထက် တိုးတက်ပြီး ကျင့်စရာ မရှိတော့ဘူး၊ အကျင့်ဆုံးနေပြီလို့ ဆိုလိုပါတယ်၊ နောက်ပြီးတော့ ကျင့်ပြီးဖြစ်တဲ့ အရဟတ္တမဂ် သီလ သမာဓိ ပညာကိုလဲ ကြီးပွားထူးခြားမြင့်မြတ်အောင် ကျင့်ဘို့လဲ မရှိပါဘူး တဲ့။ ဒါဖြင့် ဥပါဒါနက္ခန္ဓာငါးပါးကိုရှုခြင်းဟာ အကျိုးမရှိတော့ဘူးလား၊ အကျိုးမရှိယင် ရှုနေဘို့မလိုဘူးမဟုတ်ပါလားလို့ မေးစရာရှိတဲ့ အတွက် အဲဒီအကျိုးကို ဒီလိုဆက်ပြီး ဖော်ပြတော်မူပါတယ်။

အပိစ-စင်စစ်သော်ကား၊ ဝါ-ထိုသို့ တိုးတက်အောင် ပွားများအောင် ပြုကျင့်ဘွယ် မရှိငြားသော်လည်း၊ ဣမေ ဓမ္မာ-ဥပါဒါနက္ခန္ဓာတို့ကို ရှုမှုဟူသော ဤ ဝိပဿနာမဂ္ဂင်တရားတို့သည်၊ ဘာဝိတာ- မိမိသန္တာန်၌ ဖြစ်စေအပ်ကုန်သည်ရှိသော်၊ ဗဟုလီကတာ- အကြိမ်များစွာ ပြုအပ် ပွားစေအပ်ကုန်သည်ရှိသော်၊ ဒိဋ္ဌဓမ္မသုခဝိဟာရာယ စေဝ သံဝတ္တန္တိ—မျက်မှောက်

အတ္တဘော-မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရခြင်းဟူသော အကျိုးအာနိသင်အလို့ငှာလဲ ဖြစ်ပါကုန်၏၊ ဝါ-မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်းအကျိုးလည်း ရှိပါကုန်၏၊ သတိသမ္ပဇညာယ စ-အမှတ်ရလျက်ရှိသော သတိသမ္ပဇဉ်အမြဲယှဉ်ရန်အလို့ငှာလဲ ဖြစ်ပါကုန်၏၊ ဝါ-အမှတ်ရလျက် မပြတ်သိနေခြင်းအကျိုးလဲ ရှိပါကုန်၏-တဲ့။

## ဝိပဿနာရှု၍ မျက်မှောက်၌ ချမ်းသာပုံ

ရဟန္တာပုဂ္ဂိုလ်မှာ မြင်မှု ကြားမှုအစရှိတဲ့ ဥပါဒါနက္ခန္ဓာတွေကို ရှုမှတ်ပြီး အနိစ္စအစရှိသော အခြင်းအရာတို့ဖြင့် အမှန်အတိုင်း သိသိနေတဲ့ ဝိပဿနာမဂ္ဂင်တရားတွေဟာ ပွားများနေလို့ရှိယင် မျက်မှောက်ကိုယ်မှာ ချမ်းသာစွာ နေရခြင်းဆိုတဲ့ အကျိုးကိုလဲ ရစေပါတယ်၊ သတိသမ္ပဇဉ် အမြဲယှဉ်ခြင်းအကျိုးကိုလဲ ရစေပါတယ် တဲ့။ ရှုမှတ်နေတဲ့အတွက် မျက်မှောက်ဘဝ မျက်မှောက်ကိုယ်မှာ ဘယ်လိုချမ်းသာစွာ နေရသလဲဆိုတော့ ရဟန္တာမှာ စိတ်ဆင်းရဲ ဆိုတဲ့ ဒေါမနဿ-ကတော့ အနာဂါမိမဂ်ဖြင့်ပင် ကင်းငြိမ်းခဲ့ပြီးဖြစ်နေပါတယ်၊ ဒါကြောင့် မကောင်းတဲ့ အာရုံဆိုးတွေကို မြင်ရ ကြားရ နံရ တွေ့ထိရသော်လဲ စိတ်မချမ်းသာခြင်း စိတ်ဆင်းရဲခြင်း ကတော့ မဖြစ်နိုင်ပါဘူး၊ သူ့အလိုလိုပင် ကင်းငြိမ်းနေပါတယ်၊ မကောင်းတဲ့ သဘောအာရုံတွေကိုတော့ စိတ်ကူးကြံစည်မိစရာတောင် မရှိပါဘူး၊ မကောင်းတာတွေကို စားရတယ် ဆိုတာကလဲ သတိသမ္ပဇဉ်

အမြဲယှဉ်နေတဲ့အတွက် ဖြစ်ဖွယ်မရှိပါဘူး၊ ဒါပေမဲ့မရှုမမှတ်ပဲ နေဘာထက် ရှုမှတ်နေရတာက ပိုပြီး ချမ်းသာပါတယ်၊ဘယ်လို လဲဆိုယင်၊ စာကြည့်ဝါသနာပါနေတဲ့ ပုဂ္ဂိုလ်ဟာ စာမကြည့်ပဲ နေရတာထက် စာကြည့်နေရတာက ပိုပြီးစိတ်ချမ်းသာသလိုလဲ မှတ်ယူသင့်ပါတယ်။ မတတ်မသိတဲ့ပုဂ္ဂိုလ်,တတ်သိသော်လဲ ဝါ သနာမပါတဲ့ ပုဂ္ဂိုလ်တွေမှာ စာကြည့်ရမှာပျင်းတယ်၊ဝါသနာ ပါတဲ့ပုဂ္ဂိုလ်မှာတော့ စာကြည့်ရတာက ပျော်စရာဖြစ်နေတယ်။

အဲဒါလိုဘဲ သာမန်ပုဂ္ဂိုလ်တွေ အနေအားဖြင့် မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း မပြတ်ရှုမှတ်နေရတာကို "ပျင်းစ ရာဘဲ ပင်ပန်းတယ်"လို့ ထင်တတ်ကြတယ်၊ ရဟန္တာမှာတော့ အလွန်နိုင်နင်း ကျေပွန်နေတဲ့ အလုပ်ဖြစ်တဲ့အတွက် ရှုမှတ်နေ ရတာက ပျော်မွေ့စရာ ဖြစ်နေတယ်၊ ချမ်းသာနေတယ်လို့ ဒီလိုလဲ ယူဆနိုင်ပါတယ်၊ အဲဒီလို ဖြစ်ပုံကို ယခုယောဂီတွေဟာ အိမ်မှာ နေရတာထက် ကမ္မဋ္ဌာန်းကျောင်းမှာ ရှုမှတ်နေရတာက ပိုပြီး ချမ်းသာတာနဲ့လဲ နှိုင်းယှဉ် ကြည့်နိုင်ပါတယ်။

အထူးအားဖြင့် ဆိုရင်တော့- ရဟန္တာမှာလဲ အကြောင်း အားလျော်စွာ ကိုယ်ဆဲ၌နာကျင်ကိုက်ခဲမှုစသော ကိုယ်ဆင်းရဲက တော့ ဖြစ်နိုင်တာဘဲ၊ မပြတ်ရှုမှတ်နေယင်တော့ အတော်အတန် အခံခက်တဲ့ ကိုယ်ဆင်းရဲတွေဟာ လုံးဝမဖြစ်လာဘဲ ကင်းငြိမ်း နေနိုင်ပါတယ်၊ ဝိပဿနာ အားကောင်းယင် ကြီးမားတဲ့ကိုယ် ဆင်းရဲလဲ ကင်းငြိမ်းနိုင်ပါတယ်၊အဲဒီလို ကင်းငြိမ်းပုံကို ယခု

ယောဂီတို့၏ ကိုယ်တွေ့ဖြင့်လဲ ထင်ရှားသိနိုင်ပါတယ်၊ချောင်းဆိုး တို့ ယားနာတို့ရှိနေတဲ့ ယောဂီမှာ သမ်ါရုပေက္ခာဉာဏ်ကောင်း ကောင်းဖြစ်နေတဲ့အခါ မပေါ်လာဘဲကင်းငြိမ်းနေတာကို တွေ့ရ တယ်၊ တနာရီ ၂-နာရီစသည်ဖြင့် အမှတ်ကောင်းနေတဲ့အခါ အဲဒီအမှတ် ကောင်းနေတဲ့အတွင်း အဲဒီလိုဒုက္ခဝေဒနာတွေလုံးဝ မပေါ်လာဘဲ ငြိမ်းနေတာကို တွေ့ရတယ်၊ တချို့မှာ ဆိုယင် အကြီးအကျယ် ရောဂါတောင် ပျောက်ကင်းသွားတာကိုတွေ့ရ ပါသေးတယ်။

အဲဒီလို ဖြစ်ပုံကို အရှင်မဟာကဿပ စသည်တို့မှာ ဗောဇ္ဈင် တရားနာပြီး ရောဂါပျောက်ပုံနှင့်လဲ နှိုင်းယှဉ်ကြည့်နိုင်ပါတယ်၊ မြတ်စွာဘုရားဟာ ပရိနိဗ္ဗာန်စံခါနီး နောက်ဆုံးဝါကို ဝေဠုဝ ရွာ၌ ကပ်တော်မူပါတယ်၊ အဲဒီဝါတွင်းမှာ ပရိနိဗ္ဗာန်စံလောက် အောင် ပြင်းထန်တဲ့ ရောဂါကပ်ရောက်ပါတယ်၊ အဲဒီအခါ မြတ်စွာဘုရားက ဝိပဿနာကို အကျယ်အားဖြင့် တင်းတင်း ရင်းရင်း ရှုတော်မူပြီး အဲဒီရောဂါကို ပျောက်ကင်းစေပါတယ်၊ အဲဒီလို ရောဂါပျောက်ကင်းစေနိုင်တဲ့ အတွက်လဲ ဝိပဿနာရှုနေ ခြင်းဖြင့် ရဟန္တာမှာ မျက်မှောက်ကိုယ်၌ ချမ်းသာစွာ နေရခြင်း ဒိဋ္ဌဓမ္မသုခဝိဟာရ အကျိုးအာနိသင်ကိုလဲ ရပါတယ်။

## သတိသမ္ပဇဉ်မပြတ်ယှဉ်နေလျှင် အလိုရှိတိုင်းဖိုလ်ဝင်စားနိုင်သည်

နောက်ပြီးတော့ ဝိပဿနာကို မပြတ်ရှုမှတ်ပြီး ပွါးစေတဲ့ အတွက် သတိသမ္ပဇဉ် အမြဲယှဉ်နေပါတယ်၊ အဲဒီလို သတိသမ္ပဇဉ်

အမြဲယှဉ်နေတဲ့အတွက် ဘယ်အချိန်မဆို အရဟတ္တဖလသမာပတ်ကို ဝင်စားနိုင်ပါတယ်၊ အဲဒီအကြောင်းကို ဥပရိပဏ္ဏာသ အဋ္ဌကထာ (၄၆)မှာ ဒီလိုပြထားပါတယ်၊

ခီဏာသဝါ- ရဟန္တာတို့သည်၊ သတတဝိဟာရီ- သမထဝိပဿနာဖြင့် မပြတ်နေလေ့ရှိသော ပုဂ္ဂိုလ်က တပါး၊ နော သတတဝိဟာရီ စ-မပြတ်နေလေ့မရှိသောပုဂ္ဂိုလ်က တပါး၊ ဣတိ ဒွေ-ဤသို့ ၂-မျိုးရှိကြပါသည်။တတ္ထ-ထို ၂-မျိုးတို့တွင်၊ သတတဝိဟာရီ- ဘာဝနာဖြင့် မပြတ်နေလေ့ရှိသော ရဟန္တာသည်၊ ယံကိဉ္စိ ကမ္မံ ကတွာပိ- အမှုကိစ္စတစုံတခုကို ပြုပြီး၍သော်လဲ၊ ဖလသမာပတ္တိံ သမာပဇ္ဇိတုံ သက္ကောတိ- ဖလသမာပတ်ကို ဝင်စားနိုင်ပေ၏။နော သတတဝိဟာရီ ပန-ဘာဝနာဖြင့်မပြတ်နေလေ့မရှိသော ရဟန္တာသည်ကား၊အပ္ပမတ္တကေပိ ကိစ္စေ-ကိစ္စအသေးအငယ်မျှ၌သော်လဲ၊ ကိစ္စပ္ပသုတော ဟုတွာ-ကြောင့်ကြစိုက်ထုတ်ပြီးလတ်သော်၊ဖလသမာပတ္တိံ အပ္ပေတုံ န သက္ကောတိ- ဖလသမာပတ်သို့ ဝင်ရောက်ရန် မစွမ်းနိုင်တော့ချေ-တဲ့။

အမြဲပြတ် ရှုမှတ်နေရတဲ့ ရဟန္တာက ကိစ္စကြီးငယ်တစုံတခုကို ကြောင့်ကြစိုက်၍ ပြုလုပ်ပြီးတဲ့အခါပေမဲ့ ဖလသမာပတ်ကို ဝင်စားနိုင်တယ်၊ အမြဲမပြတ် ရှုမှတ်ခြင်းမရှိတဲ့ ရဟန္တာကတော့ ကိစ္စ အသေးအဖွဲ့ကလေးကို ကြောင့်ကြစိုက်၍ ပြုရလျှင်ပင် ဖလသမာပတ်ကို မဝင်စားနိုင်ဘဲ ရှိတတ်ပါတယ် တဲ့။ အဲဒီလိုဖြစ်တတ်ပုံကို ဒဲဒီအဋ္ဌကထာမှာဘဲ ဒီလိုပြဆိုထားပါတယ်။

တပည့် သာမဏေတပါးနှင့် ဆရာမထေရ်ကြီးတပါး တောကျောင်းမှာနေကြရာတွင် မထေရ်ကြီးသာ နေရာရပြီး သာမဏေမှာ နေရာမရဘဲရှိပါသတဲ့၊ မထေရ်ကြီးမှာ တပည့် နေရာမရတာကို ကြံစည်နေတဲ့အတွက် အဲဒီဝါတွင်းမှာ တရက်မျှ ဖလသမာပတ်ကို မဝင်စားနိုင်ဘူးတဲ့။ သာမဏေကတော့ တဝါတွင်းလုံး ဖလသမာပတ် ဝင်စားလျက်ပျော်မွေ့ခြင်းဖြင့် အချိန်ကိုကုန်စေသတဲ့။ ဝါကျွတ်တဲ့အခါကျတော့ သာမဏေက "တောကျောင်းမှာနေရတာဟာ သင့်လျော်ပါရဲ့လားဘုရား" လို့ မေးလျှောက်တယ်။ မထေရ်ကြီးက "ငါမှာတော့ မသင့်လျော်ဘူး" လို့ မိန့်ဆိုပါသတဲ့။ ဒီဝတ္ထုမှာ တပည့်သာမဏေက သတိသမ္ပဇဉ်အမြဲယှဉ်နေတဲ့(သတတဝိဟာရီ)ရဟန္တာဘဲ၊ ဒါကြောင့် နေရာမရပေမဲ့ ဖလသမာပတ်ကို အလိုရှိတိုင်း ဝင်စားနိုင်ပေတယ်။ဆရာမထေရ်ကြီးကတော့ သတိသမ္ပဇဉ်အမြဲမယှဉ်တဲ့ (နောသတတဝိဟာရီ) ရဟန္တာဘဲ၊ ဒါကြောင့် တပည့်၏ နေရာမရတာကို အကြောင်းပြုပြီး ကြောင့်ကြစိုက် ကြံစည်နေတာနဲ့ ဖလသမာပတ်ကို မဝင်စားနိုင်ဘဲ ရှိပါတယ်-တဲ့။

ယခု ပြောခဲ့တဲ့ သီလဝန္တသုတ်ပါဠိအရ ရဟန္တာ၏ ရှုမှတ်ခြင်းအကျိုးများကို ဒီလို ဆောင်ပုဒ်များစီထားပါတယ်၊ "သို့ရှုသော်ငြား၊ သစ်ဟောင်းကား တိုးပွါးမရှိပြီ။ သတိသမ္ပဇဉ်၊ ရှုတိုင်းယှဉ်၊ မျက်မြင် ချမ်းသာသည်"တဲ့၊ အဲဒီဆောင်ပုဒ်များကို ရှေ့ ၂-ပုဒ် တွဲပြီး ဆိုကြရမယ်။

(၁) ရဟန္တာကား၊ ဘယ်တရား၊ ရှုပွါးအပ်သနည်း။

(၂) ရဟန္တာလဲ၊ ခန္ဓာဘဲ၊ရှုမြဲ နည်းတူသည်။

(၃) သို့ရှုသော်ငြား၊ သစ်,ဟောင်းကား၊ တိုး,ပွါးမရှိပြီ။

ရဟန္တာမှာ ဥပါဒါနက္ခန္ဓာတွေကို အနိစ္စ စသည်ဖြင့် ရှုသိနေသော်လဲ ရပြီးဖြစ်တဲ့ အရဟတ္တမဂ်ဖိုလ်ထက် ထူးကဲလွန်မြတ်တဲ့ တရားသစ်လဲ မတိုးပါဘူး၊ ရပြီးတရားဟောင်း၏ ပွါးခြင်းကျယ်ပြန့်ခြင်းလဲမရှိပါဘူး တဲ့။ဆောင်ပုဒ်ထဲမှာ **သစ်** ဆိုတာနဲ့ **တိုး** ဆိုတာကို ဆက်စပ်ပြီးယူရမယ်၊ တရားသစ် တိုးခြင်း မရှိဘူးလို့ ယူဘို့ပါဘဲ။ နောက်ပြီးတော့ **ဟောင်း** ဆိုတာနဲ့ **ပွါး** ဆိုတာကိုလဲ ဆက်စပ်ပြီးတော့ "တရားဟောင်းပွါးခြင်းလဲမရှိဘူး"လို့ ယူရမယ်။ နောက်တပုဒ်ကို ဆိုကြရမယ်။

(၄) သတိသမ္ဗောဇ္ဈင်၊ရှုတိုင်းယှဉ်၊မျက်မြင်ချမ်းသာသည်။

မြင်မှုကြားမှုစသော ဥပါဒါနက္ခန္ဓာတွေကို မပြတ်ရှုသိနေတဲ့အတွက် ရဟန္တာမှာ သတိသမ္ဗောဇ္ဈင် အမြဲယှဉ်ခြင်းဆိုတဲ့အကျိုးနဲ့ မျက်မြင်ဘဝမှာ ချမ်းသာစွာနေရခြင်း အကျိုးများကို ရတယ်လို့ဆိုလိုပါတယ်၊ မြန်မာလက်သွားအရ ကာရန်ကိုက်အောင် အကျိုး ၂-ပါးကို ရှေ့နောက်ပြန်ပြီး စီထားရပါတယ်။

သီလဝန္တသုတ်က အနက်အဓိပ္ပါယ်တွေတော့ စုံသလောက်ရှိသွားပါပြီ။ ယခု ရဟန္တာခွန်အား (၁၀) ပါးထဲက မပြောရသေးတဲ့ ခွန်အားများကို ဆက်ဟောရမယ်။

## (၅) ရဟန္တာ၏ ပဥ္စမခွန်အား

ဘန္တေ-မြတ်စွာဘုရား၊ ပုန စ-တဖန်လည်း၊ အပရံ-တပါးသော ခွန်အားကား၊ ခီဏာသဝဿ ဘိက္ခုနော-ရဟန္တာရဟန်းသည်၊ စတ္တာရော သမ္မပ္ပဓာနာ-လေးပါးသော သမ္မပ္ပဓာန်တို့ကို၊ ဘာဝိတာ—မိမိသန္တာန်၌ ပွါးစေအပ်ကုန်ပြီးသည်၊ သုဘာဝိတာ-လိုလေသေးမရှိ အပြည့်အစုံကောင်းစွာ ပွါးစေအပ်ကုန်ပြီးသည်၊ ဟောန္တိ- ဖြစ်ကြပါသည်။ ဘန္တေ-မြတ်စွာဘုရား၊ ယမ္ပိ- ဤသမ္မပ္ပဓာန်လေးပါးကို ကောင်းစွာပွါးစေအပ်ပြီး ဖြစ်ခြင်းသည်လည်း၊ ခီဏာသဝဿ ဘိက္ခုနော- ရဟန္တာ ရဟန်း၏၊ ဗလံ ဟောတိ-ခွန်အားတပါး ဖြစ်ပါသည်။ ယံ ဗလံ အာဂမ္မ-ယင်းခွန်အားကို ရောက်၍ စွဲမှီ၍၊ ခီဏာသဝေါ ဘိက္ခု-ရဟန္တာရဟန်းသည်၊ ခီဏာ မေ အာသဝါတိ-ငါ့မှာ အာသဝေါတရားကုန်ပြီဟု၊ အာသဝါနံ ခယံ-အာသဝေါတရားတို့၏ ကုန်ခြင်းကို၊ ပဋိဇာနာတိ—ဝန်ခံပါသည်မြတ်စွာဘုရားတဲ့။

သမ္မပ္ပဓာန်လေးပါးဆိုတာ သမ္မာဝါယာမ မဂ္ဂင်ကို ဟောတိုင်း ဖွင့်ပြပြီး ဟောနေကျ တရားပါဘဲ၊ တရားကိုယ်အားဖြင့်တော့ ဝီရိယတပါးတည်းပါဘဲ၊ သူက ပြီးစေတဲ့ ကိစ္စလေးပါးကို အကြောင်းပြုပြီးတော့ သူ့ကို သမ္မပ္ပဓာန်လေးပါးလို့ ဟောထားပါတယ်၊ ဘယ်လိုလဲဆိုတော့-(၁) မဖြစ်သေးတဲ့အကုသိုလ်တွေ မဖြစ်နိုင်အောင် အားထုတ်ခြင်းက တပါး၊ (၂) ဖြစ်ပြီးအကုသိုလ်တွေကို ပယ်နိုင်အောင် အားထားခြင်းက တပါး၊

(၃) မဖြစ်သေးတဲ့ကုသိုလ်တွေ ဖြစ်အောင် အားထုတ်ခြင်းက တပါး၊ (၄) ဖြစ်ပြီး ကုသိုလ်တွေ တည်တံ့တိုးပွါး ပြည့်စုံသွားအောင် အားထုတ်ခြင်းက တပါး၊ ဒီအားထုတ်မှု လုံ့လဝီရိယ လေးပါးပါဘဲ၊အဲဒီလေးပါးကို မှတ်မိအောင်လိုက်ဆိုကြရမယ်။

(၁) မဖြစ်သေးတဲ့အကုသိုလ်တွေ မဖြစ်နိုင်အောင် အားထုတ်ခြင်း၊

(၂) ဖြစ်ပြီး အကုသိုလ်တွေကို ပယ်နိုင်အောင် အားထုတ်ခြင်း၊

(၃) မဖြစ်သေးတဲ့ ကုသိုလ်တွေ ဖြစ်အောင် အားထုတ်ခြင်း၊

(၄) ဖြစ်ပြီးကုသိုလ်တွေ တည်တံ့ တိုးပွားပြည့်စုံသွားအောင် အားထုတ်ခြင်း၊ ဒီလေးပါးကို သမ္မပ္ပဓာန်ဟု ခေါ်သည်။

မိမိမှာ မဖြစ်ဘူးသေးတဲ့ အကုသိုလ်တွေ သူများမှာဖြစ်နေတာကိုမြင်ရ ကြားရ တွေ့ရယင် အဲဒီအကုသိုလ်မျိုးတွေ မိမိမှာ မဖြစ်အောင် လုံ့လပြုပြီး စောင့်ရှောက်နေရတယ်၊ ဘာလိုလဲ ဆိုယင်၊ ကူးစက်ဖြစ်ပွားတတ်တဲ့ တုပ်ကွေးအဖျားရောဂါစသည် သူများမှာ ဖြစ်နေတာကိုကြားသိရယင် အဲဒီရောဂါမျိုး မိမိမှာ မဖြစ်ရအောင် စောင့်ရှောက်ရ သတိပြုရသလိုပါဘဲ။နောက်ပြီး

တော့ မိမိမှာ လောဘ ဒေါသအလျောက် တကြိမ်တခါ အကုသိုလ်ဖြစ်ဘူးယင် အဲဒီအကုသိုလ်မျိုး နောက်ထပ်မဖြစ်အောင် စောင့်ရှောက်နေရတယ်၊ တကယ်ဖြစ်ပြီး ဖြစ်ဆဲ မဟုတ်သော်လဲ ဒေသနာနည်းအရအားဖြင့် ဖြစ်နေတယ် ကိန်းနေတယ်လို့ ဆိုရတဲ့ (အကြောင်း ညီညွတ်တဲ့အခါ ဖြစ်နိုင်သော) အနုသယကိလေသာတွေကို အရိယမဂ်ဖြင့် ပယ်နိုင်အောင်လဲ ဝိပဿနာအလုပ်အားထုတ်ရတယ်။ နောက်ပြီးတော့ ဒါန သီလကုသိုလ်ဖြစ်ဖြစ်၊ ဘာဝနာကုသိုလ်ဖြစ်ဖြစ် မိမိမှာ မဖြစ်ဘူးသေးတဲ့ အဲဒီလို ကုသိုလ်တွေကိုဖြစ်အောင် အားထုတ်ရတယ်။နောက်ပြီးတော့ ဖြစ်ဘူးပြုဘူးတဲ့ အဲဒီလို ဒါန သီလကုသိုလ်တွေကို ဖြစ်မြဲ ဖြစ်ပြီး တည်တံ့အောင်လဲ အားထုတ်ရတယ်၊ တိုးပွားအောင်လဲ အားထုတ်ရတယ်၊ သမထဘာဝနာ ဝိပဿနာ ဘာဝနာကုသိုလ်တွေကိုလဲ တည်မြဲတည်နေအောင် တိုးတက်အောင် ဈာန်တရား အရိယမဂ်တရား ရသည်အထိ ပြည့်စုံသွားအောင် အားထုတ်ရတယ်၊ စွမ်းနိုင်ယင် အရဟတ္တမဂ်ကုသိုလ်အထိ ပြည့်စုံသွားအောင် အားထုတ်ရတယ်။

ရဟန္တာပုဂ္ဂိုလ်မှာ အရဟတ္တမဂ်တိုင်အောင် အဲဒီကုသိုလ်တရားတွေကို အားထုတ်ပြီးဖြစ်နေပါတယ်၊ အဲဒါဟာ သမ္မပ္ပဓာန်လေးပါးကို လိုလေးသေးမရှိ အပြည့်အစုံပွါးစေတဲ့ ခွန်အားပါဘဲ၊ အဲဒီ ခွန်အားကို အကြောင်းပြုပြီးတော့လဲ ရဟန္တာပုဂ္ဂိုလ်က အာသဝေါကိလေသာ ကုန်ကြောင်း ဝန်ခံပါတယ် တဲ့။ အဲဒါဟာ ပဥ္စမခွန်အားဘဲ၊ ယခု ဆဋ္ဌမ ခွန်အားကို ပြောရမယ်။

## (၆) ရဟန္တာ၏ ဆဋ္ဌမခွန်အား

ဘန္တေ-မြတ်စွာဘုရား၊ ပုန စ-ဘဖန်လည်း၊ အပရံ-တပါးသော ခွန်အားကား၊ ခီဏာသဝဿ ဘိက္ခုနော-ရဟန္တာရဟန်းသည်၊ စတ္တာရော-လေးပါးကုန်သော၊ ဣဒ္ဓိပါဒါ-ပြီးမြောက်ကြောင်း ဣဒ္ဓိပါဒ်တို့ကို၊ ဘာဝိတာ-မိမိသန္တာန်၌ ပွားစေအပ်ကုန်ပြီးသည်၊ သုဘာဝိတာ- လိုလေသေးမရှိ အပြည့်အစုံကောင်းစွာ ပွားစေအပ်ကုန်ပြီးသည်၊ ဟောန္တိ-ဖြစ်ကြပါသည်။ ဘန္တေ-မြတ်စွာဘုရား၊ ဣဒမ္ပိ-ဤဣဒ္ဓိပါဒ်လေးပါးကိုကောင်းစွာပွားစေအပ်ပြီး ဖြစ်ခြင်းသည်လည်း၊ ခီဏာသဝဿ ဘိက္ခုနော-ရဟန္တာ ရဟန်း၏၊ ဗလံ ဟောတိ-ခွန်အားဘပါး ဖြစ်ပါသည်။ ယံ ဗလံ အာဂမ္မ-ယင်းခွန်အားကို ရောက်၍ စွဲမှီ၍၊ ခီဏာသဝေါ ဘိက္ခု-ရဟန္တာ ရဟန်းသည်၊ ခီဏာ မေ အာသဝါတိ-ငါ့မှာ အာသဝေါတရားကုန်ပြီဟု၊ အာသဝါနံ ခယံ-အာသဝေါတရားတို့၏ ကုန်ခြင်းကို၊ ပဋိဇာနာတိ-ဝန်ခံပါသည်မြတ်စွာဘုရား တဲ့။

ဣဒ္ဓိပါဒ-ပုဒ်မှာ ဣဒ္ဓိ-ဆိုတာက ပြည့်စုံခြင်း ပြီးမြောက်ခြင်းလို့ အနက်ရှိတယ်၊ ပါဒဆိုတာက အကြောင်းလို့ အနက်ရှိတယ်၊ ဒါကြောင့် ဣဒ္ဓိပါဒ-ဣဒ္ဓိပါဒ်ဆိုတာ ပြီးမြောက်ကြောင်းတရားလို့ အနက်ရတယ်၊ အဲဒီ ပြီးမြောက်ကြောင်း ဣဒ္ဓိပါဒ်လေးပါးဆိုတာက တရားကိုယ်အားဖြင့် ထက်သန် အားကောင်းတဲ့ လိုလားမှုဆန္ဒက တပါး၊ လုံ့လဝီရိယ-ကတပါး၊ စိတ်ကတပါး၊

ဝိမံသာခေါ်တဲ့ ဉာဏ်ပညာကတပါး၊ ဒီလေးပါးပါဘဲ။ အဲဒီလေးပါးကို မှတ်မိအောင် လိုက်ဆိုကြရမယ်။

(၁) ထက်သန် အားကောင်းတဲ့ လိုသားမှု ဆန္ဒကို ဆန္ဒိဒ္ဓိပါဒ် ခေါ်သည်။

(၂) ထက်သန်အားကောင်းတဲ့ လုံ့လဝီရိယကို ဝီရိယိဒ္ဓိပါဒ် ခေါ်သည်။

(၃) ထက်သန်အားကောင်းတဲ့ စိတ်ကို စိတ္တိဒ္ဓိပါဒ် ခေါ်သည်။

(၄) ထက်သန် အားကောင်းတဲ့ ဉာဏ်ပညာကို ဝီမံသိဒ္ဓိပါဒ် ခေါ်သည်။

လောကဘက်ဆိုင်ရာ ကိစ္စတွေမှာလဲ ဒီဣဒ္ဓိပါဒ် လေးပါးထဲက တပါးပါးထက်သန်အားကောင်းမှ ပြီးမြောက်နိုင်တယ်၊ အမှုကိစ္စကြီးကျယ်လေလေ ဒီဣဒ္ဓိပါဒ်တပါးပါး ထက်သန်အားကောင်းဘို့လိုလေလေဘဲ။ သာမန် ဒါန သီလ ကုသိုလ်ကိစ္စတွေမှာလဲဒီဣဒ္ဓိပါဒ်လေးပါးထဲကတပါးပါးထက်သန်အားကောင်းယင် ပြီးမြောက်လွယ်တာဘဲ၊ သမထဝိပဿနာဘာဝနာအရာမှာတော့ ဒီဣဒ္ဓိပါဒ်လေးပါးထဲက လိုလားမှုဆန္ဒယင်လဲ ထက်သန်အားကောင်းရမယ်။ လုံ့လဝီရိယယင်လဲ ထက်သန်အားကောင်းရမယ်၊စိတ်ယင်လဲ ထက်သန်အားကောင်းရမယ်၊ ဝီမံသာခေါ်တဲ့ ဉာဏ်ပညာကယင်လဲ ထက်သန် အားကောင်းရမယ်၊ တပါး

ပါးက ထူးထူးခြားခြား ထက်သန် အားကောင်းပါမှ သမထ ဘာဝနာအရာမှာ ဈာန်အဘိ ဉာဏ်အထိ ပြည့်စုံ ပြီးမြောက်နိုင်တယ်၊ ဝိပဿနာအရာမှာလဲ ဝိပဿနာ ဉာဏ်ထူးများနှင့် အရိယမဂ်ဖိုလ်ဉာဏ်များ ပြည့်စုံပြီးမြောက်နိုင်တယ်။

ရဟန္တာပုဂ္ဂိုလ်မှာ ထက်သန် အားကောင်းတဲ့ ဣဒ္ဓိပါဒ် လေးပါးဖြင့် သမထ ဝိပဿနာတွေကို ပွားစေခဲ့တယ်၊ အရဟတ္တ မဂ်ဘိုင်အောင် ဝိပဿနာဣဒ္ဓိပါဒ်တွေကို အပြည့်အစုံ ပွါးစေ ခဲ့တယ်၊ အဲဒီလို ဣဒ္ဓိပါဒ်လေးပါးကို အရဟတ္တမဂ်အထိ လိုလေ သေးမရှိအပြည့်အစုံပွါးစေခဲ့တာဟာ ရဟန္တာ၏ ခွန်အားတပါး ပါဘဲ၊ အဲဒီခွန်အားနှင့် ပြည့်စုံတဲ့အတွက်လဲ ရဟန္တာပုဂ္ဂိုလ်ဟာ အာသဝေါကုန်ကြောင်း ဝန်ခံပါတယ်တဲ့။

ဒါကြောင့် ယခု တရားအားထုတ်နေကြတဲ့ ယောဂီတွေလဲ ဆန္ဒ ဝီရိယ စိတ် ဝိမံသာဆိုတဲ့ ဣဒ္ဓိပါဒ်လေးပါးထဲက တပါး ပါးတော့ ထက်သန်ဘို့ အားကောင်းဘို့ လိုပါတယ်၊ တပါးမှ မထက်သန်ဘူး အားမကောင်းဘူးဆိုယင်တော့ မိမိတို့အလိုရှိတဲ့ ဉာဏ်ထူး တရားထူးကို ရဘို့မြော်လင့်ဘွယ်မရှိပါဘူး၊ ဒါကြောင့် လိုလားတဲ့ဆန္ဒ ထက်သန်အားကောင်းယင် ပြည့်စုံ ပြီးမြောက် မှာဘဲလို့ ဆန္ဒကိုယင်လဲ အားကိုးအားပေးပြီး အားထုတ်ရမယ်၊ သို့မဟုတ် လုံ့လဝီရိယ ထက်သန်အားကောင်းယင် ပြည့်စုံ ပြီးမြောက်မှာဘဲလို့ လုံ့လဝီရိယကိုယင်လဲအားကိုးပြီးအားထုတ် ရမယ်၊ သို့မဟုတ် ထက်သန်အားကောင်းတဲ့စိတ်ရှိယင် ပြည့်စုံပြီး

မြောက်မှာဘဲလို့ စိတ်ကိုယင်လဲအားကိုးအားပေးပြီးအားထုတ်ရမယ်၊ဉာဏ်ပညာထက်မြက်ဘဲ့သူမှာတော့ ဝီမံသာခေါ်တဲ့ ဉာဏ်ပညာကို အားကိုးပြီး အားထုတ်ရပါဘဲ၊ ဉာဏ်ထက်တဲ့ သူကတော့ ဝိပဿနာ ဉာဏ်ထူးတရားထူးများကို လျင်မြန်စွာရောက်တတ်ပါတယ်၊ ဒါပေမဲ့ ဉာဏ်ကောင်းတဲ့သူက လုံ့လဘက်ကအားနည်းနေလို့ သမာဓိဉာဏ်ထူး အဖြစ်နှေးနေတာလဲ ရှိတတ်တယ်။ဒါကြောင့် လုံ့လဘက်ကမလျော့စေဘဲ တင်းတင်း ရင်းရင်းအားထုတ်သွားဘို့ လိုပါတယ်။ ယခုသတ္တမခွန်အားကို ပြောရမယ်။

## (၇) ရဟန္တာ၏ သတ္တမခွန်အား

ဘန္တေ-မြတ်စွာဘုရား၊ ပုန စ-တဖန်လည်း၊ အပရံ-တပါးသောခွန်အားကား၊ ခီဏာသဝဿ ဘိက္ခုနော-ရဟန္တာရဟန်းသည်၊ ပဉ္စိန္ဒြိယာနိ-ငါးပါးသော ဣန္ဒြေတို့ကို၊ ဘာဝိတာနိ-မိမိသန္တာန်၌ ပွါးစေအပ်ကုန်ပြီးသည်၊ သုဘာဝိတာနိ-လိုလေသေးမရှိ အပြည့်အစုံကောင်းစွာ ပွါးစေအပ်ကုန်ပြီးသည်၊ ဟောန္တိ-ဖြစ်ကြပါသည်။ ဘန္တေ-မြတ်စွာဘုရား၊ ဣဒမ္ပိ-ဤဣန္ဒြေငါးပါးကို ကောင်းစွာပွါးစေအပ်ပြီး ဖြစ်ခြင်းသည်လည်း၊ ခီဏာသဝဿ ဘိက္ခုနော-ရဟန္တာရဟန်း၏၊ ဗလံ ဟောတိ-ခွန်အားတပါးဖြစ်ပါသည်။ ယံ ဗလံ အာဂမ္မ-ယင်းခွန်အားကို ရောက်၍ စွဲမှီ၍၊ ခီဏာသဝေါ ဘိက္ခု-ရဟန္တာရဟန်းသည်၊ ခီဏာ မေ အာသဝါ-တိ-ငါ့မှာ အာသဝေါတရားကုန်ပြီဟု၊ အာသဝါနံ ခယံ-အာသဝ

ဝေါတရားတို့၏ကုန်ခြင်းကို၊ ပဋိဇာနာတိ-ဝန်ခံပါသည်မြတ်စွာဘုရား တဲ့။

ဣန္ဒြိယ-ဣန္ဒြေ ဆိုတာ အစိုးရတယ်လို့ အနက်ရှိပါတယ်။ သူ့နေရာနှင့်သူ အစိုးရတဲ့သဘောသတ္တိရှိလို့ ဣန္ဒြိယ ဆိုတဲ့အမည်ဖြင့် ဟောထားတဲ့ရုပ်နာမ်တွေဟာ ၂၂-ပါးရှိတယ်၊ (၁) မြင်မှုကိစ္စမှာ အစိုးရတဲ့အတွက် မျက်စိအကြည်ရုပ်ကို စက္ခုန္ဒြေလို့ ခေါ်တယ်၊ (၂-၅)သို့အတူ ကြားမှု နံမှု စားသိမှု ထိသိမှုတို့၌ အစိုးရတဲ့အတွက်နားအကြည် စသည်ကို သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေလို့ ခေါ်တယ်၊ (၆-၇)အမအဖို အသွင်စသည်ကို ဖြစ်စေရာ၌ အစိုးရတဲ့အတွက် ဘာဝရုပ် ၂-ခုကို ဣတ္ထိန္ဒြေ ပုရိသိန္ဒြေလို့ ခေါ်တယ်၊ (၈)အသက်ရှင်ရေး၌ အစိုးရတဲ့အတွက် ရုပ်သက်နှင့် နာမ်သက်ကို ဇီဝိတိန္ဒြေလို့ ခေါ်တယ်၊ ဒီထိအောင် ရုပ်ရှစ်ပါးနှင့် နာမ်သက်တပါး ဆိုတဲ့ ဣန္ဒြေများကတော့ ပွါးစေအပ်တဲ့ သဘောများ မဟုတ်ကြပါဘူး၊ ပွါးအောင်လုပ်လို့လဲ မဖြစ်ဘူး။

(၉) အာရုံကို သိမှု၌ အစိုးရတဲ့အတွက် စိတ်ကို မနိန္ဒြေလို့ ခေါ်တယ်၊ ဒီမနိန္ဒြေခေါ်တဲ့စိတ် ၈၉-ခုထဲက ကုသိုလ်စိတ်နှင့် ဟိတ်ရှိကြိယာ စိတ်တွေကတော့ ဖြစ်ပွါးစေအပ်တဲ့ သဘောတရားတွေပါဘဲ၊ ဒါပေမဲ့ ဒီမနိန္ဒြေကိုတော့၊ဗောဓိပက္ခိယတရားထဲမှာ ထည့်သွင်းပြမထားဘူး။ (၁၀-၁၄)ခံစားမှုများ၌အစိုးရတဲ့အတွက် ဝေဒနာငါးမျိုးကို သုခိန္ဒြေ ဒုက္ခိန္ဒြေ သောမနဿိန္ဒြေ

ဒေါမနဿိန္ဒြေ ဥပေက္ခိန္ဒြေလို့ ခေါ်တယ်၊ ဒီငါးပါးထဲမှာ ကုသိုလ်, အဗျာကတ်ကြိယာ ဖြစ်တဲ့ သောမနဿိန္ဒြေ ဥပေက္ခိန္ဒြေ များကတော့ ဖြစ်ပွါးစေအပ်တဲ့ သဘော တရားတွေပါဘဲ၊ သဒ္ဓိန္ဒြေ စသည်တို့နှင့် ယှဉ်တဲ့ဖြစ်တဲ့ တရားတွေပါဘဲ၊ ဒါပေမဲ့ ဗောဓိပက္ခိယ တရားထဲမှာတော့ ထည့်သွင်းပြမထားဘူး။

(၁၅-၁၉) ယုံကြည်မှုစသည်မှာ အစိုးရတဲ့ သဒ္ဓါအစရှိသော တရား ငါးပါးကိုသာ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ ဆိုတဲ့အမည်များဖြင့် ဗောဓိပက္ခိယတရား ထဲမှာ ထည့်သွင်းပြထားတယ်။ အဲဒီငါးပါးထဲက ပညိန္ဒြေအရ ပညာကို လောကီ လောကုတ္တရာ ၂-မျိုးခွဲခြားပြီးတော့ လောကုတ္တရာ ပဌမ မဂ်ပညာကို (၂၀) အနညာတညဿာမီတိန္ဒြေလို့ ခေါ်တယ်၊ အောက်ဖိုလ်ပညာ ၃-ပါးနှင့် အထက်မဂ်ပညာ ၃-ပါးကို (၂၁) အညိန္ဒြေလို့ခေါ်တယ်၊ အရဟတ္တဖိုလ်ပညာကို (၂၂) အညာတာဝိန္ဒြေလို့ ခေါ်တယ်။

ရဟန္တာခွန်အားကို ပြတဲ့ဒီဒေသနာမှာတော့ လောကီ လောကုတ္တရာမခွဲခြားဘဲ ပညာဟူသမျှကို ပညိန္ဒြေလို့ပင် ပြဆိုထားပါတယ်။ အဲဒီဣန္ဒြေငါးပါးထဲက သဒ္ဓိန္ဒြေဆိုတာ ယုံကြည်မှု ကြည်လင်မှု၌ အစိုးရတဲ့ သဒ္ဓါပါဘဲ၊ ယုံကြည်တဲ့သဒ္ဓါ ကြည်လင်တဲ့ သဒ္ဓါပေါ့။ ဒါပေမဲ့ ယုံကြည်မှုတိုင်းကိုလဲ သဒ္ဓါလို့မဆိုဘူး။ ယုံကြည်သင့်တာကို ယုံကြည်မှုသဒ္ဓါလို့ဆိုတယ်၊ မယုံကြည်သင့်တဲ့ ဘုရားတု ဘုရားယောင်တွေ ဂိုဏ်းဆရာကြီးတွေ၊ ဒီလိုဟာတွေ ယုံ-

ကြည်တာကိုတော့ မိစ္ဆာအဓိမောက္ခလို့ ဆိုထားပါတယ်၊ မှားယွင်းတဲ့ ယုံကြည်မှုလို့ ဆိုလိုတာပေါ့။ ဘုရား တရား သံဃာအစစ်အမှန်သုံးပါးနှင့် ကံ,ကံ၏အကျိုးကို ယုံကြည်တာကမှ သဒ္ဓါတရားအစစ် မည်ပါတယ်၊ ယုံကြည်သင့်တဲ့ အစစ်အမှန်နဲ့ မယုံကြည်သင့်တဲ့ အတုအယောင် အမှားကို ဘယ်လိုခွဲခြားသိရပါမည်လဲဆိုယင်၊ အရဟံအစရှိတဲ့ဂုဏ်တော် ၉-ပါးနှင့်ပြည့်စုံယင်ယုံကြည်သင့်တဲ့ တရားအစစ်အမှန်ဘဲ၊ အဲဒီဂုဏ်တော်တွေနှင့်မပြည့်စုံယင်တော့ အတုအယောင်အမှားတွေဘဲလို့ ခွဲခြားသိရမယ်။

သွာက္ခာတ အစရှိတဲ့ ဂုဏ်တော် ၆-ပါးနှင့်ပြည့်စုံတဲ့ အရိယမဂ် လေးပါး အရိယဖိုလ်လေးပါး နိဗ္ဗာန်ဆိုတဲ့ ဒီလောကုတ္တရာ တရား ၉-ပါးဟာ ယုံကြည်သင့်တဲ့ တရားစစ်တရားမှန်ဘဲ၊ အဲဒီလောကုတ္တရာ တရား ၉-ပါးကို သိအောင် ရအောင် ကျင့်ဘို့ ဟောထားတဲ့ ဒေသနာတရားဟာလဲ ယုံကြည်သင့်တဲ့ တရားစစ်တရားမှန်ဘဲ။ အဲဒီဂုဏ်တော် ၆-ပါးနှင့် မစပ်မဆိုင်တဲ့ တရားဟူသမျှကိုတော့ မယုံကြည်သင့်တဲ့ အတုအယောင်တရား မူမမှန်တဲ့တရားလို့ သိရမယ်။

လောဘ ဒေါသ မောဟ ကိလေသာ ကင်းကြောင်းအကျင့်ဖြစ်တဲ့ သီလ သမာဓိ ပညာအကျင့်ကို ကောင်းစွာကျင့်တဲ့သုပ္ပဋိပန္နဂုဏ်အစရှိတဲ့ ဂုဏ်တော် ၉-ပါးနှင့်ပြည့်စုံတဲ့ အရိယာပုဂ္ဂိုလ်ရှစ်ပါးအပေါင်းကို ယုံကြည်သင့်တဲ့ သံဃာအစစ်အမှန်လို့ သိရမယ်၊ သီလစသည်ကို ရိုသေစွာကျင့်နေတဲ့ ကလျာဏ ပုထုဇဉ်ပုဂ္ဂိုလ်သဲ အဲဒီသံဃာထဲမှာ ပါဝင်တယ်။ ဘာကြောင့်လဲ ဆိုယင်

သောတာပတ္တိဖိုလ်ရအောင် ကျင့်နေဆဲဖြစ်၍ သုပ္ပဋိပန္နဂုဏ် စသည်နှင့် ပြည့်စုံသောကြောင့်ပါဘဲ၊ သုပ္ပဋိပန္နဂုဏ်စသည်နှင့် မပြည့်စုံတဲ့ဘာသာရေးရှေ့ဆောင် ဆရာအပေါင်းအစုကို အတု အယောင်သံဃာလို့ သိရမယ်။

အဲဒီ ဘုရား တရား သံဃာအစစ်ဆိုတဲ့ ရတနာသုံးပါးနှင့်ကံ, ကံ၏အကျိုးကို ယုံကြည်တာဟာ သဒ္ဓါတရားအစစ်ဘဲ၊ အဲဒီ သဒ္ဓါတရားဟာ ဘုရားစသည်ကို ယုံကြည်မှု၌ အစိုးရတဲ့အတွက် သူ့ကိုသဒ္ဓိန္ဒြေလို့ ခေါ်တယ်၊အဲဒီသဒ္ဓိန္ဒြေကို ခိုင်မြဲပြည့်စုံအောင် ပွားစေရတယ်၊ သို့ပေမဲ့ ဘုရားဂုဏ်စသည်ကို ဆင်ခြင်နေရုံမျှဖြင့် တော့ အဲဒီသဒ္ဓါက မခိုင်မြဲသေးဘူး၊ သောတာပတ္တိ မဂ်တိုင် အောင် ဝိပဿနာမဂ္ဂင်ကိုပွားစေမှ ကောင်းကောင်း ခိုင်မြဲတယ်၊ ဘယ်လိုလဲဆိုယင် ဝိပဿနာရှုလို့ ရုပ်နှင့်နာမ်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် ပိုင်းခြားသိရယင် အဲဒီသဒ္ဓါက ပိုပြီးခိုင်မြဲလာတယ်၊ ကွေးချင်တဲ့ စိတ်စသောအကြောင်းကြောင့် ကွေးရုပ်စသော အကျိုးဖြစ်နေ ဘယ် စသည်ဖြင့် အကြောင်းနှင့်အကျိုးကိုပိုင်းခြားသိရယင် ပိုပြီး ခိုင်မြဲလာဘယ်၊ရှုမှတ်နေယင်း ခဏမစဲဖြစ်ပျက်နေဘာကိုတွေ့ရလို့ မမြဲဘူး၊ ဆင်းရဲချည်းဘဲ၊ အနတ္တသဘောတရားမျှဘဲလို့ ကိုယ်ပိုင် ဉာဏ်ဖြင့် တွေ့သိရယင် ပိုပြီး ခိုင်မြဲလာတယ်၊ သောတာပတ္တိ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုတွေ့မြင်တဲ့အခါကျတော့ အဲဒီသဒ္ဓါဟာ မလှုပ်မရှား မပျက်စီးနိုင်လောက်အောင် ခိုင်မြဲပြည့်စုံသွားတယ်။

နောက်ပြီးတော့ ကြည်လင်တဲ့ သဒ္ဓါဆိုတာက ကုသိုလ်စိတ် တိုင်းမှာပါဝင်ပြီးဖြစ်ပါတယ်၊ဥဒယဗ္ဗယဉာဏ်စသောဝိပဿနာ

ဉာဏ်များ ဖြစ်နေသောအခါ အဲဒီကြည်လင်မှုသဒ္ဓါဟာထင်ရှား ပေါ်နေပါတယ်၊ အထူးအားဖြင့် သခ်ါရုပေက္ခာဉာဏ်မှာအလွန် ထင်ရှားပါတယ်၊ တခါတရံမှာ တကိုယ်လုံး ပျောက်နေပြီး ဟင်းလင်းပြင်ထဲမှာ ကြည်လင်တဲ့ အသိစိတ်ကလေး တခုထဲကို သာ ရှုသိနေရတယ်၊ သောတာပတ္တိမဂ်ခဏကျတော့ အဲဒီကြည် လင်တဲ့ သဒ္ဓါလဲ ပြည့်စုံသွားပါတယ်။ အရဟတ္တမဂ် ရောက်တဲ့ အခါကျတော့ အဲဒီယုံကြည်မှု ကြည်လင်မှုဆိုတဲ့ သဒ္ဓိန္ဒြေကို ပွါး စေမှု ကိစ္စ လုံးဝပြည့်စုံသွားပါတယ်။

ဝီရိယိန္ဒြေဆိုတာ ရှေးနားကပြောခဲ့တဲ့ သမ္မပ္ပဓာန်နှင့် အတူ ပါဘဲ၊ အဲဒီသမ္မပ္ပဓာန်ကို ပွါးစေမှုကိစ္စ ပြည့်စုံယင် ဒီဝီရိယိန္ဒြေကို ပွါးစေမှုလဲပြည့်စုံတော့တာပါဘဲ၊ သမ္မပ္ပဓာန်ဆိုတာက ကောင်း စွာ အပြင်းအထန် အားထုတ်တယ်လို့ အနက်ရတယ်၊ ဝီရိယိန္ဒြေ ဆိုတာက အားထုတ်မှု ကိစ္စမှာ အစိုးရတယ်လို့ အနက်ရတယ်၊ ဒီလိုဝေါဟာရအနက်မျှသာကွဲပြားပါတယ်၊တရားကိုယ်ကတော့ ဝိပဿနာမဂ္ဂင် အရိယမဂ္ဂင်တို့၌ ပါဝင်တဲ့ ဝီရိယပါဘဲ။ ဒီဝီရိယ ကလဲ အရေးကြီးပါတယ်၊ လျော့ယဲ့ယဲ့ အားထုတ်နေရုံမျှဖြင့် တော့ ဝိပဿနာ ဉာဏ်ထူးတွေတောင် မဖြစ်နိုင်ပါဘူး၊ အရိယ မဂ်ဉာဏ် မဖြစ်နိုင်တာကိုတော့ ပြောစရာမလိုတော့ပါဘူး၊ ဒွါရ ၆-ပါးမှ ပေါ်လာသမျှ ရုပ်နာမ် သဘောတွေကို မပြတ်မစဲ တင်းတင်းရင်းရင်း ပြင်းပြင်းထန်ထန် ရှုမှတ်အားထုတ်နေပါမှ ဝိပဿနာဉာဏ်ထူးတွေ ဖြစ်ပေါ်ပြည့်စုံပြီးတော့ အရိယမဂ်ဖြစ် ပေါ်လာနိုင်ပါတယ်၊ အဲဒီ အားထုတ်မှုဟာ အရဟတ္တမဂ်တိုင်

အောင် ဖြစ်ပေါ်သွားယင် ဒိဝိရိယိန္ဒြေကိုပွားစေမှု ပြည့်စုံတော့ တာဘဲ၊ ရဟန္တာပုဂ္ဂိုလ်မှာ အဲဒီအရဟတ္တမဂ်ဘိုင်အောင် ဒိဝိရိယိန္ဒြေကို ပွါးစေပြီး ဖြစ်နေပါပြီ-တဲ့။

သတိန္ဒြေ ဆိုဘာလဲ ရှေ့နားက ပြောခဲ့တဲ့ သတိပဋ္ဌာန်နှင့် အရတူပါဘဲ၊ အမှတ်ရမှုမှာ အစိုးရတဲ့အတွက် သူ့ကို သတိန္ဒြေလို့ ခေါ်ဆိုရတာပါဘဲ၊ ဒီသတိန္ဒြေ ပွားစေပုံကိုတော့ ရှေ့ပိုင်းက အထပ်ထပ်ပြောခဲ့ပြီး ဖြစ်တဲ့အတွက် ဒီနေရာမှာ ထပ်ပြောဘို့ မလိုပါဘူး။

သမာဓိန္ဒြေ ဆိုဘာကတော့ စိတ်တည်ကြည်မှု ဧကဂ္ဂတာဆိုဘဲ့ သမာဓိပါဘဲ၊ သူကစိတ်ကိုတည်ငြိမ်အောင် ကောင်းစွာထားတဲ့ကိစ္စမှာ အစိုးရလို့ သူ့ကို သမာဓိန္ဒြေလို့ ခေါ်ဆိုရတာပါဘဲ။ ဒီသမာဓိကလဲ အလွန်အရေးကြီးပါတယ်၊ သမာဓိအားမရှိယင် စိတ်ကို တည်ငြိမ်အောင် မထားနိုင်တဲ့အတွက် ရုပ်နာမ်ကို ပိုင်းခြားသိတဲ့ နာမရူပပရိစ္ဆေဒဉာဏ်တောင် ကောင်းကောင်း မဖြစ်နိုင်ဘူး။ တချို့က အဘိဓမ္မာကျမ်းဂန်ထဲက ပြထားတဲ့အတိုင်း ကျက်မှတ်ပြီး ဆင်ခြင်နေရုံနဲ့ နာမရူပ ပရိစ္ဆေဒစသော ဝိပဿနာဉာဏ်တွေ ဖြစ်တယ်လို့ယူဆပြောဟောနေကြတယ်။ အဲဒါက ဝိသုဒ္ဓိ(၇)ပါးဖြစ်စဉ်ကို သတိမပြုမိလို့ ပြောနေကြခြင်းမျှပါဘဲ၊ နာမ်ရုပ်ကိုခွဲခြားသိတဲ့ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ဒိဋ္ဌိဝိသုဒ္ဓိဆိုတာ သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိဆိုတဲ့ ဒိဝိသုဒ္ဓိ ၂-ပါးပြည့်စုံပြီးမှ ဖြစ်နိုင်တာဘဲ၊ စိတ္တဝိသုဒ္ဓိ ဆိုတာ ဈာန်သမာဓိဖြစ်စေ၊ နီဝရဏကင်းတဲ့ ဥပစာရ သမာဓိဖြစ်စေ ပြည့်

စုံမှ ပြီးစီးတာဘဲ၊ ကျက်မှတ်ထားတဲ့အတိုင်း ဆင်ခြင်တဲ့သူမှာ နီဝရဏကင်းတဲ့ ဥပစာရသမာဓိတောင် ပြည့်စုံတယ်လို့ မဆိုနိုင်ပါဘူး၊ သီလမစင်ကြယ်တဲ့ ပုဂ္ဂိုလ်လဲ ကျက်မှတ်ပြီး ဆင်ခြင်လို့ဖြစ်တာဘဲ၊ အဲဒီတော့ သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ မရှိဘဲ ဆင်ခြင်လို့သိတာကို နာမရူပ ပရိစ္ဆေဒဉာဏ်လို့တောင် မဆိုနိုင်ပါဘူး။

အမှန်စင်စစ်ကတော့ သီလစင်ကြယ်ပြီးတဲ့နောက် ဈာန်တပါးပါးကိုယင်လဲ ရရမယ်၊ နီဝရဏကင်းတဲ့ ဥပစာရသမာဓိယင်လဲ ပြည့်စုံရမယ်၊ သို့မဟုတ် အဲဒီဥပစာရသမာဓိနှင့် နီဝရဏကင်းပုံချင်း တူညီတဲ့ ဝိပဿနာ ခဏိကသမာဓိယင်လဲ ပြည့်စုံရမယ်၊ အဲဒီသမာဓိသုံးပါးထဲက တပါးပါးနှင့် ပြည့်စုံပြီးမှ မိမိသန္တာန်မှာ တကယ်ဖြစ်ပေါ်နေဆဲရုပ်နာမ်တွေကို ရှုမှတ်နေယင်း (ရှုသိတဲ့ရုပ်နဲ့ ရှုသိနေတဲ့ စိတ်နာမ်က စပြီး) ရုပ်နာမ် ၂-ပါးကို ခွဲခြားသိတဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်အစစ်က ဖြစ်ပေါ်တာ၊ အဲဒီဉာဏ်က ရင့်သန်ပြည့်စုံမှ အကြောင်းကိုပါ ပိုင်းခြားပြီးသိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်ပေါ်တယ်၊ အဲဒီဉာဏ်ကရင့်သန်ပြည့်စုံမှ ရှုမှတ်ရတဲ့ အာရုံတွေ၏ဖြစ်ပေါ်လာပုံ ပျောက်ကွယ်သွားပုံကို ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့သိပြီးတော့ သမ္မသနဉာဏ် ဥဒယဗ္ဗယဉာဏ် စသည်တွေ ဖြစ်ပေါ်ကြတယ်၊ အဲဒီဝိပဿနာဉာဏ်တွေ ဖြစ်တိုင်းဖြစ်တိုင်းလဲ ရှုမိတဲ့အာရုံမှာ စိတ်၏စူးစိုက်တည်ကြည်မှုရှိပါမှ အဖြစ်အပျက် အနိစ္စလက္ခဏာ စသည်ကို ပိုင်ပိုင်နိုင်နိုင် သိသိသွားတာ။ ဒါကြောင့် မြတ်စွာဘုရားက သဠာယတနသံယုတ်ပါဠိတော်(၃၀၂) မှာ-

သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ဘိက္ခဝေ ယထာဘူတံ ပဇာနာတိ-စသည်ဖြင့် ဟောတော်မူပါတယ်။

ဘိက္ခဝေ-ရဟန်းတို့၊ သမာဓိံ-စိတ်တည်ကြည်မှု သမာဓိကို၊ ဘာဝေထ-ဖြစ်စေကြ-ပွားစေကြလော့။ ဘိက္ခဝေ-ရဟန်းတို့၊ သမာဟိတော-စိတ်ကို ကောင်းစွာ တည်ငြိမ်အောင်ထားနိုင်သောသူသည်၊ ဝါ-စိတ်တည်ကြည်သောသူသည်၊ ယထာဘူတံ-ဟုတ်တိုင်းမှန်စွာ၊ ဝါ-ဖြစ်ပေါ်လာသည့် သူ့သဘောမှန်အတိုင်း၊ ပဇာနာတိ-ပိုင်နိုင်စွာသိ၏-တဲ့။

သမာဓိရှိယင် မှန်စွာသိတယ်ဆိုတာ လက်တွေ့အားထုတ်တဲ့ ယောဂီတွေမှာ အလွန်ထင်ရှားပါတယ်၊ စိတ်၏စူးစိုက်တည်ငြိမ်မှု ကောင်းလာတဲ့အခါမှာ မြင်မှု ကြားမှု အစရှိတဲ့ ရုပ်နာမ်တရားတွေကို ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားလို့ မမြဲဘူး စသည်ဖြင့် အထင်အရှားကိုယ်တိုင်တွေ့ သိသိသွားပါတယ်။ အဲဒီလို သိပုံကို မြတ်စွာဘုရားက ဒီလိုဆက်ပြီး ဟောတော်မူပါတယ်။

ကိဉ္စ ယထာဘူတံ ပဇာနာတိ-အဘယ်ကို ဟုတ်တိုင်းမှန်စွာ သိသနည်းဟူမူ၊ စက္ခု အနိစ္စန္တိ ယထာဘူတံ ပဇာနာတိ-မျက်စိသည် မမြဲဟု ဟုတ်တိုင်းမှန်စွာသိ၏၊ ရူပါ အနိစ္စာတိ-မြင်ရတဲ့ အဆင်းတွေ မမြဲကြဟု- - -၊ စက္ခုဝိညာဏံ အနိစ္စန္တိ- - -မြင်သိမှု မမြဲဟု- - -၊ စက္ခုသမ္ဖဿော အနိစ္စောတိ-မျက်စိအတွေ့-မြင်တွေ့ မမြဲဟု- - -၊ ယမ္ပိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ တမ္ပိ

အနိစ္စန္တိ ယထာဘူတံ ပဇာနာတိ-မြင်တွေ့ကြောင့်ဖြစ်တဲ့ ချမ်းသာမှု ဆင်းရဲမှု အလယ်အလတ်မဆင်းရဲ မချမ်းသာမှုကိုလဲ မမြဲဟု သိ၏-စသည်ဖြင့် မြင်ခိုက်စသည်မှာ ထင်ရှားတဲ့ ဒွါရအာရုံ ဝိညာဏ်ဖဿ ဝေဒနာဆိုတဲ့တရားတွေကို မမြဲဟူ၍ သိကြောင်း ဟောထားပါတယ်။

အဲဒီ သမာဓိဟာ ဝိပဿနာအခိုက်က ကောင်းခဲ့ သလိုပင် အရိယမဂ် လေးပါးခဏ၌လဲ ကောင်းစွာ တည်ငြိမ်လျက် ဖြစ်တယ်၊ ရဟန္တာမှာ အဲဒီသမာဓိကို အရဟတ္တမဂ်တိုင်အောင် ပွါးစေအပ်ပြီးဖြစ်တယ်၊ ဒါကြောင့် သမာဓိန္ဒြေကို ပွါးစေခြင်းကိစ္စပြီးစီးပြည့်စုံသွားတယ်။

ပညိန္ဒြေ ဆိုတာ အသိဉာဏ်ပါဘဲ၊ ဒါပေမဲ့ ကြားနာပြီး သိတဲ့ သုတမယ အသိမျိုးကိုလဲ မဆိုလိုဘူး၊ ကြံစည်စဉ်းစား ဆင်ခြင်ပြီး သိတဲ့ စိန္တာမယအသိမျိုးကိုလဲ မဆိုလိုဘူး၊ ရှုမှတ် ပွါးများပြီး သိတဲ့ ကိုယ်ပိုင်ဉာဏ် အသိပညာကိုသာ ဆိုလိုပါတယ်။ ဒါကြောင့် ဒီဃိလဝဏ္ဏသုတ္တန်တရားတော်စာအုပ် ဒုတိယပိုင်း စာမျက်နှာ (၆၀)မှာ သုတမယဉာဏ် စိန္တာမယဉာဏ် အချို့သော ဈာနသမ္ပယုတ်ဘာဝနာမယဉာဏ်တို့ထက် ထူးခြားတဲ့ဉာဏ် ဖြစ်ကြောင်း ဝိသုဒ္ဓိမဂ်မဟာဋီကာ အဖွင့်ကို ထုတ်ပြထားခဲ့ပါတယ်။

ဝိပဿနာ ရှုခိုက်မှာ ရုပ်နာမ် အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တသဘောတို့ကို သိရာ၌ အစိုးရသောကြောင့် ဝိပဿနာ

ပညာကို ပညိန္ဒြေခေါ်တယ်၊ အရိယမဂ်လေးပါးခဏမှာ နိဗ္ဗာန်ကိုသိရာ၌ အစိုးရသောကြောင့် မဂ်လေးပါးပညာကို ပညိန္ဒြေလို့ခေါ်တယ်၊ အကျယ်ဟောတဲ့ ဒေသနာမှာတော့ သောတာပတ္တိမဂ်ပညာကို အနညာတညဿာမီတိန္ဒြေလို့ ဟောတယ်၊ မသိရသေးတာကို သိစေမယ်ဆိုတဲ့ အနေနဲ့ သိတဲ့ပညာလို့ ဆိုလိုပါတယ်။ အထက်မဂ် ၃-ပါးပညာကို အညိန္ဒြေလို့ဟောတယ်၊ သိပြီးအပိုင်းအခြားဖြင့်ပင် ထပ်၍သိတဲ့ပညာလို့ ဆိုလိုပါတယ်။

အဲဒီလောကီ လောကုတ္တရာ ဘာဝနာမယပညာ ဆိုတဲ့ ပညိန္ဒြေကို ဒီသီလက္ခန္ဓသုတ်မှာ ညွှန်ပြတားတဲ့အတိုင်း မြင်ခိုက်ကြားခိုက် စသည်မှာ ထင်ရှားတဲ့ မြင်မှု ကြားမှုစသော ဥပါဒါနက္ခန္ဓာငါးပါးကို ရှုပြီး ပွားစေရတယ်၊ မြင်ယင် မြင်တယ် ကြားယင် ကြားတယ် စသည်ဖြင့် ရှုပြီး တကယ်ဖြစ်ပေါ်ဆဲ တရားကို သိတာဟာ အမှန်အတိုင်းသိတဲ့ ပညိန္ဒြေပါဘဲ၊ ဒါပေမဲ့ ရှုခါစမှာတော့ မြင်မှု ကြားမှုစသည်ကို ဖြစ်စဉ်အတိုင်း အကုန်စေ့ငအောင် လိုက်ပြီး မရှုနိုင်သေးဘူး၊ သမာဓိကလဲ အားမရှိသေးဘူး၊ ဒါကြောင့် ကိုယ်သဲက အတွေ့အထိကစပြီး ရှုရတယ်၊ အဲဒီလိုရှုပုံကို မဟာသတိပဋ္ဌာနသုတ်မှာ (ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ) စသည်ဖြင့် ဣရိယာပုထ်လေးပါးကို စပြီး ရှုပုံပြထားပါတယ်၊ ထိုင်နေဆဲ ဆိုယင် ထိုင်တယ် ထိုင်တယ်လို့ ဒါကလေး တခုတည်းကို ရှုပြီးသိနေယင်လဲ ဖြစ်တာပါဘဲ၊ ဒါပေမဲ့ ရှုမှတ်စရာတခုဘည်းဆိုတော့ လွယ်လွန်းနေတဲ့အတွက် ကြောင့်ကြစိုက်မှု ဝီရိယိန္ဒြေက အားနည်းပြီး သမာဓိက အား

များနေတတ်တယ်၊ဒါကြောင့် တဖြေးဖြေး ထိနမိဒ္ဓဝင်လာပြီး ထိုင်းမှိုင်းပျင်းရိလာယင် ရှုသိမှုဉာဏ် အားလျော့သွားတော့ တာဘဲ။

ဒါကြောင့် အဲဒီလို ဝီရိယအား မနည်းရအောင် ဘုန်းကြီး တို့က ဝမ်းဗိုက်၏ ဖောင်းမှု ပိန်မှုကို အစပြုပြီးတော့ ဖောင်း တယ် ပိန်တယ်လို့ ရှုမှတ်စေပါတယ်၊ ဖောင်းခိုက်မှာ တောင့် တင်း တွန်းကန်မှု လှုပ်ရှားမှုဟာ တကယ်ဖြစ်လျက် ရှိနေတာပဲ၊ အဲဒါဟာ ဝါယောဓာတ်ပဲ၊ ဖောင်းတယ်လို့ ရှုမှတ်တဲ့အခါ အဲဒီ တောင့်တင်းတွန်းကန် လှုပ်ရှားမှု ဝါယောဓာတ်ကို အမှန် အတိုင်း သိဘာဘဲ၊ ပိန်တယ်လို့ ရှုမှတ်တဲ့အခါလဲ နည်းတူပင် အမှန်အတိုင်းသိတာဘဲ၊အဲဒီလို ရှုမှတ်နေတော့ မှတ်ရတဲ့အာရုံ က တခုတည်းမဟုတ်လို့ သမာဓိလဲ မလွန်ဘူး၊ ဖောင်းတာနဲ့ ပိန်တာ ၂-ခုထဲမို့ အလွန်ကြောင့်ကြမစိုက်ရတဲ့အတွက် ဝီရိယလဲ မလွန်ဘူး၊ ဒါကြောင့် သမာဓိနှင့် ဝီရိယ ညီမျှစွာ ဖြစ်ပြီးတော့ မကြာခင်ဘဲ သမာဓိနှင့်ဉာဏ် အားကောင်းလာတယ်၊ အဲဒီ အခါ ရှုသိရတဲ့ရုပ်နဲ့ ရှုသိတဲ့စိတ်နာမ်ကိုလဲ ခွဲခြားပြီးသိတဲ့ ပညာတွေဖြစ်လာတယ်။

အကြောင်းနဲ့ အကျိုးကို ခွဲခြားသိတဲ့ ပညာတွေလဲ ဖြစ်တယ်၊ အဖြစ်အပျက် အနိစ္စစသည်ကို သိတဲ့ ပညာတွေလဲဖြစ်လာတယ်၊ နောက်ဆုံးကြတော့ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ထင်ရှားဖြစ်ပေါ်လာတဲ့ ရုပ်နာမ်တွေကို ဖြစ်စဉ်အတိုင်း အကုန်

လုံးလိုက်ပြီး ရှုသိနိုင်တယ်၊ အဲဒီလိုရှုသိပြီးတော့ သင်္ခါရုပေက္ခာ ဉာဏ် ရင့်သန်ပြည့်စုံတဲ့အခါမှာ နိဗ္ဗာန်ကို မျက်မှောက်သိမြင်တဲ့ အရိယမဂ်ပညိန္ဒြေ ဖြစ်ပေါ်လာတယ်၊ ဒီဥပါဒါနက္ခန္ဓာကို ရှုတဲ့နည်းဖြင့် အရဟတ္တမဂ်ပညိန္ဒြေ ဖြစ်ပွားပြီးတဲ့ အခါမှာ ဒီပညိန္ဒြေကို ပွားစေမှု လုံးဝပြီးစီး ပြည့်စုံတော့တာဘဲ၊ အခြား ဣန္ဒြေလေးပါးလဲ ပညိန္ဒြေနှင့် တပါတည်း ပြီးစီးပြည့်စုံသွား ပါတယ်။ ဒါကြောင့် ရဟန္တာမှာ တကယ်ဖြစ်ပေါ်နေတဲ့ ရုပ်နာမ်ဥပါဒါနက္ခန္ဓာတွေကို မရှုမသိနိုင်တာရယ်လို့ မရှိပါဘူး၊ အလိုရှိရင် အကုန်လုံး ရှုသိနိုင်တာချည်းဘဲ။ ယခုပြောခဲ့တာ ဟာ သဒ္ဓါအစရှိသော ဣန္ဒြေငါးပါးကို ကောင်းစွာပွားစေပြီး ဖြစ်တယ် ဆိုတဲ့ ရဟန္တာ၏ သတ္တမခွန်အားပါဘဲ။ ယခု အဋ္ဌမ ခွန်အားကို ပြောရမယ်။

## (၈) ရဟန္တာ၏ အဋ္ဌမခွန်အား

ဘန္တေ-မြတ်စွာဘုရား၊ ပုန စ-တဖန်လည်း၊ အပရံ-တပါး သော ခွန်အားကား၊ခီဏာသဝဿ ဘိက္ခုနော-ရဟန္တာ ရဟန်း သည်၊ ပဉ္စ-ငါးပါးကုန်သော၊ ဗလာနိ-ဗိုလ်ဟုခေါ်သော ခွန် အားတို့ကို၊ ဘာဝိတာနိ-မိမိသန္တာန်၌ ပွါးစေအပ်ကုန်ပြီးသည်၊ သုဘာဝိတာနိ-လိုလေသေးမရှိ အပြည့်အစုံ ကောင်းစွာပွါးစေ အပ်ကုန်ပြီးသည်၊ ဟောန္တိ-ဖြစ်ကြပါသည်။ ဘန္တေ-မြတ်စွာ ဘုရား၊ ယမ္ပိ-ဤဗိုလ်မည်သော ခွန်အားငါးပါးကို ကောင်းစွာ ပွါးစေပြီး ဖြစ်ခြင်းသည်လည်း၊ ခီဏာသဝဿ ဘိက္ခုနော-

ရဟန္တာရဟန်း၏၊ ဗလံ ဟောတိ-ခွန်အားတပါး ဖြစ်ပါသည်။ ယံ ဗလံ အာဂမ္မ-ယင်းခွန်အားကို ရောက်၍စွဲမှီ၍၊ ခီဏာသဝေါ ဘိက္ခု-ရဟန္တာရဟန်းသည်၊ ခီဏာ မေ အာသဝါတိ-ငါ့မှာ အာသဝေါတရားကုန်ပြီဟု၊ အာသဝါနံ ခယံ-အာသဝေါ တရားတို့၏ကုန်ခြင်းကို၊ ပဋိဇာနာတိ-ဝန်ခံပါသည် မြတ်စွာဘုရား တဲ့။

ဗလ-ဗိုလ်ဆိုတာ ခွန်အားလို့ဘဲ အနက်ရှိပါတယ်၊ အဲဒီ ဗိုလ် ဆိုတဲ့ ခွန်အားငါးပါးက ခုတင်ကပြောခဲ့တဲ့ ဣန္ဒြေငါး ပါးနှင့် တရားကိုယ်အားဖြင့် ထပ်တူပါဘဲ။ သဒ္ဓါ ဆိုတဲ့ ယုံ ကြည်မှုခွန်အား ကောင်းနေတဲ့သူဟာ မယုံကြည်မှုကြောင့် မတုန်မလှုပ် ကြံ့ကြံ့တည်တံ့နေနိုင်တယ်၊ ဘယ်သူက ဘယ်လိုအ ပြောကောင်းစေကာမူ၊ အကြောင်းယုတ္တိ ဘယ်လို အပြကောင်း စေကာမူ သဒ္ဓါအားကောင်းတဲ့သူက ဘုရား တရား သံဃာ၌ ယုံကြည်မှုမလှုပ်ဘူး၊ ကျောက်တောင်ကြီးများဟာ အရပ်လေး မျက်နှာက ဘယ်လောက်ပြင်းထန်တဲ့ လေမုန်တိုင်းကြီးများ လာစေကာမူ မတုန်မလှုပ်ပဲ ကြံ့ကြံ့တည်နေသလိုပင် ယုံကြည် မှု ခိုင်မြဲနေတယ်၊ သောတာပန်မှာ ဒီသဒ္ဓါဗိုလ်ဆိုတဲ့ ခွန်အား ကြောင့် ရတနာသုံးပါး၌ ယုံကြည်မှုမပျက်ပဲ ကြံ့ကြံ့ တည် နေတာပါဘဲ။

ထို့အတူပင် ဝီရိယဗိုလ်ဆိုတဲ့ ခွန်အားကောင်းသူမှာ ပျင်း ရိမှုကြောင့် မတုန်လှုပ်ဘူး၊ ရှုမှတ်ပြီး ဗောဓိပက္ခိယတရားတွေကို

ပွါးစေရာ၌ ပျင်းရိမှုမရှိဘူး။ သတိဗိုလ်ဆိုတဲ့ ခွန်အားကောင်းသူမှာလဲ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်းကို ရှုမှတ်ရာ၌ ဝန်မလေးဘူး၊ အမှတ်မရမှု မေ့မှုကြောင့် တုန်လှုပ်ခြင်းမရှိဘူး၊ အမှတ်မရတာ မမှတ်နိုင်တာရယ်လို့ မရှိဘူး။ သမာဓိဗိုလ်ဆိုတဲ့ ခွန်အားကောင်းတဲ့သူမှာလဲ စိတ်ပျံ့လွင့်မှုကြောင့် မတုန်လှုပ်ဘူး၊ စိတ်ပျံ့လွင့်ခြင်းမရှိဘဲ တသမတ်တည်း ရှုမှတ်သွားနိုင်တယ်၊ အဲဒီလိုရှုမှတ်နိုင်ပုံ မပျံ့လွင့်ပုံဟာ သင်္ခါရုပေက္ခာဉာဏ်ရောက်တော့ အလွန်ထင်ရှားပါတယ်၊ တနာရီ ၂-နာရီစသည် တိုင်အောင် တခြားတပါး ပျံ့လွင့်ခြင်းမရှိဘဲ တသမတ်တည်း ရှုမှတ်နေနိုင်တယ်၊ တနာရီ ၂-နာရီစသည် ကြာသော်လဲ "ဘာမျှမကြာသေးဘူး တခဏကလေးရှိသေးတယ်" လို့ တောင် ထင်ရတတ်တယ်၊ တနေရာရာမှာ စူးစိုက်ပြီး ဘယ်ကိုမျှမသွားစေဘဲ နေရမယ်လို့ အဓိဋ္ဌာန်ပြုပြီး ရှုနေယင် အဲဒီတနေရာတည်းမှာသာ တနာရီစသည်တည်နေနိုင်တယ်၊ အဲဒါဟာ ပျံ့လွင့်မှုကြောင့် မတုန်လှုပ်တဲ့ သမာဓိခွန်အား၏ အစွမ်းသတ္တိပါဘဲ။

ပညာဗိုလ်ဆိုတဲ့ ခွန်အားကောင်းတဲ့သူမှာ မြင်မှု ကြားမှုစသည်၌ နိစ္စစသည်ဖြင့် အလွဲအမှားသိတဲ့ အဝိဇ္ဇာကြောင့် မတုန်လှုပ်ဘူး၊ ရှုတိုင်း ရှုတိုင်း အနိစ္စစသည်ဖြင့် အမှန်အတိုင်း သိမြဲသိပြီး တည်တံ့နေနိုင်တယ်၊ ပုထုဇဉ်မှာတော့ ဉဒယဗ္ဗယဉာဏ် ဘင်္ဂဉာဏ် သင်္ခါရုပေက္ခာဉာဏ် အခိုက်အတန့်များမှာ အဲဒီပညာဗိုလ်ကြောင့် အမှန်အတိုင်းသိမှု မပျက်ပဲ မလှုပ်ပဲ ကြံ့ကြံ့တည်နေပုံ ထင်ရှားပါတယ်၊ အရိယာ ပုဂ္ဂိုလ်များမှာ

တော့ အဲဒီလို မတုန်မလှုပ်တည်တံ့ပုံ ပိုပြီး ထင်ရှားရမှာပေါ့၊ အရဟတ္တမဂ် ရောက်တဲ့အခါကျတော့ အဲဒီပညာဗိုလ် ပွားစေမှုက ပြည့်စုံသွားပြီ၊ ဒါကြောင့် ရဟန္တာမှာ မရှူဘဲ အလွတ်နေသော်လဲ မြင်မှု ကြားမှု စသည်တို့၌ အလွဲသိ အမှားသိ အဝိဇ္ဇာကြောင့် တုန်လှုပ်ခြင်းမရှိဘဲ အနိစ္စ ဒုက္ခ အနတ္တအသိဟာ တကြွံဘည်း တည်တံ့နေတယ်လို့ မှတ်ယူရပါတယ်။

ဣန္ဒြေငါးပါး ပွါးစေပြီး ဖြစ်သင် ဗိုလ်ငါးပါးလဲ ပွါးစေပြီး ဖြစ်တော့တာပါဘဲ၊ ဒါကြောင့် ဗိုလ်ငါးပါး ပွါးစေပုံကိုတော့ ပြောဘို့ မလိုပါဘူး။ ယခု နမဝခွန်အားကို ပြောရမယ်။

## (၉) ရဟန္တာ၏ နဝမခွန်အား

ဘန္တေ-မြတ်စွာဘုရား၊ ပုန စ-တဖန်လည်း၊ အပရံ-တပါးသောခွန်အားကား၊ ခီဏာသဝဿ ဘိက္ခုနော- ရဟန္တာ ရဟန်းသည်၊ သတ္တ ဗောဇ္ဈင်္ဂါ-ခုနစ်ပါးသောဗောဇ္ဈင်တို့ကို၊ ဘာဝိတာ-ပွါးစေအပ်ကုန်ပြီးသည်၊ သုဘာဝိတာ-လိုလေသေးမရှိ အပြည့်အစုံ ကောင်းစွာ ပွါးစေအပ်ကုန်ပြီးသည်၊ ဟောန္တိ- ဖြစ်ကြပါသည်။ ဘန္တေ-မြတ်စွာဘုရား၊ ဣဒမ္ပိ-ဤဗောဇ္ဈင် ခုနစ်ပါးကို ကောင်းစွာ ပွါးစေအပ်ပြီး ဖြစ်ခြင်းသည်လည်း၊ ခီဏာသဝဿ ဘိက္ခုနော-ရဟန္တာ-ရဟန်း၏၊ ဗလံ ဟောတိ-ခွန်အားတပါး ဖြစ်ပါသည်။ ယံ ဗလံ အာဂမ္မ-ယင်းခွန်အားကို ရောက်၍ စွဲမှီ၍၊ ခီဏာသဝေါ ဘိက္ခု-ရဟန္တာ ရဟန်းသည်၊ ခီဏာ မေ အာသဝါတိ-ငါ့မှာ အာသဝေါတရား ကုန်ပြီဟု၊ အာသဝါနံ

ခယံ-အာသဝေါတရားတို့၏ ကုန်ခြင်းကို၊ ပဋိဗ္ဗာနာဘိ-ဝန်ခံပါသည် မြတ်စွာဘုရား တဲ့။

သစ္စာလေးပါးသိသူကို ဗောဓိလို့ ခေါ်တယ်၊ အင်္ဂ ဆိုတာက အကြောင်းဘဲ၊ အဲဒီ ဗောဓိ+အင်္ဂ-မှ (ဗောဇ္ဈင်္ဂ-ဖြစ်ပြီးတော့) ဗောဇ္ဈင်္ဂ-လို့ ဖြစ်လာတယ်၊ ဒါကြောင့် ဗောဇ္ဈင်္ဂ-ဗောဇ္ဈင် ဆိုတာဟာ သစ္စာလေးပါးသိသူ၏ အကြောင်းများလို့ ဆိုလိုပါတယ်၊ ဝိပဿနာရှုပြီး သစ္စာလေးပါးသိတဲ့သူဟာ ဒီဗောဇ္ဈင် (၇) ပါးကို အမှီပြုပြီး သိရတယ်၊ ဒါကြောင့် ဒီဗောဇ္ဈင် (၇) ပါးကို သိသူ၏အကြောင်းလို့ ဆိုရပါတယ်။

တနည်းအားဖြင့် သစ္စာလေးပါးကို သိကြောင်းဖြစ်တဲ့ အတွက် ဒီ သတိစသော တရားခုနစ်ပါးအပေါင်းကို ဗောဓိ-လို့ ခေါ်တယ်၊ အင်္ဂ-ဆိုတာ အစိတ်အပိုင်းဘဲ၊ သတိအစရှိသော တပါးတပါးဟာ အဲဒီသိကြောင်းတရားအပေါင်းထဲက အစိတ်အင်္ဂါ ဖြစ်တဲ့အတွက် ဗောဇ္ဈင်္ဂ-ဗောဇ္ဈင်လို့ ခေါ်ပါတယ် တဲ့။ သိကြောင်းဖြစ်တဲ့ တရားအပေါင်း၏ အစိတ်အပိုင်းလို့ ဆိုလိုပါတယ်၊ ဒီအနက်က ကျမ်းဂန်သုတ နည်းတဲ့သူတွေအတွက် အသိခက်ပါလိမ့်မယ်၊ ဒါကြောင့် ပဌမနည်းအရ သိသူ၏အကြောင်း တရားကို ဗောဇ္ဈင်ခေါ်သည်လို့ဘဲ မှတ်ထားပါတော့။

အဲဒီဗောဇ္ဈင် (၇)ပါးက ဘာတွေလဲဆိုယင်၊ (၁) သတိသမ္ဗောဇ္ဈင်၊ (၂) ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ (၃) ဝီရိယသမ္ဗောဇ္ဈင်၊ (၄) ပီတိ သမ္ဗောဇ္ဈင်၊ (၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ (၆) သမာဓိ

သမ္မောဇ္ဈင်၊ (၇) ဥပေက္ခာသမ္မောဇ္ဈင် ဆိုတဲ့ ဒီ(၇) ပါးပါဘဲ။ ဗောဇ္ဈင်နှင့် သမ္မောဇ္ဈင်ဆိုတာ အရအားဖြင့်တော့ အတူတူပါဘဲ၊ သံ-ဆိုတဲ့ ပုဒ်ပိုကလေးပါတဲ့အတွက် သမ္မောဇ္ဈင်ဆိုတာမှာ ကောင်းစွာသိသူ၏ အကြောင်းတရားလို့ အနက်ရတာလောက်ပဲ ထူးပါတယ်၊ ဆိုလိုရင်းအားဖြင့်တော့ဗောဇ္ဈင်ဆိုတာလဲကောင်း စွာသိသူ၏အကြောင်းတရားပါဘဲ။

(၁) **သတိသမ္မောဇ္ဈင်** ဆိုတာ သတိပဋ္ဌာန်လေးပါးနှင့်အရ အတူတူပါဘဲ၊ ဒါကြောင့် သတိပဋ္ဌာန် ဒေသနာတော်နှင့်အညီ ဖြစ်ဆဲ ဖြစ်ဆဲ ကိုယ်အမူအရာ ခံစားမှုဝေဒနာ စိတ်အမူအရာ သဘောတရားတို့ကို အမှတ်ရတိုင်း အမှတ်ရတိုင်း သတိသမ္မော-ဇ္ဈင်ဟာ ဖြစ်ပွားနေပါတယ်။ ဒါကြောင့် သတိပဋ္ဌာန် ဒေသနာ တော်နှင့်အညီ မရှုမှတ်တဲ့သူမှာ ဒီသတိသမ္မောဇ္ဈင်မဖြစ်ပွါးဘူး ရှုမှတ်နေတဲ့ ယောဂီမှာ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ဒီသတိသမ္မော-ဇ္ဈင်ကို ပွားများနေသည် မည်တယ် ဆိုတာကိုလဲ အထူးသတိပြု ကြရမယ်။ ဒါပေမဲ့ ဒီဗောဇ္ဈင်တရားတွေက ရှုမှတ်ခါစမှာတော့ အသိဉာဏ်က ထူးထူးခြားခြား မဖြစ်သေးတဲ့အတွက် တယ်မထင် ရှားသေးဘူး၊ ဥဒယဗ္ဗယဉာဏ်စသည် ဖြစ်ပေါ်လာတဲ့အခါကျမှ ဒီဗောဇ္ဈင်တရားတွေက ထင်ရှားတယ်၊ ဒါကြောင့် အဋ္ဌကထာ များမှာ ဒီဗောဇ္ဈင်တရားတွေကို ဥဒယဗ္ဗယဉာဏ်မှစပြီး ပြဆို ထားဘယ်။ ဒါပေမဲ့ သတိ ဝီရိယ သမာဓိ မေ့ဝိစယ ဆိုတဲ့ ဒီဗောဇ္ဈင် လေးပါးကတော့ အားထုတ်စကတည်းက သာမန် အနေစားအနေဖြင့် ဖြစ်ပွါးလာခဲ့တယ်လို့ မှတ်ယူသင့်ပါတယ်။

ဥဒယဗ္ဗယဉာဏ် ရောက်တဲ့အခါကျတော့ အမှတ်ရမှု ဆိုတဲ့ ဒီသတိသမ္ဗောဇ္ဈင်ဟာ အလွန်ထင်ရှားပါတယ်၊ "မမှတ်နိုင်တာ ရယ်လို့ မရှိတော့ဘူး။ အကုန်လုံးကို ရှုမှတ်နိုင်တယ်" လို့ ထင်ရ လောက်အောင် အမှတ်သတိဟာ အလွန်လျင်မြန်စွာ ဖြစ်နေ ပါတယ်၊ အဲဒီလို သတိကောင်းလို့လဲ ရှုမိတဲ့ရုပ်နာမ်၏ အဖြစ် အပျက် အနိစ္စ စသည်ကို အမှန်အတိုင်း သိသိသွားတာဘဲ၊ ဒါကြောင့် အမှတ်ရတဲ့သတိကို ဗောဇ္ဈင်-သိသူ၏ အကြောင်းလို့ ဆိုရတာပါဘဲ။

(၂) ဓမ္မဝိစယသမ္ဗောဇ္ဈင် ဆိုတာ ပညိန္ဒြေနှင့်အရတူပါဘဲ၊ ဓမ္မ-သဘောတရားတို့ကို+ဝိစယ— စူးစမ်း၍သိသည် = ဓမ္မဝိစယ တရားတို့ကို စူးစမ်း၍သိသောဉာဏ်-လို့ အနက်ရတယ်၊ ဘယ်လို တရားတွေကိုလဲလို့ ဆိုတော့-ကုသလာ ကုသလာဓမ္မာ-ကုသိုလ်အ ကုသိုလ်တရားတွေကိုစူးစမ်းစိစစ်ပြီး သိတယ်လို့ဆိုပါတယ်၊ ဒီလို ဆိုယင် ကုသိုလ်အကုသိုလ်မှတပါးသော ဝိပါက် ကြိယာနိဗ္ဗာန် ရုပ်တရားတွေကိုတော့ ဒီဓမ္မဝိစယသမ္ဗောဇ္ဈင်က မသိဘူးလား လို့ မေးစရာရှိလာပါတယ်၊ ပညိန္ဒြေကလဲ သိသင့်တဲ့တရားတွေ ကို အကုန်သိတာဘဲ၊ ဒသမခွန်အားကျတော့ ပြမည့် သမ္မာဒိဋ္ဌိ ဆိုတာကလဲ သစ္စာလေးပါး တရားတွေကို အကုန်သိတာဘဲ၊ အဲဒီ ပညိန္ဒြေ သမ္မာဒိဋ္ဌိမဂ္ဂင်တို့နှင့် တရားကိုယ်အရတူဖြစ်တဲ့ ဒီဓမ္မဝိစယသမ္ဗောဇ္ဈင်ကလဲ အကုန်လုံး သိသင့်တာပါဘဲ၊ ဒါ ကြောင့် ကုသိုလ် အကုသိုလ်တရားကိုတာ ဒီနေရာမှာ ပြထား တာကတော့ အကောင်း အဆိုး, အပြစ်မဲ့ အပြစ်ရှိ အနေဖြင့်

စိစစ်ဖွယ်ဖြစ်တဲ့ တရားများကိုသာ ပဓာနပြုပြီး ပြတယ်၊ မပြ ဓာန်းတဲ့အပ္ပဓာနအလိုအားဖြင့်တော့ ရုပ်နာမ်တရားဟူသမျှကို စိစစ်ပြီး သိတာဟာ ဓမ္မဝိစယသမ္ဗောဇ္ဈင်ချည်းဘဲလို့ မှတ်ယူ သင့်ပါတယ်။

ဒါကြောင့် မြင်ခိုက် ကြားခိုက် စသည်မှာ မြင်တယ် ကြား တယ်စသည်ဖြင့် ရှုမှတ်ပြီးမျက်စိအဆင်းမြင်သိမှုစသည်တို့ကို သူ့ ပင်ကိုယ်သဘောအားဖြင့် သိသိသွားတာလဲ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဘဲ၊ မျက်စိကို သိယင် မြင်မှု၏ တည်ရာအနေဖြင့် စိစစ်ပြီးသိ တယ်၊ ဒီက နေပြီး မြင်နေတာဘဲလို့သိတာဘဲပါတယ်၊ နားရုပ်ကို သိရာမှာ ပိုပြီး ထင်ရှားတတ်ပါတယ်၊ ဒီက နေပြီး ကြားနေ တာဘဲလို့ သိတတ်ပါတယ်၊ တချို့ယောဂီဟာ ဆိုယင် ဒီတခါ ညာဘက်က ကြားတယ်၊ ဒီတခါ ဗယ်ဘက်က ကြားတယ်လို့ တောင် သိတဲ့အကြောင်း ခွဲခြားပြီး ပြောတတ်ပါသေးတယ်၊ အဆင်းရုပ်ကိုသိယင် မျက်စိထဲကျလာတယ်, မြင်ရတဲ့သဘောဘဲ လို့ စိစစ်ပြီး သိတာဘဲတယ်၊ အသံရုပ်ကို သိယင် နားထဲ ကျလာ တယ်, ကြားရတဲ့သဘောဘဲလို့ စိစစ်ပြီး သိတတ်ဘယ်။ မြင်သိမှု ကြားသိမှု သိပုံ စသည်တွေကတော့ ထင်ရှားပါတယ်၊

အဲဒီလိုသိပြီးတဲ့နောက် ရုပ်သဘောကို (အနာရမ္မဏာ ဓမ္မာ ဆိုတဲ့ ဒေသနာနှင့်အညီ) အာရုံမပြုတတ်တဲ့အနေဖြင့် စိစစ်ပြီး သိတတ်ဘယ်၊ နာမ်တရားကိုတော့ အာရုံဆီသွားတတ် သိတတ် တဲ့အနေဖြင့် စိစစ်ပြီး သိတတ်ဘယ်။ ရုပ်ကို ရှုမှတ်ခိုက်၌ သိစရာ

ရုပ်ကတခြား + ရှုသိတဲ့စိတ်က တခြား ဒီလိုလဲ ခွဲခြား စိစစ်ပြီး သိတယ်။ အဲဒီထက် သမာဓိ ဉာဏ် အားရှိလာတဲ့အခါ သွားချင်တဲ့ စိတ်ကြောင့် သွားရုပ် ဖြစ်တယ် စသည်ဖြင့် အကြောင်းနှင့် အကျိုးကို ခွဲခြားစိစစ်ပြီး သိတယ်။ အဲဒီထက် အားရှိလာတဲ့အခါကျတော့ မှတ်သိရသမျှအာရုံတွေဟာ အသစ်အသစ် ဖြစ်ဖြစ်ပြီးပျက်ပျက်သွားတာကိုတွေ့ရတဲ့အတွက်မမြဲဘူး၊ ဆင်းရဲချည်းဘဲ၊ အစိုးမရှိတဲ့ အနတ္တတရားချည်းဘဲ စသည်ဖြင့် သုံးသပ်စိစစ်ပြီး သိတယ်။ အဲဒီထက် အားကောင်းလာတဲ့အခါကျတော့ လျင်မြန်စွာ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်သဘောတရားတွေကို လျင်မြန်စွာလိုက်ပြီး သိသိသွားတယ်၊ သိပုံကတော့ အလွန်လျင်မြန်ပါတယ်၊ ဘင်ဂဉာဏ် ရောက်တဲ့ အခါကျတော့ ပုံသဏ္ဌာန် အထည်ဒြပ်လဲ မထင်တော့ဘူး၊ အစဖြစ်ပေါ်မှုလဲ မထင်တော့ဘူး၊ လျင်မြန်စွာ ပျက်ပျက်သွားတဲ့သဘောကိုသာ သိသိသွားတယ်၊ ရှုသိရတဲ့အာရုံရော ရှုသိမှုရော ပျက်ပျက်သွားတာကို သိသိသွားတယ်၊ သင်္ခါရုပေက္ခာဉာဏ်ကျတော့ ကြောမစဲ ပျက်ပျက် သွားတဲ့ သဘောများကို အထူးကြောင့်ကြမစိုက်ရတော့ဘဲ သိရုံသိရုံမျှ အလွန်သိမ်မွေ့စွာ သိသိသွားနေတယ်၊ အရိယမဂ် ခဏကျတော့ သင်္ခါရ ချုပ်ငြိမ်းတဲ့သဘောကို သိမြင်သွားတယ်၊ အဲဒီလို သိမြင်တဲ့ မဂ်ဉာဏ်ကိုလဲ စိစစ်မှုမထင်ရှားပေမဲ့ ဓမ္မဝိစယသမ္ဗောဇ္ဈင်လို့ ခေါ်ရတာဘဲ။

(၃) ဝီရိယသမ္ဗောဇ္ဈင် ဆိုတာ ဝီရိယိန္ဒြေ သမ္မပ္ပဓာန်တို့နှင့် အရတူပါဘဲ၊ ဥဒယဗ္ဗယဉာဏ် အခိုက်အတန့်မှ စပြီး မယုတ်

မလွန် အားထုတ်တဲ့အနေဖြင့် ထင်ရှားတတ်ပါတယ်၊ဒီဝီရိယ-က လျော့နေယင်လဲ အမှတ်အသိ မကောင်းဘူး၊ ကြောင့်ကြစိုက် လွန်းအားကြီးနေယင်လဲ အမှတ်အသိမကောင်းဘူး၊ ညီမျှနေတဲ့ အခါမှ အမှတ်အသိက ကောင်းတယ်၊ ဒါကြောင့် မယုတ်မလွန် ညီမျှတဲ့ ဝီရိယကို ဝီရိယသမ္ဗောဇ္ဈင်လို့ခေါ်ပါတယ်။

(၄) ပီတိသမ္ဗောဇ္ဈင် ဆိုတာ နှစ်သိမ့်အားရမှု ဝမ်းမြောက်မှု သဘောပါဘဲ၊ ရှုမှတ်ခါစမှာတော့ ဝမ်းမြောက်ဖွယ်မရှိသေးလို့ ဒီပီတိက မဖြစ်သေးဘူး၊ ရှုမှတ်လို့ အတော်အတန် ကောင်းလာ ကတည်းက ပါမောဇ္ဇ ခေါ်တဲ့ အနုစားပီတိကတော့ ဖြစ်တတ် ပါတယ်၊ သူဖြစ်တဲ့အခါ ဖျိုးဖျိုးဖျင်းဖျင်းနဲ့ ကြက်သီးထလာ တတ်ဘယ်၊ ဥဒယဗ္ဗယဉာဏ် ရောက်တဲ့အခါကျတော့ ဒီပီတိက အကြီးအကျယ် ဖြစ်တော့တာပါဘဲ၊ အရောင်အလင်း သတိ ဉာဏ်စသည်တို့ကဘဲ ထူးထူးခြားခြားဖြစ်လာတဲ့အတွက် အလွန် အကဲ ဝမ်းမြောက်တော့တာပါဘဲ၊ တကိုယ်လုံးမှာ ပီတိဇရုပ်တို့ ဖြင့် ပြည့်ပြီးတော့ တစိမ့်စိမ့်တငြိမ့်ငြိမ့်နဲ့ ဘယ်လိုကောင်းမှန်း မသိအောင် ကောင်းနေတတ်ပါတယ်၊ အဲဒီလိုအလွန်အကဲ ဝမ်း မြောက်မှုကိုလဲ နိုင်နင်းအောင် စူးစိုက်ပြီး ရှုမှတ်ရတယ်၊ အဲဒီ ဝမ်းမြောက်မှုတွေ ပျောက်သွားသည်တိုင်အောင် ရှုမှတ်ရတယ်၊ နောက်ပြီးတော့ သင်္ခါရုပေက္ခာဉာဏ်အခိုက်မှာလဲ ရံခါ ဒီပီတိ ထင်ရှားဖြစ်တတ်ပါသေးတယ်။

တချို့က သူတို့နည်းအရ တရားအားထုတ်သူတွေမှာ ဒီလို ထူးခြားတဲ့ အရောင်အလင်း ပီတိသုခစသည် မဖြစ်တဲ့အတွက်

ဒီလို ပီတိစသည်ဖြစ်ဖို့ မလိုဘူးလို့လဲ သူတို့ တပည့်များအား အားပေးတဲ့အနေနဲ့ ဟောတတ်ကြတယ်၊ အမှန်ကတော့ ဖြစ်ဖို့ လိုပါတယ်၊ ဥဒယဗ္ဗယဉာဏ် ဖြစ်တဲ့အခါ အရောင်အလင်း ပီတိ သုခစသည်က လွန်လွန်ကဲကဲ ဖြစ်ရိုးဖြစ်တန်းဘဲ၊ အဲဒီလိုမဖြစ် သေးယင် ဥဒယဗ္ဗယဉာဏ် အစစ် မဖြစ်သေးဘူးလို့ ဆုံးဖြတ်ရ မှာဘဲ။ ပြီးတော့ ဒီပီတိ-က ဗောဇ္ဈင်တရားဘဲ၊ တကယ် ပြည့်စုံရမည့် ဗောဓိပက္ခိယ တရားဘဲ၊ ဒါကြောင့် အရိယမဂ်ခဏ မှာလဲ ဒီပီတိ-က ပါတာဘဲ။

(၅) ပဿဒ္ဓိသမ္ဗောဇ္ဈင် ဆိုတာက ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ ဆိုတဲ့ စေတသိက်တရား ၂-ပါးဘဲ၊ ကာယပဿဒ္ဓိ ဆိုတာ စိတ်၏ ယှဉ်ဘက် စေတသိက်နာမ် တရားအပေါင်း၏ ငြိမ်းအေးခြင်း သဘောဘဲ၊ **ကာယ** ဆိုတာ ဒီနေရာမှာ စေတသိက် နာမ် အပေါင်းကို ဆိုတယ်၊ ဒါပေမဲ့ နာမ်အပေါင်း ငြိမ်းအေးမှု ဖြစ် ယင် ရုပ်ကိုယ်၏ ငြိမ်းအေးမှုလဲ ဖြစ်တော့တာပါဘဲ။ စိတ္တပဿဒ္ဓိ ဆိုတာကတော့ စိတ်၏ငြိမ်းအေးမှုပါဘဲ။ ဒီပဿဒ္ဓိတရားက ကုသိုလ်စိတ်တိုင်းမှာ ပါပါတယ်၊ ဒါပေမဲ့ သာမန်ကုသိုလ်စိတ် ဖြစ်တဲ့အခါ မထင်ရှားဘူး၊ ဝိပဿနာစိတ်မှာတောင် ရှုခါစမှာ မထင်ရှားသေးဘူး၊ ဥဒယဗ္ဗယဉာဏ်ရောက်မှ ထင်ရှားတယ်၊ စောစောပိုင်းက အမှတ်အသိကောင်းအောင် ကြောင့်ကြစိုက် ရတဲ့အတွက် ကိုယ်စိတ်ပူပန် ပင်ပန်းလာခဲ့တာတွေဟာ ဒီဥဒယဗ္ဗ ယဉာဏ်ရောက်တော့ ကြောင့်ကြမစိုက်ရဘဲ အမှတ်အသိတွေက ကောင်းနေတဲ့အတွက် ငြိမ်းအေးနေပါတယ်၊ အဲဒါဟာ ပဿဒ္ဓိ

သမ္မောဇ္ဈင်ဘဲ၊ ဒိဋ္ဌိမ်းအေးမှု ပဿဒ္ဓိ—က သမ်ါရုပေက္ခာ ဉာဏ် မှာလဲ ထင်ရှားတယ်၊ အရိယမဂ်ခဏမှာလဲ သူကပါတာဘဲ။

ပဿဒ္ဓိ ဖြစ်ယင် ပဿဒ္ဓိနှင့် အတူတွဲပြီး ဖြစ်တဲ့ လဟုတာ မုဒုတာ ကမ္မညတာ ပါဂုညတာ ဥဇုကတာ ဆိုတာတွေလဲ ဖြစ်တော့တာဘဲ၊ ဒါကြောင့် ဥဒယဗ္ဗယဉာဏ်ဖြစ်ခိုက်မှာ ကိုယ် ရော စိတ်ရော ပေါ့ပါးနေတယ်၊ တခါတရံမှာ ကိုယ်က အောက် ကြမ်းပြင်ကို မထိဘဲ ကြွတက်နေတယ်လို့တောင် ထင်ရတတ် တယ်၊ ဥဗ္ဗေဂပီတိအစွမ်းကြောင့် တကယ်လဲ ကြွတက် နေ တတ်ပါတယ်၊ ကိုယ်ရောစိတ်ရော နူးညံ့နေတယ်၊ မူလကအလွန် စိတ်ကြမ်းတဲ့ သူပေမဲ့ အဲဒီအခါ စိတ်က နူးညံ့နေတယ်၊ ကိုယ် ရော စိတ်ရော ခန့်ကျန်းနေတယ်၊ ရှုမှတ်ရန် ဝန်မလေးဘဲ ရှိနေ တယ်၊ ကိုယ်ရောစိတ်ရော လေ့ကျင့်သား ရနေတယ်၊ အရှိန် ကောင်းတဲ့ သဘောပါဘဲ၊ ကိုယ်ရော စိတ်ရော ဖြောင့်မတ်နေ တယ်၊ မူလက စိတ်ကောက်ကျစ်တဲ့သူ အနိုင်ကျင့်တတ်တဲ့သူ ပေမဲ့ ဥဒယဗ္ဗဉာဏ်ရောက်နေတဲ့အခါ ဖြောင့်မတ်နေတယ်၊ တခါက ယောဂီအမျိုးသမီးတယောက်က ဒီဉာဏ်ရောက်တော့ သူ့စိတ်သူးခြားပုံကို ဒီလိုပြောတယ်၊ "သူဟာ ရှေးက သူ့ ခင်ပွန်းအပေါ်မှာ အနိုင်ကျင့်လာခဲ့တာတွေ ရှိခဲ့တယ်၊ ဒီက နောက်တော့ အဲဒီလို မပြုတော့ပါဘူး"လို့ ပြောတယ်။

(၆) **သမာဓိသမ္ဗောဇ္ဈင်** ဆိုတာက သမာဓိန္ဒြေနှင့် အရတူ ပါဘဲ၊ ရှေးက အထပ်ထပ်ပြောခဲ့ပြီး ဖြစ်တဲ့အတွက် ဒီသမာဓိ အကြောင်းကို ထပ်ပြောဘို့ မလိုပါဘူး။

(၇) **ဥပေက္ခာသမ္ဗောဇ္ဈင်** ဆိုတာကတော့ အသိခက်ပါတယ်၊ ဥပေက္ခာဆိုဘာ ဝေဒနာလဲ ရှိတယ်၊ ဉာဏ်လဲရှိတယ်၊ ဝီရိယလဲ ရှိဘယ်၊ သီးခြားစေတသိက်လဲ ရှိဘယ်။ သုခ ဒုက္ခ ဥပေက္ခာလို့ ဆိုတဲ့နေရာမှာ ဥပေက္ခာကတော့ မကောင်းမဆိုး အလယ်အလတ် ခံစားမှုဝေဒနာဘဲ၊ ဝိပဿနုပေက္ခာ, သင်္ခါရုပေက္ခာလို့ ဆိုတဲ့ဥပေက္ခာ ၂-ပါးကတော့ အညီအမျှရှုသိတဲ့ ဝိပဿနာဉာဏ်ချည်းပါဘဲ၊ မယုတ်မလွန်အညီအမျှ အားထုတ်မှု ဆိုတာကတော့ ဝီရိယဥပေက္ခာဘဲ၊ ဆဠင်္ဂုပေက္ခာ ဗြဟ္မဝိဟာရုပေက္ခာ တို့နှင့် တကွ ဒီဗောဇ္ဈင်ဥပေက္ခာ ဆိုတာ ကတော့ တတြမဇ္ဈတ္တတာ ဆိုတဲ့ သီးခြားစေတသိက်ပါဘဲ၊ ဈာနုပေက္ခာ ပါရိသုဒ္ဓုပေက္ခာ ဆိုသာတွေလဲ ဒီစေတသိက်ပါဘဲ။ အနက်ကတော့ တတြ- ထိုထိုအရာ၌ + မဇ္ဈတ္တ - အလယ် အလတ် သဘောရှိသည် + တာ- အဖြစ် =တတြမဇ္ဈတ္တတာ-ထိုထိုအရာ၌ အလယ် အလတ် သဘောရှိသည်၏ အဖြစ်-တဲ့၊ ယှဉ်ဘက် စိတ်စေတသိက်တွေကို မယုတ်မလွန် ညီမျှစေတဲ့သဘောတရားလို့ ဆိုလိုပါတယ်၊ အလွန်ပင် အသိခက်ပါတယ်၊ စာပေကျမ်းဂန် တတ်ပုဂ္ဂိုလ်တွေလဲ ဒီစေတသိက်ကို ကျမ်းဂန်သဘော အရ လောက်ပဲ သိနားလည်ကြပါတယ်၊ ကိုယ်တွေ့အားဖြင့် ထင်ရှား သိဘို့မလွယ်ပါဘူး။ သတိပဋ္ဌာန် ရှုမှတ်နည်းအရ တကယ်အား ထုတ်နေတဲ့ ယောဂီကတော့ ဥဒယဗ္ဗယဉာဏ် စသည်ကို ရောက် တဲ့အခါ ဒီဥပေက္ခာအကြောင်းကို ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် တွေ့ရ ပါတယ်။

တွေ့ရပုံကတော့- ယုံကြည်မှုအားကြီးပြီး စူးစမ်းဆင်ခြင်မှု အားနည်းသူဟာ မှုမမှန်တဲ့တရားနည်းလမ်းကို မစူးစမ်းမဆင်ခြင်ပဲ ယုံကြည် နေသောကြောင့် တရားနည်းလမ်းမှန်ဖြင့် အားထုတ်ခွင့်မရပဲ ရှိနေတတ်တယ်၊ စူးစမ်းဆင်ခြင်မှု အားကြီးပြီး ယုံကြည်မှုသဒ္ဓါ အားနည်းတဲ့ သူဟာ တရားနည်းလမ်းမှန်ကိုလဲ မယုံကြည်သောကြောင့် တရား နည်းလမ်းမှန်ဖြင့် အားမထုတ်ပဲ ရှိနေတတ်တယ်၊ အားထုတ်ယင်လဲ ဆင်ခြင်မှု များနေတဲ့အတွက် ဒီသမာဓိမျပင် ကောင်းစွာမဖြစ်သောကြောင့် ဝိပဿနာ ဉာဏ်များ မဖြစ်ပဲ မတိုးတက်ပဲ ရှိနေတတ်တယ်၊ ယုံကြည်မှုသဒ္ဓါ အားကြီးသောသူမှာလဲ အားထုတ်သောအခါ ထူးထူးခြားခြား အနည်းငယ်မျှ တွေ့ရရုံဖြင့်ပင် အားရကျေနပ်နေသောကြောင့် ရှေ့သို့ မတိုးတက်ပဲ ရှိနေတတ်တယ်။

ရှုမှတ်စရာ အာရုံတခုတည်းကိုသာ ရှုမှတ်၍ သမာဓိအားများပြီး ဝီရိယ အားနည်းနေသောအခါ ထိုင်းမှိုင်းပျင်းရိမှုဝင်လာသောကြောင့် မတိုးတက်ပဲ ရှိတတ်တယ်၊ သမာဓိနှင့်ဉာဏ် အားမရှိသေးမီမှာ ပေါ်လာသမျှ အာရုံအများကိုလိုက်၍ ရှုနေလျှင် ဝီရိယ-က အားကောင်း၍ သမာဓိ-က အားနည်းနေတတ်တယ်၊ အချိန်များစွာ စကြံလျှောက်၍ရှုမှတ်နေလျှင်လဲ ဝီရိယ-က အားကောင်းပြီး သမာဓိ-က အားနည်းနေတတ်တယ်။ ရှုမှတ်မိရန် ကြောင့်ကြစိုက်မှု များလွန်းနေလျှင်လဲ ဝီရိယ-က အားကြီးပြီး သမာဓိ-က အားနည်းနေတတ်

တယ်၊ အဲဒီလို ဝီရိယ-က အားကြီးပြီး သမာဓိ-က အားနည်းနေတဲ့အခါလဲ မတိုးတက်ပဲ ရှိနေတတ်တယ်။

ဒါကြောင့် အားထုတ်ခါစမှ စပြီး သမာဓိနှင့် ဝီရိယ ညီမျှစေရန် ဝမ်းဗိုက်၏ ဖေါင်းမှုနှင့် ပိန်မှု ဒီ၂-ခုက စပြီး ရှုမှတ်စေပါတယ်၊ ရှုမှတ်စရာ တခုတည်း မဟုတ်တဲ့အတွက် သမာဓိအားလဲ မများနိုင်ဘူး၊ ၃-ခု ၄-ခု စသည်ဖြင့် အာရုံ မများသောကြောင့် ကြောင့်ကြစိုက်မှု ဝီရိယအားလဲ မများနိုင်ဘူး၊ သမာဓိနှင့် ဝီရိယ ညီမျှနေတတ်ပါတယ်။ ကျန်းမာရေးလဲ မပျက်စေရန် တနာရီခန့်ထိုင်၍ ရှုမှတ်ခြင်း၊တနာရီခန့် စင်္ကြံလျှောက်၍ ရှုမှတ်ခြင်းဖြင့်လဲ ဣရိယာပုထ် ပြောင်းလဲ၍ ရှုမှတ်စေပါတယ်၊ အဲဒီလို ရှုမှတ်ခြင်းဖြင့်လဲ သမာဓိနှင့် ဝီရိယ ညီမျှတတ်ပါတယ်။ သဒ္ဓါနှင့် ပညာ ညီမျှစေရန်အတွက်ကတော့ ကမ္မဋ္ဌာန်း ဆရာများက သင့်လျော်တဲ့ တရားကိုဟောပြောပေးပါတယ်။

အဲဒီလို ပြုပြင်ပေး၍ သဒ္ဓါနှင့် ပညာ၊ သမာဓိနှင့်ဝီရိယတို့ ညီမျှနေတဲ့အခါမှာ ထူးခြားတဲ့အသိဉာဏ်များ တိုးတက်ပြီး ဖြစ်လာတတ်ပါတယ်၊ အဲဒါသဒ္ဓါအစရှိသောဣန္ဒြေများ ညီမျှနေတဲ့အခါ အထူးလဲ ကြောင့်ကြမစိုက်ရ, ကြောင့်ကြစိုက်မှုလဲ လုံးဝမကောင်းပဲ အမှတ်အသိကောင်းနေတာကိုတွေ့ရပါတယ်၊ အထူးအားဖြင့် ဥဒယဗ္ဗယဉာဏ် ဖြစ်နေတဲ့အခါ, သင်္ခါရုပေက္ခာဉာဏ်ဖြစ်နေတဲ့အခါများမှာ ဒီညီမျှတဲ့သဘောကိုထင်ရှားတွေ့ရ

တယ်၊ နွား ၂-ကောင်က ညီတူသွားနေတဲ့အခါ လှည်းမောင်းသမားက ဘာမျှကြောင့်ကြမစိုက်ရဘဲ မေးပြီးလိုက်နေရသလိုပင် ဣန္ဒြေငါးပါးညီမျှပြီး အမှတ်ကောင်းနေတဲ့ အခါမှာ ယောဂီက ဘာမျှ ကြောင့်ကြမစိုက်ရဘဲ လျစ်လျူရှုပြီးလိုက်နေရတယ်၊ အဲဒီလိုအခါမှာ ဒီဥပေက္ခာသမ္ဗောဇ္ဈင်၏ (သမဝါဟိတ လက္ခဏာ) ယှဉ်ဘက်တရားတွေကို ညီမျှစေတဲ့ သဘောလက္ခဏာကို ထင်ရှားတွေ့ရပါတယ်၊ ဒီဥပေက္ခာသမ္ဗောဇ္ဈင် ပြည့်စုံမှ တဉာဏ်က တဉာဏ်သို့ တိုးတက် တိုးတက်သွားနိုင်တယ်၊ အဲဒီလို ဖြစ်ပုံကို ဥဒယဗ္ဗယဉာဏ်စသည်ကို ရောက်ဘူးတဲ့ ပုဂ္ဂိုလ်တိုင်း ထင်ရှားတွေ့ရ သိရပါတယ်။

ယခု ပြောခဲ့တဲ့ ဗောဇ္ဈင် (၇) ပါးထဲမှာ ပီတိသမ္ဗောဇ္ဈင်ဆိုတာကတော့ အမှတ်အသိ အထူးကောင်းတဲ့ အခါမှာသာ ထင်ရှားဖြစ်ပေါ်တတ်တယ်၊ ကျန်တဲ့ဗောဇ္ဈင်(၆)ပါးကတော့ အမှတ်ကောင်းနေတဲ့အခါ မှတ်ချက်တိုင်းမှာ အားလုံးပါဝင်လျက် ရှိကြတာချည်းပါဘဲ။ အရိယမဂ်လေးပါး ခဏမှာလဲ စတုက္ကနည်းအရ ပဌမ ဒုတိယစျာန်တို့နှင့် ယှဉ်တဲ့မဂ်မှာ ဆိုယင် (၇) ပါးလုံး ပါဝင် ပါတယ်၊ တတိယ စတုတ္ထစျာန်တို့နှင့် ယှဉ်တဲ့မဂ်မှာတော့ ပီတိမပါဘူး၊ အရဟတ္တမဂ်ရောက်တဲ့အခါ အဲဒီ ဗောဇ္ဈင်(၇)ပါးကို ပွားစေခြင်းကိစ္စ လုံးဝပြီးစီး ပြည့်စုံသွားပါတယ်။

ဒါကြောင့်''သတ္တ ဗောဇ္ဈင်္ဂါ-ခုနစ်ပါးသော ဗောဇ္ဈင်တို့ကို၊ ဘာဝိတာ-ပွားစေအပ်ကုန်ပြီးသည်၊ သုဘာဝိတာ-လိုလေသေး

မရှိ အပြည့်အစုံကောင်းစွာ ပွားစေအပ်ကုန်ပြီးသည်၊ ဟောန္တိ— ဖြစ်ကြပါသည်” လို့ အရှင်သာရိပုတ္တရာက လျှောက်ကြားတာပါတဲ့။

တခါန်က အရှင်သာရိပုတ္တရာဟာ ရဟန်းတော်များအား ဗောဇ္ဈင်(၇)ပါးကို နိုင်နင်းစွာ လေ့လာပွားများထားကြောင်း ဒီလိုထုတ်ဖော်ပြီး မိန့်ကြားတော်မူပါတယ်။

ဗောဇ္ဈင် (၇) ပါးထဲက အလိုရှိရာဗောဇ္ဈင်ဖြင့် နံနက်ပိုင်းကာလပတ်လုံးလဲ ပွားစေလျက် နေနိုင်တယ်၊ နေ့လယ်ပိုင်းကာလပတ်လုံးလဲ ပွားစေလျက် နေနိုင်တယ်၊ ညနေပိုင်းကာလပတ်လုံးလဲ ပွားစေလျက် နေနိုင်တယ်၊ သတိသမ္ဗောဇ္ဈင် ဖြစ်စေရန် နှလုံးသွင်းလိုက်ယင် အတိုင်းမသိ ပြန့်ကျယ်သော သတိသမ္ဗောဇ္ဈင် ဖြစ်တယ်၊ ကောင်းစွာအားထုတ်ထားပြီး ဖြစ်တယ်လို့လဲ သိတယ်၊တည်နေယင်လဲသိတယ်၊အကယ်၍ လျောကျပျက်စီးသွားယင်လဲ ဘာကြောင့်ဆိုတာကို သိတယ်၊ (ထို့အတူပင် ကျန်သော ဗောဇ္ဈင် ၆-ပါးကိုလဲ နိုင်နင်းကြောင်း အသီးအသီး ထုတ်ပြီး မိန့်ကြားတော်မူပါတယ်)။

ဥပမာအားဖြင့် မင်းဖြစ်စေ၊ အမတ်ကြီးဖြစ်စေ၊ အဝတ်သေတ္တာထဲက အလိုရှိရာအဝတ်စုံကိုထုတ်ပြီး နံနက်ပိုင်းကာလပတ်လုံးလဲ ဝတ်ဆင်နိုင်သလို၊ နေ့လယ်ပိုင်းကာလ ညနေပိုင်းကာလပတ်လုံးလဲ အလိုရှိရာ အဝတ်စုံကိုထုတ်ယူပြီး ဝတ်ဆင်နိုင်သလိုပင် ဖြစ်တယ်လို့လဲ ပြဆိုပါတယ်။

အဲဒီမှာ ဆိုလိုရင်းကတော့ ဗောဇ္ဈင်တရားတွေကို အပြည့် အစုံပွားထားပြီးဖြစ်တဲ့အတွက် အလိုရှိတဲ့ ဗောဇ္ဈင်ကို အချိန် မရွေး ပွားစေနိုင်တယ်လို့ ဆိုလိုရင်းပါဘဲ။ အဲဒီမှာ သတိသမ္ဗော ဇ္ဈင် ဖြစ်စေ-စသည်ဖြင့် စိတ်ညွတ်ပေးတာဟာ ဝေါဟာရ အမည်မျှပါဘဲ၊ ဖြစ်တဲ့အခါကျတော့ ဝိပဿနာရှုခိုက် ဆိုယင် သတိပြဓာန်းတဲ့ ဝိပဿနာဗောဇ္ဈင်တွေ ဖြစ်နေကျအတိုင်း ဖြစ်တာပါဘဲ၊ ဖလသမာပတ် ဝင်စားခိုက်မှာလဲ နည်းတူပါဘဲ၊ အရှင်သာရိပုတ္တရာကတော့ ဖိုလ်ဝင်စားခိုက်ကို ရည်ပြီး မိန့် ကြားတော်မူကြောင်း အဋ္ဌကထာမှာ ဖွင့်ပြထားပါတယ်။

နောက်ပြီးတော့ ဒီဗောဇ္ဈင်တရားတွေဟာ ရောဂါဝေဒနာ ကိုလဲ ပျောက်စေနိုင်ပါတယ်၊ တခါက အရှင်မဟာကဿပ မကျန်းမာတဲ့အခါ မြတ်စွာဘုရားက ဗောဇ္ဈင် (၇) ပါးကို ဟောတော်မူတယ်၊ တရားနာနေယင်း ရှေးက ဖြစ်ဘူးခဲ့တဲ့ ဗောဇ္ဈင်တရားများ ဖြစ်ပွားလာတဲ့အတွက် ရောဂါပျောက် သွားတယ်။ အရှင်မဟာမောဂ္ဂလာန် မကျန်းမာတဲ့ အခါလဲ မြတ်စွာဘုရားက နည်းတူပင် ဟောတော်မူတယ်၊ ရောဂါ ပျောက်သွားတယ်၊ မြတ်စွာဘုရား မကျန်းမာတော်မူတဲ့အခါလဲ အရှင်စုန္ဒ ရွတ်ဆိုဟောကြားတဲ့ ဗောဇ္ဈင်တရားကို နာယူတော် မူပြီး ရောဂါပျောက်သွားတယ်၊ ဝေဠုဝရွာ၌ ဝါကပ်စဉ်က မြတ်စွာဘုရားမှာ ပရိနိဗ္ဗာန် ဝင်စံခလောက်အောင် ရောဂါ အကြီးအကျယ် ကပ်ရောက်တဲ့အခါ ဝိပဿနာ အကျယ်ရှုပွား ပြီး ရောဂါပျောက်သွားတယ် ဆိုတာလဲ ဒီဗောဇ္ဈင်တရားတွေ ကြောင့်ဘဲလို့ မှတ်ယူရတယ်။

ဒါကြောင့် ဒီဗောဇ္ဈင် (၇) ပါး တရားမြတ်တွေဟာ မိမိ တို့၏ သန္တာန်မှာ ဖြစ်ပွား စေနိုင်မယ် ဆိုယင် လောကီ လောကုတ္တရာ နှစ်ဖြာလုံးမှာ အလွန်အကျိုးများတဲ့ တရားမြတ် တွေပါဘဲ၊ ဒီဗောဇ္ဈင်တရားတွေ ပွားစေတယ်ဆိုတာလဲ မဟာ သတိပဋ္ဌာနသုတ်မှာ ပြထားတဲ့နည်းအတိုင်း ပွားစေရတာပါဘဲ၊ ကာယ ဝေဒနာ စိတ္တ ဓမ္မ ဆိုတဲ့ အာရုံ ၄-ပါးထဲက တပါး တပါးကို ရှုမှတ်ပြီး ပွားစေရတာပါဘဲ။ ဓမ္မာနုပဿနာသတိ ပဋ္ဌာန်ပိုင်းထဲမှာ ဗောဇ္ဈင်(၇)ပါးကို ရှုပွားစေပုံအပိုင်းလဲ ပါရှိ ပါတယ်၊ ဒါပေမဲ့ စ-စချင်းတော့ ဗောဇ္ဈင်တရားက မရှိသေး တဲ့အတွက် ဗောဇ္ဈင်ကို စပြီး ရှုလို့တော့ မဖြစ်ပေဘူး၊ အခြား ရုပ်နာမ်တခုခုကစပြီး ရှုဘို့ပါဘဲ၊ အဲဒီလို စပြီး ရှုတဲ့နည်းက အနုစားအားဖြင့် သတိသမ္ဗောဇ္ဈင် စသည် ဖြစ်လာပါတယ်၊ ဒါကြောင့် အဲဒီအခါမှစပြီး ဗောဇ္ဈင်တရားတွေကိုလဲ ရှုပြီး ပွား စေနိုင်ပါတယ်၊ ဒါပေမဲ့ လိုရင်းကတော့ ဗောဇ္ဈင် တရားတွေ ဖြစ်ပွားဘို့က လိုရင်းဖြစ်တယ်၊ ဒါကြောင့် ဗောဇ္ဈင်မဟုတ်တဲ့ အခြားရုပ်နမ်တွေကို ရှုပြီးတော့လဲ ဒီဗောဇ္ဈင် တရားတွေကို ပွားစေနိုင်ပါတယ်၊ အဲဒီလို ပွားစေပြီးတော့ အရဟတ္တမဂ် ရောက်တဲ့အခါ အဲဒီဗောဇ္ဈင်ကို ပွားစေမှုပြီးစီးပြည့်စုံတော့တာ ပါဘဲ။ အဲဒါဟာ ရဟန္တာပုဂ္ဂိုလ်၏ အဌမ ခွန်အားပါဘဲ။

သီလက္ခန္ဓသုတ္တန်တရားတော်၌ ရှစ်ခုမြောက်ဖြစ်တဲ့ ဒီအပိုင်း မှာ ရဟန္တာပုဂ္ဂိုလ်လဲ ဥပါဒါနက္ခန္ဓာငါးပါးကို အနိစ္စ အစရှိ

သော(၁၁)ပါးသော အခြင်းအရာဖြင့် ရှုအပ်ကြောင်း၊ အဲဒီလို ရှုတဲ့အတွက် ရဟန္တာပုဂ္ဂိုလ်မှာ ဒိဋ္ဌဓမ္မသုခဝိဟာရနှင့် သတိ-သမ္ပဇဉ် ယှဉ်ခြင်း ဆိုတဲ့ အကျိုးအာနိသင်များကို ရကြောင်း ဟောပြီးတော့၊ ရဟန္တာပုဂ္ဂိုလ်၏ ခွန်အား (၁၀) ပါးထဲက သမ္မပ္ပဓာန်ကို ပွားစေမှုပြည့်စုံကြောင်း အစရှိတဲ့ ခွန်အား(၅) ပါးကို ဟောခဲ့ဘယ်၊ မဂ္ဂင်ရှစ်ပါး ပွားစေမှုပြည့်စုံခြင်း ဆိုတဲ့ ခွန်အားတပါးသာ ကျန်တော့တယ်၊ အဲဒါကိုတော့ နောက် တပိုင်းကျမှ ဟောရမယ်၊ ဒီကနေ့ ဒီတွင်ဘဲရပ်ပြီး တရားသိမ်း ကြစို့။

ဒီ သီလဝန္တသုတ္တန်တရားတော်ကို ရိုသေစွာ နာယူမှတ်သား ကြရသော ဓမ္မသဝနကုသိုလ်ကံစေတနာတို့၏ အစွမ်းအာနုဘော်ကြောင့် ယခု တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ဒီသုတ်၌ ဟောထားသည့်အတိုင်း ဥပါဒါနက္ခန္ဓာငါးပါး တို့ကို အနိစ္စ အစရှိသော (၁၁)ပါးသော အခြင်းအရာတို့ဖြင့် သိမြင်အောင် ရှုမှတ်လျက် သတိပဋ္ဌာန် သမ္မပ္ပဓာန် အစရှိသော ဗောဓိပက္ခိယတရားတို့ကို ပြည့်စုံအောင် ပွားစေနိုင်ကြသည် ဖြစ်၍ မိမိတို့အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် ဆင်းရဲခပ်သိမ်းငြိမ်းရာ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု သာဓု သာဓု

သီလဝန္တသုတ္တန် တရားတော် အဋ္ဌမပိုင်း ပြီး၏။

# သီလဝန္တသုတ္တန်တရားတော်

## နဝမပိုင်း

၁၃၂၉-ခုနှစ် သီတင်းကျွတ်လကွယ်နှင့် တန်ဆောင်မုန်း လပြည့်နေ့တို့၌ဟောသည်

---

### တရားအနုသန္ဓေ

သီလဝန္တသုတ်တရားကို ဟောလာတာအကြိမ်အားဖြင့် ၁၄-ကြိမ်, အပိုင်းအားဖြင့် အဋ္ဌမပိုင်းအထိ ပြီးခဲ့ပါပြီ၊ သီလဝန္တသုတ်၏ အနက်အဓိပ္ပါယ်ကတော့ ပြည့်စုံသလောက်ရှိသွားပါပြီ၊ သီလဝန္တသုတ်မှာ ဥပါဒါနက္ခန္ဓာငါးပါးကို ရဟန္တာ ဖြစ်ပြီးသည်တိုင်အောင် ရှုအပ်ကြောင်း ပြဆိုချက်နှင့် စပ်ပြီး ရဟန္တာ ပုဂ္ဂိုလ်၏ ခွန်အား (၁၀) ပါးကို ဟောလာခဲ့ရာမှာ ခွန်အား ၉-ပါးကိုတော့ ဟောပြီးခဲ့ပါပြီ၊ ဆယ်ခုမြောက် ဒသမ ခွန်အားဘဲ ကျန်ပါတော့တယ်၊ ယခု နဝမပိုင်းမှာ အဲဒီခွန်အားကို ဟောပြီးတော့ ရဟန္တာအဖြစ် ဝန်ခံပုံနှင့် နောက်ဆုံးမှာ သီလဝန္တသုတ် ပြန်လည်စိစစ်ခန်းကို ဟောရမယ်၊ အဲဒီ ပြန်လည်စိစစ်ခန်းကို ဟောပြီးလျှင် ဒီသီလဝန္တသုတ္တန်တရားတော်အပြီးသတ်ဖို့ပါဘဲ။

## (၁၀) ရဟန္တာ၏ ဒသမခွန်အား

ဘန္တေ-မြတ်စွာဘုရား၊ ပုန စ-တဖန်လည်း၊ အပရံ-တပါး သော ခွန်အားကား၊ ခီဏာသဝဿ ဘိက္ခုနော- ရဟန္တာ ရဟန်းသည်၊ အဋ္ဌင်္ဂိကော-အင်္ဂါရှစ်ပါး ရှိသော၊ အရိယော မဂ္ဂေါ-အရိယမဂ်ကို၊ ဘာဝိတော-ပွားစေအပ်ပြီးသည်၊ သုဘာ ဝိတော-လိုလေသေးမရှိ အပြည့်အစုံ ကောင်းစွာပွားစေအပ်ပြီး သည်၊ ဟောတိ-ဖြစ်ပါသည်။ ဘန္တေ-မြတ်စွာဘုရား၊ ဣဒမ္ပိ- ဤအရိယမဂ်ကို ပွားစေအပ်ပြီး ဖြစ်ခြင်းသည်လည်း၊ ခီဏာ သဝဿ ဘိက္ခုနော-ရဟန္တာရဟန်းတို့၏၊ ဗလံ ဟောတိ-ခွန်အား တပါး ဖြစ်ပါသည်။ ယံ ဗလံ အာဂမ္မ-ယင်းခွန်အားကို ရောက် ၍ စွဲမှီ၍၊ ခီဏာသဝေါ ဘိက္ခု--ရဟန္တာရဟန်းသည်၊အာသဝါ မေ ခီဏာတိ-ငါ့မှာ အာသဝေါတရား ကုန်ပြီဟု၊ အာသဝါနံ ခယံ-အာသဝေါတရားတို့၏ ကုန်ခြင်းကို၊ ပဋိဇာနာတိ-ဝန်ခံပါ သည် မြတ်စွာဘုရား-တဲ့။

အရိယမဂ်ဆိုတာ (အရိယော-အပြစ်ကင်း၍ စင်ကြယ်မြင့် မြတ်သော + မဂ္ဂေါ—လမ်း= အရိယမဂ္ဂ- အရိယမဂ်- အပြစ် ကင်း၍) စင်ကြယ်မြင့်မြတ်သော အကျင့်လမ်းပါဘဲ၊ လော ကမှာ မဂ္ဂ–လမ်းဆိုတာ အမျိုးမျိုးရှိတယ်၊ ကုန်းလမ်း ရေလမ်း လေလမ်း၊ မြို့သွားတဲ့လမ်း ရွာသွားတဲ့လမ်း တောသွားတဲ့လမ်း ဈေးသွားတဲ့လမ်း ရုံးသွားတဲ့လမ်း ကျောင်းသွားတဲ့လမ်း စေတီ တော်သွားတဲ့လမ်း စသည်တွေပေါ့။ တရား ဒေသနာတော်မှာ

တော့ ဂတိငါးပါးသွားတဲ့လမ်း, ဂတိလွတ်ရာ သွားတဲ့လမ်း စသည်ဖြင့် ဟောထားတဲ့ လမ်းတွေရှိပါတယ်၊ အဲဒီမှာ **ဂတိငါးပါး သွားတဲ့လမ်း** ဆိုတာ (၁)ငရဲသို့သွားတဲ့လမ်း၊ (၂)တိရစ္ဆာန်ဘဝသို့ သွားတဲ့လမ်း၊ (၃) ပြိတ္တာဘဝသို့ သွားတဲ့လမ်း၊ ဒီလမ်းသုံးသွယ်ကတော့ သတ်ခြင်း ခိုးခြင်းစသော အကုသိုလ်ဒုစရိုက်လမ်းပါဘဲ။ (၄)လူ့ဘဝသို့ သွားတဲ့လမ်း၊ (၅)နတ်ဘဝသို့သွားတဲ့လမ်း၊ဒီလမ်းနှစ်သွယ်ကတော့ ဒါန သီလ သမထ ဘာဝနာကုသိုလ် သုစရိုက်လမ်းပါဘဲ။**ဂတိလွတ်ရာ သွားတဲ့လမ်း** ဆိုတာကတော့ နိဗ္ဗာန်ရောက်စေတတ်တဲ့ အရိယမဂ္ဂင် ရှစ်ပါးပါဘဲ၊ဒီလမ်းကိုပါဠိဘာသာဖြင့် နိဗ္ဗာနဂါမိမဂ္ဂ၊အမတဂါမိမဂ္ဂ စသည်ဖြင့် ပြဆိုထားပါတယ်၊ ယခုပြောနေတဲ့ အရိယမဂ်ပါဘဲ။

ဒီအရိယမဂ်ကို ရဟန္တာမှာ လိုလေသေးမရှိ အပြည့်အစုံပွါးစေပြီး ဖြစ်နေပါတယ် တဲ့၊ ဒီ အရိယမဂ်လမ်းကို ဘယ်အခါက စပြီး ပွားစေရသလဲဆိုတော့၊ ပုထုဇဉ်ဘဝကတည်းက စပြီး ပွားစေခဲ့ရတယ်။ ဘယ်လိုပွား စေရသလဲဆိုတော့ ပွားစေပုံကို ရှေ့ပိုင်းများကလည်း ပြောခဲ့ပါပြီ၊ ဒါပေမဲ့ ဒီနေရာမှာ သုတမယဉာဏ် ထပ်ပြီးပွားရအောင် အကျဉ်းချုပ်တော့ ပြဆိုပါဦးမယ်၊ ရှေးဦးစွာ မဂ္ဂင်ရှစ်ပါးသရုပ်ကို လိုက်ဆိုကြရမယ်၊

(၁) သမ္မာဒိဋ္ဌိ-မှန်စွာမြင်ခြင်း၊
(၂)- သမ္မာသင်္ကပ္ပ-မှန်စွာကြံခြင်း၊

(၃) သမ္မာဝါစာ-မှန်စွာပြောခြင်း။
(၄) သမ္မာကမ္မန္တ-မှန်စွာပြုခြင်း၊
(၅) သမ္မာအာဇီဝ-မှန်စွာအသက်မွေးခြင်း၊
(၆) သမ္မာဝါယာမ-မှန်စွာအားထုတ်ခြင်း၊
(၇) သမ္မာသတိ-မှန်စွာအမှတ်ရခြင်း။
(၈) သမ္မာသမာဓိ-မှန်စွာစူးစိုက်တည်ကြည်ခြင်း၊

အဲဒီ မဂ္ဂင်ရှစ်ပါးထဲမှာ သမ္မာဒိဋ္ဌိ ဆိုတာ ၅-ပါး ၆-ပါး ရှိဘယ်။

(၁) ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊
(၂) ဈာနသမ္မာဒိဋ္ဌိ၊
(၃) ဝိပဿနာ သမ္မာဒိဋ္ဌိ၊
(၄) မဂ္ဂသမ္မာဒိဋ္ဌိ၊
(၅) ဖလသမ္မာဒိဋ္ဌိ၊ ဒီငါးပါးထဲမှာ ပစ္စဝေက္ခဏာ သမ္မာဒိဋ္ဌိကိုပါထည့်ယူလျှင် သမ္မာဒိဋ္ဌိ ၆-ပါးဖြစ်ပါတယ်။

အဲဒီ၆-ပါးထဲက ဖလသမ္မာဒိဋ္ဌိဆိုတာ ဖိုလ်လေးပါး၌ ပါတဲ့ ဉာဏ်ပညာပါဘဲ၊အဲဒီ ဖိုလ်ဉာဏ်အတွက်တော့ အထူးအားထုတ်ဖို့ မလိုပါဘူး၊မဂ်လေးပါး၏ အကျိုးဖြစ်တဲ့အတွက် မဂ်လေးပါး ဖြစ်ယင် မဂ်၏အခြားမဲ့မှာ သူ့အလိုလိုဖြစ်တော့တာပါဘဲ။ ပစ္စဝေက္ခဏာ သမ္မာဒိဋ္ဌိဆိုတာကလဲ အရိယမဂ်ဖိုလ်သို့ ရောက်ပြီးတဲ့ နောက် အဲဒီ မဂ်ဖိုလ်စသည်ကို ပြန်လှည့်ပြီးဆင်ခြင်တဲ့ ဉာဏ်ဖြစ်

ကြောင်းကို ဒီတရားစာအုပ် ပဋ္ဌမပိုင်း(နှာ ၂၄၂-၃) မှာ ပြောခဲ့ပါပြီ၊ ဒါကြောင့် ဒီပစ္စဝေက္ခဏာ ဉာဏ်အတွက်လဲ အထူးအားထုတ်စရာ မလိုပါဘူး။

ဖြစ်ပွါးစေတို့ လိုရင်းပဓာန-ကတော့ မဂ္ဂ သမ္မာဒိဋ္ဌိပါဘဲ၊ ဒါပေမဲ့ ဒီမဂ္ဂသမ္မာဒိဋ္ဌိဆိုတာက သူ့သက်သက်ကို စပြီးဖြစ်အောင် အားထုတ်လို့မဖြစ်ဘူး၊ ဒီအရိယမဂ်သမ္မာဒိဋ္ဌိကို ဖြစ်စေလိုလျှင် ပုဗ္ဗဘာဂမဂ်-ရှေ့သွားမဂ်ဆိုတဲ့ ဝိပဿနာ သမ္မာဒိဋ္ဌိကို စပြီးဖြစ်ပွါးစေရတယ်၊ အဲဒီ ဝိပဿနာမဂ်က ရင့်သန်ပြည့်စုံတဲ့ အခါကျမှ မဂ္ဂသမ္မာဒိဋ္ဌိခေါ်တဲ့ အရိယမဂ်ဉာဏ်က ဖြစ်ပေါ်လာတာ။အဲဒီ ဝိပဿနာမဂ်ကို ဖြစ်ပွါးစေရာမှာလဲ အခြေခံပြည့်စုံဘို့က လိုသေးတယ်၊ အဲဒါက ဘာလဲဆိုတော့ ကမ္မဿကတာ သမ္မာဒိဋ္ဌိ အရင်းခံပြီး သီလစင်ကြယ်ဘို့, ဈာနသမ္မာဒိဋ္ဌိနှင့်ယှဉ်တဲ့ သမာဓိ ပြည့်စုံဘို့ပါဘဲ။

ကမ္မဿကတာသမ္မာဒိဋ္ဌိ ဆိုတာ ကံနှင့် ကံ၏အကျိုးရှိတယ်လို့ ယုံကြည်ပြီးဖြစ်တဲ့ အသိဉာဏ်ပါဘဲ၊ ဒီဉာဏ်ကတော့ ဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်တွေအတွက် အထူး အားထုတ်စရာ မလိုပါဘူး၊ ငယ်ရွယ်စဉ်ကတည်းက ပြည့်စုံလာခဲ့ကြပါတယ်၊ ဒီသမ္မာ-ဒိဋ္ဌိနှင့်ပြည့်စုံမှ ဒါန သီလ ဘာဝနာကုသိုလ်တွေကို အပြည့်အစုံ ပြုလုပ်နိုင်ကြတယ်၊ ပေးလှူစဉ်မှာလဲ ဒီကမ္မဿကတာသမ္မာဒိဋ္ဌိ ပါတာဘဲ၊ သီလကို ဆောက်တည် ကျင့်သုံးစဉ်မှာလဲ ဒီကမ္မဿ-ကတာသမ္မာဒိဋ္ဌိ ပါတာဘဲ၊ ဘာဝနာကို ပွါးစေရာမှာလဲအခြေခံ

အဖြစ်ဖြင့် ဒီကမ္မဿကတာသမ္မာဒိဋ္ဌိ ပါတာဘဲ၊ ဘာကြောင့်လဲ ဆိုယင်၊ ရူပါဝစရဈာန်ကုသိုလ်ကံ၊ အရူပါဝစရဈာန်ကုသိုလ်ကံ တို့ကြောင့် ရူပဗြဟ္မာ့ဘုံ အရူပဗြဟ္မာ့ဘုံများ၌ ဖြစ်နိုင်တယ် ဆို တာကို ယုံကြည်ပါမှ သမထဘာဝနာကို အားထုတ်နိုင်တယ်၊ ဝိပဿနာရှုယင် မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်တယ်လို့ ယုံကြည်ပါမှ ဝိပဿနာအလုပ်ကို အားထုတ်နိုင်တယ်၊ ဒါကြောင့်ပါဘဲ။

နောက်ပြီးတော့ ဘာဝနာအလုပ်ကို အားထုတ်ယင် သီလ-ဝိသုဒ္ဓိ ပြည့်စုံရမယ် ဆိုတာကတော့ အထူးပြောစရာ မလိုပါဘူး၊ ဝိပဿနာအရာမှာလဲ နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ဒိဋ္ဌိဝိသုဒ္ဓိစသော ပညာဝိသုဒ္ဓိငါးပါးဟာ စိတ္တဝိသုဒ္ဓိ ဆိုတဲ့ သမာဓိပြည့်စုံမှ ဖြစ် တယ်ဆိုတာလဲ သုတရှိသူတွေမှာ ထင်ရှားပါတယ်။ ဒါကြောင့် သီလကလဲ ဘာဝနာအလုပ် အားမထုတ်မီကတည်းက ပြည့်စုံရ မယ်၊ စောစောက မပြည့်စုံတောင် ကမ္မဋ္ဌာန်းဝင်ခါနီးမှာ သီလ ဆောက်တည်ပြီး ပြည့်စုံစေရမယ်၊ ရဟန်းများမှာတော့ ဒေသ နာကံ ဝုဋ္ဌာနကံဖြင့် သီလကို စင်ကြယ်စေရမယ်။ အဲဒီလို သီလ စင်ကြယ် ပြည့်စုံတဲ့အခါမှာ တတ်နိုင်လို့ရှိယင် ဈာန်သမာဓိကို ရအောင် သမထဘာဝနာတပါးပါးအားထုတ်ရမယ်၊ ဈာန်ထိ အောင် အားမထုတ်နိုင်ယင် ဥပစာရသမာဓိရအောင်အားထုတ် ရမယ်၊ သမထဘာဝနာကို သီးသန့်အားမထုတ်နိုင်ယင် သတိ-ပဋ္ဌာန်ဒေသနာတော်အရ ဣရိယာပုထ်ရုပ် ဓာတ်လေးပါးရုပ် စသည်ကို ရှုတဲ့ဝိပဿနာကို ပွါးစေပြီးတော့ ဥပစာရသမာဓိနှင့် တူညီတဲ့ ဝိပဿနာခဏိကသမာဓိကို ရစေရမယ်။ အဲဒီ ကမ္မဿ-

ကတာသမ္မာဒိဋ္ဌိ သီလသမာဓိတွေဟာ ဝိပဿနာ၏အခြေခံမဂ္ဂင် မူလမဂ္ဂင်တွေပါဘဲ။

အဲဒီအခြေခံ မဂ္ဂင်များပြည့်စုံတဲ့အခါ ဒွါရ ၆-ပါးက ဖြစ်ခိုက်ရုပ်နာမ် ဥပါဒါနက္ခန္ဓာတွေကို ရှုမှတ်ပြီး ဝိပဿနာသမ္မာ-ဒိဋ္ဌိကို ပွါးစေရမယ်၊ရှုပုံ ပွါးစေပုံတွေကိုတော့ ရှေ့ပိုင်းများမှာ အကျယ်ပြောခဲ့ပါပြီ၊ အထူးအားဖြင့် ဓမ္မစကြာတရားတော်ကြီး (နှာ ၁၄၆-နှင့် ၁၇၆-စသည်)စာအုပ်မှာ ပြဆိုထားပြီး ရှိနေပါတယ်။အဲဒီလိုရှုမှတ်တော့ ရုပ်ကိုရှုတိုင်း ရှုတိုင်း ရှုသိရတဲ့အာရုံက တခြား + ရှုသိတဲ့စိတ်နာမ်ကတခြား ခွဲခြားပြီးသိတယ်၊ အဲဒီလို သိတာဟာ ရုပ်နှင့်နာမ်ကို ပိုင်းခြားသိတဲ့ နာမရူပပရိစ္ဆေဒဉာဏ် ခေါ်တဲ့ ပဌမအခြေခံ ဝိပဿနာသမ္မာဒိဋ္ဌိဘဲ၊ အဲဒီကနောက် ရှုမှတ်နေယင်း အကြောင်းနှင့် အကျိုးကို ပိုင်းခြားသိတယ်၊ အဲဒါက အကြောင်းကိုသိမ်းဆည်းသိမြင်တဲ့ ပစ္စယပရိဂ္ဂဟဉာဏ် ခေါ်တဲ့ ဒုတိယအခြေခံ ဝိပဿနာသမ္မာဒိဋ္ဌိဘဲ။

အဲဒီကနောက် ရှုမှတ်နေယင်း ရှုမှတ်ရတဲ့အာရုံ၏ အစဖြစ်ပေါ်ပုံနှင့် အဆုံးပျောက်ကွယ်သွားပုံများကို တွေ့ရတဲ့အတွက် ''မမြဲဘဲ့ဘရားတွေဘဲ၊ မမြဲဘူးဆိုတာ တကယ် ဟုတ်တာဘဲ'' စသည်ဖြင့် သုံးသပ်ဆင်ခြင်တယ်၊အဲဒါက ဝိပဿနာဉာဏ်(၁၀) ပါးထဲမှာ သမ္မသနဉာဏ်ခေါ်တဲ့ ဝိပဿနာ သမ္မာဒိဋ္ဌိဘဲ။အဲဒီက နောက် အလွန်လျင်မြန်စွာ ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားတာတွေ ကို သိမြင်တဲ့ ဥဒယဗ္ဗယဉာဏ်, ရှုသိရတဲ့အာရုံနဲ့ ရှုသိမှုပါ ပျက်

ပျက်သွားတာကို သိမြင်တဲ့ဘင်္ဂဉာဏ်အစရှိသော ဝိပဿနာဉာဏ်တွေဟာ အစဉ်အတိုင်း ဖြစ်ပေါ်ကြပါတယ်၊ နောက်ဆုံးမှာ သင်္ခါရအာရုံတွေကို အထူးကြောင့်ကြမစိုက်ရဘဲ အညီအမျှ ရှုသိနိုင်တဲ့ သင်္ခါရုပေက္ခာဉာဏ် ဆိုတာ ဖြစ်ပေါ်လာပါတယ်၊အဲဒီ သင်္ခါရုပေက္ခာဉာဏ်က ရင့်သန်ပြည့်စုံတဲ့အခါမှာ အထူးသွက်လက်လျင်မြန်တဲ့ အသိဉာဏ်အထူးတွေ နှစ်ကြိမ်သုံးကြိမ် စသည် ဖြစ်ပေါ်လာပြီးတော့ အဖြစ်အပျက် ရုပ်နာမ်သင်္ခါရ လုံးဝ ချုပ်ငြိမ်းတဲ့ သဘောထဲသို့ အသိဉာဏ်က ရောက်သွားပါတယ်။

အဲဒီမှာ အထူးသွက်လက်လျင်မြန်တဲ့ အသိဉာဏ်အထူးတွေ ဆိုတာ ဝုဋ္ဌာနဂါမိနီခေါ်တဲ့ ခေါင်ထိပ်ဝိပဿနာ ဉာဏ်ဘဲ၊ ဒီထိအောင် ဝိပဿနာ သမ္မာဒိဋ္ဌိတွေပါဘဲ။ ချုပ်ငြိမ်းရာသို့ ရောက်သွားတဲ့ အသိဉာဏ်ကတော့ မဂ္ဂသမ္မာဒိဋ္ဌိဘဲ။ ဒီမဂ္ဂသမ္မာဒိဋ္ဌိက ဝိပဿနာ သမ္မာဒိဋ္ဌိ၏ အရှိန်အဟုန်ဖြင့် နောက်ဆုံးမှဖြစ်ပေါ်လာတယ်၊ ကေတ္တနည်းအရ ပြောရမယ်ဆိုယင် ဝုဋ္ဌာနဂါမိနီထဲမှာ ပါဝင်တဲ့ အနုလောမဉာဏ်ကဘဲ နိဗ္ဗာန်အာရုံကို မျက်မှောက်ပြုပြီး ဖြစ်လာတယ်လို့တောင် ပြောနိုင်ပါတယ်၊ ဘာကြောင့်လဲဆိုယင်၊ မဂ်စိတ်မဂ်ဉာဏ်ဆိုတာဟာ တခြားက ကျလာတာမဟုတ်ဘူး၊ ရှေးစိတ်များ ရှေးဉာဏ်များမှ ဖြစ်လာတဲ့ သဘောဖြစ်သောကြောင့်ပါဘဲ၊ ဒီလို အရိယမဂ်၏ ရှေ့သွားဖြစ်သောကြောင့် ဝိပဿနာကို ပုဗ္ဗဘာဂမဂ်လို့ ခေါ်တယ်၊ အဲဒီ ဝိပဿနာမဂ်၏အခြေခံဖြစ်တဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိနှင့် သီလမဂ္ဂင်သမာဓိမဂ္ဂင်တို့ကိုတော့ မူလမဂ္ဂင်လို့ခေါ်ရတယ်။ဒါကြောင့်

အဲဒီဖြစ်စဉ်ကိုတိုတိုနဲ့မှတ်ရအောင်ဘုန်းကြီးက "မူလ,ပုဗ္ဗ၊အရိယ။ သုံးဝမဂ္ဂင်မြတ်။ ဖြင်ပွားစေလျှင်၊ ဤမဂ္ဂင်၊ ပြေးဝင်နိဗ္ဗာန်ခေတ်"လို့ ဆောင်ပုဒ်များစီထားတယ်။ အဲဒါကို ဆိုကြရမယ်၊

(၁) မူလပုဗ္ဗ၊ အရိယ၊ သုံးဝမဂ္ဂင်မြတ်။

(၂) ဖြစ်ပွားစေလျှင်၊ ဤမဂ္ဂင်၊ပြေးဝင်နိဗ္ဗာန်ခေတ်။

ယခုဘဝတွင် နိဗ္ဗာန်ကို မျက်မှောက်တွေ့ချင်လို့ရှိယင် ရှေးဦးစွာ ကမ္မဿကတာသမ္မာဒိဋ္ဌိနှင့် ပြည့်စုံရမယ်၊ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဆိုတဲ့ သီလမဂ္ဂင်သုံးပါးနှင့် ပြည့်စုံပြီး သီလစင်ကြယ်ရမယ်၊ စိတ္တဝိသုဒ္ဓိအရ နီဝရဏကင်းစေနိုင်တဲ့ သမာဓိတပါးပါးနှင့် ပြည့်စုံရမယ်၊ အဲဒါတွေဟာ အခြေခံမူလမဂ္ဂင်တွေပါဘဲ။ အဲဒီကနောက် နာမရူပပရိစ္ဆေဒ ဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင် ပုဗ္ဗဘာဂမဂ်ဆိုတဲ့ ဝိပဿနာမဂ္ဂင်တွေကိုပြည့်စုံစေရမယ်၊ ဝိပဿနာမဂ်က အနုလောမဉာဏ်ရောက်ယင်တော့ အဲဒီ ဉာဏ်နှင့် တဆက်တည်း ဂေါတြဘူဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုတာတွေဟာ ဝိပဿနာ၏ အဟုန်အရှိန်ဖြင့် ဖြစ်သွားတော့တာဘဲ။ ဒါကြောင့် မူလမဂ္ဂင်ကို အခြေခံပြုပြီးတော့ ပုဗ္ဗဘာဂမဂ်လို့ခေါ်တဲ့ ဝိပဿနာမဂ်ကို ဖြစ်ပွားစေလို့ရှိယင် ဒီမဂ္ဂင်တရားအပေါင်းက နိဗ္ဗာန်ဆိုတဲ့ အငြိမ်းခေတ်ထဲသို့ ပြေးဝင် ဆိုက်ရောက်သွားတယ် ဆိုတာကို "ဖြစ်ပွားစေလျှင်၊ ဤမဂ္ဂင်၊ ပြေးဝင်နိဗ္ဗာန်ခေတ်"လို့ ဆိုထားပါတယ်။

အဲဒီမှာ ဝိပဿနာသမ္မာဒိဋ္ဌိဖြစ်ယင်သူ၏တွဲဘက်ဖြစ်တဲ့ သမ္မာသင်္ကပ္ပ စသည်တို့လဲ ပါဝင်ပြီးဖြစ်ကြတာပါဘဲ။ ပါဝင်ပုံကတော့ မြင်ခိုက် ကြားခိုက် စသည်၌ ရှုမှတ်၍ မမြဲဟုသိလျှင် မမြဲတဲ့အခြင်းအရာဖြင့် အာရုံဆီသို့ ညွှတ်စေတာက သမ္မာသင်္ကပ္ပပဲ၊ သမ္မာသင်္ကပ္ပ-ပုဒ်ကိုမှန်စွာကြံခြင်းလို့ အနက်ပြန်ရပေမဲ့ ဝိပဿနာရှုခိုက်မှာတော့ တမင်ကြံပြီး ရှုရတာမဟုတ်ပါဘူး၊ နိဗ္ဗာန်သိတဲ့ မဂ်ခဏမှာ နိဗ္ဗာန်ဆီသို့ ညွှတ်စေတာကိုပင် သမ္မသင်္ကပ္ပ-မှန်စွာကြံခြင်းလို့ ဆိုရတာလိုပါဘဲ။ အဲဒီ သမ္မာသင်္ကပ္ပနှင့် သမ္မာဒိဋ္ဌိကို ပညာက္ခန္ဓာခေါ်တယ်။ မြင်တယ် ကြားတယ် စသည်ဖြင့် ရှုတိုင်းရှုတိုင်း ရှုမှတ်မိအောင်ကြောင့်ကြစိုက်တာက သမ္မာဝါယာမဘဲ၊ အမှတ်ရတာက သမ္မာသတိဘဲ၊ ရှုမိတဲ့အာရုံမှာ အခိုက်အတန့်မျှ ကပ်လျက်ကပ်လျက် တည်တည်သွားဘာက ဝိပဿနာခဏိက သမ္မာသမာဓိဘဲ၊ ဝိပဿနာ ရှုခိုက်ရှုခိုက်ခဏမှာ ဒီသမာဓိက အလွန် အရေးကြီးပါတယ်၊ ဒီသမာဓိက အားမကောင်းယင် ထက်သန်တဲ့ ဝိပဿနာဉာဏ် မဖြစ်နိုင်ဘူး၊ ဒါကြောင့်အဲဒီခဏိက သမာဓိနှင့်တကွ သမ္မာဝါယာမ သမ္မာသတိ ဆိုတဲ့ ဒီမဂ္ဂင်သုံးပါးက ဝိပဿနာ၏ အကူအညီ သမာဓိခန္ဓာဘဲ။

သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဆိုတဲ့ သီလမဂ္ဂင်တွေကတော့ ဝိပဿနာအလုပ် အားမထုတ်မီကတည်းက ပြည့်စုံလာခဲ့ပြီးဖြစ်တယ်၊ ဝိပဿနာရှုနေဆဲမှာလဲ အဲဒီသီလက ပြည့်စုံမြဲပြည့်စုံနေပါတယ်၊ တနည်းအားဖြင့်ဆိုယင် ရှုတိုင်းရှုတိုင်း အနိစ္စစသောအခြင်းအရာဖြင့် သိရတဲ့အာရုံမှာ မြဲတယ်

စသည်ဖြင့် ထင်မှတ်ပြီးတော့ မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တ မိစ္ဆာ အာဇီဝ ဖြစ်နိုင်ခွင့်မရှိတော့ဘူး၊ အဲဒီလို မိစ္ဆာဝါစာစသည် မဖြစ်နိုင်တာဟာ သမ္မာဝါစာကိစ္စ စသည်-ပြီးစီးတဲ့သဘောဘဲ၊ ဒါကြောင့် သီလမဂ္ဂင်သုံးပါးလဲ ဝိပဿနာရှုခိုက်မှာ ပြည့်စုံတယ်လို့ ဆိုရပါတယ်။

ဒါကြောင့် ဝိပဿနာသမ္မာဒိဋ္ဌိ ဖြစ်တိုင်းဖြစ်တိုင်း သမ္မာသင်္ကပ္ပ အစရှိသော ကျန်တဲ့မဂ္ဂင် ခုနစ်ပါးလဲ ပါဝင်ပါတယ်၊ အဲဒီလိုပါဝင်တဲ့အတွက် မြင်တယ် ကြားတယ်စသည်ဖြင့် ရှုတိုင်း ရှုတိုင်း ပုဗ္ဗဘာဂမဂ်ခေါ်တဲ့ ဝိပဿနာမဂ္ဂင် ရှစ်ပါးကို ပွါးစေသည် မည်ပါတယ်။ အဲဒီ ဝိပဿနာမဂ်က ရင့်သန်ပြည့်စုံတဲ့အခါမှာ ခုဘင်ကပြောခဲ့တဲ့အတိုင်း သောတာပတ္တိမဂ်ဆိုတဲ့ အရိယမဂ် ဖြစ်ပေါ်တယ်၊ သောတာပတ္တိဖိုလ်နှင့်တကွ ရှေးကပြောခဲ့တဲ့အတိုင်း ပစ္စဝေက္ခဏာ ဉာဏ်များလဲ ဖြစ်သွားတယ်၊

အဲဒီလို သောတာပတ္တိမဂ်ဖိုလ်ရောက်ပြီး သောတာပန်ဖြစ်တဲ့ ပုဂ္ဂိုလ်က တဖန် သမ္မာဒိဋ္ဌိအစရှိသော ဝိပဿနာမဂ်ကို ပွားစေပြန်လျှင် သကဒါဂါမိမဂ်ဖိုလ်ရောက်ပြီး သကဒါဂါမ်ဖြစ်တယ်၊ သကဒါဂါမ်က ဝိပဿနာမဂ်ကို ပွားစေပြန်လျှင် အနာဂါမိမဂ်ဖိုလ်ရောက်ပြီး အနာဂါမ်ဖြစ်တယ်၊ အနာဂါမ်က ဝိပဿနာမဂ်ကို ပွားစေပြန်လျှင် အရဟတ္တမဂ်လို့ ခေါ်တဲ့ သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်ရှစ်ပါး အပြည့်အစုံဖြစ်ပွားသွား

တယ်၊ အဲဒီအရဟတ္တမဂ်၏ အကျိုးဖြစ်တဲ့ အရဟတ္တဖိုလ်နှင့်တကွ ပစ္စဝေက္ခဏာဉာဏ်များလဲဖြစ်တယ်။အဲဒီလိုဖြစ်ရာမှာ အရဟတ္တမဂ် ရောက်တဲ့အခါ အရိယမဂ္ဂင်ရှစ်ပါးကို ပွါးစေမှု လုံးဝ ပြည့်စုံသွားတယ်၊ အဲဒီလိုပြည့်စုံပုံကို ရည်ပြီးတော့ အရှင်သာရိပုတ္တရာက—

ဘန္တေ-မြတ်စွာဘုရား၊ ပုန စ-တဖန်လည်း၊ အပရံ-တပါးသော ခွန်အားကား၊ ခီဏာသဝဿ ဘိက္ခုနော-ရဟန္တာရဟန်းသည်၊ အဋ္ဌင်္ဂိကော-အင်္ဂါရှစ်ပါးရှိသော၊ အရိယော မဂ္ဂေါ-အရိယမဂ်ကို၊ ဘာဝိတော-ပွါးစေအပ်ပြီးသည်၊ သုဘာဝိတော-လိုလေသေးမရှိ အပြည့်အစုံ ကောင်းစွာ ပွားစေအပ်ပြီးသည်၊ ဟောတိ-ဖြစ်ပါသည် အရှင်ဘုရား စသည်ဖြင့် လျှောက်ကြားပါတယ်။

အဲဒီလို အပြည့်အစုံပွားစေပြီး ဖြစ်တဲ့အတွက် ရဟန္တာဟာ သမ္မာဒိဋ္ဌိအစရှိသော ဝိပဿနာမဂ္ဂင်ကို ဖြစ်စေ၊ အရိယဖိုလ်၏ အင်္ဂါများဖြစ်သော သမ္မာဒိဋ္ဌိစသည်ကို ဖြစ်စေ အလိုရှိသော အခါ အလိုရှိတိုင်း ဖြစ်ပွါးစေနိုင်တယ်လို့ မှတ်ယူရပါတယ်။ သို့ပေမဲ့ သတတဝိဟာရီ မဟုတ်ယင်တော့ ရှေ့ပိုင်းက ပြောခဲ့တဲ့ သတတ ဝိဟာရီသာမဏေ၏ ဆရာရဟန္တာအရှင်လို ဖလသမာပတ် မဝင်စားနိုင်တဲ့အခါလဲ ရှိသေးတယ်လို့ ဆိုရမှာဘဲ၊ ဒါပေမဲ့ အဲဒီလိုမဝင်စားနိုင်တဲ့ ရဟန္တာကတော့ အလွန်ပင်နည်းပါလိမ့်မယ်။

ဒါလောက်ဆိုယင် ရဟန္တာပုဂ္ဂိုလ်၏ ခွန်အား (၁၀) ပါး အကြောင်းကို နားလည်လောက်ပါပြီ။ ယခုပြောဘို့ လိုသေးတာကတော့ ရဟန္တာပုဂ္ဂိုလ်က အာသဝေါကုန်ကြောင်း ဝန်ခံရာမှာ "ခီဏာ မေ အာသဝါတိ-ငါ့မှာ အာသဝေါကိလေသာတွေ ကုန်ပြီ"ဟု ဝန်ခံတယ်လို့ ပြဆိုထားတဲ့အတိုင်း ဒွဲဒိုးဘဲ ပြောဆိုပြီး ဝန်ခံကြပါသလားလို့ မေးစရာအချက်ကို ရှင်းလင်းပြောဘို့ပါဘဲ။

ဒီနေရာမှာ အင်္ဂုတ္တရပါဠိ ဆက္ကနိပါတ် (နှာ ၃၁၅)မှ ခေမကသုတ်ကို ရှေးဦးစွာထုတ်ပြရမယ်။

## ခေမကသုတ်

မြတ်စွာဘုရားရှင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေစဉ်အခါက အရှင်ခေမနှင့် အရှင်သုမနတို့ဟာ မြတ်စွာဘုရားကို ရိုသေစွာရှိခိုးပြီး ထိုင်နေကြပါတယ်၊ အဲဒီလို ထိုင်နေပြီးတော့ အရှင်ခေမ-က မြတ်စွာဘုရားအား ဒီလို လျှောက်ပါသတဲ့။

မြတ်စွာဘုရား၊ အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်မှာ "ငါ့ထက် မြတ်သောသူ ရှိသည်ဟူ၍သော်ငြင်း၊ ငါနှင့် တန်းတူပုဂ္ဂိုလ် ရှိသည်ဟူ၍ သော်ငြင်း၊ ငါ့အောက် ယုတ်ညံ့သူ ရှိသည်ဟူ၍ သော်ငြင်း-ဤသို့သောစိတ်ဖြစ်ခြင်း မရှိပါ"လို့ လျှောက်ပါသတဲ့။

အဲဒီ လျှောက်ပုံဟာ ရဟန္တာမှာ မာနသုံးပါးလုံး မရှိကြောင်း တိုက်ရိုက်လျှောက်ပုံပါဘဲ၊ အဲဒီလိုလျှောက်ခြင်းဖြင့် မိမိကိုယ်ဘိုင်မှာလဲ ထိုနည်းတူပင်ဖြစ်ကြောင်း သိစေပါတယ်။ မိမိက သူတပါးထက်မြတ်တယ် ထင်တဲ့မာန၊ မိမိက သူတပါး အောက် ယုတ်ညံ့ဘယ်ထင်တဲ့ မာန၊ မိမိဟာမည်သူနှင့် တန်းတူဘဲလို့ ထင်တဲ့မာန၊ ဒီမာနသုံးပါးလုံးကင်းယင် ရဟန္တာဖြစ်တာဘဲ၊ ရဟန္တာဖြစ်ယင် ဒီမာနသုံးပါးလုံးကင်းတယ်။ အဲဒီ မာနသုံးပါး မိမိမှာကင်းကြောင်းကို သွယ်ဝိုက်ပြီး လျှောက်တဲ့ စကားပါဘဲ။ အလွန်နက်နဲပါတယ်။

အရှင်ခေမ-က လျှောက်ပြီး ထသွားတယ်၊ ထသွားလို့ မကြာခင်ဘဲ အရှင်သုမန-က မြတ်စွာဘုရားအား လျှောက်ပြန်တယ်၊ လျှောက်ပုံကတော့—

မြတ်စွာဘုရား၊ အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်မှာ "ငါ့ထက်မြတ်သူ မရှိဟူ၍ သော်၎င်း၊ ငါနှင့် တူညီသူမရှိဟူ၍ သော်၎င်း၊ ငါ့အောက် ယုတ်ညံ့သူမရှိဟူ၍သော်၎င်း" ဤသို့သော စိတ်ဖြစ်ခြင်း မရှိပါ-လို့ လျှောက်ပါသတဲ့။

ဒီလျှောက်ပုံဟာလဲ အရှင်ခေမ လျှောက်ပုံနှင့် နည်းတူပါဘဲ၊မာနသုံးပါးကင်းကြောင်းလျှောက်တာပါဘဲ။ (ဝုသိတဝါ-ကျင့်သုံးခြင်းကိစ္စပြီးပြီးသော-အစရှိတဲ့ရဟန္တာ၏ ဂုဏ်ပုဒ်တွေကို စကားကြောမရှည်စေရန် မပြဘဲ ချန်ထားသည်။)

အရှင်သုမနလဲ လျှောက်ပြီးထသွားတယ်။ အဲဒီလို ထသွားပြီးနောက် မကြာမီပင် မြတ်စွာဘုရားက ရဟန်းတော်များအား ဒီလိုမိန့်တော်မူပါတယ်။

ဘိက္ခဝေ-ရဟန်းတို့၊ ကုလပုတ္တာ၊ အမျိုးကောင်းသားတို့သည်၊ ဧဝံ ခေါ-ဤခေမနှင့် သုမနတို့ လျှောက်သောအခြင်းအရာဖြင့်ပင်လျှင်၊ အညံ-ရဟန္တာအဖြစ်-အရဟတ္တဖိုလ်ကို၊ ဗျာကရောန္တိ-ပြောကြားကြကုန်၏၊ အတ္ထော စ-သိစေလိုအပ်သောအနက်ကိုလည်း၊ ဝုတ္တော-ပြောဆိုအပ်ပြီး ဖြစ်ပေ၏၊ အတ္တာ စ-မိမိကိုယ်ကိုလည်း၊ အနုပနီတော-တိုက်ရိုက် မဖော်ပြအပ်ပေ။ အထ စ ပန-ထိုသို့ပင်ဖြစ်သော်လည်း၊ ဣဓ-ဤလောက၌၊ ဧကစ္စေ-အချို့သော၊ မောဃပုရိသာ-မဂ်ဖိုလ်မမှီး အချည်းနှီးပုဂ္ဂိုလ်တို့သည်၊ ဟသမာနကာ မညေ-ရယ်မောကြသလိုပင်၊ ဝါ-ရယ်ဘွယ်လိုပင်၊ အညံ-ရဟန္တာအဖြစ်- အရဟတ္တဖိုလ်ကို၊ ဗျာကရောန္တိ-မိမိကိုယ်ကို ဖော်၍ပြောကြားကြကုန်၏၊ တေ-ထိုပုဂ္ဂိုလ်တို့သည်၊ ပစ္ဆာ-နောက်ကာလ၌၊ ဝိဃာတံ-ပင်ပန်းဆင်းရဲခြင်းသို့၊ အာပဇ္ဇန္တိ-ရောက်ရှာကုန်၏-လို့ မိန့်ကြားတော်မူပါတယ်။

## အရှင်သောဏမထေရ်၏ ပြောကြားဝန်ခံပုံ

မြတ်စွာဘုရားလက်ထက်တော်ကာလက အလွန်ချမ်းသာတဲ့ သောဏ ခေါ် သေဋ္ဌေးသားတဦးရှိခဲ့တယ်၊ ငယ်ရွယ်စဉ်မှ စ၍

မြေကြီးပေါ် ခြေဖြင့် မနင်းဘူးဘူးတဲ့၊ ခြေဖဝါးမှာတောင် အမွေးတွေပေါက်နေသတဲ့။ အဲဒီ သေဌေးသားဟာ မြတ်စွာဘုရား၏ တရားဘောင်ကို ကြားနာရသဖြင့် "လူ့လောကမှာ နေပြီး ဒီတရားကို ကျင့်သုံးလို့ ပြည့်စုံလိမ့်မယ် မထင်ဘူး၊ ရဟန်းပြုပြီး ကျင့်သုံးမှ ပြည့်စုံမယ်"လို့ ကြံစည်ပြီးတော့ သေဌေးစည်းစိမ်ကို စွန့်ပြီး ရဟန်းပြုပါတယ်၊ ရဟန်းပြုပြီးတော့ သုသာန်မှာ စင်္ကြံလျှောက်လျက် အပြင်းအထန် အားထုတ်နေတယ်၊ ဘယ်လောက် ပြင်းထန်သလဲဆိုတော့ ခြေဖဝါးမှာပွန်းပဲ့ပေါက်ကွဲပြီး သွေးတွေယိုထွက်နေတယ်၊ စင်္ကြံသမ်းမှာ သွေးများဖြင့် လူးလဲနေတာဟာ နွားသတ်ရာ ဌာနလိုပင် ဖြစ်နေတယ်၊ ဒါလောက် ပြင်းပြင်းထန်ထန်အားထုတ်ပေမဲ့ ဉာဏ်ထူး တရားထူးကို မတွေ့ရတဲ့အတွက် သူက ဒီလို စဉ်းစားမိပါသတဲ့၊ ပြင်းပြင်းထန်ထန် အားထုတ်ကြတယ်ဆိုတာဟာ ဒါလောက် ရှိမှာပါဘဲ၊ ဒါပေမဲ့ အာသဝေါကိလေသာတို့မှ စိတ်ဟာ မလွတ်သေးဘူး၊ ငါ့အိမ်ထောင်စုမှာ စီးပွားဥစ္စာတွေ အရှိသားဘဲ၊ လူထွက်ပြီး စည်းစိမ်ကိုလဲ ခံစားနိုင်တယ်၊ ကုသိုလ်ကိုလဲ ပြုနိုင်တယ်လို့ စဉ်းစားမိပါသတဲ့၊

အဲဒီအခါ အရှင်သောဏ၏စိတ်အကြံကိုသိတော်မူတဲ့အတွက် မြတ်စွာဘုရားက အရှင်သောဏထံသို့ တန်ခိုးဖြင့် ချက်ခြင်းကြွလာတော်မူပါတယ်၊ ကြွလာတဲ့အခါ အရှင်သောဏက ရိုသေစွာ ရှိခိုးပြီးထိုင်နေပါတယ်၊ အဲဒီအခါ မြတ်စွာဘုရားက စောင်းဥပမာဖြင့် မလျော့မတင်းအားထုတ်ရန် ညွှန်ကြားတော်မူခဲ့ပါ၊

တယ်။ အရှင်သောဏကလဲ မြတ်စွာဘုရား ညွှန်ကြားတော်မူတဲ့ အတိုင်း လွန်ကဲသောဝီရိယကိုလျှော့ပြီး သမာဓိနှင့်ညီမျှအောင် အားထုတ်သဖြင့် မကြာမီပင် အရဟတ္တဖိုလ်သို့ရောက်ပြီး ရဟန္တာ ဖြစ်တော်မူပါတယ်၊ ရဟန္တာဖြစ်ပြီးတဲ့အခါ အရှင်သောဏ-က မြတ်စွာဘုရားထံသွားရောက်ပြီး မိမိရဟန္တာဖြစ်ကြောင်းကို ဒီလို လျှောက်ကြားပါတယ်၊ လျှောက်ပုံကတော့ ပါဠိစာမျက်နှာဖြင့် ၂-မျက်နှာကျော်ရှိပါတယ်၊ ဒီမှာတော့ အတိုချုံးပြောရမှာဘဲ။

မြတ်စွာဘုရား၊ အာသဝေါကုန်ပြီးသော ရဟန္တာဟာ (၁) နေက္ခမ္မ-လိုချင်မှုကာမမှ ထွက်မြောက်ရာ၊ (၂) ဝိဝေက-ဆိတ်ငြိမ်ရာ၊ (၃) အဗျာပဇ္ဈ-ဒေါသကင်းရာ၊ (၄) ဥပါဒါနက္ခယ-အစွဲအလမ်းကုန်ရာ၊ (၅) တဏှာက္ခယ-တဏှာကုန်ရာ၊ (၆) အသမ္မောဟ-တွေဝေသိမှားမှုကင်းရာဆိုတဲ့ ၆-ဌာနဌ်စိတ်ညွတ်လိုလား လျက်ရှိပါသည်။ (ဒီစိတ်ညွတ်လိုလားရာ ၆-ပါးလုံးကို နိဗ္ဗာန် ဟူ၍၎င်း၊ အရဟတ္တဖိုလ်ဟူ၍၎င်း အဋ္ဌကထာဌ်ဖွင့်ပြသားသည်)

ဒီနေရာမှာ တစုံတယောက်က "ဒီကိုယ်တော်ဟာ ယုံကြည်မှု သက်သက်ဖြင့် နေက္ခမ္မသို့ စိတ်ညွတ်လိုလားနေလေသလော" လို့ တွေးထင်ဘွယ် ရှိပါသည်။ သို့သော် ထိုသို့ကား မဟုတ်ပါ၊ ရဟန္တာမှာ ပြုဘွယ်ဟူသမျှကို ပြုပြီးဖြစ်၍ အသစ် ပြုဘွယ်ကိုလဲ မမြင်တော့ပါ၊ ပြုပြီးကို တိုးပွားစေရန်လဲ မရှိတော့ပါ။ ရာဂ ဒေါသ မောဟကုန်ပြီးဖြစ်၍ နေက္ခမ္မဌ်စိတ်ညွတ်လိုလားနေခြင်း သာ ဖြစ်ပါသည် မြတ်စွာဘုရားလို့လဲ လျှောက်ကြားပါတယ်။

(ဒီစကားရပ်မှာ ယုံကြည်မှုသက်သက်ဖြင့်လေလားလို့ တွေးထင်ပုံကို ဖော်ပြတာကတော့ ကာမအာရုံကာမကိလေသာတို့မှ လွတ်ကင်းအောင် နေထိုင်ပုံကိုအကြောင်းပြုပြီး တွေးထင်ပုံကို ပြဟန်ဘူပါတယ်။)

"ဒီကိုယ်တော်ဟာ လာဘ်လာဘ ပေါများအောင် အရိုအသေလေးကြအောင် ဂုဏ်သတင်းကျော်စောအောင်(ပဝိဝေက) ဆိတ်ငြိမ်ရာ၌ စိတ်ညွတ် လိုလားနေလေသလော"လို့ တစုံတယောက်က တွေးထင်ဘွယ် ရှိပါသည်။ သို့သော် ထိုသို့ကား မဟုတ်ပါ—စသည်ဖြင့် ရှေးနည်းတူပင် ပြုကျင့်ဘွယ် ဟူသမျှကို ပြုကျင့်ပြီးဖြစ်သည့်ပြင် ရာဂ ဒေါသ မောဟကုန်ပြီးဖြစ်၍ ဆိတ်ငြိမ်ရာ၌ စိတ်ညွတ် လိုလားနေခြင်းသာ ဖြစ်ကြောင်းကိုလဲ လျှောက်ကြားပါတယ်၊ (ဒီမှာလဲ ဆိတ်ငြိမ်ရာ အရပ်၌ နေထိုင်ခြင်းကို အကြောင်းပြုပြီး တွေးထင်ပုံကို ပြဟန်ရှိပါတယ်။)

"ဒီကိုယ်တော်ဟာ သီလဗ္ဗတပရာမာသကိုအကျင့်မြတ်ထင်၍ (အဗျာပါဒ)စိတ်မဆိုးမှု-သည်းခံမှု၌ စိတ်ညွတ် လိုလားနေလေသလော"လို့ တစုံတယောက်က တွေးထင်ဘွယ် ရှိပါသည်၊ သို့သော် ထိုသို့ကားမဟုတ်ပါ-စသည်ဖြင့် ရှေးနည်းတူပင် ပြုကျင့်ပြီး ရာဂစသည်ကုန်ပြီးဖြစ်သောကြောင့် စိတ်ဆိုးမှု သည်းခံမှု၌ စိတ်ညွတ်လိုလားနေခြင်းသာ ဖြစ်ကြောင်းကိုလဲ လျှောက်ကြားပါသည်။ (ဒီမှာလဲ စိတ်မဆိုးဘဲ သည်းခံနေတာကို သီလဗ္ဗတပရာမာသအနေဖြင့် တွေးထင်ပုံကို ပြဟန်ရှိပါတယ်။)

ဘန္တေ-မြတ်စွာဘုရား၊ ဧဝံ- ဤလျှောက်ခဲ့သည့်အတိုင်း၊ သမ္မာ ဝိမုတ္တဿ ဘိက္ခုနော- မှန်ကန်ကောင်းမွန်စွာ လွတ်မြောက်သော ရဟန်း၏၊ စက္ခုဿ-မျက်စိမှာ၊ ဘုသာပိ စက္ခုဝိညေယျာ ရူပါ-မျက်စိဖြင့်မြင်နိုင်သည့် အလွန်ထက်မြက်သော အဆင်းရူပါရုံတို့သည် သော်လည်း၊ စေ အာပါထံ အာဂစ္ဆန္တိ-အကယ်၍ထင်ပေါ်ကြစေကာမူ၊ အဿ စိတ္တံ-ထိုရဟန်း၏စိတ်ကို၊ နေဝ ပရိယာဒိယန္တိ(ထိုအဆင်းတို့က) ဆွဲဆောင်မသွားနိုင်ကုန်သည်သာ၊ အဿ စိတ္တံ-ထိုရဟန်း၏စိတ်သည်၊ အမိဿီကတ-မေဝ-ကိလေသာနှင့် မရောသည်သာလျှင်၊ ဟောတိ- ဖြစ်ပါသည်၊ ဌိတံ- တည်မြဲ တည်နေပါသည်၊ အာနေဉ္ဇပ္ပတ္တံ-မလှုပ်မယိုင် ခိုင်မြဲနေပါသည်၊ အဿ-ထိုအဆင်း, ထိုမြင်သိစိတ်၏၊ ဝယဉ္စ-ပျက်ခြင်းကိုလည်း၊ ပဿတိ- သိမြင်ပါသည် မြတ်စွာဘုရား တဲ့။

ဆိုလိုရင်း အတိုချုပ်ကတော့ ရဟန္တာမှာ အလွန်ကောင်းတဲ့ အဆင်း, အလွန်ဆိုးတဲ့အဆင်း ရူပါရုံတွေကို မြင်ရပေမဲ့ အဲဒီအဆင်းနောက်သို့ စိတ်က လိုက်ပါမသွားဘူး၊ နှစ်သက်မှု စိတ်ဆိုးမှု ကိလေသာနှင့် မရောဘူး၊ ပကတိအတိုင်းစင်ကြယ်စွာ တည်မြဲပင် မလှုပ်မရှားဘဲ ကြံ့ကြံ့တည်နေတယ်၊ အဲဒီအဆင်းရူပါရုံနှင့် မြင်သိစိတ် ပျက်ပျက်သွားတာကိုလဲ ရဟန္တာက သိမြင်နေတယ်-လို့ ဆိုလိုပါတယ်။ ထို့အတူပင် အသံကြားရတဲ့အခါ အနံ့နံရတဲ့အခါ၊ အရသာ စားသိရတဲ့အခါ၊ အတွေ့ကို ထိသိရတဲ့အခါ၊ သဘောအာရုံကို ကြံသိရတဲ့အခါ များမှာလဲ အာရုံနောက်သို့

စိတ်ကမလိုက်ဘဲ ကြံ့ကြံ့တည်နေပုံ၊ အာရုံနဲ့အသိစိတ် ပျက်သွားတာကို သိပုံများကိုလဲ နည်းတူပင် လျှောက်ကြားပါတယ်။ မြင်ဆဲ ခဏ စသည်၌ အာရုံနဲ့ အသိပျက်သွားတာကို သိပုံဟာ ယခု ရှုမှတ်နေကြတဲ့ သတိပဋ္ဌာန်ယောဂီများ၏ သိပုံနှင့် ကိုက်ညီနေပါတယ်၊ အဲဒါဟာ ယခုယောဂီတွေအနေနဲ့ အလွန်ပင် အားရစရာကောင်းပါတယ်။ အဲဒီက နောက်လဲ ဂါထာများဖြင့် လျှောက်ပုံတွေရှိပါသေးတယ်၊ အဲဒီအထဲက နောက်ဆုံး ၂-ဂါထာကို ထုတ်ပြပါဦးမယ်။

သေလော ယထာ ဧကဃနော၊
ဝါတေန န သမီရတိ။
ဧဝံ ရူပါ ရသာ သဒ္ဒါ၊
ဂန္ဓာ ဖဿာ စ ကေဝလာ။
ဣဋ္ဌာ ဓမ္မာ အနိဋ္ဌာ စ၊ န ပဝေဓေန္တိ တာဒိနော။
ဌိတံ စိတ္တံ ဝိပ္ပမုတ္တံ၊ ဝယဉ္စဿာနုပဿတိ။

ဧကဃနော- တသုံးတခဲ တည်းသော၊ သေလော-ကျောက်တောင်သည်၊ ဝါတေန-အရပ် လေးမျက်နှာမှ လာသော လေကြောင့်၊ န သမီရတိ ယထာ-မတုန်မလှုပ်သကဲ့သို့၊ ဧဝံ- ဤအတူပင်၊ ကေဝလာ-အလုံးစုံကုန်သော၊ ရူပါ ရသာ သဒ္ဒါ ဂန္ဓာ ဖဿာ စ-အဆင်း အရသာ အသံ အနံ့ အတွေ့တို့သည်၎င်း၊ ဣဋ္ဌာ ဓမ္မာ-အလိုရှိအပ်သော သဘောတရားတို့သည်၎င်း၊ အနိဋ္ဌာ စ-အလိုမရှိအပ်သော သဘောတရားတို့သည်၎င်း၊ တာဒိနော-

ရဟန္တာပုဂ္ဂိုလ်၏၊ စိတ္တံ-စိတ်ကို၊ န ပဝေဓေန္တိ-မတုန်လှုပ်စေနိုင်ကုန်။ ဌိတံ-ကြံ့ကြံ့တည်နေ၏၊ ဝိပ္ပမုတ္တံ- ကိလေသာမှ လွတ်မြောက်၏၊ အဿ-ထိုစိတ်၏၊ ဝယဉ္စ-အပျက်ကိုလည်း၊ အနုပဿတိ- ရှုမြင်ပေ၏-တဲ့။ အဲဒါဟာ အရှင်သောဏ မထေရ်က မိမိရဟန္တာဖြစ်ကြောင်း သွယ်ဝိုက်ပြီး လျှောက်ကြားပုံပါဘဲ။

## အရှင်သာရိပုတ္တရာမထေရ်၏ ဝန်ခံပြောကြားပုံ

အခါတပါးမှာ ကဠာယခတ္တိယ ဆိုတဲ့ရဟန်းက "ငါ့ရှင်သာရိပုတ္တရာ၊ မောဠိယဖဂ္ဂုန ဆိုတဲ့ရဟန်းဟာ သိက္ခာချပြီးလူထွက်ပါတယ်"လို့ အရှင်သာရိပုတ္တရာအား လျှောက်တယ်၊ ဒီတော့ အရှင်သာရိပုတ္တရာက "အဲဒီအရှင်ဟာ ဒီသာသနာတော်မှာ သက်သာရာ ထောက်တည်ရာကို မရလို့ဖြစ်မှာပေါ့"လို့ ပြန်ပြောလိုက်တယ်။ "ဒါဖြင့် အရှင်သာရိပုတ္တရာတော့ ဒီသာသနာတော်မှာ သက်သာရာ ထောက်တည်ရာကို ရနေပြီပေါ့" လို့ ကဠာယခတ္တိယ-က ထပ်ပြီးပြောတဲ့အခါ အရှင်သာရိပုတ္တရာက "ငါဟာ (သက်သာရာ ထောက်တည်ရာကို ရ-မရ) မယုံမှားပါဘူး"လို့ ပြန်ကြားလိုက်တယ်။ "နောင်ကာလမှာကော ဘယ့်နှယ်လဲ"လို့ ကဠာယခတ္တိယ-က မေးတဲ့အခါမှာ အရှင်သာရိပုတ္တရာက "ယုံမှားမရှိပါဘူး"လို့ ဖြေလိုက်ပါသတဲ့။

အဲဒီမှာ အဋ္ဌကထာဖွင့်ပုံကတော့ "သက်သာရာ ထောက်တည်ရာကို မရလို့ ဖြစ်မှာပေါ့"လို့ ဆိုရာ၌ အောက်မဂ် အောက်ဖိုလ်

သုံးပါးဘို့ကို မရလို့ ဖြစ်မှာပေါ့-ဟု ပြပါသတဲ့၊ အကယ်၍ အောက်မင်္ဂိုလ် သုံးပါးတို့ကို ရလျှင် (အနာဂါမ်ဖြစ်နေလျှင်) သိက္ခာချ၍ လူမထွက်နိုင်ရာလို့ ဆိုလိုတာပါဘဲတဲ့။ နောင်ကာလမှာကော ဘယ့်နှယ်လဲ-ဆိုတဲ့အမေးဖြင့် "နောင်ကာလ၌ဘဝသစ်ဖြစ်မှုကို ပယ်နုတ်ပြီးပါပြီလား"လို့ မေးပါသတဲ့၊ အရဟတ္တဖိုလ်သို့ ရောက်ပါပြီလားလို့ ဆိုလိုတာပါဘဲ။ အရှင်သာရိပုတ္တရာက "ယုံမှားမရှိပါဘူး" ဆိုတဲ့အဖြေဟာလဲ "အရဟတ္တဖိုလ်ရောက်ပြီး ရဟန္တာဖြစ်ရာမှာ ယုံမှားမရှိပါဘူး"လို့ ပြဆိုခြင်းဖြစ်ပါသတဲ့။ အဲဒါဟာ အဋ္ဌကထာက ဖွင့်ပြချက်ပါဘဲ။

အဲဒီဖွင့်ပြချက်အရဖြင့် "နောင်ကာလမှာ ယုံမှားမရှိပါဘူး" ဆိုတဲ့ အဖြေဟာ ရဟန္တာအဖြစ်ကို ဝန်ခံ ပြောကြားခြင်း ဖြစ်တယ်။ ဒါကြောင့် အဲဒီ ကဋ္ဌာယနဂ္ဂိယ ရဟန်းက မြတ်စွာဘုရားထံ သွားပြီး ဒီလိုလျှောက်တယ်- "မြတ်စွာဘုရား အရှင်သာရိပုတ္တရာက ဘဝသစ်ဖြစ်မှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဘွယ်ဟူသမျှကို ပြုပြီးပြီ၊ ဤကိစ္စအတွက် အခြားပြုဘွယ်မရှိတော့ပြီ—လို့သိတဲ့အကြောင်းပြောပြ၍ ရဟန္တာအဖြစ် အရဟတ္တဖိုလ်ကို ပြောကြားပါသည်"လို့ လျှောက်တယ်။

အဲဒီတော့ မြတ်စွာဘုရားက အရှင်သာရိပုတ္တရာကို ခေါ်စေပြီးတော့ မေးတော်မူပါတယ်- "သာရိပုတ္တရာ၊ သင်ဟာ 'ဘဝအသစ်ဖြစ်မှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဘွယ်ဟူသမျှကို ပြုပြီးပြီ၊ ဤကိစ္စအတွက် အခြားပြုဘွယ်မရှိတော့ပြီ'

ဟု သိတဲ့အကြောင်းပြောပြ၍ ရဟန္တာအဖြစ် အရဟတ္တဖိုလ်ကို ပြောကြားတယ်ဆိုတာ မှန်ပါသလား''လို့ မေးတော်မူပါတယ်။

''ဘဝသစ်ဖြစ်မှု ကုန်ပြီအစရှိတဲ့ အဲဒီပုဒ် အဲဒီစကားလုံးတို့ဖြင့် အရဟတ္တဖိုလ် ဆိုတဲ့ အနက်ကို မပြောကြားပါ မြတ်စွာဘုရား''လို့ အရှင်သာရိပုတ္တရာက လျှောက်ပါတယ်။

''သာရိပုတ္တရာ၊ မည်သည့်ပရိယာယ်ဖြင့် အရဟတ္တဖိုလ်ကို သွယ်ဝိုက်၍ ပြောကြားစေကာမူ အမှန်ကတော့ ပြောကြားတာကို ပြောကြားတယ်လို့ဘဲ မှတ်ရမယ်''လို့ မြတ်စွာဘုရားက မိန့်တော်မူပါတယ်၊ အဲဒီတော့ အရှင်သာရိပုတ္တရာက ''တပည့်တော်ကလဲ အဲဒီပုဒ်အဲဒီစကားလုံးဘို့ဖြင့် မပြောကြားကြောင်းကိုသာ လျှောက်ပါသည်၊ လုံးဝ မပြောကြားဘူး လို့တော့ ငြင်းသည် မဟုတ်ပါ''လို့ဖြေရှင်းလျှောက်ထားပါတယ်။ (သံ ၁၊ ၂၈၃)

ယခုပြောခဲ့တာတွေဟာ ရဟန္တာအစစ်ဖြစ်နေတဲ့ အရှင်မြတ်များက ရဟန္တာအဖြစ်ကို တိုက်ရိုက်ဝန်မခံဘဲ သွယ်ဝိုက်၍ဝန်ခံပြောကြားကြောင်း ပြဆိုတဲ့ ပါဠိတော်စကားများဖြစ်ပါတယ်။ ယခုအဋ္ဌကထာမှာပြထားတဲ့ သာဓကတခုကိုလဲ ထုတ်ပြရဦးမယ်။

## အရိယာပုဂ္ဂိုလ် အသိခက်ကြောင်း

သီဟိုဠ်မှာ သာသနာတော်အထူးထွန်းတောက်ခဲ့တဲ့အချိန်က စိတ္တလတောင်မှာ ရဟန္တာမထေရ်တပါးကို တောထွက်ဦးပဉ္စင်း

ကြီးတပါးက ဝတ်ကြီး ဝတ်ငယ်ပြုစုနေပါသတဲ့။ တနေ့သော အခါဆွမ်းခံကြွပြီးအပြန်မှာ တောထွက်ဦးပဉ္စင်းကြီးက ရဟန္တာမထေရ်ကို "အရိယာပုဂ္ဂိုလ် ဆိုတာ ဘယ်လိုပုဂ္ဂိုလ်ပါလဲ အရှင်ဘုရား" လို့ မေးတယ်။ ရဟန္တာမထေရ်က "ဒီသာသနာတော်မှာ တချို့ ဦးပဉ္စင်းကြီးဟာ အရိယာမထေရ်တို့၏ သပိတ်သင်္ကန်းကို သယ်ယူကာ ဝတ်ကြီး ဝတ်ငယ်ကို ပြုလျက် အတူတကွသွားလာနေသော်လဲ အရိယာတို့ကို မသိဘူး၊ အရိယာတို့ကို သိရန် ဒီလိုခက်ခဲတယ် ငါ့ရှင်" လို့ ပြောကြားပါတယ် တဲ့။ ဒါပေမဲ့ အဲဒီ ဦးပဉ္စင်းကြီးကတော့ အဲဒီလို အမိန့်ရှိဖြကြားတဲ့ သူ့ဆရာကို အရိယာမှန်း ရဟန္တာမှန်း မသိရှာဘူးတဲ့။ (မူလပဏ်-ဋ္ဌ-ပ-၂၃)

နောက်ပြီးတော့ အဋ္ဌကထာများမှာ အရိယာများ အလိုနည်းပုံကိုလဲ ဒီလိုပြဆိုထားပါတယ်။

ယော ပန-အကြင်သူသည်ကား၊ သောတာပန္နောဒီသု အညတရော ဟုတွာ-သောတာပန်စသည်တို့တွင် တပါးပါးဖြစ်ပြီး၍၊ သောတာပန္နောဒိဘာဝံ-မိမိ၏ သောတာပန်အဖြစ် စသည်ကို၊ ဇာနာပေတုံ န ဣစ္ဆတိ-သူတပါးအား သိစေရန် အလိုမရှိ၊အယံ-ဤသူသည်၊ အဓိဂမအပ္ပိစ္ဆော နာမ-တရားထူးရခြင်းနှင့်စပ်၍ အလိုနည်းသူမည်၏။ (မူလပဏ်-ဋ္ဌ ဒု-၄၇-စသည်)

(ယခုပြောခဲ့တဲ့ ရဟန္တာတို့၏ ဝန်ခံပြောဆိုပုံ၊ အရိယာတို့၏ အလိုနည်းပုံများနှင့် နှိုင်းယှဉ်ကြည့်လျှင် မိမိကိုယ်ကို သောတာ

ပန်ဟု ရဟန္တာဟု သိစေလိုသည့်ပြင် ယင်းသို့ မယုံကြည်သူတို့အား မကျေနပ်သည့် လက္ခဏာပြနေသော တရားသမားတို့ကို စဉ်းစားဘွယ် ရှိနေပေသည်။)

## သီလဝန္တသုတ် စိစစ်ခဏ်း

ယခု သီလဝန္တသုတ် စိစစ်ခဏ်းကို ဟောရမယ်၊ စိစစ်ခဏ်းဆိုပေမဲ့ သုတ်တရားကို စိစစ်ဖို့တော့ မဟုတ်ပါဘူး၊ အဲဒီသုတ်က ဟောကြားချက်များနှင့် စပ်ပြီး သတိပြုဘွယ် မှတ်သားဘွယ်များကို ထုတ်ဖော်စိစစ်ပြဘို့ပါဘဲ။ သီလဝန္တသုတ်ကို ပဌမပိုင်းမှစပြီး ဟောလာခဲ့ရာ အဌမပိုင်းမှာ အဆုံးအထိ ပြည့်စုံသွားခဲ့ပါပြီ၊ သို့ပေမဲ့ စပ်ရာ ဆိုင်ရာတွေကို လျှောက်ပြီး ပြောနေခဲ့ရတဲ့အတွက် သီလဝန္တသုတ်၏ ရှေ့စကားနှင့် နောက်စကားတွေဟာ မဆက်မစပ်မိဘဲ ကွာလှမ်းနေတယ်၊ အဲဒီလို မကွာမလှမ်းဘဲ တစပ်တည်း ဆက်စပ်ပြီးတော့ အနက်အဓိပ္ပါယ်များကို မှတ်သားနိုင်အောင် စိစစ်ခဏ်းဆိုတဲ့အမည်ဖြင့် ထပ်ပြီး ပြောရခြင်းဖြစ်ပါတယ်။ သီလဝန္တသုတ်မှာ ရှေးဦးစွာ အရှင်မဟာကောဋ္ဌိကမထေရ်က ဒီလိုမေးပါတယ်။

### ပဌမမေးခွန်း

သီလဝတာဝုသော သာရိပုတ္တ ဘိက္ခုနာ ကတမေ ဓမ္မာ ယောနိသော မနသိကာတဗ္ဗာ။

အာဝုသော သာရိပုတ္တ-ငါ့ရှင် သာရိပုတ္တရာ၊ သီလဝတာ-သီလနှင့်ပြည့်စုံသော၊ (သုတဝန္တသုတ်ကျတော့၊ သုတဝတာ-သုတနှင့် ပြည့်စုံသော-တဲ့၊ ဒါဘဲ ထူးပါတယ်)ဘိက္ခုနာ-ရဟန်းသည်၊ ကတမေ ဓမ္မာ-အဘယ်တရားတို့ကို၊ ယောနိသော-သင့်သော အကြောင်းအားဖြင့်၊ ဝါ-နည်းမှန် လမ်းမှန်အားဖြင့်၊ မနသိ ကာတဗ္ဗာ-နှလုံးသွင်းအပ် ရှုအပ်ပါကုန်သနည်းတဲ့။

အဲဒီအမေးကို အရှင်သာရိပုတ္တရာမထေရ်မြတ်က ဒီလို ဖြေကြားတော်မူပါတယ်။

## ပဌမအဖြေ

သီလဝတာဝုသော ကောဋ္ဌိက ဘိက္ခုနာ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော သုညတော အနတ္တတော ယောနိသော မနသိ ကာတဗ္ဗာ။

အာဝုသော ကောဋ္ဌိက-ငါ့ရှင် ကောဋ္ဌိက၊ သီလဝတာ-သီလနှင့် ပြည့်စုံသော၊ (သုတဝတာ- သုတနှင့် ပြည့်စုံသော) ဘိက္ခုနာ-ရဟန်းသည်၊ ပဉ္စ-ငါးပါးကုန်သော၊ ဥပါဒါနက္ခန္ဓာ-ဥပါဒါနက္ခန္ဓာတို့ကို၊ အနိစ္စတော-မမြဲဟု၊ ဒုက္ခတော-ဆင်းရဲဟု၊ ရောဂတော-ရောဂါဟု၊ ဝါ-စွဲကပ်နေသောရောဂါနှင့်တူသည်ဟု၊ ဂဏ္ဍတော-ပေါက်ကွဲနေသော အိုင်းအမာကြီးနှင့် တူသည်ဟု၊ သလ္လတော-စူးဝင်နေသော ငြောင့်နှင့်တူသည်ဟု၊ အဃတော-

မကောင်းမှုနှင့်တူသည်ဟူ၊ အာဗာဓတော-အဖျားအနာနှင့်တူသည်ဟူ၊ ပရတော-အပြင်ပ သူတစိမ်းနှင့်တူသည်ဟု၊ ပလောကတော-အကြီးအကျယ် ပျက်စီးတတ်သည်ဟု၊ သုညတော-အတ္တကောင်မှ ဆိတ်သည်ဟု၊အနတ္တတော-အစိုးမရ အတ္တမဟုတ်သဘောတရားမျှဟု၊ ယောနိသော-နည်းမှန် လမ်းမှန်အားဖြင့်၊ မနသိကာတဗ္ဗာ-နှလုံးသွင်းအပ် ရှုအပ်ကုန်၏ တဲ့။

ကဲ အမေး အဖြေ ဆိုင်ရာ ဆောင်ပုဒ်များကို လိုက်ဆိုကြရမယ်။

(၁) သီလ,သုတာ၊ စုံသူမှာ၊ ဘယ်ဟာ ရှုအပ်ပါသနည်း။

(၂) စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာ ရှုအပ်ပါသတည်း။

သီလနှင့် သုတနှင့်ပြည့်စုံတဲ့ ဘိက္ခု-ရဟန်းဟာ ဘယ်ဘာများကို ရှုအပ်ပါသလဲလို့ မေးတယ်၊ အဲဒါကိုစွဲလမ်းနိုင်တဲ့ ဥပါဒါနက္ခန္ဓာငါးပါးကို ရှုရတယ်လို့ အရှင်သာရိပုတ္တရာက ဖြေတယ်၊အဲဒီမှာ ဘိက္ခုဆိုတဲ့ ပါဠိအရ သံသာရေ-သံသရာ၌၊ဘယံ-ကြောက်ဖွယ်ဘေးကို၊ ဣက္ခတိ-ရှုမြင်တတ်သောသူကို၊ ဘိက္ခု-ရဟန်းလို့ ခေါ်တယ်၊ အိုခြင်း နာခြင်း သေခြင်း အစရှိသော သံသရာဘေးကိုမြင်ပြီးတော့ အဲဒီဘေးများမှ လွှတ်မြောက်ရာရောက်ဖို့ အလိုရှိနေတဲ့ ပုဂ္ဂိုလ်ကို ဒီနေရာမှာ ဘိက္ခု-ရဟန်းလို့ ဆိုလိုတာပါဘဲ၊ အဲဒီ သံသရာဘေးတွေမှ လွှတ်ချင်တဲ့ပုဂ္ဂိုလ်ဟာ

သံသရာဘေးတွေမှ လွတ်မြောက်အောင် ငါ ငါ့ဥစ္စာအနေဖြင့် စွဲလမ်းနိုင်တဲ့ ဥပါဒါနက္ခန္ဓာငါးပါးကို နည်းလမ်းမှန်စွာဖြင့် ရှုရမယ်လို့ ဆိုလိုပါတယ်။ ဘယ်လိုရှုမြင်ရမလဲဆိုတော့ အနိစ္စအစရှိသော (၁၁) ပါးသော အခြင်းအရာတို့ဖြင့် ရှုမြင်ရမယ် တဲ့၊ အဲဒီ ရှုမြင်ပုံနှင့်ဆိုင်တဲ့ ဆောင်ပုဒ်များကိုလဲ ဆိုကြရမယ်။

(၃) မမြဲ, ဆင်းရဲ၊ ရောဂါစွဲ၊ ပေါက်ကွဲ အိုင်းတူသည်။

(၄) ငြောင့်, မကောင်းမှု၊ ဖျားနာဟု၊ မှတ်ရှု သူစိမ်းမည်။

(၅) ပျက်စီး, သုည၊ အနတ္တ၊ ရှုရ ဆဲ့တမည်။

ရှေးက ပြောခဲ့တဲ့အတိုင်း မြင်ဆဲကြားဆဲစသည်မှာ မြင်တယ် ကြားတယ်စသည်ဖြင့် ရှုမှတ်နေယင် အစမှာ ရုပ်နာမ် တို့၏ သဘာဝလက္ခဏာဆိုတဲ့ သူ့ပင်ကိုယ်သဘောရင်းကိုအမှန်အတိုင်း သိရတာဘဲ၊ သိပုံကို ထင်ရှားထုတ်ဖော်ပြရလျှင်၊ ဖောင်းတယ် ပိန်တယ်စသည်ဖြင့် ရှုမှတ်နေတဲ့အခါ ကိုယ်ထဲကပူတာ ထင်ရှားလာယင်၊ အဲဒီပူတဲ့နေရာမှာ စူးစိုက်ပြီး ''ပူတယ် ပူတယ်'' လို့ ရှုမှတ်ရတယ်၊ အဲဒီလို ရှုမှတ်တဲ့အခါ အပြင်က အာရုံအနေနဲ့ ပူတာလဲရှိတယ်၊ အတွင်းကပူလောင်ပြီး အခံ ခက်တဲ့သဘောလဲ ရှိတယ်၊ အပြင်ကပူတဲ့အာရုံကို စူးစိုက်ပြီး ရှုမှတ်နေယင် တေဇောဓာတ်ကို အမှန်အတိုင်းသိနေတာဘဲ၊ အတွင်းကပူပြီး အခံရ

ခက်တာကို စူးစိုက်ပြီး ရှုမှတ်နေယင် ဒုက္ခဝေဒနာကို အမှန် အတိုင်း သိနေတာဘဲ။

ဥပမာအားဖြင့် လက်ညှိုးနဲ့လက်မ ထိနေတာကို စူးစိုက်ပြီး ထိတယ် ထိတယ်လို့ ရှုမှတ်နေယင် လက်ညှိုးဘက်ကနေပြီးတော့ လဲ ထင်ရှားတယ်၊ လက်မဘက်ကနေပြီးတော့လဲ ထင်ရှားတယ်၊ လက်ညှိုးဘက်က စူးစိုက်ပြီးရှုတဲ့အခါ လက်မဘက်က အတွေ့ အထိရုပ်ကိုလဲ သိရတယ်၊ လက်ညှိုးဘက်က ထိသိမှုစိတ်နာမ်ကိုလဲ သိရတယ်၊ လက်မဘက်ကစူးစိုက်ပြီး ရှုရာမှာလဲ နှလုံးသွင်းအား လျော်စွာ လက်ညှိုးဘက်က အတွေ့ရုပ်နဲ့ လက်မဘက်က ထိသိ စိတ်နာမ်တို့ကို ခွဲခြားပြီးသိရတယ်၊ အဲဒီလို သိလာတဲ့ယောဂီက တကယ်သိလာပုံကို ပြောဘူးပါတယ်၊ အဲဒါလိုဘဲ နှလုံးသွင်းမှု အားလျော်စွာ အပြင်ဘက်အနေနဲ့ ကျရောက်လာတဲ့ အပူရုပ် တေဇောဓာတ်ကိုလဲရှင်းလင်းစွာသိရတယ်၊ အတွင်းဘက်အနေနဲ့ အခံရခက်တဲ့ အပူဝေဒနာကိုလဲ ရှင်းလင်းစွာသိရတယ်၊ တကယ် ဖြစ်ဆဲကို စူးစိုက်ပြီးရှုနေယင် အခြားရုပ်နာမ်တွေကိုလဲ နည်း တူပင် သဘောမှန်ဖြင့် သိရတာချည်းဘဲ။

အဲဒီကနောက် သက်ဆိုင်ရာ အကြောင်းနဲ့အကျိုးကိုလဲ ရှု မှတ်နေယင်း ပါရမီဉာဏ်အားလျော်စွာ ပိုင်းခြားပြီးသိရတယ်။ အဲဒီကနောက် ရှုမှတ်နေယင်း ဖြစ်ပေါ်ဖြစ်ပေါ်ပြီး ပျောက် ပျောက်သွားတာကိုတွေ့ရတဲ့အတွက် မမြဲဘူးလို့လဲ ကိုယ်ပိုင်ဉာဏ် ဖြင့် သိရတယ်။ မမြဲတဲ့ သဘောကိုသိရတော့ ဆင်းရဲသဘော

အနတ္တသဘောတွေကိုလဲ သိတော့တာဘဲ။ စွဲကပ်နေတဲ့ ရောဂါလိုဘဲ မပြတ်နှိပ်စက်နေတယ် စသည်ဖြင့် ကျန်တဲ့ အခြင်းအရာရှစ်ပါးကိုလဲ ပါရမီဉာဏ်အားလျော်စွာ သိရပါတယ်။ အဲဒီလို အမှန်အတိုင်းသိမြင်အောင် ရှုဘို့ရာ "အနိစ္စတော-မမြဲဟု၊ ဒုက္ခတော-ဆင်းရဲဟု။ပ။အနတ္တတော-အတ္တမဟုတ်ဟု၊ ယောနိသော-နည်းမှန် လမ်းမှန်အားဖြင့်၊ မနသိကာတဗ္ဗာ-နှလုံးသွင်းအပ် ရှုအပ်ကုန်၏–လို့ မိန့်ဆိုတော်မူတာပါဘဲ။

မြင်ဆဲ ကြားဆဲ စသည်မှာ အဲဒီလိုမရှုနိုင်လျှင် အဲဒီမြင်မှု ကြားမှုစသည်တွေကို ငါ ငါ့ဥစ္စာအနေဖြင့် စွဲလမ်းတယ်၊ ဒါကြောင့် မြင်မှု ကြားမှု စသည်တွေကို ဥပါဒါနက္ခန္ဓာလို့ ခေါ်တယ်၊အဲဒီ ဥပါဒါနက္ခန္ဓာ ငါးပါးသရုပ်ကိုလဲ ဒီလိုဖော်ပြတော်မူပါတယ်။

## ဥပါဒါနက္ခန္ဓာ ငါးပါးသရုပ်

> ကတမေ ပဉ္စ၊ သေယျထိဒံ–ရူပုပါဒါနက္ခန္ဓော ဝေဒနုပါဒါနက္ခန္ဓော သညုပါဒါနက္ခန္ဓော သင်္ခါရုပါဒါနက္ခန္ဓော ဝိညာဏုပါဒါနက္ခန္ဓော။

ပဉ္စ-ငါးပါးတို့ဟူသည်၊ကတမေ-အဘယ်သည်တို့နည်း၊ ဣဒံ-ဤငါးပါးသည်၊ သေယျထာ-ယခု ပြဆိုမည့် တရားများပေတည်း၊ရူပုပါဒါနက္ခန္ဓော။ပ။ဝိညာဏုပါဒါနက္ခန္ဓော-ရုပ်ဥပါဒါ

နက္ခန္ဓာ ဝေဒနာဥပါဒါနက္ခန္ဓာ သညာဥပါဒါနက္ခန္ဓာ သင်္ခါရ ဥပါဒါနက္ခန္ဓာ ဝိညာဏ် ဥပါဒါနက္ခန္ဓာ- ဤ ငါးပါးတို့ ပင်တည်း။

ဥပါဒါန-စွဲလမ်းတယ်ဆိုတာ ငါကောင်အနေဖြင့် အထင် လွဲပြီး စွဲလမ်းတဲ့ဒိဋ္ဌိကတမျိုး၊ ငါ့ဥစ္စာအနေဖြင့် သာယာပြီး စွဲလမ်းတဲ့ တဏှာကတမျိုး ဒီလို ၂-မျိုးရှိတယ်။ အဲဒီ တဏှာ ဒိဋ္ဌိတို့ဖြင့် စွဲလမ်းနိုင်တဲ့ ရုပ် ဝေဒနာ သညာ သင်္ခါရ စိတ် ဝိညာဏ်ဆိုတဲ့ ဒီတရားငါးပါးကို ဥပါဒါနက္ခန္ဓာလို့ ခေါ်တာ ဘဲ။ အဲဒါတွေနဲ့ဆိုင်တဲ့ ဆောင်ပုဒ်များကို ဆိုကြရမယ်။

(၁) ထင်လွဲ,သာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာဥပါဒါန်။

(၂) ငါ,ငါ့ဥစ္စာ၊ စွဲနိုင်တာ၊ ဥပါဒါနက္ခန်။

(၃) ရုပ်,ဝေ,သညာ၊ သင်္ခါရာ၊ ဝိညာ ဤငါးတန်။

ဒီဆောင်ပုဒ်တွေကတော့ ရှေးက ပြောခဲ့ပြီးတွေဘဲ၊ ဒါ ကြောင့် ထင်ရှားနေပါပြီ။အဲဒီဥပါဒါနက္ခန္ဓာငါးပါးကို အနိစ္စ အစရှိသော အခြင်းအရာ (၁၁)ပါးဖြင့် ရှုမြင်ခြင်းဖြင့် ရမည့် အကျိုးအာနိသင်ကိုလဲ ဒီလိုဆက်ပြီး ဖော်ပြထားပါတယ်။

## ပုထုဇဉ်က သောတာပန်ဖြစ်နိုင်သည်

သီလဝတာဝုသော ကောဋ္ဌိက ဘိက္ခုနာ ဣမေ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော ဒုက္ခတော ။ပ။ အနတ္တ

တော ယောနိသော မနသိ ကာတဗ္ဗာ။ ဌာနံ ခေါပနေ-
တံ အာဝုသော ဝိဇ္ဇတိ။ ယံ သီလဝါ ဘိက္ခု ဣမေ ပဉ္စု
ပါဒါနက္ခန္ဓေ အနိစ္စတော ဒုက္ခတော။ပ။အနတ္တတော
ယောနိသော မနသိ ကရောန္တော သောတာပတ္တိဖလံ
သစ္ဆိကရေယျ။

အာဝုသော ကောဋ္ဌိက-ငါ့ရှင်ကောဋ္ဌိက၊ သီလဝတာ-သီလ
နှင့်ပြည့်စုံသော၊ဘိက္ခုနာ-ရဟန်းသည်၊ဣမေ ပဉ္စုပါဒါနက္ခန္ဓာ-
ဤငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို၊ အနိစ္စတော-မမြဲဟု၊ ဒုက္ခ
တော-ဆင်းရဲဟု ။ပ။အနတ္တတော-အနတ္တဟု၊ ယောနိသော-
နည်းမှန်လမ်းမှန်အားဖြင့်၊ မနသိ ကာတဗ္ဗာ-နှလုံးသွင်းအပ် ရှု
အပ်ကုန်၏။ (ဒါက ဥပါဒါနက္ခန္ဓာငါးပါးသရုပ်ကို ပြပြီးတော့
စကားစ သိမ်းတဲ့ နိဂုံးစကားဘဲ၊ စကားဆပ်နေတယ်လို့ မယူ
ရဘူး။) အာဝုသော-ငါ့ရှင်ကောဋ္ဌိက၊ သီလဝါ-သီလနှင့်ပြည့်စုံ
သော၊ ဘိက္ခုနာ-ရဟန်းသည်၊ ဣမေ ပဉ္စုပါဒါနက္ခန္ဓေ - ဤ
ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို၊ အနိစ္စတော-မမြဲဟု၊ ဒုက္ခ
တော-ဆင်းရဲဟု ။ပ။ အနတ္တတော- အနတ္တဟု၊ ယောနိသော-
နည်းမှန်လမ်းမှန်အားဖြင့်၊မနသိကရောန္တော-နှလုံးသွင်းရှုမှတ်နေ
စဉ်၊ သောတာပတ္တိဖလံ-သောတာပတ္တိဖိုလ်ကို၊ ဝါ-သောတာ
ပန်အဖြစ်ကို၊ ယံ သစ္ဆိကရေယျ-အကြင် မျက်မှောက်ပြုရာ၏၊
ဧတံ ဌာနံ-ဤသို့သောတာပန်အဖြစ်ကို မျက်မှောက်ပြုနိုင်ခြင်း၏
အကြောင်းအခွင့်သည်၊ ဝိဇ္ဇတိ-ရှိပါသည် တဲ့။

မြင်ဆဲကြားဆဲစသည်၌ မြင်မှု ကြားမှုစသောဥပါဒါနက္ခန္ဓာတွေကို အနိစ္စစသော အခြင်းအရာတို့ဖြင့် မှန်ကန်စွာ ရှုမြင်နေစဉ်မှာ သင်္ခါရ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို တွေ့မြင်တဲ့ သောတာပတ္တိမဂ်ဖိုလ်ကို မျက်မှောက်ပြုပြီး သောတာပန် ဖြစ်သွားနိုင်ပါတယ် တဲ့။ အဲဒါကို "သို့ရှုမြင်သန်၊ သောတာပန်၊ အမှန်ဖြစ်နိုင်သည်"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ခုတင်က ဆိုခဲ့တဲ့ ရှုပုံဆောင်ပုဒ်များပါ ဆိုကြရမယ်။

(၂) စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာ ရှုအပ်သည်။
(၃) မမြဲ,ဆင်းရဲ၊ ရောဂါစွဲ၊ ပေါက်ကွဲ အိုင်းတူသည်။
(၄) ငြောင့်,မကောင်းမှု၊ ဖျားနာဟု၊ မှတ်ရှု သူစိမ်းမည်။
(၅) ပျက်စီး, သုည၊ အနတ္တ၊ ရှုရဆဲ့တမည်။
(၆) သို့ ရှုမြင်သန်၊ သောတာပန်၊ အမှန်ဖြစ်နိုင်သည်။

စွဲလမ်းနိုင်တဲ့ ဥပါဒါနက္ခန္ဓာငါးပါးဆိုတာ မြင်ဆဲ ကြားဆဲစသည်၌ ထင်ရှားဖြစ်ပေါ်နေတဲ့ ရုပ်နာမ်တရားတွေဘဲ၊ မြင်မှု ကြားမှု စသည်တွေပါဘဲ၊ အဲဒီဥပါဒါနက္ခန္ဓာတွေကို အနိစ္စစသော အခြင်းအရာတို့ဖြင့် ရှုနေစဉ်မှာ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုပြီး သောတာပန်ဖြစ်တယ်ဆိုတာကို မူသေစည်း အနေဖြင့် ခိုင်ခိုင်မြဲမြဲမှတ်ထားကြရမယ်။ ဥပါဒါနက္ခန္ဓာငါးပါးကို အနိစ္စစသည်ဖြင့် မရှုဘဲ အခြားနည်းဖြင့် သောတာပန်ဖြစ်

ဘယ်၊မဂ်ဖိုလ်နိဗ္ဗာန်ကို သိမြင်တယ် ရတယ် ဆိုတဲ့ဝါဒမျိုးတွေ ကိုလဲ အမှားစင်စစ်တွေလို့ မှတ်ထားကြရမယ်။ကဲ ဘုန်းကြီးက မေးမယ်၊ သဘောကျတဲ့အတိုင်း ဖြေကြရမယ်။

သောတာပန် ဖြစ်ချင်ယင် ဘယ်တရားကို ရှုရမလဲ။

ဥပါဒါနက္ခန္ဓာငါးပါးကို ရှုရပါမယ် ဘုရား။

ဘယ်လို ရှုမြင်ရသလဲ။

အနိစ္စစသောအခြင်းအရာဖြင့် ရှုမြင်ရပါတယ် ဘုရား။

ဥပါဒါနက္ခန္ဓာ ဆိုတာ ဘယ်လိုဟာတွေလဲ။

မြင်ဆဲ ကြားဆဲစသည်မှာ ထင်ရှားဖြစ်နေတဲ့တရားတွေပါ ဘုရား။

မြင်ဆဲ ကြားဆဲ စသည်၌ ထင်ရှားတဲ့တရားတွေကို မရှုလို့ အမှန်အတိုင်း မသိယင် စွဲလမ်းတယ်၊ မရှုလို့ မသိယင် ဘာဖြစ် တတ်သလဲ။စွဲလမ်းတတ်ပါတယ်ဘုရား။

ငါ ငါ့ဥစ္စာအနေဖြင့် စွဲလမ်းတာကို ဥပါဒါန် ခေါ်တယ်၊ စွဲလမ်းတာကို ဘာခေါ်သလဲ။

ဥပါဒါန် ခေါ်ပါတယ်ဘုရား။

ဥပါဒါန်၏ အာရုံကို ဥပါဒါနက္ခန္ဓာခေါ်တယ်၊ ဥပါဒါန်၏ အာရုံကို ဘာခေါ်သလဲ။

ဥပါဒါနက္ခန္ဓာခေါ်ပါတယ် ဘုရား။

ဥပါဒါနက္ခန္ဓာဆိုတာ စွဲလမ်းတတ်တဲ့ ဥပါဒါန်၏အာရုံဘဲ၊ အစွဲအလမ်းခံ တရားတွေဘဲ၊ စွဲလမ်းနိုင်တဲ့တရားတွေဘဲ၊ အဲဒီစွဲလမ်းနိုင်တဲ့ ဥပါဒါနက္ခန္ဓာတွေကို မရှုဘဲ မဂ်ဖိုလ်ကိုရနိုင်ပါ့မလား။ မရနိုင်ပါဘုရား။

ဝိပဿနာ မရှုဘဲ သောတာပန် ဖြစ်နိုင်ပါ့မလား။
မဖြစ်နိုင်ပါ ဘုရား။

အဲဒီ အမေး အဖြေများကို သေသေချာချာ အထပ်ထပ် စဉ်းစားပြီး ခိုင်မြဲစွာ မှတ်ထားကြရမယ်။

ဥပါဒါနက္ခန္ဓာငါးပါးကို အနိစ္စစသော အခြင်းအရာတို့ဖြင့် ရှုနေစဉ်မှာ သောတာပတ္တိဖိုလ်ကို မျက်မှောက် ပြုပြီးတော့ သောတာပန် ဖြစ်သွားတယ်လို့ အရှင်သာရိပုတ္တရာမထေရ်က ဖြေကြားပြီးတဲ့အခါ အရှင် မဟာကောဋ္ဌိကမထေရ်က ဒီလို မေးပြန်ပါတယ်။

## ဒုတိယမေးခွန်း

သောတာပန္နေန ပနာဝုသော သာရိပုတ္တ ဘိက္ခုနာ
ကတမေ ဓမ္မာ ယောနိသော မနသိ ကာတဗ္ဗာ။

အာဝုသော သာရိပုတ္တ-ငါ့ရှင် သာရိပုတ္တရာ၊သောတာပန္နေန ပန ဘိက္ခုနာ-သောတာပန်ရဟန်းသည်ကား၊ ကတမေ ဓမ္မာ-အဘယ်တရားတို့ကို၊ ယောနိသော-နည်းမှန် လမ်းမှန်အားဖြင့်၊ မနသိ ကာတဗ္ဗာ-နှလုံးသွင်းအပ် ရှုအပ်ပါကုန်သနည်း တဲ့။

## ဒုတိယအဖြေ (သင်္ခါရုပ်ဖြစ်အောင် ရှုပုံ)

သောတာပန္နေနပိ အာဝုသော ကောဋ္ဌိက ဘိက္ခုနာ
ဣမေ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော ဒုက္ခတော ။ ပ ။
အနတ္တတော ယောနိသော မနသိ ကာတဗ္ဗာ။

အာဝုသော ကောဋ္ဌိက-ငါ့ရှင်ကောဋ္ဌိက၊ သောတာပန္နေနပိ ဘိက္ခုနာ - သောတာပန်ရဟန်းသည်လည်း၊ ဣမေ ပဉ္စုပါဒါနက္ခန္ဓာ-ဤငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို၊ အနိစ္စတော-မမြဲဟု၊ ဒုက္ခတော- ဆင်းရဲဟု ။ ပ ။ အနတ္တတော- အနတ္တဟု၊ ယောနိသော- နည်းမှန် လမ်းမှန်အားဖြင့်၊ မနသိ ကာတဗ္ဗာ- နှလုံးသွင်းအပ် ရှုအပ်ကုန်၏ တဲ့။

အဲဒါဟာ သောတာပန်က သင်္ခါရုပ်ဖြစ်အောင် ရှုပုံဘဲ။ ပုထုဇဉ်က သောတာပန်ဖြစ်အောင် ရှုပုံနှင့် ထပ်တူဘဲ၊ အဲဒါကို လဲ အထူးသတိပြုကြရမယ်။ အဲဒီလို ရှုတော့ သင်္ခါရုပ်ဖြစ် ပုံကိုလဲ ဒီလိုပြဆိုတော်မူပါတယ်။

## အနိစ္စ စသည်ဖြင့်ရှု၍ သောတာပန်က သင်္ခါရုပ်ဖြစ်သည်

ဌာနံ ခေါ ပနေတံ အာဝုသော ဝိဇ္ဇတိ၊ ယံ သော
တာပန္နော ဘိက္ခု ဣမေ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စ

တော ဒုက္ခတော ။ ပ ။ အနတ္တတော ယောနိသော
မနသိ ကရောန္တော သကဒါဂါမိဖလံ သစ္ဆိကရေယျ။

အာဝုသော-ငါ့ရှင်ကောဋ္ဌိက၊သောတာပန္နော ဘိက္ခု-သော
တာပန်ရဟန်းသည်၊ ဣမေ ပဉ္စုပါဒါနက္ခန္ဓေ-ဤငါးပါးသော
ဥပါဒါနက္ခန္ဓာတို့ကို။ အနိစ္စတော-မမြဲဟု၊ ဒုက္ခတော-ဆင်းရဲဟု၊
။ပ။အနတ္တတော-အနတ္တဟု၊ ယောနိသော-နည်းမှန် လမ်းမှန်
အားဖြင့်၊ မနသိ ကရောန္တော-နှလုံးသွင်း ရှုမှတ်နေစဉ်၊ သကဒါ
ဂါမိဖလံ-သကဒါဂါမိဖိုလ်ကို၊ ယံ သစ္ဆိကရေယျ-အကြင်မျက်
မှောက်ပြုရာ၏၊ ဌာနံ-ဤသို့ သကဒါဂါမိဖိုလ်ကို မျက်
မှောက်ပြုနိုင်ခြင်း၏အကြောင်းအခွင့်သည်၊ ဝိဇ္ဇတိ-ရှိပါသည်တဲ့။

သောတာပန်မှာ ရုပ်နာမ်တရားတွေကို အနိစ္စ ဒုက္ခ အနတ္တ
ချည်းဘဲလို့ သိတာဟာ သာမန်ပုထုဇဉ်များလို ကြားဘူးရုံမျှ
မဟုတ်ဘူး၊ ကိုယ်ပိုင်ဉာဏ်ဖြင့် သိပြီးသားဘဲ၊ ဒီလို သိပြီးဖြစ်နေ
ပါလျက် ဘာ့ကြောင့် ဥပါဒါနက္ခန္ဓာ ဆိုတဲ့ ရုပ်နာမ်တရားတွေ
ကို အနိစ္စ ဒုက္ခ အနတ္တလို့ ရှုနေပါသလဲဆိုလျှင်၊ သိခြင်းကိစ္စ
မပြီးစီး မပြည့်စုံသေးလို့ ရှုရတယ်၊ အဲဒီလို ရှုမှဘဲ သကဒါဂါမိ
မဂ်ဖိုလ်သို့ရောက်ပြီး သကဒါဂါမ်ဖြစ်မယ်၊ဒါကြောင့် ရှုတာဘဲ။
နောက်ပြီးတော့ အတ္တဒိဋ္ဌိကို ပယ်ပြီးဖြစ်တဲ့အတွက် အနတ္တ
သဘောကိုတော့ အပြည့်အစုံသိပြီး ဖြစ်သင့်ပါတယ်၊ သို့ဖြစ်ပါ
လျက် သောတာပန်ဟာ အနတ္တလို့ ဘာ့ကြောင့်ရှုနေရပါသေး
သလဲဆိုလျှင် အတ္တဒိဋ္ဌိကို ပယ်ပြီးဖြစ်ပေမဲ့"ငါတတ်တယ် ငါသိ

တယ် ငါမြတ်တယ်”စသည်ဖြင့် တက်ကြွတဲ့ အသွိမာနကိုတော့ အကုန်လုံး မပယ်ရသေးဘူး၊မဟုတ်မမှန်တဲ့ဂုဏ်ဖြင့်ထောင်လွှားတဲ့ အယာထာဝ မာနကိုသာ ပယ်ရသေးတယ်၊ဟုတ်မှန်တဲ့ဂုဏ်ဖြင့် တက်ကြွတဲ့ ယာထာဝ မာနကတော့ မကင်းသေးဘူး၊ အဲဒီ မာနကလဲ “ငါတတ်တယ် ငါမြတ်တယ်” စသည်ဖြင့် ဖြစ်သောကြောင့် ဒိဋ္ဌိဖြစ်ပုံနဲ့ ခပ်တူတူဘဲ၊ ဒါကြောင့် အဲဒီ မာနကို ဒိဋ္ဌိမာနလို့လဲ ခေါ်တယ်၊ အဲဒီအသွိမာနကို ပယ်ဘို့ရာ အနတ္တလို့လဲရှုရတယ်လို့ယူရမယ်၊သင်္ခါရုပ်မင်္ဂမှာပါတဲ့ သမ္မာဒိဋ္ဌိက အဲဒီအသွိမာနကို ပယ်ကြောင်းစသည်ကို အဋ္ဌသာလိနီ အဋ္ဌကထာမှာ ပြဆိုထားပါတယ်။

ဒါကြောင့် သောတာပန်က ဥပါဒါနက္ခန္ဓာတွေကို အနိစ္စစသည်ဖြင့် ရှုလို့ ဝိပဿနာဉာဏ် ရင့်သန်တဲ့အခါမှာ သင်္ခါရုပ်ဖိုလ်ကို မျက်မှောက်ပြုကြောင်း သင်္ခါရုပ် ဖြစ်သွားကြောင်းကို အရှင်သာရိပုတ္တရာမထေရ်မြတ်က မိန့်ကြားတော်မူပါတယ်။ အဲဒီလို ရှုပုံတွေကိုတော့ နည်းတူဖြစ်နေလို့ အတိုချုံးပြီး ဆောင်ပုဒ်စီထားတယ်၊ အဲဒီဆောင်ပုဒ်တွေကို ဆိုကြရမယ်။

(၁) သောတာပန်ကား၊ ဘယ်တရား၊ ရှုပွားအပ်သနည်း။

(၂) သောတာပန်လဲ၊ ခန္ဓာဘဲ၊ ရှုမြဲနည်းတူသည်။

(၃) သို့ရှုမြင်သန်၊ သင်္ခါရုပ်၊ အမှန်ဖြစ်နိုင်သည်။

"သောတာပန်ဟာ အနိစ္စ ဒုက္ခ အနတ္တကိုသိပြီးဖြစ်သော်လဲ ပုထုဇဉ်တုန်းကလိုပင် အနိစ္စ ဒုက္ခ အနတ္တဟု ရှုရတယ်၊ အဲဒီလို ရှုမှ သကဒါဂါမိမဂ်ဖိုလ်ရပြီး သကဒါဂါမ်ဖြစ်နိုင်တယ်" ဆိုတာ ကိုအထူးသတိပြုကြရမယ်။ ဒီသီလဝန္တသုတ် ပါဠိကို ထောက်ထား ဆင်ခြင်ကြည့်ယင်"အနိစ္စ ဒုက္ခ အနတ္တကို သိပြီးသားဘဲ ရှုနေဘို့ မလိုပါဘူး။ ရှုနေယင် ဆင်းရဲရုံဘဲ၊ မရှုဘဲ စိတ်ကို အငြိမ်းစားပေးထားမှ ငြိမ်းအေးတယ်"ဆိုတဲ့ဝါဒဟာ ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်ဘက် အမှားစင်စစ်ဖြစ်ကြောင်း အလွန်ပင် ထင်ရှားနေပါတယ်။

အဲဒီကနောက် အရှင်မဟာကောဋ္ဌိကမထေရ်က ဒီလိုမေးပြန်ပါတယ်။

## တတိယမေးခွန်း

သကဒါဂါမိနာ ပနာဝုသော သာရိပုတ္တ ဘိက္ခုနာ
ကတမေ ဓမ္မာ ယောနိသော မနသိ ကာတဗ္ဗာ။

အာဝုသော သာရိပုတ္တ-ငါ့ရှင်သာရိပုတ္တရာ၊ သကဒါဂါမိနာ ပန ဘိက္ခုနာ-သကဒါဂါမ် ရဟန်းသည်ကား၊ ကတမေ ဓမ္မာ-အဘယ်တရားတို့ကို၊ ယောနိသော- နည်းမှန်လမ်းမှန်အားဖြင့်၊ မနသိ ကာတဗ္ဗာ-နှလုံးသွင်းအပ် ရှုအပ်ပါကုန်သနည်းတဲ့။

## တတိယအဖြေ (အနာဂါမ်ဖြစ်အောင်ရှုပုံ)

သကဒါဂါမိနာပိ အာဝုသော ကောဋ္ဌိက ဘိက္ခုနာ
ဣမေ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော ဒုက္ခတော။ ပ။
အနတ္တတော ယောနိသော မနသိ ကာတဗ္ဗာ။

အာဝုသော ကောဋ္ဌိက-ငါ့ရှင်ကောဋ္ဌိက၊ သကဒါဂါမိနာပိ ဘိက္ခုနာ-သကဒါဂါမ်ရဟန်းသည်လည်း၊ ဣမေ ပဉ္စုပါဒါနက္ခန္ဓာ-ဤငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို၊ အနိစ္စတော-မမြဲဟု- ဒုက္ခတော-ဆင်းရဲဟု ။ပ။ အနတ္တတော-အနတ္တဟု၊ ယောနိသော- နည်းမှန်လမ်းမှန်အားဖြင့်၊ မနသိကာတဗ္ဗာ-နှလုံးသွင်းအပ် ရှုအပ်ကုန်၏ တဲ့။

အဲဒါဟာ သကဒါဂါမ်ပုဂ္ဂိုလ်က အနာဂါမိမဂ်ဖိုလ်ရအောင် ရှုပုံ အားထုတ်ပုံပါဘဲ။ ဒီနေရာမှာလဲ အနိစ္စ ဒုက္ခ အနတ္တကို သိသင့်သမျှ သိပြီးဖြစ်ပေမဲ့ သိခြင်းကိစ္စမပြီးသေးလို့ ဥပါဒါနက္ခန္ဓာငါးပါးကို ပုထုဇဉ် သောတာပန်များလိုပင် အနိစ္စစသည်ဖြင့် ရှုရတယ်၊ အခြားနည်းဖြင့် အရိယမဂ်ဖိုလ် နိဗ္ဗာန်ကို မသိနိုင် မရနိုင်လို့ ဒီနည်းဖြင့်ရှုရတယ် ဆိုတာကို ခိုင်မြဲစွာ မှတ်ထားကြရမယ်။ နောက်ပြီးတော့ "အနိစ္စ ဒုက္ခ အနတ္တကို သိပြီးသားဘဲ၊ အဲဒါတွေကို ရှုနေဘို့ မလိုပါဘူး" ဆိုတဲ့ဝါဒကိုလဲ ဗုဒ္ဓတရားတော်နှင့် ဆန့်ကျင်ဘက် အမှား စင်စစ် ဖြစ်တယ်ဆိုတာကိုလဲ ထပ်ပြီးမှတ်ထားကြရမယ်။

## အနိစ္စသည်ဖြင့်ရှု၍ အနာဂါမ်ဖြစ်သည်

ဌာနံ ခေါ ပနေတံ အာဝုသော ဝိဇ္ဇတိ၊ ယံ သကဒါဂါမီ ဘိက္ခု ဣမေ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စတော ဒုက္ခတော ။ပ။ အနတ္တတော ယောနိသော မနသိ ကရောန္တော အနာဂါမိဖလံ သစ္ဆိကရေယျ။

အာဝုသော-ငါ့ရှင်ကောဋ္ဌိက၊ သကဒါဂါမီ ဘိက္ခု-သကဒါဂါမ်ရဟန်းသည်၊ ဣမေ ပဉ္စုပါဒါနက္ခန္ဓေ-ဤငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို၊ အနိစ္စတော-မမြဲဟူ၊ဒုက္ခတော-ဆင်းရဲဟူ၊ ။ပ။ အနတ္တတော-အနတ္တဟူ၊ ယောနိသော- နည်းမှန်လမ်းမှန် အားဖြင့်၊ မနသိ ကရောန္တော-နှလုံးသွင်းရှုမှတ်နေစဉ်၊ အနာဂါမိဖလံ-အနာဂါမိဖိုလ်ကို၊ ယံ သစ္ဆိကရေယျ-အကြင်မျက်မှောက် ပြုရာ၏၊ တေံ ဌာနံ-ဤသို့အနာဂါမိဖိုလ်ကို မျက်မှောက်ပြုနိုင် ခြင်း၏ အကြောင်းအခွင့်သည်၊ ဝိဇ္ဇတိ-ရှိပါသည် တဲ့။

မြင်ဆဲ ကြားဆဲစသည်မှာ ထင်ရှားဖြစ်ပေါ်လာတဲ့ ဥပါဒါနက္ခန္ဓာဆိုတဲ့ ရုပ်နာမ်တွေကို အနိစ္စစသော အခြင်းအရာတို့ဖြင့် ရှုနေလျှင် ပုထုဇဉ်က သောတာပန်ဖြစ်တယ်၊ သောတာပန်က သကဒါဂါမ်ဖြစ်တယ်၊ သကဒါဂါမ်က အနာဂါမ် ဖြစ်တယ်၊ ဒါဟာ ကိန်းသေဘဲ။ အဲဒီ အနာဂါမ်ဖြစ်အောင် ရှုပုံဆိုင်ရာ အမေးအဖြေ ဆောင်ပုဒ်များကို ဆိုကြရမယ်။

(၁) သကဒါဂါမိ်ကား၊ ဘယ်တရား၊ ရှုပွားအပ် သနည်း။

(၂) သကဒါဂါမ်လဲ၊ ခန္ဓာဘဲ၊ ရှုမြဲနည်းတူသည်။

(၃) သို့ ရှုမြင်သန်၊ အနာဂါမ်၊ အမှန်ဖြစ်နိုင်သည်။

အဲဒီလို ဖြေကြားပြီးတဲ့အခါ အရှင်မဟာကောဋ္ဌိကမထေရ်က ဒီလို ဆက်မေးပြန်ပါတယ်။

## စတုတ္ထမေးခွန်း

အနာဂါမိနာ ပနာဝုသော သာရိပုတ္တ ဘိက္ခုနာ
ကတမေဓမ္မာ ယောနိသော မနသိ ကာတဗ္ဗာ။

အာဝုသော သာရိပုတ္တ-ငါ့ရှင်သာရိပုတ္တရာ၊ အနာဂါမိနာ ပန ဘိက္ခုနာ-အနာဂါမ်ရဟန်းသည်ကား၊ ကတမေ ဓမ္မာ-အဘယ်တရားတို့ကို၊ ယောနိသော- နည်းမှန်လမ်းမှန်အားဖြင့်၊ မနသိ ကာတဗ္ဗာ-နှလုံးသွင်းအပ် ရှုအပ်ပါကုန်သနည်း တဲ့။

## စတုတ္ထအဖြေ (ရဟန္တာဖြစ်အောင်ရှုပုံ)

အနာဂါမိနာပိ အာဝုသော ကောဋ္ဌိက ဘိက္ခုနာ
ဣမေ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော ဒုက္ခတော ။ပ။
အနတ္တတော ယောနိသော မနသိ ကာတဗ္ဗာ။

အာဝုသော ကောဋ္ဌိက-ငါ့ချင်ကောဋ္ဌိက၊ အနာဂါမိနာပိ ဘိက္ခုနာ- အနာဂါမ် ရဟန်းသည်လည်း၊ ဣမေ ပဉ္စုပါဒါနက္ခန္ဓာ-ဤငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို၊ အနိစ္စတော-မမြဲဟု၊ ဒုက္ခတော-ဆင်းရဲဟု ။ပ။ အနတ္တတော-အနတ္တဟု၊ ယောနိသော-နည်းမှန်လမ်းမှန်အားဖြင့်၊ မနသိ ကာတဗ္ဗာ-နှလုံးသွင်းအပ် ရှုအပ်ကုန်၏ တဲ့။

အဲဒါဟာ အနာဂါမ်က ရဟန္တာဖြစ်အောင် ရှုပုံပါဘဲ၊ ပုထုဇဉ်က သောတာပန် ဖြစ်အောင် ရှုပုံနှင့်လဲ ထပ်တူဘဲ၊ သောတာပန်က သကဒါဂါမ် ဖြစ်အောင်, သကဒါဂါမ်က အနာဂါမ် ဖြစ်အောင် ရှုပုံများနှင့်လဲ ထပ်တူဘဲ၊ ရှုစရာအာရုံလဲ ဥပါဒါနက္ခန္ဓာ ငါးပါးချည်းဘဲ၊ ရှုမြင်ပုံကလဲ အနိစ္စစသော အခြင်းအရာ (၁၁) ပါးချည်းဘဲ၊ တမျိုးတမည်ပြင်ပြီး ရှုရတာ ရယ်လို့ ဘာမျှ မရှိဘူး၊ ဒါကြောင့်ဘဲ တချို့မှာ တထိုင်အတွင်း တခဏကလေးအတွင်းမှာ တမဂ်တဖိုလ်ကိုရပြီးတဲ့နောက် ရှုမြဲပင် ဆက်ရှုပြီး နောက်နောက်မဂ်ဖိုလ်တွေကိုလဲ ရသွားကြတာဘဲ။ အဲဒါဟာ အရှင်အာနန္ဒာ၏ ရဟန္တာဖြစ်ပုံဖြင့်လဲ ထင်ရှားသိနိုင်ပါတယ်။

## အရှင်အာနန္ဒာ၏ အားထုတ်ပုံ

အရှင်အာနန္ဒာမထေရ်ဟာ ရဟန်းပြုပြီးနောက် ပဌမ ဝါကပင် သောတာပန် ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်၊ မြတ်စွာဘုရားအား ပြုစုရန် ကြောင့်ကြစိုက်နေရသဖြင့် အားထုတ်ချိန် ပြည့်

ပြည့်စုံမရသောကြောင့် အထက်မင်္ဂဖိုလ်များကို မရဘဲ သောတာပန်အဖြစ်မှာသာ တည်နေခဲ့ပါသတဲ့။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် သုံးလကျော် လေးလထဲ ရောက်တဲ့အခါ ပဌမ သံဂါယနာတင်ရန် ဝါခေါင်လပြည့်ကျော် ၅-ရက်နေ့ကို သတ်မှတ် စီစဉ်ထားကြပါတယ်။ အရှင် အာနန္ဒာဟာ အဲဒီ သံဂါယနာပွဲမှာ ရဟန္တာအဖြစ်ဖြင့် ပါဝင်ဆောင်ရွက်နိုင်ရန် ဝါခေါင်လပြည့်ကျော် ၄-ရက်နေ့ညဥ့်မှာ စင်္ကြံလျှောက်ပြီး ကာယဂတာ သတိဘာဝနာဖြင့် ပြင်းထန်စွာ အားထုတ်နေပါသတဲ့၊ **ကာယဂတာ သတိ** ဆိုယင် အများက ၃၂-ကောဋ္ဌာသဘဲလို့ ထင်မှတ်တတ်ကြတယ်၊ အဲဒီလိုမဟုတ်ပါဘူး၊ မဟာသတိပဋ္ဌာနသုတ်မှာ ဟောထားတဲ့ ကာယာနုပဿနာ ၁၄-ပိုင်းလုံးကို ဥပရိပဏ္ဏာသပါဠိ ကာယဂတာသတိသုတ်မှာ ကာယဂတာ သတိဘာဝနာအဖြစ်ဖြင့် ဟောထားပါတယ်။

ဒါကြောင့် အဲဒီ ၁၄-ပိုင်းထဲက စင်္ကြံလျှောက်ယင်း အားထုတ်နေတယ်ဆိုတော့ (ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ) သွားလျှင်မူလည်း သွားသည်ဟု သိ၏-စသည်ဖြင့် ဟောထားတဲ့ ဣရိယာပထပိုင်းအရ အားထုတ်နေတယ်လို့ ယူရန်သာ သင့်လျော်ပါတယ်၊ အဲဒီ ဣရိယာ ပုထ် ၄-ပါးထဲမှာလဲ စင်္ကြံလျှောက်ဆဲ ဆိုတော့ ခြေထောက် ကြွတာ လှမ်းတာ ချတာ စသည်ကို ရှုမှတ်နေတယ်လို့ ယူဘာဟာ အသင့်ဆုံးပါဘဲ၊ ဒါကြောင့် ယခု ဘုန်းကြီးတို့၏ ညွှန်ကြားချက်အတိုင်း အား

ထုတ်နေကြတဲ့ ယောဂီများလိုပင် ကြွတယ် လှမ်းတယ် ချတယ် စသည်ဖြင့် ရှုမှတ်အားထုတ်နေတယ်လို့ ဆိုရမှာပေါ့။

အရှင်အာနန္ဒာဟာ တညဉ့်လုံး နီးပါး စင်္ကြံလျှောက်ပြီး အပြင်းအထန် အားထုတ်နေပေမဲ့ သူအလိုရှိတဲ့ အထက်မဂ်ဖိုလ် တွေကို မရောက်ပဲ ရှိနေပါသတဲ့။ အဲဒီအခါ အရှင်အာနန္ဒာက ဒီလို စဉ်းစားမိပါသတဲ့။ "မြတ်စွာဘုရားက အာနန္ဒာ သင့်မှာ ပြုပြီးသော ပါရမီကုသိုလ် ပြည့်စုံနေတာဘဲ၊ တရားကိုသာ အားထုတ်ရစ်ပေတော့၊ မကြာခင်ဘဲ ရဟန္တာ ဖြစ်ပါလိမ့်မယ် လို့ ငါ့ကို အမိန့်ရှိခဲ့တာဘဲ၊ မြတ်စွာဘုရားရှင်တို့၏ စကားဟာ မှားယွင်းခြင်းမရှိ ကေန်မှန်တာဘဲ၊ ငါမှာ စင်္ကြံသွား၍ အား ထုတ်ခြင်းကြောင့် ဝီရိယလွန်နေတယ်၊ ကြောင့်ကြစိုက်မှု ဝီရိယ လွန်နေသောကြောင့် စိတ်ပျံ့လွင့်နေတယ်၊ ဝီရိယနဲ့ သမာဓိ ညီမျှအောင် ခေတ္တအိပ်ရာထဲမှာလှဲပြီး သက်သက်သာသာ အား ထုတ်ဦးမှဘဲ" လို့ စဉ်းစားကြံစည်ပြီးတော့ စင်္ကြံမှဆင်းတယ်၊ ခြေများကို ဆေးပြီး ကျောင်းခန်းသို့ ဝင်တယ်၊ ခုတင် ညောင်စောင်းပေါ်မှာ ထိုင်တယ်၊ ထိုင်ရာက ကိုယ်ကို ဖြည်း ညင်းစွာ လှဲချလိုက်တယ်၊ ယခု ယောဂီများလိုပင် အမှတ်သတိ မလွတ်စေဘဲ လှဲအိပ်တာ ဖြစ်မှာပေါ့။ အဲဒီလို ထိုင်ရာက လှဲချ နေတုန်း ခေါင်းအုံးပေါ်သို့ ခေါင်းမရောက်သေးခင် အထက်မဂ် ဖိုလ်သုံးဆင့်ကို အစဉ်အတိုင်းတက်ပြီး ရဟန္တာ ဖြစ်သွားတော် မူပါသတဲ့။

အဲဒါဟာ လှဲအိပ်ချလိုတဲ့စိတ်နဲ့ လှဲအိပ်ချတဲ့ရုပ်ဆိုတဲ့ ဒီဥပါဒါနက္ခန္ဓာတွေကို အနိစ္စစသော အခြင်းအရာ တို့ဖြင့် ရှုမြင်ပြီး သောတာပန်အဖြစ်က သကဒါဂါမိမဂ်ကို ရောက်တယ်၊ တဖန် အဲဒီစိတ်နဲ့ ရုပ်ကိုဘဲ ရှုမြဲရှုပြီး အနာဂါမိမဂ်ဖိုလ်ကိုရောက်တယ်၊ တဖန် အဲဒီစိတ်နဲ့ရုပ်ကိုဘဲ ရှုမြဲ ရှုပြီးတော့ အရဟတ္တမဂ်ဖိုလ်ကို ရောက်ပြီး ရဟန္တာ ဖြစ်သွားတာပါဘဲ။ အဲဒီလို ဖြစ်နိုင်တဲ့ အတွက် အရှင်သာရိပုတ္တရာမထေရ်က ဒီလိုဆက်လက်ပြီး မိန့်ကြားတော်မူပါတယ်။

## အနာဂါမ်ကရှု၍ ရဟန္တာဖြစ်သည်

ဉာနံ ခေါ ပနေတံ အာဝုသော ဝိဇ္ဇတိ၊ ယံ အနာဂါမီ ဘိက္ခု ဣမေ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စတော ဒုက္ခတော ။ပ။ အနတ္တတော ယောနိသော မနသိ ကရောန္တော အရဟတ္တဖလံ သစ္ဆိကရေယျ။

အာဝုသော- ငါ့ရှင်ကောဋ္ဌိက၊ အနာဂါမီ ဘိက္ခု-အနာဂါမ် ရဟန်းသည်၊ ဣမေ ပဉ္စုပါဒါနက္ခန္ဓေ-ဤငါးပါးသော ဥပါဒါ နက္ခန္ဓာတို့ကို၊ အနိစ္စတော- မမြဲဟု၊ ဒုက္ခတော- ဆင်းရဲဟု ။ပ။ အနတ္တတော- အနတ္တဟု၊ ယောနိသော- နည်းမှန် လမ်းမှန် အားဖြင့်၊ မနသိ ကရောန္တော- နှလုံးသွင်းရှုမှတ်နေစဉ်၊အရဟတ္တ ဖလံ- အရဟတ္တဖိုလ်ကို၊ ယံ သစ္ဆိကရေယျ-အကြင်မျက်မှောက်ပြု

ရာ၏၊ တော် ဌာန်-ဤသို့ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ခြင်း၏ အကြောင်းအခွင့်သည်၊ ဝိဇ္ဇတိ-ရှိပါသည် တဲ့။

အနာဂါမ် ပုဂ္ဂိုလ်က မြင်မှု ကြားမှုစသော ဥပါဒါနက္ခန္ဓာ ငါးပါးကို အနိစ္စစသော အခြင်းအရာတို့ဖြင့် ရှုနေစဉ်မှာပင် အရဟတ္တဖိုလ်ရောက်ပြီး ရဟန္တာဖြစ်သွားနိုင်ပါတယ် တဲ့။ အဲဒီ စတုတ္ထ အမေးအဖြေဆိုင်ရာ ဆောင်ပုဒ်များကို ဆိုကြရမယ်။

(၁) အနာဂါမ်ကား၊ ဘယ်တရား၊ ရှုပွားအပ်သနည်း။

(၂) အနာဂါမ်လဲ၊ ခန္ဓာဘဲ၊ ရှုမြဲ နည်းတူသည်။

(၃) သို့ ရှုမြင်သန်၊ အရဟံ၊ အမှန်ဖြစ်နိုင်သည်။

ပုထုဇဉ် အဖြစ်ကနေပြီး အနာဂါမ်အထိ ပုဂ္ဂိုလ်များဟာ မရသေးတဲ့ အရိယ မဂ်ဖိုလ်များကို ရအောင် ဘယ်တရားကို ရှုရသလဲ ဆိုလျှင်၊ ဥပါဒါနက္ခန္ဓာ ငါးပါးကို ရှုရတယ်လို့ချည်း ဖြေကြားတယ်၊ ဘယ်လိုရှုရသလဲ ဆိုတော့လဲ၊ အနိစ္စအစရှိသော (၁၁)ပါးသော အခြင်းအရာတို့ဖြင့် ရှုရတယ်လို့ချည်း ဖြေကြားတယ်။ အဲဒီလိုရှုတော့ ဘယ်လို အကျိုးအာနိသင်များကို ရပါသလဲ ဆိုတော့ ပုထုဇဉ်က အဲဒီလို ရှုနေစဉ်မှာဘဲ သောတာပတ္တိဖိုလ်ကို ရောက်ပြီး သောတာပန်ဖြစ်သွားတယ်၊ သောတာပန်က ရှုပြန်တော့ သကဒါဂါမိဖိုလ်ကို ရောက်ပြီး သကဒါဂါမ် ဖြစ်သွားတယ်၊ သကဒါဂါမ်က ရှုပြန်တော့ အနာဂါမိဖိုလ်ကိုရောက်ပြီး အနာဂါမ်ဖြစ်သွားတယ်၊ အနာဂါမ်ကရှုပြန်တော့အရဟတ္တ

ဖိုလ်ကိုရောက်ပြီး ရဟန္တာဖြစ်သွားတယ်တဲ့။ အဲဒီ ရှုပုံဖြစ်ပုံတွေဟာ အရှင်သာရိပုတ္တရာမထေရ်မြတ်က ဖြေကြားညွှန်ပြထားတဲ့ အဆုံးအဖြတ်စကားတွေဘဲ။

ဒါကြောင့် ပုဆုဇဉ်က သောတာပန်ဖြစ်ချင်ယင် ဥပါဒါနက္ခန္ဓာတွေကို ရှုရတယ်၊ ဘယ်လိုရှုရသလဲဆိုယင် အနိစ္စစသော အခြင်းအရာတို့ဖြင့် ရှုရတယ်၊ အဲဒီလိုရှုယင် ရှုတိုင်းရှုတိုင်းအမှတ်ရတဲ့ သတိပဋ္ဌာန်တရားလဲဖြစ်ပွားတယ်၊ အားထုတ်မှုသမ္မပ္ပဓာန်လဲ ဖြစ်ပွားတယ်၊ စိတ်ကြည်လင်မှု သဒ္ဓိန္ဒြေလဲ ဖြစ်ပွားတယ်၊ သတိစသော ဗောဇ္ဈင်တရားလဲဖြစ်ပွားတယ်၊ သမ္မာဒိဋ္ဌိစသော မဂ္ဂင်တရားလဲဖြစ်ပွားတယ်၊ ဒါကြောင့် ဝိပဿနာမဂ္ဂင်တရားတွေ ရင့်သန်ပြည့်စုံတဲ့အခါ သောတာပတ္တိမဂ်ဖိုလ်ဉာဏ်များဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုပြီး သောတာပန်ဖြစ်တယ်၊ သောတာပန်စသည်က အထက်မဂ်ဖိုလ်များကို ရောက်လို ရလိုလျှင်လဲ နည်းတူပင် ရှုရတာဘဲ၊ ဝိပဿနာမဂ္ဂင်များ ရင့်သန်ပြည့်စုံတဲ့အခါမှာ နည်းတူပင် အထက်မဂ်ဖိုလ်များဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်တယ်။ အဲဒါဟာ ကိန်းသေဘဲ။

ဒါကြောင့် ''သောတာပန်ဖြစ်ဖို့ရာကတော့ တရား အားထုတ်ဖို့မလိုဘူး၊ တရားနာရုံနဲ့ဖြစ်တယ်'' ဆိုတဲ့ ဝါဒ၊ ''အနိစ္စ ဒုက္ခ အနတ္တကို သိပြီးသားဘဲ ရှုနေဘို့မလိုဘူး၊ မရှုဘဲ အားမထုတ်ဘဲ စိတ်ကို အငြိမ်းစားပေးထားမှ ငြိမ်းအေးတယ်''ဆိုတဲ့

ဝါဒအစရှိတဲ့ တရားအားမထုတ်ချင်အောင် ပိတ်ပင်တားမြစ်တဲ့ ဝါဒတွေဟာ ဘုရားအလိုတော်နှင့် ဆန့်ကျင်တဲ့ ဝါဒတွေဘဲလို့ မှတ်ကြရမယ်။

အရိယမဂ်ဖိုလ် တရားထူးရအောင် ရှုပုံ အားထုတ်ပုံက တော့ ပြည့်စုံပါပြီ။ ယခုနောက်ဆုံး အမေးအဖြေများကို ဟော ရမယ်။

## နောက်ဆုံးမေးခွန်းနှင့် အဖြေ

အရဟတာ ပနာဝုသော သာရိပုတ္တ ကတမေ ဓမ္မာ ယောနိသော မနသိ ကာတဗ္ဗာ။

အာဝုသော သာရိပုတ္တ-ငါ့ရှင်သာရိပုတ္တရာ၊ အရဟတာ ပန-ရဟန္တာသည်ကား၊ ကတမေ ဓမ္မာ-အဘယ်တရားတို့ကို၊ ယော နိသော-နည်းမှန်လမ်းမှန်အားဖြင့်၊ မနသိ ကာတဗ္ဗာ-နှလုံးသွင်း အပ် ရှုအပ်ပါကုန်သနည်း-တဲ့။

အဲဒီအမေးကို အရှင်သာရိပုတ္တရာမထေရ်မြတ်က ဒီလို ဖြေ ကြားတော်မူပါတယ်။

## ရဟန္တာ၏ ရှုပုံနှင့် အကျိုး

အရဟတာပိ ခေါ အာဝုသော ကောဋ္ဌိက ဣမေ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော ဒုက္ခတော ရောဂတော

ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော သုညတော အနတ္တတော ယောနိသော မနသိ ကာတဗ္ဗာ။ နတ္ထိ ခွါဝုသော အရဟတော ဥတ္တရိ ကရဏီယံ၊ ကတဿ ဝါ ပတိစယော၊ အပိ စ ဣမေ ဓမ္မာ ဘာဝိတာ ဗဟုလီကတာ ဒိဋ္ဌဓမ္မသုခဝိဟာရာယ စေဝ သံဝတ္တန္တိ သတိသမ္ပဇညာယ စ။

အာဝုသော ကောဋ္ဌိက-ငါ့ရှင်ကောဋ္ဌိက၊ အရဟတာပိ-ရဟန္တာသည်လည်း၊ ဣမေ ပဉ္စုပါဒါနက္ခန္ဓာ-ဤငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို၊အနိစ္စတော-မမြဲဟု၊ ဒုက္ခတော-ဆင်းရဲဟု၊ ရောဂတော-စွဲကပ်နေသော ရောဂါနှင့်တူသည်ဟု၊ ဂဏ္ဍတော-ပေါက်ကွဲနေသော အိုင်းအမာနှင့်တူသည်ဟု၊ သလ္လတော-စူးဝင်နေသောငြောင့်နှင့် တူသည်ဟု၊အဃတော-မကောင်းကျိုးကိုပေးတတ်သော မကောင်းမှုနှင့်တူသည်ဟု၊ အာဗာဓတော-အဖျားအနာနှင့်တူသည်ဟု၊ ပရတော-အပြင်ပ သူတစိမ်းနှင့်တူသည်ဟု၊ ပလောကတော-အကြီးအကျယ် ပျက်စီးတတ်သည်ဟု၊ သုညတော-အတ္တကောင် ငါကောင်မှ ကင်းဆိတ်သည်ဟု၊ အနတ္တတော-အတ္တကောင်မဟုတ်-အစိုးမရ-အနတ္တဟု၊ ယောနိသော-နည်းမှန်လမ်းမှန်အားဖြင့်၊ မနသိ ကာတဗ္ဗာ-နှလုံးသွင်းအပ် ရှုအပ်ကုန်၏-တဲ့။

တချို့က ရဟန္တာဖြစ်ပြီးယင် ဘာမှလုပ်စရာ မရှိတဲ့အတွက် ဘာမှမလုပ်ပဲ အငြိမ်းစားနေနေတယ်လို့ မှတ်ထင်နေကြတယ်၊ ဒါကြောင့် အရှင်မဟာကောဋ္ဌိက မထေရ်က အဲဒီလိုအထင်ရှိ

နေတဲ့သူတွေ အမှန်သိရအောင်လို့ ရဟန္တာကတော့ ဘယ်တရားများကို ရှုအပ်ပါသလဲလို့ မေးပါတယ်၊ အဲဒီအမေးကို ယခုရွတ်ပြခဲ့တဲ့အတိုင်း အရှင်သာရိပုတ္တရာ မထေရ်မြတ်က ဖြေရှင်းပြတော်မူပါတယ်၊ ရဟန္တာလဲ အလကား အငြိမ်းစားနေရတာမဟုတ်ဘူး၊ ပုထုဇဉ် သေက္ခပုဂ္ဂိုလ်များလိုပင် ဥပါဒါနက္ခန္ဓာငါးပါးကို အနိစ္စစသည်ဖြင့် ရှုနေရပါတယ် တဲ့၊ ရှင်းကြရဲ့မဟုတ်လား၊ ရဟန္တာဖြစ်ပြီးတောင်မှ ဥပါဒါနက္ခန္ဓာ တွေကို အနိစ္စစသော အခြင်းအရာတို့ဖြင့် ဝိပဿနာ ရှုနေသေးတယ်ဆိုတော့ ပုထုဇဉ်ပုဂ္ဂိုလ်တွေ ရှုနေသင့်တာကို အထူးပြောစရာ မလိုပါဘူး။

ဒီနေရာမှာ မေးစရာရှိပါတယ်၊ ရဟန္တာမှာ အနိစ္စ ဒုက္ခ အနတ္တ သဘောတွေကို သိခြင်းကိစ္စပြီးပြီ မဟုတ်ပါလား၊သိပြီးဖြစ်ပါလျက် ဘာကြောင့်ရှုနေရပါသလဲ၊ တိုးတက်ပြီး တရားထူး-ဂုဏ်ထူးတွေကို ရနိုင်ပါသေးသလား၊ ရပြီးတရားဟောင်းတွေများ တိုးပွါးနိုင်ပါသလားလို့ မေးစရာရှိပါတယ်၊ အဲဒီလိုမေးဘွယ်အချက်ကို ဒီလိုဆက်ပြီး ဖြေရှင်းတော်မူပါတယ်။

အာဝုသော-ငါ့ရှင်ကောဋ္ဌိက၊ အရဟတော-ရဟန္တာပုဂ္ဂိုလ်မှာ၊ ဥတ္တရိ ကရဏီယံ-အရဟတ္တမဂ်ဖိုလ်ထက် အလွန် ပြုကျင့်ဘွယ်သည်၊ နတ္ထိ ခေါ-မရှိတော့သည်သာတည်း၊ ကတဿ ဝါ-ပြုကျင့်ပြီးသော အရဟတ္တမဂ်ဖိုလ် သီလ သမာဓိ ပညာ၏လည်း၊ ပတိစယော- တဖန်ပွါးခြင်း- ပွါးစေခြင်းသည်၊ နတ္ထိ ခေါ-မရှိသည်သာတည်း-တဲ့။

ပြည့်စုံပြီးဖြစ်တဲ့ အရဟတ္တမဂ်ဖိုလ်ထက် တိုးတက်ပြီး ပြည့်စုံအောင် ပြုကျင့်စရာလဲ မရှိတော့ပါဘူး တဲ့၊ အဲဒီ စကားဖြင့် ပယ်ရော ကိလေသာတွေလဲ မရှိတော့ဘူး။ အကုန်လုံးကင်းငြိမ်းနေပါပြီ ဆိုတာကိုလဲ သိစေပါတယ်။ နောက်ပြီးတော့ ပြည့်စုံပြီးဖြစ်တဲ့ အရဟတ္တမဂ်ဖိုလ် သီလ သမာဓိ ပညာကို ပွားများပြန့်ကျယ်အောင် ပြုစရာလဲ မရှိပါဘူး တဲ့။ ဒီလိုဆိုယင် ဝိပဿနာရှုတဲ့အတွက် ရဟန္တာမှာ ဘာအကျိုးမှ မရတော့ဘူး၊ အကျိုးမဲ့ဝိပဿနာ ရှုနေပါသလားလို့ မေးစရာရှိပြန်တယ်။ အဲဒီအချက်ကို ဒီလိုဆက်ပြီး ရှင်းပြတော်မူပြန်တယ်။

အပိ စ-စင်စစ်သော်ကား၊ ဣမေ ဓမ္မာ-ဤအနိစ္စစသည်ဖြင့်ရှုမှု ဝိပဿနာ မဂ္ဂင်တရားတို့သည်၊ ဘာဝိတာ-ပွားစေအပ်ကုန်သည်ရှိသော်၊ဗဟုလီကတာ-အကြိမ်များစွာ ပြုအပ်လေ့လာအပ်ကုန်သည်ရှိသော်၊ ဒိဋ္ဌဓမ္မသုခဝိဟာရာယ စေဝ—မျက်မှောက်အတ္တဘော မျက်မှောက်ကိုယ်၌ ချမ်းသာစွာ နေရခြင်းအကျိုးငှါလဲ၊ သံဝတ္တန္တိ-ဖြစ်ကြပါသည်၊ သတိသမ္ပဇညာယ စ-သတိသမ္ပဇဉ် ဖြစ်ပွားခြင်းအလို့ငှါလဲ ဖြစ်ကြပါသည်-တဲ့။

ဥပါဒါနက္ခန္ဓာငါးပါးကို ရှုနေခြင်းဖြင့် ရဟန္တာပုဂ္ဂိုလ်မှာ ရှုတိုင်း ရှုတိုင်း အမှတ်ရတဲ့ သတိနှင့် အနိစ္စ ဒုက္ခ အနတ္တသဘောမှန်တွေကို အမှန်အတိုင်း သိသိနေတဲ့ သမ္ပဇဉ်ဉာဏ်တွေ ဖြစ်ပွားနေတယ်၊ အဲဒီသတိသမ္ပဇဉ်ဖြစ်ပွားနေတာကို ရဟန္တာအရှင်မြတ်များက အထူးလေးစားစွာ အလိုရှိနေပါတယ်၊ သာမန်

ပုထုဇဉ်တွေမှာတော့ သတိသမ္ပဇဉ်ကင်းမဲ့ပြီး လွတ်လွတ်လပ်လပ် နေရတာကို ကြိုက်ကြတယ်၊ သတိသမ္ပဇဉ်ဖြစ်ပွားအောင်ရှုမှတ် နေရတာကို ပင်ပန်းတယ်လို့ ထင်နေကြတယ်၊ သူတို့အတွက်ဆို တော့ ပင်ပန်းတာလဲ ဟုတ်ပေတယ်။ ရဟန္တာမှာတော့ ရှုမှတ်မှု ကိစ္စမှာ နိုင်နင်းနေတဲ့အတွက် ရှုမှတ်ပြီး သတိသမ္ပဇဉ်ဖြစ်ပွား နေရတာက ချမ်းသာနေတယ်၊ ရှေ့ပိုင်းတုန်းက ပြောခဲ့တဲ့အတိုင်း စာပေကျမ်းဂန်တွေကို တတ်သိကျွမ်းကျင်နေတဲ့ပုဂ္ဂိုလ်မှာ စာပေ ကျမ်းဂန်တွေကို ကြည့်ရှုလေ့လာနေရတာက ပျော်စရာ ဖြစ်နေ သလိုပါဘဲ။

ဒါကြောင့် မြင်တိုင်းကြားတိုင်း တွေ့တိုင်းသိတိုင်း ဥပါဒါ နက္ခန္ဓာတွေကို မပြတ်လိုက်ပြီး ရှုသိနေရတာက ရဟန္တာမှာ အလွတ်နေရတာထက် ချမ်းသာတယ်၊ နောက်ပြီးတော့ အဲဒီလို မပြတ်ရှုသိနေတဲ့အတွက် ဘယ်အချိန်မဆို အရဟတ္တဖိုလ်ကို ဝင် စားပြီးတော့လဲ ချမ်းသာစွာနေရတယ်။

နောက်ပြီးတော့ ကိုယ်ထဲက နာကျင်ကိုက်ခဲမှု စသော ကိုယ် ဆင်းရဲ ဒုက္ခဝေဒနာတွေဟာ ဝိပဿနာဉာဏ်ဖြင့် ရှုသိနေဆဲမှာ မဖြစ်ပေါ်လာဘဲလဲ ငြိမ်းနေတတ်တယ်၊ဖြစ်ပေါ်လာပြန်ယင်လဲ ရှုမှတ်ခြင်းဖြင့် အဲဒီလို ဒုက္ခဝေဒနာတွေကို ငြိမ်းစေနိုင်တယ်၊ ဒါကြောင့်လဲ ရှုသိနေတာဟာ ရဟန္တာပုဂ္ဂိုလ်မှာ မျက်မှောက် အတ္တဘောဆိုတဲ့ မျက်မှောက်ခန္ဓာကိုယ် မျက်မှောက်ဘဝမှာ ချမ်းသာစွာ နေရခြင်းလဲ ဖြစ်တယ်။

အဲဒီလို မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရခြင်းအကျိုးနဲ့ သတိသမ္ပဇဉ်ဖြစ်ပွားခြင်းအကျိုးများကို ရဟန္တာမှာ ဝိပဿနာ ရှုခြင်းဖြင့် ရနေပါတယ်၊ အဲဒီလို အကျိုးများကို ရအောင်လဲ ရဟန္တာပုဂ္ဂိုလ်မှာ ဥပါဒါနက္ခန္ဓာငါးပါးကို အနိစ္စ စသည်ဖြင့် ရှုနေရပါတယ် တဲ့။

အဲဒီနောက်ဆုံး အမေးအဖြေများဆိုင်ရာ ဆောင်ပုဒ်များကို ဆိုပြီးတော့ ဒီသီလဝန္တသုတ္တန်တရားတော်ကို နိဂုံးကမ္ပတ် အဆုံး သတ်ရမယ်။ ကဲ လိုက်ဆိုကြ။

(၁) ရဟန္တာကား၊ ဘယ်တရား၊ ရှုပွားအပ်သနည်း။
(၂) ရဟန္တာလဲ၊ ခန္ဓာဘဲ၊ ရှုမြဲနည်းတူသည်။
(၃) သို့ရှုသော်ငြား၊ သစ်-ဟောင်းကား၊ တိုးပွားမရှိပြီ။

သစ်-ဆိုတာနဲ့ တိုး-ဆိုတာကို ဆက်စပ်ပြီးယူရမယ်၊ ဟောင်း-ဆိုတာနဲ့ ပွား-ဆိုတာကိုလဲ ဆက်စပ်ပြီး ယူရမယ်၊ အသစ်လဲ မတိုးဘူး၊ အဟောင်းလဲ မပွားတော့ဘူး-လို့ ဆိုလိုပါတယ်။ ဒါဖြင့် ဘာအကျိုးရှိသလဲလို့ ဆိုတော့၊ အဲဒါအတွက် နောက် ဆုံး ဆောင်ပုဒ်ကို ဆိုကြရမယ်။

(၄) သတိသမ္ပဇဉ်၊ ရှုတိုင်းယှဉ်၊ မျက်မြင် ချမ်းသာသည်။

ကဲ တရားသိမ်းတော့မယ်။

ဤ သီလဝန္တသုတ္တန်တရားတော်ကို ရိုသေစွာ နာယူကြရ သော ကုသိုလ်ကံစေတနာတို့၏ အစွမ်းအာနုဘော်ကြောင့် ကိုယ်

စိတ်နှစ်ဖြာ ချမ်းသာစွာနှင့် ဥပါဒါနက္ခန္ဓာငါးပါးတို့ကို အနိစ္စ အစရှိသော အခြင်းအရာတို့ဖြင့် မှန်ကန်စွာ-ရှုမြင် နိုင်ကြလျက် ဝိပဿနာ မဂ္ဂင်တရားတို့ကို ပြည့်စုံစွာ ပွားစေနိုင်ကြ၍ မိမိတို့ အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် ဆင်းရဲခပ်သိမ်းငြိမ်းရာ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု သာဓု သာဓု

သီလဝန္တသုတ္တန်တရားတော် နဝမပိုင်း ပြီး၏။

သီလဝန္တသုတ္တန်တရားတော် ဤတွင် အလုံးစုံပြီးသည်။

# မဟာစည် ဓမ္မဒေသနာ ဆောင်ပုဒ်များ

## ဝိနည်းအဋ္ဌကထာ ပဌာမ

၁။ သင်္ခါလေးရပ် သိမ်းကပ် ကြာရှည်၊
သတ္တဝါများ စီးပွါး မြှော်ရည်၊
ပြုနိုင် ခဲ စွ ပြု ရ လေ ပြီ၊
လွန်သနားတဲ့ ဘုရား ရှိခိုးသည်။

## သုတ္တန် အဋ္ဌကထာ ပဌာမ

၂။ ကရုဏာ ရေဖျန်း အေးချမ်း စိတ်ကြည်၊
ဉာဏ်အလင်းဖြင့် မှောင်ခွင်းပယ်သည်၊
နတ်လူ အများ လေးစားအပ်သည်၊
ဂတိငါးပါး လွတ်သွားလေပြီ၊
မြတ်ဘုရား ဝတ်တွားရှိခိုးသည်။

## အဘိဓမ္မာ အဋ္ဌကထာ ပဌာမ

၃။ သတ္တဝါများ သနားသလိုပင်
ဉေယျတရား သိသွားဉာဏ်မြင်၊

ကရုဏာတိုက်တွန်း ဉာဏ်စွမ်းမှီယှဉ်၊
အ ဘိ ဓ မ္မ သုံး လ လုံး ပင်၊
ဟောဖေါ်ကြွား ဘုရားရှိဦးတင်။

## အဘိဓမ္မာ မည်ခြင်း၏ အကြောင်း

၄။ ထီးတံခွန်လဲ လွန်ကဲထူးလျှင်၊
ဆတိဆတ္တ ဇေခေါ်တွင်၊
တရားတော်လဲ လွန်ကဲထူးလျှင်၊
ဘိဓမ္မ ခေါ်ရ နည်းတူပင်။

ဗုဒ္ဓဝါတော်စဉ်၃နှစ်ဝါပြောက်၌
ဟောတော်မူသော အဘိဓမ္မာတွင်
ကာမာဝစရ ကုသိုလ်ကို ဝေဘန်ပြပုံ

(ဆောင်ပုဒ်)

၁။ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်, သသင်္ခါရိကစိတ်ဖြစ်ခိုက်၌ အမည်ထုတ်၍ ဟောထားသော တရားတို့မှာ....

ဖဿ,ဝေဒနာ,သညာ, စေတနာ, စိတ်၊
(ဖဿပဉ္စမက ၅-ပါး)

ဝိတတ် ဝိစာရ, ပီတိ, (သုခ)* ဧကဂ္ဂတာ၊
(ဈာနင် ၅-ပါး)

သဒ္ဓါ,ဝီရိယ,သတိ,(သမာဓိ)ပညာ,(မနဿောမနဿ,)
ဇီဝိတ၊ ..................................(ဣန္ဒြေ ၈-ပါး)

(သမ္မာဒိဋ္ဌိ, သင်္ကပ္ပ, ဝါယာမ, သတိ, သမာဓိ)
(မဂ္ဂင် ၅-ပါး)

(သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ,)ဟိရီ,ဩတ္တပ္ပ၊
(ဗိုလ် ၇-ပါး)

အလောဘ, အဒေါသ, (အမောဟ)၊ (မူလ ၃-ပါး)

(အနဘိဇ္ဈာ,အဗျာပါဒ,သမ္မာဒိဋ္ဌိ)၊(ကမ္မပထ ၃-ပါး)

(ဟိရီ, ဩတ္တပ္ပ) (လောကပါလ ၂-ပါး)

ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ, ကာယလဟုတာ, စိတ္တလဟုတာ, ကာယမုဒုတာ, စိတ္တမုဒုတာ, ကာယကမ္မညတာ, စိတ္တကမ္မညတာ, ကာယပါဂုညတာ, စိတ္တပါဂုညတာ, ကာယုဇုကတာ, စိတ္တုဇုကတာ၊....
(ပဿဒ္ဓိစသည် ၁၂-ပါး)

(သတိ, သမ္ပဇဉ်)၊ (ဥပကာရတရား ၂-ပါး)

(သမထ, ဝိပဿနာ) (ယုဂနဒ္ဓ ၂-ပါး)

(ပဂ္ဂါဟ, အဝိက္ခေပ)၊(ညီမျှစေအပ်တဲ့ တရား ၂-ပါး)

---

မှတ်ချက် * လက်သည်းကွင်းဖြင့် ရေးနှင့်ထပ်တူဖြစ်ကြောင်းပြသည်၊ နောက်၌လည်း နည်းတူပင်။

ဤ ၅၆-ပါးပင်ဖြစ်သည်၊ တရားကိုယ်အားဖြင့် ၃၀-မျှသာ ရှိသည်။

ယေဝါ ပန-အရ အဋ္ဌကထာ၌ ပြသောတရားတို့မှာ....

"ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာ။

(အမြဲယှဉ် ၄-ပါး)

ကရုဏာ,မုဒိတာ၊

(အပ္ပမညာ ၂-ပါး၊ ရံခါသာ ယှဉ်သည်)

သမ္မာဝါစာ,သမ္မာ ကမ္မန္တ, သမ္မာ အာဇီဝ"....

(ဝိရတီ ၃-ပါး၊ရံခါသာ ယှဉ်သည်)

ဤ ၉-ပါးတို့ပင် ဖြစ်သည်။ ၂-ရပ်ပေါင်းလျှင် တရားကိုယ် ၃၉-ပါး ဖြစ်သည်။

၂။ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်, သသင်္ခါရိကစိတ်ဖြစ်ခိုက်၌ ယင်း ၃၉-ပါးမှ ဉာဏ်ပညာမပါ၍ ၃၈-ပါးဖြစ်သည်။

၃။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်, သသင်္ခါရိကစိတ်ဖြစ်ခိုက်၌ ယင်း ၃၉-ပါးမှ ပီတိမပါ၍ ၃၈-ပါးဖြစ်သည်။

၄။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် သသင်္ခါရိကစိတ် ဖြစ်ခိုက်၌ ယင်း ၃၉-ပါးမှ ဉာဏ်ပညာရော ပီတိရောမပါ၍ ၃၇-ပါးသာဖြစ်သည်။

## ဓမ္မသင်္ဂဏီပါဠိတော်မှ မဂ်စိတ်၌ဝေဘန်ချက် အကျဉ်းချုပ်

အရိယမဂ်စိတ် ဖြစ်ခိုက်၌ပါဝင်သော တရားများမှာ ကာမကုသိုလ် ပဌမစိတ်၌ ပါဝင်သော ၅၆-ပါးနှင့် ဝိရတီ သုံးပါး အနညတညဿာမိ တိန္ဒြေ တပါးအားဖြင့် ၆၀-တိတိဖြစ်သည်၊ တရားကိုယ်အားဖြင့် ၃၃-ပါးသာရှိသည်။

ယေဝါပန-အရမှာလည်း ဆန္ဒစသည် အမြဲယှဉ် ၄-ပါးသာ ဖြစ်သည်။ ၂-ရပ်ပေါင်းလျှင် တရားကိုယ် ၃၇-ပါး ဖြစ်သည်။

**ပဋိပဒါနှင့် အဘိညာခွဲခြားချက်(အဋ္ဌသာလိနီစသည်)**

(၁) ရုပ်နာမ်ကို သိမ်းဆည်းရာ၌ရင်း၊ (၂) ရုပ်နာမ်ကို ပိုင်းခြားဆုံးဖြတ်ရာ၌ရင်း၊ (၃) အကြောင်းနှင့် အကျိုးကို သိမ်းဆည်းရာ၌ရင်း၊ (၄) လက္ခဏာရေး သုံးပါးကို သိမြင်ရာ၌ ရင်း၊ (၅) မဂ်မှန် မဂ်မှားကို ဆုံးဖြတ်ရာ၌ရင်း ဖြစ်ပေါ်လာသည့် ကိလေသာစိတ်ကို သုံးကြိမ်အထိ ရှုမှတ်၍ ပယ်ရလျှင် ဒုက္ခပဋိပဒါ (ဆင်းရဲသောအကျင့်) မည်၏။ တကြိမ် နှစ်ကြိမ်မျှ ရှုမှတ်ရုံဖြင့် ပယ်နိုင်လျှင် သုခပဋိပဒါ(ချမ်းသာသောအကျင့်) မည်၏။

ဥပက္ကိလေသမှလွတ်သော ဥဒယဗ္ဗဉာဏ်စသည်၌ ကြာမြင့်စွာတည်နေပြီးမှ အရိယမဂ်ဉာဏ် ဖြစ်ပေါ်လျှင် ဒန္ဓာဘိညာ (နှေးသောအသိဉာဏ်) မည်၏။ထိုဉာဏ်များဖြစ်၍ မကြာမီပင် အရိယမဂ်ဉာဏ် ဖြစ်ပေါ်လျှင် ခိပ္ပါဘိညာ (မြန်သောအသိဉာဏ်) မည်၏။

## ဝိသုဒ္ဓိနှင့် ဉာဏ်ဖြစ်ပုံ အကျဉ်းချုပ်

သီလဝိသုဒ္ဓိပြည့်စုံမှ စိတ္တဝိသုဒ္ဓိဖြစ်နိုင်သည်။ နီဝရဏကင်းအောင် စိတ်တည်ငြိမ်မှု-သမာဓိကို စိတ္တဝိသုဒ္ဓိခေါ်သည်၊ ယင်းစိတ္တဝိသုဒ္ဓိပြည့်စုံမှ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်သည်၊ ယင်း ဒိဋ္ဌိဝိသုဒ္ဓိပြည့်စုံမှ ပစ္စယပရိဂ္ဂဟဉာဏ်နှင့် ကင်္ခါဝိတရဏ ဝိသုဒ္ဓိဖြစ်သည်၊ယင်းဝိသုဒ္ဓိပြည့်စုံမှ သမ္မသနဉာဏ်စသည်ဖြစ်သည်။ သို့ဖြစ်၍ ရုပ်နာမ်,ကြောင်းကျိုးစသည် သရုပ်ခွဲဆင်ခြင်ရုံမျှဖြင့် နာမရူပ ပရိစ္ဆေဒဉာဏ်စသည် မဖြစ်ဟု မှတ်ရာ၏၊ အဘယ်ကြောင့်ဆိုသော်-စိတ္တဝိသုဒ္ဓိစသည် အကြောင်း မရှိသောကြောင့်ပင်။ဤအချက်သည် ဒုက္ခပဋိပဒါကိုပြသော အဋ္ဌကထာစကားဖြင့်လည်း ထင်ရှား၏။

## ဓမ္မသင်္ဂဏီပါဠိတော်၌ အကုသိုလ်ကို ဝေပန်ပုံအကျဉ်းချုပ်

၁။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကလောဘမူ ပဌမစိတ်ဖြစ်ခိုက်၌ အမည်ထုတ်၍ ဟောထားသောတရားတို့မှာ........

ဖဿပဉ္စမက ၅-ပါး၊ ဈာနင် ၅-ပါး (ကုသိုလ် စိတ်၌ကဲ့သို့ပင်)

ဝီရိယ(သမာဓိ, မန, သောမနဿ) ဇီဝိတ၊ (ဣန္ဒြေ၅-ပါး)

မိစ္ဆာဒိဋ္ဌိ, (သင်္ကပ္ပ, ဝါယာမ, သမာဓိ) (မိစ္ဆာမဂ္ဂင်၄-ပါး)

(ဝီရိယ, သမာဓိ) အဟိရိက, အနောတ္တပ္ပ၊ (ဗိုလ်၄-ပါး)

| | |
|---|---|
| လောဘ,မောဟ၊ | (မူလ ၂-ပါး) |
| (အဘိဇ္ဈာ,မိစ္ဆာဒိဋ္ဌိ) | (ကမ္မပထ ၂-ပါး) |
| (အဟိရိက အနောတ္တပ္ပ) | (လောကနာသက ၂-ပါး) |
| (သမထ, ပဂ္ဂဟ,အဝိက္ခေပ) | (ယုဂနဒ္ဓစသည်၃-ပါး) |

ဤ ၃၂-ပါးပင်ဖြစ်သည်။တရားကိုယ်အားဖြင့် ၁၆-ပါးမျှသာ ဖြစ်သည်။

ယေဝါပန-အရ အဋ္ဌကထာ၌ပြသောတရားတို့မှာ-

ဆန္ဒ, အဓိမောက္ခ, မနသိကာရ, ဥဒ္ဓစ္စ-ဟူသော ဤ ၄-ပါးပင်၊ ၂-ရပ်ပေါင်းလျှင် တရားကိုယ် ၂၀-မျှသာဖြစ်သည်။

၃။ သောမနဿ သဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက လောဘမူ တတိယ စိတ်၌မိစ္ဆာဒိဋ္ဌိမပါ၊ ယေဝါပန-အရ မာနနှင့်တကွ တရားကိုယ် ၂၀-ပင်ဖြစ်သည်။

၅။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက လောဘမူပဉ္စမစိတ်၌ ပီတိမပါ(ပဌမစိတ်မှ) ၁၉-ပါးဖြစ်သည်။

၇။ ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတ ဝိပ္ပယုတ်အသင်္ခါရိက လောဘမူ သတ္တမစိတ်၌ ဒိဋ္ဌိနှင့် ပီတိ မပါ၊ မာနနှင့်တကွ (တတိယစိတ်မှ)၁၉-ပါးဖြစ်သည်။

၂-၄-၆-၈။ လောဘမူဒုတိယစသော သ,သင်္ခါရိက စိတ်လေးပါးတို့၌ ယေဝါပန–ထိနမိဒ္ဓနှင့်တကွ ၂၂,၂၂,၂၁,၂၁ အစဉ်အတိုင်းဖြစ်ကြသည်၊

၉။ ဒေါမနဿသဟဂုတ် ဒေါသမူ အသင်္ခါရိကစိတ်၌ ပီတိ၊လောဘနှင့် ဒိဋ္ဌိမပါ၊လောဘမူ စိတ်၌ကဲ့သို့ပင်အကြွင်း-၁၇ ပါး,ဒေါသနှင့်တကွ ၁၈-ပါးဖြစ်သည်။ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စ တို့တွင် တပါးပါးနှင့်တွဲ၍ ၁၉-ပါးလည်းဖြစ်သည်၊ သုခ,သောမနဿ အရာသို့၌ ဒုက္ခ,ဒေါမနဿဟု ပြဆိုသည်။

၁၀။ ယင်းသ, သင်္ခါရိကစိတ်၌ ထိနမိဒ္ဓနှင့် တကွ ၂၀,၂၁-ပါးဖြစ်သည်။

၁၁။ ဥပေက္ခာ သဟဂုတ် ဝိစိကိစ္ဆာ သမ္ပယုတ် မောဟမူစိတ်၌ ပါဝင်သောတရားများမှာ လောဘမူ ပဌမစိတ်၌ ပြခဲ့သော ၁၆-ပါးမှ ပီတိ,လောဘနှင့် ဒိဋ္ဌိမပါ၊ ဝိစိကိစ္ဆာနှင့်တကွ တိုက်ရိုက်ပြ ၁၄-ပါး၊ ယေဝါပန-အရ မနသိကာရနှင့် ဥဒ္ဓစ္စ ၂-ပါးအားဖြင့် ၁၆-ပါးဖြစ်သည်။

၁၂။ ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ် မောဟမူစိတ်၌လည်း ထိုအတူပင် ဝိစိကိစ္ဆာမပါ၊ ဥဒ္ဓစ္စနှင့်တကွ တိုက်ရိုက်ပြ ၁၄—ပါး၊ ယေဝါပန-အရ အဓိမောက္ခနှင့် မနသိကာရ ၂-ပါး အားဖြင့် ၁၆—ပါးပင်ဖြစ်သည်။

---

ဝိပါက် အဗျာကတခေါ် အကျိုးတရားကို ဝေဘန်ပုံ

၁။ စက္ခုဝိညာဉ်—မြင်သိစိတ်ဖြစ်ခိုက်၌ အမည်ထုတ်၍ ဟောထားသော တရားတို့မှာ....

ဖဿ, ဝေဒနာ, သညာ,စေတနာ,စိတ်၊

(ဖဿပဥ္စမက ၅-ပါး)

(ဥပေက္ခာ), ဧကဂ္ဂတာ၊ (စျာနင်မျိုး ၂-ပါး)

(မန,ဥပေက္ခာ), ဇီဝိတ (ဣန္ဒြေ ၃-ပါး)

ဤ ၁၀-ပါးပင်၊ တရားကိုယ်အားဖြင့် (၇) ပါးသာ၊ ယေဝါပနအရ မနသိကာရနှင့်တကွ (၈) ပါးဖြစ်သည်။

## မြင်သိစိတ် စသည်နှင့်တကွ ဝိထိစိတ်စဉ်ဖြစ်ပုံ

(က) ဘဝင်,ဆင်ခြင်၊မြင်ပြီးလျှင်၊ ထို့ပြင်လက်ခံတုံ။

(ခ) စုံစမ်းဆုံးဖြတ်၊ ဇောစိတ်သတ်၊ ၂-ရပ် တဒါရုံ။

(ဂ) အဆင်းမြင်လျှင်၊ ဖြစ်ရိုးပင် စိတ်စဉ်မှတ်ပါကုန်။

(ဃ) ကြား,နံ,စား,ထိ၊ မြင်တူ၏၊ မှတ်ဘိ စိတ်ဖြစ်ပုံ။

(င) ဆင်ခြင်ပြီးခါ၊ ဇော,တဒါ၊ ကြံရာ စိတ်ဖြစ်ပုံ။

ထင်ဆဲဆင်းဓာတ် မြင်လတ်ဦးစွာ၊
မြင်ပြီးတရား စဉ်းစားပြန်ရာ၊
သဏ္ဌာန်ဒြပ် ပညတ်ပေါ်ကာ၊
မည်နာမ သိရနောက်ဆုံးမှာ။

၂။ **သောတဝိညာဉ်**- ကြားသိစိတ် **ဃာနဝိညာဉ်**-နံသိစိတ်၊ **ဇိဝှါဝိညာဉ်**-စားသိစိတ်၊ **ကာယဝိညာဉ်**-ထိသိစိတ်တို့ ဖြစ်ခိုက်၌လဲ တရားကိုယ်အရတူပင်၊ ကုသလဝိပါက် ကာယဝိညာဉ်၌ သုခဝေဒနာ, အကုသလဝိပါက် ကာယ

ဝိညာဉ်၌ သုခဝေဒနာ, အကုသလဝိပါက် ကာယဝိညာဉ်
၌ ဒုက္ခဝေဒနာယှဉ်ခြင်းမျှသာ ထူးသည်။
၃။ **သမ္ပဋိစ္ဆိုန်းခေါ်** လက်ခံသည့်စိတ်ဖြစ်ခိုက်၌ ဝိတက်,
ဝိစာရတို့နှင့်တကွ တိုက်ရိုက်ပြ(၈)ပါး ယေဝါပနအရ
အဓိမောက္ခ, မနသိကာရတို့နှင့်တကွ(၁၁)ပါးဖြစ်သည်။
ဝေဒနာမှာ ဥပေက္ခာပင်၊
၄။ **သန္တီရဏ ခေါ်** စူးစမ်းသည့်စိတ်ဖြစ်ခိုက်၌လဲ ဥပေက္ခာ
သဟဂုတ်ဖြစ်လျှင်ယင်း(၁၁)ပင်။ကုသလဝိပါက် သော
မနဿ သဟဂုတ် ဖြစ်လျှင်မူ ပီတိနှင့်တကွ (၁၂) ပါး
ဖြစ်သည်။
၅။ **သဟိတ်** ကာမကုသလ ဝိပါက်စိတ် ရှစ်ပါးဖြစ်ခိုက်၌
ကာမကုသိုလ် ရှစ်ပါးဖြစ်ခိုက်နှင့်တူ၏၊ ကရုဏာ မုဒိတာ
နှင့် ဝိရတီသုံးပါးတို့ မပါဝင်ခြင်းမျှသာ ထူးသည်။
၆။ ရူပဝိပါက်, အရူပဝိပါက်, လောကုတ္တရာဝိပါက်တို့ ဖြစ်
ခိုက်၌ ယင်းတို့၏အကြောင်း ကုသိုလ်စိတ်များဖြစ်ခိုက်
နှင့် အလုံးစုံအရတူ၏။

## မြင်သိမှုစသည်တို့၏ အကြောင်းများ

၁။ မျက်စိ, အဆင်း, အလင်း, နှလုံးသွင်းမှု=ဤ ၄-ခုရှိမှ မြင်
သိမှုဖြစ်သည်။
၂။ နား, အသံ, အာကာသ, နှလုံးသွင်းမှု=ဤ ၄-ခုရှိမှ
ကြားသိမှု ဖြစ်သည်။

၃။ နှာခေါင်း, အနံ့, သယ်ဆောင်လေ, နှလုံးသွင်းမှု=ဤ ၄-ခု ရှိမှ နံသိမှုဖြစ်သည်။

၄။ လျှာ, အရသာ, အစိုအရည်, နှလုံးသွင်းမှု=ဤ ၄-ခုရှိမှ အရသာသိမှုဖြစ်သည်။

၅။ ကိုယ်အကြည်, ထိစရာ, အမာခံ, နှလုံးသွင်းမှု= ဤ ၄-ခု ရှိမှ ထိသိမှုဖြစ်သည်။

၆။ ဘဝင်စိတ်, ထင်ပေါ်သည့်အာရုံ, မှီရာရုပ်, နှလုံးသွင်းမှု-ဤ ၄-ခုရှိမှ ကြံသိမှုဖြစ်သည်။

၇။ အာရုံကောင်း၌ကုသိုလ်ကံကြောင့်ဝိပါက်စိတ်ဖြစ်သည်။ အာရုံဆိုး၌ အကုသိုလ်ကံကြောင့် ဝိပါက်စိတ်ဖြစ်သည်။

၁။ ထက်သန်သော ဉာဏ်ယှဉ် ကုသိုလ်ကြောင့် ဉာဏ်ယှဉ် ကုသလဝိပါက် ၄-ခုဖြစ်သည်၊ မထက်သန်သော ဉာဏ်ယှဉ် ကုသိုလ်နှင့် ထက်သန်သောဉာဏ် မယှဉ်ကုသိုလ်တို့ကြောင့် ဉာဏ်မယှဉ် ဟိတ်ရှိ ကုသလဝိပါက် ၄-ခုဖြစ်သည်၊ မထက်သန်သော ဉာဏ်မယှဉ် ကုသိုလ်ကြောင့် ဥပေက္ခာသဟဂုတ် သန္တီရဏခေါ် အဟိတ်ကုသလဝိပါက်ဖြစ်သည်။ ယင်းကုသလဝိပါက် ၉-ပါးသည် သုဂတိဘုံ၌ ပဋိသန္ဓေ, ဘဝင် စုတိကိစ္စဖြင့် ဖြစ်သည်၊ ကာမဘုံ ၁၁-၌ တဒါရုံ ကိစ္စဖြင့်လဲ ဖြစ်သည်။

၉။ အကုသိုလ်စိတ် ၁၂-ပါး-ကြောင့်အကုသိုလ်ဝိပါက်စိတ် (၇)ပါးဖြစ်သည်၊ ထိုတွင် သန္တီရဏစိတ်သည် အပါယ်လေးဘုံ၌ ပဋိသန္ဓေ,ဘဝင်, စုတိကိစ္စဖြင့်လည်း ဖြစ်သည်။ သန္တီရဏစိတ် ၃-ခုသည် သန္တီရဏကိစ္စ, တဒါရုံကိစ္စတို့ဖြင့်လည်း ဖြစ်သည်။

---

### ကိရိယာ အဗျာကတ တရားကိုဝေဘန်ပုံ

၁။ ပဉ္စဒွါရာဝဇ္ဇန်းဖြစ်ခိုက်၌ ပါဝင်သော တရားများမှာ သမ္ပဋိစ္ဆိုန်းဖြစ်ခိုက်နှင့်တူ၏။ တရားကိုယ်(၁၁)ပါးပင်။

၂။ မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်ခိုက်၌ ဝီရိယနှင့်တကွ (၁၂) ပါးဖြစ်သည်။

၃။ ဟသိတုပ္ပါဒ်ခေါ် ရဟန္တာတို့၏ ပြုံးရွှင်စိတ်ဖြစ်ခိုက်၌ ဝီရိယ ပီတိတို့နှင့်တကွ(၁၃)ပါးဖြစ်သည်၊ ဝေဒနာမှာ သောမနဿဖြစ်သည်။

၄။ သဟိတ်ကာမ ကိရိယာစိတ် ရှစ်ပါးဖြစ်ခိုက်၌ ကာမကုသိုလ်ရှစ်ပါးဖြစ်ခိုက်နှင့်တူ၏။ ဝိရတီသုံးပါး မပါဝင်ခြင်းမျှသာ ထူးသည်။

၅။ ရူပကိရိယာ အရူပကိရိယာစိတ်တို့ဖြစ်ခိုက်၌ ရူပကုသိုလ် အရူပကုသိုလ်စိတ်တို့ဖြစ်ခိုက်နှင့်တူ၏။

---

# ၁၃၃၇-ခု၊ ဝါဆိုလပြည့်နေ့မှစ၍
# မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော
# အဘိဓမ္မာခန္ဓဝိဘင်္ဂတရားတော်
## (ဆောင်ပုဒ်များ)

## ရူပက္ခန္ဓာ သရုပ်

၁။ ပ, အာ, ဘေ, ဝါ၊ ရုပ်လေးဖြာ၊ မှတ်ပါမဟာဘုတ်။

၂။ မျက်စိ, နား, နှာ၊ ကိုယ်, လျှာ၊ ငါးဖြာ အကြည်ရုပ်။

၃။ ဆင်း, သံ, နံ့ပါ၊ အရသာ၊ တွေ့တာ အာရုံရုပ်။
(အတွေ့ဆိုဘာ၊ ပ,တေ,ဝါ၊ သုံးဖြာ မဟာဘုတ်)

၄။ ဖို, မ ဖြစ်စေ၊ ရုပ်နှစ်ထွေ၊ မှတ်လေ ဘာဝရုပ်။

၅။ အသက်, အာဟာရ၊ ဟဒယ၊ သုံးဝ သီးခြားရုပ်။

၆။ ဘုတ်-လေး, ကြည်-ငါး၊ အာရုံငါး၊ နှစ်ပါးဘာဝမည်။

၇။ သီးခြား သုံးပါ၊ ဆဲ့ရှစ်ဖြာ၊သဘာဝ ရုပ်မည်။

၈။ သဘာဝရုပ်ဓာတ်၊ ပရမတ်- ဝိပဿ်ရှုရသည်။

၉။ ကြွင်းရုပ် ဆယ်ဖြာ၊ ပညတ်သာ၊ ရှုစရာမလိုပြီ။

၁၀။ အာကာသဓာတ်၊ နှစ်-ဝိညတ်၊ ပေါ့လတ်-နု-ခံ့သည်။

၁၁။ ဖြစ်,ပွား, ရင့်လတ်၊ သေပျက်မှတ်၊ ပညတ် ရုပ် ဆယ်မည်။

## ရုပ်ကလာပ် ဖွဲ့ပုံ

၁။ ဆင်း, နံ့, ရသာ၊ ဘုတ်လေးဖြာ၊ ဩဇာ အဋ္ဌကလာပ် (ကမ္မဇရုပ်၌ ယင်းကလာပ်မရှိ)
၂။ အသက်နှင့်တကွ၊ ထို အဋ္ဌ၊ နဝ ရုပ်ကလာပ်။ (ဇီဝိတနဝက ကမ္မဇကလာပ်)
၃။ အကြည်, ဘာဝ၊ ဟဒယ၊ ဒသ ရုပ်ကလာပ်။ (ဒသက-ကမ္မဇကလာပ်ရှစ်ခု)
၄။ အသံနှင့်တကွ၊ ထို အဋ္ဌ၊ နဝ ရုပ်ကလာပ်။ (သဒ္ဒနဝက-စိတ္တဇ, ဥတုဇကလာပ် ၂-ခု)
၅။ ထိုရှစ်, ကိုးမှာ၊ ဝိညတ်ပါ၊ ကိုးဖြာ,ဆယ်ကလာပ်။ (နဝက-ဒသက စိတ္တဇကလာပ် ၂-ခု)
၆။ ပေါ့,နု, ခံ့ပါ၊ ပါဝင်ရာ၊ ဆဲ့တဖြာ စသည်မှတ်။ (၁၁-ခု, ၁၂-ခု,၁၃-ခု,အပေါင်းစိတ္တဇ,ဥတုဇ,အာဟာရဇကလာပ်)
၇။ ဝိညတ်ဆိုင်ရာ၊ ကလာပ်မှာ၊ စိတ်သာ ဖြစ်ကြောင်းမှတ်။ (စိတ္တဇသာ)
၈။ ပေါ့, နု, ခံ့တာ၊ ဝိညတ်ပါ၊ ပြင်မှာ မရှိမှတ်၊ (ဤငါးပါး အပြင်ပ၌ မရှိ)
၉။ ဂဗ္ဘသေယျာ၊ သန္ဓေမှာ၊ ကာ,ဘာ, ဝတ်သုံးမည်။ (ကာယ ဘာဝ, ဝတ္ထုဒသက ကလာပ်သုံးပါးသာဖြစ်သည်)
၁၀။ သံသေ,ဥပပါတ် ပြည့်စုံလတ်၊ ကလာပ် ခုနစ်မည်။ (စက္ခု, သောတ,ဃာန,ဇိဝှါ,ကာယ,ဘာဝ, ဝတ္ထုဒသက ကလာပ် ခုနစ်ခု)

အတိတ်, အနာဂတ်, ပစ္စုပ္ပန်၊အတွင်း,အပြင်၊အကြမ်း,အနု၊ အယုတ်, အမြတ်, အဝေး,အနီးဖြစ်သော ဤရုပ်အပေါင်း အစုကို ရူပက္ခန္ဓာ ခေါ်သည်။

**ဝိညာဏက္ခန္ဓာ သရုပ်ကာမဇော**

၁။ အကုသိုလ်နှစ်၊ ကုသိုလ်ရှစ်၊ အပြစ်ကောင်းကျိုးပေး။
၂။ ရဟန္တာမှာ၊ ကိရိယာ၊ ကိုးဖြာ ကျိုးမပေး။
၃။ ကာမဇောမျိုး၊ နှစ်ဆယ့်ကိုး၊ ဖြစ်ရိုးကျယ်လှသေး။

**အကုသိုလ်ဇော ၁၂-ပါး**

၁။ လောဘရှစ်, ဒေါနှစ်၊ မောလည်းနှစ်၊ ဆဲ့နှစ်အကုမည်။
၂။ ဝမ်းသာ, မသာ၊ ဒိဋ္ဌိယှဉ်, မယှဉ်၊ တိုက်တွန်းမှု ရှိ,မရှိ၊ ခွဲလေဘိ၊ ဖြစ်၏ လောဘရှစ်မည်။
၃။ တိုက်တွန်းမှု ရှိတာ, မရှိတာ၊ နှစ်ဖြာ ဒေါစိတ်မည်။
၄။ ပျံ့လွင့်, ယုံမှား ဤနှစ်ပါး၊ မှတ်သား မောစိတ်မည်။

**သဟိတ်ကာမကုသိုလ် ဝိပါက်-ကိရိယာစိတ် ၂၄-ပါး**

၁။ ဝမ်းသာ, မသာ၊ ဉာဏ်ယှဉ်,မယှဉ်၊ တိုက်တွန်းမှု ရှိ,မရှိ၊ ခွဲလေဘိ၊ ဖြစ်၏ ကု-ရှစ်မည်။
၂။ ဝိပါက်, ကိရိယာ၊ နည်းတူသာ၊ မှတ်ပါ ရှစ်ခုစီ။

**အဟိတ်စိတ် ၁၈-ပါး**

၁။ စုံစမ်း,လက်ခံ၊ ငါးဝိညာဏ်၊ နှစ်တန် ဝိပါက်စိတ်။ (အကုသလဝိပါက်စိတ်,ကုသလဝိပါက်စိတ် ၂-မျိုးစီ ခွဲယူရမည်)

၂။ စုံစမ်း နှစ်ချက်၊ ကုဝိပါက်၊ တချက် အကုဝိ။ (ထိုတွင် စုံစမ်းစိတ်သည် ကုသလဝိပါက် ၂-ခု၊ အကုသလဝိပါက် ၁-ခု၊ ပေါင်း ၃-ခုရှိ၏)

၃။ ဆင်ခြင် နှစ်ဖြာ၊ ပြုံးရွှင်တာ၊ မှတ်ပါ ကြိယာစိတ်။ (ဆင်ခြင်တဲ့ အာဝဇ္ဇန်းစိတ် ၂ခု၊ ပြုံးတဲ့စိတ် ၁-ခု၊ ပေါင်းကြိယာစိတ် ၃-ခု)

၄။ ဤဆဲ့ရှစ်မှာ၊ ဟိတ်ကင်းကွာ၊ မှတ်ပါ အဟိတ်စိတ်။

တဒါရုံစိတ် ၁၁-ပါး

စုံစမ်းသုံးချက် ရှစ်ဝိပါက်၊ ရေတွက်၊ တဒါစိတ်။

မဟဂ္ဂုတ်စိတ် ၂၇-ပါး

ဈာန်ကုသိုလ်, ဝိပါက်,ကြိယာ ၉-ခု စီ၊ ပေါင်း ၂၇-ပါး။

လောကီစိတ် ၈၁-ပါး

၁။ ကာမစိတ်၅၄-ပါး၊ မဟဂ္ဂုတ်စိတ် ၂၇-ပါး၊ပေါင်း-လောကီစိတ် ၈၁-ပါး၊မဂ်စိတ်၄-ပါး၊ဖိုလ်စိတ် ၄-ပါးနှင့်တကွ စိတ်တခုဃုတ် ကိုးဆယ်ဖြစ်သည်။

၂။ ထိုတွင် လောကီစိတ် ၈၁-ပါးကို ဝိညာဏုပါဒါနက္ခန္ဓာ ခေါ်သည်၊ ယင်း လောကီ စိတ်ကိုသာ ဝိပဿနာရှုရသည်။ လောကုတ္တရာစိတ် ၈-ပါးကို ဝိညာဏက္ခန္ဓာဟုသာ ခေါ်သည်၊ ယင်းလောကုတ္တရာစိတ်ကို ဝိပဿနာမရှုရ။

## စေတသိက် ၅၂-ပါး

(၁၃၃၇-ခုနှစ် သီတင်းကျွတ် လပြည့်နေ့ ဟောသည်)

### စိတ်တိုင်းနှင့် ယှဉ်သော စေတသိက် (၇)ပါး

ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ။

### စိတ်အမျိုးမျိုးနှင့် ပြိုးပြွမ်းယှဉ်သော စေတသိက် (၆)ပါး

၁။ ဝိတက် (ပဉ္စဝိညာဏ် ၁၀-မှ တပါး ကာမစိတ် ၄၄၊ ပဉ္စမဈာန်စိတ် ၁၁-နှင့်ယှဉ်သည်)
၂။ ဝိစာရ (ဒုတိယဈာန်စိတ် ၁၀နှင့်တကွ စိတ် ၆၆-နှင့် ယှဉ်သည်)
၃။ ပီတိ (သောမနဿဟုတ် ၅၁ နှင့်ယှဉ်သည်)
၄။ ဝီရိယ (ပဉ္စဒွါရာဝဇ္ဇန်း, ပဉ္စဝိညာဏ် ၁၀,သမ္ပဋိစ္ဆိုန်း ၂, သန္တီရဏ ၃-တို့နှင့်မယှဉ်)
၅။ ဆန္ဒ (အဟိတ်စိတ် ၁၈၊ မောဟမူ ၂-တို့နှင့်မယှဉ်)
၆။ အဓိမောက္ခ(ပဉ္စဝိညာဏ် ၁၀၊ ဝိစိကိစ္ဆာသဟဂုတ် ၁-တို့နှင့်မယှဉ်)

### အကုသိုလ်စေတသိက် (၁၄)ပါး

မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ (ဤ ၄-ပါး အကုသိုလ်စိတ်တိုင်းနှင့် ယှဉ်သည်)

၁။ လောဘ (လောဘမူစိတ် ၈-ပါးနှင့် ယှဉ်သည်)
၂။ ဒိဋ္ဌိ (ဒိဋ္ဌိသမ္ပယုတ် ၄-ပါးနှင့် ယှဉ်သည်)
၃။ မာန (ဒိဋ္ဌိဝိပ္ပယုတ် ၄-ပါးနှင့် ရံခါသာ ယှဉ်သည်)
၁။ ဒေါသ (ဒေါသမူ ၂-ပါးနှင့် ယှဉ်သည်)
၂။ ဣဿာ၊မစ္ဆရိယ၊ ကုက္ကုစ္စ(ဤ ၃-ပါး ဒေါသမူ ၂-ပါးနှင့် ရံခါသာ ယှဉ်သည်)
၃။ ထိန၊ မိဒ္ဓ (ဤ ၂-ပါး လော-ဒေါ သ,သင်္ခါရိကစိတ် ၅-ပါးနှင့် ရံခါ ယှဉ်သည်)
၄။ ဝိစိကိစ္ဆာ(ဝိစိကိစ္ဆာ သဟဂုတ်စိတ်နှင့်သာ ယှဉ်သည်)

---

## သောဘန သာဓာရဏ စေတသိက် (၁၉)ပါး

ဟိတ်ရှိ ကာမကုသိုလ်,ဝိပါက်,ကြိယာ ၂၄-ပါး၊ မဟဂ္ဂုတ် ၂၇-ပါး၊ လောကုတ္တရာ ၈-ပါး၊ ဤ ၅၉-ပါးကို သောဘန-(တင့်တယ်) စိတ်ခေါ်သည်။ ယင်း စိတ် ၅၉-ပါးလုံးနှင့် ယှဉ်သော စေတသိက်များကို သောဘနသာဓာရဏ ခေါ်သည်။ ၎င်းတို့မှာ—

၁။ ယုံကြည်တာ ကြည်ညိုတာက သဒ္ဓါ။
၂။ အမှတ်ရတာက သတိ။
၃-၄။ မကောင်းမှုမှ ရှက်တာက ဟိရီ၊ ကြောက်တာက ဩတ္တပ္ပ။

၅။ မတပ်မက် မလိုချင်တာက အလောဘ။
၆။ စိတ်မဆိုး မပြစ်မှားတာ ချမ်းသာ စေလိုတာက အဒေါသ။
၇။ အညီအမျှဖြစ်နေတာက တတြမဇ္ဈတ္တတာ။
၈—၉။ ပူပန် ပင်ပန်းမှု ငြိမ်းတာက ပဿဒ္ဓိ။
၁၀-၁၁။ ပေါ့ပါးတာက လဟုတာ။
၁၂-၁၃။ နူးညံ့တာက မုဒုတာ။
၁၄-၁၅။ ပြုသိုခံ့တာက ကမ္မညတာ။
၁၆-၁၇။ သန့်စွမ်းတာက ပါဂုညတာ။
၁၈-၁၉။ ဖြောင့်မတ်တာက ဥဇုကတာ။ ဤ ၁၉-ပါးပင် ဖြစ်သည်။

(ပဿဒ္ဓိ-စသည်တို့ကို ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ-စသည်ဖြင့် ၂-ပါးစီ ခွဲယူရမည်။)

၂၀။ အမှန်ကို သိတာက အမောဟ၊ ဉာဏ်ဟု ပညာဟု ဝိဇ္ဇာဟုလဲ ခေါ်သည်။
ဉာဏသမ္ပယုတ် ကာမကုသိုလ်, ဝိပါက်, ကြိယာ ၁၂၊ မဟဂ္ဂုတ် ၂၇၊ လောကုတ္တရာ ၈=ဤစိတ် ၄၇-ပါးတို့နှင့် ယှဉ်သည်။

## အပ္ပမညာစေတသိက် (၂) ပါး

၂၁။ သနားတာကကရုဏာ၊သနားသောအခါဖြစ်သည်။

၂၂။ ကြည်ဖြူ ဝမ်းမြောက်တာက မုဒိတာ၊ သူတပါး၊ ကောင်းစား ချမ်းသာသည်ကို ကြည်ဖြူဝမ်းမြောက်သောအခါ ဖြစ်သည်။

## ဝိရတီစေတသိက် (၃)ပါး

၂၃။ မကောင်းတဲ့ စကားကိုမပြောပဲ ကြဉ်ရှောင်တာက သမ္မာဝါစာ။

၂၄။ မကောင်းတဲ့အမှုကို မပြုပဲ ကြဉ် ရှောင် တာ က သမ္မာကမ္မန္တ။

၂၅။ မတရား စီးပွားရှာမှုမှ ကြဉ်ရှောင်တာက သမ္မာအာဇီဝ။

(ဤဝိရတီ ၃-ပါးသည် မကောင်းမှုမှ ရှောင်ကြဉ်လိုသည့် ကာမကုသိုလ် စိတ်တို့နှင့်ယှဉ်သည်၊ မဂ်ဖိုလ်စိတ်တို့နှင့် အမြဲယှဉ်သည်)

စိတ်တိုင်းယှဉ် (၇)ပါး၊ ပြိုးပြွမ်းယှဉ်(၆)ပါး၊ အကုသိုလ် (၁၄) ပါး၊ သောဘန (၂၅)ပါး၊ ပေါင်း စေတသိက် (၅၂)ပါး ဖြစ်သည်။

ထိုတွင် ဝေဒနာကို ဝေဒနာက္ခန္ဓာ ခေါ်သည်။ သညာကို သညာက္ခန္ဓာခေါ်သည်။ ကျန်စေတသိက်ငါးဆယ်ကို သင်္ခါရက္ခန္ဓာခေါ်သည်။ ထိုတွင်လဲလောကီစိတ် ၈၁-ပါးနှင့်ယှဉ်သော ဝေဒနာ,သညာ,သင်္ခါရတို့ကို ဝေဒနုပါဒါနက္ခန္ဓာ,သညုပါဒါ

နက္ခန္ဓာ, သင်္ခါရုပါဒါနက္ခန္ဓာခေါ်သည်။ ယင်း ဥပါဒါနက္ခန္ဓာ တို့ကိုသာ ဝိပဿနာရှုရသည်။

## ပုဂ္ဂလပညတ် ပါဠိတော်လာ ပညတ်(၆)ပါး

၁။ ရုပက္ခန္ဓာစသော အမည်ကို ခန္ဓာ ပညတ်ခေါ်သည်။
၂။ စက္ခာယတန စသောအမည်ကို **အာယတန** ပညတ်ခေါ် သည်။
၃။ စက္ခုဓာတ်စသောအမည်ကို **ဓာတု** ပညတ်ခေါ်သည်။
၄။ ဒုက္ခသစ္စာစသောအမည်ကို **သစ္စာ** ပညတ်ခေါ်သည်။
၅။ စက္ခုန္ဒြေ စသောအမည်ကို ဣန္ဒြေ ပညတ်ခေါ်သည်။
၆။ သမယဝိမုတ္တ၊ပုထုဇဉ်၊ အရိယာ သောတာပန်စသော အမည်ကို **ပုဂ္ဂလ** ပညတ်ခေါ်သည်။

(က) သိဘွယ်အရပ်ရပ်၊သိစေတတ်၊ပညတ်ဟုခေါ်သည်။

## အဋ္ဌကထာလာ ပညတ်(၆)ပါး

၁။ အရှိ (ပရမတ်)တရား၏အမည်ကို ဝိဇ္ဇမာန ပညတ်ခေါ် သည်။ (ရုပ် ဝေဒနာစသောအမည်ပင်)
၂။ မရှိ(ပညတ်)တရား၏အမည်ကိုအဝိဇ္ဇမာန ပညတ်ခေါ် သည်။ (ပုဂ္ဂိုလ်၊မိန်းမ၊ ယောကျ်ား-စသောအမည်ပင်)
၃။ အရှိဖြင့် မရှိကို သိစေတတ်က ဝိဇ္ဇမာနေန-အဝိဇ္ဇမာန ပညတ်။(ဥာဏ်ရှိသူ၊အဘိညာဉ်ရသူ-စသောအမည်ပင်)

၄။ မရှိဖြင့် အရှိကို သိစေတာက အဝိဇ္ဇမာနေနဝိဇ္ဇမာန ပညတ်။(မိန်းမ၏ရုပ်၊ ယောကျ်ား၏ရုပ်–စသောအမည် ပင်)

၅။ အရှိဖြင့် အရှိကို သိစေတာက ဝိဇ္ဇမာနေန-ဝိဇ္ဇမာန ပညတ်။ (စက္ခုဝိညာဏ်- စသောအမည်ပင်)

၆။ မရှိဖြင့် မရှိကို သိစေတာက အဝိဇ္ဇမာနေန-အဝိဇ္ဇမာန ပညတ်။ (မင်းသား၊ သေဌေးသား-စသောအမည်ပင်)

**အာစရိယဝါဒပညတ် (၆) ပါး (အဋ္ဌကထာအဆိုပင်)**

၁။ သဘောတရားအပေါင်းကိုဖြစ်စေ၊ အစိတ်အပိုင်းများ စသည်ကိုဖြစ်စေ စွဲမှီ၍ သိစေအပ်သော အနက်, အရာ ဝတ္ထုကို ဥပါဒါပညတ်ခေါ်သည်။ (ပုဂ္ဂိုလ်, သတ္တဝါ ရထား, အိမ်၊ အိုး, ပုဆိုး၊ ကာလ, အရပ်မျက်နှာ၊ဥဂ္ဂဟ နိမိတ်, ပဋိဘာဂနိမိတ်-စသည်ပင်)

(ခ) အမည်ဖြင့်သိအပ်၊ မရှိလတ်၊ ပညတ်သူလဲ မည် ပေသည်။

(ဂ) မျက်မှောက်သိအပ်၊ပရမတ်၊ဆတ်ဆတ်မုချရှိပေ သည်။

၂။ ထောက်ဆ၍သိစေသော အမည်က ဥပနိဓာပညတ်။ (ဒုတိယ, တတိယ၊ အရှည်, အတို၊ အနီး, အဝေး၊ ဒုတ် ကိုင်ထားသူ, ထီးဆောင်းသူ၊ စပါးလှည်း, ဆီအိုး၊ကြာ အိုင်၊ ပုဏ္ဏားရွာ၊ စိန်လက်ကောက်–စသောအမည်ပင်)

၃။ အပေါင်းအစုအမည်က **သမောဓာန** ပညတ်။(စပါးပုံ, ပန်းအစု-စသောအမည်ပင်)

၄။ တစ်နှင့်စသည်၏ အနီးကပ် ချထားသော အမည်က ဥပနိက္ခိတ္တ ပညတ်။(နှစ်သုံးစသောအမည်ပင်)

၅။ **ပရမတ်သဘောတရားနှင့် ညီစွာဖြစ်သော အမည်က တဇ္ဇာ** ပညတ်။ (ရုပ်, ဝေဒနာ, တောင့်တင်းသည့်, နာသည်-စသော အမည်ပင်)

၆။ တလသား, တနှစ်သား,ဆယ်နှစ်သားစသောအမည်က **သန္တတိ** ပညတ်။

(ဃ) အမည်နာမ၊ ဟူသမျှ၊ မှတ်ကြ **ပညာ** သာ။

(င) သိရရုံမျှ၊ မရှိက၊ **အတ္ထပညတ်** သာ။

(စ) မျက်မှောက်သိအပ်၊ပရမတ်၊ ရှုလတ်မှုချ**ပါ**။

## ပုဂ္ဂလပညတ် ဝေဘန်ချက်

၁။ ဈာန်ဝင်စားခိုက် သောတာပန် သကဒါဂါမ်**အနာဂါမ်** ပုဂ္ဂိုလ်ကို သမယဝိမုတ္တခေါ်သည်။

၂။ ဈာန်မရသော ရဟန္တာကို **အသမယဝိမုတ္တ** ခေါ်သည်။ **အရိယာ** ပုဂ္ဂိုလ် ရှစ်ပါးလုံးကိုလဲ အသမယ ဝိမုတ္တ-ဟု ခေါ်သည်။

## ပုဂ္ဂလပညတ်အဋ္ဌကထာအဆိုဆောင်ပုဒ်

(၁) သွားစဉ် ရပ်စဉ်၊ ထိုင် လျောင်းစဉ်၊ ဘယ်ဘွင်မဆို ရှိပါစေ။

(၂) စားစဉ် ခဲစဉ်၊သုံးဆောင်စဉ်၊ ဘယ်တွင်မဆို ရှိပါစေ။

(၃) ရှုနေသူမှာ၊ မဂ်ဖိုလ်ဟာ၊ ဘယ်ခါမဆို ဖြစ်နိုင်ပေ။

၃။ အရိယမဂ်သို့ မရောက်သေးသောပုဂ္ဂိုလ်ကို ပုထုဇဉ်ဟု ခေါ်သည်။

၄။ အရိယမဂ်ဖိုလ်သို့ ရောက်ဆဲ ရောက်ပြီးပုဂ္ဂိုလ်ရှစ်ပါးကို အရိယာခေါ်သည်။

၅။ အရိယမဂ္ဂင်ရှစ်ပါး တရားရေယဉ်သို့ ရောက်ပြီးဖြစ်၍ သံယောဇဉ် သုံးပါးကင်းပြီးသော ပုဂ္ဂိုလ်ကိုသောတာပန်ခေါ်သည်။

### သောတာပန်မှာကင်းသည့် သံယောဇဉ်သုံးပါး

(က) ရုပ်နာမ်အစု၊ ငါကောင်ဟု၊ ထင်မှုမရှိပါ။
(သက္ကာယဒိဋ္ဌိ ကင်းသည်)

(ခ) ရတနာသုံးပါး၊ အကျင့်အား၊ ယုံမှားမရှိပါ။
(ဝိစိကိစ္ဆာ ကင်းသည်)

(ဂ) သစ္စာမမြင်၊ မဂ္ဂင်မပါ၊ လေ့ကျင့်ကာဖြင့်၊ ချမ်းသာမြဲမည်၊ မယုံကြည်၊ ကုန်ပြီ သီလဗ္ဗတာ။
(သီလဗ္ဗတပရာမာသ ကင်းသည်)

၆။ ကာမရာဂ ဗျာပါဒ အားနည်းသဖြင့် လူ့ဘုံနတ်ဘုံသို့ တကြိမ်မျှသာ ပြန်လာမည့်ပုဂ္ဂိုလ်ကို သကဒါဂါမ်ခေါ်သည်။

၇။ ကာမရာဂ ဗျာပါဒ လုံးဝကင်းသဖြင့် ကာမဘုံသို့ ပြန်မလာမည့်ပုဂ္ဂိုလ်ကို အနာဂါမ်ခေါ်သည်။

၈။ ကိလေသာခပ်သိမ်း လုံးဝငြိမ်းသဖြင့် လူနတ်အားလုံး ပူဇော်ထိုက်သော ပုဂ္ဂိုလ်ကို ရဟန္တာဟူခေါ်သည်။

၉။ (၁) မစင်အလား စကားလိမ်လည်၊ ဂူထဘာဏီ။
(၂) ပန်းပွင့်အလား စကားမှန်သည်၊ ပုပ္ဖဘာဏီ။
(၃) ပျားရည်အလား စကားချိုသည်၊ မဓုဘာဏီ။
နောက်ပုဂ္ဂိုလ် နှစ်မျိုးသာ ဖြစ်စေရမည်။

၁၀။ (၁) အန္ဓခေါ် စုံလုံးကန်းသူ၊ (၂) ဧကစက္ခုခေါ် တဖက်မြင်သူ၊ (၃) ဒွိစက္ခုခေါ် နှစ်ဖက်လုံးမြင်သူ၊ နှစ်ဖက်လုံးမြင်အောင် ကြိုးစားရမည်။

၁၁။ (၁) အဝကုဇ္ဇပညာ-အိုးမှောက်သဖွယ် ပညာရှိသူ၊
(၂) ဥစ္ဆင်္ဂပညာ-ရင်ခွင်တင်သဖွယ်ပညာရှိသူ၊
(၃) ပုထုပညာ- ကြီးကျယ်သော ပညာရှိသူ၊ ယင်းသုံးဦးတွင် တတိယပုဂ္ဂိုလ်ဖြစ်စေရမည်။

၁၂။ (၁) ပါသာဏလေခူပမ- ကျောက်ရေးတူသူ၊ (၂) ပဌဝီလေခူပမ-မြေရေးတူသူ၊(၃) ဥဒကလေခူပမ-ရေရေးတူသူ။ယင်းသုံးဦးတွင် တတိယပုဂ္ဂိုလ်ဖြစ်စေရမည်။

၁၃။ (၁)သဿတဝါဒီဆရာ၊(၂)ဉစ္ဆေဒဝါဒီဆရာ၊(၃)မဇ္ဈိမပဋိပဒါဆရာ။ ယင်းသုံးပါးတွင် မဇ္ဈိမပဋိပဒါဆရာ မြတ်စွာဘုရားကိုသာ ကိုးကွယ်ရမည်။

၁၄။ (၁) သူယုတ်မာ၊ (၂) သူယုတ်မာထက် ယုတ်မာသူ၊ (၃) သူတော်ကောင်း၊ (၄) သူတော်ကောင်းထက် ကောင်းမြတ်သူ။ ယင်းလေးဦးတို့တွင် တတိယ စတုတ္ထ ပုဂ္ဂိုလ်ဖြစ်စေရမည်။

၁၅။ (၁) တွင်းသာ တူး၍ ဝင်မနေသော ကြွက်နှင့်တူသူ၊ (၂) တွင်းမတူးဘဲ ဝင်နေသောကြွက်နှင့်တူသူ၊ (၃) တွင်းလဲတူးဝင်၍လဲနေသောကြွက်နှင့်တူသူ၊(၄)တွင်းလဲ မတူး ဝင်၍လဲမနေသောကြွက်နှင့်တူသူ။ယင်းလေးဦးတို့ တွင် ဒုတိယ တတိယပုဂ္ဂိုလ်မျိုးဖြစ်စေရမည်။

၁၆။ (၁) မှောင်ထဲက မှောင်ထဲသွားမည့်သူ၊ (၂) မှောင် ထဲက အလင်းထဲ သွားမည့်သူ၊ (၃) အလင်းထဲက အမှောင်ထဲသွားမည့်သူ၊ (၄) အလင်းထဲက အလင်းထဲ သွားမည့်သူ။ ယင်းလေးဦးတို့တွင် အလင်းထဲ သွားမည့် သူဖြစ်အောင် အားထုတ်ရမည်။

၁၇။ (၁) မိမိကိုယ်ပူစေသူ၊ (၂) သူတပါးပူစေသူ၊(၃)မိမိ သူတပါး နှစ်ပါးလုံးပူစေသူ၊ (၄)နှစ်ပါးလုံးကို မပူစေ ဘဲ မှန်စွာကျင့်၍ ငြိမ်းအေးသူ။ ယင်းလေးဦး တို့တွင် စတုတ္ထပုဂ္ဂိုလ်ဖြစ်အောင် အားထုတ်ရမည်။

## နိဒါနဝဂ္ဂသံယုတ်ပါဠိ သမ္မာသုတ်

## တရားတော် ဆောင်ပုဒ်များ

၁။ ဘယ်ကြောင်းရှိက၊ အို–သေရ၊ ဒုက္ခဖြစ်သနည်း။

၂။ ဥပဓိရှိက၊ အိုသေရ၊ ဒုက္ခဖြစ်ပေါ်သည်။

၃။ ဥပဓိဆိုတာ၊ ကပ်–တည်ရာ၊ ခန္ဓာပင်ဖြစ်သည်။

၄။ ထိုသို့သိလျှင် အိုခြင်း, သေခြင်းကိုလဲသိသည်၊ ယင်း၏ အကြောင်းကိုလဲ သိသည်၊ ယင်း၏ ချုပ်ရာကိုလဲသိသည်၊ ယင်း ချုပ်ရာသို့ ရောက်ကြောင်း အကျင့် လမ်းကောင်းကိုလဲသိသည်၊ သိသည့်အတိုင်း လျော်စွာလဲကျင့်လျှင် အိုခြင်း သေခြင်း ချုပ်ကင်းရန်, ဆင်းရဲအလုံးစုံကုန်ရန် အမှန်ကျင့်သူ ဖြစ်လေတော့သည်။

၅။ ဥပဓိ–ခန္ဓာ၊ ဖြစ်ပေါ်တာ၊ ဘယ်ဟာကြောင့်ပါနည်း။

၆။ ဥပဓိ–ခန္ဓာ၊ ဖြစ်ပေါ်တာ တဏှာကြောင့် ပေတည်း။

၇။ ထိုသို့သိလျှင်၊ ဥပဓိကိုလဲ သိသည်။ဥပဓိဖြစ်ကြောင်းကို လဲ သိသည်၊ ဥပဓိ ချုပ်ရာကိုလဲ သိသည်၊ ယင်းချုပ်ရာသို့ရောက် ကြောင်း အကျင့်လမ်းကောင်းကိုလဲ သိသည်၊ သိသည့်အတိုင်း လျော်စွာလဲ ကျင့်လျှင် ဥပဓိ ချုပ်ကင်းရန်, ဆင်းရဲအလုံးစုံကုန် ရန် အမှန်ကျင့်သူ ဖြစ်လေတော့သည်။

၈။ ဘယ်အရာမှာ၊ ထိုတဏှာ၊ တွယ်ကာ ဖြစ်သနည်း။

၉။ ချစ်နှစ်သက်ဖွယ်၊ သာယာဖွယ်၊ငြိတွယ် ဖြစ်လေသည်။

၁၀။ ချစ်-သာယာဖွယ်၊ ထိုနှစ်သွယ်၊ အဘယ်ဟာပါနည်း။
၁၁။ မျက်စိ,နား,နှာ,၊ ကိုယ်,လျှာ၊ စိတ်ပါ ခြောက်ပါး တည်း၊ [အကျဉ်း]
၁၂။ မြင်ရာ, ကြားရာ၊ စသည်မှာ၊ ပေါ်လာ ခြောက်မျိုး တည်း။ [အကျယ်]

၁၃။ ပိယရုပ် သာတရုပ်-ဟုခေါ်သော ချစ်ဖွယ်သာယာဖွယ်သဘောကို အနိစ္စ ဒုက္ခ အနတ္တဟု-မြင်လျှင်၊ ရောဂါဟုကြောက်ဖွယ်ဘေးဟု မြင်လျှင် တဏှာကို ပယ်သည်၊ တဏှာကင်းသည်၊ တဏှာကင်းလျှင် ဥပမိ- ခန္ဓာလဲ ကင်းလေတော့သည်၊ ဆင်းရဲခပ်သိမ်း ငြိမ်းလေတော့သည်။

## အကြောင်းအကျိုးဆက်သွယ်ပုံ

၁။ အတိတ်အကြောင်း ငါးပါးကြောင့် ပစ္စုပ္ပန်အကျိုး ငါးပါး ဖြစ်လျက်ရှိသည်။
၂။ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, သင်္ခါရ၊ ဤငါးဝ၊ မှတ်ကြ ရှေးအကြောင်း။
၃။ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ၊ ဤငါးဖြာ၊ မှတ်ပါ ခုအကျိုး။
၄။ ပစ္စုပ္ပန် အကျိုးငါးပါးကို မှီ၍ ပစ္စုပ္ပန် အကြောင်း ငါးပါးဖြစ်သည်။ (ဝေဒနာကြောင့် တဏှာဖြစ်ခြင်း စသည်ပင်)

၅။ ပစ္စုပ္ပန် အကြောင်းငါးပါးနှင့် အတိတ်အကြောင်း ငါးပါးသည် အရ အတူတူပင်။

၆။ ပစ္စုပ္ပန်အကြောင်း ငါးပါးကြောင့် အနာဂတ်အကျိုး ငါးပါးဖြစ်မည်။ (ကမ္မဘဝကြောင့် ဇာတိပေါ်ခြင်း စသည်ပင်)

၇။ အနာဂတ်အကျိုး ငါးပါးသည် ပစ္စုပ္ပန်အကျိုး ငါးပါးနှင့် အရ အတူတူပင်။

## လိုရင်းကောက်နုတ်ချက်

(၁) ဖြစ်ဆဲရုပ်နာမ်၊ ပစ္စုပ္ပန်၊ အမှန်သိအောင် ရှုရမည်။

(၂) မသိသူမှာ၊ တပ်မက်ကာ၊ ခန္ဓာဆင်းရဲ ဖြစ်လိမ့်မည်။

(၃) သိမြင်သူမှာ၊ တပ်မက်ကွာ၊ ခန္ဓာဆင်းရဲ ကင်းငြိမ်းသည်။

## အာဒိတ္တသုတ်တရားတော်

(ဝိ ၃-၄၄, သံ ၂-၂၅၁)

(ဆောင်ပုဒ်များ)

(က) အကုန်လုံးကို လောင်သည်၊ဘာကိုလောင်သလဲ။
(က) မျက်စိကိုလဲ လောင်သည်၊ အဆင်းတွေကိုလဲ....၊ မြင်သိကိုလဲ ....၊ မြင်တွေ့မှုကိုလဲ....၊ မြင်တွေ့လို့ ကောင်းတာမကောင်းတာကိုလဲ လောင်သည်။

(ခ) ဘာက လောင်သလဲ။
(ခ) ရာဂမီးက လောင်သည်။ ဒေါသမီးက....မောဟမီးက လောင်သည်။ ဇာတိ.... ဇရာ.... မရဏမီးက.... သောကမီးတွေက....ပရိဒေဝ....ဒုက္ခ....ဒေါမနဿ.... ဥပါယာသ မီးတွေကလောင်သည်။

(၁) ရာဂ ဒေါသ မောဟသုံးဖြာ၊
ဖြစ်, အို, သေရေး,ပူဆွေး, ငိုတာ။
ကိုယ် စိတ် ဒုက္ခ, ပူရ ပြင်းစွာ၊
ကိုယ်တွင်းမီး ထိန်ညီးဆဲ့တဖြာ။

(ဂ) နားကိုလဲ လောင်သည်၊ အသံတွေကိုလဲ ...၊ ကြားသိ စိတ်ကိုလဲ--၊ ကြားတွေ့မှုကိုလဲ--ကြားတွေ့လို့ကောင်း တာ မကောင်းတာကိုလဲ လောင်သည်။

(ဃ) နှာခေါင်း ကိုလဲ....၊ အနံ့တွေ ကိုလဲ....၊ နံသိစိတ် ကိုလဲ လောင်သည်၊

(င) လျှာကိုလဲ....၊ အရသာတွေကိုလဲ....၊ စားသိစိတ် ကိုလဲ လောင်သည်၊

(စ) ကိုယ်ရုပ်ကိုလဲ....၊ အတွေ့များကိုလဲ....၊ ထိသိစိတ် ကိုလဲ လောင်သည်၊

(ဆ) နှလုံးကိုလဲ....၊ သဘောအာရုံများကိုလဲ....၊ ကြံသိ စိတ်ကိုလဲ လောင်သည်၊

(၂) မြင်, ကြား, သိတိုင်း မဆိုင်း မှတ်ပါ၊
ရုပ်နာမ် မမြဲ ဆင်းရဲချည်းသာ၊
ငါကောင်လဲပျောက် မျက်မှောက် မြင်ကာ၊
ဆယ့်တသီး ဤ မီး ငြိမ်း စေရာ။

### သီလဝန္တသုတ္တန်တရားတော် စာအုပ်၌ မှတ်သားဘွယ်

# အက္ခရာစဉ်အညွှန်း


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အအေးကြောင့်ဖောက်ပြန်ပုံ .... | ၇၈ |
| အကုသိုလ် အကျိုးဥပေက္ခာ .... | ၃၇ |
| အကြားအမြင်သုတနှင့်ပြည့်စုံပုံ .... | ၅၆ |
| အစွဲအလမ်း ၂-မျိုး .... | ၂၂ |
| အတ္တစွဲလေးပါး .... | ၁၀၇ |
| အတ္တဝါဒုပါဒါန် .... | ၂၂ |
| အတွင်းကပူပြီး အခံရခက်တာ | ၄၄၉-၄၅၀ |
| အနတ္တထင်ပုံ အစစ်အတု ၂-မျိုး .... | ၁၄၂ |
| အနတ္တလက္ခဏာ .... | ၁၁၉ |
| အနတ္တာနုပဿနာဉာဏ် .... | ၁၂၀ |
| အနာဂါမိမဂ်ရောက်အောင် အားထုတ်ပုံ .... | ၂၉၃ |
| အနာဂါမ်က ရဟန္တာဖြစ်သွားပုံ .... | ၃၁၈ |
| အနာဂါမ်မှာ ကင်းငြိမ်းတဲ့ကိလေသာ .... | ၂၉၈ |
| အနာဂါမ်မှာ မကင်းသေးတဲ့ကိလေသာများ .... | ၃၁၀ |
| အနာထပိဏ်သေဌေး .... | ၂၆၇ |
| အနိစ္စလက္ခဏာ | ၅၂-၁၂၃ |
| အနိစ္စသုတ် .... | ၁၅၆ |
| အနိစ္စဟု ရှုမြင်ပုံ .... | ၄၉ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အနိစ္စာနုပဿနာဉာဏ်အစစ် .... | ၅၂ |
| အပူကြောင့်ဖောက်ပြန်ပုံ .... | ၈၀ |
| အပြင်ကအာရုံအနေနဲ့ .... | ၄၄၉ |
| အဖိုအမသတ္တဝါတွေ .... | ၃၃၅ |
| အမိတောင်မှ သားတော်ခဲ .... | ၈၃ |
| အမှားစင်စစ်ဖြစ်တယ် | ၄၆၀-၄၆၁ |
| အဘိညာပညာ .... | ၆၀ |
| အယာထာဝမာန .... | ၄၅၉ |
| အရိယမဂ်ဆိုတာ .... | ၄၂၃ |
| အရိယာဥစ္စာ (၇)ပါး .... | ၁၉၁ |
| အရိယာပုဂ္ဂိုလ်အသိခက်ကြောင်း .... | ၄၄၄ |
| အရှင်အာနန္ဒာ၏အားထုတ်ပုံ .... | ၄၆၄ |
| အရှင်ခေမက၏ ရှင်းပြချက် .... | ၃၁၂ |
| အရှင်သာရိပုတ္တရာ ဝန်ခံပြောကြားပုံ .... | ၄၄၂ |
| အရှင်သောဏမထေရ် .... | ၄၃၆ |
| အလုပ်သမားဟာ .... | ၃၄၄ |
| အသက်ရှင်နေခြင်းကိုလဲ (အလိုမရှိ) .... | ၃၄၄ |
| အသ္မိမာနကို ပယ်ရန် | ၃၂၈-၄၅၉ |
| အာရမ္မဏာဃန .... | ၁၃၉ |
| အာဝဇ္ဇန်းကောင်းတယ် .... | ၈ |
| ဣဒ္ဓိပါဒ်လေးပါး .... | ၃၈၇ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဣန္ဒြေဆိုတာ (၂၂)ပါး | .... | ၃၉၁ |
| ဣရိယာပုထ်က ဖုံးကွယ်သည် | .... | ၁၂၇ |
| ဥဂ္ဂါသူကြွယ်ဝတ္ထု | .... | ၂၉၈ |
| ဥစ္ဆေဒဒိဋ္ဌိ | .... | ၂၁၆ |
| ဥပါဒါနက္ခန္ဓာငါးပါးသရုပ် | | ၂၇-၄၅၁ |
| ဥပါဒါနက္ခန္ဓာတွေ ထင်ရှားရာခဏ | .... | ၈၈ |
| ဥပေက္ခာသမ္ဗောဇ္ဈင် | .... | ၄၁၄ |
| ကေဗိဇိသောတာပန် | .... | ၂၆၅ |
| ကမ္မဿကတာသမ္မာဒိဋ္ဌိ | .... | ၄၂၆ |
| ကာမဂုဏ်အာရုံတွေ | .... | ၃၃၄ |
| ကာမုပါဒါန် | .... | ၂၂ |
| ကာယဂတာသတိ | .... | ၄၆၅ |
| ကာယာနုပဿနာ ၁၄-ပိုင်းလုံး | .... | ၄၆၅ |
| ကာရကအတ္တစွဲ | .... | ၁၁၂ |
| ကာလကဉ္စိကအသုရကာယ် | .... | ၈၁ |
| ကိစ္စဃန | .... | ၁၃၇ |
| ကိလေသဝဋ် | .... | ၁၃ |
| ကုသိုလ်၏အကျိုးဥပေက္ခာ | .... | ၃၇ |
| ကောလံကောလသောတာပန် | .... | ၂၆၃ |
| ကိုယ်ပိုင်နေအိမ်နှင့်တူကြသည် | .... | ၁၈၉ |
| ကိုယ်မချိယင် | .... | ၈၃ |

အကြောင်းအရာ — စာမျက်နှာ

ကိုယ့်ကိုယ်ဟာအချစ်ဆုံး .... ၂၃
ခိဏာသဝဗလသုတ် .... ၃၂၅
ခေမကသုတ် ... ၄၃၄
ခိုင်လုံသောသာခကေ .... ၁၉
ဂုဏ်အင်္ဂါလေးပါး(သောတာပန်၏) .... ၁၉၄
ဂေါတြဘူကုသိုလ်တောင် .... ၂၀၉
ဃနက ဖုံးကွယ်သည် .... ၁၃၁
ငါးဖမ်းသူဥပမာ .... ၁၆၇
ငြိုးငွေ့တဲ့နိဗ္ဗိဒါဉာဏ် .... ၁၅၆
စတုသာလဆိုတာ .... ၉
စိတ္တဝိပလ္လာသကင်းပုံ .... ၃၃၀
စိတ္တာနုပဿနာပွားစေပုံ .... ၃၅၈
စိန္တာမယပညာထက်လဲထူးတယ် .... ၆၀
ဆန္ဒသုတ် .... ၆၈
ဆေးလိပ်ကွမ်း ကြိုက်တာလဲ (ကင်းသင့်) .... ၃၀၅
ဈာနအနာဂါမ် .... ၃၀၆
ဈာနသုတ် .... ၁၅၁
ဉာတပရိညာခေါ်တဲ့ .... ၆၁
တီရဏပရိညာ .... ၆၁
ဒိဋ္ဌုပါဒါန် .... ၂၂

**အကြောင်းအရာ** | **စာမျက်နှာ**

ဒုက္ခလက္ခဏာ .... ၉၂
ဒုက္ခာနုပဿနာဉာဏ် ၉၀၊ ၉၃
ဒုဗ္ဗလဝိပဿနာ .... ၇၀
ဓမ္မစကြာ မဟာဋီကာသစ် .... ၂၃၉
ဓမ္မရာဂ ဓမ္မနန္ဒီ .... ၃၁၉
ဓမ္မဝိစယသမ္ဗောဇ္ဈင် .... ၄၀၈
ဓမ္မာဒါသဆိုတာ .... ၁၉၄
နိဗ္ဗာန်နှလုံးသွင်း၍ အားမထုတ်ရ .... ၆၄
နိဗ္ဗာန်မျက်မှောက်ပြုပုံ မိလိန္ဒပဉှာ .... ၁၇၅
နိဗ္ဗာန်ရောက်ကြောင်းမှတ် .... ၃၆၅
နိဝါသီအတ္တစွဲ .... ၁၁၁
နေ့သန့်စင်နေတယ် .... ၁၀
ပစ္စဝေက္ခဏာဉာဏ် ၂-မျိုး .... ၂၄၂
ပစ္စုပ္ပန်သိတယ်လို့(သုတ္တန်မှာ)ဟော .... ၄၆
ပညတ်အနိစ္စ ပညတ်ဒုက္ခ .... ၁၄၅
ပဋိစ္စသမုပ္ပါဒ်အကျဉ်းချုပ် .... ၆၅
ပဋိပတ္တိသာသနာဖျက်ပုဂ္ဂိုလ် .... ၆၇
ပဋိသမ္ဘိဒါ .... ၅
ပရမတ်အနိစ္စ ပရမတ်ဒုက္ခ .... ၁၄၅
ပသေနဒီ ကောသလမင်းကြီး .... ၂၄
ပဿဒ္ဓိသမ္ဗောဇ္ဈင် .... ၄၁၂

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပဟာနပရိညာ | .... | ၆၁ |
| ပါဠိဂတိကျ | .... | ၄ |
| ပီတိသမ္မောဇ္ဈင် | .... | ၄၁၁ |
| ပုဗ္ဗဘာဂမဂ် | .... | ၄၂၉ |
| ပြူတင်းပေါက်က ခေါင်းပြူပြီး | .... | ၅၁ |
| ဖယောင်းတိုင်မီးကလေးများငြိမ်းသွားတာလို | .... | ၅၂ |
| ဖောက်ပြန်တတ်လို့ ရုပ်ခေါ်သည် | .... | ၇၆ |
| ဖောင်းပိန်ရှုတာ ဝါယောအတွေ့ရှုတာဘဲ | .... | ၄၀ |
| ဖိုလ်ဝင်စားပုံ | .... | ၂၇၅ |
| ဖြစ်ခိုက်ရှုမှအမှန်အတိုင်းသိသည် | .... | ၁၂၄ |
| ဗဟုဝုစ်ကြီယာပုဒ် | .... | ၄ |
| ဗောဇ္ဈင် ဗောဇ္ဈင် | .... | ၄၀၆ |
| ဗောဓိပက္ခိယတရား | .... | ၄၁၂ |
| ဘင်ဘာဏ်ဖြစ်ပုံ | .... | ၁၆၂ |
| ဘဝရေတွက်ပုံ (အနာဂါမ်စသည်တို့၏) | .... | ၂၇၂ |
| ဘုရားသားတော်အစစ် | .... | ၂၃၉ |
| ဘုံစဉ်စံ သောတာပန် | .... | ၂၆၇ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဘေးကြီး ၂၅-ပါးစိစစ်ချက် | .... | ၂၃၀ |
| မဂ္ဂင်ရှစ်ပါးသရုပ် | .... | ၄၂၄ |
| မဂ်လမ်းမှားက | .... | ၂၂၅ |
| မဟာကဿပ(အရှင်) မကျန်းမာတဲ့အခါ | .... | ၄၁၉ |
| မဟာနာမ်မင်းဝတ္ထု | .... | ၂၇၄ |
| မဟာယာနဝါဒ | .... | ၃၈၅ |
| မဟိံသကတိုင်း | .... | ၈၉ |
| မာနသုံးပါးလုံးမရှိကြောင်း | .... | ၄၃၅ |
| မိစ္ဆာဒိဋ္ဌိ | .... | ၂၁၆ |
| မိစ္ဆာမဂ် | .... | ၂၂၅ |
| မိမိ၏ကိုယ်တွေ့ကလေးပြောချင်သည် | .... | ၃၅၈ |
| မီးကျီးစုလိုပင်ကြောက်စရာ | .... | ၃၃၄ |
| မူလမဂ္ဂင် | .... | ၄၂၉ |
| မူသေစည်းအနေနဲ့ | .... | ၂၀ |
| မှန်စွာရှုဆိုတာ | .... | ၄၇ |
| ယခုခေတ်ယောဂီမတဦး၏ထူးခြားပုံ | .... | ၃၀၄ |
| ယခု ပူနာမြို့စသည်တို့၏တည်ရာ | .... | ၈၉ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ယာထာဝမာန | .... | ၄၅၉ |
| ယောဂီများ၏သိပုံနှင့်ကိုက်ညီ | .... | ၄၄၁ |
| ရဟန္တာ၏ခွန်အားများ | .... | ၃၂၆-၄၂၃ |
| ရဟန္တာ၏ပစ္စဝေက္ခဏာ | .... | ၃၂၂ |
| ရဟန္တာ၏ရှုပုံနှင့်အကျိုး | .... | ၄၇၀ |
| ရဟန္တာဖြစ်အောင်ရှုပုံ | .... | ၄၆၃ |
| ရဟန္တာ ဘာကိုရှုသလဲ | .... | ၃၆၈ |
| ရဟန္တာများလဲ သတိပဋ္ဌာန်ကိုပွားနေကြတယ် | .... | ၃၆၄ |
| ရဟန္တာ ဝိပဿနာရှုခြင်း၏အကျိုး | .... | ၃၇၆ |
| ရှုပ်တိုင်း ဖောက်ပြန်သည်မဟုတ် | .... | ၈၄ |
| ရေ(စက်)သွန်းချပြီး ပေးအပ်လိုက်သည် | .... | ၂၉၉ |
| ရှုအပ်သောဥပါဒါနက္ခန္ဓာ | .... | ၇၆ |
| ရှုခါစမှာ ထိသိရာကစပြီး ရှုရတယ် | .... | ၁၀၆ |
| ရှုပုံချင်းဘာမျှမထူးဘူး | .... | ၂၇၉ |
| ရှေးရှုပုံ၍သိတယ်ဆိုတာ | .... | ၅၉ |
| လက္ခဏာရေးသုံးပါး | .... | ၁၂၁ |
| လက်ညှိုးနဲ့လက်မ ထိနေတာကို | .... | ၄၅၀ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| လခ,ရမည့်အချိန်ကို | .... | ၃၄၄ |
| လောကန္တရိက် ငရဲ | .... | ၇၈ |
| လောကီရုပ်နာမ်တို့ကိုသာရှုအပ်ကြောင်း | .... | ၆၄ |
| လျှပ်ရောင်ကလေးများ | .... | ၅၂ |
| ဝါယောအတွေ့အထိရှုတာဘဲ (ဖောင်းပိန်ရှုတာ) | .... | ၄၀ |
| ဝဋ်ဆင်းရဲတွေကြောက်စရာဘဲ | .... | ၁၄ |
| ဝဋ်ဥပျော်မှုသူ | .... | ၂၆၇ |
| ဝိစိကိစ္ဆာကင်းသွားတာဘဲ | .... | ၁၀၃ |
| ဝိပဿနာအတု | .... | ၇၀ |
| ဝိပဿနာ ခဏိကသမာဓိ | .... | ၄၂၇ |
| ဝိပဿနာရှု၍ မျက်မှောက်ဥချမ်းသာပုံ | .... | ၃၇၈ |
| ဝိပဿနာ မဂ္ဂင်ရှစ်ပါး | .... | ၄၃၂ |
| ဝိပဿနာမရှုဘဲ(သောတာပန်ဖြစ်ပါ့မလား) | .... | ၄၅၆ |
| ဝိပဿနာ သမ္မာဒိဋ္ဌိ | .... | ၄၂၈ |
| ဝီရိယနဲ့ သမာဓိ ညီမျှ | .... ၄၁- | ၄၆၆ |
| ဝီရိယလွန်နေတယ် | .... | ၄၆၆ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဝီရိယသမ္ဗောဇ္ဈင် | .... | ၄၁ဝ |
| ဝိသာခသေဋ္ဌေးဝတ္ထု | .... | ၂၉၉ |
| ဝိသာခါ ဒါယိကာမ | .... | ၂၆၇ |
| ဝုဋ္ဌာနဂါမိနီ ခေါ်ထိပ်ဝိပဿနာ | .... | ၄၂၉ |
| ဝေဒကအတ္တစွဲ | .... | ၁၁၃ |
| ဝေဒနာသုံးပါးလုံးရှုအပ်ကြောင်း | .... | ၃၅၄ |
| သံဝေဂဝတ္ထုဒီပနီကျမ်း | .... | ၂၃ဝ |
| သံသရာဝဋ်ဆင်းရဲ | .... | ၁၃ |
| သကဒါဂါမ်ဖြစ်အောင်ရှုပုံ | ....၂၇၇-၄၅၇ | |
| သကဒါဂါမ်ဖြစ်သွားသည် | ....၂ဝ၂-၄၅၇ | |
| သက္ကာယဒိဋ္ဌိကင်းနေပုံ | .... | ၁ဂ၁ |
| သင်္ဘောကြီးကို ရေချသည် | .... | ၆ |
| သတိသမ္ဗောဇ္ဈင် | .... | ၄ဝ၇ |
| သန္တတိက ဖုံးကွယ်သည် | .... | ၁၂၃ |
| သန္တတိဃန | .... | ၁၃၄ |
| သတ္တက္ခတ္တုပရမသောတာပန် | .... | ၂၆၃ |
| သမာဓိသမ္ဗောဇ္ဈင် | .... | ၄၁၃ |
| သမူဟဃန | .... | ၁၃၅ |

**အကြောင်းအရာ** **စာမျက်နှာ**


| | | |
|---|---|---|
| သမ္မပ္ပဓာန်လေးပါး | .... | ၃၀၄ |
| သမ္မာဒိဋ္ဌိ | .... | ၄၂၅ |
| သဿတဒိဋ္ဌိ | .... | ၂၁၆ |
| သာမိအတ္တစွဲ | .... | ၁၀၀ |
| သာလသုတ် | .... | ၄၃၀ |
| သိကြားနတ်မင်း | .... | ၂၆၇ |
| သီလဗ္ဗတပရာမာသဒိဋ္ဌိ | .... | ၁၀၄ |
| သီလဗ္ဗတုပါဒါန် | .... | ၂၂ |
| သီဟနာဒသုတ် | .... | ၆၅ |
| သုတ, စိန္တာမျှဖြင့် ဝိပဿနာအစစ်မဖြစ် | .... | ၆၀ |
| သုတမယပညာထက်လဲထူးတယ် | .... | ၆၀ |
| သုပ္ပဗုဒ္ဓဝတ္ထု | .... | ၁၉၇ |
| သုပ္ပဗုဒ္ဓနတ်ဖြစ်ကြောင်းကုသိုလ် | .... | ၂၀၅ |
| သေက္ခပုဂ္ဂိုလ်များလဲသတိပဋ္ဌာန်ပွားနေကြတယ် | | ၃၆၃ |
| သေခြင်းကိုလဲအလိုမရှိ | .... | ၃၄၃ |
| သဲကန္တာရစသည်မှာ | .... | ၀၃ |
| သောတာပတ္တိမဂ်၏ဂုဏ်သတ္တိအထူး | .... | ၁၇၉ |
| သောတာပန်သုံးပါး | .... | ၂၆၃ |
| သားသမီးရတယ်ဆိုဘာ (ထိရုံနဲ့) | .... | ၂၉၁ |
| သွားတယ်ရှုရှဲဥာဏ်ဖြစ်ပုံ | .... | ၃၉ |
| သွားနေဆဲသိရမယ်ဆိုတဲ့ ညွှန်ကြားချက် | .... | ၃၁ |

# သီလဝန္တသုတ္တန်တရားတော်၌ ပြင်ဖတ်ရန်

| စာမျက်နှာ | စာကြောင်း | ရှိရင်း | ပြင်ဖတ်ရန် |
|---|---|---|---|
| ၂၈ | ၄ | ရူပုဝါဒါ | ရူပုပါဒါ |
| ၄၈ | ၉ | စိတ်ဝိဉာဏ် | စိတ်ဝိညာဏ် |
| ၁၀၂ | ၂ | ပဋ္ဍု | ပဍ္ဍု |
| ၁၅၆ | ၃ | အင်္ခါရာ | သင်္ခါရာ |
| ၁၆၀ | ၈ | အနတ္တ | အတ္တ |
| ၃၂၆ | ၁၁ | အသဝေါ | အာသဝေါ |
| ၃၆၅ | ၃ | ဝိပ္ပသန္နာစိတ္တာ | ဝိပ္ပသန္နစိတ္တာ |
| ၃၆၆ | ၂၂ | ဗုဒ္ဓ | ဗုဒ္ဓါ |
| ၃၈၁ | ၁၆ | အမြဲပြတ် | အမြဲမပြတ် |
| ၄၀၈ | ၂၁ | ကိုတာ | ကိုသာ |
| ၄၁၄ | ၁၁ | ဆိုသာ | ဆိုတာ |